

သောတာပန်ပုဂ္ဂိုလ်ကဲ့သို့

# အပါယ်မကျသော ထုဇဉ်လူသား (၇) ယောက်

ညတိခမ်း

ပဉ္စမအကြိမ်

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။
အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည်။

သို့

..........................................................................

..........................................................................

..........................................................................

မှ

..........................................................................

..........................................................................

.......................................................................... ၏

အမှတ်တရ ဓမ္မဒါနလက်ဆောင်

အမတံ ဒဒေါစ သော ဟောတိ ယော ဓမ္မမနုသာသတိ။
အကြင်သူသည် တရားစကားကို ဟောပြော၏၊ တရားစာကို ဖြန့်ဝေ၏၊
ထိုသူသည် အမတဒါန နိဗ္ဗာန်အလှူကို ပေးလှူသည်မည်၏။

# ကိုယ့်ဘဝ ကိုယ်စစ်

ထောက်မှန်ပေါ်တွင် ကိုယ့်အသွင်ကို

ဆင်ပြင်လို့မှု   နေ့စဉ် ရှုသို့

ယခုဤကျမ်း   မှန်လို့မှန်း၍

ရှုစမ်းစေချင်  ကိုယ့်ဖြစ်အင်ကို

ဆင်ခြင်လေကွယ့်  နေ့စဉ်တဲ့။

အရှင်ဇနကာဘိဝံသ
မဟာဂန္ဓာရုံဆရာတော်

# သောတာပန်ပုဂ္ဂိုလ်ကဲ့သို့
# အပါယ်မကျသောပုထုဇဉ်လူသား(၇)ယောက်



## ဉာတိခမ်း


**ဖြန့်ချိရေး**

ပါရမီစာပေ (၂၈ လမ်း)
အမှတ် ၂၃၀၊ ၂၈ လမ်း အထက်၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
[ ဖုန်း - ၀၁ ၂၅၃၂၄၆ ]

ပါရမီစာပေ (ကမ္ဘာအေး)
ဆိုင်အမှတ် ၆၂/၄၊ ကမ္ဘာအေးမုခ်ဦးစောင်းတန်း
ကမ္ဘာအေးဘုရားဝန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
[ ဖုန်း - ၀၉ ၅၅၀၆၁၀၀ ]

မျက်နှာဖုံး
အရှင်မဟာဆိုင်
---
ပုံနှိပ်ခြင်း
ပဥ္စမအကြိမ်
(၅၀၀)
---
ထုတ်ဝေခြင်း
ပထမအကြိမ် - ဇွန်လ၊ ၂၀၁၃
ဒုတိယအကြိမ် - စက်တင်ဘာလ၊ ၂၀၁၃
တတိယအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၄
စတုတ္ထအကြိမ် - မေလ၊ ၂၀၁၄
ပဥ္စမအကြိမ် - ဇူလိုင်လ၊ ၂၀၁၄
---
တန်ဖိုး
[ ၂၅၀၀ ကျပ် ]
●
ဦးမျိုးညွန့် (၀၄၅၃၄)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့က ထုတ်ဝေ၍
ဦးမျိုးညွန့် (၁၃၀၁၆)၊ စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင်
မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

၈၀၈.၈၄
ဉာတိခမ်း
အပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက်၊ ဉာတိခမ်း။ ရန်ကုန်။ စာပေလောက၊ ၂၀၁၄။
၃၁၅ - စ၊ ၁၃.၃၄ x ၂၀.၉၆ စင်တီ။
(၁) အပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက်

## မာတိကာ


၁။ ဒေါက်တာ အရှင်ပညာနန္ဒ၏အမှာစာ

၂။ စာရေးသူ၏အမှာစာ

**အခန်း (၁)**

၃။ နမောတဿ၏ သမိုင်းအစ

၄။ ဥဒါန်းကျူးစကား၏ အဓိပ္ပာယ်

၅။ နမောတဿ. . . ကို ဥဒါန်းကျူးသည့် မဟိန္ဒမင်းကြီး

၆။ နမောတဿ. . ကို ဥဒါန်းကျူးသည့် သိကြားမင်း

၇။ နမောတဿ. . ကို ဥဒါန်းကျူးသည့် ကောသလမင်းကြီး

၈။ နမောတဿ. . ကို ဥဒါန်းကျူးသည့် ဗြဟ္မာယုပုဏ္ဏားကြီး

၉။ နမောတဿ. . . ကို ဥဒါန်းကျူးသည့် ဇာဏုသောဏ ပုဏ္ဏားကြီး

၁၀။ နမောတဿ. . . ကို ဥဒါန်းကျူးသည့် အာရာမဒဏ္ဍ ပုဏ္ဏားကြီး

၁၁။ နမောတဿ. . . ကို ဥဒါန်းကျူးသည့် ကာရဏပါလိ အမတ်ကြီး

၁၂။ နမောတဿ. . . ကို ဥဒါန်းကျူးသည့်ဓနဉ္စာနီ ပုဏ္ဏေးမကြီး

၁၃။ ဤနမောတဿ. . . သမိုင်းကနောက်ဆရာအလိုသာ ဖြစ်သည်

၁၄။ နောင်တ (၁၀) ပါး

## အခန်း (၂)


၁၅။ **သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော ပုထုဇဉ်လူသား (၇)ယောက်** ၂၄

၁၆။ သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက် ဆိုတာ ၂၆

၁၇။ **သရဏဂုံသုံးပါးတို့ကိုအမြဲတမ်း ကိုးကွယ်ဆည်းကပ်သူ** ၂၇

၁၈။ သရဏဂုံဟူသည် ၂၇

၁၉။ လောကီသရဏဂုံ ၂၈

၂၀။ လောကုတ္တရာသရဏဂုံ ၂၉

၂၁။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရင် အပါယ်မကျ ၂၉

၂၂။ သရဏဂုံ၏အကျိုးထူးတရား ၃၀

၂၃။ သရဏဂုံကုသိုလ်ကြောင့် သိကြားမင်းအကြိမ်(၈၀) ဖြစ်ရသည့် တိသရဏဂမနီယထေရ်လောင်း ၃၂

၂၄။ သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် မဋ္ဌကုဏ္ဍလီ ၃၅

၂၅။ သရဏဂုံကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသည့် သူ ၄၅

၂၆။ သရဏဂုံကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသည့် ရှာသူ ၄၉

၂၇။ သရဏဂုံကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရသည့် မောင်ဆတ္တ ၅၀

၂၈။ သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် ပါလိလေယျကဆင် ၅၇

၂၉။ သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် မျောက် ၅၉

၃၀။ သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် ဖားကလေး ၆၆

၃၁။ သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် လင်းနို့သား ၇၀

၃၂။ လူသားတိုင်းသိထားသင့်သော သရဏဂုံအမျိုးမျိုး ၇၂
၃၃။ သရဏဂုံမျိုး (၃)ပါး ၇၂
၃၄။ သရဏဂုံမျိုး (၄)ပါး ၇၂
၃၅။ သရဏဂုံမျိုး (၁၀)ပါး ၇၃
၃၆။ ဘုရားဂုဏ်တော်ကိုးပါး ၇၅
၃၇။ တရားဂုဏ်တော် ခြောက်ပါး ၇၆
၃၈။ သံဃာဂုဏ်တော်ကိုးပါး ၇၇
၃၉။ ဘာသာတရား၌ ကိုးကွယ်ဆည်းကပ်ခြင်း
အကြောင်းရင်း (၄)ပါး ၇၈
၄၀။ သိစေချင်သည် ၇၉

## အခန်း (၃)

၄၁။ သီလဟူသည် ၈၀
၄၂။ လိုတိုင်းရ၍ တ တိုင်း ပြီးနိုင်သော သီလအကျိုး ၈၁
၄၃။ သီလ၏ အကျိုးထူးတရားများ ၈၂
၄၄။ **ငါးပါးသီလအမြဲတမ်းစောင့်ထိန်းသည့်သူ** ၈၃
၄၅။ ငါးပါးသီလကုသိုလ်ကြောင့်သိကြားမင်း အကြိမ် (၁၀)
ဖြစ်ရသည့် ပဉ္စသီလသမာဒါနိယထေရ်လောင်း ၈၄
၄၆။ ငါးပါးသီလကုသိုလ်ကြောင့် နတ်သား ဖြစ်ရသည့်
သုဇာတမင်းသား။ ၈၆
(ရှင်ဘုရင်မလုပ်ချင် ကုသိုလ်ကိုသာလုပ်ချင်သူ)
၄၇။ ငါးပါးသီလကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌
နတ်စည်းစိမ်ခံစားရသည့် နတ်သား ၁၀၀
၄၈။ ငါးပါးသီလကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့်
လူပျိုကြီး ၁၀၃
၄၉။ ငါးပါးသီလကုသိုလ်ကြောင့် ဝေဿဝဏ်နတ်မင်းကြီး
၏သမီး ဖြစ်ရသည့် လတာအမျိုးသမီးလေး ၁၀၆

၅၀။ လူများဆောက်တည်ကြသည့် ဥပုသ်(၃)ပါး ၁၁၃
၅၁။ ကောင်းမြတ်ဖြူစင်သော ဥပုသ်(၆)ပါး ၁၁၃
၅၂။ ငါးပါးသီလကုသိုလ်ကြောင့်တာဝတိံသာနတ်ပြည်မှာ
တန်ခိုးကြီး ပလ္လက်နတ်သမီးဖြစ်ရသူ ၁၁၄
၅၃။ လူတို့ဥပုသ်စောင့်နည်း (၄) မျိုး ၁၁၈
၅၄။ သီလညစ်ညူးရခြင်းအကြောင်းရင်းခံများ ၁၁၉
၅၅။ သူ့အသက်ကိုသတ်ဖြတ်ညှဉ်းဆဲခြင်းမှ
ရှောင်ကြဉ်ခြင်း ဟူသည် ၁၂၀
၅၆။ ပါဏာတိပါတ၏ပယောဂ (၈) မျိုး ၁၂၁
၅၇။ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း၏
အပြစ် (၂၃) မျိုး ၁၂၂
၅၈။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်၍ လက်တွေ့
အံ့ဩဖွယ်အကျိုးတရား ၁၂၃
၅၉။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းဟူသည် ၁၂၅
၆၀။ ခိုးခြင်း (၂၅) မျိုး ၁၂၆
၆၁။ ခိုးခြင်း၏အပြစ် (၁၂) မျိုး ၁၂၉
၆၂။ ခိုးယူခြင်းမှရှောင်ကြဉ်၍ အံ့ဩဖွယ်အကျိုးတရား
ရရှိသည့် ဘုရားအလောင်း ၁၃၀
၆၃။ သူ့သားမယားကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း
ဟူသည် ၁၃၄
၆၄။ သူ့သားမယားကိုလွန်ကျူးခြင်း၏အပြစ် (၁၅) မျိုး ၁၃၅
၆၅။ သူ့သားမယားစော်ကားခြင်းမှရှောင်ကြဉ်သူ၏
လက်တွေ့ အံ့ဩဖွယ်အကျိုးတရားရရှိသူ ၁၃၆
၆၆။ မမှန်သောစကားကိုဆိုခြင်းမှရှောင်ကြဉ်ခြင်းဟူသည် ၁၄၁
၆၇။ မုသားစကားပြောကြားသူ၏ အပြစ် (၁၅) မျိုး ၁၄၁
၆၈။ ငါးပါးသီလစောင့်ထိန်းကြသည့်တိုင်းပြည် ၁၄၂
၆၉။ မယ်တော်၏ ငါးပါးသီလ ၁၅၀

၇၀။ အိမ်ရှေ့မင်းသား ငါးပါးသီလ ၁၅၃
၇၁။ ပုရောဟိတ်ပုဏ္ဏား၏ ငါးပါးသီလ ၁၅၄
၇၂။ မြေတိုင်းအမတ်၏ ငါးပါးသီလ ၁၅၆
၇၃။ လှည်းရထားထိန်း၏ ငါးပါးသီလ ၁၅၇
၇၄။ သူဌေးကြီး၏ ငါးပါးသီလ ၁၅၈
၇၅။ စာရင်းကိုင်၏ ငါးပါးသီလ ၁၅၉
၇၆။ တံခါးမှူး၏ ငါးပါးသီလ ၁၆၁
၇၇။ ပြည့်တန်ဆာမ၏ ငါးပါးသီလ ၁၆၂
၇၈။ မူးယစ်ဆေးဝါးအရက်သောက်စားခြင်းမှ
ရှောင်ကြဉ်ခြင်း ဟူသည် ၁၆၆
၇၉။ အရက်သောက်စားခြင်း၏အပြစ် (၆)ပါး ၁၆၇
၈၀။ အရက်သောက်ခြင်းမှ ရှောင်ကြဉ်သည့် သဗ္ဗမိတ္တမင်းကြီး
(အရက်စတင်ဖြစ်ပေါ်လာပုံ) ၁၆၇
၈၁။ ငါးပါးသီလ သုစရိတ်တရားကြောင့်
အသက်ရှည်ကြသည့် မျိုးနွယ် ၁၇၄
၈၂။ အသက်ရှည်စေတတ်သောအကြောင်း (၅) ပါး ၁၈၃
၈၃။ အသက်ရှည်ကြောင်း ကုသိုလ် (၆) ပါး ၁၈၃
၈၄။ အသက်တိုခြင်း အမှုကိစ္စမျိုး (၆) ပါး ၁၈၄
၈၅။ သုစရိုက်တရား (၁၀) ပါး၏ နာမည်ကွဲများ ၁၈၅
၈၆။ ကုသလကမ္မပထတရား (၁၀) ပါး ၁၈၅
၈၇။ ပုညကြိယာဝတ္ထု (၁၀) ပါး ၁၈၆
၈၈။ သုစရိုက်တရားအပြား (၄၀) ပါး ၁၈၇
၈၉။ သုစရိုက်တရားအပြား (၁၀၀) ပါး ၁၈၇
၉၀။ ဒုစရိုက်တရား (၁၀) ပါး ၁၈၈
၉၁။ ဒုစရိုက်တရားအပြား (၃၀) ပါး ၁၈၉
၉၂။ ဒုစရိုက်တရားအပြား (၄၀) ပါး ၁၈၉
၉၃။ ဗုဒ္ဓတရား မေ့မထားနှင့် ၁၉၀

## အခန်း(၄)


၉၄။ **တစ်ခုသောစာရေးတံဆွမ်းဝတ် အမြဲတမ်းလှူဒါန်းသည့်သူ** ၁၉၁

၉၅။ စာရေးတံမဲကုသိုလ်ကြောင့် ဘုရားနှစ်ဆူတို့၏ ကြားကာလ ပတ်လုံး နတ်သားဖြစ်ရသည့် မဟာဒုက် ၁၉၂

၉၆။ မုချပန်းတိုင်ရောက်မည် ၂၁၆


## အခန်း (၅)


၉၇။ **တစ်ဆယ့်ငါးရက်ဆွမ်းလှူဒါန်းသည့်သူ** ၂၁၇

၉၈။ တစ်ဆယ့်ငါးရက်ဆွမ်းအလှူဒါနကြောင့် တုသိတာနတ်ပြည်မှာ နတ်သားဖြစ်သူ ၂၁၇

၉၉။ တစ်လောကလုံးကို အလှူဆင်သူ ၂၂၆


## အခန်း(၆)


၁၀၀။ **ဝါဆိုသင်္ကန်းအမြဲတမ်းလှူဒါန်းသည့်သူ** ၂၂၇

၁၀၁။ ဝါဆိုသင်္ကန်း၏ကုသိုလ်ကြောင့် နတ်သမီးပြန်ဖြစ်ရသူ ၂၂၈

၁၀၂။ ကျရှုံးသူရဲ့အကြောင်းအရင်း ၂၃၈


## အခန်း (၇)


၁၀၃။ **ရေတွင်းရေကန်လှူဒါန်းသည့်သူ** ၂၃၉

၁၀၄။ ရေတွင်းရေကန်အလှူ၏ အကျိုးတရား ၂၃၉

၁၀၅။ ရေလှူအကျိုး (၁၀) ပါး ၂၄၀

၁၀၆။ ရေကန်အလှူဒါနကြောင့် သိကြားမင်း၏ မိဖုရားဖြစ်ရသည့် သုနန္ဒာမလေး ၂၄၀

၁၀၇။ ပြဟ္မစိုရ်တရားနှင့် အညီဆက်ဆံရေး ၂၅၅


## အခန်း (၈)


၁၀၈။ **ကျောင်းလှူဒါန်းသည့်သူ** ၂၅၆

၁၀၉။ သစ်ရွက်မိုးကျောင်း အလှူဒါနကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသူ ၂၅၇

၁၁၀။ ကျောင်းအလှူဒါနကြောင့် နတ်သမီးဖြစ်ရသူ
၁၁၁။ ကျောင်းအလှူဒါနကြောင့် နတ်သားဖြစ်ရသူ
(ဇောတိကသူဌေးလောင်း)
၁၁၂။ ဇောတိကသူဌေး၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု
၁၁၃။ ကျောင်းအလှူဒါနကြောင့် နတ်ဗိမာန်
ကြိုတင်ပေါ်ပေါက်လာသည့်နန္ဒိယ
၁၁၄။ အိမ်ကိုတစ်ညသာကျောင်းအဖြစ်လှူဒါန်းခဲ့ခြင်း
ကြောင့် လနတ်သားကဲ့သို့နတ်သားဖြစ်သူ
၁၁၅။ အိမ်ကတစ်ညသာကျောင်းအဖြစ်လှူဒါန်းခဲ့ခြင်း
ကြောင့် နေနတ်သားကဲ့သို့နတ်သားဖြစ်သူ
၁၁၆။ ဘာကြောင့်မြတ်စွာဘုရားက သံဃာတော်များကို
လှူဒါန်းခိုင်းတာလဲ
၁၁၇။ အကျိုးတရားအများဆုံးအလှူခံပုဂ္ဂိုလ်
၁၁၈။ အလှူခံပုဂ္ဂိုလ် (၁၄)ယောက်တို့၏
အကျိုးပေးအဆင့်ဆင့်
၁၁၉။ မိမိ၏အလှူအကျိုးများလိုလျှင်
၁၂၀။ ဆုတောင်းသည့်အတိုင်း လိုရာဆန္ဒပြည့်ဝလိုသူများ
၁၂၁။ အထူးကျေးဇူးတင်အပ်ပါသည်
၁၂၂။ ကျမ်းကိုးများ

# ဒေါက်တာအရှင်ပညာနန္ဒ၏ အမှာစာ

ဤအရှင် ရန်ကုန်မြို့၊ ကမ္ဘာအေး မဟာနာယက ကျောင်းဆောင်၌ မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း တစ်နေ့တွင် အရှင် ဉာတိက ဘွဲ့အမည်ရှိသော စာသင်သား ပဉ္စင်းငယ်တစ်ပါးက သူရေးသားထားသည့် 'အပါယ်မကျသော ပုထုဇဉ်လူသား (၇)ယောက်' အမည်ရှိ စာအုပ်မူကြမ်းကို လာရောက် ဆက်ကပ်၍ အမှာစာ ချီးမြှင့်ပေးပါရန် လျှောက်ထားခဲ့ပါသည်။ မအားလပ်သည့်ကြားမှ သူ၏ စာအုပ်ကို အချိန်ရသလောက် ဖတ်ရှုလေ့လာကြည့်သောအခါ သူတင်ပြလိုသည့် အကြောင်းအရာကို ပါဠိတော်၊ အဋ္ဌကထာလာ သက်သေ သာဓက အကိုးအကား ခိုင်ခိုင်လုံလုံဖြင့် ပြည့်ပြည့်စုံစုံတင်ပြထားသည်ကို တွေ့ရှိရပါသည်။ ပဉ္စင်းငယ်တစ်ပါး ရေးသားသည့်စာအုပ်မှ ဟုတ်ပါလေစဟု သံသယဖြစ်လောက်အောင် ရေးသားနိုင်သည့်အဆင့်ရှိကြောင်း လေ့လာဖတ်ရှုရပါသည်။ စာရေးဟန်နှင့် စကားပြောဟန်ရောနှောနေသည့် အချို့နေရာတော့ ရှိပါသည်။

သို့သော် ယခုခေတ် စာရေး ဆရာ တော်တော်များများပင် ဤပုံစံအတိုင်း ရေးသားနေကြသည်ကို တွေ့ရပါသဖြင့် အပြစ်တစ်ခု ဟူ၍ကား မဆိုနိုင်ပေ။ စာရေးသားခြင်း ဟူသည် စာဖတ်သူကို သိစေလို၍ ရေးသားခြင်းဖြစ်သည့်အတွက် ဘယ်လိုရေးရေး စာဖတ်သူ သိရှိနားလည် သဘောပေါက်ဖို့သာ လိုရင်းဖြစ်သည်။

ဤစာအုပ်၌လည်း စာဖတ်သူကို သိစေလိုသည့် စာရေးသူ၏ စေတနာမှာ ပေါ်လွင် ထင်ရှား လျက်ရှိပါသည်။ ဤအပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက် ဟူသော အကြောင်းအရာသည် အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ နဝကနိပါတ်၊ သီဟနာဒဝဂ်၊ သဉပါဒိသေသသုတ် အဖွင့်မှာ လာရှိပါသည်။ မူရင်း သဉပါဒိသေသသုတ် ပါဠိတော်၌ အနာဂါမ်ပုဂ္ဂိုလ် (၅) ယောက်၊ သကဒါဂါမ်ပုဂ္ဂိုလ် (၁) ယောက်၊ သောတာပန်ပုဂ္ဂိုလ် (၃) ယောက်၊ ဤအရိယာပုဂ္ဂိုလ် (၉) ယောက်တို့ အပါယ်မကျပုံ၊ ကတိမြဲပုံကို မြတ်စွာဘုရား ဟောတော်မူထားခဲ့ပါသည်။ ၎င်းသုတ်အဖွင့် အဋ္ဌကထာ၌ကား ထိုအရိယာပုဂ္ဂိုလ် (၉) ယောက်တို့ အပြင် ထိုအရိယာ သောတာပန် ပုဂ္ဂိုလ်များကဲ့သို့ အပါယ်မကျသော ပုထုဇဉ် လူသား (၇) ယောက်လည်း ရှိသေးကြောင်း အဋ္ဌကထာဆရာက ဖွင့်ဆိုခဲ့ပါသည်။ ဤဖွင့်ဆိုချက်ကို အထည်ကိုယ်ပြု၍ ပဋ္ဌင်းငယ်က ဤစာအုပ်ကို ရေးသားခြင်း ဖြစ်ပါသည်။

ဤစာအုပ်၌ ဗုဒ္ဓဘာသာတို့၏ ဘာသာရေးအခမ်းအနားများတွင် မပါမဖြစ် အမြဲရွတ်ဆိုနေကြသည့် နမောတဿ ဘုရားရှိခိုးတက် သမိုင်းမှစ၍ အပါယ်တံခါးပိတ် ကောင်းမှုကုသိုလ် ( ၇ )မျိုး တို့ကို ဝတ္ထုဇာတ်ကြောင်း သက်သေ သာဓကများနှင့်တကွ တစ်ခုချင်း တင်ပြထားသည်ကို လေ့လာ ဖတ်ရှုနိုင်ပါသည်။ အပါယ်မကျရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ ဒုတိယ ရည်မှန်းချက်ပန်းတိုင် ဖြစ်၏။ မှန်ပါသည်။ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ဒုက္ခငြိမ်းအေးရာ နိဗ္ဗာန်သို့ ရောက်ရှိရေးသည် ပထမ ရည်မှန်းချက် ပန်းတိုင် ဖြစ်၍၊ နိဗ္ဗာန်မရသေးမီ ဘဝသံသရာကျင်လည်ရာ၌ အပါယ်မကျရေးသည် ဒုတိယရည်မှန်းချက်ဖြစ်ပါသည်။ အဘယ့်ကြောင့် အပါယ်မကျချင်ပါသနည်း? ဆင်းရဲဒုက္ခသာရှိ၍ ချမ်းသာသုခ တစ်စက်မျှမရှိခြင်း၊ ကျသွားလျှင် ပြန် လွတ်မြောက်လာဖို့ ခဲယဉ်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် နိဗ္ဗာန် မရနိုင်သေးသည့်တိုင် အပါယ်မကျဖို့ အလွန် အရေးကြီးပါသည်။ အပါယ်မကျချင်လျှင် ဤစာအုပ်ကို ဖတ်ရှုလေ့လာ

၍ လိုက်နာကျင့်သုံးကြရန်နှင့် ထိုကဲ့သို့ လိုက်နာကျင့်သုံးကြသဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါးမှ လွတ်မြောက်နိုင်ကြပါစေဟု ဆုမွန်ချွေရင်း ရေးသားထောက်ခံအပ်ပါသတည်း။



၅၊ ၁၊ ၂၀၁၃

**ဘဒ္ဒန္တဒေါက်တာပညာနန္ဒ ( လှိုင်လင် )**

**အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊**

**အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**

**တွဲဖက်အကျိုးတော်ဆောင်**

**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့**

**မဟာနာယကကျောင်းဆောင်**

**ကမ္ဘာအေး၊ ရန်ကုန်။**

## စာရေးသူ၏ အမှာစာ

စာရေးသူသည် ဤသောတာပန်ပုဂ္ဂိုလ်ကဲ့သို့အပါယ်မကျသည့် ပုထုဇဉ် လူသား ခုနစ်ယောက် စာအုပ်ကို ရေးသားစေရန် သင်္ခါရတရားက အဓိက တိုက်တွန်း ပေးသည်။ သင်္ခါရတရား ညှဉ်းဆဲလို့သာ ဤစာအုပ်ကို ရေးသားဖြစ်သည်။

စာရေးသူသည် အညတရစာသင်သားတစ်ယောက် ဖြစ်သည်။ မစိုးရိမ်တိုက်သစ်၌ ပညာသင်ကြားနေစဉ် (၅၊ ၆၊ ၂၀၁၂) မှာ အသက် အန္တရာယ်စိုးရိမ်ရသည့်အထိ နေမကောင်းဖြစ်သည်။ ကံကောင်း၍သာ အသက်ပြန်ရှင်ခွင့်ရသည်။ စာရေးသူ အောက်မေ့မှတ်ထင်လိုက်သည်မှာ- "ငါသည် သေရတော့မည်" ငါသည် အကယ်၍ ဒီကြားကာလထဲမှာ သေသွားလျှင်တော့ ခက်လှချည်ရဲ့၊ ငါသည် သာသနာ၏ အပေါ်၌ လည်း ကောင်း၊ ကျေးဇူးရှင်များဖြစ်ကြသည့် မိဘဆရာသမားတို့၏ အပေါ်၌ လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ၏ အပေါ်၌ လည်းကောင်း၊ ဆွေမျိုးညာတိမိတ်ဆွေသင်္ဂဟ သူငယ်ချင်းများ၏ အပေါ်၌ လည်းကောင်း သူတို့၏ ကျေးဇူးတရားများကို ဘာကျေးဇူးတရားမှ ပြန်မဆပ် ရသေးပေ၊ သွားပြီ၊ ငါတော့ အကြွေးတွေဖြစ်ကုန်ပြီ အကယ်၍သာ ငါသည် ကံကောင်းစွာဖြင့် မသေသွားလျှင်တော့ ကျေးဇူးရှင်အပေါင်းကို တရားနှင့် ကျေးဇူးဆပ်မည်ဟု ကြံစည်ထားသည်။

(၁၇၊ ၆၊ ၂၀၁၂) မှာတော့ ရောဂါအခြေအနေ တော်တော်လေး ပြန်ကောင်းလာသည်။ ကြံထားသည့်အတိုင်း ဤစာအုပ်ကို ရေးသားလိုက် ရလေသည်။

ဤစာအုပ်သည်
တိသရဏ၊ ငါးသီလ၊ မဲချစာရေးတံ၊
ဆယ့်ငါးရက်ဆွမ်း၊ ဝါသင်္ကန်း၊ လှူဒါန်းသောက်ရေကန်၊
ကျောင်းလှူ တစ်ဝ၊ နိဗဒ္ဓ၊ ပြုကြခုနှစ်တန်၊
သောတာပန်အလား၊ ပါယ်မသွား၊ ထင်ရှားသိစေရန်။

ဟူသည်နှင့်အညီ သရဏဂုံ စသော ကုသိုလ် (၇) ပါးတို့တွင် တစ်ခုခုရရှိပိုင်ဆိုင်ထားသော ပုထုဇဉ်လူသားမှန်သမျှတို့သည် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျတော့သည့် လူသားတို့ ဖြစ်ကြသည်။ ဤစာအုပ်က သရဏဂုံကုသိုလ်ကြောင့် သိကြားမင်းဖြစ်ရသည့်ပုဂ္ဂိုလ်၊ ငါပါးသီလ ကုသိုလ်ကြောင့် သိကြားမင်းဖြစ်ရသည့်ပုဂ္ဂိုလ် စသည်တို့ကို ထုတ်နုတ် ရေးသားထားသည့် စာအုပ်ဖြစ်သည်။ ဤနိဗဒ္ဓပုညကုသိုလ်တို့ကြောင့် နတ်ပြည်ရောက်သွားကြသော သူများကို အသီးအသီး ဝတ္ထုသာဓကနှင့်တကွ တွဲစပ်၍ ရေးသားထားသည့် စာအုပ်ဖြစ်သည်။

လူသားအားလုံးတို့သည် အပါယ်လေးပါးမှ လွတ်မြောက်လိုကြသည်။ ထိုသို့လွတ်မြောက်လိုကြရာ၌ မိမိက မသေခင်မှာ ကျန်းကျန်းမာမာ သက်ရှိထင်ရှား အခွင့်အရေးရှိနေစဉ် ထူးခြားသည့် ကုသိုလ်ကောင်းမှု ပြုလုပ်ထားဖို့လည်း လိုအပ်သည်။

ဤနိဗဒ္ဓပုညကုသိုလ် ပြုလုပ်သောသူသည် မျက်မှောက်ဘဝ တမလွန်ဘဝတို့တွင် လောကီချမ်းသာ လောကုတ္တရာချမ်းသာတို့ကို ရရှိပိုင်ဆိုင်စေသည့် ကုသိုလ်ကောင်းမှုဖြစ်သည်။

**အရှင်ဉာဏတိခမ်း**
**(ဓမ္မာ နေပြည်တော် မစိုးရိမ်တိုက်သစ်)**
**၂၊ ၈၊ ၂၀၁၂။ ဓမ္မစကြာနေ့။**

# အခန်း (၁)

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ၏ သမိုင်းအစ

ဤ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဘုရားရှိခိုး ပါဠိစကားသည် ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်းများ သိသည့်အတိုင်းပင်။ မိမိတို့ ဘုရားရှိခိုးရာ၌သော် လည်းကောင်း၊ သီလခံယူရာ၌သော် လည်းကောင်း၊ ဦးစွာပထမ "နမော တဿ" ကို ရွတ်ဆို၍ မြတ်ဘုရားရှင်ကို ရှိခိုးကြ၏၊ နေ့စဉ်နေ့တိုင်း ရွတ်ဆိုရကြားရသော စကားဖြစ်ပါသည်။မြေ့စာပေ ရေးသားရာ၌လည်း ဦးစွာပထမ "နမော တဿ" ကိုပဲ ဦးစွာရေးသား ဘုရားရှိခိုးကြ၏။

ပိဋကတ်ကျမ်းဂန်အရ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဆိုသည့် ဤစကားသည် ဥဒါန်းကျူးသည့်စကား ဖြစ်၏။

## ဥဒါန်းကျူးစကား၏အဓိပ္ပာယ်

အတိုင်းထက်အလွန် ဝမ်းသာခြင်း၊ အတိုင်းထက်အလွန် ကြည်ညိုခြင်းဖြစ်လို့ နှလုံးသားထဲမှာ မမျိုသိပ်ထားနိုင် မအောင့်ထားနိုင်ဘဲ ပါးစပ်က အန်ထွက်လာသည့် စကားမျိုးကို ဥဒါန်းကျူးသည်ဟု ခေါ်၏။ ထိုသို့ ဥဒါန်းကျူး ရှိခိုးရာ၌ ဘယ်ပုဂ္ဂိုလ်များကစပြီး ဥဒါန်းကျူး ရှိခိုးခဲ့တာလဲ ဆိုတာ သိရှိစေဖို့အတွက် ပိဋကတ်တော်လာသည့်အတိုင်း ထုတ်နုတ်ရေးသားပြမည်။

ဤနမောတဿဖြင့် ဥဒါန်းကျူးခဲ့ဖူးသည့် ပုဂ္ဂိုလ်တို့ကား

၁။ မဟိန္ဒမင်း၊

၂။ သိကြားမင်း၊

၃။ ကောသလမင်း၊

၄။ ဗြာဟ္မာယုပုဏ္ဏား၊

၅။ ဇာဏုသောဏိပုဏ္ဏား၊

၆။ အာရာမဒဏ္ဍပုဏ္ဏား၊

၇။ ကာရဏပါလီအမတ်၊

၈။ ဓနဉ္စာနီအရိယာပုဏ္ဏေးမတို့ ဖြစ်ကြသည်။

ဤပုဂ္ဂိုလ်(၈)ယောက်တို့တွင် မဟိန္ဒမင်းချန်ထား၍ ကြွင်းကျန်သော သိကြားမင်း စသော (၇) ယောက်သော ပုဂ္ဂိုလ်တို့သည် တို့ဂေါတမ မြတ်စွာဘုရား လက်ထက်တော်အခါ၌ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ - ဥဒါန်းကျူးခဲ့သူ ဖြစ်ကြပါသည်ဟု ပါဠိတော်မှာ ပြဆိုထားပါသည်။ မဟိန္ဒမင်းကတော့ တို့ဂေါတမ မြတ်စွာဘုရား လက်ထက်တော်အခါ၌ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ကို ဥဒါန်းကျူးခဲ့သူမဟုတ်၊ လွန်ခဲ့သည့် (၉၁) ကမ္ဘာထက်မှာ ဖုဿဘုရားရှင် လက်ထက်တော်အခါတုန်းက ဥဒါန်းကျူးခဲ့သူ ဖြစ်သည်ဟု အဋ္ဌကထာမှာ ပြဆိုထားပါသည်။ ဤဥဒါန်းကျူးခဲ့သော ပုဂ္ဂိုလ်တို့တွင် ဘာကြောင့် ဥဒါန်းကျူးခဲ့ကြတာလဲ သူတို့၏ ဥဒါန်းကျူးရခြင်း အကြောင်းကို ထုတ်နုတ်ဖော်ပြပါမည်။

## နမောတဿ ဥဒါန်းကျူးသည့် မဟိန္ဒမင်း

ဤကမ္ဘာကို မရောက်ခင် (၉၁) ကမ္ဘာထက်မှာ "တိဿ, ဖုဿ" ဆိုသည့် ဘုရား ၂-ဆူ ပွင့်တော်မူခဲ့ပါသည်၊ 'မဟိန္ဒမင်း' ဆိုတာက ဖုဿဘုရားရှင်၏ ခမည်းတော်ဖြစ်သည့်အပြင် ပထမအဂ္ဂသာဝက၏ ခမည်းတော်လည်းဖြစ်သည်။ ပုရောဟိတ်၏သားက ဒုတိယအဂ္ဂသာဝက ဖြစ်သည်။

မဟိန္ဒမင်းက မြတ်စွာဘုရားဆီကို ရောက်သွားသည့်အခါ "ငါ့ရဲ့ သားကြီးက ဘုရား၊ သားငယ်က ပထမအဂ္ဂသာဝက၊ ပုရောဟိတ် သားက ဒုတိယ အဂ္ဂသာဝက"၊ မြတ်စွာဘုရားနှင့်အဂ္ဂသာဝက (၂) ပါးကို ကြည့်ပြီး ရင်ထဲမှာပီတိ ဖြစ်နေပါသည်။ 'မဟိန္ဒမင်း' သည် မြတ်စွာဘုရားနှင့် အဂ္ဂသာဝက (၂) ပါးတို့ကို အလွန်ကြည်ညိုသွား၍ သူ၏ ပါးစပ် ထွက်လာသည်မှာ-

"မမေဝ ဗုဒ္ဓေါ၊ မမေဝ ဓမ္မော၊ မမေဝ သံဃော။

(ဘုရားကလည်း ငါ့ဥစ္စာ၊ တရားကလည်း ငါ့ဥစ္စာ၊ သံဃာကလည်း ငါ့ဥစ္စာ)

နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"ဟု

ဤသို့ ဥဒါန်း (၃) ကြိမ် ကျူးလိုက်သည်။

အရဟတော - ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ဝပ်စင်းကော်ရော် ပူဇော်ထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

အရဟတော - တစ်ထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်တို့ကို အရဟတ္တမဂ်ရှိန် ဉာဏ်ဝရဇိန်ဖြင့် ပယ်နှိမ် ခုတ်ဖြတ် အကုန်သတ်တော်မူတတ်ထသော။

အရဟတော - သန္တိတ်မှတ်ရောင် လူမိုက်မှောင်တို့ ကဲ့သို့ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ် ရှိတော်မမူတတ်ထသော။

သမ္မာသမ္ဗုဒ္ဓဿ - မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ကြွင်းမဲ့ဉဿုံ အလုံးစုံကုန်သော သင်္ခတ,အသင်္ခတတရားတို့ကို အကုန်အစင် သိမြင်တော်မူပြီးထသော။

တဿဘဂဝတော - ဘုန်းတော်ခြောက်ပါးသခင် ထိုမြတ်စွာဘုရားရှင်အား။

နမော - ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဤဝတ္ထုအကြောင်းကို ထောက်လိုက်တော့ "ဤနမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဆိုသည့် ဘုရားရှိခိုး စကားသည် ငါတို့ဘုရားလက်ထက်မှာမှ ပေါ်လာတာမဟုတ်၊ ရှေးရှေး ဘုရားရှင်တို့၏ လက်ထက်က ရှိနေသည်ဟု ထင်ရှားပါသည်။

ကျမ်းကိုး။ ခံ-၄-၂၊ ၂၈၄။

## နမောတဿ ဥဒါန်းကျူးသည့် သိကြားမင်း

မြတ်စွာဘုရားသည် မဂဓတိုင်း ရာဇဂြိုလ်မြို့၏ အရှေ့ဘက် 'အမ္ဗသဏ္ဍ'ဟု ခေါ်သည့် ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူမှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ယင်းအချိန်ဝယ် သိကြားမင်းသည် မြတ်စွာဘုရားကို သိပ်ဖူးမြင်ချင်သည်။ ဘုရားဖူးချင်သည့်ဆန္ဒက သူ့မှာသိပ်ပြင်းထန် နေပါသည်။ သိကြားမင်းသည် ပဉ္စသိခနတ်သားကို ရှေ့ဆောင်ပြုပြီး တာဝတိံသာနတ်တို့နှင့်အတူ ဝေဒိယကတောင်ကို ရောက်လာသည်။ မြတ်စွာဘုရားကို ခွင့်ပန်ဖို့အတွက် ပဉ္စသိခနတ်သားကို အရင်လွှတ်လိုက်ပါသည်။ မြတ်စွာဘုရား၏ ခွင့်ပြုချက်ကို ရသည့်အခါ သိကြားမင်းက ဣန္ဒသာလဂူကို ဝင်ရောက်လာသည်။ ဘုရားရှင်ရှိခိုးပြီး သင့်တော်ရာကနေ ရပ်နေပါသည်။

တာဝတိံသာ နတ်တို့ကလည်း ပဉ္စသိခနတ်သားနှင့်အတူ မြတ်စွာဘုရားကို ရှိခိုးပြီး သင့်တော်ရာနေရာမှာ ရပ်နေကြသည်။

သိကြားမင်းသည် မိမိ သိချင်တာတွေကို မြတ်စွာဘုရားအား မေးမြန်း လျှောက်ထားလိုက်သည်။ ဘုရားရှင်ကလည်း မေးသမျှကို ရှင်းလင်း ပြတ်သား မိန့်ကြားဖြေဆိုတော်မူသည်။ သိကြားမင်းက နှစ်သက် ကျေနပ်မှု အပြည့်အဝရရှိသွားသည်။

ထို့နောက် သိကြားမင်းကလျှောက်ထားလိုက်သည်မှာ "ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! ဘုရားတပည့်တော်တို့ဟာ ရှေးအခါတုန်းကတော့ နတ်တွေနဲ့အတူ သနင်္ကုမာရပြဟ္မာမင်းကြီးကို ရှိခိုးခဲ့ကြပါတယ်။ ယခုအချိန်ကစပြီး ရှင်တော်ဘုရားအား ရှိခိုးခွင့် ပေးသနားတော်မူပါ။ မြတ်စွာဘုရားကသာ တရားအကုန်လုံးကို သိမြင် တော်မူတဲ့ ဗုဒ္ဓအစစ်ဖြစ်တော်မူပါတယ်။ မြတ်စွာဘုရားကသာ အတုမရှိ မြတ်တော်မူတဲ့ အမြတ်ဆုံးဆရာဖြစ်တော်မူပါတယ်။ နတ်နဲ့တကွဖြစ်တဲ့ လူ့လောက, နတ်လောကမှာ ရှင်တော်မြတ်ဘုရားနဲ့တူတဲ့ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်မှ ရှိတော်မမူပါဘုရား" ဟု မြတ်စွာဘုရားကို လျှောက်ထား သည်။ ပြီးတော့ ပဉ္စသိခနတ်သားကို ခေါ်ပြီးသည့်နောက် ပြောလိုက် သည်မှာ-

"အမောင်ပဉ္စသိခ! သင်ဟာငါ့အတွက် ကျေးဇူးတရားအရမ်းများ ခဲ့တယ်၊ သင်က မြတ်စွာဘုရားကို အရင်နှစ်သိမ့်စေခဲ့ပါတယ်။ သင်က နှစ်သိမ့်အောင် လုပ်ပြီးမှ တို့က ဖူးမြော်ချဉ်းကပ်ခွင့်ရကြပါတယ်။ သင့်ကို အဖ ရာထူးမှာခန့်ထားပါ့မယ်၊ သင်ဟာ ဂန္ဓဗ္ဗနတ်မင်းကြီး ဖြစ်ရပေ တော့မယ်၊ သင် သိပ်လိုချင်နေတဲ့ သူရိယဝစ္ဆသာနတ်သမီးကိုလည်း သင့်ကို ပေးပါ့မယ်"ဟု ပြောဆိုလိုက်သည်။

ထို့နောက် သိကြားမင်းသည် မြေကြီးကို လက်နဲ့ပုတ်ပြီးတော့ မြတ်စွာဘုရားကို " နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟု ဤသို့ ဥဒါန်း (၃) ကြိမ် ကျူးလိုက်သည်။

ကျမ်းကိုး။ သုတ်မဟာဝါ - ပါ။ ၂၁၁။

## နမောတဿ ဥဒါန်းကျူးသည့် ကောသလမင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်မှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

တစ်နေ့သောအခါဝယ် မျက်စိမျက်နှာ မကြည်မသာနဲ့ ဒကာ တစ်ယောက် မြတ်စွာဘုရားဆီကို ချဉ်းကပ်ရောက်လာသည်။ သားသေ ကို ပူဆွေး ငိုကြွေးနေရသည့် အကြောင်းကိုလျှောက်ထားသည်။ မြတ်စွာ ဘုရားက "ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာပဲ အချစ်က စလာတာပဲ"ဟု မိန့်ကြားတော်မူသည်။

ဒါယကာက "ဘယ်ဟုတ်ပါ့မလဲဘုရား နှစ်သက်တာ, ဝမ်းသာ တာ တွေကသာ အချစ်ကြောင့် ဖြစ်ရမှာပေါ့ အချစ်က စလာရမှာပါ" ဟု ဘုရားရှင်စကားကို ကန့်ကွက်ပြောဆိုပြီး နေရာမှထသွားသည်။

ဒါယကာသည် ဤအကြောင်းကို ဒီနေရာမှာ ရှိနေကြသည့် သူ့ မိတ်ဆွေတွေကို ပြောပြသည်။ သူ့မိတ်ဆွေက "ဒါဟာ ဒီအတိုင်း အမှန်ပဲ ပေါ့၊ မိတ်ဆွေရဲ့ နှစ်သက်တာ, ဝမ်းသာတာတွေက အချစ်ကြောင့် ဖြစ်ရ မှာပေါ့ အချစ်က စလာရမှာပါ"ဟု သူ့၏ အယူဝါဒကို ထောက်ခံကြသည်။

ဤစကားသည် အဆင့်ဆင့် ကျယ်ပြန့်လာသည်။ ကောသလ မင်းကြီး၏ နန်းတော်အတွင်းထိ ရောက်သွားသည်။ ကောသလ မင်းကြီး က မလ္လိကာမိဖုရားကို ပြောဆိုလိုက်သည်မှာ -

"နှမတော် ! နှမတော်ရဲ့ဆရာဖြစ်တဲ့ ရဟန်းဂေါတမက ပူဆွေး တာ, ငိုကြွေးတာ,ကိုယ်ဆင်းရဲတာ,စိတ်ဆင်းရဲတာ အပြင်းအထန် ပင်ပန်း

တာတွေဟာ အချစ်ကြောင့် ဖြစ်ရတယ်၊ အချစ်ကစလာတယ်လို့ ဟောနေတယ်"။

မလ္လိကာမိဖုရားက "အရှင်မင်းမြတ်! တကယ်လို့သာ ဘုရားရှင်က ဒီအတိုင်းဟောခဲ့ပါရင် ဒါဟာဒီအတိုင်း အမှန်ပဲပေါ့ ဘုရားဟောစကား လွဲမှားတယ်လို့ ဘယ်မှာရှိလို့လဲ"။

မလ္လိကာမိဖုရား၏စကားကိုကြားရသည့်အခါ ကောသလမင်းကြီးက သဘောမကျလှဘူး စိတ်ဆိုးသွား၍ ပြန်ပြောလိုက်သည်မှာ-

"မလ္လိကာ! တပည့်ကလေးတစ်ယောက်ဟာ ဆရာကပြောသမျှ စကားကို အမှန်ချည်းပဲလို့ ဝမ်းမြောက်ဝမ်းသာ လက်ခံသလို၊ နင်လည်းပဲ ရဟန်းဂေါတမ ပြောသမျှ ဆိုသမျှ စကားကို 'ဒီဟာ ဒီအတိုင်း အမှန်ပဲ'လို့ ဝမ်းမြောက်ဝမ်းသာလက်ခံနေတာပဲ မလ္လိကာ နင်ဟာ သိပ်မုန်းစရာ ကောင်းတာပဲ သွားတော့ နင်ဟာ ပျက်စီးနေပြီ"ဟု ပြောဆို အော်ငေါက်လိုက်သည်။

မလ္လိကာမိဖုရားက နာဠိဇင်္ဃပုဏ္ဏားကိုခေါ်ပြီး မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ထားခိုင်းသည်။ ပြီးတော့ "မြတ်စွာဘုရား ရဲ့ ဩဝါဒစကားတွေကိုလည်း မှတ်သားလာခဲ့ပါ" ဟုလည်း မှာကြား လိုက်သည်။ မလ္လိကာမိဖုရား မှာလိုက်သည့်အတိုင်း နာဠိဇင်္ဃပုဏ္ဏားသည် မြတ်စွာ ဘုရားဆီ သွားရောက် လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားက"ဒါဟာ ဒီအတိုင်းအမှန်ပဲ၊ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာချည်းပဲ"ဟု ဤသို့ မိန့်တော်မူပြန်သည်။ ထို့နောက် "အချစ်ကစပြီး ဘယ်လိုပူဆွေးမှု အစရှိတဲ့ဟာတွေ ဖြစ်လာရတယ်"ဆိုတာကိုလည်း သာဓကတွေထုတ်ပြီး အကျယ် ဟောကြားတော်မူလိုက်သည်။

"ပုဏ္ဏား! ရှေ့အခါက သာဝတ္ထိမြို့မှာ နေထိုင်တဲ့ အမျိုးသမီး တစ်ယောက်မှာ အမေသေဆုံးသွားပါတယ်၊ အဲဒီအမျိုးသမီးဟာ အမေ

သေဆုံးတဲ့အတွက် အတော်စိတ်ထိခိုက်သွားပါတယ်၊ ရူးသွပ် သွားပါတယ်၊ 'ကျွန်မအမေကို တွေ့လိုက်ကြပါသလား၊ ကျွန်မအမေကို တွေ့လိုက်ကြပါသလားလို့ဆိုပြီး တစ်လမ်းဝင် တစ်လမ်းထွက် လှည့်ပတ် သွားလာနေပါတော့တယ်၊ ဒီလိုပူဆွေးရတာဟာ ဘာကြောင့်လဲ၊ ဒီတော့ ပူဆွေးရခြင်းရဲ့ အစဟာ အချစ်ကြောင့်ဖြစ်တယ်' ဆိုတာ မထင်ရှားဘူးလား? ဟု ဒီလိုလည်း မိန့်တော်မူသည်။ ပြီးတော့ အဖေသေလို့ ရူးသွားသူ, အစ်ကိုသေလို့ ရူးသွားသူ, နှမသေလို့ ရူးသွားသူ သားသေလို့ ရူးသွားသူ, သမီးသေလို့ ရူးသွားသူ, မယားသေလို့ ရူးသွားသူတို့သည်လည်း အချစ်ကြောင့် ပူဆွေးရသည့်အကြောင်း, ပူဆွေးမှုဟာ အချစ်ကပဲ စလာသည့်အကြောင်းကိုလည်း ဟောပြလိုက်သေးသည်။

နာဠိဇင်္ဃပုဏ္ဏားကလည်း မြတ်စွာဘုရား အမိန့်ရှိသမျှကို မှတ်သားလာခဲ့၍ မလ္လိကာမိဖုရားကို အကုန်လုံးပြန်ပြောပြလိုက်သည်။ မလ္လိကာမိဖုရားသည် ကောလမင်းကြီးဆီသွားပြီး ပရိယာယ်နဲ့ နားလည်အောင် ရှင်းပြလိုက်သည်မှာ -

"အရှင်မင်းမြတ်! ဝဇိရီမင်းသမီးကလေးကို အရှင်မင်းမြတ် ချစ်ပါရဲ့လား?။

"ချစ်တာပေါ့ကွာ၊ ဘယ်နှယ်ပြောပါလိမ့်၊ ဝဇိရီဟာ ငါ့သမီးကလေးပဲ မဟုတ်လား။"

"အရှင်မင်းကြီး ! ဒါဖြင့် တကယ်လို့သာ ဝဇိရီသမီးလေး တစ်စုံတစ်ရာ ဖြစ်သွားရင်, သေဆုံးသွားရင် အရှင်မင်းကြီးမှာ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေ ဖြစ်အုံးမှာလား?"။

"ဟေ့ မလ္လိကာ! မင်းဘယ်နှယ်ပြောလိုက်တာတုန်း၊ ဝဇိရီ သမီးတော်ကလေး တစ်စုံတစ်ရာဖြစ်သွားရင် ငါ့အသက်တောင် ဆုံးချင် ဆုံးသွားမှာကွ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေလောက်တော့ ဘယ်မဖြစ်ဘဲနေမှာလဲ"။

"အရှင်မင်းမြတ်! မြတ်စွာဘုရားက ဒါကိုရည်ရွယ်ပြီး ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်း တာတွေဟာ အချစ်ကြောင့်ဖြစ်တယ် အချစ်ကစတယ်လို့ မိန့်တော်မူတယ်"။

"အရှင်မင်းမြတ်! ဝါသဘခတ္တိယာကိုကော အရှင်မင်းမြတ် ချစ်ရဲ့လား?"။

"မချစ်ပဲ နေမလားကွာ၊ ငါ့မိဖုရားပဲဟာ"။

"ဝိဋ္ဋူဘစစ်သူကြီးကိုကော ချစ်တယ်မဟုတ်လား?"။

"ချစ်တာပေါ့၊ ငါ့စစ်သူကြီးပဲ မဟုတ်လား"။

"ကျွန်မကိုရော ချစ်ရဲ့လား?"။

"ချစ်တာပေါ့ကွာ၊ ကိုယ့်မိဖုရားကြီးပဲဟာ၊ မချစ်ဘဲ နေပါ့မလား"။

"ကာသိတိုင်း၊ ကော သလတိုင်းရဲ့ ပြည်သူပြည်သားများကိုရော ချစ်တယ် မဟုတ်လား?"။

"ချစ်တာပေါ့ကွာ၊ ငါတို့တစ်တွေဟာ အဲဒီတိုင်းတွေက ထွက်တဲ့ အခွန်အတုတ်တွေကို သုံးစွဲနေကြရတာပဲ၊ ဘယ်မချစ်ဘဲ နေပါ့မလဲ"။

"ဒါဖြင့် အရှင်မင်းမြတ် ဝါသဘခတ္တိယရယ်၊ ဝိဋ္ဋူဘ စစ်သူကြီး ရယ်၊ ကျွန်မရယ်၊ ကာသိတိုင်း ကောသလတိုင်း ပြည်သူ ပြည်သားရယ် ဒီသူတွေထဲက တစ်ခုခု ပျက်စီးသွားရင် အရှင်မင်းမြတ်မှာ ပူဆွေးတာ၊ ငိုကြွေးတာ၊ ကိုယ်ဆင်းရဲတာ၊ စိတ်ဆင်းရဲတာ၊ သိပ်ပင်ပန်းတာတွေဟာ အချစ်ကြောင့်ဖြစ်ရတယ်၊ အချစ်က စတယ်လို့ မြတ်စွာဘုရား မိန့်တော်မူ တာဖြစ်ပါတယ်။"

"ဟေ့-မလ္လိကာ! တော်တော့၊ ရှေ့ကို မဆက်နဲ့တော့၊ ငါနားလည် ပါပြီ၊ သိပ်အံ့ဩစရာကောင်းတာပဲ ၊ သိပ်ထူးဆန်းတာပဲ၊ မြတ်စွာဘုရား ဟာ ပညာနဲ့ ထိုးထွင်းပြီး သိမြင်တော်မူတာပဲ၊ ခပ်မြန်မြန် လာခဲ့စမ်းပါအုံး၊ လုပ်ဆေးရေလေး ယူခဲ့စမ်းပါအုံး"။

ကောသလမင်းကြီးသည် ဒီလို ပြောဆိုပြီး ပါးစပ်ကို ဆေးကြော သုတ်သင်ပြီး နေရာမှထကာ လက်ဝဲတစ်ဖက် ပခုံးထက်မှာ ကိုယ်ဝတ်ကို စံပယ်တင်လိုက်၍ ဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟု (၃)ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်လိုက်သည်။

ကျမ်းကိုး။ မဇ္ဈိမပဏ္ဏာ-ပါ၊ ၃၀၉။

## နမောတဿ ဥဒါန်းကျူးသည့် ဗြဟ္မာယုပုဏ္ဏား

မြတ်စွာဘုရားသည် ရဟန်းငါးရာတို့နှင့်အတူ ဝိဒေဟတိုင်းမှာ ဒေသစာရီ ကြွချီနေတော်မူသည့် အချိန်ဖြစ်သည်။

မြတ်စွာဘုရား၏ ဂုဏ်သတင်းကလည်း အရပ်(၄) မျက်နှာ ပျံ့နှံ့နေပါသည်။ ယင်းအချိန်ဝယ် ဗြာဟ္မာယုပုဏ္ဏားက တပည့်ဖြစ်သူ ဥတ္တရလုလင်ကို ဘုရားဆီလွှတ်ပြီး ကျော်ကြားသည့်ပျံ့နှံ့သည့်အတိုင်း ဟုတ်/မဟုတ် အကဲခတ် လေ့လာခိုင်းသည်။

ဥတ္တရလုလင်ကလည်း ဘုရားရှင်နောက်ကို တကောက်ကောက်လိုက်ပြီး အကဲခတ် လေ့လာနေလိုက်တာ (၇) လလောက် ကြာသွားပါသည်။ မြတ်စွာဘုရားဆီက ပြန်လာပြီးသည့်နောက် တွေ့ခဲ့ရသမျှ ဂုဏ်တွေကို ဆရာဖြစ်သူ ဗြာဟ္မာယုပုဏ္ဏားအား ပြန်ပြောပြသည်မှာ-"ဆရာရယ်! အရှင်ဂေါတမဟာ ကျွန်တော်ပြောခဲ့တဲ့ဂုဏ်တွေ ဒီလောက်တင် မဟုတ်သေးပါ၊ ပြောမကုန်နိုင်လောက်အောင် ဂုဏ်ပေါင်းစုံနဲ့ ပြည့်စုံပါတယ်" ဟု ပြောပြလိုက်သည်။

ထို့နောက် ဗြာဟ္မာယုပုဏ္ဏားကြီးသည် ထိုင်ရာကထပြီး အပေါ်ရုံကို လက်ကတော့တင်၍ မြတ်စွာဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး " နမော

တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု (၃) ကြိမ် ဥဒါန်း ကျူးလိုက်သည်။

ကျမ်းကိုး။ မဇ္ဈိမပဏ္ဏာသ-ပါ၊ ၃၄၁။

## နမောတဿ ဥဒါန်းကျူးသည့် ဇာဏုသောဏိပုဏ္ဏား

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ရွှေကျောင်းတော်မှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ဇာဏုသောဏိပုဏ္ဏားသည် မွန်းတည့်ချိန်မှာ မြင်းလှည်းစီးပြီး သာဝတ္ထိမြို့က ထွက်လာသည်၊ သူ၏လှည်းမှာ တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသည့် မြင်းမ (၄) ကောင်ကို တပ်ထားသည်၊ လှည်းရော လူပါ အကုန်လုံး အဖြူထည်နဲ့ချည်းပဲ တန်ဆာဆင်ထားပါသည်။

ယင်းအချိန်ဝယ် ပိလောတိကာပရိဗိုဇ်လည်း ဇေတဝန်ကျောင်းတော်မှ ပြန်လာခဲ့သည်။ ဇာဏုသောဏိပုဏ္ဏားသည် ပိလောပိကာ ပရိဗိုဇ် ကို အဝေးကြီးကပဲ တွေ့နေရသည်။ အနားကို ရောက်လာသည့်အခါ မြင်းလှည်းကိုရပ်ပြီး မေးမြန်းစုံစမ်းလိုက်သည်မှာ -

"အရှင်ဝစ္ဆာယန" ! အခုလို မွန်းတည့်ချိန်ကြီးမှာ ဘယ်ကလာခဲ့ ပါသလဲ?"။

(အရှင်ဝစ္ဆာယန ဆိုသည့်စကားသည် ပိလောပိကာပရိဗိုဇ်ကို အနွယ်လူမျိုးကို အစွဲပြုပြီး ခေါ်လိုက်သည့်စကားဖြစ်သည်)။

ဇာဏုသောဏိပုဏ္ဏားက "ရဟန်းဂေါတမဆီက လာခဲ့တယ် ဒကာကြီး"။

"အရှင်ဝစ္ဆာယန ! အရှင်ဂေါတမရဲ့ ပညာစွမ်းရည်ကို ဘယ်လို ထင်မြင်ပါသလဲ၊ ပညာရှိလို့ ထင်ပါသလား?"။

"ဒကာကြီး! ကျုပ်က ဘယ်လိုလူစားမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်မှာတဲ့လဲ၊ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်တဲ့ လူဟာ ရဟန်းဂေါတမလိုလူပဲ ဖြစ်ရပေမပေါ့"။

ဇာဏုသောဏိပုဏ္ဏားသည် "အရှင်ဝစ္ဆာယနဟာ အရှင် ဂေါတမရဲ့ မြတ်တဲ့ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းပါဘိတယ်၊ ကျုပ်က ဘယ်လိုလူစားမို့ ရဟန်းဂေါတမကို ချီးမွမ်းနိုင်မှာတဲ့လဲ၊ ရဟန်း ဂေါတမဟာ လောကလူလောကသား အကုန်းလုံးတို့က ချီးကျူးရမဲ့ အမြတ်ဆုံးဖြစ်တဲ့ ကိုယ်ပိုင်ဂုဏ်တွေနဲ့ပဲ ချီးမွမ်းထိုက်တဲ့ပုဂ္ဂိုလ်မျိုး ဖြစ်နေပါတယ်၊ သူ့ကို တခြားလူက ချီးမွမ်းနေစရာ မလိုပါဘူး၊ ရဟန်းဂေါတမဟာ လူတွေ၊ နတ်တွေထက်လဲ မြင့်မြတ်တော်မူပါတယ်" ဟု နှလုံးသွင်း၍ ပိလောတိကာပရိဗိုဇ်ကို မေးလိုက် သည်မှာ -

"အရှင်ဝစ္ဆာယန! ဘယ်အကျိုးအာနိသင်တွေကို (ဘယ်အကြောင်းထူးတွေကို) မြင်လို့ ရဟန်းဂေါတမအပေါ်မှာ အခုလို သိပ်ကြည်ညိုနေရတာလဲ?"။

"ဒကာကြီး! ဉာဏ်ခြေရာ ၄-ခု ကိုတွေ့ရလို့ပါ"။

"အရှင်ဝစ္ဆာယန! ဘယ်လိုဉာဏ်ခြေရာတွေကို တွေ့ရပါသလဲ?"။

ပိလောတိကာပရိဗိုဇ်သည် ဇာဏုသောဏိပုဏ္ဏားကို ပြောပြလိုက် သည်မှာ-

၁။ "ဒကာကြီး! အယူဝါဒရေးရာမှာ အင်မတန်ထက်မြတ်တဲ့ အချို့ မင်းပညာရှိတွေဟာ ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်' လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ မင်းပညာရှိတွေဟာ ရဟန်းဂေါတမရဲ့တရားကို ကြားနာရတဲ့အခါမှာ တရားကျင့်ဖို့ရန်သာ စိတ်အားထက်သန်လာကြပါတယ်၊ ရွှင်လန်းအားတက်လာကြပါတယ်၊ ဒီတော့ ရဟန်း ဂေါတမကို ပြဿနာတောင်မှ မမေးကြတော့ဘူး၊ အပြစ်တင်ဖို့ဆိုတာကတော့ ဝေးပါသေးရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ ပထမ ဉာဏ်ခြေရာပဲ)။

၂။ အယူဝါဒရေးရာမှာ အင်မတန် ထက်မြက်ကြတဲ့ အချို့ ပုဏ္ဏား ပညာရှိတွေဟာ ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်' လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ မင်းပညာရှိတွေဟာ ရဟန်းဂေါတမရဲ့ တရားကို ကြားနာရတဲ့အခါမှာ တရားကျင့်ဖို့ရန်သာ စိတ်အားထက်သန်လာကြပါတယ်၊ ရှင်လန်း အားတက်လာကြပါတယ်၊ ဒီတော့ ရဟန်းဂေါတမကို ပြဿနာတောင်မှ မမေးကြတော့ဘူး၊ အပြစ်တင်ဖို့ ဆိုတာကတော့ ဝေးပါသေးရဲ့ အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ ဒုတိယဉာဏ်ခြေရာပါပဲ။)

၃။ အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်ကြတဲ့ အချို့ အိမ်နေသူ လူပညာရှိတွေဟာ ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်' လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ မင်းပညာရှိတွေဟာ ရဟန်းဂေါတမရဲ့တရားကို ကြားနာရတဲ့အခါမှာ တရားကျင့်ဖို့ရန်သာ စိတ်အားထက်သန် လာကြပါတယ်၊ ရှင်လန်းအားတက်လာကြပါတယ်၊ ဒီတော့ ရဟန်း ဂေါတမကို ပြဿနာတောင်မှ မမေးကြတော့ဘူး၊ အပြစ်တင်ဖို့ ဆိုတာကတော့ ဝေးပါသေးရဲ့ အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊
(ဒါဟာ တတိယဉာဏ်ခြေရာပါပဲ။)

၄။ အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်ကြတဲ့ အချို့ (သာသနာ့ပြင်ပ) ရဟန်းပညာရှိတွေဟာ ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်အောင်'လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီ ရဟန်းပညာရှိတွေက ရဟန်းဂေါတမရဲ့ တရားကို နာကြားရတဲ့အခါမှာ တရားကျင့်ဖို့သာ စိတ်အားထက်သန်လာကြပါတယ်၊ ရှင်လန်းအားတက်လာကြပါတယ်၊ ဒီတော့ ရဟန်းဂေါတမကို ပြဿနာကိုတောင် မမေးကြတော့ပါဘူး။

အပြစ်တင်ဖို့ဆိုတာကတော့ ဝေးပါသေးရဲ့ အမှန်ကတော့ ရဟန်းဝေါတမဆီမှာ ရဟန်းပြုခွင့်သာ တောင်းကြပါတော့တယ်၊ ရဟန်းဝေါတမကလဲပဲ သူတို့ကိုရဟန်း ပြုပေးလိုက်ပါတယ်၊ သူတို့တတွေဟာလဲပဲ ဆိတ်ငြိမ်ရာကို ကပ်ရောက် ပြီး တရားအားထုတ်ကြပါတယ်၊ အရဟတ္တဖိုလ် ကပ်ရောက်ပြီး တရား အားထုတ်ကြပါတယ်၊ ရဟန္တာဖြစ်သွားကြပါတယ်။

အဲဒီ ပုဂ္ဂိုလ်တွေကပဲ 'တို့ဟာ ဆုံးရှုံးပျက်စီးဖို့ နည်းနည်းလေးသာ လိုတော့တယ်၊ အမှန်ကတော့ တို့တစ်တွေဟာ ရှေးတုန်းက သမဏ မဟုတ်ဘဲ သမဏလို့ ဝန်ခံခဲ့ကြတယ်၊ ဗြာဟ္မဏလို့ ဝန်ခံခဲ့ကြတယ်၊ ရဟန္တာ မဟုတ်ဘဲ ရဟန္တာလို ဝန်ခံခဲ့ကြတယ်၊ တို့တတွေဟာ အခုမှသာ သမဏ အစစ် ဖြစ်ကြပါတယ်၊ ဗြာဟ္မဏအစစ် ဖြစ်ကြပါတယ်၊ ရဟန္တာအစစ် ဖြစ်ကြပါတယ်" ဒီလိုပဲ ဝန်ခံပြောဆိုကြပါသေးတယ်။

(ဒါဟာ စတုတ္ထဉာဏ်ခြေရာပါပဲ။)

ဒကာကြီး "ဆင်တောမှာ နေလေ့ရှိပြီး ဆင်အရာမှာ လိမ္မာ ကျွမ်းကျင် တဲ့ ပုဂ္ဂိုလ်ဟာ အလျားရှည်ပြီး အနံကျယ်ပြန့်တဲ့ ဆင်ခြေရာကြီးကို တွေ့တဲ့အခါ ဒီဆင်ဟာ ဆင်ကြီးပါပဲ" လို့ ဆုံးဖြတ်နိုင်ပါတယ်။

ဒီအတိုင်းပါပဲ ကျွန်ုပ်ဟာလဲ ရဟန်းဝေါတမရဲ့ ဒီဉာဏ်ခြေရာကြီး ၄-ခုကို မြင်ရတဲ့အခါကစပြီး "မြတ်စွာဘုရားဟာ တရားဉဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ ဘုရားပါပဲ၊ တရားတော်ဟာလဲ ဘုရားက ကောင်းစွာဟောထားတဲ့ တရားပါပဲ၊ ဘုရားရဲ့ တပည့်သံဃာတော်ဟာလဲပဲ ကောင်းစွာကျင့်တဲ့ သံဃာပါပဲ၊ ဒီလို ဆုံးဖြတ်နိုင်ခဲ့ပါတယ်" ဟု ပြောပြ လိုက်သည်။

ဇာဏုသောဏိပုဏ္ဏားသည် ပိလောတိကာ ပရိဗိုဇ်၏ စကားကို ကြားရပြီးသည့်နောက်မှာ မြင်းလှည်းပေါ်မှ ဆင်းပြီး လက်ဝဲဘက် ပခုံး မှာ ကိုယ်ဝတ်ကို တင်လိုက်ကာ မြတ်စွာဘုရားရှိရာဘက်ကို လက်အုပ် ချီပြီး-

"နမော တဿဘဂဝတော အရဟတောသမ္မာ သမ္ဗုဒ္ဓဿ" ဟု (၃) ကြိမ် ဥဒါန်းကျူးလိုက်သည်။

ကျမ်းကိုး။ မူလပဏ္ဏာ-ပါဠိ၊ ၂၃၂။ အဋ္ဌ-၂၊ ၉၈။

●●●●●●●

## နမောတဿ ဥဒါန်းကျူးသည့် အာရာမဒဏ္ဍပုဏ္ဏား

အရှင်မဟာကစ္စည်း ရဟန္တာအရှင်သူမြတ်သည် ဝရဏာမြို့ ဘဒ္ဒသာရီ မြစ်နားမှာ သီတင်းသုံးနေတော်မူသည့်အချိန် ဖြစ်သည်။

ထိုအချိန်တွင် အာရာကဒဏ္ဍပုဏ္ဏားသည် အရှင်မဟာကစ္စည်းထေရ်ဆီသို့ ချဉ်းကပ်ရောက်လာသည်။

အာရာကဒဏ္ဍပုဏ္ဏားသည် အရှင်မဟာကစ္စည်းကို "မင်းအချင်းချင်း၊ ပုဏ္ဏားအချင်းချင်း၊ အခြားအိမ်နေသူ လူအချင်းချင်းတို့က ငြင်းခုံကြရခြင်း၏ အကြောင်းကို" မေးလျှောက်ထားလိုက်သည်။

အရှင်မဟာကစ္စည်းထေရ်က "ဒကာကြီး! ကာမဂုဏ် (၅) ပါးကို အကြောင်းပြုပြီးဖြစ်သည့် တပ်မက်မှုရာဂရဲ့ ဖမ်းစားဝါးမျိုမှုကို ခံနေကြရသည့်အတွက် ငြင်းခုံနေကြရတယ်" ဟု ဖြေတော်မူသည်။

ထို့နောက် အာရာကဒဏ္ဍပုဏ္ဏားက "ရဟန်းအချင်းချင်းတို့က ငြင်းခုံကြရခြင်း၏ အကြောင်းကို" မေးပြန်သည်။ အရှင်မဟာကစ္စည်းထေရ်က "မိစ္ဆာဒိဋ္ဌိကို အကြောင်းပြုပြီးဖြစ်သည့် တပ်မက်မှုရာဂရဲ့ ဖမ်းစား ဝါးမျိုမှုကို ခံနေကြရသည့်အတွက် ငြင်းခုံနေကြရတယ်" ဟု ဖြေတော်မူသည်။

"အရှင်ဘုရား! ဒီကာမရာဂ၊ ဒိဋ္ဌိရာဂ (၂) ပါးရဲ့ ဖမ်းစား ဝါးမျိုမှုကို မခံရတဲ့ပုဂ္ဂိုလ် တစ်ဦးတစ်လေများ ရှိပါသလား ဘုရား?"။

"ဒကာကြီး! ရှိပါတယ်"။

"အရှင်သူမြတ်ဘုရား! ဒါနဲ့ ဘယ်သူလဲဘုရား?"။

"ဒကာကြီး! ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးပါ၊ ယခုအချိန်သာဝတ္ထိမြို့မှာ သီတင်းသုံးနေတော်မူပါတယ်"ဟု မဟာကစ္စည်းထေရ်က ဖြေတော်မူသည်။

ထို့နောက် အာရာကဒဏ္ဍပုဏ္ဏားသည် နေရာမှထ၍ အပေါ်ရုံကို လက်ကတော့တင်လိုက်ပြီး လကျ်ာဘက်ဒူးကို မြေကြီးပေါ်မှာ ထောက်ကာ မြတ်စွာဘုရားရှိတော်မူရာအရပ်ကိုလက်အုပ်ချီပြီး -

"နမော တဿဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု (၃) ကြိမ် ဥဒါန်းကျူးလိုက်သည်။

ကျမ်းကိုး။ အံ-ပါဠိ-၁၊ ၆၆။

●●●●●●●

## နမောတဿ ဥဒါန်းကျူးသည့် ကာရဏပါလီအမတ်

မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော ကူဋာဂါရသာလာ ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ထိုအချိန်တွင် ကာရဏပါလီပုဏ္ဏားသည် လစ္ဆဝီမင်းတို့၏ လုပ်ငန်းကို စီမံနေရသူတစ်ယောက်ဖြစ်သည်၊

ကာရဏပါလီပုဏ္ဏားသည် ပိင်္ဂိယာနီပုဏ္ဏား အဝေးကြီးက လာနေသည်ကို တွေ့နေရသည်။ အနီးသို့ ရောက်လာသည့်အခါ နှုတ်ခွန်းဆက်စကားပြောကြားလိုက်သည်မှာ-

"အလို့ . မိတ်ဆွေကြီး ပိင်္ဂိယာနိပါလား! မွန်းတည့်ချိန်ကြီးမှာ ဘယ်က လာခဲ့သလဲ?"။

"အမတ်ကြီး! ရဟန်းဂေါတမဆီက လာခဲ့ပါတယ်"။

"မိတ်ဆွေကြီး! ရဟန်းဂေါတမရဲ့ ပညာစွမ်းဟာ ဘယ်လိုပါလဲ၊ သူ့ကို ပညာရှိလို့ ထင်ပါသလား?"။

"အမတ်ကြီးရယ်! ကျုပ်လိုလူက ရဟန်းဂေါတမရဲ့ ပညာစွမ်းကို ဘယ်လိုလုပ်ပြီး သိနိုင်မှာလဲ၊ ရဟန်းဂေါတမလို ပညာထက်မြက်သူကသာ ရဟန်းဂေါတမရဲ့ပညာစွမ်းကို သိနိုင်မှာပေါ့"။

"မိတ်ဆွေပိင်္ဂိယာနိ! သင်က ရဟန်းဂေါတမကို သိပ်အထက်တန်းကျတဲ့ ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းနေတာပဲနော်"။

"အမတ်ကြီးရယ်! ကျုပ်လိုလူက ရဟန်းဂေါတမကို ဘယ်လိုလုပ်ပြီး မချီးမွမ်းဘဲ နေနိုင်မှာလဲ၊ အဲဒီ ရဟန်းဂေါတမဆိုတာ တကယ့်ကို ချီးမွမ်းထိုက်တဲ့အတွက် ချီးမွမ်းခံရသူသာ ဖြစ်ပါတယ်၊ နတ်တွေ, လူတွေထက်လဲ မြင့်မြတ် အထက်တန်းကျတော်မူပါတယ်"။

"မိတ်ဆွေပိင်္ဂိယာနိ! သင်က ဘယ်လိုကောင်းကျိုးတွေကို တွေ့ထားလို့ ရဟန်းဂေါတမရဲ့အပေါ်မှာ ဒီလောက် ကြည်ညိုနေပါသလဲ?"။

"အမတ်ကြီးရယ်! အရှင်ဂေါတမရဲ့ တရားတော်ကို နာကြားရတဲ့အခါ အခြားသမဏ, ပြဟ္မဏတွေရဲ့ အယူဝါဒကို မတောင်းတတော့ပါဘူး၊ နှစ်လိုဝမ်းမြောက်မှုကိုလဲ ရပါတယ်၊ ဝမ်းမြောက်မှုကိုလဲ ရပါတယ်၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, အပြင်းအထန်ပင်ပန်းခြင်းတွေလဲ ငြိမ်းအေးခြင်းသို့ ရောက်ရပါတယ်၊ ပူလောင်မှု, ပင်ပန်းမှု, ပူအိုက်မှု အကုန်လုံးတို့ဟာလဲပဲ ငြိမ်းအေးကြပါတယ်"။

ဤစကားကို ကြားရပြီးသည့်နောက်မှာ ကာရဏပါလီ ပုဏ္ဏားသည် ဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပြီး ဘုရားရှင် ရှိရာဘက်ကို လက်အုပ်ချီကာ

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟု (၃) ကြိမ် ဥဒါန်းကျူးလိုက်သည်။

ကျမ်းကိုး။ အံ-ပါ၊ ၂၊ ၂၀၆။

●●●●●●●

## နမောတဿ ဥဒါန်းကျူးသည့် ဓနဉ္စာနီပုဏ္ဏေးမ

မြတ်စွာဘုရားသည် ရာဇဂြိုလ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ယင်းအချိန်ဝယ် ဘာရဒွါဇ+ဓနဉ္စာနီ ဟု ခေါ်သည့် ပုဏ္ဏားဇနီးမောင်နှံ (၂) ယောက်ရှိသည်။ ဘာရဒွါဇပုဏ္ဏားသည် ဗြာဟ္မဏ အယူကို ယူသူဖြစ်သည်၊ "ဘုရား၊ တရား၊ သံဃာ" ဆိုသည့် စကားကို သူ့အနားမှာ ပြောလာလို့ရှိရင် နားကို ပိတ်ထားသည်။ ဒီလောက် အစွဲအလမ်း ပြင်းထန်သည့်သူဖြစ်သည်။

ဓနဉ္စာနီ ပုဏ္ဏေးမသည်ကား ရတနာသုံးပါးကို ကြည်ညိုလေးစားကိုးကွယ်ဆည်းကပ်သူ ဖြစ်သည်။ "ဘာသာခြင်း မတူသည့် ဇနီးမောင်နှံ ဖြစ်သည်"။

ဘာရဒွါဇပုဏ္ဏား တန်းလုပ်လို့ရှိရင် ပုဏ္ဏား ငါးရာ ကို ပင့်ဖိတ်ပြီး နို့ဓမ်းကို ပေးလှူတတ်သည်။ ဓနဉ္စာနီ ပုဏ္ဏေးမသည်ကား မြတ်စွာဘုရား အမှူးရှိသောသံဃာတော်ကို ပင့်ဖိတ်ပြီး ရသာစုံဆွမ်းကို ကပ်လှူတတ်သည်။ 'နို့ရည်၊ ဒိန် (နို့ချဉ်)၊ ထောပတ်, ရက်တက်, မသကာ' ဆိုသည့် နွားနို့အရသာ (၅) မျိုးဖြင့် စီမံချက်ပြုတ်ထားသည့် ဆွမ်းမျိုးကို 'နို့ဆွမ်း (နို့ထမင်း)'ဟု ခေါ်သည်။ "ပဲဟင်း, ဟင်းလျာ, ဟင်းသီးဟင်းရွက် ဟင်း"

စသည်တို့ဖြင့် စီမံထားသည့် ဆွမ်းမျိုးကိုတော့ "ရသာစုံဆွမ်း"ဟု ခေါ်သည်။ ဤအစားအစာ (၂) မျိုးသည် ပုဏ္ဏားတို့၏ အစားအစာ ဖြစ်သည်။

ဘာရဒွါဇပုဏ္ဏားက အလှူဒါနလုပ်သည့်နေ့မှာ ဓနဉ္စာနီ ပုဏ္ဏေးမက ကိုယ်ထိလက်ရောက် ကူညီလုပ်ကျွေး ပြုစုပေးသည်၊ ဤ ကူညီပေးခြင်းသည်လည်း လင့်အလိုလိုက်လိုသည့်အတွက်၊ နှမြောတွန့်တိုမှု မရှိသည့် အတွက်ကြောင့်ပဲဖြစ်သည်။ ဓနဉ္စာနီပုဏ္ဏေးမ အလှူဒါန လုပ်သည့်နေ့မှာတော့ ပုဏ္ဏားက စောစောစီးစီး အိမ်ကထွက်ပြေး ရှောင်ပုန်းပါသည်။

ယင်းနောက် တစ်နေ့သောအခါ၌ ဘာရဒွါဇပုဏ္ဏားသည် ဓနဉ္စာနီပုဏ္ဏေးမကို မတိုင်ပင်ပဲ ပုဏ္ဏား (၅) ရာကို ထမင်းစား ဖိတ်ထားသည်၊ နောက်မှ ပုဏ္ဏေးမကို ပြောပြသည်။

ပုဏ္ဏားက "ရှင်မရေ! နက်ဖြန်ခါ ပုဏ္ဏားငါးရာတို့အိမ်မှာ ထမင်းသုံးဆောင်လာကြလိမ့်မယ်"။

"ယောက်ျား! ဒါဖြင့် ကျွန်မ ဘာလုပ်ပေးရမှာလဲရှင်?"။

"မိန်းမရေ! အခြားလုပ်စရာရယ်လို့တော့ မယ်မယ်ရရ မရှိတော့ပါဘူးကွာ၊ ချက်ရေးပြုတ်ရေး လုပ်ကျွေးတာကို အခြားလူတွေက လုပ်ကြပါလိမ့်မယ်၊ မင်းကတော့ 'ရပ်လို့ရှိရင်လည်း နမော ဗုဒ္ဓဿ၊ ထိုင်လို့ရှိရင်လည်း နမော ဗုဒ္ဓဿ၊ ချေ(ဆတ်)လို့ရှိရင်လည်း နမော ဗုဒ္ဓဿ၊ ချောင်းဆိုးလို့ရှိရင်လည်း နမောဗုဒ္ဓဿ' ဆိုပြီး ရဟန်းကတုံးကြီးကိုပဲ ရှိခိုးတတ် ပါတယ်၊ ဒါလေးကိုတော့ နက်ဖြန်တစ်နေ့လောက် မလုပ်စမ်းပါနဲ့၊ ဒီအသံမျိုးကို ကြားလို့ရှိရင် ပုဏ္ဏားတွေက စိတ်မချမ်းမသာ ဖြစ်တတ်ပါတယ်၊ ကျုပ်ကို ပုဏ္ဏားတွေနဲ့ ကွဲပြားအောင် မလုပ်ပါနဲ့"။

"ယောက်ျား! ရှင်တို့က ပုဏ္ဏားတွေနဲ့မက နတ်တွေနဲ့ပါ ကွဲချင်ကွဲပေါ့၊ ကျွန်မကတော့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကို အောက်မေ့မိလို့ရှိရင် ရှိမခိုးဘဲ နေကို မနေနိုင်ပါဘူးရှင်"။

"ရှင်မရေ! အိမ်ခြေတစ်ရာရှိတဲ့ရွာမှာ ရွာတံခါးကိုတောင်မှ ပိတ်နိုင်ကြသေးတာပဲ၊ လက်နှစ်ချောင်းလောက်နဲ့ ပိတ်ရမဲ့ မင်းပါးစပ်ကလေးကို ပုဏ္ဏားတွေကို ကျေးမွေးဇည့်ခံနေတဲ့ ခဏကလေးလောက်မှ မပိတ်နိုင်ဘူးလား?"။

ဘာရဒွါဇပုဏ္ဏားသည် ဓနဉ္စာနီပုဏ္ဏေးမကို အဖန်ဖန်တလဲလဲ တောင်းပန်ပြောဆိုပေမဲ့ "နမော ဗုဒ္ဓဿကို မဆိုဘဲနေပါမယ်" ဟု ဓနဉ္စာနီ ပုဏ္ဏေးမက ဝန်မခံပါ။ ဘာရဒွါဇပုဏ္ဏားသည် သူ့ဇနီးပုဏ္ဏေးမကို အနုနည်းဖြင့်တားရင် ရမှာမဟုတ်ဘူးဟု သိရသည့်အခါ အကြမ်းနည်းဖြင့် တားမြစ်မည်" ဟုကြံ၍ ခေါင်းရင်းမှာချထားသည့် ဓားကို ဆွဲယူလိုက်ပြီး-

"ဟေ့ရှင်မ ! တကယ်လို့သာ နက်ဖြန်ခါ ပုဏ္ဏားတွေ ရှိနေတုန်းအဲဒီ ရဟန်းကတုံးကြီးကို ရှိခိုးရင် မျှစ်ကို နုတ်နုတ်စဉ်းသလို ဒီဓားနဲ့ ခြေဖျားကစပြီး ဆံဖျားထိအောင် မင်းကိုလဲ နုတ်နုတ်စဉ်းပြီး စုပုံထားလိုက်မယ်"ဟု ကြိမ်းမောင်း ခြိမ်းခြောက်လိုက်သည်။

ဘာရဒွါဇပုဏ္ဏားက ဘယ်လိုပြောပြော ဘယ်လိုပဲလုပ်လုပ် ဓနဉ္စာနီကတော့ မြေကြီးနဲ့သာ အလားတူပါတော့သည်။ ဘာမှတုန်လှုပ် ချောက်ချားမှုမဖြစ်၊ မြင်းမိုရ်တောင်ကြီးနဲ့လည်းတူသည်၊ ဘာမှ ဗလောင်းဗလဲ ပြောင်းလဲမှု မဖြစ်။ ထို့ကြောင့် ဓနဉ္စာနီပုဏ္ဏေးမသည် ဘာရဒွါဇ ပုဏ္ဏားကို ပြောလိုက်သည်မှာ-

"ယောကျ်ား ! ရှင်က ကျွန်မရဲ့ အင်္ဂါကြီးငယ်တွေကို တကယ်ပဲ ဖြတ်ချင်ဖြတ်ပါတော့ ဘုရားမြတ်ရဲ့ အဆုံးအမကိုတော့ ကျွန်မက ဘယ်နည်းနဲ့မှ မစွန့်ပယ်နိုင်ပါဘူး၊ ကျွန်မဟာ ဥက္ကာကရာဇ် နွယ်တော်စင်ဖြစ်တဲ့ မြတ်စွာဘုရားကို မရှောင်ကွင်း မဆန့်ကျင်နိုင်ပါဘူး၊ ကျွန်မဟာ မြတ်စွာဘုရားရဲ့ သမီးတော်ပါပဲ၊ ရှင်က ကျွန်မကို ဖြတ်ချင်လဲ ဖြတ်၊ သတ်ချင်လဲ သတ်ပေါ့ရှင်"။

ဓနဥ္စာနီပုဏ္ဏေားမသည် ဤသို့ ရင်ကော့ပြီး ရဲရဲတောက် ကြုံးဝါး ပြောဆိုလိုက်သည်။ ပုဏ္ဏားသည် ဓနဥ္စာနီပုဏ္ဏေားမကို ရိုက်မှာ ခုတ်မှာကို မပြောနဲ့ လက်ဖျားနဲ့တောင် မထိရဲပါဘူး။

"ဒါဖြင့်ကွာ မင်းသဘောပဲ၊ မင်းကြိုက်သလိုသာ လုပ်တော့" ဆိုပြီး ဓားကို အိပ်ရာပေါ် ပစ်တင်လိုက်သည်၊ ပုဏ္ဏားက အရှုံးပေးရပါသည်။

ထို့နောက် နောက်တစ်နေ့ရောက်တော့ ပုဏ္ဏားငါးရာတို့အား ကျွေးမွေး ဧည့်ခံမှုကိုပြုသည်။ ယင်းအချိန်ဝယ် ပုဏ္ဏားတို့ကို ပြုစု လုပ်ကျွေးနေရင်း သူတို့နဲ့ တစ်တန်းတည်းမှာထိုင်နေသည့် လင်ဖြစ်သူ ဘာရဒွါဇပုဏ္ဏားအတွက် ထမင်းခွက်ကလေးကို ယူလာပေးနေစဉ်၊ ဖြစ်ချင် တော့ ဓနဥ္စာနီပုဏ္ဏေားမက သစ်ပိုင်းကလေးတစ်ခုကို ခလုတ်တိုက်မိတော့ ချော်လဲသွားသည်။ ထိခိုက်မိသည်နှင့် အတော်ကလေး နာကျင်သွားသည်၊ ထိုအချိန်မှာ မြတ်စွာဘုရားကို အမှတ်ရလာသည်၊ သတိက ရှိနေလေတော့ နို့ထမင်းခွက်ကို လွှတ်မပစ်ဘဲ ဖြေးဖြေးနှေးနှေး မြေကြီးပေါ်မှာ ချလိုက် သည်။ ပုဏ္ဏားငါးရာတို့၏ အလယ်မှာနေ၍ ဝေဠုဝန်ကျောင်းတော်ရှိရာ ဘက်သို့ လက်အုပ်ကိုချီပြီး-

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု ဥဒါန်း (၃) ကြိမ် ကျူးလိုက်ပါသည်၊ ဤအသံကိုကြားရတော့ ကျီးကိုလေးနဲ့ ပစ်မယ်လို့ ခြောက်လိုက်သလို ပုဏ္ဏားတို့ အကုန်လုံး ထွက်ပြေးသွားကြ သည်။

ဤ 'နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' နဲ့ ဥဒါန်းကျူးလိုက်သည့် ပုဂ္ဂိုလ်တိုင်းသည် သုံးကြိမ်ကျူးတာကိုချည်း တွေ့ရ သည်။ ထို့ကြောင့် ယခုကာလ သီလခံယူရာ၌လည်းကောင်း ကုသိုလ် ကောင်းမှု တစ်ခုခု ပြုလုပ်ရာ၌လည်းကောင်း ဒါကို နည်းယူပြီး 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ကို သုံးခေါက် ဆို နေကြတော့သည်။

ကျမ်းကိုး။ သံ-ပါ-၁၊ ၁၆၂။ ဋ္ဌ၊ ၂၀၇။ မဇ္ဈိပဏ္ဏာ-၊ ပါ၊ ၄၂၄။ ဋ္ဌ၊ ၃၀၇။

●●●●●●●

## ဤ နမော တဿ ၏ သမိုင်းက နောက်ဆရာအလိုသာ

| | | |
|---|---|---|
| သာတာဂိရိနတ်မင်းက | - | နမော။ |
| အသုရိန်နတ်မင်းက | - | တဿ။ |
| စတုမဟာနတ်မင်းကြီး | | |
| လေးယောက်တို့က | - | ဘဂဝတော။ |
| သိကြားမင်းက | - | အရဟတော။ |
| ပြဟ္မာမင်းက | - | သမ္မာသမ္ဗုဒ္ဓဿဟု အသီးသီးရွတ်ဆိုကြသည်။ (ဗျာကိဏ္ဏ) |

အကုန်လုံးပေါင်းလိုက်တော့မှ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဖြစ်လာသည်ဟု နောက်ဆရာတို့က ရေးသားထားသည်။ ဤသမိုင်းသည် ပါဠိတော် အဋ္ဌကထာတို့ထဲမှာ လာသည့် သမိုင်းမဟုတ်။ နောက်(သဒ္ဒါငယ်)ဆရာတို့က ရေးသား ထားသည့် သမိုင်းသာ ဖြစ်သည်ဟု မှတ်ယူကြပါဟု ကျေးဇူးတော်ရှင် ကျမ်းပြုအကျော် ပန်းကုံး ဆရာတော် အရှင်ကုမာရ အရှင်သူမြတ်ကြီးက မိန့်မှာထားသည်။

ကျမ်းကိုး။ ဗုဒ္ဓအလိုတော်ကျကျင့်သုံးနေထိုင်နည်း။

●●●●●●●

## နောင်တ (၁၀) ပါး

၁။ ငယ်ကဥစ္စာ၊ မစုပါ၊ နောင်ခါ နောင်တရတတ်သည်။

၂။ ငယ်ကပညာ၊ မသင်ပါ၊ ကြီးခါ နောင်တရတတ်သည်။

၃။ စဉ်းလဲကောက်ကျစ်၊ ကုန်းချောပစ်နှင့်၊ စားလစ်တံစိုး၊ အကျင့်ဆိုး၊ စိုးရိမ် နောင်တရတတ်သည်။

၄။ သူ့သက်သတ်ကာ၊ ကြမ်းကြုတ်ပါ၊ နောင်ခါ နောင်တရတတ်သည်။

၅။ သူ့သားအိမ်ရာ၊ ကျူးမိပါ၊ လွန်စွာ နောင်တရတတ်သည်။

၆။ သဒ္ဓါကြည်ဖြူ မပေးလှူ ထိုသူ နောင်တရတတ်သည်။

၇။ မိဘနှစ်ဆူ၊ မမွေးမြူ ထိုသူ နောင်တရတတ်သည်။

၈။ လက်ဦးဆရာ၊ ဖ,မိတာ၏၊ မိန့်မှာမယူ၊ ထင်သေးမူ၊ ထိုသူ နောင်တရတတ်သည်။

၉။ မဆည်းကပ်ငြား၊ သူတော်များ၊ ဖြစ်ပွား နောင်တရတတ်သည်။

၁၀။ သုစရိုက်သုံးဖြာ၊ မကျင့်ပါ၊ နောင်ခါ နောင်တရတတ်သည်။ နောင်တဆယ်ပါး၊ မဖြစ်ပွားဖို့၊ အများလူရှင်၊ ခုကပင် ကြိုတင် ကျင့်ရမည်။

(ဇာတကပါဠိ ၁၊ ၂၄၇၊ ဇာ-ဋ္ဌ ၄၊ ၁၇၇)

- အဘိဓဇမဟာရဋ္ဌဂုရု မကွေးဆရာတော် ဘဒ္ဒန္တကုမာရ။

# အခန်း (၂)

## သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော ပုထုဇဉ်လူသား (၇) ယောက်

ယေသံပန တီဏိသရဏာနိ၊ ပဉ္စသီလာနိဧကံ၊ သလာက ဘတ္တံဧကံ ပက္ခိယဘတ္တံဧကံ၊ ဝဿာဝါသိကံဧကံ၊ ဧကာပေါက္ခရဏီ၊ ဧကော အာဝါသော ဧဝရူပါနိ နိဗဒ္ဓ ပုညာနိအတ္ထိ၊ တေသမ္ပိ ဂတိနိဗဒ္ဓါ၊ သောတာပန္နသဒိသာနေဝ တာနိကုသလာနိ။

ပရိသတ်အပေါင်းတို့၊ အကြင် အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့အား -

၁။ သရဏဂုံသုံးပါးကို အမြဲတမ်းကိုးကွယ်ဆည်းကပ်သူသည် လည်းကောင်း။

၂။ ငါးပါးသီလကို အမြဲတမ်းစောင့်ထိန်းသောသူသည် လည်းကောင်း။

၃။ တစ်ခုသော စာရေးတံမဲဆွမ်းဝတ်ကို ဝတ်မပျက်လှူဒါန်းသောသူသည် လည်းကောင်း။

၄။ တစ်ခုသော ပက္ခဆွမ်း (၁၅ ရက်ဆွမ်း) (ဥပုသ်ဆွမ်း) ဝတ်ကို ဝတ်မပျက် လှူဒါန်းသောသူသည် လည်းကောင်း။

၅။ တစ်ခုသော ဝါဆိုသင်္ကန်းဝတ်ကို ဝတ်မပျတ် လှူဒါန်းသောသူသည်လည်းကောင်း။

၆။ တစ်ခုသော ရေတွင်းရေကန် လှူဒါန်းသောသူသည် လည်းကောင်း။

၇။ တစ်ခုသော ကျောင်းလှူဒါန်းသောသူသည် လည်းကောင်း။

ဤသို့သော သဘောရှိကုန်သော "နိဗဒ္ဓပုည" ဟု ခေါ်သည့် အမြဲပြုလုပ်ထားသည့် ကောင်းမှုဝတ်တို့သည် ထင်ရှားမသေ့ ရှိထားကြပေ ကုန်၏။ ထို "နိဗဒ္ဓပုည" ရှိထားသည့် ပုဂ္ဂိုလ်တို့၏ လားရာဂတိသည်လည်း (သေပြီး လားရောက်ရမည့်နေရာ) ကောင်းရာသုဂတိ မြဲကြပေကုန်၏။ ထိုအမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အလားတူကြကုန်တော့သည် သာလျှင်တည်း"။

ကျမ်းကိုး

အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၊ နဝကနိပါတ်

သီဟနာဒဝဂ်၊ သဉပါဒိသေသသုတ်။

●●●●●●●

## သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော "နိဗဒ္ဓပုည" ပိုင်ဆိုင်ထားသည့်သူ (၇) ယောက် ဆိုတာ

**တိသရဏ၊ ငါးသီလ၊**
**မဲချစာရေးတံ၊ ဆယ့်ငါးရက်ဆွမ်း၊**
**ဝါသင်္ကန်း၊ လှူဒါန်းသောက်ရေကန်၊**
**ကျောင်းလှူတစ်ဝ၊နိဗဒ္ဓ၊ ပြုကြခုနှစ်တန်၊**
**သောတာပန်အလား၊ ပါယ်မသွား၊**

**ထင်ရှားသိစေရန်** ဟူသည်နှင့်အညီ ဤကုသိုလ်ကောင်းမှု (၇) မျိုး တို့တွင် တစ်မျိုးမျိုးကို အမြဲမပြတ် ပြုလုပ်ထားသောသူတို့သည် ဂတိနိဗဒ္ဓဂတိ မြဲကြသည်။

ဤကုသိုလ်ကောင်းမှု ပြုလုပ်ထားသည့် သူသည် သောတာပန်ပုဂ္ဂိုလ်နှင့် အလားတူသွားသည်။ သောတာပန်ပုဂ္ဂိုလ်သည် သေသွားလျှင် အပါယ်လေးပါး လုံးဝ မကျတော့သကဲ့သို့ ဤကုသိုလ်ကောင်းမှု (၇) မျိုး တို့တွင် တစ်မျိုးမျိုးကို အမြဲမပြတ် ပြုလုပ်ထားသောသူ သည်လည်း အပါယ်လေးပါယ်မကျတော့ဟုဆိုခြင်းဖြစ်သည်။

စာဖတ်ပရိတ်သတ်အပေါင်းတို့ ဤကုသိုလ်ကောင်းမှု (၇) မျိုး တို့သည် နိဗဒ္ဓပုညဟု ဆိုထားသောကြောင့် တစ်ခါတလေ စိတ်ကူးရပြီး စိတ်ကူးပေါက်ပြီး ထလုပ်သည့် ကုသိုလ်ကောင်းမှုမျိုးမဟုတ်။ ဤကုသိုလ်ကောင်းမှု (၇) မျိုးတို့သည် သေထိတိုင်အောင် အမြဲမပြတ် ဝတ်မပြတ် ပြုလုပ်ရမည့် ကုသိုလ်ကောင်းမှုမျိုး ဖြစ်ပါသည်။ ဤ ကုသိုလ်ကောင်းမှု (၇) မျိုး တို့ကို ပြုလုပ်၍ နတ်ပြည်မှာ နတ်သား နတ်သမီးသွားဖြစ်ရသူများကို သာဓကအထောက်အထားအဖြစ် ပိဋကတ်တော်လာသည့်အတိုင်း ထုတ်နုတ်ဖော်ပြပါမည်။

## သရဏဂုံသုံးပါးတို့ကို အမြဲ ကိုးကွယ်ဆည်းကပ်သူ

ဗုဒ္ဓံသရဏံဂစ္ဆာမိ ဘုရားကို ကိုးကွယ်ဆည်း ကပ်ပါ၏။
ဓမ္မံသရဏံဂစ္ဆာမိ တရားကို ကိုးကွယ်ဆည်းကပ်ပါ၏။
သံဃံသရဏံဂစ္ဆာမိ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏။

ဟု ဤသို့သရဏဂုံသုံးပါး၏ ဂုဏ်တော်အပေါင်းကို သေသေချာချာသိပြီး ကိုးကွယ်ဆည်းကပ်သည့် ပုဂ္ဂိုလ်မျိုးဖြစ်ရမည်။ မိရိုးဖလာ ကိုးကွယ်တာမျိုး မဟုတ်ရ၊ မိဘဘိုးဘွားလက်ထက်က ဆင်းသက်လာလို့ မိဘဘိုးဘွား များက "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" လုပ်လာလို့ မိမိက ဘာမှ ရေရေရာရာ သေသေချာချာ မသိဘဲနှင့် ရပ်ပြီး 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' လုပ်တာမျိုး မဟုတ်ရဟု ဆိုခြင်းဖြစ်သည်။ သရဏဂုံသုံးပါး၏ ဂုဏ်တော် အပေါင်းကို အာရုံပြုပြီး ကိုးကွယ်ဆည်းကပ်မှ ဂတိနိဗန္ဓသုဂတိလားရာ မြဲခြင်း ဖြစ်မည်။ **သောတာပန္နသဒိသာနေဝ သောတာပန်ပုဂ္ဂိုလ်နှင့်အလားတူသွားသည်၊** သောတာပန်ပုဂ္ဂိုလ်သည် သေသွားပြီးသည့်နောက်မှာ အပါယ်မကျတော့သကဲ့သို့ ဤသရဏဂုံ သုံးပါးကို အမြဲတမ်း ကိုးကွယ် ဆည်းကပ်သည့်သူလည်း အပါယ်လေးပါး မလားတော့ဘူးဟု သဥပါဒိသေသသုတ်မှာ ဟောတော်မူထားခဲ့သည်။

### သရဏ ဂမန ဟူသည်–

"သရဏဂုံ" ဟု ပြောဆိုနေကြသည့် စကားသည် သရဏဂမန ဆိုသည့် ပါဠိစကားက ဆင်းသက်လာ၏။

**သရဏ** - ကိုးကွယ်ရာ။

တစ်နည်း - ဆင်းရဲကိုဖျောက် ချမ်းသာကို ရောက်အောင် စောင့်ရှောက်တတ်သည်။

**ဂမန** - သိတဲ့စိတ်။

**သရဏဂမန** - ဘုရား တရား သံဃာ ရတနာသုံးပါး တို့ကို ကိုးကွယ် စရာဟု သိသည့်စိတ်ကို သရဏဂုံဟု ခေါ်သည်။

တစ်နည်း - "ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့် ရှောက်တတ်သည်" ဟု သိသည့် စိတ်ကို သရဏဂုံဟု ခေါ်သည်။

ဘုရား, တရား, သံဃာ ဤသုံးဖြာကိုပင် အမြဲမပြတ် အောက်မေ့ ကိုးကွယ်လေးစားအပ်သောကြောင့် သရဏဂုံသုံးပါးဟု ခေါ်သည်။

ရတနာတော်မြတ်သုံးပါး၌ မြတ်စွာဘုရားသည် သမ္မာသမ္ဗုဒ္ဓ မဟုတ်၊ တရားတော်ကို သွက္ခာတ မဟုတ်၊ သံဃာတော်သည် သုပ္ပဋိပန္န မဟုတ် သည်ဖြင့် အယူမှားခြင်းက မိစ္ဆာဒိဋ္ဌိဟုခေါ်သည်။

ဗုဒ္ဓမြတ်စွာဘုရား ဟုတ် မဟုတ် စသည်ဖြင့် ယုံမှားသံသယ ရှိနေ တာက ဝိစိကိစ္ဆာဟုခေါ်သည်။ ရတနာသုံးပါးကို လုံးဝမသိ နားမလည် တာ သိပ်တွေဝေနေတာက သမ္မောဟဟုခေါ်သည်။ ရတနာသုံးပါးဟု မရှိသေတာက အနာဒရ ဟုခေါ်သည်။ ရတနာသုံးပါးကို မလေးစား တာက အဂါရဝ ဟုခေါ်သည်။

## လောကီသရဏဂုံ

ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရတနာသုံးပါး၏ ဂုဏ်တော်ကို အာရုံပြု၍ ဆောက်တည်သော သရဏဂုံသည် လောကီသရဏဂုံ ဖြစ်သည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာနှစ်ပါးတို့ကို မပယ်ခွာသေးသည့်အတွက် ပုထုဇဉ်ပုဂ္ဂိုလ် သန္တာန် မှာသာ ဖြစ်သည်။ ရတနာသုံးပါးကို ကြည်ညိုခြင်းသည် သဒ္ဓါ။ မြတ်စွာ ဘုရားသည် ဧကန်စင်စစ် ဗုဒ္ဓဘုရားရှင် လုံးဝ ဟုတ်၏ဟု စသည်ဖြင့် အယူမှန်ခြင်းသည် သမ္မာဒိဋ္ဌိ။

## လောကုတ္တရာသရဏဂုံ

အရိယာပုဂ္ဂိုလ်တို့ မဂ်၏ခဏ၌ နိဗ္ဗာန်ကိုအာရုံပြု၍ ရောက်သော သရဏဂုံကို လောကုတ္တရာသရဏဂုံဖြစ်သည်။

လောကုတ္တရာသရဏဂုံတည်သည့် ပုဂ္ဂိုလ်သည် တစ်ဖန် ပြည်လည် ပျက်စီးခြင်းငှါ ထုံးစံမရှိသောကြောင့် လူ့ဘဝ နတ်ဘဝ (၇) ဘဝ ကျင်လည်ပြီး နိဗ္ဗာန်ကို ဧကန်မျက်မှောက်ပြုရတော့၏။

## ရတနာသုံးပါးကိုးကွယ်ဆည်းကပ်ရင် အပါယ်လေးပါးမကျ

မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝန်တော၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ယင်းအချိန်ဝယ် သုဒ္ဓဝါသ အရိယာဗြဟ္မာတစ်ဦးက ရောက်လာပြီး မြတ်စွာဘုရား၏အနီး၌ ရပ်လျက် ဥဒါန်းကျူးလိုက်သည်မှာ -

"မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်တဲ့သူတွေဟာ အပါယ်လေးဘုံကို ရောက်ကြရမှာ မဟုတ်ဘူး။ သေလွန်တာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။

တရားကို ကိုးကွယ်ဆည်းကပ်တဲ့သူတွေဟာ အပါယ်လေးဘုံကို ရောက်ကြရမှာ မဟုတ်ဘူး။ သေလွန်တာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။

သံဃာကို ကိုးကွယ်ဆည်းကပ်တဲ့သူတွေဟာ အပါယ်လေးဘုံကို ရောက်ကြရမှာ မဟုတ်ဘူး။ သေလွန်တာနဲ့ တစ်ပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်"ဟု ဥဒါန်းကျူးလိုက်သည်။

ကျမ်းကိုး၊ သမယသုတ္တန်။

## သရဏဂုံ၏ အကျိုးထူး

တစ်နေ့သောအခါဝယ် အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်။

ယင်းအချိန်ဝယ် သိကြားမင်းသည် အခြံအရံ နတ်ပေါင်း ရှစ်သောင်းတို့နှင့်အတူ အရှင်မဟာမောဂ္ဂလာန် ထံမှောက်သို့ ချဉ်းကပ် ရောက်လာကြသည်။

အရှင်မဟာမောဂ္ဂလာန်သည် နတ်ပရိသတ်များကို တရားစကား ဟောကြားတော်မူလိုက်သည်မှာ -

"သိကြားမင်း! ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တာဟာ ကောင်းတယ်။ ဒီလောကမှာ အချို့အချို့သောသူတွေဟာ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကိုလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

တရားတော်ကို ကိုးကွယ် ဆည်းကပ်တာဟာ ကောင်းတယ်။ ဒီလောကမှာ အချို့အချို့သောသူတွေဟာ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကိုလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

သံဃာတော်ကို ကိုးကွယ် ဆည်းကပ်တာဟာ ကောင်းတယ်။ ဒီလောကမှာ အချို့အချို့သော သူတွေဟာ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံပြည့်ဝ ကိုလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

အဲဒီလို ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခဲ့တဲ့ (သရဏဂုံတည်ခဲ့တဲ့) နတ်တွေဟာ သရဏဂုံ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရတဲ့နတ်တွေဟာ အခြားသော ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရတဲ့ နတ်တွေထက် အကျိုးဆယ်ပါး ပိုရနိုင်တယ်။ အဲဒီဆယ်ပါးက ဘာလဲဆိုတော့ နတ်သား နတ်သမီးတွေမှာ ဖြစ်တဲ့ -

၁။ နတ်အသက်နဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၂။ နတ်အဆင်းနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၃။ နတ်ချမ်းသာနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၄။ နတ်အခြံအရံနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၅။ နတ်အစိုးရခြင်းနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၆။ နတ်ရူပါရုံတွေနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၇။ နတ်သဒ္ဒါရုံတွေနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၈။ နတ်ဂန္ဓာရုံတွေနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၉။ နတ်ရသာရုံတွေနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်။

၁၀။ နတ်ဖောဋ္ဌဗ္ဗာရုံတွေနဲ့လည်း လွှမ်းမိုးနိုင်ပါတယ်" ဟု ဟောကြားတော်မူသည်။

ပဌမ အကျိုးငါးပါးသည် ကိုယ်နှင့် စပ်သော အကျိုး ဖြစ်သည်။ ဒုတိယ အကျိုးငါးပါးကား အဝတ်တန်ဆာ ဘုံဗိမာန်တို့နှင့် စပ်သောအကျိုး ဖြစ်သည်။ "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" ဟု ဆောက်တည်သောအခါ ဗုဒ္ဓ သရဏဂုံ ဖြစ်သည်။ ယင်းသရဏဂုံကုသိုလ်သည် ဘုရားဂုဏ်တော် အနန္တကို အမှီပြု၍ ဖြစ်ပေါ်လာရသည်။ ထို့ကြောင့် အကျိုးဆယ်မျိုးသည် အခြားကုသိုလ်တို့ထက်ပိုပြီး အကျိုးပေးခြင်းဖြစ်သည်။

(ဓမ္မသရဏဂုံကုသိုလ် သံဃသရဏဂုံကုသိုလ်တို့၌လည်း ဤနည်းအတိုင်းမှတ်)

သရဏဂုံ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရာ အခြားကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသော နတ်သား၊ နတ်သမီးများထက် အကျိုးဆယ်မျိုး ပိုရသည်။ သရဏဂုံကုသိုလ်သည် ထိမ်းသိမ်းစောင့်ရှောက်၍လည်း လွယ်ကူသည်။ သရဏဂုံကုသိုလ် ရရှိပိုင်ဆိုင်ထားသော သူသည် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ လူပြည် နတ်ပြည်သို့ သားရောက်ရသော ကုသိုလ် ဖြစ်သည်။

အလွန်ရခဲသော သာသနာနှင့် ကြုံကြိုက်သောအခါ၌သာ ရနိုင်သော ကုသိုလ်မျိုးဖြစ်၍ ဗုဒ္ဓဘာသာ အမျိုးသား၊ အမျိုးသမီးများ ဆောက်တည်သင့်သည်။

ကျမ်းကိုး။ သင်္ဂါယတနဝဂ္ဂ၊ မောဂ္ဂလာနသံယုတ်။
သဂ္ဂသုတ်။

●●●●●●●

# သရဏဂုံကုသိုလ်ကြောင့် သိကြားမင်း အကြိမ် (၈၀) ဖြစ်ရသည့် တိသရဏဂမနီယထေရ်လောင်း

တိသရဏဂမနီယထေရ်လောင်း အမျိုးကောင်းသားလေးသည် အနောမဒဿီ မြတ်စွာဘုရား လက်ထက်တော်အခါတုန်းက စန္ဒဝတီမြို့မှာ မျက်စိကန်းသော မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးသည့် အမျိုးကောင်းသား တစ်ဦးဖြစ်သည်။

တစ်နေ့သောအခါဝယ် တိသရဏဂမနီ ထေရ်လောင်း အမျိုးကောင်းသားလေးသည် ဆိတ်ငြိမ်ရာမှာထိုင်ပြီး ကြံစည် စိတ်ကူးမိလိုက်သည်မှာ-

"ငါဟာ မိဘကိုပြုစုလုပ်ကျွေးနေတဲ့အတွက် ရဟန်းပြုခွင့် မရဘူး၊ များသောအားဖြင့် သတ္တဝါတွေဟာ မောဟ ဆိုတဲ့ အမှောင်ထုရဲ့ ပိတ်ဖုံးမှုကို ခံနေရပါတယ်။ လောဘမီး, ဒေါသမီး, မောဟမီးဆိုတဲ့ မီးသုံးမျိုးတို့ရဲ့ လောင်မြိုက်မှုကိုလည်း ခံနေကြရပါတယ်၊ လူ့ဘဝဆိုတာ ဒီလိုပါပဲ၊ ဘေးမကင်းတဲ့ သဘောရှိနေပါတကား၊ ငါ့ရဲ့ မိဘနှစ်ပါးကို လာပြုစုလုပ်ကျွေးဖို့ ကယ်တင်ကူညီမဲ့သူလည်း တစ်ဦးတစ်ယောက်မျှ မရှိပါတကား၊ မြတ်စွာဘုရားဟာ လောကမှာ ပွင့်တော်မူလာခဲ့ပါပြီ၊ ယခုအချိန်မှာ သာသနာတော်လည်း ထွန်းလင်းဆဲဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှုကို အလိုရှိတဲ့သူဟာ ကိုယ့်ကိုယ်ကို ကယ်တင်နိုင်စရာ ရှိပါတယ်၊ ငါဟာ သရဏဂုံယူပြီး စင်ကြယ်အောင် တစ်သက်လုံး စောင့်ရှောက်တော့မယ်၊ အဲဒီ ရတနာသုံးပါးကို ကြည်ညိုခြင်းဆိုတဲ့ သရဏဂုံ ကုသိုလ်ကောင်းမှုနဲ့ပဲ ကိုယ့်ကိုယ်ကို ဆင်းရဲဒုက္ခ ဒုဂ္ဂတိ ဘုံဘဝမှ လွတ်မြောက်စေရတော့မယ်ဟု" ဤသို့ ကြံစည်လိုက်သည်။

ထို့နောက် တိသရဏဂမနီယထေရ်လောင်း အမျိုးကောင်းသားလေးသည် အနောမဒဿီ မြတ်စွာဘုရား၏ တပည့်သာဝက နိသဘ ဆိုသည့် အဂ္ဂသာဝက ရဟန်းတော်ထံချဉ်းကပ်ပြီး သရဏဂုံ ဆောက်တည်လိုက်သည်။

တိသရဏဂမနီယထေရ်လောင်း အမျိုးကောင်းသားသည် တစ်သက်လုံး သရဏဂုံသုံးပါးတို့ကို မပျက် မညှိုးနွမ်းပဲ စောင့်ရှောက်နေသူ ဖြစ်သည်။ တိသရဏဂမနီယထေရ်လောင်း အမျိုးကောင်းသားသည် သေလွန်သွားသည်။ ၎င်းသည် သေခါနီးကာလမှာ ထိုသရဏဂုံ ကုသိုလ်စိတ်ဖြင့် နှလုံးသွင်းပြီး သေသွားသည်။

ထိုသရဏဂုံ ကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်မှာ ကြီးကျယ်ခမ်းနားသည့် နတ်သားသွားဖြစ်ရပါသည်။

၎င်းသည် -

အရပ်ရှစ်မျက်နှာ၌ အပူဇော်ခံရသည်။

ထက်မြက်သော ဉာဏ်ပညာ ပြည့်စုံရသည်။

အလုံးစုံသော နတ်တို့ကို အစိုးရသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ၌ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်။ (ချောမောလှပသည်)။

နတ်သမီးများခြံရံ၍ သိကြားမင်း အကြိမ် (၈၀) ဖြစ်ရသည်။

စကြာဝတေးမင်း (၇၅) ကြိမ် ဖြစ်ရသည်။

ရှင်ဘုရင်မင်းမြတ်ကလည်း အကြိမ်များစွာ ဖြစ်ရသည်။

မရေမတွက်နိုင်သော ကမ္ဘာပတ်လုံး အပါယ်လေးပါး မလားခဲ့ရပဲ လူ့ပြည်နတ်ပြည်တို့၌သာ ကျင်လည်ရလေသည်။

တို့ဂေါတမမြတ်စွာဘုရားလက်ထက် ရောက်လာတော့မှ သာဝတ္ထိမြို့မှ ပစ္စည်းဥစ္စာ အင်မတန် ချမ်းသာကြွယ်ဝသည့် သူဌေးမျိုးမှာ လူလာဖြစ်ရ၍ သရဏဂုံကုသိုလ် ကြားရသည့်အခါ ခုနစ်နှစ် အရွယ်မှာပဲ ရဟန္တာဖြစ်သွားလေသည်။

ဤဝတ္ထုသည် ရတနာ သုံးပါးကို ကိုးကွယ် ဆည်းကပ်လျှင်သောတာပန်ကဲ့သို့ အပါယ်မကျသည့် ကုသိုလ်တစ်ခု ဖြစ်သည့်အပြင် လူစည်းစိမ် နတ်စည်းစိမ်ကို ဘဝပေါင်းမြောက်များစွာ ခံစားရရှိစေသည့်

ကုသိုလ်လည်း ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသော ပုထုဇဉ်လူသား အထောက်အထား ဝတ္ထုသာဓကတစ်ခု ဖြစ်သည်။

ကျမ်းကိုး၊အပဒါနပါဠိ၁/၈၂။ အဋ္ဌကထာ ၂/၃၉။

●●●●●●●

## သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် မောင်မဋ္ဌကုဏ္ဍလီ

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန် ရွှေကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူသည့်အချိန် ဖြစ်သည်။

သာဝတ္ထိပြည်၌နေသော "အဒိန္နကပုဗ္ဗ"ဟု ခေါ်သည့် ရတနာ သုံးပါးကို မကြည်ညိုသည့် ဘာသာခြား သူဌေးကြီးတစ်ယောက်ရှိသည်။ ဤသူဌေးကြီးသည် ကံ, ကံ၏ အကျိုးကို မယုံကြည်၊ နှမြောတွန့်တို ကပ်စေးသည့် သူဌေးကြီးဖြစ်သည်။ ဘယ်သူ့ကိုမှ ပစ္စည်းဥစ္စာ မပေးဖူး၍ သူ့ကို "အဒိန္နကပုဗ္ဗ" သူဌေးကြီးဟု လူအများက ခေါ်ဆိုကြသည်။ သူဌေးကြီးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို မကြည်ညိုသည့်သူ ဖြစ်သည်။

## သားကို ဆုံးမပုံ

နှမြောတွန့်တိုသော သူဌေးကြီးသည် မောင်မဋ္ဌကုဏ္ဍလီ ဟု ခေါ်သည့် သားလေးတစ်ယောက်ရှိသည်။ သူဌေးကြီးသည် သူ၏ သားကို ဆုံးမလိုက်သည်မှာ-

"ဟေ့. . သားလေးရယ်! ငါ့သားက ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တွေကို မဆည်းကပ်နဲ့၊ ဇေတဝန်ကျောင်းလည်း မသွားနဲ့၊ လမ်းမှာတွေ့ရင်လည်း ကိုယ်နှင့် မဆိုင်သလိုနေပါ" ဟု ဤသို့ ဆုံးမလိုက်

သည်။ မောင်မဌကုဏ္ဍလီလည်း သူ့အဖေပြောသည့်အတိုင်းပင် လိုက်နာသည်။

တစ်နေ့သောအခါဝယ် မောင်မဌကုဏ္ဍလသည် ၁၆ နှစ် အရွယ်ရောက်တော့ အနာရောဂါစွဲကပ်ကာ နေမကောင်းဖြစ်သည်။ သူဌေးမကြီးကလည်း သားလေးကိုကြည့်ပြီး သူဌေးကြီးအား ပြောလိုက်သည်မှာ-

"ဟော့. . ယောကျ်ား! အရှင်သားက တော်တော်လေး နေမကောင်းဖြစ်နေပါတယ်။ ပါရဂူ အထူးကုဆရာဝန်ကိုခေါ်ပြီး သားလေးကို ဆေးကုသပါ"။

သူဌေးကြီးကလည်း "မိန်းမရေ! အထူးကု ဆရာဝန်ကို ခေါ်ပြီး ဆေးကုသရင် ပိုက်ဆံပေးရမှာ နင်မသိဘူးလား"။

"အို ယောကျ်ား! တို့သားက ဆေးမကုပဲထားရင် ဘယ်လိုလို့ ပျောက်မှာလဲ"။

"ဟော့မိန်းမ! မင်းအသာနေစမ်း၊ မင်းရဲ့သားကို ငါကိုယ်တိုင် ဆေးကုပေးမယ်"ဟု ပြောပြီး သူဌေးကြီး အိမ်မှဆင်းကာ ဆရာဝန်ဆီသို့ သွားသည်။ သမားတော်ဆရာဝန်ဆီရောက်တော့ သူဌေးကြီးက

"ဆရာကြီး! ဒီလိုမျိုးရောဂါဖြစ်ရင် ဆရာတို့က ဘာဆေးနဲ့ ကုသတာလဲ၊ ဆရာ ဘာဆေးနဲ့ ပေးလိုက်တာလဲဆရာ?"။

"အဒိန္နသူဌေးကြီး! ငါတို့က ဒီလိုမျိုး ရောဂါဖြစ်ရင် ဒီလိုမျိုး ဆေးသစ်ဉနဲ့ ကုသပါတယ်၊ ဒီလိုမျိုး ဆေးသစ်ခေါက်နဲ့ ပေးပါတယ်"။

"ဆရာ! ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ပြန်တော့မယ်"ဟု ပြောပြီး အဒိန္နပုဗ္ဗက သူဌေးကြီးသည် ဆေးယူလာ၍ သားလေးကို ဆေးတိုက်လိုက်သည်။ ထို့နောက် သားလေး ရောဂါပျောက်မသွားပဲ ပိုဆိုးလာသည်။ သူဌေးကြီးကလည်း သားလေးရောဂါ အရမ်း ပိုဆိုးလာမှန်း သိသည်။ ဆရာဝန်တစ်ယောက် သွားခေါ်လာသည်။ ဆရာဝန်လည်းလာပြီး မောင်မဌကုဏ္ဍလီကို ကြည့်ပေးလိုက်သည်။ "မောင်မဌကုဏ္ဍလီ ရောဂါဟာ ကျွမ်းသွားပြီ ကုသလို့ မရတော့ဘူး" ဟု ဆရာဝန်က သိ၍ အဒိန္နက ပုဗ္ဗသူဌေး

ကြီးကို ဤသို့ ပြောကြားသည်။ ''*အမှန်တိုင်းပြောလျှင် မကောင်းသော ကြောင့်*"

"သူဌေးကြီး! မောင်မဋ္ဌကုဏ္ဍလီကို အခြားဆရာဝန်နဲ့ ကုခိုင်းတော့ နော်၊ ငါ့မှာလုပ်စရာရှိသေးတယ်၊ ငါသွားတော့မယ်နော်" ဟု ပြောကြား၍ အိမ်ကဆင်းသွားသည်။

သူဌေးကြီးက "ငါ့သား သေတော့မယ်၊ တကယ်လို့ အိမ်ထဲမှာ ထားရင် မသေခင်မှာရော သေပြီးအချိန်မှာရော လူတွေက ငါတို့အိမ် တအားကြီး လာကြတော့မှာ၊ သူတို့လာရင် ငါ့အိမ်ထဲမှာရှိသည့် ပစ္စည်း ဥစ္စာတွေ တွေ့သွားလိမ့်မယ်၊ သားလေးကို အိမ်အပြင်ထုတ်ထားမှ ဖြစ် မယ်" ဟု ကြံပြီး ရောဂါခံစားနေသည့် မောင်မဋ္ဌကုဏ္ဍလီကို မသေခင်မှာ အိမ်တံခါးဝ အပြင်ဘက်မှာထုတ်ပြီး အိပ်ခိုင်းလိုက်သည်။

ယင်းနေ့နံနက်ဝယ် မြတ်စွာဘုရားသည် မဟာဂရုဏာ သမာပတ် မှ ထတော်မူ၍ တစ်သောင်းသော လောကကို ဣန္ဒြိယ ပရောပရိယတ္တိ ဉာဏ်၊ အာသာနုသယဉာဏ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံး တော်ဖြင့် ကြည့်ရှုတော်မူသည်။ ကြည့်ရှု၍ မြင်တော်မူလိုက်သည်မှာ "ဒိန္နေ ဒါန သီလ ဘာဝနာ" လုံးဝ မရှိသေးသော ငရဲကျမည့် မောင်မဋ္ဌ ကုဏ္ဍလီကို မြင်တော်မူပြီးလျှင် တကယ်လို့ ငါဘုရားက မောင်မဋ္ဌကုဏ္ဍလီ ဆီသို့ ကြွသွားရင် မောင်မဋ္ဌကုဏ္ဍလီက ငါ့ဘုရားကို ကြည်ညိုစိတ်ဖြစ် မယ်။ ငါ့ကို ကြည်ညိုတဲ့စိတ်နဲ့ သေသွားရင် ငရဲဘေးမှ လွတ်ပြီး ကြီးကျယ် ခမ်းနားတဲ့ နတ်သမီးဝဲယာ တစ်ဖက်ငါးရာ ခြံရံတဲ့နတ်ပြည်မှာ နတ်သား သွားဖြစ်မယ်။ပြီးတော့ သုသာန်သင်္ချိုင်းသို့သွားပြီး ငိုကြွေးနေတဲ့ အဒိန္န ကပုဗ္ဗ သူဌေး ကြီးကို မဋ္ဌကုဏ္ဍလီနတ်သားနဲ့ စကားပြောပြီး သံဝေဂ ဖြစ်စေလိမ့်မယ်။ ပြီးရင် မဋ္ဌကုဏ္ဍလီနတ်သားနဲ့ အဒိန္နကပုဗ္ဗ သူဌေး ကြီးက ငါဘုရားဆီ ချဉ်းကပ်မယ်။ မြို့သူမြို့သားတွေကလည်း အစည်းအဝေး ဖြစ်မယ်။ အဲဒီ အစည်းအဝေးမှာ ငါဘုရား တရားဟောကြားလိုက်ရင် သစ္စာလေးပါး တရားတော်ကို ထိုးထွင်းသိကြလိမ့်မယ်" ဟု ဤသို့ မြင်တော်မူသည်။

ယင်းနေ့နံနက်ဝယ် မြတ်စွာဘုရားသည် နောက်ပါ ရဟန်းသံဃာတော်တို့နှင့်အတူ သာဝတ္ထိပြည်သို့ ဆွမ်းခံကြွတော်မူသည်။

ထို့နောက် ကြွရင်းကြွရင်းအစဉ်တိုင်း အဒိန္နပုဗ္ဗ သူဌေးကြီး၏ အိမ်ရှေ့ရောက်လာပြီး ရပ်တော်မူလိုက်သည်။ မြတ်စွာဘုရား ကြွလာတော်မူသည့်ချိန်မှာ မောင်မဋ္ဌကုဏ္ဍလီက အိမ်အတွင်းဘက်သို့ ကြည့်နေသည့်အချိန် ဖြစ်သည်။

မောင်မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရား အိမ်အရှေ့ ရောက်လာသည်ကို သူမသိပါ။ ထိုအချိန်မှာ မြတ်စွာဘုရားက တန်ခိုးတော်၏ ရောင်ခြည်တော် လွှတ်တော်မူလိုက်သည်။ မောင်မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရားက တန်ခိုးတော်၏ ရောင်ခြည်တော် တွေ့လိုက်သည်နှင့် တပြိုင်နက် တအားကို အံ့သြ တုန်လှုပ်သွားသည်။ ၎င်းသည် "ဟား. . ဒီအရောင်ကား လှလိုက်တာ ဘာအရောင်ပါလိမ့်၊ ဒီဘက်ကိုလည်း လှည့်ကြည့်လိုက်တော့ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကို တွေ့မြင်သွားသည်။

မောင်မဋ္ဌကုဏ္ဍလီသည် သူ၏ စိတ်ထဲမှာ ကြံလိုက်သည်မှာ- "တန်ခိုးတော်နဲ့ နေရောင် လရောင်ကို လွှမ်းမိုးနိုင်တဲ့ မြတ်စွာဘုရား ငါ့ဆီ ကြွလာတော်မူတယ်၊ ငါဟာ အဖေရဲ့ ဆုံးမစကားကို လိုက်နာခဲ့မိ၍ ကျန်းမာရေးကောင်းတုန်းက မြတ်စွာဘုရားဆီမှာ ဒါန, သီလ, ဘာဝနာ ကုသိုလ်တရား ဘာမှ မလုပ်ခဲ့ရဘူး၊ ယခုအခါက ရောဂါဝေဒနာကြီး ခံစားနေရတယ်၊ ရှိသေစွာ လက်အုပ်ချီ ရှိခိုးခြင်းဆိုတဲ့ ကုသိုလ်မှတစ်ပါး တခြားကုသိုလ်ကောင်းမှု လုပ်ချင်လည်း လုပ်လို့ မရတော့ဘူး"ဟု ကြံစည်ပြီး မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြစ်၍ လက်အုပ်ချီလျက် ပက်လက်လဲလျောင်းကာ အိပ်နေပါသည်။

မြတ်စွာဘုရားကလည်း "ဒီမောင်မဋ္ဌကုဏ္ဍလီဟာ ဒီလောက်မျှနဲ့တော့ ငါဘုရားကို ကြည်ညိုတဲ့ ကုသိုလ်စိတ်နဲ့သေရင် ငရဲကျမည့်ဘေးမှ လွတ်ပြီး တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ဖို့ ကုသိုလ် လုံလောက်

ပါပြီ" ဟု နှလုံးသွင်းတော်မူ၍ အခြားသော အိမ်သို့ ဆွမ်းခံကြွသွားတော်မူသည်။

မောင်မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရားကြွသွားပြီး မကြာခင်မှာပဲ သေလွန်သွား၍ တာဝတိံသာ နတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိသည့် ရွှေဗိမာန်ဝယ် နတ်သမီးတစ်ထောင်ခြံရံလျက် နတ်သား သွားဖြစ်ရလေသည်။

ထို့နောက် အဒိန္နကပုဗ္ဗ သူဌေးကြီးလည်း မောင်မဋ္ဌကုဏ္ဍလီ ရုပ်အလောင်းကို ကောင်းကောင်းမွန်မွန် မီးသဂြိုလ်ပြီး၍ နေ့တိုင်း နေ့တိုင်း သုသာန်သို့သွား၍ တဟီးဟီး တအီအီ ငိုကြွေးမြည်တမ်း ပြောဆိုလိုက်သည်မှာ - "ချစ်သားမောင်မဋ္ဌကုဏ္ဍလီရယ်, ငါ့သား မောင်မဋ္ဌကုဏ္ဍလီရယ်၊ မင်းဘယ်နေရာမှာ သွားနေတာလဲ" ဟု ငိုကြွေး မြည်တမ်းနေတော့သည်။

မဋ္ဌကုဏ္ဍလီနတ်သားက မိမိ၏ နတ်စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကို ကြည့်၍ "ငါဟာ ဘာကုသိုလ်ကောင်းမှုကို လုပ်လို့ ဒီနတ်ပြည်မှာ နတ်သားလာဖြစ်တာလဲဟု နတ်ဖြစ်ရခြင်းအကြောင်းကို ဆင်ခြင် စဉ်းစားကြည့်သည့်အခါ ရှေးဘဝ လူ့ပြည်မှာနေတုန်းက သေခါနီး အချိန်လေးမှာ မြတ်စွာဘုရားကို ကြည်ညိုတဲ့ ကုသိုလ်စိတ်နဲ့ သေပြီး နတ်သား လာဖြစ်ရတယ်"ဟု နတ်ဖြစ်ရခြင်းအကြောင်းကို သိသွားလေသည်။

ထပ်ပြီးချီးမွမ်းလိုက်သည်မှာ- "ဩော် မြတ်စွာဘုရားရဲ့ ဘုန်းတော်တန်ခိုးတော်ဟာ အလွန့်အလွန် ကျေးဇူးများတယ်၊ အံ့ဩလည်း အံ့ဩစရာကောင်းပါတယ်"ဟု မဋ္ဌကုဏ္ဍလီနတ်သားက အကြိမ်ကြိမ် မြတ်စွာဘုရားကို ကြည်ညိုမြတ်နိုးခြင်းစိတ် ဖြစ်နေပါတော့သည်။

၎င်းသည် "ငါရဲ့ ဘာသာခြားအဖေ အဒိန္နကပုဗ္ဗ သူဌေးကြီးက ယခုအချိန် လူ့ပြည်မှာ သူဘာလုပ်နေတာလဲ" ဟု ဆင်ခြင်ကြည့်လိုက်တော့ သုသာန်သင်္ချိုင်းမှာ ငိုကြွေးမြည်တမ်းနေသည်ကို တွေ့မြင်လိုက်သည်။

ငှင်းသည် "ကြော် ဒီသူဌေးကြီးဟာ ရှေးလူ့ဘဝတုန်းက နေမကောင်းတဲ့ ငါ့ကို အထူးကုဆရာဝန်တွေနဲ့ ဆေးဝါးမကုသပေးဘဲနဲ့ အခုမှ သုသာန်မှာ လာငိုနေတာ ဘာအကျိုးရှိမှာလဲ၊ ယခုအခါ ငါဟာ သူဌေးကြီးကို ကုသိုလ်တရားပြုလုပ်ခိုင်းမယ်"ဟု နှလုံးသွင်း၍ တာဝတိံသာ နတ်ပြည်မှ ဆင်းသက်လာပြီး မောင်မဋ္ဌကုဏ္ဍလီအသွင်ဖြင့် ဖန်ဆင်း၍ ဟန်ဆောင်ပြီး ငိုကြွေးလိုက်သည်မှာ-

"ဟယ်. . . လမင်း, ဟယ်. . . နေမင်းဟု တမ်းတကာ လက်မောင်းကို အပေါ်မြှောက်ပြီး ငိုကြွေးမြည်တမ်း အော်ဟစ်၍ အဒိန္နက ပုဗ္ဗ သူဌေးကြီး၏ အနားမှာရပ်နေသည်။ သူဌေးကြီးကလည်း ငါ့သားနဲ့ တူတဲ့ ဒီကောင်လေးဟာ ဘာကြောင့် ဒီနားမှာ လာငိုနေတာလဲ မေးကြည့်လိုက်အုံးမယ်ဟု နှလုံးသွင်း၍-

"ဟေး ကလေး! မင်းဘာဖြစ်လို့ လက်တွေကို မြှောက်ပြီး သုသာန်သချိုင်းတောထဲမှာ လာငိုနေတာလဲ?"။

"သူဌေးကြီး! ဒီလိုပါ ကျွန်တော့်ဆီမှာ ရွှေလှည်းတစ်စီး ရှိပါတယ်။ အဲဒီရွှေလှည်းမှာ လှည်းဘီးက မစုံဘူးဗျာ၊ လှည်းဘီးလိုချင်တဲ့ ဒုက္ခကြောင့် ကျွန်တော် သေတော့မယ်" ။

"ကလေး! မင်းက ဘယ်လိုလှည်းဘီးမျိုး လိုချင်တာလဲ?၊ လိုချင်တဲ့ဟာ ပြောပါ ရစေရမယ်"။

မဋ္ဌကုဏ္ဍလီနတ်သားကလည်း "ဒီသူဌေးဟာ ရှေးဘဝတုန်းက နေမကောင်းတဲ့ ငါ့ကို ဆရာဝန်နဲ့ ဆေးမကုသဘဲနဲ့ ခုမှ သူ့သားနဲ့တူတဲ့ ငါ့ကို အလိုလိုက်ပေးနေတယ်၊ သူ့ကို ပညာပေးလိုက်ဦးမယ်"ဟု ဤသို့ ကြံလိုက်သည်။

"သူဌေးကြီး. . .! သူဌေးကြီးက ကျွန်တော့်ကို ဘယ်လောက်များ ရွှေလှည်းဘီးပေးမှာမို့လို့လဲ?"။

"ကလေး! မင်းလိုချင်သလောက် ငါပေးမယ်"။

"သူဌေးကြီး! ကျွန်တော်ဟာ နေ, လ ပမာဏလောက်ကြီးတဲ့ ရွှေလှည်းဘီး လိုချင်ပါတယ်"။

"ဪ ကလေး! မင်းဟာ လက်လှမ်းယူဖို့ရာ မဖြစ်နိုင်တဲ့ လ, နေကို လိုချင်တောင့်တတယ်၊ သင်သေရတော့မယ် ထင်တယ်၊ ငါလည်း နေ, လ ပမာဏလောက် ရွှေလှည်းဘီး မပေးနိုင်ပါ၊ ငါ့မှာလည်း မရှိပါ၊ သင်လည်း နေ, လ ပမာဏလောက် ရွှေလှည်းဘီး လုံးဝရနိုင်မှာ မဟုတ်ဘူး၊ အဲဒါကြောင့် မင်းသေရတော့မယ် ထင်တယ်၊ သင်ဟာ လူမိုက်ပဲ"။

"ဟား . . သူဌေးကြီး! အဲလိုတော့ မပြောပါနဲ့လေ၊ သူဌေးကြီးက သုသာန်သင်္ချိုင်းမှာ လာငိုပြီး သေသွားတဲ့ သားကို ပြန်လိုချင်သေးတယ်၊ သူဌေးကြီးနဲ့ ကျွန်တော် နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဘယ်သူက ပိုပြီးမိုက်တာလဲ?"။

"ဪ . . ကလေး! မင်းပြောတာ မှန်တယ်၊ မင်းထက် ငါက ပိုပြီးမိုက်တယ်" ဟု ဝန်ခံ၍ မဋ္ဌကုဏ္ဍလီနတ်သား စကားကြောင့် သူ၏ ဝမ်းနည်း ပူဆွေးမှု ငြိမ်းအေးပြီး မဋ္ဌကုဏ္ဍလီနတ်သားကို ဤသို့ ဝမ်းသာ စကားပြောကြားသည်၊

"ဟေ့ကလေး! ပူလောင်ခံစားနေတဲ့ ငါ့ရဲ့နှလုံးသားကို မင်း ဆုံးမစကားကြောင့် ယခုငြိမ်းအေးသွားပါပြီ၊ ဒါနဲ့မင်းက လူလာ, နတ်လား, သိကြားမင်းလား, ဘယ်သူ့ရဲ့သားလဲ၊ ငါနဲ့ ဘယ်လိုလို့ သိတာလဲ?"။

"ဪ သူဌေးကြီး! ကျွန်တော်ဟာ ရှေးလူ့ဘဝတုန်းက အရှင်သူဌေးရဲ့သား မောင်မဋ္ဌကုဏ္ဍလီလေးပါ၊ ခုတော့တာဝတိံသာ နတ်သားပါ"။

"ဟား . . . ကလေးလေးရယ်! မင်းက ဒါန စသည့် ကောင်းမှုဘာတစ်မှု မပြုလုပ်ဘဲနဲ့ ဘာကုသိုလ်ကံနဲ့ နတ်ပြည်သို့ ရောက်ရတာလဲ?"။

"ဪ ဒီလိုပါ အရှင်သူဌေးကြီး! ကျွန်တော် လူ့ဘဝတုန်းက မြတ်စွာဘုရားကို ကြည်ညိုရှိခိုးခြင်း ကုသိုလ်စိတ်နဲ့ သေပြီး တာဝတိံသာ နတ်ပြည်မှာ နတ်သားသွားဖြစ်ရပါတယ်"။

အဒိန္နကပုဗ္ဗ သူဌေးကြီးသည် ဤစကားကိုကြားရတော့ "ဩော် မြတ်စွာဘုရားရဲ့ ဂုဏ်တော်ဟာ ဒီလောက်တောင် တန်ခိုးကြီးပါလား"ဟု အံ့ဩပြီး တစ်ကိုယ်လုံးတုန်လှုပ်သွားလေသည်။

"အရှင်နတ်သား! ကျွန်တော်လဲ ဒီနေ့ပဲ မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ပါတော့မယ်"။

မဋ္ဌကုဏ္ဍလီနတ်သားကလည်း သူဌေးကြီးကို ထပ်ပြီး တိုက်တွန်းလိုက်သည်မှာ-"သူဌေးကြီး! ဘုရားကိုလည်းကောင်း, တရားကို လည်းကောင်း, သံဃာကိုလည်းကောင်း ကိုးကွယ်ဆည်းကပ်ပါ၊ ငါးပါးသီလကိုလည်း လုံခြုံအောင် စောင့်ထိန်းပါလော့"

"ဟုတ်ကဲ့ပါ အရှင်နတ်မင်း! ကျွန်တော် ပြုလုပ်ပါ့မယ်"

သူဌေးကြီးသည် နတ်သား၏စကားကိုလိုက်နာဖို့ ဝန်ခံလိုက်သည်။ မဋ္ဌကုဏ္ဍလီနတ်သားသည် တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားလေသည်။ အဒိန္နကပုဗ္ဗသူဌေးကြီးလည်း အိမ်ပြန်သွားသည်။

၎င်းသည် အိမ်ရောက်တော့ "ဟေး မိန်းမရေ! ငါတို့ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ဆွမ်းကပ်ကြရအောင်၊ ငါတို့ သိချင်တဲ့ဟာလည်း မေးကြရအောင်"ဟု သူဌေးမကြီးကို ပြောကြားပြီး မြတ်စွာဘုရား အမှူးရှိသောရဟန်း သံဃာတော်အပေါင်းကို ဆွမ်းဆက်ကပ် လှူဒါန်းလိုက်သည်။ ထူးခြားတာကတော့ သာဝတ္ထိ မြို့သူ မြို့သားတို့သည် တော်တော်များများ ပုဏ္ဏား၏ အလှူဒါနကို စိတ်ဝင်စားကြသည်။ ရှေးရှေး၌ သူဌေးကြီး တစ်ခါမှ အလှူဒါန်း မလုပ်ခဲ့ဖူး၍ ဘာသာခြား လူမျိုးများလည်း လာကြည့်ကြလေသည်။ ဗုဒ္ဓဘာသာလူမျိုးများလည်း လာကြည့်ကြသည်။ စုစုပေါင်း ပရိတ်သတ် ရှစ်သောင်းကျော်လောက် စုဝေး ရောက်လာကြသည်။ မြတ်စွာ ဘုရားဆွမ်းဘုန်းပေးပြီးသည့် အချိန်မှာဘဲ သူဌေးကြီးသည် မြတ်စွာဘုရားကို ဤသို့ လျှောက်ထားသည်။

"အရှင်ဂေါတမ! အရှင်ဂေါတမအမှူးရှိသော နောက်ပါ တပည့်သံဃာအပေါင်းတို့အား အရှင်တို့ဆီမှာ ဒါန, သီလ, ဘာဝနာ မပြုလုပ်

လိုက်ရဘဲနဲ့ အရှင်ဘုရားတို့ကို ကြည်ညိုလေးစားယုံသက်သက်နဲ့ သေရင် နတ်ပြည်ရောက်နိုင်ပါ့မှာလား?"။

"ဟော့-သူဌေးကြီး! ဒီနေ့မနက်တုန်းက မဋ္ဌကုဏ္ဍလီနတ်သားက သူနတ်ဖြစ်ရခြင်းအကြောင်း သူဌေးကို မပြောပြဘူးလား၊ မည်သူမဆို ငါဘုရားအမျိုးရှိသော သံဃာအပေါင်းကို ကြည်ညိုကိုးကွယ်ဆည်းကပ်ရင် သေသွားပြီးသည့်နောက်မှာ နတ်ပြည်ရောက်ကြတယ်"ဟု မိန့်ကြားတော်မူလိုက်သည်။

လူအများက ဤစကားကို ကြားရသည့်အခါ ဘာသာခြား လူမျိုးများသည် မြတ်စွာဘုရားကို ယုံမှားသံသယ ဖြစ်ကြသည်။ မြတ်စွာဘုရားသည် ဘာသာခြားလူမျိုးများ ယုံမှားသံသယ ဖြစ်နေသည်ကို သိတော်မူ၍ ဘာသာခြား လူမျိုးများ ယုံကြည်ဖို့အတွက် မဋ္ဌကုဏ္ဍလီနတ်သား ဗိမာန်နဲ့အတူ ငါဆီလာစေသတည်း" ဟု အဓိဋ္ဌာန်ပြုတော်မူသည်။

ထိုခဏမှာပဲ မဋ္ဌကုဏ္ဍလီနတ်သားသည် ဗိမာန်နှင့်တကွ ရောက်လာ၍ ကိုယ်ထင်ရှားပြလျှက် ဗိမာန်မှဆင်း၍ မြတ်စွာဘုရားကို လက်အုပ်ချီ ရှိခိုး၍ သင့်တော်ရာက နေရပ်နေလိုက်သည်။

မြတ်စွာဘုရားက "ကဲ အမောင်နတ်သား! သင်နတ်သားရဲ့ နတ်ဖြစ်ရခြင်းရဲ့ အကြောင်းကို လူပရိသတ်များ ပြန်ပြောပြပါလော့" ဟု မိန့်တော်မူသည်။ မဋ္ဌကုဏ္ဍလီနတ်သားကလည်း လူပရိသတ်များကို သူ နတ်ဖြစ်ရခြင်းရဲ့ အကြောင်းမှာ သူမြတ်စွာဘုရားကို ကြည်ညို ကိုးကွယ် ဆည်းကပ်ခြင်းပဲဖြစ်ပါတယ် ဆိုသည့်အကြောင်း ဘာသာခြားလူမျိုးများ, ဗုဒ္ဓဘာသာလူမျိုးများကို ပြောပြလိုက်သည်။

မြတ်စွာဘုရားကိုယ်တော်မြတ်က လူ့ပရိသတ်ရှစ်သောင်းကျော်ကို ဩဝါဒစကား ဟောကြားပေးလိုက်သည်မှာ-

"ပရိသတ်အပေါင်းတို့!

ကောင်းမှုကုသိုလ် မကောင်းမှု အကုသိုလ် ပြုလုပ်ရာ၌ စိတ်က သာလျှင် ဦးစီးဦးဆောင်လုပ်ကြကုန်၏။ ဥပမာ အရိပ်က ကိုယ့်နောက်ကို အစဉ်လိုက်နေသကဲ့သို့ (ရတနာသုံးပါးကို ကြည်ညိုမြတ်နိုးသည့်) ကောင်းမှု ကုသိုလ်စိတ်လည်း မိမိ၏ မျက်မှောက်ဘဝ တမလွန်ဘဝ ချမ်းသာသုခရဖို့ အတွက် နောက်ကနေ အစဉ်တစိုက် တွန်းအားပေးကုန်၏။

မြတ်စွာဘုရားဒြဝါဒအဆုံး၌ များစွာသော ဘာသာခြား လူမျိုး များ, ဗုဒ္ဓဘာသာဝင်လူမျိုးများတို့သည် အကုန်လုံး တရားထူး ရသွားကြ လေသည်။

ရတနာသုံးပါးကို ရိုရိုသေသေ ယုံယုံကြည်ကြည်နဲ့ ကိုးကွယ် ဆည်းကပ်ရင် သရဏဂုံ ရရှိပိုင်ဆိုင်ထားရင် နတ်ပြည်သို့ ရောက်နိုင်ပါ သည်ဆိုသည့်အကြောင်း သက်သေသာဓက ဖော်ပြခြင်းဖြစ်သည်။

သရဏဂုံကုသိုလ် ရရှိပိုင်ဆိုင်ထားလျှင် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ် မကျသည့် သာဓကတစ်ခု ဖြစ်ပါသည်။

*ကျမ်းကိုး။ ဝိမာနဝတ္ထုအဋ္ဌကထာ*

*သုနိက္ခိတ္တဝဂ်၊*

*မဋ္ဌကုဏ္ဍလီဝိမာနဝတ္ထု။*

# သရဏဂုံကုသိုလ်ကြောင့် နတ်သမီးဖြစ်ရသူ

မြတ်စွာဘုရားသည် ရာဇဂြိုလ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူသည့်အချိန် ဖြစ်ပါသည်။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားသည် မနက်မိုးလင်းခါနီး အချိန်ကာလ ရောက်လတ်သော် မြတ်စွာဘုရားတို့၏ အလေ့အလာ ဓမ္မတာ ဖြစ်တော်မူသော မဟာကရုဏာသမာပတ် ဝင်စားတော်မူပြီး၍ သမာပတ်မှ ထတော်မူပြီးကာ တစ်သောင်းသော လောကကို ဣန္ဒြိယ ပရောပရိယတ္တိဉာဏ်၊ အာသာနုသယ ဉာဏ်ဟုဆိုအပ်သော မြတ်စွာ ဘုရား၏ မျက်လုံးတော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူလေသည်။ ရာဇဂြိုလ် မြို့၌ပင်လျှင် သူတောင်းစားတို့ ရပ်ကွက်ထဲက သေခါနီးဆဲဆဲ နာရီပိုင်း အတွင်းမှာပဲ သေဆုံးစရာရှိသည့် စဏ္ဍာလီ (သူတောင်းစား) အဘွားကြီး တစ်ယောက်ကို မြင်တော်မူသည့်အပြင်၊ ၎င်းစဏ္ဍာလီ (သူတောင်းစား) အဘွားအိုကြီး သေဆုံးပြီးသည့်နောက်မှာ ငရဲကျပါလိမ့်မည်ဟု အကြောင်း ကံ ပေါ်ထွက်လာသည်ကိုလည်း ဉာဏ်တော်အား ထင်မြင်လာတော်မူ သည်။

မြတ်စွာဘုရားသည် စဏ္ဍာလီအဘွားကြီးကို မဟာဂရုဏာတော် သက်တော်မူ၍ ကြံတော်မူလိုက်သည်မှာ "ငါဘုရားဟာ စဏ္ဍာလီကို နတ်ပြည်ရွာမှာ ဖြစ်စေနိုင်လောက်တဲ့ ကုသိုလ်ကောင်းမှုကို ပြုစေရတော့ မယ်၊ အဲဒီကုသိုလ်နဲ့ပဲ ငရဲသို့ ရောက်ရမှာကို တားမြစ်ပေးရတော့မယ်၊ နတ်ပြည်ကို ရောက်အောင် မြှင့်တင်ပေးရတော့မယ်" ဟု ကြံတော်မူလေ သည်။

ယင်းနောက် မြတ်စွာဘုရားသည် နောက်ပါ တပည့်ရဟန်း သံဃာတော်တို့နှင့်အတူ ရာဇဂြိုလ်မြို့တွင်းသို့ ဆွမ်းခံတော်မူလေသည်။

ယင်းအချိန်ဝယ်စဏ္ဍာလီကလည်း တောင်ဝှေးလေးနဲ့ ထောက်ကာထောက်ကာနဲ့ မြို့ထဲမှ ထွက်လာသည်။ လမ်းမှာ မြတ်စွာဘုရား ကြွလာနေတာကို တွေ့ရသည်။ မြတ်စွာဘုရား၏ ရှေ့တည့်တည့်မှာပဲ ရပ်နေပါသည်။ မြတ်စွာဘုရားကလည်း သွားမည့်လမ်းကို ပိတ်ဆို့ထားသကဲ့သို့ စဏ္ဍာလီ၏ ရှေ့တည့်တည့်မှာ ရပ်တော်မူပါသည်။

မြတ်စွာဘုရား၏ ရည်ရွယ်ချက်တော် လည်းကောင်း၊ စဏ္ဍာလီ၏ သက်တမ်း ကုန်ဆုံးနေသည်ကို လည်းကောင်း သိမြင်ထားသည့် အရှင်မဟာမောဂ္ဂလ္လာန်မထေရ်မြတ်က မြတ်စွာဘုရားရှင်ကို ရှိခိုးဖို့ စဏ္ဍာလီအား ပြောဆိုတိုက်တွန်းလိုက်သည်မှာ -

"အိုး. . စဏ္ဍာလီ! နင်ဟာ ခြွေရံပရိတ်သတ်တွေနဲ့အတူ ကြွလာတော်မူတဲ့ မြတ်စွာဘုရားရှင်ရဲ့ ခြေတော်ကို ရှိခိုးလိုက်ပါတော့လား၊ ဝိပဿီမှ ထောက် (၇) ဆူ မြောက်ဖြစ်တဲ့ တို့မြတ်စွာဘုရားဟာ သင့်ကို ချီးမြှောက်လိုလို့ ရပ်နေတော်မူပါတယ်၊ နင်ဟာ တာဒိဂုဏ်းရှင် ဘုရားသခင်အပေါ်မှာ စိတ်ကို ကြည်လင်စေပါတော့လား၊ မြန်မြန်ဆန်ဆန် လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတော့လား၊ နင့်အသက်ဟာ အင်မတန် တိုတောင်းလှပါတယ်"။

အရှင်မဟာမောဂ္ဂလ္လာန်၏ စကားကို ကြားရသည့်အခါ စဏ္ဍာလီသည် ထိတ်လန့်တုန်လှုပ်သွား၍ မြတ်စွာဘုရားရှင်အပေါ်မှာ ကြည်ညိုစိတ် ဖြစ်ပေါ်လာပါတော့သည်။ မြတ်စွာဘုရားကို ထိခြင်း (၅) ပါးနဲ့ ရှိခိုးဦးချလိုက်သည်၊ အသာအယာထပြီး လက်အုပ်ချီးမိုး ရှိခိုးရင်း လမ်းဘေးဖယ်ကာ မတ်တတ်ရပ်လေသည်၊ သူ၏စိတ်ကလည်း ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖြစ်ပေါ်လာသည့် နှစ်သက်မှုပီတိနဲ့ တည်ကြည် ငြိမ်သက်နေလေသည်။

မြတ်စွာဘုရားလည်း "ဒီလောက်ကုသိုလ်ဟာ စဏ္ဍာလီအတွက် နတ်ပြည်မှာဖြစ်ဖို့ လုံလောက်ပြီ" ဟု နှလုံးသွင်းတော်မူပြီး သံဃာတော်

များနှင့်အတူ မြို့တွင်းသို့ ဆွမ်းခံဝင်တော်မူလေသည်။ ယင်းအချိန်ဝယ် နောက်လိုက် သားငယ်လေးရှိသည့် နွားမတစ်ကောင်က စဏ္ဍာလီကို ဝှေ့သတ်လိုက်သည်။ စဏ္ဍာလီသည် စုတေ သေလွန်သွားသည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ နတ်သမီး သွားဖြစ်ရလေသည်။ နတ်သမီးတစ်သိန်းက သူ့ကို ခြံရံနေကြသည်။ စဏ္ဍာလီနတ်သမီးသည် ယင်းနေ့ဝယ် ၎င်းသည် ဗိမာန်နှင့်အတူ လူ့ပြည်သို့ ဆင်းလာခဲ့၍ ဗိမာန်က ဆင်းပြီး အရှင်မဟာမောဂ္ဂလ္လာန် ထံတော်ပါးသို့ သွားရောက် ရှိခိုးလေသည်။

အရှင်မဟာမောဂ္ဂလ္လာန်က "အို နတ်သမီး! နင်ဟာ လှပ တင့်တယ် ရှုမောဖွယ် ကောင်းလှပါတယ်၊ ရွှေအဆင်းလို ဝါဝင်းတဲ့ အဆင်းလဲရှိပါတယ်၊ အရောင်အဝါလဲ ထွန်းလင်းတောက်ပြောင် လှပါတယ်၊ များတဲ့ အခြံအရံလည်း ရှိပါတယ်၊ ဆန်းကြယ်မှုမျိုးစုံ သင်ရဲ့ ကိုယ်မှာ စုပုံနေပါတယ်၊ နတ်သမီးအပေါင်းခြံရံကာ ငါ့ကိုလာရောက် ရှိခိုးတဲ့ နင်ဟာ ဘယ်သူများ ဖြစ်ပါသလဲ?"။

အရှင်မောဂ္ဂလ္လာန် မထေရ်မြတ်၏ စကားကို ကြားရသည့်အခါ စဏ္ဍာလီနတ်သမီးက မိမိ၏နောက်ကြောင်းကို ပြန်လည်လျှောက်ထားလိုက်သည်မှာ -

"အရှင်ဘုရား! တပည့်တော်ဟာ စဏ္ဍာလီပါဘုရား၊ အရှင်မြတ်ရဲ့ စေခိုင်းချက်နဲ့ ဘုရားရှင်ရဲ့ခြေတော်တွေကို ရှိခိုးခဲ့ပါတယ် ဘုရား၊ အဲဒီ ဘုရားရှင်ဟာ တကယ်ပဲ ပူဇော်အထူးကို ခံထိုက်သူလဲ ဖြစ်ပါတယ်ဘုရား၊ ဂေါတမမျိုးနွယ်က မွေးဖွားလာသူလဲ ဖြစ်ပါတယ် ဘုရား၊ အခြွေအရံ ပရိတ်သတ် အများအပြားရှိသူလည်း ဖြစ်ပါတယ် ဘုရား။ တပည့်တော်ဟာ ဘုရားရှင်ရဲ့ခြေတော်တွေကို ရှိခိုးပြီးတဲ့နောက် စဏ္ဍာလီ(သူတောင်းစား) အမျိုးက စုတေသေလွန်ခဲ့ပြီး နှစ်သက်စဖွယ် တာဝတိံသာ နတ်ပြည်မှာ အဖက်ဖက်တင့်တယ် ကောင်းမွန်တဲ့ဘုံဗိမာန်မှာ ဖြစ်ရပါတယ် ဘုရား။

ဘုရားတပည့်တော်ဟာ နတ်သမီး တစ်သိန်းက တပည့်တော်မကို ခြံရံနေကြရပါတယ် ဘုရား၊ တပည့်တော်ဟာ အဲဒီ နတ်သမီးတွေထက်

အဆင်းရော၊ အခြွေအရံ ပရိတ်သတ်ရော၊ အသက်ရှည်တာရော အကုန်လုံး အထက်တန်းကျပါတယ်၊ တပည့်တော်မရဲ့ ဘဝဟာ ချီးမွမ်းဖွယ်ချည်းသာ ဖြစ်ရပါတယ်ဘုရား။

အရှင်ဘုရား ! တပည့်တော်မဟာ ကုသိုလ်အများအပြား ပြုလုပ်ထားသူလည်း ဖြစ်ပါတယ်ဘုရား၊ ဆင်ခြင်တိုင်းထွာ ဉာဏ်ပညာနဲ့ ပြည့်စုံသူ လည်း ဖြစ်တယ်ဘုရား၊ အမှတ်ရမှု သတိနဲ့ ပြည့်စုံသူလည်း ဖြစ်ပါတယ် ဘုရား၊ အရှင်ဘုရားဟာ လောကမှာ မုနိတစ်ဆူလည်း ဖြစ်ပါပေတယ် ဘုရား၊ သနား ဂရုဏာနဲ့လည်း ပြည့်စုံသူလည်း ဖြစ်ပါတယ်ဘုရား၊ အရှင်ဘုရားကို ရှိခိုးရ အောင်လို့ တပည့်တော်မ ရောက်လာတာပဲ ဖြစ်ပါတယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။

စဏ္ဍာလီနတ်သမီးသည် သူ့ကျေးဇူးကို သိတတ်သူလည်း ဖြစ်၏၊ သူ့ကျေးဇူးကို ထင်ရှားအောင် ပြုတတ်သူလည်းဖြစ်၏၊ ရှင်မဟာမောဂ္ဂလ္လာန်၏ ခြေတော်တို့ကို ရှိခိုးပြီး ယင်းနေရာ၌ပင်လျှင် ကွယ်ပျောက်သွားလေသည်။

လူ့ဘဝ၏အမည်ဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းသည် နတ်တို့၏ ထုံးတမ်းစဉ်လာဖြစ်ပါသည်၊ ထို့ကြောင့် နတ်ပြည်သို့ ရောက်သွားသည့် အခါမှာလည်း နတ်သား နတ်သမီးများတို့သည် သူ့ကို "စဏ္ဍာလီ"ဟုပင် ပြန်ခေါ်ဆိုနေကြသည်။

ဤဝတ္ထုသည်လည်း ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်၍ နတ်ပြည်ရောက်သည့် သာဓကတစ်ခုတည်း။ ရတနာသုံးပါး ကုသိုလ်ကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်မကျသည့် ပုထုဇဉ်လူသား သက်သေ သာဓကတည်း။

*ကျမ်းကိုး။ ဝိမာနဝတ္ထုအဋ္ဌကထာ၊*
*စိတ္တလတာဝဂ်၊ စဏ္ဍာလီဝိမာနဝတ္ထု။*

❀ ❀ ❀ ❀ ❀ ❀ ❀

## သရဏဂုံကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သမီးဖြစ်ရသည့်ရွာသူ

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်သည့် အချိန်ဖြစ်သည်။

ယင်းအချိန်ဝယ် ရဟန်းသံဃာတော်တို့သည် တောရွာ ကျောင်းတစ်ကျောင်းမှာ ဝါကပ်ကြသည်။ ဝါကျွတ်တော့ ပဝါရဏာ ပြုပြီးသည့်အခါ ကျောင်းအိပ်ရာနေရာတို့ကို သိမ်းဆည်းကြလေသည်။ သပိတ်သင်္ကန်း ကိုယ်စီယူပြီး "ဘုရားဖူးရအောင်" ဟု ဆိုပြီး သာဝတ္ထိမြို့ကို ထွက်လာခဲ့ကြသည်။ လမ်းခုလတ် မှာ ရွာကလေးတစ်ရွာကို တွေ့ကြသည်။ ရွာလယ်လမ်းခရီးကို ကျော်ဖြတ်ပြီးလာကြသည်။

ထိုရွာမှာနေသည့် အမျိုးသမီးတစ်ဦးက ရဟန်းတော်များကို တွေ့ရသည့်အခါ အင်မတန် ကြည်ညို လေးစား မြတ်နိုးစိတ် ဖြစ်သွားသည်။ ထိခြင်းကြီးငါးပါးနှင့် ရှိခိုးလိုက်သည်။ ကြည်ညိုမှုကြောင့် အေးမြသည့် မျက်လုံးတွေနဲ့ မျက်စိတစ်ဆုံး ကြည့်ရှုပြီး နဖူးထိပ်စီး လက်အုပ်ချီကာ ရပ်နေသည်။ ရဟန်းသံဃာတော်တို့ မျက်စိတဆုံး ကွယ်ပျောက်သွားမှ လုပ်စရာ ကိုင်စရာကိစ္စများကို ဆက်လက်လုပ်ကိုင်သည်။

ယင်းအမျိုးသမီးသည် လူ့ဘဝကို စွန့်ခွာသည်နှင့် တစ်ပြိုင်နက် ရဟန်း သံဃာတော်တို့ကို ခဏတာမျှ ကြည်ညိုလိုက်ရသည့် ကုသိုလ်ကြောင့် တာဝတိံနတ်ပြည်မှာ နတ်သမီးသွားဖြစ်ရလေသည်။ တာဝတိံသာနတ်ပြည်မှာ နတ်စည်းစိမ်ကို ခံစားနေရသည်။

ယင်းအချိန်ဝယ် အရှင်မဟာမောဂ္ဂလ္လာန်သည် တာဝတိံသာနတ်ပြည်ကို ဒေသစာရီခရီး ကြွချီတော်မူသည်။ အရှင်မဟာမောဂ္ဂလ္လာန်သည် ရွာသူနတ်သမီးကိုတွေ့မြင်၍ မေးမြန်းလိုက်သည်မှာ -

"အို. . နတ်သမီး! သင်ယခုလိုမျိုး နတ်စည်းစိမ်မျိုးကို ခံစားရရှိတာဟာ ဘယ်လိုကောင်းမှုကုသိုလ် ပြုလုပ်ခဲ့ဖူးတာလဲ?"။

"အရှင်ဘုရား! တပည့်တော်မဟာ လူ့ဘဝတုန်းက သီလနဲ့ ပြည့်စုံတဲ့ ရဟန်းတော် သံဃာတော်တို့ကို ရှိခိုး ဖူးမျှော်ခဲ့ဖူးပါတယ် ဘုရား။ ဒီအရှင်မြတ်တွေဟာ သူတော်ကောင်းအစစ် ဖြစ်ကြပါပေစွ။ တရားတော်တွေကို ကျင့်သုံးကြပါပေစွ၊ ညီညီမျှမျှ ကျင့်လေ့ရှိကြပါပေစွ၊ မြတ်တဲ့အကျင့်ကို ကျင့်လေ့ရှိကြပါပေစွ၊ ဒီလို ရဟန်းတော်တွေရဲ့ ဂုဏ်ကို အာရုံပြုကာ စိတ်ကြည်လင်စေခဲ့ပါတယ်၊ နှစ်သက်ရွှင်လန်း ဝမ်းပန်းတသာ လက်အုပ်ချီမှုကိုလည်း ပြုခဲ့ဖူးပါတယ် ဘုရား။

'အရှင်ဘုရား! တပည့်တော်ဟာ အဲဒီ ကုသိုလ်ကြောင့် အညစ်အကြေးကင်းစင်တဲ့ အရောင်အဆင်းကို ပိုင်ဆိုင်သူ ဖြစ်ရပါတယ်ဘုရား။ အခြားနတ်တွေထက်လည်း သာလွန်တင့်တယ်ရပါတယ် ဘုရား။ အဲဒီ ကုသိုလ်ထူးကြောင့်ပဲ တပည့်တော်ဟာ မိမိရဲ့ ခန္ဓာကိုယ်လဲ အရပ်ရှစ်မျက်နှာအကုန်လုံး ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပစေတယ် ဘုရား။"

အရှင်မဟာမောဂ္ဂလ္လာန် ရဟန္တာအရှင်သူမြတ်သည် နတ်သမီးအားတရားဟောကြားပေပြီး တာဝတိံသာနတ်ပြည်မှ လူ့ဘုံဌာနသို့ ပြန်ကြွတော်မူလာခဲ့ပြီး ဤဖြစ်ရပ်ကို မြတ်စွာဘုရားအား လျှောက်ထားတော်မူလိုက်သည်။ မြတ်စွာဘုရားက ဤဖြစ်ရပ်ကို ရောက်လာသည့် ပရိသတ်အပေါင်းအား ပြန်လည်ဟောကြားပေးတော်မူသည်။

ဤဝတ္ထုသာဓကသည် သံဃာတော်တို့ကို ကြည်ညိုရှိခိုးခြင်းတည်းဟူသော သရဏဂုံ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရခြင်း၏ သက်သေသာဓကတည်း။

ကျမ်းကိုး။ *ဝိမာနဝတ္ထုအဋ္ဌကထာ*
*ပဉ္စမဝဂ်၊ ဝန္ဒနာဝိမာနဝတ္ထု။*

## သရဏဂုံကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရသည့်မောင်ဆတ္တ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

သေတဗျရွာ၌ ပုဏ္ဏားတစ်ယောက်သည် မောင်ဆတ္တဟု ခေါ်သည့် သားလေးတစ်ယောက်ရှိသည်။ မောင်ဆတ္တသည် အရွယ်ရောက်လာသည့် အခါ ပညာသင်ရန်အတွက် သူ့အဖေက သူ့ကို ဥက္ကဋ္ဌမြို့ ပေါက္ခရသာတိ ပုဏ္ဏားကြီးဆီသို့ စေလွှတ်လိုက်သည်။

မောင်ဆတ္တသည် ပင်ကိုယ်ဉာဏ် ထက်မြက်သူ ဖြစ်သည့်အပြင် ဝီရိယလည်းရှိသည်။ ထို့ကြောင့် မကြာခင်မှာပဲ ပုဏ္ဏားတို့၏ အတတ်ပညာ အကုန်လုံး တတ်မြောက်သွားလေသည်။ ထို့နောက် မောင်ဆတ္တသည် သူ့ဆရာ ပေါက္ခရသာတိပုဏ္ဏားကို ရှိခိုးပြီး မေးလိုက်သည်မှာ -

"ဆရာ! ကျွန်တော်က ဆရာ့ဆီမှာ အတတ်ပညာတွေကို သင်ယူခဲ့ ပါတယ်။ အဲဒီအတွက် ဆရာ ပူဇော်ခ ဘယ်လောက်ပေးရမလဲ?"။

"မောင်ဆတ္တ! ဆရာပူဇော်ခ ဆိုတာဟာ တပည့်လေးရဲ့ ပစ္စည်း ဥစ္စာ ဆင်းရဲ ချမ်းသာကို ကြည့်ပြီး ယူရပါတယ်။ မင်းအတွက်ကတော့ 'တစ်ထောင်' ဆိုရင် တော်လောက်ပါပြီ ဒီတော့ 'တစ်ထောင်'ပဲ ယူခဲ့ပေါ့"။

ဆရာစကားကို ကြားရသည့်အခါ မောင်ဆတ္တသည် ပေါက္ခရ သာတိပုဏ္ဏားကို ရှိခိုးပန်ပြောပြီး သေတဗျရွာကို ပြန်လာခဲ့လေသည်။ အိမ်ပြန်ရောက်တော့ သူ၏အဖေအမေတို့နှင့် ဝမ်းပန်းတသာ စကား

ပြောဆိုပြီးသည့်နောက် သူ့အဖေကို အကျိုးအကြောင်း ပြောပြလိုက်သည်။

"အဖေရယ်! ပေးရမယ့် တစ်ထောင်ကို သားကိုပေးပါ၊ ဒီနေ့ပဲ သား သွားပေးပြီး ပြန်လာခဲ့ပါ့မယ်"။

မောင်ဆတ္တ၏ စကားကို ကြားရသည့်အခါသူ့အဖေပုဏ္ဏားက "သားလေးရယ်! ဒီနေ့ အချိန်မရှိတော့ဘူး၊ မနက်ဖြန်မှ သွားပေးလိုက်ပါ" ဟုဆိုပြီး ငွေ'တစ်ထောင်' တို့ကို ရေပြီး အဆင်သင့် ထုပ်ထားပေးလိုက်သည်။

ခိုးသူဓားပြတို့သည် ဤသတင်းအကြောင်းကို ကြားရ၍ "ကလေးကိုသတ်ပြီး ငွေတွေကိုယူမယ်ဟု ဆိုသည့် အကြံနဲ့ မောင်ဆတ္တ သွားမည့် လမ်းနားက ချုံထဲမှာ ပုန်းအောင်းနေကြသည်။

ထို့နောက် မြတ်စွာဘုရားသည် နံနက်မိုးသောက် အချိန်အခါ ရောက်သော် မဟာကရုဏာ သမာပတ်မှ ထတော်မူပြီး လောကကြီးကို ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသယာနုသယဉာဏ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံးတော်ဖြင့် ကြည့်ရှုဆင်ခြင်တော်မူ၍ မြင်တော်မူလိုက်သည်မှာ- "ယနေ့နံနက် မောင်ဆတ္တဟာ သူခိုးဓားပြရဲ့ ပယောဂ လက်ချက်ကြောင့် သေရလိမ့်မယ်ဟု မြင်တော်မူသည့်အပြင် သေပြီးသည့်နောက်မှာ အပါယ်ကျလိမ့်မယ်ဟု အကြောင်းကံ လားရာ ဂတိကိုလည်း မြင်တော်မူလေသည်။ မြတ်စွာဘုရားသည် မောင်ဆတ္တကို မဟာကရုဏာတော် သက်တော်မူ၍ "မောင်ဆတ္တ အပါယ်မကျရလေအောင် ချီးမြှောက်ထောက်ပံ့ပေးမယ်" ဟု ကြံတော်မူကာ မောင်ဆတ္တ သွားမည့် လမ်းနားက သစ်ပင်တစ်ပင်အောက်မှာ ကြွသွား သီတင်းသုံး ထိုင်တော်မူလေသည်။

မောင်ဆတ္တကလည်း ဆရာပေါက္ခရသာတိပုဏ္ဏားအတွက် အသပြာ တစ်ထောင် ငွေထုပ်ကိုယူပြီး ဥက္ကဋ္ဌမြို့သို့ သွားဖို့အတွက် သေတဗျရွာမှ ထွက်လာခဲ့သည်။ လမ်းခုလတ်တွင် မြတ်စွာဘုရားကို တွေ့ရတော့ အနားကို

သွားပြီး ရပ်နေလိုက်သည်။ မြတ်စွာဘုရားကလည်း သူ့ကို နှုတ်ခွန်းဆက် (ပဋိသန္ထာရ)စကား ကို ပြောကြားသည်။

"ဟေး. . မောင်ဆတ္တ! သင်က ဘယ်ကိုသွားမလို့လဲ?"။

"အရှင်ဂေါတမ! ကျွန်တော့်ဆရာကို ဆရာ့ပူဇော်ခပေးရန်အတွက် ဥက္ကဋ္ဌမြို့ကို သွားမလို့ပါ ခင်ဗျာ"။

"မောင်ဆတ္တရယ်! သရဏဂုံသုံးပါးနှင့် ငါးပါးသီလ ဆိုတာတွေကို မင်း နားလည် သိရဲ့လား?"။

"အရှင်ဂေါတမ! ကျွန်တော် နားမလည်ပါဘူး၊ အဲဒါတွေဟာ ဘာအကျိုးရှိပါသလဲ၊ ဘယ်လိုဟာမျိုးလဲဗျ?"။

မြတ်စွာဘုရားက "ဒါတွေဟာ ဒီလိုပါပဲ"ဟု ဆိုပြီး သရဏဂုံ၏ အကျိုးအာနိသင်တို့ကို လည်းကောင်း၊ သီလဆောက်တည်ခြင်း၏ အကျိုး အာနိသင်တို့ကို လည်းကောင်း ရှင်းလင်း ဟောပြပေးတော်မူလိုက်သည်။

ယင်းနောက် "မောင်ဆတ္တရေ! သရဏဂုံဆောက်တည်ပုံကို သင်ယူ အုံးမလား"ဟု မေးတော်မူပြန်သည်၊

"ကောင်းပါတယ် သင်ယူပါ့မယ် အမိန့်ရှိတော်မူပါဘုရား" ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားသည် မောင်ဆတ္တကို သရဏဂုံ ဆောက်တည်ပုံကို ဟောပြလိုက်သည်မှာ -

"ပညာရှိကလေး မောင်ဆတ္တရေ! ဘုရားဆိုတာဟာ ဟောတတ် သူ၊ ပြောတတ်သူ မှန်သမျှထက်လည်း မြတ်ပါတယ်၊ သာကီဝင် မင်းမျိုးက ရဟန်းပြုလာသလည်း ဖြစ်ပါတယ်၊ တစ်ဆယ့်ခြောက်ချက်သော မဂ်ကိစ္စ ကိုလည်း အကုန်အစင် ပြုပြီးသူ ဖြစ်ပါတယ်၊ ကိုယ်အား ဉာဏ်အား လုံ့လ ဝီရိယတွေနဲ့လည်း ပြည့်စုံတော်မူပါတယ်။ အဲဒီလို ဂုဏ်တော်တွေနဲ့ ပြည့်စုံ တော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်လိုက်စမ်းပါ။

'ပညာရှိကလေး မောင်ဆတ္တရယ်! ရာဂကင်းကွာတဲ့ အရိယာ မဂ်လေးပါး, တဏှာမရှိတဲ့အတွက် ပူးဆွေးမှုကင်းတဲ့ အရိယာဖိုလ် လေးပါး၊ အကြောင်းတရားတွေက မပြုပြင်အပ်တဲ့ စက်ဆုတ်ဖွယ်ရာ ဘာတစ်ခုမှ

မရှိတဲ့ နိဗ္ဗာန်၊ ဒီလောကုတ္တရာတရားကိုးပါးနှင့် ချိုမြိန် ကောင်းမွန် ဖြောင့်မှန်တဲ့ ဒေသနာဉာဏ်နဲ့ ကောင်းစွာဝေဖန် ဟောကြားတော်မူတဲ့ ပရိယတ်တရား၊ ဒီဆယ်ပါးသော တရားတော်တို့ကို ကိုးကွယ်လိုက်စမ်းပါ။

'ပညာရှိလေး မောင်ဆတ္တရေ! သံဃာတော်ဆိုတာဟာ 'မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်' ဆိုတဲ့ အစုံလိုက်တွဲထားရင် သောတာပတ္တိမဂ္ဂဋ္ဌာန်, သောတာပတ္တိဖလဋ္ဌာန်, သကဒါဂါမိမဂ္ဂဋ္ဌာန်, သကဒါဂါမိဖလဋ္ဌာန်, အနာဂါမိမဂ္ဂဋ္ဌာန်, အနာဂါမိဖလဋ္ဌာန်, အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန်တွေနဲ့ ပြည့်စုံပါတယ်။ ပုဂ္ဂိုလ်အနေနဲ့ကတော့ (၈) ယောက်ပဲ ဖြစ်ပါတယ်။ အဲဒီပုဂ္ဂိုလ်များဟာ မိမိတို့အား ပေးလှူလာသမျှ အလှူတွေကို အကျိုးကြီးမားအောင် တကယ်ပဲ စွမ်းဆောင်နိုင်ကြပါတယ်၊ ကိလေသာတွေကလဲ စင်ကြယ်ကြပါတယ်။ သစ္စာ (၄) ပါး တရားကိုလဲ သိမြင်ကြပါတယ်၊ ဒီအရိယာ သံဃာတော်မြတ်ကိုလဲ ကိုးကွယ်လိုက်စမ်းပါ။"

မြတ်စွာဘုရားသည် ကိုးကွယ်စရာဖြစ်သည့် ရတနာ (၃) ပါး၏ ဂုဏ်ရော, သရဏဂုံဆောက်တည်ပုံကိုရော ပြောပြလိုက်သည်။ မောင်ဆတ္တကလည်း မြတ်စွာဘုရားက တစ်ပုဒ်တစ်ပုဒ်ကို ပြောပြလို့ ဆုံးသွားပြီဆိုရင် "နားလည်ပါပြီ, ရပါပြီ" ဆိုသည့်သဘောနဲ့ ထိုဆုံးသွားသည့် အပုဒ်ကို ပြန်ရွတ်အံ့ပြလိုက်သည်။ မြတ်စွာဘုရားက "အေး-ဒီလောက်ဉာဏ်ထက်တဲ့ ကလေးပါပဲ"ဟု ချီးကျူးလိုက်သည်။

ထို့နောက် မြတ်စွာဘုရားသည် သိက္ခာပုဒ်တို့၏ အရေအတွက်နဲ့ အကျိုးအာနိသင်တို့ကို ရှင်းလင်းပြပြီး သိက္ခာပုဒ် ဆောက်တည်ပုံကိုပါ ပြောပြလိုက်သည်။

မောင်ဆတ္တကလည်း "မြတ်စွာဘုရား! ဘုရားတပည့်တော်ကို ခွင့်ပြုတော်မူပါဘုရား၊ တပည့်တော် သွားတော့မယ်ဘုရား" ဟု ခွင့်ပန်စကား လျှောက်ထားသည်။ ၎င်းသည် စိတ်ကြည်ကြည်လင်လင်ဖြင့် ရတနာ (၃) ပါး၏ ဂုဏ်ကို အောက်မေ့ပြီး သူသွားရမဲ့လမ်းကို ဆက်လက်သွားနေလေသည်။

ဘုရားရှင်ကလည်း "ဒီကလေးအတွက် ဒီမျှလောက် ကုသိုလ်ဟာ နတ်ရွာအရောက် ပို့နိုင်လောက်ပါပြီ"ဟု နှလုံးသွင်းပြီး ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသွားတော်မူသည်။

စိတ်ကြည်ကြည်လင်လင်ဖြင့် ရတနာ (၃) ပါး၏ ဂုဏ်တော်ကို နှလုံးသွင်းပြီး "ဘုရား, တရား, သံဃာ ရတနာတော်မြတ် သုံးပါးတို့ကို ကိုးကွယ်ဆည်းကပ်ပါ၏"ဟု ဆိုသည့် မောင်ဆတ္တ၏ စိတ်သန္တာန်မှာ ဖြစ်ပေါ်လာသည်။

မောင်ဆတ္တလေးသည် ရတနာ (၃) ပါး၏ ဂုဏ်ကို အောက်မေ့ပြီးသွားနေစဉ် ခိုးသားဓားပြတို့က "ကောင်လေး လာနေပြီဟေ့၊ မလွတ်စေနဲ့၊ သတ်ကြပါ၊ ဖြတ်ကြပါ"ဟု ဆိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။

မောင်ဆတ္တကတော့ ခိုးသားဓားပြများကို ဘာမှ အရေးမစိုက်ဘဲ ရတနာသုံးပါး၏ ဂုဏ်ကို အောက်မေ့လျက် သွားနေသည်။ ဤသို့သွားနေတုန်း ဓားပြတစ်ယောက်က ချုံထဲကနေ သူ့ကို ဆိပ်လူးမြားနဲ့ လှမ်းပစ်သတ်လိုက်၍ ငွေထုပ်ကိုယူပြီး ထွက်သွားကြလေသည်။

မောင်ဆတ္တသည် "အိပ်သောယောကျ်ား နိုးသောလားသို့" ဆိုသကဲ့သို့ သေဆုံးသွားသည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ယူဇနာ (၃၀) ရသည့် ရွှေဗိမာန်မှာ သွားပြီး နတ်သားဖြစ်ရလေသည်။ သူ့ကို နတ်သမီးတစ်ထောင်က ခြံရံနေသည်။ သူ၏ခန္ဓာကိုယ်လည်း လှည်းအစီး (၆၀) တိုက်လောက်ရှိသည့် အဆင်းတန်ဆာတို့နှင့် တန်ဆာဆင်ပြီးဖြစ်နေ သည်။ သူ့ရွှေဗိမာန်၏ အရောင်က ယူဇနာ (၂၀) ကျော်အောင် တလက် လက်နဲ့ ပျံ့နှံ့နေပါသည်။

မောင်ဆတ္တ၏ ကြွင်းကျန်နေရစ်ခဲ့သည့် အလောင်းကို သဂြိုလ်မည့်အခမ်းအနားမှာ သေတဗျရွာသူရွာသားတို့လည်းကောင်း၊ ဥက္ကဋ္ဌ မြို့သူမြို့သားတို့ လည်းကောင်း၊ ဣစ္ဆာနင်္ဂလ မြို့သူမြို့သားတို့ လည်းကောင်း

စုံရုံးကြလာကြသည်။ မြတ်စွာဘုရားလည်း နောက်လိုက် နောက်ပါသံဃာတို့နှင့်အတူ ကြွလာတော်မူသည်။

ယင်းအချိန်ဝယ် ဆတ္တမာဏဝနတ်သားလည်း မြတ်စွာဘုရားရှင်ကို ရှိခိုးရန် ရောက်လာသည်။ မြတ်စွာဘုရားရှင်သည် ဆတ္တမာဏဝနတ်သားကို မေးလိုက်သည်မှာ-

"အိုမောင်နတ်သား! သင် ရှေးလူ့ဘဝ လူဖြစ်စဉ်တုန်းက ဘာကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့ဖူး၍ ဒီလိုနတ်စည်းစိမ်ကို ခံစားရရှိရတာလဲ?။ ဆတ္တနတ်သားကလည်း မြတ်စွာဘုရားရှင်နှင့် စတွေ့တုန်းကနေစပြီး အကုန်လုံးကို ဇာတ်ကြောင်းပြန် လျှောက်ထားလိုက်သည်။ သေတဗျ ရွာသူရွာသား, ဥက္ကဋ္ဌ မြို့သူမြို့သား, ဣစ္ဆာနင်္ဂလ မြို့သူမြို့သားတို့သည် ကံကိုလည်း နားလည်ကြသွားကြသည်။ ကံ၏ အကျိုးကိုတော့ မျက်မြင်ထင်ရှားတွေ့ကြရလေသည်။ မြတ်စွာဘုရားရှင်က တရားဆက်လက် ဟောပေးတော်မူသည်။ ဆတ္တမာဏဝနတ်သားနှင့်အတူ လူပုဂ္ဂိုလ်အများအပြား တရားထူးကို ရသွားကြလေသည်။

ဤဝတ္ထုသာဓကသည်လည်း သရဏဂုံကုသိုလ်ကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ နတ်ပြည်မှာ နတ်စည်းစိမ်ခံစားရသူ ဝတ္ထု သာဓကတစ်ခုဖြစ်သည်။

ကျမ်းကိုး
*ဝိမာနဝတ္ထုအဋ္ဌကထာ*
*မဟာရထဝဂ်၊ ဆတ္တမာဏဝ ဝတ္ထု။*

## သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် ပါလိလေယျကဆင်

မြတ်စွာဘုရားသည် ကောသမ္ဗီသံဃာ့ အရေးအခင်းကို အကြောင်းပြု၍ ကိုယ်တော်တစ်ပါးတည်းသာ ကောသမ္ဗီပြည်မှထွက်၍ ပါလိလေယျက တောအုပ်ထဲသို့သွား၍ အင်ကြင်းပင်ရင်း၌ သီတင်းသုံး နေတော်မူလေသည်။

ယင်းပါလိလေယျက တောအုပ်ထဲမှာ ပါလိလေယျက ဆိုသည့် ဆင်တစ်ကောင်ရှိသည်။ ပါလိလေယျက ဆင်ကလည်း အခြားသော အရပ်၌ ဆင်ရိုင်း ဆင်မိုက်များတို့နှင့် ပေါင်းဖော် အတူနေရတာ ငြီးငွေ့လွန်းသောကြောင့် ဆင်ရိုင်းအုပ်စုထဲမှ တစ်ကောင်တည်း ရှောင်ထွက်လာသည့် ဆင်တစ်ကောင်ဖြစ်သည်။

ပါလိလေယျကဆင်သည် တစ်ကောင်တည်း ပါလိလေယျက တောအုပ်ထဲမှာ လှည့်လည် စားသောက်နေလေသည်။ လှည့်လည် စားသောက်ရင်းနဲ့ အင်ကြင်းပင်နား ရောက်လာတော့ မြတ်စွာဘုရားကို သူတွေ့သွားလေသည်။ မြတ်စွာဘုရားသည် ဘုန်းတန်ခိုးတော် ဉာဏ်တော် မေတ္တာဂုဏ်တော် အလွန်ကြီးမားသောကြောင့် ပါလိလေယျကဆင်သည် မြတ်စွာဘုရားကို တွေ့မြင်သည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရားဆီ ချဉ်းကပ်ပြီး ရှိခိုးဦးချလိုက်သည်။ ပါလိလေယျက ဆင်သည် မြတ်စွာဘုရားကို ရှိခိုးပြီး ဘေးပတ်ဝန်းကျင်တွေကို ကြည့်လိုက်တော့ ဤတောအုပ်ထဲ၌ မြတ်စွာဘုရားကို ဝေယျာဝစ္စပြုလုပ်ပေးမည့်သူ ဘယ်သူမျှမရှိဘူးဟု သူသိသွားသည်။

ပါလိလေယျကဆင်သည် သစ်ကိုင်းသစ်ခက် စသည်တို့ကို ဖယ်ရှားပြီးလျှင် နှာမောင်းဖြင့် သစ်ခက်တို့ကို ချိုးဖျက်ယူကာ မြတ်စွာဘုရား

သိတင်းသုံးတော်မူရန်အတွက် သေချာစွာ တံမြက်စည်း လှည်းပေးလိုက်သည်။ နှာမောင်းဖြင့် ရေအိုးကို ယူပြီးသောအခါ မြတ်စွာဘုရား၏ သောက်တော်ရေ၊ သုံးတော်ရေတို့ကို ခတ်ပေးထားသည်။ ထိုကိစ္စ ပြုလုပ်ပြီးသည့်နောက် ပါလိလေယျက ဆင်သည် သစ်သီးကြီး, သစ်သီးငယ်တို့ကို ရှာယူ၍ မြတ်စွာဘုရားကို ဆက်ကပ် လှူဒါန်းလိုက်သည်။ ၎င်းဆင်သည် မြတ်စွာဘုရား ရွာထဲသို့ ဆွမ်းခံ ကြွတော့မယ်ဆိုရင် မြတ်စွာဘုရား၏ သပိတ် ဒုကုဋ်သင်္ကန်းတော်တို့ကို နှာမောင်းဖြင့်ယူပြီး ရွာထိပ်နားထိ ရောက်သည့်ထိအောင် လိုက်သွားသည်။ ရွာထိပ်နားသို့ ရောက်သွားရင် မြတ်စွာဘုရားက ဤသို့ မိန့်တော်မူသည်။

"ဟေး. . ပါလိလေယျက! ဒီနေရာမှစ၍ ငါနှင့်အတူတကွ ရွာထဲသို့ လိုက်သွားရင် မကောင်းဘူး၊ ငါရဲ့ သပိတ်၊ သင်္ကန်းပေးလော့"ဟု မိန့်တော်မူသည်။

မြတ်စွာဘုရားသည် သပိတ်, သင်္ကန်း ယူပြီး ရွာထဲသို့ ဆွမ်းခံကြွတော်မူသည်။

ပါလိလေယျကဆင်လည်း မြတ်စွာဘုရား၏ သပိတ်၊ ဒုကုဋ် သင်္ကန်းတော် ပေးပြီးသည့်နောက် မြတ်စွာဘုရား ဆွမ်းခံတော် ပြန်မလာမချင်း မြတ်စွာဘုရား မိန့်တော် မှာထားရစ်ခဲ့သော နေရာမှာပင် ရပ်စောင့်နေလေသည်။

မြတ်စွာဘုရား ရွာထဲက ဆွမ်းခံပြန်လာရင် ဝမ်းမြောက် ဝမ်းသာ ခရီးဦးကြိုဆိုလျှက် သပိတ်တော်၊ ဒုကုဋ်သင်္ကန်း တို့ကို နှာမောင်းဖြင့် ဆွဲယူ၍ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ အင်ကြင်းပင်ရင်း၌ သပိတ်, ဒုကုဋ်သင်္ကန်းတို့ကို ချထား၍ ဝတ်ကြီးဝတ်ငယ် ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို ပြုလုပ်ပေးသည်။

၎င်းဆင်သည် ညအခါရောက်လာရင် လူဆိုး လူမိုက်, မိုက်ရိုင်းသော တိရစ္ဆာန်များက မြတ်စွာဘုရားကို လာပြီး နှောက်ယှက်မှာ စိုးရိမ်သောကြောင့် နှာမောင်းဖြင့် တုတ်ကြီးတစ်ချောင်းကိုင်ပြီးလျှင် "မြတ်စွာ

ဘုရားရဲ့ ဘေးရန်အန္တရာယ်မှန်သမျှ ငါ တားမြစ်ပယ်ရှား ရှင်းထုတ်ပေးမယ်”ဟု နှလုံးသွင်းပြီး တစ်ညလုံး ကာကွယ်စောင့်ရှောက် ကင်းလှည့်ပေးသည်။

ဤတောသည် ပါလိလေယျကဆင်မင်းက စောင့်ရှောက်အပ်သောကြောင့် ***ပါလိလေယျကတောအုပ်*** ဟု နာမည်တွင်သွားလေသည်။

မနက် မိုးလင်းလာတော့ မျက်နှာသစ်တော် ရေကို ခပ်ပေး၍ ပြုသင့်ပြုထိုက်သော ဝေယျာဝစ္စ ဟူသမျှကို တစ်စမကျန်အောင် ပြုလုပ်ပေးသည်။

## သရဏဂုံကုသိုလ်ကြောင့် နတ်သားဖြစ်သည့်မျောက်

ဆင်ဝေယျာဝစ္စပြုလုပ်ပေးနေသည်ကို မြင်သော မျောက်တစ်ကောင်က တွေ့မြင်သွားပြီး ဤသို့ကြံစည်လေသည် “ဒီဆင်ဟာ ငါတို့လို တောရိုင်းတိရစ္ဆာန်တစ်ကောင်ပါပဲ၊ သူက မြတ်စွာဘုရားကို ရိုသေ ပြုစုလုပ်ကျွေးတယ်၊ ဒီတော့ ငါလည်း သူ့လို ကုသိုလ်ယူဦးမှာပဲ” ဟု ကြံလိုက်သည်။ ထို့နောက် မျောက်သည် တောထဲမှာ လှည့်လည်သွားလာ ရှာဖွေရင်းနဲ့ပဲ ပျားများပျံပြီးသော ပျားအုံတစ်အုံ သွားတွေ့လေသည်။

မျောက်သည် ပျားများပျံပြီးသော ပျားကောင်မရှိသော ပျားအုံကို ယူ၍ ငှက်ပျောရွက်ပေါ်၌ သေချာစွာတင်ပြီး မြတ်စွာဘုရားအား ကပ်လှူလိုက်သည်။ မြတ်စွာဘုရားကလည်း ပျားအုံကို အလှူခံတော်မူပါသည်။ ၎င်းမျောက်သည် မြတ်စွာဘုရားအား ပျားရည်ဘုဉ်းပေး မလား မဘုဉ်းပေးဘူးလား စောင့်ကြည့်သော် မြတ်စွာဘုရားက မဘုဉ်းပေး မသုံးဆောင်ပဲ ပျားအုံကို ကိုင်မ၍ နေတော်မူသည်ကိုသာ သူမြင်တော့ “မြတ်စွာဘုရား ပျားရည်ကို သုံးဆောင်မှာလား/ မသုံးဆောင်ဘူးလား” ဟု တွေးတော

ကြံစည်လျှက် ပျားအုံ၏ပျားတံအစွန်း၌ ပျားဥငယ်လေးများကိုတွေ့သွား၍ မျောက်က ထိုပျားဥငယ်လေးကို အသာလေးဖယ်ရှားကာ တစ်ဖန် မြတ်စွာဘုရားအား ပြန်လည် ကပ်လှူလိုက်သည်။ မြတ်စွာဘုရားလည်း ပျားရည်ကိုယူ၍ ဘုဉ်းပေးသုံးဆောင် တော်မူလေသည်။

ဧင်းမျောက်သည် မြတ်စွာဘုရားက သူ့ပျားရည်ကို ဘုဉ်းပေး သုံးဆောင်တာကို တွေ့မြင်လျှင် အလွန်ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းစိတ် ဖြစ်၍ သစ်ခက်သစ်ကိုင်းကို ကိုင်ဆွဲပြီး ကလိုက်ခုန်လိုက် ပျော်မြူးနေတော့ သည်။ (မျောက်ဟုဆိုသည့်အတိုင်းပါပဲ ငြိမ်ငြိမ်မနေပါ) သူ ကိုင်ထားသည့် သစ်ခက် သူနင်းနေသည့် သစ်ခက်က ကျိုးပျက်သွား၍ သစ်ခက်ရော မျောက်ရော အောက်သို့ သစ်ငုတ်ထက်ပေါ်၌ ပြုတ်ကျတော့သည်။ အကျနာ သော မျောက်လေးသည် မြတ်စွာဘုရားကို ကြည်ညိုသောစိတ်ဖြင့် သေလွန် သွားလေတော့သည်။ မျောက်သည် သေသွားသည်နှင့်တစ်ပြိုင်နက် တာ ဝတိံသာ နတ်ပြည်ဝယ် ယူဇနာ (၃၀) ကျယ်သော ရွှေဗိမာန်ကြီး၌ နတ်သမီး တစ်ထောင်ခြံရံ၍ မက္ကဋနတ်သားဟူသော အမည်ဖြင့် နတ်သားသွားဖြစ် ရလေသည်။

မြတ်စွာဘုရားသည် ပါလိလေယျဆင်မင်း၏ ဝေယျာဝစ္စကို လက်ခံ ချီးမြှင့်တော်မူတယ်လို့ ဇမ္ဗူဒိပ ကျွန်းတစ်ကျွန်းလုံး နာမည်ကြီးသွားလေ တော့သည်။

ကောသမ္ဗီပြည်၌ ဖြစ်ပေါ်နေသော သံဃာအရေးအခင်းကလည်း ဝါမကျွတ်ခင် ဝါတွင်းကာလမှာဘဲ ငြိမ်းအေးသွားလေသည်။

ထို့နောက် ဝါကျွတ်သွားသည့်အခါ သာဝတ္ထိပြည်ကြီးမှာ အနာထပိဏ် သူဌေးဥပါသကာ၊ ဝိသာခါဥပါသိကာမ အစရှိသော ရတနာသုံးပါးကို ကြည်ညိုကြသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မြတ်စွာ ဘုရားကို ပင့်စေခြင်းငှာ အရှင်အာနန္ဒာထံ လူစေလွှတ်ကြသည်။

အရှင်အာနန္ဒာလည်း ရဟန်းသံဃာ ငါးရာတို့နှင့်အတူ မြတ်စွာ ဘုရားသီတင်း သုံးတော်မူရာ ပါလိလေယျကတောသို့ ချဉ်းကပ်၍ တောအုပ်

အနီးသို့ ရောက်သောအခါ အရှင်အာနန္ဒာက ကြံစည်တော် မူလိုက်သည် မှာ-

"မြတ်စွာဘုရားဟာ ဝါတွင်းသုံးလပတ်လုံး ကိုယ်တော်တစ်ပါး တည်း သီတင်းသုံးတော်မူပါတယ်၊ ရဟန်းသံဃာငါးရာနဲ့ အတူသွားပြီး ချဉ်းကပ် ဖူးမြင်ရင် မသင့်တော်ဘူး" ဟု ကြံစည်၍ ရဟန်းသံဃာငါးရာ တို့ကို တောအုပ်အနီးနား၌ ခေတ္တခဏစောင့်စေပြီး အရှင်အာနန္ဒာ တစ်ပါး တည်းသာ မြတ်စွာဘုရားဆီအရင် ချဉ်းကပ်လေသည်။

ပါလိလေယျကဆင်မင်းလည်း အဝေးမှကြွလာသော အရှင် အာနန္ဒာ ကိုတွေ့မြင်လျှင် သူ၏နှာမောင်းဖြင့် တုတ်ကိုကိုင်၍ လျှင်မြန်စွာ ပြေးသွား လေသည်။ မြတ်စွာဘုရားက "ဟေး. . . ပါလိလေယျက! သင် မတားမြစ် ပါနဲ့၊ ဒီရဟန်းတော်ဟာ ငါ့ဘုရားရဲ့ ဝေယျာဝစ္စကို ပြုလုပ်ပေးတဲ့ ရဟန်း တော်ပဲဖြစ်ပါတယ်"ဟု မိန့်တော်မူမှ သူကိုင်ထားသော တုတ်ကို အောက်ချ ပြီး သပိတ်၊ သင်္ကန်းတို့ကို လှမ်းယူ၍ ကိုယ်တော်အနီး၌ ချထားလိုက် သည်။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားကို ရှိသေစွာရှိခိုးပြီးလျှင် မိမိနှင့် သင့်လျော် လျောက်ပတ်သည့်နေရာ၌ ထိုင်နေလေသည်။

မြတ်စွာဘုရားက "ချစ်သားအာနန္ဒာ ချစ်သား တစ်ပါးတည်း လာတာလား?"ဟု မေးတော်မူလိုက်သည်။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! ဘုရား တပည့်တော် ရဟန်းငါးရာတွေနဲ့အတူ လာတာပါဘုရား၊ အရှင်ဘုရားရဲ့ အလိုဆန္ဒတော် ကို မသိရသေးလို့ တောအုပ်အစ အဝင်ဝလေးမှာ ခဏ စောင့်ဆိုင်းထား ပါတယ် ဘုရား"

"ချစ်သားအာနန္ဒာ! ရဟန်းများကို ခေါ်ဆောင်လာခဲ့လော့" ဟု မိန့်တော်မူလိုက်သည်။

အရှင်အာနန္ဒာလည်း ခပ်မြန်မြန်သွား၍ ရဟန်းသံဃာတော်တို့ကို ခေါ်ဆောင်လာလေသည်။ မြတ်စွာဘုရားသည် မိမိ၏ ရှေ့မှောက်သို့ ရောက်

လာသော သံဃာတော်များကို ဝမ်းမြောက်ဝမ်းသာ (ပဋိသန္ထာရ) စကား မိန့်ကြားတော်မူလေသည်။

ရဟန်းသံဃာတော်တို့ကလည်း "ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား! အရှင်ဘုရားဟာ ဘုရားဖြစ်လို့ သိမ်မွေ့နူးညံ့တော်မူပါတယ်၊ ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်းပဲ တောထဲမှာ သီတင်းသုံးနေထိုင်တော်မူခြင်းဟာ တော်တော်လေးကို ဆင်းရဲဒုက္ခရောက်ရလောက်တယ်၊ ဝေယျာဝစ္စပြုလုပ်ပေးမဲ့သူ တစ်ယောက်မှမရှိဘူးဘုရား" ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားကလည်း "ချစ်သားရဟန်းတို့! ငါတစ်ပါးတည်းသာ တောထဲမှာ ဆင်းရဲတဲ့အမှုကို ပြုလုပ်ရတာမဟုတ်ဘူး၊ ဒီပါလိလေယျက ဆင်မင်းက ငါ့ဘုရားရဲ့ ပြုလုပ်ဖွယ် ဝေယျာဝစ္စအမှုကို သူအကုန်လုံး တစ်စ မကျန် စီမံပြုလုပ်ပေးတယ်" ဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားတော်မူလိုက်သည်။

ထိုအခါ အရှင်အာနန္ဒာက မိမိ လာခြင်းအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားတော်မူလိုက်သည်မှာ-

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! အနာထပိဏ်သူဌေး၊ ဝိသာခါ စတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများက အရှင်ဘုရား ပြန်ကြွတော်မူခြင်းကို တောင့်တကြတယ်ဘုရား" ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားက "ဒီလိုဆိုရင် ချစ်သားအာနန္ဒာ၊ သပိတ် သင်္ကန်းကို ယူခဲ့လော့" ဟု မိန့်တော်မူ၍ ပါလိလေယျက တောအုပ်ထဲမှ ထွက်ခွာကြွတော်မူလေသည်။

ထိုအခါ ပါလိလေယျကဆင်မင်းလည်း မြတ်စွာဘုရားက ရဟန်းသံဃာတော်တို့နှင့်အတူ ကြွသွားသည်ကိုတွေ့မြင်တော့ အလျင်အမြန် သွားပြီး လမ်းကို ကြီးကျယ်သော မိမိ၏ ခန္ဓာကိုယ်ကြီးဖြင့် တားဆီး ပိတ်ပင်ဟန့်တားလိုက်သည်။

ရဟန်းတော်များက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ဒီဆင်က ဘာကြောင့် လမ်းကိုလာပိတ်ထားတာလဲဘုရား?"ဟု မေးလျှောက်ထားကြလေသည်။

"ချစ်သားရဟန်းတို့! ဒီပါလိလေယျက ဆင်မင်းဟာ ချစ်သားများတို့ သစ်သီးဘောစဉ် လှူဒါန်းချင်တဲ့အတွက်ကြောင့် လမ်းကိုလာပိတ်ထားတာပဲ ဖြစ်ပါတယ်၊ ချစ်သားရဟန်းတို့၊ ဒီပါလိလေယျကဆင်ဟာ ငါဘုရားကို ဝါတွင်းသုံးလပတ်လုံး ပြုစုလုပ်ကျွေးခဲ့တယ်၊ သူဟာ ငါ့အပေါ် အလွန်ကျေးဇူးများတယ်၊ သူတစ်ပါးရဲ့ သဒ္ဓါတရား ကြည်ညိုတဲ့ စိတ်လေးကို မဖျက်စီးကောင်းဘူး၊ ချစ်သားရဟန်းတို့ စောစောက ချစ်သားတို့ ထိုင်တဲ့နေရာမှာပဲ ပြန်လည်သွားကြပါ"ဟု မိန့်တော်မူလိုက်သည်။ ဘုရားအမှူးရှိသော သံဃာတော်များသည် မိမိနေရာသို့ ပြန်ကြွ သီတင်းသုံးမတော်မူကြသည်။

ပါလိလေယျကဆင်မင်းလည်း တောအုပ်ထဲသို့ဝင်၍ ပိန္နဲသီး၊ ငှက်ပျောသီးတို့ကို သယ်ဆောင်ယူလာပြီး အစုလိုက် အစုလိုက် သေချာစွာချထားလေသည်။ အာရုံမိုးသောက် အလင်းရောက်သော နံနက် အချိန်အခါ၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့အား သစ်သီး ဘောဇဉ် လှူဒါန်းလိုက်သည်။ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့သည် သစ်သီးတို့ကို ဘုဉ်းပေးသုံးဆောင်တာ မကုန်နိုင်ပေ။ ဘုဉ်းပေး သုံးဆောင်ပြီးသောအခါ ဘုရားအမှူးရှိသော ရဟန်းသံဃာတို့သည် သပိတ် သက်န်းတို့ကို ယူတော်မူ၍ ပါလိလေယျက တောအုပ်ထဲမှ ထွက်ခွာတော်မူကြသည်။ ပါလိလေယျကဆင်လည်း ရဟန်းသံဃာတော်များကို ကျော်တက်၍ တစ်ဖန် မြတ်စွာဘုရား၏ ရှေ့မှောက်တော်သို့ သွားပြီး မိမိ ခန္ဓာကိုယ်ကြီးဖြင့် လမ်းပိတ်ထားပြန်သည်။

ရဟန်းတော်တို့က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ဒီဆင်ဟာ ဘာကြောင့် နောက်တစ်ခါ လမ်းလာပိတ်ထားပြန်တာလဲ ဘုရား"ဟု မေးလျှောက်ထားပြန်သည်။

"ချစ်သားရဟန်းတို့! ဒီဆင်ဟာ သင်တို့ ချစ်သားရဟန်းများ ကောင်းစွာ ပြန်ကြွခြင်းကိုသာ အလိုရှိကြောင်း ငါဘုရား ပြန်ကြွသွားခြင်းကို သူအလိုမရှိကြောင်း၊ ငါဘုရားရဲ့ရှေ့မှောက်မှာ တစ်ဖန် လမ်းပြန်လာ ပိတ်ထားပြန်တယ်"ဟု မိန့်တော်မူလိုက်သည်။

ထိုနောက် မြတ်စွာဘုရားသည် ပါလိလေယျကဆင်၏ ဦးခေါင်းကို လက်တော်ဖြင့်ပုတ်၍ မိန့်တော်မူလိုက်သည်မှာ-

"ဟေး. . ပါလိလေယျက! ယခု ငါဘုရားထိုင်နေရာမှ ထလာတာ ဟာ တစ်ဖန် ပြန်မကြွတော့တဲ့ ထလာခြင်းဖြစ်ပါတယ်၊ ငါပြန်ကြွ ပေးတော့လည်း ဒီဘဝ ဒီခန္ဓာကိုယ်ကြီးနဲ့ နင်ဈာန်မဂ်ဖိုလ် တရားထူးမရနိုင်ပါ။ နင်က ငါ့ကို လမ်းမပိတ်ထားပဲလမ်းဖယ်ပေးပြီး ဒီနေရာမှာ နေရစ်ခဲ့လော့" ဟု မိန့်တော်မူလေသည်။

ပါလိလေယျကဆင်လည်း မြတ်စွာဘုရား၏စကားကို ကြားရ၍ ချစ်ခြင်းကြောင့်ဖြစ်သော စိတ္တဇဝေဒနာ မိမိနှလုံးသားထဲမှာ ခံနိုင်ရန် မရှိသောကြောင့် နှာမောင်းကို ခံတွင်းပါးစပ်ထဲ၌ သွင်းပြီးလျှင် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမှတစ်ပါး ဘာမှမတတ်နိုင်ဘဲ မျက်ရည်တစ်ပေါက်ပေါက်ကျပြီး ငိုကြွေးမြည်တမ်းနေသည်။ ၎င်းဆင်သည် မြတ်စွာဘုရား၏ နောက်တော်ကနေ ငိုကြွေးပြီး တစ်ကောက်ကောက် လိုက်သွားသည်။

ပါလိလေယျကဆင်သည် မြတ်စွာဘုရားကို ကိုယ်ဖြင့် ဟန့်တား၍ ရခဲ့လျှင် ဤပါလိလေယျတောထဲ၌ မြတ်စွာဘုရား ပြန်ကြွ၍ သီတင်းသုံး တော်မူသည်ရှိသော် မိမိ၏ အသက်ရှင်သမျှ ကာလပတ်လုံး မြတ်စွာဘုရား ကို ပြုစုလုပ်ကျွေးမည် ဖြစ်ပေသည်။

မြတ်စွာဘုရားသည် ခရီးကြွရင်းကြွရင်း ရွာအနီးသို့ ရောက်လာ သော် တစ်ဖန် မိန့်တော်မူပြန်သည်မှာ-

"ဟေး. . ပါလိလေယျက! ဒီနေရာ ဒီဌာနကစပြီး သင်ရဲ့ နေရာလို တောအုပ်ကြီး မဟုတ်တော့ဘူး၊ လူဆိုးလူကောင်း စုပေါင်းပြီးနေတဲ့နေရာ ဖြစ်ပါတယ်၊ လူဆိုးလူကောင်းတွေက နင့်ကို နှောင့်ယှက် အန္တရာယ်ပေး

လိမ့်မယ်၊ ဒါကြောင့် ဒီနေရာဌာနမှစ၍ ရှေ့ကို ဆက်မလိုက်တော့ဘဲ ကောင်းကောင်းမွန်မွန်နေပြီး ဒီမှာဘဲ နေရစ်တော့နော်” ဟု မိန့်တော်မူလေသည်။

ပါလိလေယျကဆင်သည် ယင်းနေရာမှာ နေရစ်ခဲ့ပြီး အကြီးအကျယ် ငိုကြွေးမြည်းတမ်း၍ မြတ်စွာဘုရား ကြွတော်မူရာ လမ်းခရီးကို နောက်ကနေ တစိုက်စိုက်ကြည့်ရှုပြီး မြတ်စွာဘုရား ဟိုအဝေးကြီးရောက်သွားသော် သူ မမြင်ရ၍ အကြီးအကျယ်ခံစားရသောကြောင့် ဝမ်းနည်းငိုကြွေးမြည်တမ်းနေသည်၊ ၎င်းဆင်သည် မြတ်စွာဘုရားနှင့် မခွဲချင်ပဲနဲ့ ခွဲခွာလိုက်ရသောကြောင့် အရမ်းခံစားရ၍ နှလုံးသား ကွဲအက်ပြီး ယင်းနေရာမှာပဲ သေဆုံးသွားတော့သည်။

ပါလိလေယျကဆင်သည် မြတ်စွာဘုရား ကိုယ်မြတ်၌ ကြည်ညိုသော သဒ္ဓါတရားကြောင့် သေသွားသည်နှင့် တစ်ပြိုင်နက် တာဝတိံသာပြည်မှာ ယူဇနာ (၃၀) ရှိသည့် ရွှေဗိမာန်ကြီး၌ နတ်သမီးတစ်ထောင် ခြံရံပြီး ဘုန်းတန်ခိုးနှင့်ပြည့်စုံသည့် နတ်သားလေးတစ်ယောက် သွားဖြစ်ရလေသည်။ နတ်ပြည်မှာ သူ့ကို ပါလိလေယျက နတ်သားဟု ခေါ်ဝေါ်ပြောဆိုကြနေတော့သည်။

ဤဝတ္ထုသာဓကသည် သရဏဂုံ ကုသိုလ်သည် အပါယ် တိရစ္ဆာန်ဖြစ်တဲ့ဆင်တောင်မှ နတ်ပြည်သို့ရောက်အောင်ပို့ပေးစေသည်။ သရဏဂုံကုသိုလ်သည် အကျိုးတရား အလွန်ကြီးမားသည်ဟု သိစေချင်သည်။

ကျမ်းကိုး။

ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်၊ ပါလိလေယျကဝတ္ထု။

## သရဏဂုံကုသိုလ်ကြောင့်
## တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရသည့် ဖားကလေး

မြတ်စွာဘုရားသည် စမ္ပာပြည်ဂဂ္ဂရာ ရေအိုင်အနီး၌ သီတင်းသုံး နေတော်မူသည့် အချိန်ဖြစ်သည်။

အရုဏ်တက်ခါနီး မိုးလင်းအချိန်ကာလ မြတ်စွာဘုရားတို့၏ အလေ့အလာ ဓမ္မတာဖြစ်တော်မူသော မဟာကရုဏာသမာပတ်ကို ဝင်စားတော်မူပြီး၍ သမာပတ်မှထတော်မူပြီးကာ သတ္တလောကကို ကြည့်ရှု ဆင်ခြင်တော်မူလေသည်။ မြတ်စွာဘုရား မြင်တော်မူလိုက်သည်မှာ-

"ယနေ့ညနေအချိန်မှာ ငါဘုရား တရားဟောလို့ရှိရင် ဖားကလေး တစ်ကောင်က တရားသံကို အာရုံပြုနေတုန်းမှာပဲ သူများပယောဂ လက်ချက်နဲ့ သေဆုံးပြီး နတ်ပြည်မှာ ဖြစ်ရပေလိမ့်မယ်၊ နတ်အခြွေအရံ အများအပြားနဲ့အတူ ငါဘုရားရဲ့ ထံတော်မှောက်ကို ရောက်လာပေလိမ့်မယ်။ ပြီးတော့လူတွေအများအပြားသစ္စာ လေးပါးတရားကို သိမြင်ကြပေလိမ့်မယ်၊ ကျွတ်တမ်းဝင်ကြပေလိမ့်မယ်" ဟု ဤအကြောင်းကို မြင်တော်မူလေသည်။

ထို့နောက် ယင်းနေ့ နံနက်အချိန်ဝယ် မြတ်စွာဘုရားသည် နောက်ပါ ရဟန်းသံဃာတော်တို့နှင့်အတူ စမ္ပာမြို့တွင်းသို့ ဆွမ်းခံဝင်တော်မူသည်။ ဆွမ်းကိစ္စပြီးပြီးသည့်နောက် နေ့လယ်အချိန်၌ ဖလ သမာပတ် ချမ်းသာကို ဝင်စားပြီး နေတော်မူလေသည်။

ထို့နောက် ညနေချမ်း အချိန်အခါ၌ ပရိသတ်စုံညီသည့် အခါ ဂန္ဓကုဋိတိုက်တော်မှ တန်ခိုးပြာဋိဟာပြတော်မူလျက် ရေကန်ကမ်းစပ်ရှိ

တရားဟောမဏ္ဍပ်သို့ ကြွလာတော်မူ၍ ပလ္လင်ထက်မှာ သီတင်းသုံး ထိုင်နေတော်မူသည်။

ယင်းအချိန်ဝယ် အင်္ဂါ (၈) ပါးနဲ့ ပြည့်စုံသော အင်မတန်သာယာတဲ့ အသံတော်ကို မြွက်ဆိုပြီး မကြုံစည်နိုင်သော မြတ်စွာဘုရား၏ တရားတန်ခိုးတော်, နှိုင်းယှဉ်စရာ ဥပမာမရှိသော ဘုရားရှင်တို့၏ တင့်တယ်ခြင်းမျိုးဖြင့် တရားစတင် ဟောကြားတော်မူလေသည်။

ထိုအချိန်၌ပင်လျှင် ဖားကလေးတစ်ကောင်သည် ရေကန်မှ တက်လာခဲ့သည်၊ ၎င်းဖားကလေးသည် "ဒီအသံဟာ တရားတော်ရဲ့ အသံပဲ" ဟူသော အမှတ်ဖြင့် တရားအသံတော်ကို အာရုံပြုရင်း ပရိတ်သတ်အစွန်မှာ ဝပ်နေသည်။

ယင်းအချိန်လေးမှာ နွားကျောင်းသားတစ်ယောက်သည် ယင်းနေရာကိုရောက်လာခဲ့သည်။ တရားဟောပေးတော်မူသော မြတ်စွာဘုရားအားလည်းကောင်း၊ အင်မတန် ငြိမ်ငြိမ်သက်သက် တရားနာနေသည့် ပရိသတ်အားလည်းကောင်း၊ သူတွေ့ရသည့်အခါ အင်မတန် စိတ်ပါဝင်စားလာသည်။ အောက်ကို ငုံ့မကြည့်တော့ဘဲ ဖားကလေး၏ ဦးခေါင်းပေါ်၌ တုတ်ထောက်မိလျက်သား ရပ်နေပါတော့သည်။

ဖားကလေးသည် ထိုခဏ၌ပင်လျှင် သေဆုံးသွား၍ တာဝတိံသာနတ်ပြည်မှာ (၁၂) ယူဇနာရှိသည့် ရွှေဗိမာန်ထဲမှာ "အိပ်သော ယောကျ်ားနိုးသောလားသို့"ဟု ဆိုသကဲ့သို့ နတ်သားသွားဖြစ်ရလေသည်၊ နတ်သမီးများသည် ဖားနတ်သားကို ဝိုင်းအုံလာကြသည်။ ၎င်းဖားနတ်သားသည် 'ငါဟာ ဘယ်ဘဝကလာပြီး ဒီဘုံဗိမာန်ထဲမှာ လာဖြစ်ရတာလဲ' ဟု သိလို၍ ဆင်ခြင်စဉ်စားကြည့်လိုက်သည်။

၎င်းဖားနတ်သားသည် "ဩော်၊ ငါ့လိုအဟိတ်တိရစ္ဆာန် ဖားကလေးတောင်မှ ဒီတာဝတိံသာနတ်ပြည်မှာ နတ်သား လာဖြစ်ရတယ်၊ ဒီလိုစည်းစိမ်းချမ်းသာမျိုးကိုလဲ ရနိုင်တယ်၊ ငါဟာ ဘယ်လို ကုသိုလ်ကံမျိုးကို

ပြုခဲ့ဖူးပါလိမ့်” လို့ စုံစမ်းဆင်ခြင်ကြည့်လိုက်တဲ့အခါ ဘုရားရှင်ရဲ့ တရားသံတော်ကို အာရုံပြုကြည်ညိုခဲ့တဲ့ သရဏဂုံ ကုသိုလ်စိတ်မှတစ်ပါး အခြားကုသိုလ်ကောင်းမှု တစ်စုံတစ်ခုကိုမှ မတွေ့ရှိ။ ၎င်းသည် ရှေးဖားဘဝဖြစ်ရပ်ကို အမှန်တိုင်း သိရှိရလေသည်။ ဖားနတ်သားသည် ယင်းအချိန်ဝယ် ဗိမာန်နှင့်တကွ ကြီးမားသည့်နတ်၏ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ဆင်းလာကာ မြတ်စွာဘုရား၏ ခြေတော်တို့ကို ရှိခိုးလေသည်။

မြတ်စွာဘုရားသည် အကြောင်းစုံကို အကုန်အစင် သိမြင်ပြီးသူဖြစ်ပါသည်၊ ကံကို လည်းကောင်း, ကံ၏ အကျိုးတရားကိုလည်းကောင်း၊ မြတ်စွာဘုရား၏ တန်ခိုးတော်ကိုလည်းကောင်း၊ တရားနာလူထု ပရိသတ်အား မျက်မြင်ကိုယ်တွေ့ မြင်စေလိုသည့်အတွက် ဖား နတ်သားအား မေးတော်မူလိုက်သည်မှာ -

“အို မောင်နတ်သား! နင်ဟာ နတ်တွေရဲ့ တန်ခိုးအနေနဲ့လည်း ထွန်းလင်းပါဘိတယ်၊ အခြွေအရံအနေနဲ့လည်း ပေါများတယ်၊ သင့်ရဲ့ ကိုယ်ရောင်ကိုယ်ဝါလည်း အင်မတန် နှစ်လိုဖွယ်ကောင်းတယ်။ အရပ်ဆယ်မျက်နှာတို့ကို တောက်ပစေတယ်၊ ငါဘုရားရဲ့ ခြေတော်တွေကို ရှိခိုးဦးတိုက်လာတယ် နင်ဟာ ဘယ်သူများ ဖြစ်ပါသလဲ?”။

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! တပည့်တော်ဟာ ရှေးဘဝက ရေမှာပေါက်ဖွားပြီး ရေမှာကျက်စားတဲ့ ဖားသတ္တဝါ ဖြစ်ခဲ့ဖူးပါတယ်ဘုရား။ အရှင်ဘုရားရဲ့ တရားတော်ကို နာကြားနေတုန်းမှာ နွားကျောင်းသားတစ်ဦးက တပည့်တော်ကို သတ်ဖြတ်ခဲ့ပါတယ် ဘုရား။

တစ်ခဏမျှ တရားတော်ကို ကြည်ညိုရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဖြစ်လာရတဲ့ တပည့်တော်ရဲ့ ပြည့်စုံမှုကို ရှုတော်မူပါ၊ အခြွေအရံများကိုလည်း ရှုတော်မူပါ၊ နတ်တို့ရဲ့ တခိုးအာနုဘော်ကိုလည်း ရှုတော်မူပါ၊ ကိုယ်အရေအဆင်းကိုလည်း ရှုတော်မူပါ၊ အရောင်အဝါကိုလည်း ရှုတော်မူပါဘုရား။”

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရား! တရားတော်ကို ကြာရှည်လေးမြင့် နာကြားရတဲ့ သူတွေကတော့ တုန်လှုပ်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ဧကန်ရောက်ကြရမှာပဲ၊ အဲဒီနိဗ္ဗာန်ကို ရောက်လို့ရှိရင် စိုးရိမ်ပူပန်ခြင်း အကုန်လုံး ပျောက်ကင်းရမှာ အမှန်ပဲဖြစ်ပါတယ်။"

(ဤစကားသည်တရားနာပရိသတ်များအား ရတနာသုံးတို့၏ ဂုဏ်ကို ထင်ရှား သိစေခြင်းအကျိုးငှါ လျှောက်ထားသောစကားဖြစ်သည်)

ယင်းနောက် ဖားနတ်သားသည် မိမိ၏ ရှေးဘဝဇာတ်ကြောင်းကို အစကနေ ပြန်လည် လျှောက်ထားတော်မူလိုက်သည်။

ယင်းနောက် မြတ်စွာဘုရားက တရားကို ဟောကြားပေးတော်မူသည်။ တရားနာ ပရိတ်သတ်အပေါင်းတို့သည် တရားထူး ရသွားကြလေသည်။

*ကျမ်းကိုး*

*ဝိမာနဝတ္ထုအဋ္ဌကထာ၊*

*မဟာရထဝဂ်၊ မဏ္ဍူကဒေဝပုတ္တဝိမာနဝတ္ထု။*

# သရဏဂုံကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရသည့် လင်းနို့သားများ

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတုန်းက လင်းနို့သားငယ်များတို့သည် တစ်ခုသော ဥမင်လိုဏ်ခေါင်းထဲ၌ တွဲရတွဲရွဲ နေကြပါသည်။

အဘိဓမ္မာပိဋကတ်ကို နှုတ်တက် အာဂုံဆောင်သော ရဟန်းတော်နှစ်ပါးတို့သည် လင်းနို့သားငယ်များနေသည့်နေရာ၊ ယင်းဥမင်လိုဏ်ခေါင်းထဲမှာ အဘိဓမ္မာတရားကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

လင်းနို့သားငယ်များကလည်း "ဒီအသံဟာ တရားတော်ရဲ့ အသံပါပဲ"ဟု တရားတော်ဆိုတဲ့ အမှတ်အသားနဲ့ ယူပြီး (နှလုံးသွင်းပြီး) ရဟန်းတော်(၂) ပါး ရွတ်ဖတ်နေသည့် အဘိဓမ္မာတရားကို နာယူနာယူကြလေသည်။

လင်းနို့သားတို့သည် ကောင်းမှုကုသိုလ်၊ မကောင်းမှုကုသိုလ် မခွဲခွာတတ်၊ မသိပင် မသိပါသော်လည်း " ဒီအသံဟာ တရားတော်ရဲ့ အသံပါပဲ" ဟု အမှတ်အသားယူခြင်းကြောင့် (နှလုံးသွင်းမှန်ကန်ခြင်းကြောင့်) သူတို့သည် တရားနာကြားရခြင်းတည်းဟူသော ဓမ္မသဝနကုသိုလ် ရကြလေသည်။

ဎင်းတို့သည် လင်းနို့သား တိရစ္ဆာန်ဘဝမှသေပြီး တာဝတိံသာနတ်ပြည်သို့ နတ်သားသွားဖြစ်ရကြသည်။ သူတို့သည် အဘိဓမ္မာ တရားနာကြားရခြင်းတည်း ဟူသော ဓမ္မသဝနကုသိုလ်ကြောင့် တရားတော်၏ အစွမ်းသတ္တိတန်ခိုးကြောင့် အလွန်ကြာမြင့်စွာသော ကာလ နတ်စည်းစိမ်ကို ခံစားရကြသည်။

ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ အကြား ကာလပတ်လုံး လူ၊ နတ် စည်းစိမ်ခံစားရသည်။ တာဝတိံသာ နတ်ပြည်၌ နတ်သားသွားဖြစ်သော လင်းနို့သားငယ်တို့သည် တို့ဂေါတမမြတ်စွာဘုရား လက်ထက်တော်ရောက်မှ တာဝတိံသာနတ်ပြည်မှ နတ်ဘဝ နတ်စုတေ နတ်သက်ချွေပြီး သာဝတ္ထိပြည်၌ အမျိုးကောင်းသားလူလာဖြစ်ကြသည်။

လူဖြစ်ပြီး အရွယ်ရောက်လာတော့ အရှင်သာရိပုတ္တရာထံဆီမှာ သက်နိုးဝတ်ပြီး ငါးရာလုံးလုံး ရဟန်းပြုသွားကြသည်။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်၌ ဟောတော်မူပြီးသည့် အဘိဓမ္မာတရားတော်မြတ်ကို အရှင်သာရိပုတ္တရာအား အကျဉ်းအားဖြင့် ပြန်လည် ဟောကြားပေးတော်မူလိုက်သည်။

အရှင်သာရိပုတ္တရာကလည်း မြတ်စွာဘုရားထံဆီမှ သင်ယူခဲ့သော အဘိဓမ္မာတရားတော်မြတ်ကို လင်းနို့သားဖြစ်ဖူးသော ငါးရာသော တပည့် ရဟန်းတော်တို့အား ပြန်လည်သင်ကြားပို့ချ ဟောကြားပေးလိုက်သည်။

ဤဝတ္ထုသာဓကသည် တိရစ္ဆာန်တောင်မှ တရားတော်ကို ကိုးကွယ် ဆည်းကပ်နာယူရင် နတ်ပြည်ရောက်နိုင်သည် တရားတော်၏အစွမ်း သတ္တိ၊ တရားတော်၏ တန်ခိုးတော် ဘယ်လောက်ကြီးမားလည်း ဆိုတာ ဤသာဓကက ထောက်ရှုသောအားဖြင့် သိသာထင်ရှားလှပါသည်။

*ကျမ်းကိုး*

*အဋ္ဌသာလိနီအဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။*

●●●●●●●

## လူတိုင်းသိထားသင့်သော သရဏဂုံအမျိုးမျိုး

## သရဏဂုံ (၃) ပါး

၁။ ဗုဒ္ဓံသရဏံဂစ္ဆာမိ-ဘုရားကို ယုံကြည်ဆည်းကပ်၏။

၂။ ဓမ္မံသရဏံဂစ္ဆာမိ-တရားကို ယုံကြည်ဆည်းကပ်၏။

၃။ သံဃံသရဏံဂစ္ဆာမိ-သံဃာကို ယုံကြည်ဆည်းကပ်၏။

## သရဏဂုံမျိုး (၄) ပါး

၁။ **အတ္တသန္နိယျာတန သရဏဂုံ** - အဇ္ဇအာဒိံကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿနိယျာတေမိ။ဓမ္မဿ နိယျာတေမိ။သံဃဿနိယျာတေမိ။

- ရတနာသုံးပါးတို့ဝင်္ကမှထွက်မြောက်ရန်အတွက် မိမိခန္ဓာ အတ္တဘောကို စွန့်လွှတ်အပ်နှင်း၍ ကိုးကွယ်ဆည်းကပ်ခြင်း။

၂။ **တပ္ပရာယန သရဏဂုံ** - အဇ္ဇ အာဒိံကတွာ အဟံ ဗုဒ္ဓဿ ပရာယနော၊ ဓမ္မဿ ပရာယနော၊သံဃဿပရာယနော။

- ယနေ့မှစ၍ငါသည် ရတနာသုံးပါးသာလျှင် လဲလျောင်းရာရှိ၏ဟု စိတ်မှာကြံ၍ ဤသို့ ကျွန်ုပ်ကိုမှန်ကန်လော့ဟု လျှောက်ထား တည်ဆောက်ခြင်း။

၃။ **သိဿဘာဝုပဂမန သရဏဂုံ** - အဇ္ဇ အာဒိံကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော။ ဓမ္မဿ အန္တေဝါသိကော။ သံဃဿ အန္တေဝါသိကော။ ယနေ့မှစ၍ ငါသည် ရတနာသုံးပါး၏ တပည့်သားတည်းဟု တပည့်အဖြစ် လျှောက်ထား တည်ဆောက်ခြင်း။

၄။ **ပဏိပါတ သရဏဂုံ** - အဇ္ဇ အာဒိံ ကတွာ အဟံ ဗုဒ္ဓသ္သ အတိ ဝါဒနံ ပစ္စုပ္ပဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ကရောမိ။ ဓမ္မသ္သ . . . . . . ကရောမိ။ သံဃဿ. . . . ကရောမိ။

ယနေ့မှစ၍ ငါ့ကို ရတနာသုံးပါးတို့အား ရှိခိုးခြင်း လက်အုပ်ချီခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လွန်စွာအရိုအသေပြုခြင်း ရှိသောသူဟု မှတ်ထင်တော်မူပါဟု လျှောက်ထား၍ ကိုးကွယ်ဆည်းကပ်ခြင်း။

## သရဏဂုံဆောက်တည်ပုံ နည်းပေါင်း (၁၀)

၁။ ဇာတိပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၂။ ဇာတိပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၃။ ဇာတိပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

ပဋိသန္ဓေတည်နေမှုဆုံးသည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏။

၄။ ဘောဂပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၅။ ဘောဂပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၆။ ဘောဂပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

စည်းစိမ်ချမ်းသာ ဆုံးသည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ်ဆည်းကပ်ပါ၏။

၇။ ဇီဝိတပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၈။ ဇီဝိတပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၉။ ဇီဝိတပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

အသက်ကုန်ဆုံးသည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

၁၀။ ယာဝဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

၁၁။ ယာဝဇီဝံ ဓမ္မံ သရဏံ ဂစ္ဆာမိ။

၁၂။ ယာဝဇီဝံ သံဃံ သရဏံ ဂစ္ဆာမိ။

အသက်ရှည်သမျှကာလပတ်လုံး (လ) ပါ၏။

၁၃။ မရဏကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၁၄။ မရဏကာလံ ဓမ္မံသရဏံဂစ္ဆာမိ။

၁၅။ မရဏကာလံ သံဃံသရဏံဂစ္ဆာမိ။

သေသည့်ကာလတိုင်အောင် (လ)ပါ၏။

၁၆။ မရဏပရိယန္တကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၁၇။ မရဏပရိယန္တကာလံ ဓမ္မံသရဏံဂစ္ဆာမိ။

၁၈။ မရဏပရိယန္တကာလံ သံဃံသရဏံဂစ္ဆာမိ။

သေခြင်းဆုံးရာတိုင်အောင် (လ)ပါ၏။

၁၉။ ယာဝအရဟတ္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၂၀။ ယာဝအရဟတ္တံ ဓမ္မံသရဏံဂစ္ဆာမိ။

၂၁။ ယာဝအရဟတ္တံ သံဃံသရဏံဂစ္ဆာမိ။

အရဟတ္တဖိုလ်ရသည့်တိုင်အောင် (လ)ပါ၏။

၂၂။ အရဟတ္တပရိယောသာနကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၂၃။ အရဟတ္တပရိယောသာနကာလံ ဓမ္မံသရဏံဂစ္ဆာမိ။

၂၄။ အရဟတ္တပရိယောသာနကာလံ သံဃံသရဏံဂစ္ဆာမိ။

အရဟတ္တဖိုလ်ရ၍ဘဝဆုံးတိုင်အောင် (လ)ပါ၏။

၂၅။ နိဗ္ဗာနကာလံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၂၆။ နိဗ္ဗာနကာလံ ဓမ္မံသရဏံဂစ္ဆာမိ။

၂၇။ နိဗ္ဗာနကာလံ သံဃံသရဏံဂစ္ဆာမိ။

နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် (လ)ပါ၏။

၂၈။ နိဗ္ဗာနကာလပရိယန္တံ ဗုဒ္ဓံသရဏံဂစ္ဆာမိ။

၂၉။ နိဗ္ဗာနကာလပရိယန္တံ ဓမ္မံသရဏံဂစ္ဆာမိ။

၃၀။ နိဗ္ဗာနကာလ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။
ပရိနိဗ္ဗာန် စံသည့်တိုင်အောင် ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် ဆည်းကပ်ပါ၏။

## ဘုရားဂုဏ်တော် (၉) ပါး

၁။ **အရဟံဂုဏ်တော်** - လူ၊ နတ်၊ ပြဟ္မာ သတ္တဝါ ဟူသမျှတို့၏ ပူဇော်အထူးကို ခံယူထိုက်သောဂုဏ်။

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်**- တရားအပေါင်းကို သိမြင်တော်မူသော ဂုဏ်။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်**- နိဗ္ဗာန်ရောက်ကြောင်း ဝိဇ္ဇာ စရဏ တရားအပေါင်းနှင့် ပြည့်စုံတော်မူသောဂုဏ်။

၄။ **သုဂတဂုဏ်တော်**- ကမ္ဘာသူ ကမ္ဘာသားတို့ ချမ်းသာရေးအတွက် ကောင်းစွာ ကြွလာခြင်း။ နိဗ္ဗာန်သို့ ကောင်းစွာကြွတော်မူခြင်း။

၅။ **လောကဝိဒူဂုဏ်တော်** - လောကဓာတ်အနန္တ၌ ဖြစ်ရှိသမျှတို့ကို ကုန်အောင်စုံအောင် သိတော်မူသောဂုဏ်။

၆။ **အနုတ္တရောပုရိသဓမ္မသာရထိ ဂုဏ်တော်** - မယဉ်ကျေးသော လူကြမ်း၊ နတ်ဆိုး တိရစ္ဆာန်အမျိုးမျိုးတို့ကို ယဉ်ကျေးလိမ္မာစေရာ၌ အတုမဲ့ဖြစ်သောဂုဏ်။

၇။ **သတ္ထာဒေဝ မနုဿာနဂုဏ်တော်** - လူ နတ် ပြဟ္မာ သတ္တဝါ ဟူသမျှ တို့၏ ဆရာဖြစ်တော်မူသောဂုဏ်။

၈။ **ဗုဒ္ဓဂုဏ်တော်** - သစ္စာလေးပါး အမှန်တရားကို သူတစ်ပါးတို့အား ကွဲပြားစွာသိစေတော်မူတတ်သောဂုဏ်။

၉။ **ဘဂဝါဂုဏ်တော်**-သူမတူအောင် ဘုန်းတော်ရှင်ဖြစ်သော ဂုဏ်။

## တရားဂုဏ်တော် (၆) ပါး

၁။ **သွာက္ခာတဂုဏ်တော်** - စ, လယ်, ဆုံး, သုံးပါး အလုံးစုံ ကောင်းသော ဂုဏ်။

၂။ **သန္ဒိဋ္ဌိကဂုဏ်တော်**-ကျင့်သူတို့အား ဘဝမခြားဘဲ၊ ဒိဋ္ဌ မျက်မှောက် ကိုယ်တွေ့အကျိုးခံစားရသောဂုဏ်၊

၃။ **အကာလိကဂုဏ်တော်** - ကာလမရွေ့ ကျင့်သည့်နေ့ပင် မင်္ဂလာ ကောင်းကျိုး ဖြာဝေဖြိုးသောဂုဏ်။

၄။ **ဧဟိပဿိက ဂုဏ်တော်** - လာလှည့် ရှုလှည့် ကျင့်လှည့်စမ်းပါ လွန်ချမ်းသာ၏ဟု အစမ်းခံခြင်းငှာထိုက်သောဂုဏ်။

၅။ **ဩပနေယျိကဂုဏ်တော်** - မိမိကာယ အဇ္ဈတ္တတွင် ရရှိ ပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်၍ ဆောင်ထိုက်သော ဂုဏ်။

၆။ **ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိဂုဏ်တော်** - အသီးသီးသော မိမိတို့ သန္တာန်၌ ချမ်းသာပါပေ၊ ကောင်းပါပေဟု ကိုယ်စိတ် နှစ်ဖြာ ချမ်းသာစွာ ခံစားသိမြင်ရသော ဂုဏ်တော်။

## သံဃာဂုဏ်တော် ၉-ပါး

၁။ **သုပ္ပဋိပန္နဂုဏ်တော်** - သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်စုံသော ဂုဏ်။

၂။ **ဥဇုပ္ပဋိပန္နဂုဏ်တော်** - သီလ၊သမာဓိ၊ပညာ သိက္ခာသုံးရပ် လွန်ဖြောင့်မတ်စွာ ကျင့်ကြံ အားထုတ်တော်မူသောဂုဏ်။

၃။ **ဉာယပ္ပဋိပန္နဂုဏ်တော်** - နိဗ္ဗာန်သို့ ရည်ရွယ်၍ သုံးလမ်းသော သိက္ခာတို့ကို ဆောက်တည်သောဂုဏ်။

၄။ **သာမီစိပ္ပဋိပန္နဂုဏ်တော်** - လူနတ်ဦးခိုက် ရှိသေထိုက်အောင် ကျင့်ဆောင်တော်မူသောဂုဏ်။

၅။ **အာဟုနေယျဂုဏ်တော်** - ဧည့်သည်တော်များအား ရည်စူးထားသော လှူဖွယ်ဝတ္ထုတို့ကို ခံယူခြင်းငှာထိုက်သောဂုဏ်။

၆။ **ပါဟုနေယျဂုဏ်တော်-** လက်ဆောင်ပေးရန် ယူလာသည့် မွန်မြတ်သောဝတ္ထုတို့ကို ခံယူခြင်းငှာထိုက်သောဂုဏ်။

၇။ **ဒက္ခိဏေယျဂုဏ်တော်** - မွန်မြတ်ကြီးကျယ်သော အလှူတော်များကို ရှိခိုးခြင်းငှာထိုက်သော သီလသမာဓိ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူခြင်း။

၈။ **အဉ္ဇလီကရဏီယ ဂုဏ်တော်-** လူနတ်ပြဟ္မာ သတ္တဝါတို့၏ တုပ်ကွရှိကျိုးရှိခိုးခြင်းကို ခံထိုက်သောဂုဏ်။

၉။ **အနုတ္တရံ ပုညခေတ္တံ လောကဿဂုဏ်တော်** - ကုသိုလ်မျိုးမှန်စိုက်ပျိုးရန်အတွက် အဖိုးအနဂ္ဃထိုက်တန်သော လယ်ယာမြေကောင်းနှင့် တူသောဂုဏ်။

## ဘာသာတရား၌
## ကိုးကွယ်ဆည်းကပ်ခြင်းအကြောင်းအရင်း (၄) ပါး

၁။ **ဉာတိ** - တို့အမျိုးနွယ်ဖြစ်သော ဘုရား၊ တရား၊ သံဃာ ဟူသော သဘောထားဖြင့် ကိုးကွယ်ဆည်းကပ်ခြင်း။

၂။ **ဘယ** - ဘေးရန်တို့ကို ကြောက်သောကြောင့် ကိုးကွယ်ဆည်းကပ်ခြင်း။

၃။ **အာစရိယ** - ငါ့အား တစ်စုံတစ်ခုသော အတတ်ပညာကို ပေးသူဟု ကျေးဇူးတင်အပ်သော ဆရာအမှတ်ဖြင့် ဆည်းကပ်ကိုးကွယ်ခြင်း။

၄။ **ဒက္ခိဏေယျ**- လောကသုံးပါး၌ မြတ်သောတရား၊ အကျင့်သီလများရှိ၍ မြတ်သောအလှူကို ခံထိုက်သသူဟု စီစစ် ဝေဖန်ပြီး ကိုးကွယ်ခစားခြင်း။
ဤဒက္ခိဏေယျအမျိုးကား အမြတ်ဆုံး ကိုးကွယ်ခြင်း ဖြစ်သည်။

## တစ်နည်း

၁။ **ဘယ** - ဘေးကြောင့် ကိုးကွယ်ဆည်းကပ်ခြင်း။

၂။ **လာဘ** - ရအံ့သော ပစ္စည်းလာဘ်ကို မျှော်ကိုး၍ ကိုးကွယ်ခြင်း။

၃။ **ကုလ** - ဂုဏ်ကျေးဇူး အစစ်ကို မသိမဝေဖန်ပဲ မျိုးရိုးစဉ်ဆက်က ကိုးကွယ်ဆည်းကပ်လာ၍ ကိုးကွယ်ခြင်း။

၄။ **ဒက္ခိဏေယျ** - ဒက္ခိဏေယျပုဂ္ဂိုလ်အဖြစ် မှန်/မမှန် မိမိဉာဏ်ဖြင့် စီစစ်ဝေဖန်ပြီးမှ ကိုးကွယ်ခြင်း။

ကျမ်းကိုး။ (သုတေသန သရုပ်ပြအဘိဓာန်)

●●●●●●●

## သိစေချင်သည်

သူ့ကိုလည်း ငါမပိုင်၊ ငါ့ကိုလည်း သူမပိုင်၊
ဘယ်သူ့ကိုမှ ဘယ်သူမပိုင်၊ ငါ့ကိုယ်သော်မှ ငါမပိုင်၊
အချိန်တိုင်းက -
သူဖြစ်ချင်သလို ဖြစ်၊ ငါဖြစ်ချင်သလို မဖြစ်၊
လူကသော်လည်း ဥစ္စာကိုပစ်၊
ဥစ္စာကသော်လည်း လူကိုပစ်၊
စင်စစ်မုချ
အမြဲမရှိ "အနိစ္စ"
ကြောက်စရာ "ဒုက္ခ"
အစိုးမရ "အနတ္တ" ပါတကား။

**ဒီပဲရင်းဆရာတော်**

●●●●●●●

# အခန်း (၃)

# သီလ ဟူသည်

**'သီလ'** ဟူသည်မှာ ပါဠိဝေါဟာရဖြစ်သည်။ ထိုပါဠိ ဝေါဟာရကိုပင် မြန်မာစကားအဖြစ် မွေးယူထားသည်။ သီလသည် ကိုယ်ချင်းစာတရားကို အခြေခံသည်။ မိမိအား ကိုယ်ဖြင့် ကိုယ်ထိလက်ရောက် လွန်ကျူးခြင်း, ပါးစပ်ဖြင့် ဆဲရေးခြင်း၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း, စိတ်ဆိုးခြင်း တစ်ခုခုဖြင့် တစ်စုံတစ်ယောက်က ပြစ်မှားကျူးလွန်လျှင် မိမိက ကြိုက်မည် မဟုတ်။ ထိုနည်းတူစွာ မိမိကလည်း တစ်ပါးသူအပေါ် ကိုယ်ဖြင့် ကိုယ်ထိလက်ရောက်လွန်ကျူးခြင်း, ပါးစပ်ဖြင့် ဆဲရေးခြင်း ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခြင်း, စိတ်ဆိုးခြင်း တစ်ခုခုဖြင့် ပြစ်မှား ကျူးလွန်လျှင် ထိုသူက ကြိုက်မည်မဟုတ် ဟူ၍ ကိုယ်ချင်းစာတရားဖြင့် သတိထားဆင်ခြင် ပြုမူ ပြောဆိုမိလျှင် သီလကို စောင့်ထိန်းပြီး ဖြစ်တော့သည်။ အချုပ်အားဖြင့် ကာယကံမှု၊ ဝစီကံမှုတို့ကို ရုန့်ရင်းကြမ်းတမ်းစွာ ဖြစ်ခွင့်မပေးဘဲ သိမ်မွေ့နူးညံ့အောင် ကောင်းစွာ ထားတတ်ခြင်းကြောင့် 'သီလ' ဟု ခေါ်ရ၏။ တစ်နည်း။ ကုသိုလ်တရားများ အဆင့်ဆင့် ဖြစ်ပွားစေရန် အခြေခံ အကြောင်းရင်းအဖြစ် ဆောင်ရွက်တတ်ခြင်းကြောင့် 'သီလ' ဟု ခေါ်ရ၏။

လူ့လောကီအသိုင်းအဝိုင်းတွင် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ အမျိုးမြတ်သည်ဖြစ်စေ၊ နိမ့်သည်ဖြစ်စေ၊ ဘွဲ့ထူး ဂုဏ်ထူး ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ကိုယ်ကျင့်တရားကောင်းသူ၊ သီလနှင့် ပြည့်စုံသူကို လူတို့ချစ်ခင်မြတ်နိုးကြသည်။

## ဂရုဓမ္မသီလ (ငါးပါးသီလ)

ငါးပါးသီလသည် လူတို့ အမြဲထာရဝ စောင့်ထိန်းအပ်သောကြောင့် **"နိစ္စသီလ"**ဟု ခေါ်၏။

သူတော်ကောင်းတို့ တစ်သက်လုံး မကျိုးပေါက်ရအောင် အလေးအမြတ်ပြုလျက် စောင့်ထိန်းအပ်သည့် အကျင့်ဖြစ်သောကြောင့် **"ဂရုဓမ္မသီလ"** ဟုလည်း ခေါ်ကြ၏။

ငါးပါးသီလ ပြည့်စုံဆောက်တည်ထားသူကို အရိယာ သူတော်ကောင်းကြီးများက နှစ်သက်မြတ်နိုးသောကြောင့် **"အရိယ ကန္တသီလ"** ဟု လည်း ခေါ်၏။

အိမ်ရာတည်ထောင် လူဝတ်ကြောင်မှန်သမျှ ကျင့်သုံး စောင့်ထိန်းထိုက်သည့် သီလ ဖြစ်သောကြောင့် **"ဂဟဌသီလ"** ဟုလည်း ခေါ်ကြသည်။

## လိုတိုင်းရ၍ တ,တိုင်း ပြီးနိုင်သော သီလအကျိုး

မြတ်စွာဘုရားရှင်က " ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ"ဟူသော စကားတော်ဖြင့် သီလအကျိုးအတွက် အာမခံချက် ပေးထားတော်မူ၏။ "ရဟန်းတို့ သီလရှိသူမှာ သူ၏ တောင့်တမှုက စင်ကြယ်နေသည့်အတွက် လိုတိုင်း ရ၍ တ,တိုင်း ပြည့်စုံနိုင်ပေ၏။" ကျမ်းကိုး၊အံ-၃၊ ၇၀။

## သီလအကျိုးထူးတရားများ

သီလနှင့်ပြည့်စုံသော ပုဂ္ဂိုလ်သည် မမေ့မလျော့ မပေါ့တန်ခြင်း ဟူသော အကြောင်းရင်းခံကြောင့် အောက်ပါ အကျိုးထူး တရားများကို ရရှိနိုင်၏-

၁။ ကြီးစွာသော စီးပွားဉစ္စာရသည်။

၂။ ကောင်းသော ကျော်စောသတင်း ပျံ့နှံ့သည်။

၃။ ပရိသတ် လူပုံအလယ်၌ ရဲရင့်ကျက်သရေရှိစွာ ဆက်ဆံရသည်။

၄။ မိမိပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်တို့ကို ဆင်ခြင်လျက် မတွေ မဝေ ကြည်ကြည်လင်လင် သေရသည်။

၅။ သေလွန်ပြီး နောက်ဘဝ၌ နတ်ရွာသို့ မချွတ်ဧကန် ရောက်ရသည်။

ကျမ်းကိုး
ဒီ-၂၊၇၃။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူစဉ် အပြစ်ကင်းစင်သော သီလ၏ အကျိုးအာနိသင်တို့ကို အရှင်အာနန္ဒာက မေးမြန်းလျှောက်ထားရာ၌ ဘုရားရှင်က သီလ၏အကျိုးဆက်တို့ကို အောက်ပါအတိုင်းမိန့်ကြားတော်မူခဲ့၏ -

၁။ ဖြူစင်သော သီလစွမ်းအားကြောင့်စိတ်နှလုံးရွှင်လန်း၏။

၂။ စိတ်နှလုံး ရွှင်လန်းသောကြောင့် ဝမ်းမြောက်ဝမ်းသာ ခံစားရ၏။

၃။ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းကြောင့် နှစ်သက်ပီတိဖြစ်ပေါ်၏။

၄။ နှစ်သက်မှုပီတိကြောင့် ငြိမ်းအေးမှု ဖြစ်ပေါ်၏။

၅။ ငြိမ်းအေးမှုကြောင့် ကိုယ်စိတ်ချမ်းသာ၏။

၆။ ကိုယ်စိတ်ချမ်းသာမှုကြောင့် တည်ကြည်မှုအကျိုးအာနိသင်ရရှိ၏။

၇။ တည်ကြည်မှုကြောင့် ဟုတ်တိုင်းမှန်စွာ သိမြင်ရ၏။

၈။ ဟုတ်တိုင်းမှန်စွာသိသည့်အခါ ငြီးငွေ့မှု ဖြစ်ပေါ်၏။

၉။ ငြီးငွေ့မှုကြောင့် တပ်မက်ခြင်းကင်း၏။

၁၀။ တပ်မက်မှုကင်းခြင်းကြောင့် လွတ်မြောက်မှုနှင့် လွတ်မြောက်မှု အကျိုးအာနိသင်ကို ရရှိ၏။ ဤသို့ဖြစ်ပေါ်လျှင် ဖြူစင်သော သီလသည် အစဉ်အတိုင်း အရဟတ္တဖိုလ်သို့ ရောက်ရ၏။

ကျမ်းကိုး
အံ-၃၊ ၂၅၇၊ ၅၁၅။

## ငါးပါးသီလ အမြဲတမ်းစောင့်ထိန်းသည့်သူ

ငါးပါးသီလအမြဲစောင့်ထိန်းသည့်သူဆိုတာ ငါးပါးသီလကို ရိုးရိုးခံယူစောင့်တည်ထားရုံနှင့် မပြီးသေးဘူး။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။ အဒိန္နာဒါနာဝေရာမဏီ သိက္ခာပဒံ သမာဒိယာမိ စသည်တို့ သာမညဟု ဆိုထားရုံနှင့်မရပေ၊ တစ်ကယ် သတ်ဖို့ ကြုံလာသည့်အခါ တစ်ကယ်ရှောင်ကြဉ်နိုင်ရမည်။ အတင်း အဓမ္မ ခိုးခိုင်းသော်လည်း ရှောင်ကြဉ်နိုင်ရမည်။ သိလျက်သားနဲ့ မသိချင်ဟန်ဆောင်ပြီး မကျူးလွန်ရဘူး၊ အဲ့ဒီလိုလုပ်မှ နိဗဒ္ဓပုညဖြစ်မည်။ ဂတိနိဗဒ္ဓဖြစ်မည်။ သောတာပန္နသဒိသာနေဝ၊ သောတာပန်ပုဂ္ဂိုလ်နှင့် တူမည်။ သောတာပန်ပုဂ္ဂိုလ် အပါယ်တံခါးပိတ်ပြီး လူ့ပြည်နတ်ပြည် ရောက်ရမြဲသကဲ့သို့ ဤ

ငါးပါးသီလ အမြဲစောင့်ထိန်းထားသည့် ပုဂ္ဂိုလ်ကလည်း အပါယ်မကျ တော့ဘူး၊ လူ့ပြည် နတ်ပြည် ရောက်ဖို့မြဲသည်ဟု သဥပါဒိသေသသုတ်မှာ ဟောတော်မူထားခဲ့သည်။ ထိုသို့ ဟောထားတော်မူရာ၌ ငါးပါးသီလ ကုသိုလ်ကြောင့် အပါယ်လေးပါး လားရောက်ရခြင်းမှ ကင်းလွတ်၍ သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ နတ်ပြည် ရောက်သွားကြသူများကို ဝတ္ထုသာဓက ဖော်ပြသွားမည်။

## ငါးပါးသီလ ကုသိုလ်ကြောင့် သိကြားမင်း အကြိမ် (၃၀) ဖြစ်ရသည့် ပဉ္စသီလသမာဒါနိယထေရ်လောင်း

ပဉ္စသီလသမာဒါနိယလောင်း အမျိုးကောင်းသားသည် စန္ဒဝတီ မြို့၌ စာရင်းငှားဖြစ်၍ သူတစ်ပါးအလုပ်ကို လုပ်နေရသဖြင့် ရဟန်း အဖြစ်ကို မရခဲ့ပေ၊ ပဉ္စသီလသမာဒါနိယလောင်း အမျိုးကောင်းသား သည် "ငါဟာ ဝဋ်ဆင်းရဲမှ လွတ်ပါအောင် ဘာကုသိုလ်ကောင်းမှု လုပ်ရ မလဲ"ဟု ကြံစည်ပြီးလျှင် ငါးပါးသီလကို အမြဲစောင့်ထိမ်းသည်၊ အနောမ ဒဿီ မြတ်စွာဘုရား၏တပည့် အရှင်နိသဘမထေရ်ထံ ချဉ်းကပ်၍ အနှစ် တစ်သိန်း ကာလပတ်လုံး ငါးပါးသီလကို ခံယူ ဆောက်တည်သည်။ သေခါနီးအချိန် ရောက်လာသော် ၎င်းအမျိုးကောင်းသားထံ နတ်မြင်း ရထားတစ်ထောင် ရောက်လာသည်။

၁။ သေခါးနီးအခါဝယ် မိမိ စောင့်ထိမ်းခဲ့သော ငါးပါးသီလကို အောက်မေ့ အမှတ်ရသဖြင့် တာဝတိံသာနတ်ပြည်သို့ ရောက်ရ သည်။

၂။ နတ်သမီးအခြံအရံတို့နှင့်ပြည့်စုံသည့် သိကြားမင်း အကြိမ် (၃၀) ဖြစ်ရသည်။

၃။ စကြာဝတေးမင်း (၇၅) ကြိမ် ဖြစ်ရသည်။

၄။ ကြီးကျယ်ခမ်းနားသော ပဒေသရာဇ်မင်း ဧကရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်အောင် ဖြစ်ရသည်။

၅။ နတ်ပြည်မှ စုတေသောအခါ ဝေသာလီပြည်ဝယ် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသည့်အမျိုး၌ ဖြစ်ရသည်။

၆။ မြတ်စွာဘုရားသာသနာတော် ထွန်းလင်းတောက်ပစဉ် ဝါဆိုခါနီး အချိန်တွင် မိဘတို့ ငါးပါးသီလ ဆောက်တည်သောအခါ သီလနှင့် စပ်သောစကားကို ကြားနာရသည်နှင့်တပြိုင်နက် ငါးနှစ်သားသာ ရှိသေးသော်လည်း မိမိဆောက်တည်ပြီးသော ငါးပါးသီလကို အမှတ်ရ အောက်မေ့နိုင်သည်ဖြစ်၍ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုရရှိသည်။

၇။ ငါးပါးသီလကို ဆောက်တည်သောအခါမှစ၍ အပါယ်လေးပါး မကျမရောက်ဘဲ လူ နတ် စည်းစိမ်ကို ခံစားရပြီးလျှင် လူ့ပြည်၊ နတ်ပြည်မှာချည်း ဖြစ်ရသည်။

ဤဝတ္ထုသာဓကသည် ငါးပါးသီလ စောင့်ထိန်းလျှင် သောတာပန်ကဲ့သို့ အပါယ်မကျသည့် ပုထုဇဉ်လူသား ဝတ္ထုသာဓက အထောက်အထားတစ်ခုဖြစ်သည်။

*ကျမ်းကိုး အပဒါနပါဠိ ၁/၈၄*

●●●●●●●

# ငါးပါးသီလကုသိုလ်ကြောင့် နတ်သားဖြစ်ရသည့် သုဇာတမင်းသား

## (ရှင်ဘုရင်ကို မလုပ်ချင် ကုသိုလ်ကိုသာ လုပ်ချင်သူ)

မြတ်စွာဘုရားသည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းတော၌ ခန္ဓပရိနိဗ္ဗာန် ဝင်စံတော်မူပြီး သိပ်မကြာသေးသည့် အချိန်ဖြစ်သည်။

အရှင်မဟာကဿပ မထေရ်သည် ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ် တရားတော်မြတ်ကို သင်္ဂါယနာတင်ရန်အတွက် ရဟန္တာအရှင်သူမြတ် ငါးရာ ရွေးချယ်တော်မူလိုက်သည်။

ရဟန္တာအရှင်သူမြတ်များသည် ဝါမဆိုမီ ဝေနေယျသတ္တဝါများကို တရားဒေသနာ အမြိုက်ဆေး တိုက်ကျွေးဆုံးမရန်အတွက် မိမိတပည့်နှင့်တကွ မြို့ရွာအရပ်များ အသီးသီးကြွသွားတော်မူကြသည်။ ထိုသို့ ကြွသွားတော်မူကြရာ၌ အရှင်မဟာကစ္စည်း ရဟန္တာအရှင်သူမြတ်က သာသနာမထွန်းကားသောဒေသ တောတစ်ခုမှာ ကြွသွား သီတင်းသုံးတော်မူသည်။

ယင်းအချိန်ဝယ် အဿကတိုင်း၊ ပေါတလိမြို့၌ အဿက မင်းကမင်းလုပ် အုပ်ချုပ်နေသည်။ ဘုရင်မင်းမြတ်၏ သားတော်မှာ သုဇာတမင်းသား ဖြစ်သည်။ သုဇာတမင်းသားသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတုန်းက ရဟန်းပြုခဲ့ဖူးသူဖြစ်သည်။ ၎င်းသည် သေလွန်သွားသောအခါ ထိုကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်တွင် နတ်သား သွားဖြစ်ရလေသည်။

၎င်းသုဇာတမင်းသားသည် ဆက်ကာဆက်ကာ လူ့ပြည် နတ်ပြည်၌သာလျှင် လူဖြစ်လိုက် နတ်ဖြစ်လိုက် ကဿပ မြတ်စွာဘုရားနှင့်

ဂေါတမ မြတ်စွာဘုရား၏ ကြားကာလမှာ ဘဝလောကီစည်းစိမ် ခံစားပြီး တို့ဂေါတမမြတ်စွာဘုရား ပွင့်တော်မူ၍ ဝါတော်သုံးဆယ်ရသည့် အချိန်မှာ အဿကတိုင်း အဿကရှင်ဘုရင်ကြီး၏သား လာဖြစ်ရလေသည်။ မင်းသားလေးကို သုဇာတမင်းသားဟု အမည်မှည့်လိုက်သည်။

"မြတ်စွာဘုရား ဝါတော် သုံးဆယ် ရသည့်အချိန်မှာ သုဇာတ မင်းသားက မွေးဖွားလာသည့် အချိန်ဖြစ်သည်။ မြတ်စွာဘုရား ဝါတော် (၄၅) ဝါ ရတော်မူ၍ ပရိနိဗ္ဗာန် ဝင်စံတော်မူပြီးသည့်အချိန်မှာ သုဇာတ မင်းသား (၁၆) နှစ် အရွယ်ထဲသို့ ရောက်နေပြီဟု တွက်ဆ သိရသည်"။ သုဇာတမင်းသား၏ မယ်တော်မိဖုရား ကွယ်လွန်သွားတော့ ခမည်းတော် အဿကမင်းကြီးက နောက်ထပ် မင်းသမီးချောလေး တစ်ယောက်ကို မိဖုရားကြီးရာထူး ခန့်အပ်လိုက်သည်။

ဒုတိယမြောက်မိဖုရားကြီးကလည်း သားယောကျ်ား တစ်ယောက် မွေးဖွားသန့်စင်သည်။ မင်းကြီးသည် ဒုတိယမြောက် မိဖုရား၏ သားငယ် လေးကို တွေ့ရတော့ ဝမ်းမြောက်ဝမ်းသာဖြစ်၍ "ကဲ မိဖုရားလေးရယ် မင်း လိုတဲ့ဆုကို တောင်းယူလော့"ဟု ပြောဆိုပြီး ရှင်ဘုရင်မင်းကြီးက မိဖုရားကြီးအား ဆုလာဘ်တော်ပေးလိုက်သည်။ မိဖုရားကလည်း "မှန်လှ ပါ အရှင်မင်းကြီး ကျွန်တော်မျိုးမ အလိုရှိတဲ့အခါ တောင်းယူပါ့မယ်"ဟု ပြန်လည် သံတော်ဦးတင်ပြီး ဆုလာဘ်တော်ကို စကားဖြင့် လက်ခံထား လိုက်သည်။

သုဇာတမင်းသား ၁၆ နှစ် အရွယ်သို့လည်း ရောက်တော့ ဒုတိယ မိဖုရားကြီးက မင်းကြီးကို ဆုလာဘ်တော်ကို တောင်းလိုက်သည်မှာ- "အရှင်မင်းကြီး! ကျွန်တော်မျိုးမ သားငယ်လေး မွေးဖွားတုန်းက ကျွန်မ အား ဆုလာဘ်တော်ပေးမယ်လို့ ပေးခဲ့ဖူး ပြောခဲ့ဖူးတယ်လေ။ အဲဒီပေးခဲ့ ဖူးတဲ့ ဆုလာဘ်တော်ကို ယခု ကျွန်တော်မျိုးမအား ပေးတော်မူပါလော့" ဤသို့ သံတော်ဦးတင်လျှောက်ထားလိုက်သည်။

"မိဖုရားလေးရယ်! ငါ ပေးပါ့မယ်၊ မင်း လိုချင်ရာ ပြောပါလော့ တောင်းပါလော့"။

"အရှင်မင်းကြီး! ကျွန်တော်မျိုးမရဲ့ သားကို တိုင်းပြည်ရာထူး အပ်နှင်းပေးပါလော့၊ ကျွန်မရဲ့သားကို ရှင်ဘုရင်ရာထူး ပေးတော်မူပါလော့"။

မင်းကြီးက "ဟဲ့ . လူယုတ်မာမ၊ ငါ့ရဲ့သားကြီး သုဇာတ မင်းသား ထင်ရှားရှိနေပါလျှက်နဲ့ မင်းက ဘာဖြစ်လို့ ဒီဆုလာဘ်တော်ကို တောင်းတာလဲ"ဟု ပြောပြီး ဆုလာဘ်တော်မပေးပဲ ပယ်ချလိုက်သည်

မိဖုရားကလည်း သူ၏သားတော် ရှင်ဘုရင်ဖြစ်ဖို့အရေး ထပ်ကာ ထပ်ကာ တောင်းဆိုပါသော်လည်း မင်းကြီးကလည်း ထပ်ကာ ထပ်ကာ ပယ်ချပြန်ပါသည်။

ထို့နောက် တစ်နေ့သောအခါဝယ် မိဖုရားကြီးသည် "အရှင်မင်းကြီး! အရှင်မင်းကြီးက တကယ်လို့ သစ္စာရှိတယ်ဆိုရင် ဆုလာဘ်တော် ပေးမယ်လို့ ပြောဆိုခဲ့ဖူးသော သစ္စာစကားကို သစ္စာစကားအတိုင်း လိုက်နာပြီး ဆုလာဘ်တော်ပေးတော်မူပါ" ဟု သံတော်ဦးတင်၍ တောင်းဆိုပြန်သည်။

မင်းကြီးကလည်း "ဩော် ငါဟာ မစူးစမ်း မဆင်ခြင်မိဘဲ ဒီမိဖုရားအား ဆုလာဘ်တော်ကို ပေးလိုက်မိတယ်၊ ဒီမိဖုရားကလည်း သူ့ရဲ့ သားလေး တိုင်းပြည်အုပ်ချုပ်ရဖို့အတွက် ဆုလာဘ်တော်ကို ထပ်ကာ ထပ်ကာ တောင်းရမ်းနေတယ်"ဟု စိတ်နှလုံး မသာမယာဖြစ်ကာ အတော် လေးကို ခံစားရ၍ ပထမမိဖုရားကြီးနှင့်ရခဲ့သည့် သုဇာတမင်းသားကို ခေါ်တော်မူပြီး ဤအကြောင်းကို ပြောပြလိုက်သည်။

ဤအကြောင်းကို သုဇာတမင်းသားအားပြောပြတော့ မင်းကြီး သည် မျက်ရည်တပေါက်ပေါက်ကျပြီး ငိုကြွေးနေတော့သည်။

သုဇာတ မင်းသားကလည်း ခမည်းတော် မင်းကြီး မျက်ရည် တပေါက်ပေါက်ကျပြီး ပူဆွေး သောက ခံစားနေရသည်ကို တွေ့ရ၍

သူလည်း စိတ်နှလုံးမသာမယာဖြစ်ကာ ခံစားရ၍ မျက်ရည်ဝဲပြီး ပြောကြား လိုက်သည်မှာ-

"ခမည်းတော်မင်းမြတ်! သားတော်ကို ခွင့်လွှတ်တော်မူပါ၊ သားတော် အခြားတစ်ပါးသော အရပ်ဒေသသို့ သွားတော့မယ်"ဟု ခမည်းတော်အား သံတော်ဦးတင်လိုက်သည်။

ခမည်းတော်မင်းကြီးကလည်း သားတော် သံတော်ဦးတင် စကားကို ကြားရတော့ "ချစ်သားလေးရယ်! ငါ့သားအတွက် အခြား နေရာဒေသမှာ မြို့တစ်မြို့ တည်ထောင်ပြုလုပ်ပေးပါ့မယ်၊ အဲဒီမြို့သစ်မှာဘဲ သွားနေ ပါလော့ သားရယ်"။

"ခမည်းတော်မင်းကြီး! သားတော် မြို့သစ်အလိုမရှိပါ" ဟု ပြန်လည် သံတော်ဦးတင်လိုက်သည်။

"ချစ်သား! ဒါဆိုရင် တခြားသောနိုင်ငံမှာနေထိုင်တဲ့ ငါ့ရဲ့ မိတ်ဆွေ သူငယ်ချင်း ဘုရင်မင်းကြီးဆီကို ပို့ပေးမယ်လေ" ဟု နောက်တစ်မျိုး ပေးပြန်သည်။

"ဖခမည်းတော်မင်းကြီး! အခြားသော တိုင်းပြည်သို့ မသွားချင် ပါဘူး၊ သားတော် တောထဲမှာပဲ သွားနေတော့မယ်"ဟု ခွင့်တောင်းလေ သည်။

ခမည်းတော်မင်းကြီးသည် သားတော် သုဇာတ မင်းသားကို ပွေ့ဖက်၍ နဖူးထိပ်မှာ အနမ်းပေးချေပြီး "ချစ်သား ငါ နတ်ရွာစံရင် ဒီအသဃကတိုင်းပြည်သို့ ပြန်လာ၍ ရှင်ဘုရင် လာလုပ်၊ တိုင်းပြည်ကို လာအုပ်ချုပ်ပါလော့"ဟု ပြောကြားပြီး သုဇာတမင်းသားလေး တောထဲ သွားဖို့ ခွင့်လွှတ်လိုက်သည်။

သုဇာတာမင်းသားသည် ပေါတလိမြို့တော်မှထွက်၍ တောထဲသို့ ဝင်ပြီး တောမုဆိုးတို့နှင့်အတူတူ တောထဲမှာနေပါတော့သည်။

ထို့နောက် တစ်နေ့သောအခါဝယ် သုဇာတ မင်းသားသည် သားကောင်များတို့ နေထိုင် ကျက်စားရာ တောထဲသို့ ဝင်သွားသည်။

ကဿပမြတ်စွာဘုရား လက်ထက်တော်အခါတုန်းက သုဇာတ မင်းသား နှင့် ရဟန်းအတူတူပြုခဲ့၍ ချစ်ခင်ပေါင်းသင်း သူငယ်ချင်း ဖြစ်ခဲ့ဖူးသည့် နတ်သားတစ်ယောက်က သုဇာတမင်းသား၏ ကောင်းကျိုးကို အလိုရှိသောကြောင့် သမင်သားကောင်အသွင်ဖြင့် ဖန်ဆင်းပြီး သုဇာတမင်းသားကို ဖြားယောင်းလှည့်ပတ်၍ ပြေးကာ အရှင်မဟာကစ္စည်း သီတင်းသုံးတော်မူရာ ကျောင်းအနားသို့ ရောက်သွားတော့ ပျောက်ကွယ်သွားသည်။

သုဇာတမင်းသားက "ဒီသမင်ကို အခုချက်ချင်း မိအောင် ဖမ်းမယ်" ဟု ပြောပြီး သမင်ကို လိုက်ရင်း လိုက်ရင်းနဲ့ အရှင်မဟာကစ္စည်း၏ ကျောင်းတော်အနားသို့ ရောက်သွား၍ သမင်ကို လိုက်ပတ်ရှာကြည့်လိုက်တော့ သမင်ကို မတွေ့ရဘဲ သစ်ရွက်မိုးကျောင်း၏ အပြင်ဘက်၌ ထိုင်နေတော်မူသော အရှင်မဟာကစ္စည်းကိုသာမြင်ရ၍ အရှင်မဟာကစ္စည်း၏ ရှေ့မှောက်မှာ မိမိ ပါလာသည့် လေးလက်နက်ကို မြေမှာထောက်ထားပြီး ရပ်နေသည်။

အရှင်မဟာကစ္စည်း အရှင်သူမြတ်က သုဇာတမင်းသားကို ကြည့်ရှုတော်မူ၍ မင်းသား၏ အစအဆုံးဖြစ်ခဲ့ပုံအကြောင်းစုံကို သိတော်မူသည်။ သုဇာတမင်းသားကို ချီးမြှောက်လိုသောကြောင့် မသိသလို ဟန်ဆောင်၍ မေးမြန်းတော်မူလိုက်သည်မှာ-

"ဟေး. . ကောင်လေး! သင်ဟာ လေးလက်နက်တွေနဲ့ပါလား၊ သင်ဟာ ရှင်ဘုရင်လား၊ ဒါမှမဟုတ် မင်းသားလား၊ ဒါမှမဟုတ် တောမုဆိုးလား?"။

သုဇာတမင်းသားက "အရှင်မြတ်ဘုရား ဘုရား! တပည့်တော် အဿကတိုင်း၌ မင်းလုပ် အုပ်ချုပ်နေသည့် အဿက ရှင်ဘုရင်ရဲ့ သားတော်တစ်ယောက်ပါ ဘုရား၊ ဘုရားတပည့်တော်ရဲ့ နာမည်က သုဇာတ မင်းသားလို့ ခေါ်ပါတယ်ဘုရား၊ ဘုရားတပည့်တော် တောထဲမှာပဲ နေထိုင်ပါတယ်၊ တပည့်တော် သမင်သားကောင် ဖမ်းယူဖို့အတွက် တောအုပ်ကြီး

ထဲ ဝင်လာတဲ့ အချိန်မှာပဲ သမင်တစ်ကောင်ကို တွေ့လိုက်တယ်ဘုရား၊ အဲဒီသမင်ကို လိုက်ရင်း လိုက်ရင်းနဲ့ ဒီနား ရောက်လာတော့ သမင်က ပျောက်သွားပါတယ် ဘုရား၊ သမင် မတွေ့ဘဲနဲ့ အရှင်ဘုရား တစ်ပါးတည်းသာ တွေ့တယ်ဘုရားဟု လျှောက်ထားတော်မူလိုက်သည်။

အရှင်မဟာကစ္စည်းသည် သုဇာတမင်းသားကို ဝမ်းမြောက်စကားပြောကြားလေသည်မှာ-

"ဘုန်းကံကြီးမား သုဇာတမင်းသား! သင်ယခု ရောက်လာခြင်းဟာ ကောင်းသော ရောက်လာခြင်းပဲ ဖြစ်ပါတယ်၊ ရေကို ခပ်ယူပြီး သင့်ရဲ့ ခြေနှစ်ဖက်စလုံး သန့်ရှင်းစင်ကြယ်သွားအောင် ဆေးကြောလိုက်ပါအုံး၊ ဟိုရေစင်ပေါ်မှာ တင်ထားတဲ့ ရေအိုးထဲက ရေဟာ အေးမြပြီး ကြည်လင် သန့်စင်တယ်၊ တောင်ချောက်ကြားမှ သွားခပ်ထားတဲ့ ရေအေးလေးပါ၊ အဲဒီရေက အလိုရှိသလောက် ဝအောင် ခပ်သောက်ပါ၊ ပြီးရင် ဒီအခင်းပေါ်မှာ လာထိုင်ပါ"။

သုဇာတမင်းသားကလည်း အရှင်မဟာကစ္စည်းကို ပြန်လည်လျှောက်ထားလိုက်သည်မှာ-

"ရဟန်းတော် အရှင်သူမြတ်ဘုရား! အရှင်ဘုရားရဲ့ စကားတော်က အလွန်ချိုသာကောင်းမြတ်တဲ့ စကားဖြစ်ပါတယ်ဘုရား၊ ကောင်းကျိုးကို သိတော်မူပြီး ပြောဆိုတဲ့စကားပဲ ဖြစ်ပါတယ်ဘုရား၊ အရှင်ဘုရားက ဘာဖြစ်လို့ စိမ်းလန်းစိုပြေ ကျက်သရေဆောင်သည့် ဒီတောအုပ်ကြီးထဲ လာနေတာလဲဘုရား။ အရှင်သူမြတ်ကြီးဘုရား အရှင် ဘုရားရဲ့ ဆုံးမစကားကို နာယူမှတ်သားပြီး မျက်မှောက်ဘဝ (တမလွန်ဘဝ) ကောင်းကျိုးရအောင် တပည့်တော် လိုက်နာကျင့်သုံးချင်ပါတယ်ဘုရား။"

အရှင်မဟာကစ္စည်းကလည်း "သုဇာတမင်းသား. . .! ဒါဆိုရင် ကောင်းစွာ နာယူမှတ်သားပါလော့"။

၁။ အလုံးစုံသော သက်ရှိ တိရစ္ဆာန် သတ္တဝါများကို မသတ်ဖြတ် မညှဉ်းဆဲတဲ့သူကိုပဲ ငါ နှစ်သက်ပါတယ်။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်တဲ့သူကိုပဲ ငါ နှစ်သက်ပါတယ်။

၃။ သူ့ရဲ့မယား စော်ကားလွန်ကျူးခြင်းမှ ရှောင်ကြဉ်တဲ့သူကိုပဲ ငါ နှစ်သက်ပါတယ်။

၄။ မဟုတ်မမှန်သော မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်တဲ့ သူကိုပဲ ငါ နှစ်သက်ပါတယ်။

၅။ သေအရက် မူးယစ်ဆေးဝါး သောက်စားခြင်းမှ ရှောင်ကြည်တဲ့ သူကိုပဲ ငါ နှစ်သက်ပါတယ်။

ကိုယ်အမူအရာ စင်ကြယ်၍ ယဉ်ကျေး လိမ္မာတဲ့သူ လည်းကောင်း၊ ကျမ်းဂန်ပိဋကတ် ပရိယတ်စာပေများတွင် အကြားအမြင်များတဲ့သူ လည်းကောင်း၊ ကျေးဇူးသိတတ်သောသူ လည်းကောင်း၊ ငါ ပြောဆိုပြီးတဲ့ ဒီကျင့်ဝတ်တရားဟာ ယခုမျက်မှောက်ဘဝမှာဘဲ ပညာရှင်များက စဉ်ဆက်မပြတ် ချီးမွမ်းအပ်တဲ့ တရားပါပဲ” ဟု မိန့်ကြားတော်မူလိုက်သည်။

ဤသို့ကျင့်ဝတ်တရားတို့ကို သုဇာတမင်းသားအား ဟောကြားပြီး သည့်နောက် တစ်ဖန် သုဇာတမင်းသား၏ အသက် အပိုင်းအခြား ဘယ်လောက်ထိ အသက်ရှင်မလဲ အနာဂတံသဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်ကြည့်လိုက်တော့ “သုဇာတမင်းသား နောက်ထပ် ငါးလသာ အသက်ရှင်တော့မယ်”ဟု မြင်တော်မူလေသည်။

အရှင်မဟာကစ္စည်းသည် သုဇာတမင်းသားကို ငါးပါးသီလကို လိုက်နာစောင့်ထိန်းရန် ဆုံးမစကား ထပ်မိန့်ကြားလိုက်သည်မှာ-

“မင်းသားသုဇာတ! နင်ဟာသေဖို့ အချိန်နီးကပ်နေပြီ နင် ငါးလ အတွင်း သေရတော့မယ်ဆိုတာ နင်သိရဲ့လား၊ မိမိကိုယ်ကို ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ်၊ အပါယ်လေးပါးမှ လွတ်မြောက်ပါစေ”ဟု သတိပေးတော်မူသည်။

သုဇာတမင်းသားလေးသည် အရှင်မဟာကစ္စည်း၏ ဆုံးမစကားကို ကြားပြီးတော့ ထိတ်လန့် သံဝေဂစိတ်ဖြစ်ပြီး မိမိ သေရမည့်ဘေးမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း နည်းလမ်းကောင်းကို ရလိုသဖြင့် ဤသို့ ပြန်လည်လျှောက်ထားလေသည်။

"အရှင်သူမြတ်ဘုရား! ဘုရားတပည့်တော် သုဇာတ မသေရလေအောင် ဘယ်အရပ် ဘယ်ဒေသသို့သွားပြီး ဆရာဝန် သမားတော်ကြီးတွေနဲ့ ပြသ ကုရမလဲဘုရား?။

အရှင်မဟာကစ္စည်းက "သုဇာတမင်းသား! ကံ, စိတ်, ဥတု, အာဟာရ တရားလေးပါးကြောင့် ဖြစ်ပေါ်လာတဲ့ သတ္တဝါတွေဟာ သေခြင်းတရားမှ တိမ်းရှောင်ထွက်ပြေးပြီး လူမမြင် သူမမြင်တဲ့နေရာမှာ ချမ်းသာစွာ ပုန်းအောင်းနေလို့မရတဲ့ သတ္တဝါတွေပါ။ သေခြင်းတရားနဲ့ တကယ်ကြုံလာရင် မသေဆုံးရအောင် ကုသပေးမဲ့ နေရာလည်း မရှိပါ။ လောကလူသား ဆရာဝန်များနဲ့ ဆေးဝါး, ဗေဒင်, အင်းအိုင် ဆင်၍ သေခြင်းတရားမှ လွတ်ကင်းသွားအောင် ကုသပေးမဲ့သူလည်း မရှိပါ။ တိုင်းပြည်အုပ်ချုပ် ရှင်ဘုရင်လုပ်သည့် မင်းကြီးကနေစ ဆင်းရဲသားများ တိုင်အောင် လောကလူသား အားလုံး ဧကန်မုချ သေရမဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်ကြတယ်"။

သုဇာတမင်းသားက "အရှင်သူမြတ်ကြီးဘုရား! အရှင်ဘုရားပေးတဲ့ ဩဝါဒစကားမှန်သမျှ ဘုရားတပည့်တော်က တရားဆိုတဲ့ အမှတ်နဲ့ နာယူ မှတ်သားထားပါတယ် ဘုရား၊ အရှင်ဘုရားက တပည့်တော်ရဲ့ ကောင်းကျိုးတရားအတွက် တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်စေ၍ ကိုးကွယ်ရာ ရတနာတော်မြတ် ဖြစ်ပါတယ်ဘုရား"။

"သုဇာတမင်းသား! ငါ့ကို ကိုးကွယ်ရာ ဟူ၍ မဆည်းကပ်ပါနဲ့၊ ငါကိုယ်တိုင်တောင်မှ မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်ရပါတယ်။ သင်လည်း မြတ်စွာဘုရားကိုသာ ကိုးကွယ်ရာ ဟူ၍ ကိုးကွယ်ဆည်းကပ်လိုက်ပါ"။

"အရှင်ဘုရား! အရှင်ဘုရားတို့ရဲ့ ဆရာတစ်ဆူ ဖြစ်တော်မူတဲ့ မြတ်စွာဘုရားက ဘယ်မြို့ ဘယ်ဒေသမှာ နေထိုင်တာလဲဘုရား။ ဘုရား တပည့်တော်လည်း မြတ်စွာဘုရားကို ဖူးမြော်ခွင့်၊ ကြည်ညိုခွင့်ရရန် အတွက် ဘယ်နေရာ ဘယ်ဒေသသို့ သွားရမှာလဲဘုရား?"။

"သုဇာတမင်းသား. . ! မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန် စံဝင်သွား ပါပြီ"။

သုဇာတမင်းသားသည် အရှင်မဟာကစ္စည်း၏ စကားကို ကြားပြီး သည့်နောက်မှာ ဤသို့ ဝန်ခံစကား လျှောက်ထားလိုက်သည်။

"အရှင်မြတ်ဘုရား! အရှင်မြတ်ရဲ့ ဆရာဖြစ်တော်မူတဲ့ မြတ်စွာ ဘုရားက တကယ်လို့ သက်တော်ထင်ရှား ရှိနေသေးတယ်ဆိုရင် ဘယ် လောက်ပဲ ဝေးကွာနေပါစေ၊ ယူဇနာပေါင်း တစ်ထောင် ဝေးသော်လည်း ဖူးမြင်ခွင့်ရဖို့ရန်အတွက် တပည့်တော် ရောက်အောင်သွားပါ့မယ် ဘုရား၊ ယခုတော့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားပါပြီ၊ ဒါပေမဲ့ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်သွားပါပြီ ဖြစ်သော်လည်း၊ "မြတ်စွာဘုရားကို ကိုးကွယ်ရာ ဟူ၍" ရိုသေလေးမြတ်စွာ ကိုးကွယ်ပါတယ် ဘုရား၊ မဂ်လေးတန်, ဖိုလ် လေးတန်, နိဗ္ဗာန်, ပရိယတ် ဆယ်ပါးသော "တရားတော်မြတ်ကိုလည်း ကိုးကွယ်ရာဟူ၍" ရိုသေလေးမြတ်စွာ ကိုးကွယ်ပါတယ်ဘုရား။ သံဃာ တော် အရှင်သူမြတ်များကိုလည်း ကိုးကွယ်ရာ ဟူ၍ ရိုသေလေးစားစွာ ကိုးကွယ်ပါတယ် ဘုရား။

၁။ သူ့အသက်ကို သတ်ဖြတ် ညှင်းဆဲခြင်းမှ ရှောင်ကြဉ်ပါတယ် ဘုရား။

၂။ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်ပါတယ်ဘုရား။

၃။ သူ့ရဲ့သမီးမယား စော်ကားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါတယ် ဘုရား။

၄။ မဟုတ်မမှန်တဲ့ မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါတယ်ဘုရား။

၅။ မူးယစ်ဆေးဝါး သေအရက် သောက်စားခြင်းမှ ရှောင်ကြဉ်ပါတယ်ဘုရား။

ဒီငါးပါးသီလ လူ့ကျင့်ဝတ်တရား ဘုရားတပည့်တော် အမြဲတမ်းလိုက်နာ စောင့်ရှောက်သွားပါ့မယ်ဘုရား" ဟု သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်ခံယူလိုက်သည်။

အရှင်မဟာကစ္စည်းက "သုဇာတမင်းသား! သင်ဟာ ဒီတောအုပ်ကြီးထဲမှာနေရင် ဘာအကျိုးမှ မရှိဘူး။ သင်မင်းသားရဲ့ အသက်က ငါးလအတွင်း သေရတော့မယ်။ အဲဒါကြောင့် မသေသေးတဲ့ အချိန်လေးမှာ ခမည်းတော်ဆီသို့ ပြန်သွားပြီး ကုသိုလ်ကောင်းမှုများ ကြိုးစားအားထုတ် ပြုလုပ်ကာ လူကောင်းလူမြတ်များ ပျော်ပါးစံစားရာ နတ်ပြည်သို့ တက်လှမ်းလေလော့"ဟု မိန့်ကြားပြီး မြတ်စွာဘုရား၏ သရီရဓာတ်ကို ကိုးကွယ်ရန်အတွက် အကောင်းဆုံးလက်ဆောင် ထည့်ပေးလိုက်သည်။

သုဇာတမင်းသားကလည်း "အရှင်ဘုရား..! အရှင်ဘုရားကလည်း ဘုရားတပည့်တော်ကို အစဉ် သနားချီးမြှောက်သောအားဖြင့် တပည့်တော် နေထိုင်ရာ အဿကတိုင်းပြည်သို့ ကြွရောက် တော်မူစေချင်ပါတယ် ဘုရား" ဟု ပင့်လျှောက်ဖိတ်မံလိုက်သည်။

အရှင်မဟာကစ္စည်းသည် သုဇာတမင်းသား၏ ပင့်လျှောက်စကားကို လက်ခံတော်မူလိုက်သည်။ သုဇာတမင်းသားလေးသည် အရှင်မဟာကစ္စည်းကို ရိုသေစွာ ရှိခိုးပြီး အဿကတိုင်းပြည်သို့ ပြန်သွားလေသည်။

ဇင်းသုဇာတမင်းသားသည် အဿကတိုင်းပြည်သို့ ရောက်သွားတော့ နန်းတော်ထဲ တစ်ခါတည်း တန်းမဝင်ပဲ ဥယျာဉ်ထဲမှာ ခေတ္တခဏနားနေပြီး မိမိနန်းတော်ထဲ ဝင်တော့မည်ဆိုသည့် အကြောင်းကို

ခမည်းတော်အဿကမင်းကြီးအား လူလွှတ်ပြီး သံတော်ဦးတင်စေလိုက်သည်။

အဿကမင်းကြီးသည် သားတော် ရောက်လာကြောင်း သတင်းကြားသိရတော့ ဝမ်းသာပီတိဖြစ်နေတော့သည်။ မင်းသား နန်းတော်ထဲရောက်လာသည့်အချိန်မှာ ရှင်ဘုရင်သည် သားတော်သုဇာတမင်းသားကို ရှင်ဘုရင်မင်းမြတ်ရာထူးကို ခန့်အပ်တင်မြှောက်လိုကြောင်း ပြောကြားလိုက်သည်။

သုဇာတမင်းသားသည် အဿကမင်းကြီးကို သံတော်ဦးတင်လျှောက်လိုက်ထားလိုက်သည်မှာ-

"ခမည်းတော်မင်းမြတ်! သားတော်ရဲ့ အသက်အပိုင်းအခြားကား အနည်းငယ်သာ ကျန်တော့တယ်၊ ဒီနေ့ကစ နောက် လေးလကျရင် သားတော် သေလွန်ရတော့မယ်၊ သားတော်အား ရှင်ဘုရင်မင်းမြတ် အဖြစ်ထက် ခမည်းတော်ကို အကြောင်းပြုပြီး ကုသိုလ်ကောင်းမှု ကြိုးစားပြုလုပ်အားထုတ်ရန်သာ အလိုရှိတော့တယ်"ဟု ဤသို့ သံတော်ဦးတင်လိုက်သည်။

ထို့နောက် အရှင်မဟာကစ္စည်း၏ ဂုဏ်တော် ကျေးဇူးတော်ကို ဖခမည်းတော်အား အကုန်လုံး ပြန်လည် သံတော်ဦးတင် လျှောက်ထားပြလိုက်သည်။

အဿကမင်းကြီးကလည်း သုဇာတမင်းသား၏စကားကို ကြားရတော့ သူ့မှာ တုန်လှုပ်ထိတ်လန့်သွားပြီး ရတနာသုံးပါးကို ကြည်ညိုသွားသည်။ အရှင်မဟာကစ္စည်း အရှင်သူမြတ်ကိုလည်း အရမ်းကြည်ညိုသွားသောကြောင့် ကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းချင်တဲ့စိတ် ဖြစ်ပေါ်လာသည် ၎င်းသည် ကျောင်းတော်ကြီးကို ဆောက်လုပ်ပြီးစီးသည်နှင့် တစ်ပြိုင်နက် အရှင်မဟာကစ္စည်း၏ ထံတော်သို့ လူတမန်တော် စေလွှတ်ပြီး ပင့်လျှောက်ခိုင်းလိုက်သည်။

အရှင်မဟာကစ္စည်းကလည်း အဿကမင်းနှင့် အဿကတိုင်းသူပြည်သားအပေါင်းကို ချီးမြှောက်တော်မူလို၍ အဿကတိုင်းသို့ ကြွလာ

တော်မူလေသည်။ မင်းကြီးကလည်း အခြံအရံ ပရိသတ်များနှင့် တကွ အရှင်မဟာကစ္စည်းကို ခရီးဦးကြိုဆိုပြီး ကျောင်းသစ်တော်ကြီးသို့ ပင့်ဆောင်သွားလေသည်။ အရှင်မဟာကစ္စည်းကို ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးတို့ကို ဆက်ကပ်လှူဒါန်းပြီး သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်ခံယူလိုက်သည်။ သုဇာတမင်းသားကလည်း သရဏဂုံသုံးပါး, ငါးပါးသီလ, လုံခြုံစွာ စောင့်ထိန်းလေသည်။

လေးလလွန်မြောက် ကာလလည်းရောက်သော် သုဇာတမင်းသားသည် သေလွန်၍ တာဝတိံသာနတ်ပြည်သို့ နတ်သားသွားဖြစ်လေသည်။ သုဇာတနတ်သားသည် လူ့ဘဝတုန်းက ကုသိုလ်ကံကြောင့် ရတနာ (၇) ပါး တို့နှင့် စီချယ်ထားသည့် (၇) ယူဇနာ ပမာဏလောက် ကြီးမားသည့် နတ်ရထားကြီး ပေါ်ပေါက်လာလေသည်။ နတ်သမီး တစ်ထောင်ကျော်က သုဇာတမင်းသားအား ခြံရံလျက်နေကြလေသည်။

အဿက ရှင်ဘုရင်သည် သားတော် သုဇာတမင်းသား၏ ရုပ်အလောင်းကို မီးသင်္ဂြိုလ်၍ ရဟန်းတော်များအားလည်း အလှူပစ္စည်းများ ဆက်ကပ်လှူဒါန်းပေးလိုက်သည်။ တိုင်းသူပြည်သား လူအများလည်း လာကြသည်။ အရှင်မဟာကစ္စည်းလည်း အခြံအရံ ပရိတ်သတ်တို့နှင့် အတူတကွ ကြွရောက်လာကြသည်။

သုဇာတနတ်သားက မိမိ ပြုလုပ်ခဲ့ဖူးသော ကောင်းမှုကံကို စဉ်းစားဆင်ခြင်ကြည့်လိုက်တော့ အရှင်မဟာကစ္စည်း၏ထံမှာ သူပြုလုပ်ခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံကို အောက်မေ့ သတိလိုက်ရ၍ ကြံလိုက်သည်မှာ-

"ငါဟာ အရှင်မဟာကစ္စည်းကို သွားရှိခိုးမယ်၊ သာသနာတော်ရဲ့ ဂုဏ်ကျေးဇူးတော်ကိုလဲ ပိုပြီး ထင်ရှားလာအောင် ပြုလုပ်မယ်"ဟု ကြံစည်၍ နတ်ရထားကိုစီးပြီး နတ်သမီးတစ်ထောင်ကျော်တို့နှင့်အတူ လူအများမြင်နိုင်ရန် ကိုယ်ထင်ပြပြီး ဆင်းသက်လာသည်။

သုဇာတနတ်သားသည် ရထားပေါ်မှဆင်းပြီး အရှင်မဟာကစ္စည်းကို ရိုသေစွာ ရှိခိုးဦးချပြီး၍ လက်အုပ်ချီလျှက် ရပ်နေပါသည်။ ယင်းအချိန်ဝယ် အရှင်မဟာကစ္စည်းက သုဇာတနတ်သားကို ဤသို့ မေးတော်မူလိုက်သည်။

(အရှင်မဟာကစ္စည်းသည် သိတော်မူ၍ မေးခြင်းဖြစ်သည်။ မသိ၍ မေးခြင်း မဟုတ်ပါ။ ဘာဖြစ်လို့ မေးမြန်းတာလဲဆိုတော့ လူအများ ယုံကြည်မှုဖြစ်စေရန်အတွက် မေးတော်မူခြင်း ဖြစ်သည်။)

"သုဇာတနတ်သား! နင်ရဲ့ရထားကြီးဟာ အရောင်ပေါင်းများစွာ တဖွားဖွား ထွက်ပေါ်လာတဲ့ (ဘာနုရာဇာ) နေဗိမာန်နဲ့တူတယ်။ ရတနာခုနှစ်ပါးနဲ့ စီချယ်ထားတဲ့ နင့်ရဲ့ရထားကြီးဟာ ကြည့်ချင်စဖွယ် ဆောင်ပြီး တင့်တယ်လှပနေပါတယ်။ နင် ယခုလို နတ်စည်းစိမ် ခံစားနေရတာဟာ အတိတ် လူ့ဘဝတုန်းက ဘာကုသိုလ်ကောင်းမှုတွေ ပြုလုပ်ခဲ့ဖူးလို့လဲ?"။

"အရှင်မြတ်ကြီးဘုရား! ဘုရားတပည့်တော် နတ်သားဘဝ မရသေးမီက ရှေးလူ့ဘဝတုန်းက အဿကတိုင်း ရှင်ဘုရင့်ရဲ့သားတော် သုဇာတမင်းသား ဖြစ်ခဲ့ဖူးပါတယ် ဘုရား။ အရှင်ဘုရားက ဘုရား တပည့်တော်ကို ရတနာသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်စေရန်အတွက် ဟောကြား ညွှန်ပြခဲ့ဖူးပါတယ် ဘုရား။ အရှင်ဘုရားက တပည့်တော်ကို ကုသိုလ်တရား ကြိုးစားအားထုတ်ပြုလုပ်ဖို့အတွက် တိုက်တွန်းပြီး မြတ်စွာဘုရားရဲ့ သရီရဓာတ်တော်ကိုလည်း ကိုးကွယ်ရန်အတွက် လက်ဆောင်ပေးခဲ့ဖူးပါတယ် ဘုရား။ ဘုရားတပည့်တော်လည်း အရှင်ဘုရားရဲ့ ဩဝါဒအတိုင်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်၍ ငါးပါးသီလကို အကျိုးမပျက်အောင် စောင့်ထိန်းပြီး ဒါန ကုသိုလ်တရားတို့ကို ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးပါတယ် ဘုရား။ အဲဒီ ကုသိုလ် ကောင်းမှုကြောင့် ဘုရားတပည့်တော် လူ့ဘဝမှ ကွယ်လွန်၍ တာဝတိံသာ နတ်ပြည်သို့ နန္ဒဝန်ဥယျာဉ်တော်၌ နတ်သား သွားဖြစ်ရပါတယ် ဘုရား။ နတ်သမီးများက တပည့်တော်နတ်သားကို ဝိုင်းဝန်းပြီး သီဆိုကပြကြပါတယ် ဘုရား' ဟု ဖြေကြား လျှောက်ထားလိုက်သည်။

ထို့နောက် အရှင်မဟာကစ္စည်းကို ရှိသေစွာရှိခိုးပြီး၊ အသကမင်းကြီးကို ပြောကြား နှုတ်ဆက်ပြီး နတ်ရထားတော်ကို တက်စီးကာ နတ်သမီးတစ်ထောင်တို့နှင့်အတူ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေသည်။

အရှင်မဟာကစ္စည်းကလည်း သုဇာတာနတ်သား လျှောက်ထားသည့်စကားကို ရောက်လာသော လူ့ပရိသတ်များအား အကျယ်အားဖြင့် ဟောကြားပေးတော်မူလိုက်သည်။ လူအများလည်း အရှင်မဟာကစ္စည်း ဟောကြားတော်မူအပ်သော တရားတော်ကို နာကြားရ၍ များစွာသော အကျိုးစီးပွား ရသွားကြသည်။

အရှင်မဟာကစ္စည်း အရှင်သူမြတ်က မိမိနှင့် သုဇာတာ နတ်သား အပြန်အလှန် စကားပြောခဲ့သော စကားအားလုံးကို ဓမ္မ သင်္ဂါယနာ တင်တော်မူကြကုန်သော အရှင်မဟာကဿပ၊ အရှင် အာနန္ဒာ၊ အရှင်ဥပါလိ အမှူးရှိကုန်သော ရဟန္တာအရှင်သူမြတ်တို့အား ပြန်လည် လျှောက်ထားပြလေသည်။ ဤသုဇာတာနတ်သားဝတ္ထုကို ဓမ္မသင်္ဂါယနာ တင်တော်မူကြသော ရဟန္တာအရှင်မြတ်များက ပိဋကတ်တော်ထဲ စာရင်းထည့်သွင်းတော်မူကြလေသည်။

ဤဝတ္ထုသာဓကသည် သရဏံဂုံသုံးပါးကုသိုလ် ငါးပါးသီလကုသိုလ် ကျောင်းအလှူဒါနကုသိုလ်တို့ကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်လေးပါး ကျရောက်ခြင်းမှ ကင်းလွတ်ပြီး နတ်ပြည်မှာ နတ်သွားဖြစ်ရသည့် ဝတ္ထုသာဓက တစ်ခုပဲဖြစ်သည်။

*ကျမ်းကိုး။ ဝိမာနဝတ္ထုအဋ္ဌကထာ၊* မဟာရထဝဂ်၊ စူဠရထဝိမာနဝတ္ထု။

●●●●●●●

# ငါးပါးသီလကုသိုလ်ကြောင့် တာဝတိံသာ နတ်ပြည်၌ နတ်စည်းစိမ်ခံစားရသည့်နတ်သား

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ရာဇဂြိုလ်ပြည်၌ အမည်နာမအားဖြင့် မထင်ရှားသော အမျိုးကောင်းသား ဥပါသကာတစ်ယောက်ရှိသည်။ ဤဥပါသကာသည် သဒ္ဓါတရား ထက်သန်၏၊ ရတနာသုံးပါးကိုလည်း ကိုးကွယ်ဆည်းကပ်၏။ ငါးပါးသီလ စောင့်ထိန်း၏၊ ငါးပါးသီလကို တစ်ပါးမှ အပျက်မခံပဲ စောင့်ထိန်းသူဖြစ်၏။ ဥပုသ်သီလလည်း ဆောက်တည်၏။ မိမိဥစ္စာ အင်အားစွမ်းနိုင်သလောက် ရဟန်းသံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်း၏။ ညနေချမ်းအချိန်ရောက်သော် ဖျော်ရည် အအေးတို့ကို ယူ၍ ဝေဠုဝန်ကျောင်းတော်သို့သွားပြီး ရဟန်း သံဃာတော်တို့အား ဆက်ကပ်လှူဒါန်း၏။ မြတ်စွာဘုရား၏ တရားတော်ကိုလည်း နာကြား၏။

ဤဥပါသကာသည် သူသေလွန်သည့်အခါ တာဝတိံသာ နတ်ပြည်သို့ နတ်သားသွားဖြစ်ရပါသည်။ ထိုနတ်သားမှာ ကောင်းမှု ကုသိုလ်တရား၏ အစွမ်းသတ္တိ တန်ခိုးအာနိသင်ကြောင့် သူစီးဖို့အတွက် နတ်ဆင်ဖြူတော်ကြီးတစ်ကောင် အလိုအလျောက် ပေါ်ပေါက်လာပါသည်၊ ထိုနတ်သားသည် ဆင်ဖြူတော်ကိုစီး၍ နတ်သမီးများနှင့်အတူ ကြီးစွာသော နတ်တန်ခိုးအာနုဘော်ဖြင့် နတ်ဥယျာဉ်ထဲမှာ မကြာခဏ သွားကစား ပျော်မြူးကြသည်။ ထိုနတ်သား၏ ခန္ဓာကိုယ်မှာလည်း အရောင်တလက်လက် တဖျပ်ဖျပ် ထွန်းလင်းတောက်ပနေတော့သည်။

ထို့နောက် တစ်နေ့သောညသန်းခေါင်ယံ အချိန်လေးဝယ် ထိုနတ်သားသည် နတ်ဆင်ဖြူတော်ကိုစီးပြီး နတ်သမီးများတို့နှင့် အတူ

တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာ၍ မြတ်စွာဘုရား သီတင်းသုံး တော်မူရာ ဝေဠုဝန်ကျောင်းတော်သို့ ချဉ်းကပ်လာကြသည်။

ထိုနတ်သားသည် ဆင်ကျောက်ကုန်းပေါ်မှဆင်း၍ မြတ်စွာဘုရား ၏အနီးသို့ သွားရောက်ဖူးမျှော်ကြည်ညိုလိုက်သည်။ ယင်းအချိန်ဝယ် မြတ်စွာဘုရား၏ အနီးနားမှာ အရှင်ဝင်္ဂီသမထေရ် ထိုင်နေသည်။

အရှင်ဝင်္ဂီသမထေရ်က "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ယခု ရောက်လာသည့် နတ်သားက သူ ဘာကုသိုလ်ကောင်းမှုကြောင့် နတ်သားဖြစ်ရတာလဲ ဘုရားတပည့်တော် မေးကြည့်လိုက်မယ် ဘုရား" ဟု လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားက အရှင်ဝင်္ဂီသကို ခွင့်ပြုပေး တော်မူပါသည်။

အရှင်ဝင်္ဂီသက "ဘုန်းတန်ခိုးကြီးမား အိုမောင်နတ်သား! သင် ရှေးဘဝ လူ့ပြည်မှာနေတုန်းက ဘာ ဒါန သီလ ကုသိုလ်တရားတွေ ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးပြီး ယခုလို နတ်ဆင်ဖြူတော် ပေါ်ပေါက် လာတာလဲ၊ ဘာကုသိုလ်ကောင်းမှု ထူးတွေကြောင့် နတ်သမီးများက သင့်ကို နောက်ကနေ လိုက်နေရတာလဲ၊ ဘာကုသိုလ် ကောင်းမှုထူးတွေ ကြောင့် သင့်ရဲ့ခန္ဓာကိုယ်က လှပသည့် အရောင်များ တဖွားဖွားထွက် နေရတာလဲ?" ဟု မေးတော်မူလိုက်သည်။

အရှင်ဝင်္ဂီသက မောင်နတ်သားအား ရှေးလူ့ဘဝက လူ့ပြည်မှာ နေတုန်းက ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဘူးသော ကောင်းမှုထူး အစုံနှင့် ယခု တာဝတိံသာနတ်ပြည်၌ နတ်စည်းစိမ်ချမ်းသာသုခ ခံစားနေရပုံ အကြောင်းစုံကို မေးမြန်းလိုက်တော့ နတ်သားက သူ လူ့ဘဝက လူ့ပြည် မှာ နေတုန်းက ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဘူးသော ကုသိုလ်ကောင်းမှု အထူးကို နှစ်သက်ဝမ်းမြောက်စွာ အရှင်ဝင်္ဂီသအား မြင်သာ ထင်ရှား အောင် ဖြေကြားလိုက်သည်မှာ-

"အရှင်ဝင်္ဂီသဘုရား! ဘုရားတပည့်တော် နတ်သား လူ့ဘဝ လူ့ပြည်မှာ နေတုန်းက ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တဲ့ ဥပါသကာ တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ် ဘုရား။ ဘုရားတပည့်တော်ဟာ-

၁။ သူ့အသက်ကိုသတ်ပုတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၂။ ကိုယ်နှုတ်နဲ့ မပေးတဲ့ သူတစ်ပါးရဲ့ဥစ္စာကို လိမ်ညာခိုးယူ ခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၃။ သူ့သမီးမယားများကို ဖောက်ပြန်သွားလာ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၄။ လိမ်လည်လိုငြား မှားယွင်းသည့် မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၅။ သေအရက်သောက်စားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

ဒီငါးပါးသီလကို တစ်ပါးမှ အပျက်မခံ အကျိုးမခံဘဲ လုံခြုံစွာ စောင့်ထိန်းခဲ့ဖူးတယ် ဘုရား။ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်များကို ဆွမ်းဘောဇဉ် ဆက်ကပ်လှူဒါန်းခဲ့ဖူးတယ် ဘုရား။ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို အဖျော်ရည် အအေး လှူဒါန်းခဲ့ဖူးတယ် ဘုရား။ ဘုရားတပည့်တော်နတ်သား ဒီလိုမျိုး ဒါန သီလ ကုသိုလ်ကောင်းမှုထူးတွေ ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးတယ် ဘုရား။ အဲဒါကြောင့် ဘုရားတပည့်တော် နတ်သားဟာ နတ်ဆင်ဖြူတော် ပေါ်ပေါက်လာရခြင်း ဖြစ်ပါတယ်ဘုရား။ အဲဒီ ဒါနသီလ ကုသိုလ်ကောင်းမှုထူးတွေကြောင့် နတ်သမီးတွေက တပည့်တော် နတ်သားကို သွားလေရာနောက်ကနေ တစ်ကောက်ကောက် လိုက်ပေးနေခြင်း ဖြစ်ပါတယ်ဘုရား။ အဲဒီ ဒါနသီလ ကုသိုလ်ကောင်းမှုထူးတွေကြောင့် ဘုရားတပည့်တော် ခန္ဓာကိုယ်မှာ လှပတဲ့အရောင်များ တဖွားဖွားထွက်လာရခြင်း ဖြစ်ပါတယ် ဘုရား”ဟု ဖြေကြား လျှောက်ထားလိုက်သည်။ ထို့နောက် နတ်သားသည် တရားတော်မြတ်ကို နာယူ မှတ်သားပြီး တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားလေသည်။

ဤဝတ္ထုသာဓကသည် ငါးပါးသီလ ကုသိုလ်ကြောင့် ကြီးကျယ်ခမ်းနားသည့် နတ်စည်းစိမ် ချမ်းသာသုခ ခံစားရသည့် ဝတ္ထုသာဓကတစ်ခု ဖြစ်သည်။

*ကျမ်းကိုး*
*ဝိမာနဝတ္ထုအဋ္ဌကထာ (ပုရိသဝိမါန)*
*မဟာရထဝဂ်။ ဒုတိယနာဂဝိမါနဝတ္ထု။*

●●●●●●●

## ငါးပါးသီလကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သားဖြစ်ရသည့်လူပျိုကြီး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

သာဝတ္ထိပြည်၌ ဆင်းရဲသား ဥပါသကာတစ်ယောက် ရှိသည်။ ဆင်းရဲသား ဥပါသကာသည် သူများ၏အိမ်မှာ အခစား အလုပ်လုပ်၍ အသက်မွေးဝမ်းကြောင်းပြုသော သူတစ်ယောက်ဖြစ်သည်။

ဥပါသကာသည် ဆင်းရဲသားတစ်ယောက် ဖြစ်သော်လည်း သဒ္ဓါတရားရှိသည့်သူ တစ်ယောက်ဖြစ်သည်။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့်သူ တစ်ယောက်ဖြစ်သည်။ ငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းသည့်သူ တစ်ယောက်ဖြစ်သည်။ ဆင်းရဲသား ဥပါသကာသည် ကြံစည် စဉ်းစားလိုက်သည်မှာ-

"အချို့အချို့သော မိန်းမများဟာ ယောက်ျားမအိမ်မှာ နေပြီး လုပ်ချင်တိုင်းလုပ်ပြီး အိမ်မှာနေပြီး အုပ်စိုးတယ်၊ ယောက်ျားမ သဘောကျလောက်

အောင် နေထိုင်တတ်တဲ့မိန်းမ အလွန်ရခဲတယ်၊ ငါဟာ မိန်းမ မယူ လူပျိုဘဝနဲ့ပဲ နေသွားမယ်” ဟု ကြံစည်လိုက်သည်။

ဆင်းရဲသားဥပါသကာသည် မိန်းမမယူ လူပျိုဘဝဖြင့်ပင် နေထိုင်ပြီး မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးသည်။ ငါးပါးသီလ လုံခြုံအောင် စောင့်ထိန်းသည်။ တတ်စွမ်းသမျှ အလှူဒါနပြုလုပ်ပြီး ဥပုသ်သီလလည်း စောင့်ထိန်းသည်။

အလုပ်သမား ဆင်းရဲသား ဥပါသကာသည် နောင်အခါ သေဆုံးသွားသည်နှင့်တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ နတ်သားသွားဖြစ်ရပါသည်။ ၎င်းနတ်သားနေဖို့အတွက် တစ်ဆယ့်နှစ်ယူဇနာ ပမာဏလောက် ကြီးမားသည့် ဗိမာန်ကြီး အလိုအလျောက် ပေါ်ပေါက်လာသည်။ ၎င်း၏ ဗိမာန်ကြီးသည် တာဝတိံသာနတ်တို့၏ စိတ္တလတာဥယျာဉ်တော်ကြီးကဲ့သို့ လှပတဲ့ အရောင်များ တဖွားဖွားထွန်းလင်း တောက်ပသောကြောင့် နတ်အပေါင်းတို့က သူ့ကို “စိတ္တလတာနတ်သား” ဟု ခေါ်ဆိုကြသည်။

ယင်းအချိန်ဝယ် အရှင်မဟာမောဂ္ဂလ္လာန် အရှင်သူမြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်။ အရှင်မဟာမောဂ္ဂလ္လာန်သည် စိတ္တလတာနတ်သားနှင့်တွေ့မြင်တော့ စိတ္တလတာနတ်သား၏ ရှေးလူဘဝ လူ့ပြည်မှာနေတုန်းက ပြုလုပ်ခဲ့ဖူးသည့် ကောင်းမှုကုသိုလ်ကံကို ဤသို့ မေးမြန်းတော်မူလေသည်။

“စိတ္တလတာနတ်သား! သင့်ရဲ့ ဗိမာန်ကြီးဟာ တာဝတိံသာနတ်များစွာတို့ရဲ့ မွေ့လျော် ပျော်ပါးရာဖြစ်တဲ့ ပန်းမြိုင်တော ဥယျာဉ်တော်ကြီးလိုမျိုး လှပသော အရောင်လေးများ တောက်ပနေပါတယ်။ သင်နတ်သား ယခုလို တန်ခိုးကြီးမား နတ်သားလာဖြစ်ရတာဟာ ရှေးလူဘဝ လူ့ပြည်မှာ နေတုန်းက ဘာကုသိုလ်ကောင်းမှုထူးတွေ ပြုလုပ်ခဲ့ဖူးတာလဲ။ နင် ခုလို ဗိမာန်တော်ကြီး ပိုင်ဆိုင်ပြီး နတ်စည်းစိမ် ခံစားရတာဟာ

ရှေးလူ့ဘဝတုန်းက ဘာကုသိုလ်ကောင်းမှုထူးတွေ ပြုလုပ်ခဲ့ဖူးတာလဲ။ သင်နတ်သားရဲ့ ခန္ဓာကိုယ် ခုလိုအရောင်အဝါ ထွန်းလင်း တောက်ပ တာဟာ လူ့ပြည်မှာနေတုန်းက ဘာကုသိုလ်ကောင်းမှုထူးတွေ ပြုလုပ်ခဲ့ဖူးတာလဲ?" ဟု မေးတော်မူလိုက်သည်။

စိတ္တလတာနတ်သားက "အရှင်မဟာမောဂ္ဂလ္လာန် အရှင်သူမြတ်ကြီး ဘုရား! ဘုရားတပည့်တော် စိတ္တလတာနတ်သားဟာ ရှေးဘဝ လူ့ပြည်မှာ လူဖြစ်စဉ်တုန်းက ဆင်းရဲသား ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ဖူးပါဟယ် ဘုရား၊ ဘုရားတပည့်တော်ဟာ ရတနာ သုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခဲ့ဖူးပါတယ် ဘုရား။ သီလရှိတဲ့ ပုဂ္ဂိုလ်များကိုလည်း ရိုသေစွာ ဂါဝရပြုခဲ့ဖူးပါတယ်ဘုရား။

၁။ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၃။ သူ့သမီးမယား စော်ကားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၄။ မဟုတ်မမှန်တဲ့ မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်ဘုရား။

၅။ သေရည် သေရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

ဆွမ်း, သင်္ကန်း, ရေ, အလှူဒါနတွေကိုလည်း ရိုသေစွာ ဆက်ကပ်လှူဒါန်းခဲ့ဖူးပါတယ် ဘုရား။ ဘုရားတပည့်တော်ဒီလို ကောင်းမှုမျိုး ပြုလုပ်ခဲ့ဖူး၍ ယခုလို နတ်စည်းစိမ် ချမ်းသာသုခ လာခံစား ရတာပ`ဖြစ်ပါဘုရား" ဟု လျှောက်ထားလိုက်သည်။

အရှင်မဟာမောဂ္ဂလ္လာန်အရှင်သူမြတ်သည် နတ်သားအား တရားဟောကြားပေးပြီးလျှင် တာဝတိံသာနတ်ပြည်မှ လူ့ဘုံဌာနသို့ ပြန်ကြွတော်

မူလာခဲ့ပြီး စိတ္တလတာနတ်သား၏ဖြစ်ရပ်ကို မြတ်စွာဘုရားအား လျှောက်ထားတော်မူလိုက်သည်။ မြတ်စွာဘုရားက ၎င်းဖြစ်ရပ်ကို ရောက်လာသည့် ပရိသတ်အပေါင်းအား ပြန်လည်ဟောကြားပေးတော်မူသည်။

ဤဝတ္ထုသည် ဆင်းရဲသားတစ်ယောက် ဖြစ်သော်လည်း တတ်စွမ်းသမျှလေးနှင့် အလှူဒါနပြုလုပ်ပြီး ငါးပါးသီလကုသိုလ် လုံ့ခြုံစွာ စောင့်သုံးခြင်းကြောင့် နတ်ပြည်ရောက်ရသည့် ဝတ္ထုသာဓကတစ်ခု ဖြစ်သည်။

*ကျမ်းကိုး*

*ဝိမာနဝတ္ထုအဋ္ဌကထာ။*

*သုနိက္ခိတ္တဝဂ်။ စိတ္တလတာဝိမာနဝတ္ထု။*

●●●●●●●

## ငါးပါးသီလကုသိုလ်ကြောင့် ဝေဿဝဏ်နတ်မင်းကြီး၏သမီးဖြစ်ရသည့် 'လတာ' အမျိုးသမီးလေး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ရွှေကျောင်းတော်၌ သီတင်းသုံးတော်မူသည့်အချိန် ဖြစ်သည်။

သာဝတ္ထိပြည်သား အမျိုးအမည်အားဖြင့် မထင်မရှားသည့်သူ၏ အိမ်တစ်အိမ်၌ သမီးလေးတစ်ယောက်ရှိသည်။ ၎င်းအမျိုးသမီးလေးသည် ရတနာသုံးပါးတို့ကို ကိုးကွယ် ဆည်းကပ်သည့် အမျိုးသမီးလေးတစ်ယောက် ဖြစ်သည်။ သူမ၏ အမည်မှာတော့ လတာ ဟု ခေါ်ဆိုသည်။

လတာဟုခေါ်သည့် အမျိုးသမီးလေးသည် ပညာရှိသည့် အမျိုးသမီး တစ်ယောက်ဖြစ်သည်။ အိမ်မှာလုပ်ရသည့် အမှုကိစ္စ လုပ်စရာ မှန်သမျှကို ကျွမ်းကျွမ်းကျင်ကျင် လုပ်တတ် ကိုင်တတ်သည့် သူတစ်ယောက် ဖြစ်သည်။ စိတ်ထားလည်း ဖြူစင်သည်။ အရွယ်လေးရောက်လာသော အခါ ချမ်းသာကြွယ်ဝသည့် ယောကျာ်းလေးတစ်ယောက်နှင့် အိမ်ထောင်ကျပြီး လင်ယောကျာ်းအိမ်သို့ လိုက်နေသည်။

အိမ်ထောင်သည် လတာမလေးသည် မကောင်းမှု အကုသိုလ် ဒုစရိုက်တရား ရှောင်ရှား၍ ကောင်းမှုကုသိုလ် သုစရိုက်တရား ဆောင်ကာ သရဏဂုံသုံးပါး ကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလကို လုံလုံခြုံခြုံ စောင့်ရှောက်ထိန်းသိမ်းသည့် သူတစ်ယောက်ဖြစ်သည်။

*အိမ်ထောင်သည် လတာမလေးသည်*

၁။ သူ့အသက်ကို သတ်ဖြတ်ညှင်းဆဲခြင်းမှ ရှောင်ကြဉ် ကျင့်သုံးသည့် သူ ဖြစ်သည်။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကျင့်သုံးသည့်သူ ဖြစ်သည်။

၃။ သူ့ယောကျာ်းကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ် ကျင့်သုံးသည့်သူ ဖြစ်သည်။

၄။ မဟုတ်မမှန်သော မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ် ကျင့်သုံးသည့်သူ ဖြစ်သည်။

၅။ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ကြဉ် ကျင့်သုံးသည့်သူ ဖြစ်သည်။ ဥပုသ်သီလကိုလည်း မေ့လျော့ခြင်းမရှိဘဲ ဥပုသ်နေ့ ဆိုလျှင် ဥပုသ်နေ့ သေသေချာချာမှတ်ထားပြီး သီလကို စောင့်ထိန်း သည်။

သူမသည် မကောင်းမှု အကုသိုလ် ဒုစရိုက်တရား ရှောင်ကြဉ် လိုက်တော့ သရဏဂုံသုံးပါး, ငါးပါးသီလ စသော ကောင်းမှုတရား တစ်ပါ တည်း စောင့်ထိန်းပြီးသားသော အမျိုးသမီးတစ်ယောက် ဖြစ်သွားသည်။

ဒုစရိုက်တရား ပြုလုပ်သည့် ပုဂ္ဂိုလ်သည် သူ့အသက် သတ်ဖြတ် သည်။ သုစရိုက်တရား ပြုကျင့်သည့် ပုဂ္ဂိုလ်ကတော့ သူ့အသက်ကို

သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်သည်။ ထို့ကြောင့် လတာအမျိုးသမီးလေးသည် မကောင်းမှု အကုသိုလ်ဒုစရိုက်မှ ရှောင်ကြဉ်၍ ကောင်းမှုကုသိုလ် သုစရိုက်တရားကို ကြိုးစားအားထုတ်ပြုလုပ်သည့် အမျိုးကောင်းသမီးလေးတစ်ယောက် ဖြစ်သည်။ ဥပုသ်သီလကိုလည်း မေ့လျော့ခြင်းမရှိဘဲ စောင့်ထိန်းသူတစ်ယောက် ဖြစ်သည်။ ယောက္ခမကြီးတို့ အိမ်တွင် တစ်အိမ်သားလုံး တစ်မိသားစုလုံး သူမကို လွန်စွာချစ်ကြသည်။

လတာအမျိုးသမီးသည် သူသေလွန်သွားသည့်အခါ စတုမဟာရာဇ် နတ်ပြည်သို့ လတာနတ်သမီး ဆိုသည့် နာမည်ရင်းနှင့်ပင် ဝေဿဝဏ် နတ်မင်းကြီး၏သမီးလေး သွားဖြစ်ရလေသည်။ လတာနတ်သမီးသည် အခြားသော သဇ္ဇာနတ်သမီး, ပဝရာနတ်သမီး, အစ္စိမတိနတ်သမီး, သုတာနတ်သမီးဆိုသည့် ညီအစ်မငါးယောက်လည်း ရှိသည်။

သိကြားမင်းသည် လတာ စသော နတ်သမီးငါးဖော်တို့ကို သူ့ (သိကြားမင်း)အတွက် ကပြသီဆို ဖျော်ဖြေမှုပိုင်းဆိုင်ရာ ကချေသည် နတ်သမီးအဖြစ်, အနီးနေ အလုပ်အကျွေး နတ်သမီးအဖြစ်, ရာထူးနှစ်ခု ခန့်အပ်ထားလိုက်သည်။

နတ်သမီးငါးဖော်တို့တွင် သိကြားမင်းက လတာနတ်သမီးကို ပိုမိုချစ်ခင်သည်။ ဘာကြောင့် ပိုချစ်သလဲဆိုတော့ နတ်သမီးငါးဖော်တို့တွင် လတာနတ်သမီးသည် အကပိုင်းဆိုင်ရာ သီဆိုပိုင်းဆိုင်ရာ၌ လွန်စွာ တတ်မြောက် ကျွမ်းကျင်သောကြောင့် သူ့ကို ပိုမိုချစ်ခြင်းဖြစ်သည်။

ထို့နောက် တစ်နေ့သောအခါဝယ် နတ်သမီးငါးဖော်တို့သည် သိကြားမင်းကို ကပြဖျော်ဖြေရင်းနဲ့ တစ်ယောက်နဲ့ တစ်ယောက် မနာလိုမှုများဖြစ်ကြပြီး "ငါက သူ့ထက်ပိုပြီး ကတတ်တယ်၊ ငါက သူ့ထက်ပိုပြီး သီဆိုတတ်တယ်၊ ငါက သူတို့ထက် အကုန်လုံးသာလွန်တယ်၊ ငါက မင်းတို့ထက် အကုန်လုံးသာတယ်"ဟု တစ်ယောက်နှင့် တစ်ယောက် ငြင်းခုန်ကြလေသည်။

ညီမငါးယောက်တို့သည် ခမည်းတော် ဝေဿဝဏ် နတ်မင်းကြီးဆီသို့ သွားတိုင်တန်းကြလေသည်။ “ခမည်းတော်ဘုရား! သမီးတို့ ငါးယောက် ထဲက ဘယ်သူက ပိုကတတ် ပိုဆိုတတ်တာလဲ၊ ဘယ်သူက ကျွမ်းကျင်ဆုံး လဲ?ဟု မေးမြန်းကြည့်ကြလေသည်။

ဖခင်ဝေဿဝဏ်နတ်မင်းကြီးက “ချစ်သမီးတို့. . ! ချစ်သမီးတို့ အကုန်လုံး အနောတတ္တ ရေအိုင်ကြီးရဲ့ကမ်းမှာ ကျင်းပ ပြုလုပ်တဲ့ နတ်သဘင် အစည်းအဝေးသို့ သွားကပြ, သွားသီဆိုပြကြပါ၊ ဘယ်သူက ကတတ် ဆိုတတ်လဲ ဆိုတာ အဖြေမှန်ပေါ်လိမ့်မယ်” ဟု စေခိုင်းလိုက် သည်။

ညီမ နတ်သမီးငါးဖော်တို့ကလည်း ဖခင်ကြီး စေခိုင်းသည့်အတိုင်း နတ်သဘင် အစည်းအဝေးသို့ သွားကြလေသည်။ နတ်သဘင် အစည်းအဝေး ကြီး၌ လတာနတ်သမီးက ဦးစွာပထမ သီဆိုကပြသည်။ လတာနတ်သမီး ကလည်း သူ စွမ်းနိုင်သလောက် ကြိုးစားပြီး သီဆို ကပြလိုက်သည်။ နတ်သဘင်အစည်းအဝေးသို့ ရောက်လာကြသော နတ်သားအပေါင်းတို့ သည် လတာနတ်သမီး ကတာ၊ သီဆိုတာကို ကြည့်ပြီး အော်ဟစ်သည့် နတ်သားကလည်း အော်ဟစ်၊ လက်ခုပ်တီးတဲ့ နတ်သားကလည်း တီး၊ ခေါင်းပေါင်းကိုချွတ်ပြီး ကိုင်မြှောက်သည့် နတ်သားကလည်း ကိုင်မြှောက်၊ တဖျောင်းဖျောင်း လက်ခုပ်တီး အော်ဟစ်ပြီး ပျော်ရွှင်စွာ အားပေးကြ သည်။ နတ်သားအပေါင်းတို့သည် လတာနတ်သမီးကို ကောင်းချီးသြဘာ ပေးကြသည်။

လတာနတ်သမီး သီဆိုကပြပြီးသည့်နောက်မှာ သဇ္ဇာ နတ်သမီး, ပဝရာနတ်သမီး, အစ္စိမတီနတ်သမီး, သုတာနတ်သမီး လေးယောက်သော နတ်သမီးတို့က သီဆိုကပြကြသော် အေးမြသော ဆောင်းရာသီကာလ၌ ဥဩငှက်တို့ကဲ့သို့ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေကြသည်။ ၎င်းနတ်သမီး လေးဖော်တို့သည် လတာနတ်သမီးကဲ့သို့ မကတတ် မဆိုတတ်သောကြောင့် နတ်သားတို့၏ လက်ခုပ်တီး ကောင်းချီးသြဘာ အားပေးမှုကို မရရှိသည့်

အပြင် လတာနတ်သမီးကိုလည်း အရှုံးပေးလိုက်ရလေသည်။ ထို့ကြောင့် နတ်သဘင် အစည်းအဝေးကြီး၌ လတာနတ်သမီးသည် အက အရမ်းကောင်းသည်၊ အဆို အရမ်းကောင်းသည်ဟု နတ်ပြည်မှာ နာမည်ကြီးသွားလေသည်။

ထို့နောက် တစ်နေ့သောအခါမှာတော့ ညီအစ်မ နတ်သမီး ငါးဖော်တို့သည် အနောတတ္တရေအိုင်သို့ ရေသွားချိုးကြသည်။ ရေချိုးပြီးတော့ နတ်သမီးငါးဖော်တို့သည် ပျော်ရွှင်စွာ ကခုန် သီချင်းသီဆိုကြသည်။ ထိုအခါ ညီမလေး သုတာနတ်သမီးက ကြံစည်လိုက်သည်မှာ-

"ငါတို့အစ်မ လတာနတ်သမီးက ရှေးလူ့ဘဝ လူ့ပြည်မှာနေတုန်းက သူဘာကုသိုလ်ကောင်းမှု ပြုခဲ့ဖူးပြီး ယခု ဒီနတ်ဘဝ ငါတို့ထက် ပိုပြီး လှပနေရတာလဲ၊ ငါတို့ထက် ထင်ရှားကျော်ကြား နာမည်ကြီး နေရတာလဲ၊ ငါကိုယ်တိုင် အစ်မလတာနတ်သမီး ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်ကို မေးကြည့်လိုက်ရင် ကောင်းမှာပဲ"ဟု ဤသို့ ကြံစည်လေသည်။ ယင်းနောက် ညီမသုတာနတ်သမီးသည် သူမကြံစည်သည့်အတိုင်း သူ့အစ်မ လတာနတ်သမီးကို မေးကြည့်လိုက်သည်မှာ-

"အစ်မတော်ရေ! အစ်မတော်က ရှေးလူ့ဘဝ လူ့ပြည်မှာနေတုန်းက ဘာကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့ဖူး၍ ယခု နတ်ဘဝ ညီမတို့ထက် အရမ်းလှပနေရတာလဲ၊ ဘာကုသိုလ် ကောင်းမှုပြုလုပ်ခဲ့ဖူး၍ ညီမတို့ထက် နာမည်ကြီးနေရတာလဲ၊ ဘာကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ဖူး၍ နတ်သား နတ်သမီးတွေက အစ်မတော်ကို အရမ်းချစ်နေတာလဲ။ ဘာဖြစ်လို့ အစ်မက အခြားသော နတ်သမီးတို့ထက် အဆပေါင်း မြောက်မြားစွာ ကတတ်၊ သီဆိုတတ်၊ တီးမှုတ်တတ်တာလဲ အစ်မတော် လတာရယ် ညီမလေးတို့ကို ဖြေကြားပြောပြပေးပါလား?"။

လတာက "သြော်၊ ဒီလိုပါ ညီမလေးရယ်! ငါဟာ လူ့ပြည်မှာ နေတုန်းက ချမ်းသာကြွယ်ဝသည့် ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး လင်ယောကျ်ားရဲ့အိမ်သို့ လိုက်နေ၍ သူများရဲ့ချွေးမ ဖြစ်ခဲ့ရတယ်၊

ငါဟာ သရဏဂုံသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလကို မကျိုး မပျက်အောင် စောင့်ရှောက်ထိန်းသိမ်းခဲ့ဖူးပါတယ်၊ စိတ်ထားဖြူစင်သူ တစ်ယောက် ဖြစ်ခဲ့ဖူးပါတယ်။

၁။ ပါဏာတိပါတာဝေရမဏီဆိုတဲ့ သူ့အသက်ကို သတ်ဖြတ် ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်။

၂။ အဒိန္နာဒါနဝေရမဏီဆိုတဲ့ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်။

၃။ ကာမေသုမိစ္ဆာစာရာဝေရမဏီ ဆိုတဲ့ သူ့သားယောကျ်ားကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်။

၄။ မုသာဝါဒါဝေရမဏီဆိုတဲ့ မဟုတ်မမှန်တဲ့ မုသားစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနဝေရမဏီဆိုတဲ့ သေအရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ်။

ငါဟာ လင်ယောကျ်ားစကားကို နားထောင်ပြီး မယားကျင့်ဝတ် ကျေပွန်ခဲ့ဖူးပါတယ်။ ဥပုသ်သီလကိုလည်း စောင့်ထိန်းခဲ့ဖူးပါတယ်။ မကောင်းမှု အကုသိုလ် ဒုစရိုက်မှ ရှောင်ကြဉ်ပြီး ကောင်းမှုကုသိုလ် သုစရိုက်တရား ကြိုးစားအားထုတ် ပြုလုပ်ခဲ့ဖူးပါတယ်။

ညီမလေးတို့ ငါဟာ ရှေးဘဝ လူ့ပြည်မှာနေတုန်းက ဒီလို ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့လို့ ယခုနတ်ဘဝ အခြားသော နတ်များတွေထက် အစစအရာရာ အဆပေါင်းများစွာ သာလွန်တာပဲ ဖြစ်ပါတယ်။”

လတာနတ်သမီး၏ ရှေ့လူ့ဘဝ လူ့ပြည်မှာတုန်းက ပြုလုပ်ခဲ့ဖူးသည့် ကောင်းမှုကုသိုလ်ကိုကြားရသည့် သုတာနတ်သမီးသည် သူ့ညီမလေးများကို ဆုံးမလိုက်သည်မှာ-

“ညီမလေးတို့! အစ်မလတာပြောသွားတာ ညီမလေးတို့ ကြားရတဲ့ အတိုင်းပါပဲ၊ ငါမေးမြန်းသွားတာမှန်ဘာမျှ အစ်မတော် လတာက ငါတို့ကို အကုန်လုံး ပြန်ပြောပြတယ်။ အိမ်ရှင် ယောကျ်ားသားတွေဟာ ငါတို့ အိမ်သူသက်ထား မိန်းမများအတွက် အလွန်ကျေးဇူးများတယ်။ ငါတို့ နတ်သမီးများက သူတို့နတ်သားကို အမြဲမပြတ် ချည်းကပ်ရတာပဲ ဖြစ်ပါတယ်။ အစ်မတော်လတာဟာ လူ့ဘဝတုန်းက မယားကျင့်ဝတ် ကျေပွန်ခဲ့ဖူးလို့ ယခုလို နတ်စည်းစိမ်ချမ်းသာများကို ခံစားရတယ်။ အစ်မတော်လိုဖြစ်ချင်ရင် အစ်မတော်လို ပြုကျင့်မှရမှာ” ဟု ပြောကြားလိုက်သည်။

ထို့နောက် ဝေဿဝန် နတ်မင်းကြီးလည်း ဤအကြောင်းကို စတုမဟာရာဇ်နတ်ပြည်သို့ ကြွရောက်လာတော်မူသည့် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်အား ပြန်လည် လျှောက်ထားလေသည်။ အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်က ဤအကြောင်းကို မြတ်စွာဘုရားအား ပြန်လည်လျှောက်ထားတော်မူလိုက်သည်။ မြတ်စွာဘုရားက ဤအကြောင်းကို တရားနာပရိသတ်အပေါင်းတို့အား ကရုဏာရှေ့ထား မေတ္တာအားဖြင့် ကောင်းစွာ ဟောကြားပေးတော်မူသည်။

စာဖတ်ပရိသတ်များလည်း လတာနတ်သမီး၏ စည်းစိမ်ချမ်းသာကိုကြည့်ပြီး အားကျရင် လတာမလေးလို ကောင်းမှုကုသိုလ် ပြုလုပ်ပါ။ အားမကျဘူး လတာနတ်သမီးထက်သာအောင် လုပ်မယ်ဆိုသည့် စိတ်ဓာတ်နဲ့ ကောင်းမှုကုသိုလ် ပိုကြိုးစားအားထုတ်ပြုလုပ်ရင် အတိုင်းထက် အလွန် ကောင်းသည်။

●●●●●●●

## လူများဆောက်တည်ကြသည့် ဥပုသ် (၃) ပါး

၁။ နိဂဏ္ဍဥပုသ်-တိတ္ထိတို့ စောင့်သောဥပုသ်မျိုး။

၂။ ဂေါပါလဥပုသ်-သီလဥပုသ်ခံယူပြီး ရတနာသုံးပါး၏ ဂုဏ်တော်ကျေးဇူးတော်များကို မအောက်မေ့, မပွားများ ဝတ်ရေး စားမှုအစုအစုတို့ကိုသာ ကြံစည်အောက်မေ့နေသော ဥပုသ်မျိုး။ **ဤဥပုသ်ကား အကျိုးတရားနည်း၏။**

၃။ အရိယာဥပုသ်-ဥပုသ်ဆောက်တည်ပြီးလျှင် အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘတရားတို့ကို ဆင်ခြင်စဉ်းစားခြင်း၊ ရတနာ သုံးပါးတို့၏ ဂုဏ်တော်တို့ကို အောက်မေ့ပွားများခြင်း။ **ဤဥပုသ်ကား အကျိုးတရာများ၏။**

## ကောင်းမြတ်ဖြူစင်သော ဥပုသ် (၆) ပါး

၁။ ဗြဟ္မုပေါသထ - ဘုရားရှင်၏ ဂုဏ်တော်များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၂။ ဓမ္မုပေါသထ - တရားတော်၏ ဂုဏ်တော်များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၃။ သံဃုပေါသထ - သံဃာတော်များ၏ ဂုဏ်တော်များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၄။ သီလုပေါသထ-မိမိစောင့်သုံးသော သီလ၏ ဂုဏ်များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၅။ ဒေဝုပေါသထ - နတ်တို့ကို သက်သေပုံထား၍ မိမိစောင့်သော သီလ၏ ဂုဏ်များကို ဆင်ခြင် စောင့်သုံးသော ဥပုသ်။

၆။ အင်္ဂုတ္တိုရ်ပါဠိ-သူ့အသက်သတ်ခြင်းစသော ဒုဿီလ အကျင့်များ ရှောင်ရှား၍ ရှစ်ပါးသီလကို ရိုသေစွာစောင့်သော ဥပုသ်။

*ကျမ်းကိုး*
*ဝိမာနဝတ္ထုအဋ္ဌကထာ။*
*ပါဠိတော်ဝင်-လတာဝိမာနဝတ္ထု။*

●●●●●●●

## ငါးပါးသီလကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ တန်ခိုးကြီး ပလ္လက်နတ်သမီးဖြစ်ရသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

သာဝတ္ထိပြည် အမျိုးကောင်းသား ဥပါသကာတစ်ဦး ရှိသည်။ ၎င်းမှာ သမီးတစ်ယောက်ရှိသည်။ နာမည်ကား "ပလ္လက်" ဟုခေါ်သည်။ ၎င်းသူဌေးသည် သမီးလေးပလ္လက်ကို သူနှင့် လူမျိုးဘာသာ စည်းစိမ်ဥစ္စာ စသည်နှင့် တူညီသည့် အမျိုးကောင်းသား ဥပါသကာတစ်ဦး၏သား လေးနှင့် လက်ထပ်မင်္ဂလာဆောင်ပေးလိုက်ကြသည်။

အိမ်ထောင်သည်ဘဝရောက်သွားသည့် ပလ္လက်သည် ငါးပါးသီလကိုစောင့်ထိန်းသည့် အမျိုးသမီးကောင်းတစ်ယောက်ဖြစ်သည်။ ငါးပါးသီလကို တစ်ပါးမှ မလွန်ကျူးပဲ လုံခြုံစွာ စောင့်ထိန်းသည့် အမျိုးသမီးကောင်းတစ်ယောက် ဖြစ်သည်။ ပလ္လက်မလေးသည် လူများတကာနှင့်

ဆက်ဆံသည့်အခါ စိတ်ဆိုးစရာနှင့် တွေ့ကြုံလျှင်လည်း စိတ်မဆိုးမိအောင် ကိုယ့်စိတ်ကို တရားနှင့်ဖြေသိမ့်၍ ချစ်ချစ်ခင်ခင် ပြောဆို ဆက်ဆံတတ်သည့် အမျိုးသမီးကောင်းတစ်ယောက် ဖြစ်သည်။ လင်ယောက်ျားကိုလည်း ရိုသေစွာ ပြုစုလုပ်ကျွေးတတ်သည့် အမျိုးသမီးကောင်းတစ်ယောက်ဖြစ်သည်။

၎င်းသည် အဖိတ်နေ့ (၇)ရက်နေ့၊ (၈) ရက်နေ့၊ အထွက် (၉) ရက်နေ့၊ အဖိတ်နေ့ (၁၄) ရက်နေ့၊ ဥပုသ်နေ့ (၁၅) ရက်နေ့၊ ဥပုသ်ထွက် (၁) ရက်နေ့ ဒီလိုနေ့မျိုးမှာ ဥပုသ်သီလ စောင့်ထိန်းသည့်သူ တစ်ယောက်ဖြစ်သည်။

ပလ္လက်သည် သူသေလွန်သွားသော် သေလွန်သည်နှင့် တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ကျောက်မျက်ရတနာရွှေစင် အဖြာဖြာ စသည်ဖြင့် တန်ဆာဆင်ထားသည့် မြပလ္လင်ဗိမာန်ကြီးတစ်ခု ငါးပါးသီလ ကုသိုလ်ကြောင့် အလိုအလျောက်ပေါ်ပေါက်လာသည်။ ၎င်း နတ်သမီးသည် စိတ်အလိုရှိတိုင်း ဖန်ဆင်းနိုင်စွမ်းရှိသည့် တန်ခိုးအာနုဘော်ကြီးမားသည့် ပလ္လက်ဆိုသည့် နတ်သမီးသွားဖြစ်ရလေသည်။ နတ်သမီးငယ်များတို့က ပလ္လက်နတ်သမီးကို ဝိုင်းဝန်းကပြ သီဆိုဖျော်ဖြေပေးနေကြသည်။ ပလ္လက်နတ်သမီး၏ ခန္ဓာကိုယ်မှာလည်း တလက်လက် တစ်ဖြိုက်ဖြိုက် ထွန်းလင်းတောက်ပ ဝင်းထိန်နေတော့သည်။

ယင်းအချိန်ဝယ် အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်သည် တာဝတိံသာနတ်ပြည်သို့ ဒေသစာရီခရီး ကြွချီတော်မူလေသည်။ အရှင်မဟာမောဂ္ဂလ္လာန်သည် ပလ္လက်နတ်သမီးကိုတွေ့မြင်တော့ ဤသို့ မေးမြန်းလေသည်။

"အို. . တန်ခိုးအာနုဘော်ကြီးမားတဲ့ နတ်သမီး! သင်နတ်သမီးက ဘာဖြစ်လို့ ကျောက်မျက်ရတနာ ရွှေစင်အဖြာဖြာတွေနဲ့ တန်ဆာဆင်ထားတဲ့ မြပလ္လင်ဗိမာန် ပိုင်ဆိုင်ရတာလဲ။ ဘာဖြစ်လို့ စိတ်အလိုရှိတိုင်း ဖန်ဆင်းနိုင်စွမ်းရှိတဲ့ တန်ခိုးကြီးမား နတ်သမီးလာဖြစ်ရတာလဲ?။

ဘာဖြစ်လို့ နတ်သမီးငယ်လေးတွေကလည်း သင်နတ်သမီးကို ဝိုင်းဝန်း သီဆို,ကပြနေရတာလဲ။ ဘာဖြစ်လို့ သင်နတ်သမီးရဲ့ ခန္ဓာကိုယ်မှာလဲ ကိုယ်ရောင်ကိုယ်ဝါ တစ်လက်လက် တစ်ဖြိုက်ဖြိုက် ထွန်းလင်းတောက်ပနေရတာလဲ?။

သင် ရှေးလူ့ဘဝ လူ့ပြည်မှာနေတုန်းက ဘာကုသိုလ် ကောင်းမှုထူးတွေကို ပြုလုပ်ခဲ့ဖူးတာလဲ။ ဘာကုသိုလ်ကောင်းမှုထူးတွေကြောင့် ကြီးမားတဲ့ နတ်စည်းစိမ်ချမ်းသာသုခကို လာခံစားနေရတာလဲ?။"

"အရှင်သူမြတ်ကြီးဘုရား! ဘုရားတပည့်တော်မပလ္လက် နတ်သမီးဟာ ရှေးလူ့ဘဝ လူ့ပြည်မှာနေတုန်းက ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်သည့် ဒါယိကာမတစ်ယောက် ဖြစ်ခဲ့ဖူးပါတယ် ဘုရား။

၁။ သူ့အသက်ကို သတ်ပုတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၂။ ကိုယ် နှုတ်ဖြင့် မပေးတဲ့ သူတစ်ပါးရဲ့ ဉစ္စာကို လိမ်ညာခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၃။ သူ့သားယောကျ်ားများကို ဖောက်ပြန်သွားလာ လွန်ကျူးခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၄။ လိမ်လည်လိုငြား မှားယွင်းတဲ့ မုသားစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

၅။ သေအရက် မူးယစ်ဆေးဝါး သောက်စားခြင်းမှ ရှောင်ကြဉ်ခဲ့ဖူးပါတယ် ဘုရား။

ဒီငါးပါးသီလကို လုံခြုံစွာ စောင့်ထိန်းခဲ့ဖူးတယ် ဘုရား။

ဘုရားတပည့်တော်မဟာ လူအများတကာနဲ့ ဆက်ဆံတဲ့အခါ စိတ်ဆိုးစရာ ကြုံခဲ့ပါသော်လည်း စိတ်မဆိုးမိအောင် ကိုယ့်စိတ်ကို တရားနဲ့ဖြေသိမ့်ခဲ့ဖူးတယ် ဘုရား။ သူများနဲ့ ချစ်ချစ်ခင်ခင် ပြောဆို နှုတ်ဆက်

ခဲ့ဖူးပါတယ် ဘုရား။ လင်ယောကျ်ားရဲ့အပေါ် မှာ မယားကျင့်ဝတ် ကျေပွန်ခဲ့ဖူးပါတယ်ဘုရား။ ဥပုသ်သီလ စောင့်ထိန်းခဲ့ဖူးပါတယ် ဘုရား။ ဘုရားတပည့်တော်မ ရှေးလူ့ဘဝ လူ့ပြည်မှာနေတုန်းက ဒီလို ကုသိုလ်ကောင်းမှုမျိုးတွေ ပြုလုပ်ခဲ့တယ်ဘုရား။ ဒီလို ကောင်းမှု ပြုလုပ်ခဲ့ဖူးသည့် အတွက်ကြောင့် ဘုရားတပည့်တော်မ လူ့ဘဝ ကွယ်လွန်ရာမှ နတ်စည်းစိမ်ဥစ္စာခြံရံကာ၍ ဘုန်းတန်ခိုးအာနုဘော် ကြီးမားတဲ့နတ်သမီး လာဖြစ်ရတာပဲ ဖြစ်ပါတယ်ဘုရား" ဟု လျှောက်ထားတော်မူလိုက်သည်။

အရှင်မဟာမောဂ္ဂလ္လာန် မထေရ်မြတ်ကလည်း ပလ္လက်နတ်သမီးအား တရားဟောကြားပေးပြီးလျှင် လူ့ပြည်သို့ ပြန်ကြွရောက်လာသောအခါ မြတ်စွာဘုရားအား ထိုပလ္လက်နတ်သမီး၏ အကြောင်းအရာများကို လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားကလည်း ရောက်လာသော လူ့ပရိသတ်အပေါင်းတို့အား ပြန်လည်ဟောကြားပေးတော်မူသည်။ လူအများအား ကောင်းကျိုးတရား ရသွားကြသည်။

ဤဝတ္ထုသာဓကလည်း ငါးပါးသီလ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသည့် ဝတ္ထုတစ်ခုပင်ဖြစ်သည်။

*ကျမ်းကိုး။*
*ဝိမာနဝတ္ထုအဋ္ဌကထာ၊ ပါရိစ္ဆတ္တကဝဂ်။*
*ပလ္လက်ဝိမာနဝတ္ထု။*

## လူတို့ ဥပုသ်စောင့်နည်း (၄) မျိုး

၁။ ပကတိဥပုသ် - (၈) ရက်၊ လပြည့်လကွယ်ဥပုသ်။

၂။ ပတိဇာဂရဥပုသ် - (၇) ရက် (၁၃) ရက် ဥပုဒ်အကြို အပိုစောင့်သောဥပုသ်။

၃။ အဓိဋ္ဌာန်ဥပုသ် - ရက်လပိုင်းခြား ဆောက်တည်သောဥပုသ်။

၄။ ပါဋိဟာရိယဥပုသ် - (၉) ရက် (၁) ရက်အထွက် တစ်ရက်နေ့စောင့်သောဥပုသ်။

ကျမ်းကိုး။ *အင်္ဂုတ္တရပါဠိတော်။*

## ဂရုဓမ္မသီလ "နိစ္စသီလ" ခေါ် ငါးပါးသီလအကြောင်း

လူပုဂ္ဂိုလ်တို့ ခါးဝတ်ပုဆိုးပမာ အမြဲစောင့်ထိန်းအပ်သော ငါးပါးသီလ(ဂရုဓမ္မသီလ) (နိစ္စသီလ)သည် ငါးပါးသီလစောင့်သူ အပါအဝင် ၎င်း၏ ပတ်ဝန်းကျင် လောကတစ်ခုလုံးကို ချမ်းမြေ့သာယာ ကြီးပွားတိုးတက်စေသည်သာမက မဂ်ဖိုလ် နိဗ္ဗာန် ရရှိရန် ပဓာန အထောက်အကူဖြစ်သောကြောင့် အနည်းငယ် အကျယ်ချဲ့ ရှင်းပြပါမည်။

## သီလညစ်ညူးခြင်း

ငါးပါးသီလ စသော သီလတို့ကို စောင့်ထိန်းရာတွင် သီလကျိုးခြင်း၊ သီလပေါက်ခြင်း၊ သီလပြောက်ခြင်း၊ သီလကြားခြင်းတို့ကြောင့် သီလညစ်ညူးခြင်း ဖြစ်ရသည်။

၁။ **သီလကျိုးခြင်း**။ အစဆုံး သိက္ခာပုဒ်ဖြစ်စေ၊ အဆုံး (နောက်ဆုံး) သိက္ခာပုဒ်ဖြစ်စေ ပျက်လျှင် သီလကျိုးပြတ်ခြင်း ဖြစ်၏။

၂။ **သီလပေါက်ခြင်း**။ သိက္ခာပုဒ် တစ်ခုကျော် စသည်ဖြင့် အကြား အကြား၌ သိက္ခာပုဒ် ပျက်လျှင် သီလပေါက်ခြင်း ဖြစ်၏။

၃။ **သီလပြောက်ခြင်း**။ သိက္ခာပုဒ် တစ်ခုကျော် စသည်ဖြင့် အကြား အကြား၌ သိက္ခာပုဒ် ပျက်လျှင် သီလပြောက်ခြင်း ဖြစ်၏။

၄။ **သီလကြားခြင်း**။ သိက္ခာပုဒ်များတွင် အစ၊ အလယ်၊ အဆုံး တစ်မျိုးမျိုး၌ သိက္ခာပုဒ် နှစ်မျိုး၊ သုံးမျိုး ဆက်လျက် ပျက်လျှင် သီလကြားခြင်းဟု ခေါ်၏။ ငါးပါးသီလသည် ပစ္စုပ္ပန်၊ တမလွန် နှစ်တန်သော ဘဝများအတွက် မဖြစ်မနေ ဆောက်တည် ကျင့်သုံး အပ်သော သီလများ ဖြစ်သည်။ ဝိပဿနာ ဘာဝနာ အားထုတ် သူတို့အတွက်လည်း အခြေခံဖြစ်သော ဤငါးပါး သီလမျိုးမျှ မရှိလျှင် မည်သို့မျှ သမာဓိ တရားကို မထူထောင်နိုင်တော့ပေ။ သမာဓိတရား မထူထောင်နိုင်တော့ တရားအား ထုတ်ရာ၌လည်း တရားမရနိုင်ပေ။

## သီလညစ်ညှိုးရခြင်း အကြောင်းအရင်းခံများ

၁။ မေထုန်ငယ် ၇-မျိုး ကြောင့်လည်း သီလညစ်ညှိုးနိုင်သည်။

၂။ အမျက်ထွက်ခြင်း(ကောဓ) ကြောင့်လည်း သီလညစ်ညှိုးနိုင်၏။

၃။ ရန်ညှိုးဖွဲ့ခြင်း(ဥပနာဟ) ကြောင့်လည်း သီလညစ်ညှိုးနိုင်၏။

၄။ သူတစ်ပါး၏ ကျေးဇူးကို ချေဖျက်ခြင်း(မက္ခ) ကြောင့်လည်း သီလ ညစ်ညှိုးနိုင်၏။

၅။ ဖက်ပြိုင်တုပခြင်း(ပဠာသ) ကြောင့်လည်း သီလညစ်ညှိုးနိုင်၏။

၆။ သူတစ်ပါးပြည့်စုံချမ်းသာ ကြီးပွားနေသည်ကို မနာလိုခြင်း (ဣဿာ) ကြောင့်လည်း သီလညစ်ညူးနိုင်၏။

၇။ မိမိစည်းစိမ်ဥစ္စာကို တွန့်တို နှမြောခြင်း၊ သူတစ်ပါး အားပေး စွန့်ရမည်ကို နှမြောတွန့်တိုခြင်း (မစ္ဆရိယ) ကြောင့်လည်း သီလ ညစ်ညူးနိုင်၏။

၈။ မိမိ၌ ထင်ရှားရှိနေသော အကုသိုလ်အပြစ်ကို ဖုံးကွယ်ထား ခြင်း (မာယာ)ကြောင့်လည်း သီလ ညစ်ညူးနိုင်၏။

၉။ မိမိ၏ ထင်ရှားမရှိသောဂုဏ်ကို ရှိသယောင် ဟန်ဆောင်ခြင်း (သာဌေယျ)ကြောင့်လည်း သီလ ညစ်ညူးနိုင်၏။

၁၀။ မိတ်ဆွေယုတ်နှင့် ပေါင်းဖက်မိသောကြောင့်လည်း သီလ ညစ်ညူး နိုင်၏။

အချုပ်အားဖြင့် မသိမိုက်မဲတွေဝေမှု မောဟ၊ အလိုရမ္မက်ကြီးမှု လောဘ၊ စိတ်နေ ပျက်စီးပေါက်ကွဲမှုဒေါသ အရင်းခံ တရားများကြောင့် ဖြစ်ပေါ်လာသော အကုသိုလ် ကာယကံ၊ ဝစီကံကျူးလွန်မိခြင်း မှန်သမျှသည် သီလညစ်ညူးခြင်း၊ ပျက်စီးခြင်း၏ အကြောင်းရင်းခံ တရားများ ဖြစ်သည်။

## သူ့အသက် သတ်ဖြတ်ညှဥ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်းဟူသည်

၁။ ပါဏ - သက်ရှိသတ္တဝါ ဖြစ်ခြင်း။

၂။ ပါဏသညိက - သက်ရှိသတ္တဝါဟု မှတ်သိခြင်း။

၃။ ဃာတစိတ္တ - သတ်လိုသော စိတ်ရှိခြင်း။

၄။ ဥပက္ကမ - သေအောင် သတ်ခြင်း။

၅။ မရဏ - ထိုလုံ့လကြောင့် သေခြင်း။

ဧင်း အင်္ဂါငါးပါးတို့နှင့် ပြည့်စုံက ပါဏာတိပါတ သိက္ခာပုဒ် ပျက်၏။

ယင်းသို့ ကျူးလွန်ရာ၌ အသတ်ခံရသူ သတ္တဝါ၏ ကိုယ်ကာယ အကြီး အငယ် လိုက်၍လည်းကောင်း၊ သတ္တဝါ၏ အကျင့် သီလဂုဏ်ကို လိုက်၍ လည်းကောင်း၊ သတ်ရန် အားထုတ်မှု လုံ့လပယောဂ အားစိုက်မှု အကြီး အငယ်ကို လိုက်၍ လည်းကောင်း၊ အပြစ်ကြီးခြင်း၊ အပြစ်ငယ်ခြင်း ဖြစ်၏။ အခြားသတ္တဝါများထက် လူကိုသတ်လျှင် ပို၍ အပြစ်ကြီး၏။ သာမန် ပုထုဇဉ်ပုဂ္ဂိုလ်ထက် အရိယာ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်များကို သတ်လျှင်ထိုထက် ပို၍ ပို၍ အပြစ်ကြီး သည်။

## ပါဏာတိပါတ၏ ပယောဂ (၆) မျိုး

ပါဏာတိပါတကံ ဖြစ်နိုင်ခြင်း၏ အကြောင်းတရားမျိုးရှစ်ပါး

၁။ ဥဒိဿပယောဂ - သတ္တဝါကို ရည်မှန်း၍ ထိုးခုတ် သတ်ဖြတ်ခြင်း။

၂။ အနုဒ္ဒိဿပယောဂ - သတ္တဝါတစ်စုံတစ်ခုကို ရည်မှန်းခြင်း မရှိဘဲ ဘာကောင် သေသေဟု ပစ်ခတ် ထိုးခုတ်လိုက်ခြင်းမျိုး။

၃။ သာဟတ္ထိကပယောဂ - ကိုယ်တိုင် သတ်ပုတ် ထိုးခုတ်ခြင်း။

၄။ အာဏတ္တိကယောဂ - သူတစ်ပါးကို စေခိုင်းခြင်း။

၅။ နိဿဂ္ဂိယပယောဂ - အဝေး၌ နေသော သတ္တဝါကို မြား၊ လှံ၊ သေနတ် စသည်ဖြင့် ပစ်ခတ် ခြင်း။

၆။ ထာဝရပယောဂ - အမြဲတည်နေ၍ သေစေနိုင်သည့် တွင်းတူးထားခြင်း၊ ဆေးဝါးအစီအရင် ထားခြင်း စသည့်အရာမျိုး။

၇။ ဝိဇ္ဇာမယပယောဂ - ဓာတ်ရိုက် ဓာတ်ဆင်၊ ဂါထာ မန္တရား စသော အစီအရင်တို့ဖြင့် သေအောင် ပြုခြင်း။

၈။ ဣဒ္ဓိမယပယောဂ - မိမိ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် သတ္တဝါတို့ကို သေစေခြင်း။

ကျမ်းကိုး။ ပါရာဇိကဏ်အဋ္ဌကထာ (၁)

## သူ့အသက်သတ်ဖြတ်ညှဉ်းဆဲခြင်း၏ အပြစ် (၂၃) မျိုး

သူ့အသက်ကို သတ်သူတို့ ခံစားတွေ့ကြုံရသော မကောင်းကျိုးများ မှာ-

၁။ ကိုယ်အင်္ဂါချို့တဲ့ခြင်း။
၂။ လုံးရပ်နေထား အချိုးအစားမကျခြင်း။
၃။ နှံ့နှေး လေးဖင့်ခြင်း။
၄။ ခြေ၊ လက်ဖဝါး မရှိခြင်း။
၅။ လှပတင့်တယ်မှုမရှိခြင်း။
၆။ အရေအဆင်း မပြောင်ဝင်းခြင်း။
၇။ အသားအရေ ကြမ်းတမ်းခြင်း။
၈။ ကြောက်ရွံ့ခြင်း။
၉။ ခွန်အားဗလ မရှိခြင်း။
၁၀။ စကားပြေပြစ်စွာ မပြောတတ်ခြင်း။
၁၁။ ချစ်ခင်သူမရှိခြင်း။
၁၂။ မိမိပရိတ်သတ် အကြိမ်ကြိမ်ပျက်စီးခြင်း၊
၁၃။ ထိတ်လန့်တတ်ခြင်း။

၁၄။ လက်နက်၊ အဆိပ်ဘေးသင့်တတ်ခြင်း။

၁၅။ သူများပယာဂကြောင့်သေခြင်း။

၁၆။ တွေဝေမိုက်မဲခြင်း။

၁၇။ ခြွေရံပရိသတ် နည်းပါးခြင်း။

၁၈။ ရှုစရာကောင်းသော ရုပ်ဆင်းရှိခြင်း။

၁၉။ ကုန်းကော့သော ကိုယ်ရှိခြင်း။

၂၀။ ကြောင့်ကြ စိုးရိမ်မှုများခြင်း။

၂၁။ ဘေးရန်များခြင်း။

၂၂။ ချစ်ခင်သောသားသမီးတို့နှင့် ကွေကွင်းရခြင်း။

၂၃။ အသက်တိုခြင်း။

ကျမ်းကိုး။ ခုဒ္ဒကပါဠိအဋ္ဌကထာ။

## သူ့အသက်သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြည်၍ လက်တွေ့အံ့ဩဖွယ် အကျိုးထူးတရားရရှိသူ

တစ်ချိန်တုန်းက သီဟိုဠ်ကျွန်းမှာ နေထိုင်သည့် စက္ကနဟု ခေါ်သည့် အမျိုးကောင်းသား ဥပါသကာတစ်ယောက်ရှိသည်။

မောင်စက္ကနသည် သူ၏မိခင်မှာ ရောဂါဝေဒနာ ဖြစ်နေသည်။ သူ့၏မိခင်ကို ဆရာဝန်ပြကြည့်တော့ ဆရာဝန်က "ယုန်သားလတ်လတ်

ဆတ်ဆတ်နဲ့ ကုမ္ပရမယ်”ဟု ပြောထားသည်။ ဆရာဝန်ပြောသည့်အတိုင်းပါပဲ။ အစ်ကိုဖြစ်သူက “ဟေး. . . ကိုယ့်ညီ မင်း လယ်တောထဲမှာ ယုန်သွားရှာခဲ့စမ်းပါအုံး”ဟု စက္ကနကို ယုန်ရှာဖို့ လွှတ်လိုက်သည်။

စက္ကနလည်း အစ်ကိုစကားကို လိုက်နာပြီး လယ်တောထဲသို့ ယုန်သွားရှာပါသည်။ ယင်းအချိန်ဝယ် ဖြစ်ချင်တော့ ယုန်ကလေး တစ်ကောင်က ကောက်နုကို စားဖို့အတွက် လယ်တောထဲဝင်လာသည်။ ယုန်က စက္ကနကိုတွေ့တယ်ဆိုရင်ပဲ ချက်ချင်း တစ်ဟုန်ထိုး ထွက်ပြေးသွားတဲ့အခါ နွယ်မှာငြိနေသည်။ “ကိရိ ကိရိ အစ် အစ်”ဟု အော်နေသည်။

(စာရေးသူ ခေတ္တခဏ ပညာသင်ကြားနေသည့် မစိုးရိမ်တိုက်သစ်မှာ ယုန်အများ အပြားရှိပါသည်။ ယုန်လေးများ၏ အော်သံကား “အစ် အစ်” ဟု အော်သည်)။

စက္ကနက ယုန်အသံကြားရာဘက်သို့ လိုက်သွားပြီး ထိုယုန်ကို ဖမ်းယူလိုက်သည်။ အမေ့အတွက် ဆေးဝါးဓာတ်စာ လုပ်ရတော့မယ်လို့ ဦးစွာပထမ စဉ်းစားပြီးသည့်နောက် “ကိုယ့်အမေ အသက်ရှင်အောင်လို့ သူ့အသက်ကို သတ်တာဟာ ငါအား မသင့်တော်လှပါတကား”ဟု ထပ်မံစဉ်းစားပြန်သည်။

“ယုန်လေးရယ် မင်းသွားတော့ကွာ၊ တောထဲမှာ အခြား ယုန်တွေနဲ့ အတူ မြက်ရေတွေကို သုံးဆောင်စားသောက် နေချေလော့”ဟု ပြောပြီး ယုန်ကလေးကို ပြန်လွှတ်ပေး၍ လက်ဗလာနဲ့ပဲ အိမ်ပြန်သွားသည်။

“ညီလေးရယ်! ယုန်ရခဲ့လား?” ဟု အိမ်ပြန်ရောက်လို့ အစ်ကိုက အရေးတကြီးမေးသည့်အခါ စက္ကနက ထိုအကြောင်းကို အမှန်အတိုင်း အစ်ကိုအား ပြန်ပြောပြလိုက်သည်။ အကြောင်းစုံကိုသိရတော့ အစ်ကိုက ညီလေးစက္ကနကို ဆဲဆိုကြိမ်းမောင်းလိုက်သည်။ စက္ကနက သူ့အမေအနားကိုသွားပြီး “ယတော အဟံ ဇာတော နာဘိဇာနာမိ သိဉ္စိစ္စ၊ ပါဏံဇီ ဝိတာ ဒေါရောပေ တာ၊ ငါဟာ မွေးသည်ကစ ယခုအချိန်ထိ တိရစ္ဆာန်ကို သတ်ဖူး

တယ်ဆိုတာကို မသိဖူးပါ၊ မသတ်ဖူးပါ” ဟု ဤသို့ မှန်ကန်သော သစ္စာစကား ကို ပြောဆိုပြီး အမေ့အနားမှာ ရပ်နေသည်။ ယင်းအချိန် ခဏ အတော အတွင်းမှာပဲ သူ့အမေရောဂါ ပျောက်ကင်း ချမ်းသာသွားတော့သည်။

ဤဝတ္ထုသည် တိရစ္ဆာန်ကို တကယ်သတ်ရဖို့ ကြုံလာသော်လည်း မသတ်ပဲ ရှောင်ကြဉ်၍ အနာရောဂါ ပျောက်ကင်းသည့် အံ့ဩဖွယ်ရာ အကျိုးရရှိသည့် ဝတ္ထုသာဓကတစ်ခု ဖြစ်ပါသည်။

ကျမ်းကိုး

*ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ၊ ကုလသကမ္မပထကထာ။*

❁ ❁ ❁ ❁ ❁ ❁ ❁

## သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြည်ခြင်းဟူသည်

ပိုင်ရှင်က ကိုယ်နှုတ်ဖြင့် မပေးသော သူတစ်ပါးဥစ္စာကို မမှန်မကန် နည်းလမ်း၊ မတရားသောနည်းလမ်းဖြင့် ရယူပိုင်ဆိုင်ထားခြင်းသည် အဒိန္နာ ဒါနကံကျူးလွန်ခြင်း (ခိုးယူခြင်း)ပင် ဖြစ်သည်။ သူတစ်ပါးပစ္စည်း (အများ ပိုင် ပစ္စည်းပါဝင်သည်) ဖြစ်ခြင်း၊ သူတစ်ပါးပစ္စည်းမှန်း (အများပိုင် ပစ္စည်းမှန်း) သိနေခြင်း၊ ယူလို လုယက် တိုက်ခိုက်လိုသော စိတ်ရှိခြင်း၊ လက်တွေ့ ခိုးယူလုယက်တိုက်ခိုက်ခြင်း၊ ထိုနည်းဖြင့် လက်ဝယ် ပိုင်ဆိုင် ထားရှိခြင်း၊ ၎င်းအင်္ဂါများ ပြည့်စုံလျှင် အဒိန္နာဒါနကံ မြောက်တော့သည်။

# ခိုးနည်း (၂၅) မျိုး

၁။ ကိုယ်တိုင် ခိုးခြင်း။

၂။ သူတစ်ပါးအား အခိုးခိုင်းခြင်း။

၃။ လွှင့်ပစ်၍ ခိုးခြင်း။ (စက်ရုံအလုပ်ရုံများ၊ အိမ်ခြံဝင်းများအတွင်းရှိ ပစ္စည်းကို အစောင့်အရှောက်များ မမြင်အောင် ပြင်ပသို့ ပစ်ထုတ်ပြီး အပြင်ရောက်မှ ကောက်ယူခြင်း)

၄။ ခိုးယူရန် ကြိုတင်မှာထားခြင်း။ (ခိုးရာပါပစ္စည်း လက်ခံ ဝယ်ယူသူများက ဒီပစ္စည်းမျိုးတွေ့လျှင်ယူခဲ့၊ အချိန်မရွေး လက်ခံမည်ဟု ကြိုတင်မှာကြားထားပြီး သူခိုးထံမှ ပစ္စည်းလက်ခံခြင်း)

၅။ မခိုးယူမီက ခိုးမှုဖြစ်ခြင်း။ (သူတစ်ပါးအား ခိုးယူရန်၊ လုယက်ရန်၊ စေခိုင်းရာတွင် စေခိုင်းသူသည် မခိုးမီကပင် ခိုးမှုကျူးလွန်ပြီးဖြစ်ခြင်း)

၆။ ကြံဆ၍ ခိုးခြင်း။ (အိမ်ခြံမြေ၊ ဥယျာဉ်ခြံမြေတို့တွင်ခြံစည်းရိုး၌ သစ်ပင်ဝါးပင်ကြီးများကို စိုက်၍ ကြီးထွားလာသောအခါ သူတစ်ပါး ခြံမြေထဲသို့ တိုးရောက်၍ ထိုသစ်ပင်ဝါးပင်ကြီးများ၏ ပင်လုံးအတိုင်း ခြံစည်းရိုးခတ်ခြင်း၊ လယ်မြေ ကန်သင်းရိုးကို သူတစ်ပါး လယ်ဘက်သို့ တိုး၍ ဖို့ခြင်း။)

၇။ သဘောတူခိုးခြင်း။ (ခိုးယူရန် တိုင်ပင်ညှိနှိုင်းကြပြီး အဖွဲ့များထဲမှ တစ်ဦးဦးက ခိုးလျှင် အဖွဲ့သားအားလုံး ခိုးယူရာရောက်ခြင်း)

၈။ သတ်မှတ်၍ အခိုးခိုင်းခြင်း။ (ဘယ်အချိန်အခါသည် ခိုးရန် သင့်သည်၊ ခိုးရမည်ဟု အချိန်သတ်မှတ်၍ အခိုးခိုင်းခြင်း)

၉။ အချက်ပြအခိုး ခိုင်းခြင်း။ (မျက်စိ ပစ်ပြ၊ မျက်စိ မှိတ်ပြ၊ လက်ဟန် ခြေဟန်ပြ၊ အသံ စသည်ဖြင့် အချက်ပြ ခိုးခိုင်းခြင်း)

၁၀။ လှည့်စား၍ ခိုးခြင်း။ (ခါးပိုက်နှိုက်ခြင်း၊ အလစ်သုတ်ခြင်း၊ ဖောက်ထွင်းခိုးယူခြင်း၊ ရွှေတု၊ ငွေတု ပြုလုပ်ရောင်းချခြင်း၊ စာရင်းလိမ်ခြင်း၊ အလေးချိန်ခွင် တင်းတောင်းခိုးခြင်း၊ အတုပြုလုပ်၍ ရောင်းခြင်း)

၁၁။ လုယက်၍ ခိုးခြင်း။ (လက်နက်၊ အာဏာအရှိန် အဝါဖြင့် အနိုင်ကျင့် လုယက်ယူခြင်း)

၁၂။ သတ်မှတ်ချက်ဖြင့်ခိုးခြင်း။ (မည်သည့်ပစ္စည်းကို ခိုးမည်ဟု ဆုံးဖြတ်ပြီး ခိုးယူလာခဲ့သောပစ္စည်းသည် မူလဆုံးဖြတ်ထားသည့် ပစ္စည်း မဟုတ်သော်လည်း ပြန်လည်မထားတော့ဘဲ ခိုးခြင်း၊ စိတ်ကို ကတိပြုတ် မဆုံးဖြတ်ဘဲ အခွင့်သာလျှင် ခိုးခြင်း၊ အခွင့်မသာလျှင် ပြန်ပေးမည်ဟု ကြံရွယ်ပြီး ခိုးခြင်း)

၁၃။ အမည်ပေါက်ခိုးခြင်း။ (မဲဖြင့် ပစ္စည်းခွဲဝေရာတွင် ပေါက်မဲကို ကြိုတင်ယူထားခြင်း၊ သူတစ်ပါး ပေါက်သည့် မဲလိပ်ကို လဲယူခြင်း၊ အောင်လက်မှတ် အတုလုပ်၍ အလုပ်ဝင်ခြင်း၊ အတုအပ တစ်ခုခု လုပ်၍ ခိုးခြင်း။

၁၄။ တရားစွဲ၍ လုယူခြင်း(သက်မဲ့ပစ္စည်း)။ (သူတစ်ပါးပိုင် ပစ္စည်းများကို မတရား အမှုဆင်ပြီး ဥစ္စာရှင်ကို ရှုံးစေ၍ ခိုးယူခြင်း)

၁၅။ တရားဆွဲ၍ လုယူခြင်း(သက်ရှိပစ္စည်း)။ (ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်ကို မတရားအမှုဆင် တရားစွဲ၍လုယူခြင်း။)

၁၆။ သယ်ပို့စဉ် ခိုးယူခြင်း (သက်ရှိပစ္စည်း)။ (သူတစ်ပါး သယ်ပို့ခိုင်းသည့် ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့ကို လက်ခံမည့်သူထံ အရောက်မပို့ဘဲ လမ်းတွင် ခိုးယူခြင်း။)

၁၈။ ကြားဖြတ်လုယူခြင်း(သက်မဲ့ပစ္စည်း)။ (ပစ္စည်းသယ်ဆောင်လာ သူကို သွေးဆောင်၍ သော်လည်းကောင်း၊ ခြိမ်းခြောက်၍သော် လည်းကောင်း ပိုင်ရှင်ထံ မပို့စေဘဲ အခြားသို့ပို့ခိုင်းခြင်း၊ ယူဆောင်ခြင်း)

၁၉။ ကြားဖြတ်လုယူခြင်း(သက်ရှိပစ္စည်း)။ (တိရစ္ဆာန်များ သယ်ဆောင်လာသူကို ဖြားယောင်းသွေးဆောင်၍သော်လည်းကောင်း၊ မိမိ လိုရာသို့ မောင်းနှင်ပို့ဆောင်ခြင်း။)

၂၀။ နေရာရွှေ့ပြောင်းထားခြင်း(သက်မဲ့ပစ္စည်း)။ (ရွှေ၊ ငွေ စသော ရွှေ့ပြောင်း၍ရသည့် ပစ္စည်းဥစ္စာများကို ခိုးယူလိုစိတ်ဖြင့် မူလနေရာမှ ရွှေ့ပြောင်းထားခြင်း)

၂၁။ နေရာရွှေ့ပြောင်းထားခြင်း(သက်ရှိပစ္စည်း)။ (ကျွဲ၊ နွား၊ ကြက်၊ ဝက် စသည်တို့ကို ခိုးယူလိုသော စိတ်ဖြင့် မူလနေရာမှ အခြားနေရာသို့ ရောက်အောင် မောင်းနှင်ထုတ်ခြင်း)

၂၂။ ပိုင်ရှင်လက်လျှော့သောကြောင့် အခွင့်သာချိန်ခိုးယူခြင်း။ (သူတစ်ပါး၏ပစ္စည်းကို အခွင့်မသာသဖြင့် မခိုးယူနိုင်သေးဘဲ အခွင့်သာချိန်၌ယူရန် အတွက် ပိုင်ရှင်ရှာမတွေ့အောင် စီမံထားပြီး အခွင့်သာချိန်၌ ခိုးယူခြင်း၊ ငှားရမ်းပစ္စည်း ပျောက်ဆုံးသောအခါ ပေးလျော်ရန်ရှိသည်ကို မပေးလျော်ခြင်း၊ ချေးငွေပြန်မဆပ်ခြင်း၊ လောင်းကစားရှုံး၍ မပေးလျော်ခြင်း)

၂၃။ ပိုင်ရှင်လက်လျှော့သောကြောင့် ဖုံးဖိထားခဲ့၍ ခိုးခြင်း။ (သူတစ်ပါး မေ့ကျန်ခဲ့သောပစ္စည်း သို့မဟုတ် အမှတ်တမဲ့ထားသော ပစ္စည်းကို ပိုင်ရှင် မတွေ့စေရန် တစ်ခုခုဖြင့် ဖုံးအုပ်ထားခဲ့ပြီး ပိုင်ရှင်က လက်လျှော့ ရှာမတွေ့က, တွေ့သောအခါ ခိုးယူခြင်း)

၂၄။ ငြင်းကွယ်၍ခိုးခြင်း(သက်မဲ့ပစ္စည်း)။ (ယုံကြည် အပ်နှံထားသော ပစ္စည်း၊ ချေးငှားသောပစ္စည်းကို ပြန်တောင်းသည့်အခါ မအပ်ထားကြောင်း၊ ယူမထားကြောင်း၊ ငြင်းဆို၍ ခိုးခြင်း။)

၂၅။ ငြင်းကွယ်၍ခိုးခြင်း(သက်ရှိပစ္စည်း)။ (ဝက် စသော တိရစ္ဆာန်များကို အပ်နှံထားသည့် ပိုင်ရှင်က ပြန်လည်တောင်းခံသည့်အခါ အပ်နှံမထား ကြောင်း လက်ခံမထားကြောင်း ငြင်းဆန်၍ ခိုးယူခြင်း)

ကျမ်းကိုး။
ပါရာဇိကကဏ်အဋ္ဌကထာ(၁)
ဒါနသီလအခြေခံ။

## သူ့ဥစ္စာခိုးယူခြင်း အပြစ် (၁၂) မျိုး

သူ့ဥစ္စာကို ခိုးဝှက်တိုက်ခိုက် လုယက်ယူသူတို့ ရရှိခံစားမှု အပြစ်မျိုး ဆယ့်နှစ်ပါး။

၁။ မြတ်သောဥစ္စာမျိုး မရရှိနိုင်ခြင်း။

၂။ ယုတ်ညံ့သည့်ဥစ္စာကိုသာ ရရှိနိုင်ခြင်း။

၃။ ပစ္စည်းဥစ္စာ နည်းပါးခြင်း။

၄။ အလွန်ဆင်းရဲမွဲတေခြင်း။

၅။ မရသေးသောဥစ္စာကို မရနိုင်ခြင်း။

၆။ ရရှိပြီးစည်းစိမ်များ ဆုတ်ယုတ်ပျက်စီးခြင်း။

၇။ လိုရာဥစ္စာကို မရနိုင်ခြင်း။

၈။ ရန်သူမျိုးငါးပါးနှင့်သာ ဆက်ဆံတွေ့ကြုံရခြင်း။

၉။ သူတပါးနှင့် ဆက်ဆံသော ဥစ္စာမျိုးကိုသာရခြင်း။

၁၀။ မရှိစကားကိုသာ ကြားရခြင်း။

၁၁။ ချမ်းသာစွာ မနေရခြင်း။

၁၂။ လောကုတ္တရာဥစ္စာကို မရနိုင်ခြင်း။

ကျမ်းကိုး။
ခုဒ္ဒကပါဌ်အဋ္ဌကထာ။

# နိုးယူခြင်းမှရှောင်ကြည်၍ အံ့ဩဖွယ် အကျိုးထူးတရားရရှိသည့် ဘုရားအလောင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့်အချိန် ကောက်ကျစ်သောကုန်သည် ယောကျ်ားတစ်ယောက်ကို အကြောင်းပြု၍ ဤဝတ္ထုဒေသနာတော်ကို ဟောတော်မူခဲ့သည်။

ရှေးအခါတုန်းက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းက ရှင်ဘုရင်လုပ်၍ တိုင်းပြည်အုပ်ချုပ်နေသည်။

ဘုရားအလောင်းတော်က သူကြွယ်မျိုး၌ဖြစ်သည်။ ဘုရားလောင်းမှာ ညီငယ်တစ်ယောက်ရှိသည်။ ရုပ်နာမ်ဓမ္မ သင်္ခါရ သဘောတရားအရ မိဘနှစ်ပါးက သေလွန်သွားသည်။ မိဘနှစ်ပါး မရှိတော့သည့်နောက်မှာ ညီအစ်ကိုနှစ်ယောက်တို့သည် ရှေ့ဘဝခရီးလမ်း နေထိုင်သွားရန်အတွက် မိဘနှစ်ပါးထားရစ်ခဲ့သည့် ပစ္စည်းဥစ္စာ ဘဏ္ဍာများကို ကုန်ရောင်း ကုန်ဝယ် စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင် စားသောက်မယ်ဟုဆိုပြီး ညီအစ်ကို နှစ်ယောက် ရွာတစ်ရွာမှာ ပစ္စည်းသွားရောင်း၍ အသပြာတစ်ထောင် ရလာသည်။

ညီအစ်ကိုနှစ်ယောက် အသပြာတစ်ထောင် ဥစ္စာထုပ်ကို ယူ၍ ပြန်လာကြရာ၌ ညီအစ်ကိုနှစ်ယောက် မြစ်ဆိပ်ရောက်တော့ ထမင်းစားကြသည်။ အစ်ကိုဖြစ်သူက ထမင်းစားပြီးတော့ ကြွင်းကျန်သည့် ထမင်းကို ဂင်္ဂါမြစ်တွင်နေကြသော ငါး၊ လိပ်၊ ရေသတ္တဝါတို့အား အစာကျွေးပေးလှူပြီး မြစ်စောင့်နတ်မှစ၍ အားလုံးသော နတ်တို့အား အမျှပေးဝေလိုက်သည်။

နတ်အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ အမျှပေးဝေလိုက်ခြင်းကြောင့် နတ်၌ဖြစ်သော နတ်စည်းစိမ်ချမ်းသာများ တိုးပွားလာကြ၍ ဘုရားလောင်းအား အလွန်ကျေးဇူးတင်ကြသည်။ ထို့နောက် ဘုရားအလောင်း

သည် ဂင်္ဂါမြစ်နား သဲသောင်ပေါ်တွင် အဝတ်ခင်းပြီး နားနေစဉ် အိပ်ပျော်သွားသည်။ ဘုရားလောင်း၏ ညီငယ်လေးသည်ကား အနည်းငယ် ခိုးတတ်သော သဘောရှိ၏။

၎င်းညီငယ်သည် အသပြာတစ်ထောင်ကို အစ်ကိုအား မပေးချင်ဘဲ မိမိတစ်ယောက်တည်းသာ လိုချင်သောကြောင့် ကျောက်စရစ်များ ကောက်ယူ၍ အသပြာထုပ်နှင့် ပုံစံတူအောင် အထုပ်ထုပ်ပြီး အသပြာထုပ်နားမှာ သွားချထားသည်။ ညီငယ်က အသပြာထုပ်နှင့် ကျောက်စရစ်ထုပ်ကို ခွဲဝေလို့ မရအောင် ပြုလုပ်ပြီးသည့်နောက် ဘုရားအလောင်းနည်းတူ အိပ်ပျော်သွားသည်။

ညီအစ်ကိုနှစ်ယောက် အိပ်ရာမှထ၍ လှေစီးကြပြီးလျှင် မြစ်ကို ကူးသွားကြလေသော် မြစ်၏အလယ်ရောက်တော့ ညီငယ်က လှေကို လှုပ်၍ ကျောက်စရစ်ထုပ်ကို ရေထဲပစ်ချမယ်" ကြံစည်ပြီး လက်ဖြင့် အလွဲကိုင်၍ အသပြာထုပ်ကို ရေထဲပစ်ချလိုက်သည်။

ယင်းသို့ ပစ်ချပြီးလျှင် "အစ်ကို! အသပြာထုပ်ကား ရေထဲ ပြုတ်ကျသွားပြီ ဘယ်လိုလုပ်မလဲ"?။

"ညီလေးရယ်! ရေထဲကျသွားပြီးဆိုတော့မှ ဘာမှ မလုပ်နိုင်တော့ပါဘူး ထားလိုက်ပါတော့၊ ဒီလောက်မျှလေးဥစ္စာကို မစိုးရိမ်ပါနဲ့ မစွဲလမ်းပါနဲ့"ဟု ပြောလိုက်သည်။

ဂင်္ဂါမြစ်ကို စောင့်သောနတ်က "အဲဒီ ယောကျ်ားက ကောင်းမှုကုသိုလ် အမျှပေးဝေလို့ ငါ့ရဲ့ နတ်စည်းစိမ် ချမ်းသာသုခ တိုးပွားလာတယ်။ အဲဒီယောကျ်ားရဲ့ ဥစ္စာထုပ်ကို ငါကိုယ်တော်မြတ် ကူညီစောင့်ရှောက်ကောင်းတယ်၊ အဲဒီယောကျ်ားရဲ့ ဥစ္စာထုပ်ကို ငါကူညီစောင့်ရှောက်ထားပေးမယ်"ဟု နှလုံးသွင်း၍ မိမိ၏ နတ်တန်းခိုးဖြင့် အသပြာထုပ်ကို ငါးကြီးတစ်ကောင်ကို မျိုစေ၍ ကူညီစောင့်ရှောက်ထားသည်။

ညီငယ်ယောကျ်ား မောင်ခိုးသားက အိမ်သို့ ပြန်သွားပြီးသော် "အစ်ကိုကြီးအား လှည့်စားလိုက်ပြီ"ဟု နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာ

ဥစ္စာထုပ်ကို ဖြေကြည့်လိုက်တော့ ကျောက်စရစ်ကိုသာ တွေ့မြင်သည်။ ညီငယ်ယောကျ်ားမောင်ခိုးသားက တော်တော်လေး ခံစားသွားသည်။

ယင်းအချိန်ဝယ် ငါးသည်များတို့က ငါးဖမ်းဖို့အတွက် ဂင်္ဂါမြစ်ထဲ ပိုက်ကွန်များ ပစ်ချကြသည်။

အသပြာထုပ်ကို မျိုချထားသည့်ငါးက နတ်၏ တန်ခိုးကြောင့် ပိုက်ကွန်ထဲဝင်သွားသည်။ တံငါများကလည်း ငါးကြီးကိုယူပြီး ရောင်းရန် အတွက် မြို့ထဲသို့ သယ်ဆောင်လာသည်။ လူတို့သည် ငါးကြီးကိုတွေ့မြင် တော့ တော်တော်လေး လိုချင်ကြသည်။ တန်းဖိုးဈေး လာမေးကြည့်ကုန် ကြသည်။

တံငါးများကလည်း “ ဒီငါး တစ်ထောင် ခုနစ်ပဲ ရရင် ရောင်းမယ် ဟု” ပြောလိုက်သည်။ လူအများကလည်း ငွေခုနစ်ပဲ ဆိုတာထားပါတော့ တစ်ထောင်တန်ဖိုးရှိတဲ့ငါးဆိုတာ ငါတို့ တစ်ခါမှ မကြားဖူး”ဟု ပြောဆိုပြီး ဟားတိုက်ရယ်မောကြသည်။

ထို့နောက် တံငါသည်များကလည်း ငါးကို သယ်ဆောင်ပြီး ဘုရား လောင်းအိမ်သို့သွား၍ “အစ်ကို! ဒီငါး ဝယ်လိုက်ပါလား” ဟု ပြောဆိုကြ သည်။

ဘုရားလောင်းက “မိတ်ဆွေတို့! သင်တို့ ငါးက ဘယ်လောက်ရရင် ရောင်းမှာလဲ?”။

“အစ်ကို! ခုနစ်ပဲသာပေးပါတော့၊ ခုနစ်ပဲရရင် ရောင်းမယ်။”

“မိတ်ဆွေတို့! သင်တို့ သူများကို ဘယ်လောက်နဲ့ ရောင်းတာ လဲ”?။

“အစ်ကို! ကျွန်တော်တို့ရဲ့ငါးကြီး သူများကိုတော့ တစ်ထောင် ခုနစ်ပဲ ရမှ ရောင်းပါတယ်၊ အစ်ကိုမို့လို့ ခုနစ်ပဲနဲ့သာ ရောင်းတော့မယ်၊ ခုနစ်ပဲ သာ ဝယ်ယူပါလော့”။

“မိတ်ဆွေတို့! ဒါဆို ကောင်းပြီ၊ ခင်ဗျားတို့ငါး ကျွန်တော်ဝယ် မယ် ”ဟု ဆို၍ ခုနစ်ပဲပေးပြီး ဘုရားအလောင်းသည် ငါးကြီးကို ဝယ်ယူလိုက်

သည်။ ဘုရားအလောင်းသည် ယင်းငါးကြီးကိုယူပြီး ဇနီးမယားအား ကြော်ချက်စီမံရန်အတွက် ပေးလိုက်သည်။

ဇနီးမယားကလည်း ငါးကြီးကိုခုတ်ဖြတ်တော့ အသပြာ တစ်ထောင် ဥစ္စာထုပ်ကို တွေ့မြင်၍ လင်ယောကျ်ား ဘုရားလောင်းအား ပြောကြား ပြသလိုက်သည်။

ဘုရားအလောင်ကလည်း အသပြာထုပ်ကိုကြည့်၍ မိမိ၏ တံဆိပ် အမှတ်အသားကို မြင်လျှင် မိမိ၏ဥစ္စာမှန်းသိ၍ "ယခုအခါ တံငါ တွေက ဒီငါးကြီးကို သူများကို ရောင်းစားရင် တစ်ထောင်ခုနစ်ပဲနဲ့ ရောင်းစားကြ သည်။ အသပြာတစ်ထောင်က ငါတို့ညီအစ်ကိုနှစ်ယောက်ဥစ္စာ ဖြစ်လို့ ခုနစ်ပဲနဲ့သာ လာရောင်းပေးကြတယ်။ ဘယ်သူ့ကို မှီခို၍ ဆုံးရှုံးပြီးသည့် အသပြာထုပ်ကို ငါက ပြန်ရတာလဲ" ဟု ဘုရားလောင်း စဉ်စားနေသည့် အချိန်မှာပဲ ဂင်္ဂါမြစ်စောင့်နတ်က ကောင်းကင်ပေါ်မှာ ကိုယ်ထင်ပြ၍ ပြောလိုက်သည်မှာ-

"ငါကား ဂင်္ဂါမြစ်ကိုစောင့်တဲ့ နတ်ပါ၊ သင်က ဂင်္ဂါမြစ်ထဲနေတဲ့ ငါးများတို့အတွက် ထမင်းအစာ ပေးလှူကျွေးမွေး၍ ငါ့ကို အမျှပေးဝေ ခဲ့ဖူးပါတယ်။ အဲဒါကြောင့် သင့်ရဲ့ဥစ္စာထုပ်ကို ငါ စောင့်ရှောက်ကူညီပေး ထားတယ်၊ သင့်ညီက သင့်ကို လှည့်စားချင်လို့ အသပြာထုပ်ကို ရေထဲ ပစ်ချလိုက်တယ်။ သင်က ငါ့ရဲ့အပေါ်မှာ ကျေးဇူးများတဲ့ အတွက် ကြောင့် သင့်ဥစ္စာထုပ်ကို မပျောက်မပျက်ရအောင် ငါကယူလာပြီး ပြန် လာ ပေးတာပဲ ဖြစ်ပါတယ်။ သင့်ညီဟာ သူခိုးပါ၊ သင့်ညီငယ် သူခိုးကို ဒီဥစ္စာထုပ် သွားမပေးပါနဲ့"ဟု ဂင်္ဂါမြစ်စောင့်နတ်က ပြောပြလိုက်သည်။

ဘုရားလောင်းကား သူများကိုသာ ကြင်နာတတ်သောကြောင့် ညီငယ်သူခိုးအား အသပြာထုပ် တစ်ဝက် ငါးရာစီ ခွဲဝေ၍ ပေးလိုက် သည်။

ဤဝတ္ထုသာခကေသည် သုခဝိဟာရိကာ အဒိန္နာဒါနာ ဝေရမဏီ ယာ ဖလံ။ ပစ္စည်းဥစ္စာ ကောင်းစွာသုံးရ ချမ်းသာစွာ နေရခြင်းသည်

သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြည်ခြင်းမှ အကျိုးတည်း။ ဤပါဠိစကား တော်ကို ထောက်ရှု၍ ရန်သူမျိုးငါးပါးမှ မိမိ၏ ပစ္စည်းဥစ္စာ ဘဏ္ဍာ ကို လာမဖျက်ဆီးခြင်းသည် ရှေးရှေးသောဘဝက သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြည်ခဲ့ဖူးသောကြောင့်ပင်တည်း။ ထို့ကြောင့် အဒိန္နာဒါန သိက္ခာပုဒ် ကို မကျိုးမပေါက်အောင် ရှောင်ကြဉ်နိုင်ကြပါစေ။

*ကျမ်းကိုး။*

ဇာတကအဋ္ဌကထာ။ *သံဝေဂဝတ္ထုဒီပနီ။*

●●●●●●●

## သူ့သားမယားကို သွားလာကျူးလွန်ခြင်းမှ ရှောင်ကြဉ်ခြင်းဟူသည်

သူတစ်ပါး၏ လင်၊ မယား၊ သားပျို၊ သမီးပျိုတို့ကို လွဲမှားသည့် မေထုန်အမှုပြုခြင်းသည် ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခြင်းဖြစ်သည်။ အုပ်ထိန်းမှုမကင်းသည့် အမျိုးသမီးများအား အုပ်ထိန်းသူ ခွင့်မပြုဘဲ လွန်ကျူးခြင်း၊ အမျိုးသမီးက မနှစ်သက်လက်မခံဘဲ ဗလက္ကာရပြုကျင့် ခြင်း။ စောင့်ရှောက် လုံခြုံမှုပေးခံရသော မိန်းမ အမျိုးနှစ်ဆယ်တို့တွင် ပါဝင်ခြင်း။ ပြုကျင့်မှီဝဲလိုစိတ်လည်း ရှိခြင်း။ ရနိုင်သောနည်းဖြင့် လုံ့လ လည်းပြုခြင်း။ ပြုကျင့်ခြင်းကိုလည်း သာယာခြင်းတို့သည် ကာမေသုမိစ္ဆာ စာရကံမြောက်သည်။

## သူ့သမီးမယားနှင့် သွားလာလွန်ကျူးသူ၏ အပြစ် (၁၅) မျိုး

သူ့သမီးမယားနှင့် သွားလာလွန်ကျူးသူတို့ရရှိသော မကောင်းကျိုး ဆယ့်ငါးပါးတို့ကား

၁။ အပါယ်လေးပါးသို့ လားရခြင်း။

၂။ မိန်းမ,ပဏ္ဍုက်ဖြစ်ရခြင်း။

၃။ ရန်သူနှင့်တွေ့ခြင်း။

၄။ လူအများမုန်းခြင်း။

၅။ စား, ဝတ်, အိမ်ရာ ခက်ခဲခြင်း။

၆။ ဆင်းဆင်းရဲရဲအိပ်ရ, နိုးရခြင်း။

၇။ အမျက်ဒေါသကြီးခြင်း။

၈။ လောကုတ္တရာတရား မရရှိခြင်း။

၉။ စည်းစိမ်ဥစ္စာ ပျက်သုဉ်းခြင်း။

၁၀။ ယုံကြည်မှု ကင်းမဲ့ခံရခြင်း။

၁၁။ ဘေးတွေ့ရခြင်း။

၁၂။ ယုံမှားသံသယများခြင်း။

၁၃။ ချစ်သူတို့နှင့် ခွဲနေရခြင်း။

၁၄။ အသက်တိုခြင်း။

၁၅။ ဆင်းရဲကြီးစွာ နေရခြင်း။

*ကျမ်းကိုး၊ခုဒ္ဒကပါဌ်အဋ္ဌကထာ။*

## သူ့သမီးမယားနှင့် သွားလာလွန်ကျူးသူခြင်းရှောင်ကြည်သူ၏ အံ့ဩဖွယ်အကျိုးထူးတရားရရှိသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေမူသည့် အချိန်ဖြစ်သည်။

ကိမိလမြို့မှာ "ရောဟက"ဟု ခေါ်သည့် သူကြွယ်၏ သားတစ်ယောက်ရှိသည်။ ရောဟကသည် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့်သူတစ်ယောက် ဖြစ်သည်။ ငါးပါးသီလနှင့် ပြည့်စုံသည့်သူ တစ်ယောက်ဖြစ်သည်။

ကိမိလမြို့မှာပဲ ရောဟကနှင့် လူမျိုးဘာသာ စည်းစိမ်ဥစ္စာနှင့် တန်းတူသည့် ဘဒ္ဒါဆိုသည့် အမျိုးသမီးတစ်ယောက်လည်းရှိသည်။ သူမလည်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလနှင့် ပြည့်စုံသောသူ တစ်ယောက်ဖြစ်သည်။ သူမသည် သဘောကောင်း စိတ်ဓာတ်ဖြူစင်သောကြောင့် မြို့သူမြို့သားများက သူမကို "ဘဒ္ဒါ" ဟု ခေါ်ဆိုကြသည်။

ရောဟကနှင့် ဘဒ္ဒါ အရွယ်ရောက်လာတော့ "ရောဟက" မိဘက ဘဒ္ဒါမလေးကို တောင်းပေးပြီး လက်ထပ်မင်္ဂလာဆောင်ပေးလိုက်သည်။ ယင်းသို့ ထိမ်းမြားလက်ထပ်ပြီးသည့် ကာလမှစ၍ ရောဟကနှင့် ဘဒ္ဒါတို့ လင်မယားနှစ်ယောက်သည် အညီအညွတ် ချစ်ချစ်ခင်ခင် ပေါင်းသင်းနေထိုင်ကြသည်။ "ဘဒ္ဒါ" ကား ကိုယ်ကျင့်သီလနှင့် ပြည့်စုံသောကြောင့် မိန်းမကောင်းဟု ကိမိလပြည်မှာ တော်တော်လေး နာမည်ကြီးသည်။

ယင်းအချိန်ဝယ် အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် နှစ်ပါးတို့သည် နောက်ပါ တပည့်သားသံဃာငါးရာစီတို့နှင့်အတူ ကိမိလပြည်သို့ ရောက်လာကြသည်။ ရောဟက ဇနီးမောင်နှံလည်း အရှင်မြတ်နှစ်ပါးတို့၏ နောက်ပါ တပည့်သားငါးရာတို့နှင့်အတူ ကိမိလမြို့သို့ ကြွရောက်

လာသည်ကို သတင်းကြားရ၍ ဝမ်းမြောက်ဝမ်းသာစွာ အရှင်သူမြတ်နှစ်ပါးတို့ကို ချည်းကပ်ရှိခိုးပြီးသည့်နောက် မနက်ဖြန်အခါ မိမိတို့၏အိမ်မှာ ဆွမ်းစားကြွတော်မူပါဟု တစ်ခါတည်း ပင့်ဖိတ်ခဲ့သည်။

နောက်တစ်နေ့ နံနက်မိုးသောက် အလင်းရောက်လာသော် ရောဟကနှင့် ဘဒ္ဒါလင်မယားနှစ်ယောက်က အရှင်မောဂ္ဂလ္လာန် အရှင်သာရိပုတ္တရာတို့၏ နောက်တပည့်သားများနှင့်အတူ ဆွမ်း, ခဲဖွယ် ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းပြီးလျှင် တရားတော်ကို နာကြားပြီး သရဏဂုံသုံးပါးနှင့် ငါးပါးသီလတို့ကို ဆောက်တည်ခံယူကြသည်။

ဘဒ္ဒါမလေးသည် အထူးအားဖြင့် လင်ယောကျ်ား၏အပေါ်မှာ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသည့်သူဖြစ်သည်။ သူမသည် (၈) ရက် ဥပုသ်၊ လပြည့်ဥပုသ်၊ လကွယ် ဥပုသ်။ ယင်း ဒီလိုမျိုးနေ့မှာ ဥပုသ်သီလလည်း ဆောက်တည် စောင့်ထိန်းသည်။

နတ်တို့သည်လည်း ဘဒ္ဒါမလေးကို အစဉ်သနား စောင့်ရှောက်ပေးသည်။ တစ်နေ့သောအခါဝယ် လင်ယောကျ်ား 'ရောဟက' သည် ကုန်ရောင်းကုန်ဝယ်ကိစ္စနဲ့ တက္ကသိုလ်ပြည်သို့ ခေတ္တ သွားနေထိုင်သည်။ လင်ယောကျ်ား တက္ကသိုလ်ပြည်သို့နေထိုင်စဉ် တက္ကသိုလ်ပြည်၌ နက္ခတ်ပွဲသဘင် ကျင်းပလေသည်။

'ရောဟက' က နက္ခတ်ပွဲသဘင်လည်ချင်၊ ပျော်ချင် ကစားချင်နေတာကို နတ်တို့က သိ၍ နတ်တို့၏ တန်းခိုးနဲ့ 'ဘဒ္ဒါ'မလေးကို ရောဟကရှိရာ တက္ကသိုလ်ပြည်သို့ ပို့ပေးလိုက်သည်။ 'ဘဒ္ဒါ'မလေးသည် ရောဟကနှင့် အတူတကွ ပွဲလမ်းထဲလျှောက်လည်၍ အတူတကွနေထိုင် ပေါင်းသင်းပြီး ကိုယ်ဝန်ရသွားသည်။

ထို့နောက် နတ်တို့က 'ဘဒ္ဒါ' မလေးကို ကိမိလမြို့သို့ ပြန်လည်ဆောင်ယူ ပို့ပေးလိုက်သည်။

'ဘဒ္ဒါ' မလေး၏ ကိုယ်ဝန်က ရင့်မာလာသော် အကြောင်းများကို မသိကြသော ယောက္ခမ စသည်တို့က "ဘဒ္ဒါမလေးသည် ရောဟက

မရှိခိုက် အခြားသောယောက်ျားနှင့် ဖောက်ပြန်တယ်”ဟု ယုံမှားသံသယ ဖြစ်ကြသည်။ စွပ်စွဲကြသည်။ ‘ဘဒ္ဒါ’ မလေးကိုလည်း ကဲရဲ့ ပြောဆိုကြသည်။

‘ဘဒ္ဒါ’ မလေးကလည်း “ကျွန်မက ကျွန်မရဲ့လင် ရောဟကမှ တစ်ပါး အခြားသော ယောက်ျားကို စိတ်နဲ့တောင် မကျူးလွန်ပါဘူး။ ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ ဆိုတာ ဘယ်လိုလို့ ဖြစ်နိုင်မှာလဲ” ဟု ရှင်းပြသည်။

ယင်းသို့ ‘ဘဒ္ဒါ’မလေး ရှင်းပြသော်လည်း ‘ဘဒ္ဒါ’မလေး၏ စကားကို အများပင် မယုံကြည်ကြပါ။ ယင်းသို့ မယုံကြည်ကြသောအခါ ဖြစ်ချင်တော့ ဂင်္ဂါမြစ်ရေက ကိမိလမြို့ တစ်မြို့လုံး လွှမ်းမိုးတော့မလို ရေကတအားကို တိုးလာတက်လာသည်။

ယင်းအချိန် ‘ဘဒ္ဒါ’ မလေးက “ကိမိလမြို့သူမြို့သားများ ငါရဲ့ သစ္စာစကားနဲ့ ရေဘေးမှ ကင်းလွတ်အောင် သစ္စာဆိုမယ်”ဟု နှလုံးသွင်း၍ ဆိုလိုက်သည်မှာ-

“ကျွန်တော်မျိုးမသည် မိမိ၏လင် ရောဟကမှတစ်ပါး အခြားသော ယောက်ျားနှင့် အကယ်၍ (ကာမေသုမိစ္ဆာစာရ) သူ့သား ယောက်ျားများနှင့် မေထုန်အမှုကို ပြုခဲ့သည်မှန်အံ့၊ ကိမိလမြို့ ရေလွှမ်းမိုးပါစေသား။ (ပင်ကိုမူလ တက်လာနေတဲ့ရေကို ဒီအတိုင်းပဲ ဆက်တက် လာပါစေသား) အကယ်၍ ကျွန်မသည် မိမိ၏လင် ရောဟကမှတစ်ပါး အခြားသော ယောက်ျားများနှင့် (ကာမေသုမိစ္ဆာစာရ) သူ့သား ယောက်ျား သွားလာလွန်ကျူးခြင်း မေထုန်အမှုကို မပြုလုပ်ခဲ့သည်မှန်အံ့၊ ယခုတက်နေသော ဂင်္ဂါမြစ်ရေလည်း အကုန်လုံး ပြန်ကျဆင်းသွားပါစေသား”ဟု ဤသို့ သစ္စာအဓိဋ္ဌာန်စကား ဆိုလိုက်သည်။

ယင်းသို့ သစ္စာစကား အဓိဋ္ဌာန် ပြောဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ချက်ချင်းတစ်ချက်တည်းပင် ဂင်္ဂါမြစ်ရေကလည်း အကုန်လုံး လျှော့ကျဆင်းသွားသည်။ နတ်တို့ ပို့ဆောင်၍ ရောဟကနှင့်တရားဝင်ရသော ကိုယ်ဝန်

အဖြစ် သက်သေပြရန် တက္ကသိုလ်ပြည်သို့ သွားခိုက် 'ရောဟက' ပေးလိုက်သည့် လက်စွပ်ကိုလည်း ပြလိုက်သည်။ ယင်းအချိန်မှစ၍ ကိမိလ မြို့သူမြို့သားများနှင့် မိသားစု ဆွေမျိုးများတို့သည် 'ဘဒ္ဒါ'မလေးကို သီလနှင့်ပြည့်စုံသူ သီလရှိသူဟု ဝိုင်းဝန်းချီးမွမ်း ပြောဆိုကြသည်။

'ဘဒ္ဒါ'မလေးသည် နောင်အခါ သေလွန်၍ ကိုယ်ကျင့်သီလကြောင့် တာဝတိံသာ နတ်ပြည်မှာ 'ဘဒ္ဒါ' ဟု ခေါ်သည့် နတ်သမီး သွားဖြစ်ရသည်။

ထိုအချိန်ဝယ် မြတ်စွာဘုရားက သာဝတ္ထိပြည်မှ တာဝတိံသာ နတ်ပြည်သို့ ကြွလှမ်းတော်မူကာ ပင်လယ်ကသစ်ပင်ရင်းဝယ် ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာပေါ်၌ သီတင်းသုံးနေတော်မူသည်။ တာဝတိံသာ နတ် ပရိတ်သတ်တို့သည် မြတ်စွာဘုရားဆီသို့ ချဉ်းကပ် ရောက်လာကြကာ ရှိခိုးဦးချပြုကြပြီးလျှင် သင့်တော်လျောက်ပတ်သည့် နေရာ၌ နေထိုင်ကြသည်။

'ဘဒ္ဒါ' နတ်သမီးသည်လည်း မြတ်စွာဘုရားဆီသို့ လာရောက်ကာ ရှိခိုးဦးချ ပြုကြပြီးလျှင် သင့်တော်လျှောက်ပတ်သော နေရာအရပ်၌ နေထိုင်သည်။ မြတ်စွာဘုရားက တစ်သောင်းသောလောကဓာတ်တို့မှ စုဝေးရောက်လာကြသည့် နတ်ပြဟ္မာအပေါင်း၏ အလယ်၌ထိုင်နေသည့် 'ဘဒ္ဒါ' နတ်သမီး၏ ရှေ့က ပြုလုပ်ခဲ့ဖူးသည့် ကောင်းမှုကုသိုလ်ကို မေးမြန်းတော်မူလိုက်သည်မှာ-

"ငါဘုရားကို ကိုယ်ရောင်ကိုယ်ဝါ တင့်တယ်စွာနဲ့ လာရှိခိုးတာဟာ ဘယ်သူလဲ?။"

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ဘုရားတပည့်တော်မ နတ်သမီးရဲ့ နာမည်က ရှေ့ဖြစ်စဉ်ကာလတုန်းက 'ဘဒ္ဒါ'ဟု ခေါ်တဲ့ ဥပါသိကာမပါ ဘုရား။"

"ဘဒ္ဒါ! နင်က ဘယ်လို ကုသိုလ်ကောင်းမှုကြောင့် ဒီနတ်ပြည်သို့ ရောက်လာတာလဲ?"။

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ဘုရား တပည့်တော် မဟာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပြီး ငါးပါးသီလကို မကျိုး မပေါက်အောင် စောင့်ထိန်းခဲ့ဖူးပါတယ်ဘုရား။ အခြား ကုသိုလ်ကောင်းမှု ကိုလည်း ကြိုးစားအားထုတ်ခဲ့ဖူးပါတယ် ဘုရား။ အဲဒါကြောင့် ဘုရား တပည့်တော်မ ဒီတာဝတိံသာနတ်ပြည်ကို ရောက်လာတာပဲ ဖြစ်ပါတယ် ဘုရား”။

‘ဘဒ္ဒါ’ နတ်သမီး ဖြေကြားလျှောက်ထားပြီးသည့်နောက်မှာ ဘုန်းတန်ခိုး တော်ကြီးတော်မူသော မြတ်စွာဘုရားက မယ်တော် ဖြစ်ခဲ့ဖူးသည့် သန္တု သိတနတ်သား အမှူးရှိကုန်သော နတ်ပြဟ္မာ အပေါင်းတို့အား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူပြီး၍ လူပြည်သို့ ပြန်ကြွလာတော်မူသည်။

ဤဝတ္ထု၏ ပစ္စုပ္ပန်လူ့ဘဝကို ထောက်ရှုလိုက်လျှင် ကာမေသု မိစ္ဆာစာရ စောင့်ထိန်းသူတစ်ယောက်၏ အကျိုးရလဒ်ဖြစ်၏။ ငါးပါးသီလ ကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသည့် ဝတ္ထုသာဓက တစ်ခုဖြစ်သည်။ “ပုပ်လို့ပေါ် ဟုတ်လို့ကျော်”ဟု ဆိုရိုးစကား ရှိသကဲ့သို့ သူများ ကြိုက် သလောက် ချီးမွမ်းနေပါစေ၊ သူများ ကြိုက်သလောက် ကဲ့ရဲ့ နေပါစေ။ ကိုယ့်ဘက်က မှုမှန် လမ်းမှန် လျှောက်လှမ်းလျှင်တော့ အချိန်တန်လျှင် နေရာမှန် နေရာကောင်း ပြန်ရောက်မှာပဲ ခံနိုင်ရည်ရှိဖို့ပဲလိုသည်။

ကျမ်းကိုး။ ဝိမာနဝတ္ထုအဋ္ဌကထာ။ စိတ္တကဝဂ် ။ဘဒ္ဒိတ္ထိဝိမာနဝတ္ထု

●●●●●●●

## မမှန်စကားဆိုခြင်းမှ ရှောင်ကြည်ခြင်းဟူသည်

နှုတ်ဖြင့် ဖြစ်စေ၊ ကိုယ်လက်လှုပ်ရှား၍ ဖြစ်စေ၊ သူတစ်ပါး ဒုက္ခ ရောက်စေရန် မမှန်မကန် လိမ်လည်ပြောဆို ပြုမူခြင်း မှန်သမျှသည် မုသာဝါဒ စာရင်း၌ ပါဝင်သည်။ နှုတ်ဖြင့် အပြောများ၍သာ ဝစီဒုစရိုက် အတွင်း၌ ထည့်သွင်းရေတွက်ခြင်း ဖြစ်သည်။ မုသာဝါဒ စကားကြောင့် သူတစ်ပါး အကျိုးစီးပွား အနည်းငယ်မျှ ပျက်စီးလျှင် အပြစ်ငယ်သည်၊ ကြီးမားစွာ ပျက်စီးစေလျှင် အပြစ်ကြီးသည်။ မမှန်မကန်သော အကြောင်း အရာကို လိမ်လည်သော စကားအဓိပ္ပာယ်ကိုသိလျှင် မုသာဝါဒကံမြောက် သည်။

ဟုတ်တိုင်းမှန်စွာ ဆိုသောစကားသည် သစ္စာစကား ဖြစ်သည်။ ကောင်းသော သစ္စာစကား ဖြစ်သည်။ ကောင်းသော သစ္စာစကားဖြစ်စေ၊ မကောင်းသော သစ္စာစကားဖြစ်စေ အမှန်အတိုင်း ပြောဆိုသော စေတနာ သည်သာ ပဓာနဖြစ်၏။ စေတနာမှန်ဖြင့် ပြောဆိုသော သစ္စာစကားသည် ထက်မြက်သော တန်ခိုးရှိသည်။

**"ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီ တက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"** ဟူသော ရှေးထုံးဟောင်း အဆိုကို ယုံကြည်ချက်ပြည့်ဝစွာဖြင့် ပြုမူပြောဆိုကြ ကုန်ရာ၏။ မမှန်သော ဝတ္ထု ဖြစ်ခြင်း။ မှားယွင်းစေလိုသော စိတ်ရှိခြင်း။ ထိုစိတ်အားလျော်သော ကိုယ်နှုတ်လှုံ့လပြုခြင်း။ သူလိမ်တိုင်း သိရှိ ယုံကြည်ခြင်း။ ၎င်းအင်္ဂါလေးပါး နှင့် ပြည့်စုံမှ သိက္ခာပုဒ်ပျက်သည်။

## မုသာဝါဒကံ၏ အပြစ် (၁၅) မျိုး

၁။ မကြည်ညိုဖွယ်ရာ ရုပ်ဆင်းရှိခြင်း။

၂။ သွား မညီညွတ်ရှိခြင်း။

၃။ နားမချမ်းသာ ရှိခြင်း။

၄။ ဝလွန်း ဆူလွန်းခြင်း။

၅။ ပိန်လွန်းသေးလွန်းခြင်း။

၆။ နိမ့်လွန်း ပုလွန်းခြင်း။

၇။ ကြမ်းတမ်းသော အသားအရေရှိခြင်း။

၈။ မြင့်လွန်းရှည်လွန်းခြင်း။

၉။ ခံတွင်းပါးစပ်ပုပ်ညှီခြင်း။

၁၀။ ဆံ့အ တုန်လှုပ်ခြင်း။

၁၁။ သူတစ်ပါးတို့မယုံကြည်ခြင်။

၁၂။ လျှပ်ပေါ်တတ်ခြင်း။

၁၃။ မိုက်မဲတွေဝေခြင်း။

၁၄။ ဉာဏ်ပညာ နည်းပါးခြင်း။

၁၅။ ကြောက်ရွံ့တတ်ခြင်း။

ကျမ်းကိုး။ ခုဒ္ဒကပါဠိ အဋ္ဌကထာ။

## ငါးပါးသီလစောင့် ထိန်းကြသည့်တိုင်းပြည်

လွန်လေပြီးသောအခါ ကုရုတိုင်း ဣန္ဒပတ္တပြည်၌ ဓနဉ္စယ ကောရဗျ မင်းကြီးက တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသည့် အချိန် ဖြစ်သည်။

ဘုရားလောင်းက ဓနဉ္စယကောရဗျမင်းကြီး၏ သားတော်တစ်ပါး ဖြစ်သည်။ သားတော်ဘုရားလောင်းက သိကြားလိမ္မာသည့် အရွယ်သို့ ရောက်လာတော့ ခမည်းတော်မင်းကြီးက တက္ကသိုလ်ပြည်သို့ ပညာတော်

သင်လွတ်ပြီး ပြန်လာသည့် အချိန်မှာ ဘုရားလောင်းကို အိမ်ရှေ့မင်းသား ရာထူး ခန့်အပ်လိုက်သည်။ ထို့နောက် အချိန်ကာလ အားလျော်စွာ ဖခမည်း တော်မင်းကြီး နတ်ပြည်စံလွန်သဖြင့် ဘုရားအလောင်းက ရှင်ဘုရင် အဖြစ်သို့ ရောက်တော်မူ၍ မင်းကျင့်တရား ဆယ်ပါးတို့ကို မလွန်ကျူးပဲ ဂရုဓမ္မတရားခေါ် ငါးပါးသီလ ကိုယ်ကျင့်တရားတော်ကို မကျိုးမပေါက် အောင် ကြိုးစားအားထုတ်စောင့်ရှောက်သည့် မင်းတစ်ပါး ဖြစ်ပါသည်။

ဘုရားလောင်း ရှင်ဘုရင်မင်းကြီးက ငါးပါးသီလ ကျင့်ဝတ်တရား တော်တို့ကို မကျိုးမပေါက်အောင် ကောင်းမွန်စွာ စောင့်ထိန်းသလို၊ ဘုရားလောင်း မယ်တော်ကြီး၊ မိဖုရား၊ ညီတော် အိမ်ရှေ့ မင်းသား၊ ပုရောဟိတ်ပုဏ္ဏား၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ စာရင်းဇယားကိုင် အမတ်ကြီး၊ တံခါးမှူး၊ သူဌေးကြီး၊ ပြည့်တန်ဆာမ ဤသူတို့သည်လည်း ငါးပါးသီလကို မကျိုးမပေါက်စေဘဲ ကောင်းမွန်စွာ စောင့်ထိန်းကြလေ သည်။ ဘုရင်နတ်ရွာလားပြီးသည့်နောက်မှာ လူတို့သည် ဘုရားလောင်း ရှင်ဘုရင်ကို ဓနဥ္စယကောရဗျမင်းကြီးဟု ခေါ်ဆိုကြလေသည်။

မင်းမြတ်သည် မြို့တံခါး၏အရပ်လေးမျက်နှာ၊ မြို့၏ အလယ်ရပ်၊ နန်းတော်၏တံခါးဝ၊ ဤနေရာတို့မှာ အလှူမဏ္ဍပ်တို့ကို ဆောက်လုပ် စေ၍ နေ့တိုင်းနေ့တိုင်း ခြောက်သိန်းတန်ဖိုးရှိသည့် ပစ္စည်းဥစ္စာ ဘဏ္ဍာ များကို ပေးလှူစွန့်ကြသည်။ မိမိ တိုင်းသူပြည်သားနှင့် မိမိ တိုင်းပြည်၌ ရောက်လာကြသည့် ဇမ္ဗူဒိပ် ကျွန်းသူကျွန်းသားများအားလည်း ပေးလှူ သည်။ ရှင်ဘုရင်မင်းမြတ်သည် အလှူဒါန၌ အလွန် မွေ့လျော်ပျော်ရွှင် သည်ဖြစ်၍ သူ၏ နာမည်သတင်း ဇမ္ဗူဒိပ်ကျွန်းတစ်ကျွန်းလုံး ပျံ့နှံ့လွှမ်း မိုး နာမည်ကြီးသွားလေသည်။

ယင်းအချိန်မှာပဲ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်းက မင်းလုပ် အုပ်ချုပ်သည်။ ထိုကာလိင်္ဂတိုင်း၌ မိုးမရွာသဖြင့် ဆန်စပါးများ မရရှိခြင်းကြောင့် လူတို့အား ငတ်မွတ်ခြင်းဘေး၊ ထမင်းရခဲခြင်းဘေး၊ အနာရောဂါဘေး သုံးပါးသောဘေးတို့ ဖြစ်ကြလေသည်။

ထို့နောက် နံနက်ရောက်လာသော် ဓနဉ္စယ ကောရဗျမင်းကြီးသည် မင်္ဂလာဆင်တော်ပေါ်၌ တက်စီးတော်မူပြီးလျှင် အခြံအရံ ပရိသတ်များနှင့် အတူ အရှေ့မျက်နှာတံခါး အလျှုမဏ္ဍပ်သို့ ကြွသွား၍ မင်္ဂလာ ဆင်ပေါ်မှ ဆင်းပြီးလျှင် ခုနစ်ယောက် ရှစ်ယောက်သော လူတို့အား မိမိ၏ လက်တော်ဖြင့် ထမင်းကို ပေးကမ်း၍ "ဒီလိုမျိုး ပေးလှူကြပါလော့"ဟု မိန့်တော်မူ၍ မင်္ဂလာဆင်ပေါ်သို့ ပြန်တက်စီးပြီးသော် တောင်မျက်နှာ တံခါးသို့ ဆက်လက် ထွက်ခွာသွားသည်။

ပုဏ္ဏားတို့သည် ရှင်ဘုရင်အတွက် အရှေ့မျက်နှာတံခါး လာတုန်း က အစောင့်အရှောက် များလွန်းသဖြင့် တွေ့ဆုံခွင့် မရသောကြောင့် တောင်မျက်နှာတံခါးသို့သာလျှင် သွားစောင့်၍ ရှင်ဘုရင်၏ လာခြင်းကို စောင့်ကြည့်ကြလျှက် တံခါးအနီးဖြစ်သော အမြင့်နေရာ တစ်နေရာ၌ ရပ်နေ ကြပြီးလျှင် ရှင်ဘုရင်ရောက်လာသော် ပုဏ္ဏားတို့ အဖွဲ့က "(ဇေယတု ဘဝံ မဟာရာဇ) အရှင်မင်းကြီး အရှင်မင်းကြီးသည် အောင်မြင်ပါစေ သတည်း" ဟု အောင်ဆုကိုပေးကြလေသည်။

ရှင်ဘုရင်သည် မင်္ဂလာဆင်တော်ကို နောက်ပြန်လှည့် ခိုင်းစေ၍ ပုဏ္ဏားဆီသို့ သွားပြီးလျှင် မိန့်တော်မူလိုက်သည်မှာ- "အိုပုဏ္ဏားတို့! သင်တို့က ဘာကို အလိုရှိလို့ကြတာလဲ?"ဟု မေးတော်မူလိုက်သည်။

ပုဏ္ဏားတို့သည် ဓနဉ္စယကောရဗျမင်းကြီး၏ ဂုဏ်ကျေးဇူးကို ရှေးဦးစွာ ချီးမြှောက်ပြောဆိုပြီးမှ မိမိတို့လာခြင်း၏အကြောင်းကို သံတော်ဦး တင်ကြလေသည်။

"အရှင်မင်းကြီး! အရှင်မင်းကြီးရဲ့ သဒ္ဓါတရား, သီလတရား သတင်း များကို ကြားရလို့ အရှင်မင်းကြီးရဲ့ မင်္ဂလာဆင်တော်ကို လဲလှယ်ယူဖို့ အတွက် ကာလိင်္ဂမင်းဆီမှာ ရွှေငွေတွေယူပြီး အရှင်မင်းကြီးဆီသို့ ရောက် လာတာပဲ ဖြစ်ပါတယ်"ဟု သံတော်ဦးတင်ကြလေသည်။

ဓနဉ္စယကောရဗျမင်းကြီးက "အိုပုဏ္ဏားတို့! သင်တို့ ဒီမင်္ဂလာ ဆင်တော်ကို ရွှေငွေပစ္စည်းဉစ္စာတွေနဲ့ လာလဲလှယ်ယူမယ် ဆိုတာ မကြံစည်

မစဉ်စားပါနဲ့၊ ဒီမင်္ဂလာဆင်တော်ကို သင်တို့အား ငါ ပေးလှူမယ်၊ မည်သူ မဆို ငါ့ဆီချဉ်းကပ်ပြီး လာတောင်း လာအလှူခံရင်၊ အဲဒီ လာတောင်း လာလှူခံတဲ့ ပုဂ္ဂိုလ်အားလုံးကို သွားပါ ငါ့မှာ လှူဖို့မရှိဘူးဟု ဆိုတဲ့စကား မပြောကြားဘူး၊ ပေးလှူတာဟာ အခွင့်အရေး ရခဲတယ်၊ အခွင့်အရေးရ လာတဲ့ အချိန်အားလျော်စွာ ပေးလှူရမယ်ဟုဆိုတဲ့ ဒီစကားဟာ လက်ဦး ဆရာ မည်ထိုက်စွာသား မိဘနှစ်ပါးတို့ ဆုံးမပေးခဲ့သောစကားပါ။

"ပုဏ္ဏားတို့! ရှင်ဘုရင်မင်းမြတ်တို့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ မင်္ဂလာဆင်တော်ကို တန်ဆာဆင်ရန် ပစ္စည်း၊ ကျွမ်းကျင်လိမ္မာတဲ့ ဆင် ထိန်း ဆရာရောပါ ဒီမင်္ဂလာဆင်တော်ကို သင်တို့အား ငါ ပေးလှူပါ တယ်။ သင်တို့ အလိုရှိတဲ့အတိုင်း ယူဆောင်သွားကြပါလော့ဟု နုတ် ဖြင့်ပေးတော် မူသည်။ မင်္ဂလာဆင်ပေါ်မှ ဆင်းတော်မူ၍ တစ်ဖန် ပုဏ္ဏား တို့ တန်ဆာ မဆင်ရသေးတဲ့ လစ်လပ်ကြွင်းကျန်တဲ့နေရာ တကယ်လို့ ရှိခဲ့ရင် ဖြည့်သွင်း ပြုပြင် တန်ဆာဆင်ပြီး လှူဒါန်းမယ်" ဟု ပြောဆို ပြီးလျှင် သုံးကြိမ်သုံးခါ သေချာစွာ လှည့်လည်ကြည့်ရှုတော်မူ၍ အနည်း ငယ်လေးတောင်မှ တန်ဆာမဆင်ရသေးသည့်နေရာကို မတွေ့မြင်သော ကြောင့် မင်္ဂလာဆင်တော်၏နှာမောင်းကို ပုဏ္ဏားတို့၏ လက်၌ ကိုင်ထား စေ၍ ရွှေကရားဖြင့် နံ့သာရေကို ရေစက်ချ၍ ပေးလှူတော်မူသည်။

ပုဏ္ဏားတို့သည် မင်္ဂလာဆင်တော်ကိုခံယူ၍ မင်္ဂလာ ဆင်တော်ကို စီးကြလျက် ဒန္တပုရမြို့ပြန်လာကြ၍ မင်္ဂလာဆင်တော်ကို ကာလိင်္ဂမင်းကြီး အား ပေးဆက်တော်မူပါသည်။

မင်္ဂလာဆင်တော်သည် ကာလိင်္ဂတိုင်းပြည်သို့ ရောက်လာသော် လည်း မိုးမရွာသောကြောင့် ကာလိင်္ဂမင်းကြီးက ပုဏ္ဏားများကို ခေါ်၍ မေးလိုက်သည်မှာ-

"ပုဏ္ဏားတို့. . . ! ဓနဉ္စယကောရဗျမင်းကြီးက ဘာတွေလုပ်သေး သလဲ?"။

"အရှင်မင်းကြီး! ဓနဥ္စယကောရဗျမင်းကြီးက ဂရုဓမ္မခေါ် ငါးပါး သီလကို စောင့်ရှောက်တယ်။ အဲဒါကြောင့် သူတို့တိုင်းပြည် လခွဲ တစ်ကြိမ် ဆယ်ရက် တစ်ကြိမ် မိုးပုံမှန် ရွာတယ်။ ဓနဥ္စယကောရဗျမင်းကြီးရဲ့ ငါးပါးသီလ တန်ခိုးကြောင့် မိုးပုံမှန် ရွာပေးတာပဲ ဖြစ်ပါတယ်။ ဒီမင်္ဂလာ ဆင်တော်ရဲ့ ကျေးဇူးကြောင့် မိုးရွာတာ မဟုတ်ပါ အရှင်မင်းမြတ်"။

ကာလင်္ဂမင်းကြီးက "ဒီလိုဆိုရင် သင်တို့! နဂိုမူလ တန်ဆာဆင် ထားတဲ့အတိုင်းပါပဲ ဆင်တော်ကြီးကို ဓနဥ္စယကောရဗျမင်းအား ပြန်ပေး ဆက်ပြီး ဓနဥ္စယကောရဗျမင်းကြီးရဲ့ ဂရုဓမ္မခေါ် ငါးပါးသီလ ကျင့်ဝတ် တော်ကို ရွှေပြားပေါ်မှာ ရေးသားပြီး ဆောင်ယူခဲ့ကြလော့"ဟု ပြောဆိုပြီး လျှင် ပုဏ္ဏားများနှင့် အမတ်များကို စေခိုင်းလိုက်သည်။

ပုဏ္ဏားအမတ်တို့သည် ဣန္ဒပတ္တမြို့သို့ သွားရောက်ကုန်ပြီးသော် နန်းတော်ထဲဝင်သွားကာ ဓနဥ္စယကောရဗျမင်းကြီးအား သံတော်ဦးတင် လိုက်သည်မှာ-

"အရှင်မင်းကြီး! ကျွန်တော်မျိုးတို့ရဲ့ အရှင်မင်းကြီးက အရှင်မင်းကြီး စောင့်ထိန်းနေတဲ့ ဂရုဓမ္မ ခေါ် ငါးပါးသီလ ကျင့်ဝတ်တော်ကို စောင့်ရှောက် ခြင်းငှာ အလိုရှိပါတယ်။ ဒီရွှေပြားပေါ်မှာ ရေးသားဆောင်ယူခဲ့လော့လို့ ကျွန်တော်မျိုးတို့အား စေခိုင်းလိုက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အား ဂရုဓမ္မ ခေါ် ငါးပါးသီလ ကျင့်ဝတ်တော်ကို ပေးတော်မူပါလော့"ဟု သံတော်ဦးတင်ကြလေသည်။

"အမောင်တို့! ငါဟာ ဂရုဓမ္မ ခေါ် ငါးပါးသီလ ကျင့်ဝတ်တော်ကို စောင့်ရှောက်တာမှန်ပါတယ်၊ ဒါပေမဲ့ ယခုအခါ ငါရဲ့ သီလ သံသယနည်း နည်း ဖြစ်နေပါတယ်၊ ငါရဲ့ ငါးပါးသီလ ကျင့်ဝတ်တော်ကို ငါ မနှစ်သက်စေ နိုင်၊ အဲဒါကြောင့် သင်တို့ သီလပေးဖို့ ငါမစွမ်းနိုင်ဘူး။

ဘာကြောင့် ငါ့ရဲ့ငါးပါးသီလမနှစ်သက်စေနိုင်တာလဲဆိုတော့ အရင်တုန်းက မင်းမြတ်တို့အား သုံးနှစ်မြောက်တဲ့နှစ်မှာ တန်ဆောင်မုန်း ပွဲတော်ကို ကျင်းပကြတယ်။ အဲဒီပွဲသဘင်ကို လာကစားကြတဲ့ မင်းတို့ဟာ

အလှအပတန်ဆာ ဆင်ထားကြလျက် နတ်ရဲ့အသွင်ကိုယူပြီး စိတ္တရာဇ အမည်ရှိတဲ့ ဘီလူးဆီမှာ ရပ်နေ၍ အရပ်လေးမျက်နှာသို့ မြှားကို ပစ်လွှတ်ကြတယ်။ ခနဥ္စယကောရဗျ မင်းဖြစ်တဲ့ ငါကလည်း သူများလို သဘင်ကို ကစားတယ် တစ်ဖက်ဆည်းကန်တစ်ခုရဲ့ ကန်ပေါင်ဝယ် စိတ္တရာဇဆီမှာ ရပ်နေပြီး အရပ်လေးမျက်နှာသို့ မြှားလေးစင်းကို ပစ်လိုက်တယ်။

ငါပစ်လိုက်တဲ့မြှားဟာ မြှားသုံးစင်းရဲ့ ကျအရပ်ကိုသာ တွေ့မြင်တယ်၊ ရေထဲ၌ ကျသွားတဲ့မြှားကို မတွေ့မြင်ရပါ။ ငါပစ်လိုက်တဲ့မြှားကား ငါးရဲ့ကိုယ်ပေါ်မှာ ကျသွားပြီလား မကျလားဆိုတာ ငါသေချာ မသိရလို့ သံသယ ဖြစ်မိပါတယ်။ ပါဏာတိပါတသိက္ခာပုဒ် သီလပျက်စီးခြင်းကို အကြောင်းပြု၍ ငါ့ရဲ့ ငါးပါးသီလကျင့်ဝတ်ဟာ ငါမနှစ်သက်စေနိုင်။

အမောင်တို့! အဲဒါကြောင့် ငါ့ရဲ့မယ်တော်ကြီးက ငါးပါး သီလကို ကောင်းစွာ စောင့်ရှောက်တယ်။ ငါရဲ့ ခမည်းတော်ကြီးဆီမှာ ငါးပါးသီလ ကျင့်ဝတ်တော်ကို တောင်းယူကြလော့”ဟု မိန့်ဆိုလိုက်သည်။

ပုဏ္ဏားအမတ်များတို့က “အရှင်မင်းကြီး! အရှင်မင်းကြီးက တိရစ္ဆာန်ကို သတ်မယ်ဆိုတဲ့စိတ်နဲ့ သတ်ချင်တဲ့စိတ်မှ မရှိတာ။ သိလျက် သတ်လိုက်တာမှ မဟုတ်တာ၊ သတ်ချင်တဲ့ စေတနာစိတ်မရှိရင် ပါဏာတိပါတာ သိက္ခာပုဒ် မကျိုးပျက်ဘူး။ ကျွန်တော်မျိုးတို့အား သနားသော အားဖြင့် ကျွန်ုပ်တို့ စောင့်ရှောက်သင့်တဲ့ ဂရုဓမ္မ ငါးပါးသီလကို ပေးတော်မူပါ”ဟု သံတော်ဦး တင်ကြလေသည်။

“အမောင်တို့! ဒါဆို ရေးမှတ်သားကူးယူကြပါလော့”ဟု မိန့်တော်မူ၍ ရွှေပြားပေါ်၌ “ပါဏော နဟန္တဗ္ဗော၊ အဒိန္နံနာဒါတဗ္ဗံ ၊ ကာမေသု မိစ္ဆာစာရာ နစရိတဗ္ဗာ၊ မုသာဝါဒါ နဘာဏိတဗ္ဗော။ မဇ္ဇံ နပါယိတဗ္ဗံ”ဟု ရေးသားစေသည်။

ယင်းနောက် ရှင်ဘုရင်က “အမောင်တို့! သင်တို့ ရေးသားပြီး ဖြစ်ပါသော်လည်း ငါရဲ့သီလ ငါ မနှစ်သက်စေနိုင်၊ ငါရဲ့ မယ်တော်ကြီး ဆီမှာ သွားတောင်းယူကြပါလော့”ဟု မိန့်တော်မူသည်။

# “မယ်တော်၏ ငါးပါးသီလ”

ပုဏ္ဏားအမတ်တို့သည် မင်းကြီးကိုရှိခိုးပြီးသော် ဓနဥ္စယ ကောရဗျ မင်းကြီး၏ မယ်တော် မိဖုရားကြီးဆီသို့ သွားရောက်၍ သံတော်ဦးတင်လိုက်သည်မှာ-

“အရှင်မိဖုရားကြီး! အရှင်မိဖုရားကြီးက ဂရုစမ္မ ငါးပါးသီလတွေကို ကောင်းစွာစောင့်ရှောက်တယ်လို့ သားတော်မင်းမြတ်က ပြော လိုက်တယ်။ အရှင် မိဖုရားကြီးရဲ့ ငါးပါးသီလတွေကို ကျွန်တော်မျိုးတို့အား ပေးပါလော့” ဟု သံတော်ဦးတင်ကြလေသည်။

“အမောင်တို့! ငါဟာ ဂရုစမ္မ ငါးပါးသီလကို စောင့်ရှောက်တာ မှန်တယ်။ ဒါပေမဲ့ စောင့်ပင် စောင့်ပါသော်လည်း ယခုအခါ ငါ့ရဲ့ ငါးပါးသီလကျင့်ဝတ်ဟာ သံသယဖြစ်နေပါတယ်။ အဲဒါကြောင့် သင်တို့အား ငါးပါးသီလပေးဖို့ ငါမစွမ်းနိုင်ဘူး။

အမောင်တို့! ဘာဖြစ်လို့ သံသယဖြစ်မိတာလဲဆိုတော့ ငါ မိဖုရားကြီးဟာ သားတော်နှစ်ယောက်ရှိတယ်၊ သားတော်ကြီးက ရှင်ဘုရင်၊ သားတော်ငယ်က အိမ်ရှေ့မင်းသား၊ တစ်နေ့သော အချိန်မှာတော့ အခြားသော တိုင်းပြည်မင်းတစ်ပါးက သားကြီး ဓနဥ္စယကောရဗျ မင်းကြီးအတွက် တန်ဘိုးတစ်သိန်းထိုက်တဲ့ စန္ဒကူးနှစ်နဲ့ တန်ဘိုးတစ်သိန်းထိုက်တဲ့ ရွှေပန်းကို လက်ဆောင်ပို့ပေးလိုက်ပါတယ်။ ဓနဥ္စယကောရဗျ သားကြီးက ငါ့ကို ပူဇော်မယ်လို့ဆိုပြီး စန္ဒကူးနှစ်နှင့်ရွှေပန်းကို ငါ့ကို ပို့ပေးလိုက်ပါတယ်။ ငါက စန္ဒကူးနှစ်ကို မလိမ်းကျံ၊ ပန်းကို မပန်ဆင်တော့ဘဲ ဓနဥ္စယကောရဗျ သားကြီးရဲ့ မိဖုရားကြီးဖြစ်တဲ့ ချွေးမကြီးကို စန္ဒကူးနှစ်ပေးမယ်လို့ ကြံစည်ပါတယ်။ တစ်ဖန် အကြံအစည်တစ်မျိုး ဖြစ်ပြန်တယ်။ ချွေးမကြီးကား ရှင်ဘုရင်ရဲ့ မိဖုရား ဖြစ်တဲ့အတွက် အစိုးရတဲ့မိဖုရားကြီး ဖြစ်တယ်၊ အဲဒါကြောင့် သူ့ကိုရွှေပန်းကိုပဲ ပေးတော့မယ်၊ အိမ်ရှေ့မင်းသားရဲ့ မိဖုရား

ချွေးမငယ်ကိုတော့ စန္ဒကူးနှစ်ပေးမယ်၊ ငါကြံစည်ထားတဲ့အတိုင်းပဲ ချွေးမကြီးကို ရွှေပန်းပေး၍ ချွေးမငယ်ကို စန္ဒကူးနှစ် ပေးလိုက်ပါတယ်။

ပေးပြီး၍ ငါ့မှာ တစ်ဖန် အကြံအစည် ဖြစ်ပြန်ပါတယ်။ ငါဟာ ဂရုဓမ္မ ငါးပါးသီလကို စောင့်ရှောက်တယ်၊ ငါ့ရဲ့ချွေးမတော်ငယ်က ဆင်းရဲတာဟာ အဓိကမကျ၊ အမျိုး၌ ဂုဏ်ထူးရာထူးကြီးတဲ့ သူတို့က အဓိက ကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ ချွေးမတော်ကြီးကို ရွှေပန်းလေး မပေးသင့်ဘဲနဲ့ ပေးမိတယ်၊ ပေးသင့်တဲ့ စန္ဒကူးနှစ်ကို သူ့ကိုမပေးဘူး၊ အဲဒါကြောင့် ငါ့ရဲ့ ငါးပါးသီလ၊ အဒိန္နာဒါန သိက္ခာပုဒ် ကျိုးပျက်သွားပြီ ထင်တယ်လို့ ငါ သံသယဖြစ်မိနေပါတယ်" ဟု ပုဏ္ဏားအမတ်တို့အား ပြောပြလိုက်သည်။

ပုဏ္ဏားအမတ်တို့က "အရှင်မယ်တော်ကြီး! မိမိရဲ့ ကိုယ်ပိုင် ဥစ္စာပစ္စည်းဟာ လုပ်ချင်သလို လုပ်လို့ရတယ်၊ ပေးချင်သည့်သူကို ပေးနိုင်ပါတယ်။ အရှင်မိဖုရားကြီးက ဒီမျှလောက်လေးနဲ့လည်း သံသယတောင် ဖြစ်မိသေးတယ်။ မကောင်းမှု ကြီးကြီးမားမား ဘယ်လိုလို့ ပြုလုပ်ရဲမှာလဲ။ လုံးဝ မပြုလုပ်ရဲဘူး ဆိုတာ သိသာ ထင်ရှားတယ်။ ဒီမျှလောက်လေးနဲ့တော့ အရှင်မယ်တော်ကြီး ငါးပါးသီလ မပျက်စီးနိုင်။ အရှင်မယ်တော်ကြီးရဲ့ ဂရုဓမ္မ ငါးပါးသီလကို ကျွန်တော်တို့အား ပေးတော်မူကြပါလော့" ဟု သံတော်ဦးတင်ကြလေသည်။

မိဖုရားကြီးကလည်း ရှင်ဘုရင်နည်းတူ ဂရုဓမ္မ ငါးပါးသီလတို့ကို ပေးလိုက်သည်။ ပုဏ္ဏားအမတ်များကလည်း ရွှေပြားပေါ်၌ ရေးသားကူးယူကြသည်။

မိဖုရားကြီးက "အမောင်တို့! သင်တို့ကို ငါးပါးသီလ ပေးပြီးပါသော်လည်း ငါ့ရဲ့ ငါးပါးသီလ ငါ မနှစ်သက်စေနိုင်။ ငါ့ရဲ့ ချွေးမတော်ကြီးကား ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်တယ်။ ချွေးမတော်ကြီး ဆီမှာ တစ်ဖန် သွားယူကြပါလော့"ဟု စေခိုင်းလိုက်သည်။

ယင်းနောက် ပုဏ္ဏားအမတ်တို့သည် နေဥယျာဉ်ကောရဗျ၏ မိဖုရားကြီးဆီသို့ ချဉ်းကပ်၍ ရှေ့နည်းအတိုင်း ဂရုဓမ္မ ငါးပါးသီလကို တောင်းကြသည်။ မိဖုရားကြီးကလည်း ရှေ့နည်းအတိုင်းပြောဆိုသည်။

"အမတ်ကြီးတို့! ယခုအခါ၌ကား ငါ့ရဲငါးပါးသီလ သံသယ ဖြစ်နေမိတယ်။ အဲဒါကြောင့် သင်တို့အား ငါးပါးသီလပေးဖို့ ငါ မစွမ်းနိုင်ဘူး။ ဘာဖြစ်လို့ သံသယဖြစ်မိတာလဲဆိုတော့။

တစ်နေ့မှာပေါ့ မိဖုရားဖြစ်တဲ့ ငါဟာ ပြတင်းပေါက်နားမှာ ရပ်နေရင်း ငါရဲ့လင်တော် ဓနဥ္စယကောရဗျမင်းကြီး ဣန္ဒပတ္တမြို့တော်သို့ မင်္ဂလာဆင်တော်စီးပြီး လှည့်လည်နေစဉ် မင်းကြီးရဲ့နောက်မှာ ထိုင်နေတဲ့ အိမ်ရှေ့မင်းသားကို တွေ့မြင်တာနဲ့ ချစ်ကြိုက်မိတယ် ငါကလည်း "သြော် ငါဟာ တကယ်လို့ အိမ်ရှေ့မင်းသားနဲ့ နှီးနှောပေါင်းသင်းခြင်းကို ပြုလိုက်မယ်ဆိုရင် လင်တော် ဓနဥ္စယကောရဗျမင်းကြီး ကွယ်လွန်သွားရင်ရှင်ဘုရင် ရာထူး၌ ဆက်ခံမည့် အိမ်ရှေ့မင်းသားက ငါ့ကို သိမ်းပိုက်ပြီး မိဖုရားကြီး အရာ ခန့်ထားမယ်လို့ ကြံစည်မိတယ်။ တစ်ဖန် မိဖုရားဖြစ်တဲ့ ငါဟာ သြော် ငါဟာ ဂရုဓမ္မ ငါးပါးသီလကို စောင့်ရှောက် သူဖြစ်ပါလျှက်၊ ငါဟာ ယောကျ်ားရှိနေပါလျှက်နဲ့ တပ်မက်မှု ရာဂစိတ်နဲ့ အခြားယောကျ်ားကို ကြည့်ရှုလိုချင်မိတယ်။ အဲဒါကြောင့် ငါရဲ့ ငါးပါးသီလ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ် ကျိုးပျက်သွားပြီ ထင်တယ်လို့ သံသယဖြစ်မိပါတယ်" ဟု ပုဏ္ဏားအမတ်များအား ပြောပြ လိုက်သည်။

ပုဏ္ဏားအမတ်များက "အရှင်မိဖုရားကြီး! သူ့သားယောကျ်ားကို စိတ်နဲ့ကြံစည်မိကာ ကာမေသုမိစ္ဆာစာရသိက္ခာပုဒ် ပျက်စီးရာ မရောက်ဘူး။ ဒီမျှလောက်လေးနဲ့ အရှင်မိဖုရားကြီး သံသယဖြစ်မိနေသေးတယ်၊ ဒီထက်ကြီးမားတဲ့ လွန်ကျူးမှုအပြစ် အရှင်မိဖုရားကြီး မလုပ်ရဲဘူးဆိုတာ သိသာထင်ရှားပါတယ်။ ဒီမျှလေးနဲ့တော့ ငါးပါးသီလ မပျက်စီးသွားပါဘူး။ ကျွန်တော်မျိုးတို့အား ဂရုဓမ္မ ငါးပါးသီလ ပေးပါလော့"ဟု သံတော် ဦးတင်၍မိဖုရားကြီးဆီ၌လည်း ငါးပါးသီလတို့ကို မှတ်ယူ၍ ရွှေပြားပေါ်၌ ရေးသား ကြလေသည်။

ယင်းနောက် မိဖုရားကြီးက "အမတ်ကြီးတို့! သင်တို့ကို ငါးပါးသီလ ပေးပြီး ဖြစ်ပါသော်လည်း ငါရဲ့ ငါးပါးသီလ ငါ မနှစ်သက်စေနိုင်၊ အိမ်ရှေ့

မင်းသားကား ကောင်းစွာ စောင့်ရှောက်တယ်။ အိမ်ရှေ့မင်းသားဆီမှာ သွားတောင်းယူကြပါလော့” ဟု စေခိုင်းလိုက်သည်။

## အိမ်ရှေ့မင်းသား ငါးပါးသီလ

ထို့ကြောင့် ပုဏ္ဏားအမတ်များတို့သည် အိမ်ရှေ့မင်းသားဆီသို့ ချဉ်းကပ်၍ ရှေ့နည်းအတိုင်း ဂရုဓမ္မ ငါးပါးသီလကို တောင်းကြပြန်သည်။ အိမ်ရှေ့မင်းသားကလည်း “အမတ်ကြီးတို့! ငါရဲ့ ငါးပါးသီလဟာ နည်းနည်းလေး သံသယဖြစ်မိတယ်။ ဘာကြောင့် သံသယ ဖြစ်မိတာလဲ ဆိုတော့။

ငါဟာ နန်းတော်ထဲသို့ မင်းကြီးကိစ္စအတွက် အလုပ် ပြုလုပ်ရန် သွားတဲ့အခါ လှည်းရထားနဲ့ မင်းနန်းတော်သွားပါတယ်။ တကယ်လို့ ငါ နန်းတော်ထဲမှာ အိပ်ဖြစ်မယ်ဆိုရင် လှည်းကြိုးနဲ့ နှင်တံတွေကို လှည်းရထားရဲ့ ခေါင်းဦးပိုင်းမှာ ချထားပါတယ်။ တကယ်လို့ နန်းတော်ထဲမှာ မအိပ်ဖြစ်ဘူး ခဏမျှသာနေမယ်ဆိုရင် လှည်းကြိုးနဲ့ နှင်တံကို လှည်းရထား အတွင်းမှာ ချထားပါတယ်။ ငါရဲ့တပည့် လူအပေါင်းကလည်း ဒီအမှတ်အသားကို ကြည့်ပြီးတော့ ငါနန်းတော်ထဲ အိပ်တယ်၊ မအိပ်ဘူး ဆိုတာ သိကြတယ်။ တစ်နေ့မှာတော့ ညနေချမ်းအချိန်မှာ ငါဟာ နန်းတော်သို့ လှည်းရထားနဲ့ သွားပါတယ်။ လှည်းကြိုးနဲ့ နှင်တံကို လှည်းရထားရဲ့ အတွင်းမှာချထားပြီး နန်းတော်ထဲကို ဝင်သွားပါတယ်။ ငါ နန်းတော်ထဲလဲရောက်တော့ မိုးက သည်းထန်စွာ အဆက်မပြတ် ရွာပါတော့တယ်။ နောင်တော် မင်းကြီးက ‘ငါ့ညီ အိမ်ရှေ့မင်းသား မင်းမပြန်နဲ့တော့၊ မိုးရွာနေတယ်။ မနက်ဖြန်မှ အေးအေးဆေးဆေး ပြန်တော့’ လို့ ငါ့ကို ပြန်ခွင့်မပေးဘူး၊ ငါလည်း အဲဒီည နန်းတော်ထဲမှာပဲ အိပ်လိုက်ရပါတယ်။ ငါရဲ့ တပည့် ရဲဘော်များက ‘မကြာခင်မှာ အိမ်ရှေ့ မင်းသား ထွက်လာလိမ့်မယ်’ လို့ တစ်ညလုံးလုံး မိုးရေထဲမှာပဲ ငါ့ကို စောင့်မျှော်နေကြပါတယ်။ နောက်နေ့မနက် ငါနန်းတော် ထဲကနေ ထွက်လာချိန်မှာ သူတို့ဟာ မိုးရေစိုလျှက် ငါ့ကို စောင့်မျှော်

နေကြတယ်၊ ငါက သူတို့ကိုမြင်ရတော့ "အော် ငါဟာ ဂရုစမ္မ ငါးပါးသီလ ကို စောင့်ရှောက်သူ တစ်ယောက်ဖြစ်ပါလျက် ဒီလောက် များပြားတဲ့ လူတွေကို ပင်ပန်းဆင်းရဲစေတယ်။ အဲဒါကြောင့် ငါသံသယ ဖြစ်မိတယ်" ဟု ပုဏ္ဏား အမတ်တို့အား ပြောပြလိုက်သည်။

ပုဏ္ဏားအမတ်များက "အရှင်မင်းသား! အရှင်က ဒီလူတွေဟာ ပင်ပန်းကြပါစေလို့ ပင်ပန်းစေလိုတဲ့ စေတနာစိတ်မရှိရင် ကံမမြောက် ဘူး၊ ဒီမျှလောက်လေးနဲ့ သံသယဖြစ်နေသေးတယ်။ ဒီထက်ကြီးမားတဲ့ လွန်ကျူးမှု မပြုလုပ်ဝံ့ဘူးဆိုတာ သိသာထင်ရှားပါတယ်" ဟု ပြောဆို၍ အိမ်ရှေ့မင်းသားဆီ၌လည်း ငါးပါးသီလကို ရေးမှတ်သား၍ ရွှေပြား ပေါ်၌ ရေးသားမှတ်ယူကြသည်။

အိမ်ရှေ့မင်းသားက "အမောင်တို့! သင်တို့ သီလယူပြီးသော်လည်း ငါရဲ့သီလ ငါ မနှစ်သက်စေနိုင်၊ ပုရောဟိတ်ပုဏ္ဏားဆီ၌ သွားတောင်းယူ ကြပါလော့" ဟု စေခိုင်းလိုက်သည်။

## ပုရောဟိတ်ပုဏ္ဏား၏ ငါးပါးသီလ

ပုဏ္ဏားအမတ်တို့သည် ပုရောဟိတ်ပုဏ္ဏားဆီသို့ ချဉ်းကပ်၍ ငါးပါး သီလကို တောင်းယူကြပြန်သည်။ ပုရောဟိတ်ပုဏ္ဏားကလည်း သူ့မှာ သံသယဖြစ်သည့်အကြောင်း ပြောပြသည်။

"မိတ်ဆွေတို့! တစ်နေ့မှာတော့ ကျွန်တော်ဟာ မင်းကြီးကို အလုပ်လုပ်ပေးရန်အတွက် နန်းတော်သို့သွားတော့ အခြား တစ်ပါးသော တိုင်းပြည် ရှင်ဘုရင်တစ်ဦးက ဓနဉ္စယကောရဗျမင်းကြီးအတွက် လှည်း ရထားကြီး တစ်စီးကို လက်ဆောင်လာပို့ပေးလိုက်တယ်။ ကျွန်တော်နဲ့ လမ်း ခုလတ်မှာ တွေ့ဆုံပြီး ကျွန်တော်က "ဒီလှည်းရထားက အဘယ်သူရဲ့ လှည်းရထားလဲ? လို့ မေးမြန်းတော့၊ သူတို့က 'ဒီလှည်းဟာ မင်းကြီးကို

ဆက်သမည့် လှည်းရထားပါ' လို့ ပြောကြားလိုက်တယ်။ ကျွန်တော်လဲ 'ဩော် ငါဟာ အသက်ကလဲ ကြီးလာပြီ၊ မင်းကြီးက ငါ့ကို ဒီလှည်းရထားကြီးကို ပေးရင်ကောင်းမှာပဲ ဒီလှည်းရထားကြီးကို စီးပြီး ချမ်းသာစွာ သွားလာနိုင်တယ်လို့ ကြံစည်ရင်း မင်းကြီးကို အလုပ်ပေးရန်အတွက် နန်းတော်သို့သွားတယ်။ ခေ့ဥယကောရဗျမင်းကြီးက လှည်းရထား ကိုမြင်၍ 'ဒီလှည်းရထားဟာ တော်တော်ကောင်းတယ်။ ဒီလှည်းရထားကို ဆရာပုရောဟိတ်ပုဏ္ဏားကို သွားပေးလိုက်ပါလို့ မိန့်တော်မူပါတယ်။ မင်းမှုထမ်း တာဝန်ရှိသူများက လှည်းရထားကိုယူပြီး ကျွန်တော်ကို လာပေးပါတယ်။ ကျွန်တော်က မယူတော့ဘူးလို့ ပြန်ပြောလိုက်တယ်။ သူတို့က ထပ်ခါထပ်ခါ "ယူပါ ယူပါ" လို့ ကျွန်တော်ကို ပေးပြန်တယ်။ သူတို့ ထပ်ခါ ထပ်ခါ လာပေးသော်လည်း ကျွန်တော်က မယူတော့ဘူးလို့ ထပ်ခါထပ်ခါ ပြန်လည်ငြင်းဆန်ပါတယ်။ ဘာကြောင့် မယူတာလဲဆိုတော့ ကျွန်တော် ဟာ "ဩော် ငါဟာ ဂရုဓမ္မ ငါးပါးသီလကို စောင့်ထိန်းသူ ဖြစ်ပါလျက်နဲ့ သူတစ်ပါး ပစ္စည်းဥစ္စာကို လိုချင်တဲ့ လောဘကို ပြုလုပ်မိပြီ။ အဲဒါကြောင့် ကျွန်တော်ဟာ ကိုယ့်ငါးပါးသီလကို သံသယဖြစ်နေမိတယ်။ မိတ်ဆွေ တို့အား ငါးပါးသီလပေးဖို့ရန် မရဲဘူး" ဟု ပြောဆိုလိုက်ကြသည်။

ပုဏ္ဏားအမတ်တို့က "ဆရာပုရောဟိတ်! စိတ်လောဘ ဖြစ်ရုံမျှလေးနဲ့တော့ ဆရာရဲ့ ငါးပါးသီလ မပျက်စီးပါဘူး၊ ဆရာတို့က ဒီမျှလောက် လေးနဲ့ သံသယဖြစ်နေသေးတယ်။ ဒီထက်ကြီးမားတဲ့အပြစ် ဘယ်လိုလို့ လွန်ကျူးဝံ့မလဲ" ဟု ပြောဆိုကြ၍ ပုရောဟိတ်၏ဆီ၌လည်း သီလကို မှတ်သား၍ ရွှေပြားပေါ်၌ ရေးသားကူးယူလိုက်သည်။

ဆရာပုရောဟိတ်သည် ပုဏ္ဏားနှင့် အမတ်တို့ကို "မိတ်ဆွေတို့! မြေတိုင်းအမတ်ကား ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်တယ်၊ မြေတိုင်းအမတ်ဆီမှာ သွားတောင်းယူကြပါလော့" ဟု ပြောဆိုလိုက်သည်။ မြေတိုင်းအမတ်ဆီသို့ ချဉ်းကပ်ကြ၍ ငါးပါးသီလကို တောင်းယူကြသည်။

## မြေတိုင်းအမတ်၏ ငါးပါးသီလ

မြေတိုင်းအမတ်ကလည်း သူ့မှာ သံသယရှိသည့်အကြောင်း ပြောပြသည်။ "မိတ်ဆွေတို့! တစ်နေ့သောအခါဝယ် ကျွန်တော်ဟာ တောဇနပုဒ်၌ လယ်ကိုသွားတိုင်းထွာတော့ ကြိုးကိုတုတ်၌ ဖွဲ့ချည်၍ တစ်ဖက်သော အစွန်ကြိုးစကို ကျွန်တော်က ကိုင်ထားပါတယ်။ ကျွန်တော်ကိုင်ထားတဲ့တုတ်ကို ကျင်းတွင်းသို့ စိုက်မယ်ကြံတော့ ကျွန်တော်စိုက်မည့် ကျင်းတွင်းလေးထဲမှာ ပုစွန်လုံးတစ်ကောင်က ရောက်နေတယ် ထင်တယ်။ တကယ်လို့ ကျွန်တော်က ကျင်းထဲ၌တုတ် စိုက်မိခဲ့မယ်ဆိုရင် ပုစွန်လုံးက သေသွားမှာ ကြောက်တယ်။ တကယ်လို့ တွင်းရဲ့တစ်ဖက်အနားကမ်းမှာ တုတ်စိုက်မယ်ဆိုရင်လည်း မင်းကြီးရဲ့ ဥစ္စာက ပျက်ဆီးသွားမှာ ကြောက်တယ်။

တကယ်လို့ တွင်းရဲ့ ဒီဘက်အနားမှာ တုတ်စိုက်မယ်ဆိုရင်လည်း လယ်သူကြီးရဲ့ ဥစ္စာက ပျက်စီးသွားမှာစိုးတယ်။ ကျွန်တော် ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ စဉ်းစားကြည့်တော့ အကြံတစ်ခု ပေါ်လာပါတယ်။ ဒီတွင်းကျင်းထဲမှာ ပုစွန်မရှိလောက်ဘူး။ တကယ်လို့ ရှိနေမယ်ဆိုရင် ပုစွန်လုံး ထင်ထင်ရှားရှားတွေ့ရမှာပဲ။ ပုစွန်လုံး ဒီတွင်းကျင်းထဲမှာ ရှိမယ် မထင်ဘူး။ ဒီတွင်းကျင်းထဲကိုပဲ တုတ်စိုက် ထောင်လိုက်တော့မယ်လို့ ကြံစည်ပြီး တုတ်ကို စိုက်ထောင်လိုက်တော့ ပုစွန်လုံးနဲ့ထိသွားတယ် ပုစွန်လုံး က "ကရိကရိ ဖျိုက် ဖျိုက်" လို့ တုန်ခါလှုပ်ပြီး သေသွားပါတယ်။

"သြော် ငါကလည်း ဂရုဓမ္မ ငါးပါးသီလကို စောင့်ရှောက်တဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ ခုတော့ ငါရဲ့ ငါးပါးသီလဟာ ပါဏာတိပါတသိက္ခာပုဒ် ကျိုးပျက်သွားပြီးထင်တယ်။ အဲဒီအမှုကြောင့် ကျွန်တော်ရဲ့ ကိုယ်ကျင့်ဂရုဓမ္မ ငါးပါးသီလ၌ သံသယဖြစ်မိတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် သင်တို့အား သီလပေးရန်အတွက် ငါမစွမ်းနိုင်" ဟု ပြောပြလိုက်သည်။

ပုဏ္ဏားအမတ်တို့ကလည်း "မြေတိုင်းအမတ်ကြီးရယ်! နင်က ပုစွန်လုံး သေပါစေသတည်းဆိုတဲ့ စိတ်စေတနာနဲ့ သတ်တာမှ မဟုတ်ဘဲ။ သေစေလို သေတဲ့စိတ် မရှိရင် ပါဏာတိပါတကံ မမြောက်ပါဘူး။ သင်ဟာ ဒီမျှလောက်လေးနဲ့ သံသယဖြစ်နေသေးတယ်။ ဒီထက်ကြီးမားတဲ့ဟာ မပြုလုပ်ဝံ့ဘူးဆိုတာ သိသာပါတယ်" ဟု ပြောဆို၍ မြေတိုင်းအမတ်၏ ငါးပါးသီလ မှတ်ယူပြီး ရွှေပြားပေါ်၌ ရေးသားကူးယူကြလေသည်။

## လှည်းရထားထိန်း၏ ငါးပါးသီလ

မြေတိုင်းအမတ်က "မိတ်ဆွေတို့! သင်တို့ ပေးလိုက်တဲ့ သီလဟာ ကျွန်တော်မနှစ်သက်စေနိုင်။ လှည်းရထားထိန်းကား ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်တယ်။ လှည်းရထားထိန်းဆီမှာ ငါးပါးသီလ နောက်ထပ်တောင်းယူကြပါလော့"ဟု ပြောဆိုသောကြောင့် လှည်းရထားထိန်းအား ချဉ်းကပ်၍ ဂရုမမွ ငါးပါးသီလကို တောင်းယူကြလေသည်။ လှည်းရထားထိန်း ကလည်း သူ၏ ငါးပါးသီလကို သံသယဖြစ်မိသည့် အကြောင်းပြောပြလေသည်။

"မိတ်ဆွေတို့! တစ်နေ့မှာတော့ ကျွန်တော်ဟာ ရှင်ဘုရင် မင်းမြတ်ကို လှည်းရထားနဲ့ ဥယျာဉ်တော်သို့ လိုက်ပို့ပါတယ်။ ရှင်ဘုရင် မင်းမြတ်က ဥယျာဉ်တော်ထဲမှာ တစ်နေကုန် ပျော်ပါး ကစားပြီး ညနေချမ်း အချိန်ရောက်တော့ ဥယျာဉ်တော်မှ ထွက်တော်မူပါတယ်။ ရှင်ဘုရင် မင်းမြတ် မြို့ထဲသို့ မရောက်သေးခင်မှာ နေဝင်သွားပါတယ်။ မိုးသားတိမ်ပုပ်ကလည်း ဖုံးအုပ်လာတယ်။ လှည်းရထားထိန်းဖြစ်တဲ့ ကျွန်တော်ကလည်း မင်းကြီးကို မိုးရေစိုမှာစိုးရိမ်တဲ့အတွက်ကြောင့် သိန္ဓောမြင်းတွေကို နှင်တံအသာလေး တို့ပေးတော့ သိန္ဓောမြင်းတို့ဟာ လျင်မြန်တဲ့ အဟုန်နဲ့ ပြေးသွားကြပါတယ်။ အဲဒီနေ့ကစပြီး သိန္ဓောမြင်းကလည်း ဥယျာဉ်တော်သို့ အသွားအပြန် အဲဒီနေရာ ရောက်သွားရင် နှင်တံအမှတ်အသားကို သတိရပြီး လျင်လျင်မြန်မြန် သွားကြတယ်။ "မင်းကြီး မိုးရေ စိုသည်ဖြစ်စေ၊ မစိုသည်

ဖြစ်စေ ကျွန်တော့်အား အပြစ်မဖြစ်ပါဘူး" ခုတော့ ကျွန်တော်ဟာ ဘာမှ မဟုတ်ဘဲနဲ့ လိမ္မာသိ တတ်တဲ့ သိန္ဓောမြင်းတွေကို နှင်တံ တို့ပေးမိတယ်၊ အဲဒါကြောင့် သိန္ဓောမြင်း တို့ဟာ ယခုအခါမှာ အသွားအပြန် နှစ်တန်သော ခရီးကို ပြေးသွားရတယ်၊ သူတို့မှာ ပင်ပန်းရရှာတယ်။ ဩော် ငါကလည်း ဂရုဓမ္မ ငါးပါးသီလကို စောင့်ရှောက်တဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ငါဟာ သိန္ဓော မြင်းကို ညှင်းဆဲမိတယ် ခုတော့ ငါရဲ့ ငါးပါးသီလဟာ ကျိုးပျက်သွားပြီး ထင်တယ်။ အဲဒီအမှုကြောင့် ကျွန်တော်ရဲ့ ကိုယ်ကျင့် ဂရုဓမ္မ ငါးပါးသီလကို သံသယ ဖြစ်မိတာပဲဖြစ်ပါတယ်။ အဲဒါကြောင့် သင်တို့အား သီလပေးရန်အတွက် ကျွန်တော် မစွမ်းနိုင်ဘူး"ဟု ပြောပြလိုက်သည်။

ပုဏ္ဏားအမတ်တို့ကလည်း "အမောင်တို့! သင်တို့ ပင်ပန်းကြပါစေသတည်းဆိုတဲ့ စေတနာစိတ် မရှိရင် ကံမမြောက်ဘူး၊ သီလ မပျက်ပါဘူး၊ ဒီမျှလောက်လေးနဲ့ မိတ်ဆွေက သံသယဖြစ်နေသေးတယ်။ ဒီထက်ကြီးမားတဲ့ လွန်ကျူးမှုကို ဘယ်လိုလုပ် လုပ်ဝံ့မှာလဲ။ မလုပ်ဝံ့ဘူးဆိုတာ ထင်ရှားပါတယ်ဟု ပြောဆိုကြ၍ လှည်းရထားထိန်းဆီ၌ ငါးပါးသီလကို တောင်းယူ၍ ရွှေပြားပေါ်၌ ရေးသားကူးယူကြလေသည်။

လှည်းရထားထိန်းကလည်း"ပုဏ္ဏားကြီးတို့! သင်တို့ ငါးပါးသီလ ပေးပြီးဖြစ်ပါသော်လည်း ငါရဲ့သီလကား သံသယနဲ့မကင်းပါ။ သူဌေးကြီးကား ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်တယ်။ သူဌေးကြီးဆီ၌ သွားတောင်းယူကြပါလော့" ဟု ပြောဆိုလိုက်သည်။

## သူဌေးကြီး၏ ဂရုဓမ္မငါးပါးသီလ

ထို့နောက် ပုဏ္ဏားအမတ်တို့သည် သူဌေးကြီးဆီသို့ ချဉ်းကပ်၍ သူဌေးကြီး၏ ဂရုဓမ္မ ငါးပါးသီလကို တောင်းယူကြသည်။ သူဌေးကြီးလည်း သူ၏သီလ သံသယဝင်မိကြောင်း ပြောပြလိုက်သည်မှာ-

"ပုဏ္ဏားကြီးတို့! ကျွန်တော်ဟာ တစ်နေ့သောအခါဝယ် ကောက်စပါး ခင်းလယ်ထဲသို့ သွားကြည့်ရှုပြီးတော့ ပြန်လာမည့်အချိန်မှာ ကောက်စပါး ပန်းကို ပန်ဆင်ကြည့်မယ်လို့ကြံစည်ပြီး ကျွန်တော်နဲ့အတူ ပါလာတဲ့သူကို ကောက်စပါးနှံတစ်ဆုပ်ကို ယူစေ၍ ခေါင်းပေါ်မှာ ပန်ဆင်စေပါတယ်။ တစ်ဖန် ကျွန်တော်ဟာ "ဪ ငါဟာ ဒီလယ်မှ ထွက်တဲ့ ကောက်စပါး များကို မင်းကြီးအား အခွန်မဆောင်ရသေးဘဲနဲ့ လယ်မှထွက်တဲ့ ကောက် စပါးများကို ငါက ဦးစွာပထမ တစ်ဆုပ်ယူစေမိပြီ၊ ငါကလည်း ဂရုဓမ္မ ငါးပါးသီလကို စောင့်ထိန်းသူတစ်ယောက် ဖြစ်တဲ့အတွက်ကြောင့် ငါရဲ့ ငါးပါးသီလထဲက တစ်ပါးဖြစ်တဲ့ အဒိန္နာဒါနသိက္ခာပုဒ်ကို ကျိုးပျက်သွား ပြီထင်တယ်"ဟု ပြောပြလိုက်သည်။

ပုဏ္ဏားအမတ်တို့ကလည်း "သူဌေးကြီး! သူဌေးကြီးအား ခိုးယူလို တဲ့ စေတနာစိတ်မှ မရှိဘဲ အဒိန္နာဒါနသိက္ခာပုဒ် မကျိုးပျက်ဘူး၊ ပြီးတော့ လယ်ကလည်း သူဌေးကြီးရဲ့လယ် ဖြစ်နေတယ်၊ သူတစ်ပါးရဲ့ လယ်မှ မဟုတ်တာ။ သူဌေးကြီးက သူတစ်ပါးပစ္စည်းဥစ္စာ မယူဝံ့ဘူးဆိုတာ ပေါ်လွင် ထင်ရှားပါတယ်"ဟု ပြောဆိုကြ၍ သူဌေးကြီးဆီမှ ဂရုဓမ္မငါးပါး သီလကို မှတ်ယူပြီး ရွှေပြားပေါ်၌ ရေးသားကူးယူလိုက်သည်။

## စာရင်းကိုင်၏ ငါးပါးသီလ

သူဌေးကြီးသည် ပုဏ္ဏားအမတ်တို့ကို ဂရုဓမ္မ ငါးပါးသီလ ပေးပြီး သည့်နောက် "ပုဏ္ဏားကြီးတို့! စာရင်းကိုင်အမတ်ကြီးကား ဂရုဓမ္မ ငါးပါး သီလကို ကောင်းစွာ စောင့်ရှောက်တယ်။ စာရင်းကိုင် အမတ်ကြီးဆီ၌ သွားတောင်းယူကြပါလော့" ဟု ပြောဆိုလိုက်သည်။

ထို့နောက် ပုဏ္ဏားအမတ်တို့သည် စာရင်းကိုင် အမတ်ကြီးဆီသို့ ချဉ်းကပ်ကြ၍ ဂရုဓမ္မ ငါးပါးသီလကို တောင်းယူကြလေသည်။ စာရင်းကိုင် အမတ်ကြီးကလည်း သူ့ရဲ့သီလ သူ သံသယဖြစ်မိသည့်အကြောင်း ပြောပြ လိုက်သည်မှာ-

"ပုဏ္ဏားကြီးတို့! ကျွန်တော်ဟာ တစ်နေ့မှာတော့ တံခါးမှာ ထိုင်ပြီး ရှင်ဘုရင်အတွက် ကောက်စပါးများကို အလုပ်သမားများအား ခြင်စေခိုင်းကြတယ်၊ မခြင်ရသေးသော ကောက်စပါးအပုံထဲမှ ကောက်စပါးကို ယူပြီး လက်ချိုး မှတ်သားရေတွက်ထားတယ်၊ အလုပ်လုပ် နေစဉ်မှာပဲ မိုးက ရွာချပါတယ်၊ ခြင်ပြီးသောကောက်စပါးတို့ကား ဒီလောက်မျှ ရှိတယ်လို့ ပြောဆို၍ လက်ချိုးမှတ်သားရေတွက်ထားတဲ့ ကောက်စပါးကို စုပုံပြီးလျှင် ခြင်ပြီးတဲ့ ကောက်စပါးပုံထဲမှာ ထည့်သွင်း ထားခဲ့တယ်။ ပြီးတော့ တံခါးမုခ်၌ပြေးသွား၍ မိုးခိုလုံရင်းနဲ့ ပြန်စဉ်းစားကြည့်တယ် "ဟား. . ဂရုချိုးထားသော ကောက်စပါးကို ခြင်ပြီးတဲ့ ကောက်စပါးပုံထဲမှာ ထည့်ခဲ့လိုက်မိပြီလား မသိဘူး။ ဒါမှမဟုတ် မခြင်ရသေးတဲ့ ကောက်စပါးပုံထဲမှာ ထည့်ခဲ့မိပြီလား မသိဘူးလို့ ဟိုဟိုဒီဒီ ကြံစည်နေပါတော့တယ်။ ကျွန်တော်ကလည်း ဩော် ငါဟာ ခြင်ပြီးတဲ့ ကောက်စပါးပုံထဲမှာပဲ တကယ်လို့ ထည့်ခဲ့မိမယ်ဆိုရင် ရှင်ဘုရင် ဥစ္စာကို ယုတ်လျော့စေပြီး သူဌေးကြီးကို ဖျက်စီးရာရောက်တယ်။ ငါဟာ ဂရုဓမ္မ ငါးပါးသီလကို စောင့်ထိန်းသူတစ်ယောက် ဖြစ်ပါတယ်။ အဲဒါကြောင့် ငါရဲ့ ငါးပါးသီလထဲ တစ်ပါးဖြစ်တဲ့ အဒိန္နာဒါန သိက္ခာပုဒ်ကို ကျိုးပျက်သွားပြီလား မသိဘူး။ အဲဒါကြောင့် သင်တို့ကို ငါးပါးသီလပေးဖို့ ငါမစွမ်းနိုင်ဘူး"ဟု ပြောဆိုသည်။

ပုဏ္ဏားအမတ်များက "စာရင်းကိုင်အမတ်ကြီးရယ်! ခင်ဗျားဟာ ခိုးလိုတဲ့စိတ်မှမရှိတာ၊ ခိုးလိုသောစိတ်မရှိရင် အဒိန္နာဒါန သိက္ခာပုဒ် မကျိုး ဥစ္စာကို မခိုးဝံ့ဘူးဆိုတာ ပေါ်လွင်ထင်ရှားပါတယ်" ဟု ပြောဆိုကြ၍ စာရင်းကိုင်အမတ်ကြီးဆီ၌လည်း သီလကိုမှတ်ယူ၍ ရွှေပြားပေါ်၌ ရေးသား ကူးယူလိုက်ကြသည်။

## တံခါးမှူး၏ငါးပါးသီလ

စာရင်းကိုင်အမတ်ကြီးသည် ပုဏ္ဏားအမတ်တို့အား ငါးပါးသီလ ပေးပြီးဖြစ်ပါသော်လည်း သူ့၏ သီလသသည် သံသယနှင့် မကင်းသော

ကြောင့် တံခါးမှူးသည်ကား ဂရုဓမ္မငါးပါးသီလကို ကောင်းစွာ စောင့်ရှောက်သည်။ တံခါးမှူး၏ဆီ၌ ဂရုဓမ္မ ငါးပါးသီလကို သွားတောင်းယူကြလော့ ဟု ပြောဆိုလိုက်သောကြောင့် ဝင်းပုဏ္ဏားအမတ်တို့သည် တံခါးမှူးဆီ၏ ထံ၌ ချဉ်းကပ်ပြီး ဂရုဓမ္မ ငါးပါးသီလ တောင်းယူကြသည်။ တံခါးမှူး ကလည်း သူ့၏ ငါးပါးသီလကို သူသံသယဖြစ်မိသည့်အကြောင်း ပြောပြလိုက်သည်။

'ပုဏ္ဏားကြီးတို့! ကျွန်တော်ဟာ တစ်နေ့သော ညနေချမ်းအချိန်မှာ မြို့တံခါးပိတ်တော့မယ်ဆိုတဲ့အကြောင်း သုံးကြိမ်တိုင်တိုင် အသံကို ကြွေးကြော်ပါတယ်။ အဲဒီအချိန်မှာ ဆင်းရဲသားတစ်ယောက်က သူ့ကို နှမငယ်လေးကိုခေါ်ပြီး တောထဲသို့ ထင်းသွားခုတ်ပြီး ပြန်လာနေတဲ့ အချိန်မှာ ကျွန်တော်ရဲ့ ကြွေးကြော်သံကိုကြားတော့ နှမငယ်ကို ခေါ်ယူပြီး မြို့တံခါး သို့ရောက်အောင် ပြေးလာပါတယ်။

မြို့တံခါးရောက်တော့ ကျွန်တော်က ဆင်းရဲသားမောင်နှမနှစ်ယောက်ကို "ဟေ့ ကလေး! မြို့မှာ မင်းကြီးချမှတ်ထားတဲ့ စည်းမျဉ်း စည်းကမ်း မင်း မသိဘူးလား၊ ဒီအချိန်ရောက်ရင် တံခါးပိတ်မယ်ဆိုတာ မင်းမသိဘူးလား၊ ကိုယ့်မိန်းမကို ခေါ်ယူ၍ တောထဲမှာ တစ်နေကုန် ကာမဂုဏ်ဘဲ သွား မွေ့လျော်ပျော်ပါးတယ်"လို့ ပြောဆိုပါတယ်။ ဆင်းရဲသားယောကျ်ားက ကျွန်တော်တံခါးမှူးအား "ဦးလေးရယ် ဒီကလေးမလေးဟာ ကျွန်တော့်ရဲ့ မိန်းမ မဟုတ်ဘူး၊ ကျွန်တော့်ရဲ့ နှမငယ်လေးဖြစ်ပါတယ်"ဟု ပြောပြလိုက်ပါတယ်။ အဲဒီကျမှ ကျွန်တော်ကလည်း "ဩော် ငါဟာ နှမငယ်လေးအား မယားဆိုတဲ့ မဟုတ်မမှန် စကားနဲ့ စွပ်စွဲပြောဆိုမိပြီ။ ကျွန်တော် ဂရုဓမ္မ ငါးပါးသီလကို စောင့်ထိန်းသူတစ်ယောက်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အဲဒီအမှုကြောင့် ကျွန်တော်ရဲ့ ငါးပါးသီလသိက္ခာပုဒ်များထဲက မုသာဝါဒ သိက္ခာပုဒ် ကျိုးပျက်သွားပြီထင်တယ်လို့ သံသယဖြစ်မိတယ်။ အဲဒါကြောင့် သင်တို့အား ငါးပါးသီလကို ပေးခြင်းငှာ မစွမ်းနိုင်၊ မပေးရဲဘူး" ဟု ပြောဆိုလိုက်သည်။

ပုဏ္ဏားအမတ်တို့က "တံခါးမှူးရယ်! သင်က အဲဒီစကားကို အမှတ်တမဲ့ ပြောဆိုတဲ့စကား ဖြစ်ပါတယ်။ မုသာဝါဒ သိက္ခာပုဒ် မကျိုးပျက်ဘူး၊ ဒီမျှလောက်လေးနဲ့ သံသယဖြစ်နေသေးတယ် သိလျက်နဲ့ မုသားစကားကို မပြောရဲဘူးဆိုတာ ပေါ်လွင်ထင်ရှားပါတယ်"ဟု ပြောဆို၍ တံခါးမှူးဆီ၌လည်း ငါးပါးသီလကို မှတ်သား၍ ရွှေပြားပေါ်၌ ရေးသားကူးလိုက်ကြသည်။

## ပြည့်တန်ဆာမ၏ ငါးပါးသီလ

တံခါးမှူးသည် ပုဏ္ဏားအမတ်များတို့ကို သီလပေးပြီး ဖြစ်သော်လည်း သူ၏ ငါးပါးသီလ သူ သံသယနှင့် မကင်းသောကြောင့် ပုဏ္ဏားအမတ်များအား ပြောပြလိုက်သည် "ပုဏ္ဏား, အမတ်ကြီးတို့! ပြည့်တန်ဆာမကား ဂရုဓမ္မငါးပါးသီလ ကောင်းစွာစောင့်ရှောက်ပါတယ်၊ ပြည့်တန်ဆာမဆီ ချဉ်းကပ်ကြပြီး ဂရုဓမ္မငါးပါးသီလကို သွားတောင်းယူကြပါလော့" ဟု ပြောဆို လိုက်သည်။ ပြည့်တန်ဆာမဆီ၌ ချဉ်းကပ်ကြ၍ ဂရုဓမ္မသီလ ငါးပါးကို တောင်းယူကြသည်။ ပြည့်တန်ဆာမကလည်း သူ၏ ငါးပါးသီလကို သံသယ ဖြစ်မိကြောင်း ပြောပြလိုက်သည်မှာ-

"ပုဏ္ဏား, အမတ်ကြီးတို့! ကျွန်မဟာ တစ်နေ့သောအခါဝယ် နတ်တို့ရဲ့ အရှင်ဖြစ်တဲ့ သိကြားမင်းက ကျွန်မရဲ့ ငါးပါးသီလကို စုံစမ်းမယ်လို့ ကြံစည်၍ ယောကျ်ားလေးတစ်ယောက်အသွင်ဖန်ဆင်းပြီး လူ့ပြည်၌ ဆင်းသက်လာပါတယ်။ ကျွန်မဆီ ချဉ်းကပ်ပြီး ငါက မင်းဆီလာခဲ့မယ်ဟု ပြောပြီးတော့ အသပြာငွေ တစ်ထောင်ကို ပေးခဲ့ပြီး နတ်ပြည်သို့ ပြန်တက်သွားတယ်။ သုံးနှစ်တို့ပတ်လုံး ကျွန်မဆီမလာဘဲ ကျွန်မဒီတိုင်း နေနေရပါတယ်။ ကျွန်မက ကျွန်မရဲ့ သီလပျက်စီးသွားမှာ ကြောက်တဲ့အတွက်ကြောင့် သုံးနှစ်တို့ပတ်လုံး ဘယ်ယောကျ်ားတို့ရဲ့လက်မှ ကွမ်းယာတစ်ယာမျှကိုလည်း မယူစားပါ။

ကျွန်မဟာ အခြားယောက်ျားလေးများနဲ့ ကာမဂုဏ်ပျော်ပါးမှု မရှိတဲ့ အတွက်ကြောင့် ကျွန်မဟာ ဝင်ငွေ မရှိဘဲ ဆင်းရဲသွားပါတယ်။ ကျွန်မက ဒီလို ကြံစည်ပါတယ်။ "ငါ့ကို အသပြာငွေတစ်ထောင်ကို ပေးခဲ့ပြီး ထွက်သွားတဲ့ ယောက်ျားလေးဟာ သုံးနှစ်ပတ်လုံး ငါ့ဆီ မလာလို့ ယခုငါဆင်းရဲသား ဖြစ်သွားပြီ၊ ဘဝအနာဂတ်အတွက် အသက် မွေးမြူ သွားရန် မဖြစ်နိုင်တော့ဘူး။ ယခုအချိန်ကစပြီး အမတ် တရားသူကြီးတို့ကို တိုင်ကြားပြီး ရိက္ခာအဖိုးအခကိုယူမှ ဖြစ်တော့မယ် "လို့ ကြံစည်မိပါတယ်။

ကျွန်မက တရားရုံးချုပ်နေရာသို့သွား၍ "တရားသူကြီးရှင့်! ကျွန်မ ကို အသပြာတစ်ထောင်ပေးခဲ့ပြီး ထွက်သွားတဲ့ ယောက်ျားဟာ သုံးနှစ် တောင်ကြာခဲ့ပြီ။ ယခုထိ ကျွန်မဆီ မလာသေးဘူး၊ အဲဒီယောက်ျား သေလား ရှင်လား မသိဘူး။ ကျွန်မ ဒီအတိုင်း ဆက်စောင့်နေရင်တော့ ရှေ့ဆက် အသက်မွေးပြုဖို့ လုံးဝ မဖြစ်နိုင်တော့ဘူး၊ ကျွန်မ ဘာဆက်လုပ် ရမလဲရှင်?"။

တရားသူကြီးကလည်း "အေးကွာ ဒီနေ့ကစပြီး နင်လဲ တခြား ယောက်ျားလေးတွေကပေးတဲ့ မုန့်ဖိုးတွေကို နင်ယူလိုက်တော့"လို့ ကျွန်မ ကို တရားဆုံးဖြတ် စီရင်ပေးလိုက်ပါတယ်။

ကျွန်မက တရားရုံးမှ ထွက်လာတဲ့ အချိန်လေးမှာပဲ ယောက်ျား လေးတစ်ယောက်က အသပြာတစ်ထောင် ငွေအိတ်ကိုလူတစ်ယောက်လာ ပေးခိုင်းတယ် ကျွန်မက အသပြာအိတ်ကို ယူမယ်လို့ လက်မလှမ်းတဲ့ အချိန်မှာ သိကြားမင်းက မိမိကို ကိုယ်ထင်ပြလိုက်ပါတယ်။ ကျွန်မက လည်း သိကြားမင်းကိုမြင်လျှင် လွန်ခဲ့တဲ့ သုံးနှစ်တုန်းက အသပြာငွေ တစ်ထောင် ပေးသွားတဲ့ ယောက်ျားက ယခု ငါ့ဆီပြန်လာပြီ၊ အသပြာငွေ တစ်ထောင်ကို ယူမယ်လို့ လှမ်းတဲ့ ကျွန်မရဲ့ လက်ကို ပြန်ရုပ်သိမ်းလိုက် ပါတယ်။ သိကြားမင်းက မိမိပင်ကိုယ်မူလကို ပြန်ဖန်ဆင်းပြီး နေနတ်သား ကဲသို့ ခန္ဓာကိုယ် ထွန်းလင်း တောက်ပပြီး ကောင်းကင်ပေါ်မှာ ရပ်နေ ပါတယ်။ ကက္ကန္ဒပတ္တ မြို့သူမြို့သား အကုန်လုံး သိကြားမင်းကို ဝိုင်းဝန်း ကြည့်ရှု စုဝေးကြတယ်။

သိကြားမင်းက ဣန္ဒပတ္တ မြို့သူမြို့သားများတို့ရဲ့ အလယ်မှာ နေပြီး "ငါက ဒီပြည့်တန်ဆာမကို သူ့ရဲ့ ကိုယ်ကျင့်ငါးပါးသီလကို အထူး စုံစမ်းချင်လို့ ဟိုး . . လွန်ခဲ့တဲ့ သုံးနှစ်ခန့်တုန်းက သူ့ကို ငါအသပြာငွေ တစ်ထောင်ကို ပေးခဲ့ဖူးတယ်။ သီလကို စောင့်ထိန်းတဲ့ ပုဂ္ဂိုလ်ဆိုတာ ဒီလို မျိုး စောင့်ရှောက်ကြပါ" လို့ အဆုံးအမကို ပြောကြားပြီးတော့ ကျွန်မရဲ့ အိမ်ကို ရွှေ, ငွေ, ပုလဲ, ကြောင်မျက်ရွဲ, ပတ္တမြား, သန္တာ ရတနာခုနစ်ပါး များ စွန့်ပေးပြီးလျှင် တစ်ဖန် "ဒီနေ့ကစပြီး မမေ့မလျော့ မပေါ့ဆ ကိုယ့်ရဲ့ ကိုယ်ကျင့်သီလ မြဲအောင် စောင့်ထိန်းလေလော့"လို့ ကျွန်မကို ဆုံးမပြီး နတ်ပြည် သို့ ပြန်တက်သွားပါတယ်။ အဲဒါကြောင့် ကျွန်မဟာ အဖိုးအခ ငွေကြေးကို ယူပြီးတော့ ပြန်မပေးဆပ်လိုက်ရသေးခင်မှာ (အခငွေကြေး မကျေသေး ချိန်မှာ) အခြားယောကျ်ားလေးက လာပေးတဲ့ အသပြာငွေ အဖိုးအခယူဖို့ လက်ကို ကမ်းလှမ်းမိဖူးပြီ" ဟု ပြောပြလိုက်သည်။ ပုဏ္ဏား အမတ်များတို့ကလည်း "ညီမလေးရယ်! နင်က အသပြာငွေဖိုးယူရန် လက်ကမ်းလှမ်း ယူရန်ပဲ ရှိသေးတယ်။ ဒီမျှလောက်လေးနဲ့တော့ ငါးပါး သီလ မပျက်စီးပါဘူး။ သင့်ရဲ့ သီလက အထူးသဖြင့် စင်ကြယ် တဲ့သီလ ဖြစ်ပါတယ်"ဟု ပြောဆိုလိုက်သည်။

ပုဏ္ဏားအမတ်တို့သည် ပြည့်တန်ဆာမဆီ၌လည်း ဂရုဓမ္မ ငါးပါး သီလကို မှတ်သားပြီးသော် ရွှေပြားပေါ်၌ ရေးသား ကူးယူလိုက်သည်။ ပုဏ္ဏား အမတ်များတို့သည် တစ်ယောက်တစ်ယောက်သော သူတို့၏ စောင့်ရှောက် ထိန်းသိမ်းထားသော ဂရုဓမ္မ ငါးပါးသီလကို ရွှေပြား ပေါ်၌ ရေးသားပြီးသော် မိမိ၏ ဒန္တပုရမြို့သို့ ပြန်သွားပြီးလျှင် ကာလင် မင်းကြီးအား ရွှေပြားကို ပေးဆက်၍ ဒီဂရုဓမ္မ ငါးပါးသီလ ရဖို့အတွက် တွေ့ကြုံခဲ့ရသည့်အကြောင်းစုံကို မင်းကြီးအားပြန်လည် သံတော်ဦးတင်ပြ လိုက်သည်။

ကာလိင်မင်းကြီးသည် ဂရုဓမ္မငါးပါးသီလတို့ကို ကောင်းမွန်စွာ စောင့်ထိန်းတော်မူသည်။ ထို့နောက်ကာလိင်တိုင်း၌ တစ်တိုင်းလုံးတစ်ပြည် လုံး မိုးသည် ပုံမှန်ရွာချပါပေးသည်။ ကာလိင် တိုင်းသူ တိုင်းသားလည်း

သုံးပါးသော ဘေးတို့ ငြိမ်းပျောက်သွားကြလေသည်။ ဘုရားအလောင်း ခန္ဓဃကောရဗျမင်းကြီးသည် အသက်ရှင်သမျှကာလပတ်လုံး ငါးပါး သီလစသော ကုသိုလ်ကောင်းမှုများကို ကောင်းစွာ ကြိုးစားအားထုတ်၍ သေလွန်သွားသောအခါ ပရိသတ်များနှင့်တကွ နတ်ပြည်သို့ နတ်သား နတ်သမီး သွားဖြစ်ကြသည်။

ဤဝတ္ထုသာဓကသည် ဘယ်တိုင်းပြည် ဘယ်နိုင်ငံမဆို လူအချင်းချင်း ကိုယ်ချင်းစာနာစိတ်ထားပြီး သူ့အသက်ကိုလည်း မသတ်၊ သူ့ဥစ္စာကိုလည်း မခိုးယူ၊ သူ့သားမယားကိုလည်း မစော်ကား၊ သူများနဲ့ မှန်ကန်တဲ့စကားနဲ့သာ ပြောပြီး သေအရက် မူးယစ်ဆေးဝါး မသောက်စားဘဲနေရင် တကယ့်ကိုပဲ ငြိမ်းချမ်းတဲ့ဘဝ ပိုင်ဆိုင်ပြီး မျက်မှောက်ဘဝ တမလွန်ဘဝမှာ ချမ်းသာသုခ ရရှိကြ၍ တမလွန်ဘဝ နတ်ပြည်မှာ နတ်ဖြစ်ရသည့် သက်သေသာဓကပဲ ဖြစ်သည်။ ဘယ်တိုင်းပြည် ဘယ်နိုင်ငံမဆို လူအချင်းချင်း ကိုယ်ချင်းစာနာစိတ် မထားဘဲ ငါးပါးသီလ လူ့ကျင့်ဝတ်ကို ချိုးဖောက်မယ်ဆိုရင် ဆင်းရဲဒုက္ခ ကြုံခဲ့ ရတဲ့ သက်သေသာဓကပဲ ဖြစ်ပါသည်။

*ကျမ်းကိုး။*

*ဓမ္မပဒအဋ္ဌကထာ၊ ဘိက္ခုဝဂ် ဟသ်ာကိုသတ်သောရဟန်းတစ်ပါးဝတ္ထု။*

## မူးယစ်ဆေးဝါး၊ အရက် သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသည်

မူးယစ်စေတတ်သော သေရည်အရက်၊ ဘိန်းဘင်း၊ ဘီယာ၊ ထန်းရည် ကဇော်၊ လှော်စာ၊ ကုတ်ကင်း၊ ဆေးခြောက်၊ ဘိန်းဖြူ ဆေးပြား စသည့် မည်သည့်ပစ္စည်းကိုမဆို သောက်မှိုသုံးစွဲခြင်းသည် ကုသိုလ်ကောင်းမှု

တို့၌ မေ့လျော့ခြင်း၏ ပင်ရင်းအကြောင်းခံများ ဖြစ်သောကြောင့် သုရာမေရယကံ ထိုက်၏။ 'သုရာ' ဆိုသည်မှာ မီးနှင့် မချက်ရဘဲ မူးယစ်စေနိုင်သည့် စိမ်ရည်အမျိုးအစား ဖြစ်သည်။ 'မေရယ' ဆိုသည်မှာ မီးနှင့်ချက်လုပ်ရသော အရက်အမျိုးအစားဖြစ်သည်။ 'မဇ္ဇ' ဆိုသည်မှာ ဆေးခြောက်၊ ဘိန်းမဲ၊ ဘိန်းဖြူ ကုတ်ကင်း စသော မူးယစ်ဆေးဝါး အမျိုးမျိုးဖြစ်သည်။ ယင်းတို့ကို သောက်မျိုသုံးစွဲပါက ကုသိုလ်ကောင်းမှုတို့ကို မေ့လျော့စေခြင်းကြောင့် 'ပမာဒဋ္ဌာန'ဟု ခေါ်ရသည်။ မြတ်စွာဘုရားရှင်က "ရဟန်းတို့ အရက်ကို ကြိမ်ဖန်များစွာ သောက်သုံးသည်ရှိသော် တမလွန်ဘဝ၌ ငရဲ၌ ဖြစ်စေနိုင်၏။ တိရစ္ဆာန်မျိုး၌ ဖြစ်စေနိုင်၏။ ပြိတ္တာမျိုး၌ ဖြစ်စေနိုင်၏။ အရက်သောက်ခြင်းကြောင့် အပေ့ါဆုံး ရရှိသည့် အပြစ်သည် ဘဝတိုင်း ဘဝတိုင်း၌ အရူးအနှမ်းဖြစ်စေတတ်၏" ဟူ၍ ဟောတော်မူခဲ့သည်။ စီးပွားဥစ္စာ ကုန်ခန်း ပျက်စီးခြင်း၊ ခိုက်ရန် ဖြစ်ပွားခြင်း၊ ရောဂါအမျိုးမျိုး ဖြစ်ပွားတတ်ခြင်း၊ တွေဝေထုံထိုင်း မိန်းမောခြင်းတို့ကား မလွဲမသွေ ရင်ဆိုင်ရမည့် သာမန်ဆိုးကျိုးများဖြစ်သည်။ သေအရက်ဖြစ်ခြင်း၊ သောက်လိုစိတ်ရှိခြင်း၊ သောက်ဖြစ်အောင် လုံ့လပြုခြင်း၊ သောက်မျိုချခြင်း ဤအင်္ဂါလေးပါးနှင့် ညီလျှင် သုရာမေရယကံ မြောက်တော့သည်။

## အရက်သောက်စားခြင်းအပြစ် (၆) ပါး

ဥစ္စာယုတ်ခြင်း။ ငြင်းခုံများစွာ။ ရောဂါထူပြော။ ကျော်ဇော မဲ့တုံ။ မလုံအင်္ဂါ။ ပညာနည်းရှား ဤခြောက်ပါးကား သောက်ဆေးသေစာ အပြစ်တည်း။

ကျမ်းကိုး။ ဣတိဝုတ် အဋ္ဌကထာ။

# အရက်သောက်စားခြင်းမှရှောင်ကြဉ်သည့်သဗ္ဗမိတ္တမင်းကြီး (အရက်စတင်ဖြစ်ပေါ်လာပုံ)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့်အချိန်ဖြစ်သည်။ ကျောင်းဒါယိကာမကြီး ဝိသာခါသည် မြတ်စွာဘုရားကို ရိုသေလေးမြတ်စွာ ရှိခိုးပြီး၍ လျှောက်ထားလိုက်သည်။

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရား! မူးယစ်ဆေးဝါး သေရည်သေရက် သောက်စားခြင်းဟာ ဘယ်အချိန်မှစ၍ ဖြစ်ပေါ်လာတာလဲ ဘုရား?”။

မြတ်စွာဘုရားကလည်း ဝိသာခါအား သိစေလိုသောကြောင့် အရက်စတင် ဖြစ်လာပုံ၏အကြောင်း သမိုင်းအစကို ဟောကြားပေးတော်မူသည်။

ရှေးရှေးအခါတုန်းက ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းက တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသည့်အချိန် ဖြစ်သည်။ ကာသိတိုင်းသား ဖြစ်သော သူရာဟု ခေါ်သည့် မုဆိုးတစ်ယောက်သည် သမင်သားကောင်များရှာရန် ဟိမဝန္တာ တောထဲသို့ ဝင်သွားသည်။ ဟိမဝန္တာတောထဲ၌ သစ်ပင်တစ်ပင်သည် ခက်မသုံးခု ဖြာထွက်နေပြီး ခက်မသုံးခု၏ အလယ်မှာ အိုးကြီးပမာဏလောက် ကျင်းတစ်ကျင်း ရှိသည်။ အဲဒီကျင်းအတွင်းက မိုးရွာသည့်အခါကျရင် ရေတွေက ပြည့်လျှံက် ဘေးပတ်ဝန်းကျင် ရံ၍ ပေါက်နေသည့် သျှိသျှားပင်၊ သဖန်းခါးသီးပင်၊ ငရုတ်ချုပင်များမှ အသီးတို့သည် ကြွေကျ၍ အဲဒီကျင်းတွင်းထဲ၌ ကျကြသည်။

သစ်ပင်၏အနီးနားမှာ သယံဇာတ သလေးအိုင်မှ သလေးစပါးကို ကျေးငှက်အပေါင်းက ယူဆောင်လာပြီးလျှင် ထိုသစ်ပင်ကိုင်းပေါ်၌ နားနေ၍ စားကြသည်။ ကျေးငှက်တို့ စားပြီးသည့် သလေးစပါးများသည်

ထိုကျင်းထဲသို့ ကျကြသည်။ ယင်းတွင်းရေသည် နေပူအရှိန်ဖြင့်ကျက်ကာ နီသောအရောင်ဖြစ်လျက် သေအရက် စတင်ဖြစ်လာသည်။

နွေရာသီရောက်လာသောအခါ အိုင်ရေချောင်းများက ခြောက်ခန်းသွားကြ၍ ကျေးငှက်အပေါင်းတို့ လာကြ၍ ထိုကျင်းထဲက ရေကို သောက်ကြပြီးလျှင် မူးယစ်ကြသောကြောင့် ပျံဆင်း၍ သစ်ပင်၌ပြုတ်ကျကြသည်။ သူတို့ကျရာအရပ်တွင် လူးလဲမူး၍ အနည်းငယ် အိပ်ပြီးမှ ထ၍ မြည်တွန်ကြလျက် ပျံတက်ကြသည်။ မျောက် ရှဉ့် စသော တိရစ္ဆာန်တို့လည်း ဤနည်းအတိုင်းပဲ သောက်၍ ပျော်ရွှင်စွာသွားလာကြသည်။

သူရာ ဆိုသည့် တောမုဆိုးက ထိုသစ်ပင်နား ရောက်လာ၍ ကျေးငှက် မျောက် ရှဉ့် စသော တိရစ္ဆာန်များက ယင်းရေကို သောက်ကြပြီး မူးလဲသွားသည်ကိုမြင်တော့ ကြံလိုက်သည်မှာ-

"ဒီရေဟာ တကယ်လို့ အဆိပ်ဖြစ်တယ်ဆိုရင် ဒီရေကို သောက်တဲ့ တိရစ္ဆာန်တွေဟာ အကုန်သေရမယ်၊ သေကား မသေဘဲနဲ့ အနည်းငယ် အိပ်ပြီးမှ ပြန်ထကြပြီး မိမိ သွားချင်တဲ့နေရာသို့ သွားကြတယ်။ ဒီရေကား အဆိပ်ရေ မဟုတ်တာတော့ သေချာတယ်" ဟု နှလုံးသွင်း၍ အနည်းငယ် ခပ်ယူပြီး သောက်ကြည့်လိုက်သည်။ ထို့နောက် မူးယစ်လာကာ အမဲသားများကို စားချင်၍ မီမွှေးလျက် အိပ်စောင့်နေသည်။

မိမိအိပ်နေသည့် သစ်ပင်အောက်မှာ ပြုတ်ကျသည့် ကျေးငှက်၊ ခါ၊ ကြက် အစရှိသည်တို့ကို သတ်ပြီးမှ မီးကျီ၌ ဖုတ်ကင်ပြီးလျှင် လက်တစ်ဖက်ဖြင့် ကင်လျှက် လက်တစ်ဖက်ဖြင့် အသားကို စားလျက် နှစ်ရက်စလုံး သစ်ပင်အောက်၌ နေထိုင်ပြီး စားသောက်နေတော့သည်။ ယင်း သစ်ပင်မှ မနီးမဝေးသောအရပ်မှာ နေထိုင်သည့် ဝရုဏာဟု ခေါ်သည့် ရသေ့တစ်ဦးလည်းရှိသည်။ သူရာမုဆိုးသည် ဝရုဏာနှင့် ဆရာဒါယကာ သူငယ်ချင်းဖြစ်ကြသည်။ သူရာမုဆိုးက ကြံလိုက်သည်မှာ-

"ဒီအဖျော်ရည်ကို ရသေ့ဆီ ယူဆောင်သွားပြီး ရသေ့နဲ့အတူတူ သောက်ကြမယ်"ဟု ကြံစည်၍ ဝါးကျည်တောက်တစ်ခုထဲသို့ ပြည့်အောင်

ထည့်ပြီး အသားကင်နှင့်တကွ ယူဆောင်သွားသည်။ ရသေ့ဆီ ရောက်တော့ "အရှင်ဘုရား! ဒီဖျော်ရည်ကို သောက်တော်မူပါ"ဟု ဆို၍ နှစ်ယောက် အတူတူပင် သောက်စားကြသည်။

"သူရာ"မုဆိုးနှင့် "ဝရုဏ" ရသေ့တို့က မြင်အပ် ပြုအပ်သည်၏ အဖြစ်ကြောင့် ထိုအဖျော်ရည်၏ နာမည်ကို သူရာဝရုဏဟု ခေါ်သည်။

ငင်းနှစ်ယောက်တို့လည်း ဝါးကျည်တောက်ထဲ၌ ပြည့်အောင် ထည့်ပြီးလျှင် ထမ်းပိုးဖြင့် ထမ်းဆောင်၍ ပစ္စန္တရာဇ်မြို့သို့ သယ်ဆောင်သွားသည်။ ငင်းနှစ်ယောက်တို့သည် မင်းမှုထမ်းများကို "အမောင်တို့! မင်းကြီးအား အဖျော်ရည်လုပ်တတ်တဲ့သူ၊ ကျွန်တော်မျိုးတို့ပစ္စန္တရာဇ် မြို့သို့ ရောက်လာကြပြီဟု သံတော်ဦးတင်လော့" ဟု စေခိုင်းလိုက်သည်။ မင်းကြီးကလည်း သူရာမုဆိုးနှင့် ဝရုဏရသေ့တို့ကို ခေါ်ခိုင်း၍ အရက်ကို လာဆက်သစေသည်။ မင်းကြီးသည် နှစ်ကြိမ် သုံးကြိမ်လောက် သောက်ပြီးလျှင် မူးယစ်သွားသည်။ အရက်လည်း နှစ်ရက် သုံးရက်လောက်သာ သောက်သုံးရပြီး အရက်ကုန်သွားသည်။ ထိုနောက်မှ မင်းကြီးက "အဖျော်ရည်ရှိသေးလား"ဟု မိန့်တော်မူသည်။

ငင်းနှစ်ယောက်တို့က "အရှင်မင်းကြီး! အဖျော်ရည်ရှိသေးပါတယ်" ဟု သံတော်ဦးတင်လိုက်သည်။

"သင်တို့ရဲ့ အဖျော်ရည်က ဘယ်မှာလဲ?"။

"အရှင်မင်းကြီး! အဖျော်ရည် ဟိမဝန္တာတောထဲမှာရှိပါတယ်"ဟု သံတော်ဦးတင်လိုက်သည်။

" ဒါဆိုရင် သွားယူခဲ့ပါ"ဟု စေခိုင်းလိုက်သည်။

သူရာမုဆိုးနှင့် ရသေ့တို့သည် တစ်ကြိမ် နှစ်ကြိမ် သွားယူပြီးလျှင် "ထပ်ခါ ထပ်ခါ သွားမယူနိုင်တော့ဘူး"ဟု နှလုံးသွင်း၍ ငင်းသစ်ပင်၏ အခေါက် အစရှိသည်တို့ကို ယူ၍ အကုန်လုံးထည့်ပြီးမှ ပစ္စန္တရာဇ်မြို့၌ပင် သယ်ဆောင်လာ၍ သေရည်သေရက် ချက်ကြသည်။

ပစ္စန္တရာဇ် မြို့သူမြို့သားတို့သည်လည်း သေအရက်ကို သောက်စား၍ မူးယစ်ခြင်း မေ့လျော့ခြင်းသို့ ရောက်ကြ၍ လူများစွာ ဆင်းရဲသွားကြသည်။ တစ်မြို့လုံးသည် လူမရှိ ကင်းဆိတ်သကဲ့သို့ ဖြစ်သွားပါသည်။ အဖျော်ရည်ပြုလုပ်တတ်သည့် ရသေ့နှင့် မုဆိုးတို့သည် ပစ္စန္တရာဇ်မြို့မှ ထွက်ပြေး၍ ဗာရာဏသီပြည်သို့ ဝင်ပြီးလျှင် ဗြဟ္မဒတ်မင်းအား "အဖျော်ရည်သမား၊ ကျွန်တော်မျိုးတို့ ဗာရာဏသီပြည် ရောက်လာကြတယ်"ဟု ဗြဟ္မဒတ်မင်းအား သံတော်ဦးတင်စေသည်။ ဗြဟ္မဒတ်မင်းက မုဆိုးနှင့် ရသေ့တို့ကိုခေါ်၍ ပစ္စည်းရိက္ခာတို့ကို ပေးခိုင်းစေပြီးလျှင် သေအရက်တို့ကို ချက်ခိုင်းစေသည်။ ဗြဟ္မဒတ်မင်းကနေစ ဗာရာဏသီ မြို့သူမြို့သားများသည် သေအရက်ကို သောက်ရကား ဗာရာဏသီပြည်လည်း ပစ္စန္တရာဇ်မြို့နည်းတူပင် ပျက်သွားသည်။ သူရာမုဆိုးနှင့် ရသေ့နှစ်ယောက်တို့သည်လည်း ဗာရာဏသီမြို့မှ ထွက်ပြေး၍ သကေတပြည်သို့ ဝင်ပြီးလျှင် သာကေတပြည်လည်း ပျက်ပြန်သည်။ သာကေတပြည်မှ ထွက်ပြေးခဲ့၍ သာဝတ္ထိပြည်သို့ ရောက်လာကြသည်။ ယင်းအချိန်ဝယ် သာဝတ္ထိပြည်မှာ သဗ္ဗမိတ္တဟု ခေါ်သည့် ရှင်ဘုရင်က မင်းလုပ် အုပ်ချုပ်နေသည်။ သဗ္ဗမိတ္တ ရှင်ဘုရင်လည်း သူရာမုဆိုးနှင့် ရသေ့တို့ နှစ်ယောက်ကို ချီးမြှောက်ထောက်ပံ့၍ မိန့်တော်မူလိုက်သည်မှာ-

"ခင်ဗျားတို့နှစ်ယောက်က ဘာပစ္စည်းဥစ္စာကို အလိုရှိတာလဲ?။

"အရှင်မင်းကြီး! အဖျော်ရည်လုပ်ဖို့အတွက် ပစ္စည်းရိက္ခာ ဖြစ်တဲ့ သျှိသျှားသီး၊ သဖန်သီး စတဲ့ သစ်သီးရယ်, သလေးဆန်မုန့်တို့ရယ်, အဖျော်ရည်ချက်ဖို့အတွက် အိုးကြီး ငါးရာတို့ရယ် လိုအပ်ပါတယ်" ဟု သံတော်ဦးတင်လိုက်သည်။

သဗ္ဗမိတ္တ ရှင်ဘုရင်ကလည်း သူတို့ လိုအပ်သည့် ပစ္စည်းဥစ္စာများကို အကုန်လုံး ထုတ်ပေးလိုက်သည်။ သုရာမုဆိုးနှင့် ရသေ့ နှစ်ယောက်တို့သည် အိုးကြီးငါးရာထဲသို့ သေအရက်ကို ထည့်ပြီးလျှင် သူတို့ အရက်အိုးများကို ကြွက်များက မသောက်ရအောင် ကြောင်အကောင် ငါးရာ

လိုက်ရှာပြီး အရက်အိုးတစ်လုံးကို ကြောင်တစ်ကောင်စီ ဖွဲ့ချည်ထားသည်။ ကြောင်တို့သည် အရက်ကျက်၍ အရက်အိုးတို့မှ ယိုစီးကျလာသည့် အရက်များကို သောက်ကြလျှက် မူးယစ်ကြ၍ အိပ်ပျော်သွားကြသည်။ ကြွက်တို့သည် ကြောင်တို့၏ နှာခေါင်း ပါးစပ်များကို လာပြီး လျက်စားကြသည်။

မင်းမှုထမ်းတို့သည် အရက်အိုးတို့ကို လာကြည့်သည့်အခါ ကြောင်များကို တွေ့မြင်သွား၍ "ဒီကြောင် ဒီကြွက်များတို့ဟာ အရက် သောက်၍ သေသွားကြပြီဟု မှတ်ထင်ကြသဖြင့် သဗ္ဗမိတ္တမင်းကြီးအား ဤအကြောင်းကို သံတော်ဦးတင်လိုက်သည်။

သဗ္ဗမိတ္တကြီးလည်း "ဒီလူနှစ်ယောက်ဟာ အဆိပ်ရေကို ကျိုချက်နေတာ ဖြစ်လိမ့်မယ်"ဟု နှလုံးသွင်းပြီး သူရာမှဆိုးနှင့် ရသေ့တို့ကို သတ်ပြစ်လိုက်ပါ"ဟု အမိန့်ချလိုက်သည်။ သူရာမုဆိုးနှင့် ဂရုဏာရသေ့တို့သည်လည်း မသေခင်လေးမှာ "အရှင်မင်းကြီး ဒီရေဟာ အရက်ရေပါ၊ ဒီအရက်က တော်တော်လေး ချိုမြိန်တယ်"ဟု အော်ဟစ်မြည်တမ်း၍ သေသွားကြသည်။

သဗ္ဗမိတ္တ ရှင်ဘုရင်လည်း မုဆိုးနှင့် ရသေ့နှစ်ယောက်ကို သတ်စေပြီးလျှင် သူတို့ကျိုချက်ထားသည့် အိုးကို ခွဲပစ်လိုက်ပါဟု စေခိုင်းလိုက်သည်။ ကြောင်များတို့လည်း အရက်ပျယ်သွားပြီး ပြန်ထ၍ ခုန်ဆွခုန်ဆွ ကစားကြသည်။ မင်းမှုထမ်းတို့သည်လည်း ကြောင်တို့အား တွေ့မြင်၍ သဗ္ဗမိတ္တမင်းကြီးအား ပြန်လည် သံတော်ဦးတင်လိုက်သည်။ သဗ္ဗမိတ္တမင်းကြီးကလည်း "တကယ်လို့ ဒီရေက အဆိပ်ရေဖြစ်တယ် ဆိုလျှင် ဒီကြောင်တို့ဟာ သေသွားကြပြီ၊ စင်စစ်ဇကန် အမှန်တော့ သူတို့ နှစ်ယောက် ပြောတဲ့အတိုင်း တော်တော်လေး ချိုလောက်တယ်၊ ငါလည်း သောက်ကြည့်လိုက်အုံးမယ်"ဟု မင်းရင်ပြင်၌ မဏ္ဍပ်ဆောက်လုပ်စေ၍ မဏ္ဍပ်ထဲ၌ ပလ္လင်ပေါ်မှာ ထိုင်ပြီးလျှင် အမတ်အပေါင်း ခြံရံလျှက် အရက်ကို သောက်ဖို့အတွက် ခမ်းခမ်းနားနား ပြင်ဆင်နေကြသည်။

ယင်းအချိန်ဝယ် သိကြားမင်းက "ဘယ်သူတွေက မကောင်းမှု အကုသိုလ် ဒုစရိုက် ပြုလုပ်တာလဲ၊ ဘယ်သူတွေက ကုသိုလ်ကောင်းမှု သုစရိုက် တရားကို ကြိုးစားအားထုတ်ပြုလုပ်နေကြတာလဲ"ဟု လူ့ပြည်ကို လှမ်းကြည့် လိုက်တော့ အရက်သောက်ဖို့အတွက် ပြင်ဆင်နေသည့် သဗ္ဗမိတ္တမင်းကြီးကို တွေ့မြင်လျှင် "ဪ တကယ်လို့ ဒီအရှင်မင်းကြီး အရက်သောက်စား လိုက်မယ်ဆိုလျှင် ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်းလုံး ပျက်ဆီးလိမ့်မယ် တိုင်းပြည် ငြိမ်းချမ်းဖို့အတွက် သူ အရက်မသောက် ဖြစ်အောင် ငါလုပ်လိုက်အုံးမှာပဲ" ဟု နှလုံးသွင်းပြီး အရက်အိုးကို ကိုင်ဆောင်ထားသည့် ပုဏ္ဏားတစ်ယောက် အသွင်ဖန်ဆင်းပြီး သဗ္ဗမိတ္တမင်း၏ ရှေ့မှောက် ကောင်းကင်ပေါ်၌ လာရပ်နေလျက် "ဒီအိုးကို ဝယ်ပါ၊ ဒီအိုးကို ဝယ်ပါ"ဟု ပြောဆိုလိုက်သည်။

သဗ္ဗမိတ္တမင်းက ကောင်းကင်၌ရပ်နေသည့် ပုဏ္ဏားကိုမြင်သော်

"အရှင်ပုဏ္ဏား! အဘယ်အရပ်မှ ကြွလာတာလဲ?။

"အရှင်မင်းကြီး! ဒီအိုးကိုဝယ်ပါ"ဟု ပြောဆိုပြန်သည်။

"အရှင်ပုဏ္ဏား! အဲဒီအိုးကား ဘာအိုးလဲ?။

"အရှင်မင်းကြီး! ဒီအရက်ရဲ့ အပြစ်များအကြောင်း နားထောင်တော်မူပါ၊ ဒီအိုးကား ထောပတ်၊ ဆီခိုး၊ ပျား၊ တင်လဲအိုး မဟုတ်ဘူး။ မည်သူမဆို အရက်သောက်ရင် အဲဒီ အရက်သောက်တဲ့ သူဟာ အဆိပ်ရေ သောက်ရာ ရောက်တယ်၊ အရက်သောက်တဲ့သူဟာ ကမ်းပါးချောက်သို့ ဦးခေါင်း စောက်ထိုးကျတယ်။ အရက်သောက်သည့် သူဟာ အဝတ်မစည်း ကိုယ်ချည်းဗလာ လှည့်လည်သွားပါတယ်။ အရက်သောက်တဲ့သူဟာ စည်းစိမ်ဥစ္စာ ဆုံးရှုံးတတ်တယ်။ အရက်သောက်တဲ့သူဟာ ဒုစရိုက်တို့ကိုလည်း ပြုလုပ်တယ်။ အရက်သောက်တဲ့သူဟာ အရှက်အကြောက် မရှိတော့ဘူး။ အရက်သောက်တဲ့ အသုရာနတ်တို့ဟာ တာဝတိံသာ နတ်ပြည်မှ လျှောကျကြတယ်။ ဒီအိုးဟာ အရက်အိုးဖြစ်ပါတယ် အရှင်

မင်းကြီး။ အရက်ရဲ့ အပြစ်များ၊ ဆိုးကျိုးများမှာ ဒါတောင် မကုန်နိုင်သေး ကြောင်း သဗ္ဗမိတ္တမင်းအား ပုဏ္ဏားအသွင် ဖန်ဆင်းထားသည့် သိကြားမင်း က ပြောပြလိုက်သည်။

သဗ္ဗမိတ္တမင်းသည် "ဒီပုဏ္ဏားဟာ အရက်ရဲ့ ဆိုးကျိုးများကို သိပြီး ငါ့ကိုပြောပြတယ်"ဟု နှလုံးသွင်း၍ ပုဏ္ဏားအား ချီးမွမ်းစကား ပြောကြား လိုက်သည်မှာ-

"အရှင်ပုဏ္ဏား! သင်ဟာ ငါရဲ့မိဘ, ငါရဲ့ဆွေမျိုး, ငါရဲ့ချစ်ကျွမ်း ဝင်သူလည်း မဟုတ်ပဲနဲ့ ငါ့ကို သနားဂရုဏာ စေတနာစိတ်ထားပြီး ငါ့ရဲ့ ကောင်းကျိုးတရားများကို လိုလားတယ်၊ ငါဆုံးရှုံးပျက်ဆီးတာကို မလိုလားဘူး။ ငါဟာ သင့်ရဲ့စကားကို လိုက်နာပြီး သင့်ကို ဆရာ ရာထူး ခန့်ထားမယ်၊ ဆရာပုဏ္ဏားအား တစ်နှစ်လျှင် အခွန်တစ်သိန်းထွက်တဲ့ ရွာပေါင်း ငါးရွာ, အလုပ်သမား မိန်းမ အယောက်တစ်ရာ, အလုပ်သမား ယောကျ်ား အယောက်တစ်ရာ စုစုပေါင်း အလုပ်သမားအယောက် နှစ်ရာ, နွားခုနစ်ရာ, အာဇာနည်းမြင်းလှည်း ဆယ်စီး ဆရာအား ပူဇော်မယ်၊ သင်က ကျွန်တော်ရဲ့ဆရာ လုပ်ပါ"ဟု ပြောလိုက်သည်။

ပုဏ္ဏားက သဗ္ဗမိတ္တမင်းကြီး၏စကားကို ကြားသည်နှင့် တစ်ပြိုင် နက် ပုဏ္ဏား၏ ကိုယ်အသွင်ကို ဖယ်ရှား၍ သိကြားမင်း၏ အသွင်ကိုပြပြီး သော် မိမိကိုယ်ကို သိစေလျှက် ကောင်းကင်၌ရပ်၍ "ယခု သင်မင်းကြီးက ငါ့ကိုပေးတဲ့ ပစ္စည်းဥစ္စာတွေကို သင်မင်းကြီးအား ပြန်ပေးပါ့မယ်။ ငါ မယူတော့ဘူး၊ ငါကား ပုဏ္ဏားမဟုတ်ဘူး သိကြားမင်းပါ၊ အရှင်မင်းကြီး! အရှင်မင်းကြီးဆီမှာရှိတဲ့ အာဟာရ ခဲဖွယ်ဘောဇဉ်ကို သာစားပါ၊ အရက် မသောက်ပါနဲ့။

အရက်သောက်စားခြင်းစတဲ့ ဒုစရိုက်တရားများကို ရှောင်ကြဉ် ၍ သုစရိုက်တရားများကို ကြိုးစားအားထုတ်ပြုလုပ်ကာ နတ်ပြည်သို့ ချဉ်းကပ်ပါလော့ဟု သဗ္ဗမိတ္တမင်းကိုအဆုံးအမသြဝါဒပေး၍ မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားသည်။ သဗ္ဗမိတ္တမင်းကြီးသည်

သီလတို့ကိုစောင့်ထိန်း၍ အလှူပေးလျက် သေလွန်သောအခါ နတ်ပြည်သို့ နတ်သားကြီးသွားဖြစ်ရသည်။

ဤဝတ္ထုသာဓကသည် အရက်သောက်စားခြင်း စသော ဒုစရိုက်တရားများကို ရှောင်ကြဉ်၍ နတ်ပြည်သို့ နတ်ဖြစ်ရခြင်း အကြောင်းသာဓကတည်း။

ကျမ်းကိုး။
ငါးရာငါးဆယ်ဇာတ်တော်။ ဂုမ္ဘဇာတ်။

●●●●●●●

## ငါးပါးသီလသုစရိုက်တရားကြောင့် အသက်ရှည်ကြသည့်မျိုးနွယ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေထိုင်တော်မူစဉ် အရှင်နန္ဒမထေရ်ကို အကြောင်းပြု၍ ဤ မဟာဓမ္မပါလ ဇာတ်တော်ကို ဟောကြားတော်မူခဲ့သည်။

ရှေးအခါက ဗာရဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး တိုင်းပြည်မင်းလုပ် အုပ်ချုပ်နေသည့်အချိန် ဖြစ်သည်။

ကာသိတိုင်းမှာ "ဓမ္မပါလ" ဟုခေါ်သည့် ရွာတစ်ရွာ ရှိခဲ့သည်။ ဓမ္မပါလမျိုးတို့ နေထိုင်ကြရာဖြစ်တဲ့အတွက် ယင်းရွာကို "ဓမ္မပါလရွာ"ဟု ခေါ်ကြသည်။ ကုသလကမ္မတရား ၁၀-ပါးကို ပြုကျင့်သည့် "ဓမ္မပါလ"ဟု ထင်ရှားကျော်ကြား နာမည်ကြီးသည့် ပုဏ္ဏားတစ်ယောက်သည် ယင်းရွာမှာ နေထိုင်သည်။ ယင်းပုဏ္ဏား၏ အမျိုးအနွယ်မှာ အိမ်ဖော်အလုပ်

သမားကနေစ ကုသလကမ္မပထတရား ၁၀-ပါးကို ပြုကျင့်ကြသည်။ အလှူဒါန ပြုလုပ်ကြသည်။ ဥပုသ်သီလလည်း စောင့်သုံးကြသည်။ ဓမ္မပါလ မျိုးနွယ်များနှင့် ရွာသူရွာသား ကုသလကမ္မပထတရား ၁၀-ပါး ပြုကျင့်ကြသည်။ ထိုအချိန်မှာ တို့ ဗုဒ္ဓဂေါတမ ဘုရားလောင်းတော်က ဓမ္မပါလ မျိုးမှာ လာဖြစ်သည်။ ဓမ္မပါလ ရွာသူ၊ ရွာသားတို့သည် ဘုရားလောင်း၏ အမည်ကို "ဓမ္မပါလလေး" ဟု ခေါ်ဆို ပြောကြသည်။ မဟာဓမ္မပါလ ပုဏ္ဏားကြီးက ပညာသင်ချိန်ရောက်လာသည့် ဓမ္မပါလ သားလေးကို ငွေတစ်ထောင် ပေးပြီး တက္ကသိုလ်ပြည်သို့ ပညာတော်သင် လွှတ်လိုက်သည်။

ဓမ္မပါလသည် တက္ကသိုလ်မြို့သို့ သွားပြီး ဒိသာပါမောက္ခ ဆရာဆီမှာ ပညာသင်ယူသည်။

ယင်းအချိန်ဝယ် ဒိသာပါမောက္ခဆရာ၏ သားက သေဆုံးသွားသည်။ ဆရာက နောက်လိုက်နောက်ပါ တပည့်ကျောင်းသား၊ ဆွေမျိုးများတို့နှင့်အတူ သုသာန်မှာ မီးသင်္ဂြိုလ်မှုကိစ္စကို ပြုလုပ်ကြသည်။ ယင်းအချိန်မှာ ဆရာရော၊ ဆွေးမျိုးအုပ်စုရော တပည့်ကျောင်းသားတို့ရော ငိုကြွေး မြည်တမ်းနေကြသည်။ ဓမ္မပါလလေး တစ်ယောက်တည်းသာ မငိုကြွေး မမြည်တမ်း။

ယင်းနောက် ဒိသာပါမောက္ခဆရာကြီး၏ တပည့် ကျောင်းသားများ ငါးရာတို့က သုသာန်သချိုင်းမှ ပြန်လာပြီးသည့်နောက် ဆရာကြီးနှင့် မနီးမဝေးသော နေရာ တစ်နေရာမှာ ထိုင်ကြပြီး ပြောကြ ဆိုကြသည်မှာ-

"ဪ၊ တို့ဆရာကြီးရဲ့သား သေသွားတာဟာ၊ သိပ်သံဝေဂရစရာ ကောင်းတာပဲ၊ ဒီလို အကျင့်နဲ့ ပြည်စုံတဲ့ နုပျိုတဲ့ ကျောင်းသားလေးတောင်မှ နုပျိုတဲ့အချိန်မှာပဲ အဖေ အမေ တွေကို ခွဲခွာပြီး သေဆုံးသွားတယ်"ဟု စကားပြောဆိုကြသည်။ ထိုစကားပြောဆိုနေစဉ် ဓမ္မပါလလေးက ဝင်ရောက်ပြောဆိုသည်။

"သူငယ်ချင်းတို့! ခင်ဗျားတို့ တစ်တွေက 'နုပျိုတယ်'လို့လည်း ပြောသေးတယ်၊ 'သေဆုံးသွားရတယ်' လို့လည်း ပြောသေးတယ်၊ ဒါဟာ ဟုတ်နိုင် ပါ့မလား၊ နုပျိုတဲ့အချိန်မှာ သေတာဟာ သင့်တော်ပါ့မလား?"။

ဓမ္မပါလလေး၏ ပြောစကားကို ကြားရသည့်အခါ ကျောင်းသား များက ဓမ္မပါလလေးကို ဝိုင်းဝန်းပြာဆိုကြသည်။

"သူငယ်ချင်း ဓမ္မပါလ! ဒီသတ္တဝါတွေရဲ့ သေခြင်း ဆိုတဲ့ သင်္ခါရ သဘောတရားကို ခင်ဗျား နားမလည်ဘူးလား?"။

"သူငယ်ချင်းတို့ရယ်! ငါ နားလည်ပါတယ်၊ ဒါပေမဲ့ သတ္တဝါဟာ နုပျိုတဲ့ အချိန်မှာ မသေကြပါဘူး၊ အသက်ကြီးလာတဲ့အခါမှ သေကြတာ ပါ"။

"သူငယ်ချင်းဓမ္မပါလ! ဖြစ်ပြီးတဲ့နောက် ချုပ်ပျောက်ခြင်း သဘော ရှိတဲ့ သင်္ခါရတရားတွေဟာ အနိစ္စ မမြဲဘူး မဟုတ်လား?"။

"သူငယ်ချင်းတို့! မမြဲဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမဲ့ ငယ်ရွယ်တဲ့ အချိန်မှာ သတ္တဝါဟာ မသေကြပါဘူး၊ အသက်အရွယ် ကြီးလာတဲ့ အချိန် မှာ သေကြရပါတယ်။ မမြဲတဲ့ သဘောကို ရောက်ကြရပါတယ်"။

"သူငယ်ချင်းဓမ္မပါလ! ခင်ဗျားတို့အိမ်မှာ ဘယ်သူမှ မသေကြဘူး လား?"။

"သူငယ်ချင်းတို့! သေတော့ သေတယ်၊ ဒါပေမဲ့ ငယ်ရွယ်တဲ့ အချိန် မှာ ဘယ်သူမှ မသေကြပါဘူး၊ ကြီးရင့်လာတဲ့ အချိန်ကြမှ သေကြရပါ တယ်"။

"သူငယ်ချင်းဓမ္မပါလ! အသက်ကြီးမှ သေကြတာဟာ ခင်ဗျားတို့ အမျိုးရဲ့ ထုံးတမ်းစဉ်လာပဲလား?"။

"ဟုတ်တယ် သူငယ်ချင်းတို့! ကျွန်တော်တို့ မျိုးရိုး ထုံးတမ်းစဉ်လာ ပါပဲ"။

ဒီသာပါမောက္ခဆရာကြီး၏ တပည့် ကျောင်းသားလေးတို့သည် ဓမ္မပါလလေး ပြောသမျှ စကားကို ဆရာ့ဆီ သွားပြောပြကြလေသည်။ ယင်းအချိန်ဝယ် ပါမောက္ခဆရာကြီးက ဓမ္မပါလလေးကိုခေါ်ပြီး စစ်ကြည့်လိုက်သည်မှာ-

"ဟဲ့ တပည့်ဓမ္မပါလ! မင်းတို့ရဲ့မျိုးမှာ ငယ်ရွယ်တဲ့အချိန်မှာ မသေကြဘူးဆိုတာ အမှန်ပဲလား?"။

"မှန်ပါတယ်ဆရာ"။

ဒီသာပါမောက္ခဆရာသည် ဓမ္မပါလ၏ စကားကို ကြားရသည့်အခါ အံ့သြတုန်လှုပ်သွား၍ ကြံလိုက်သည်မှာ-

"ဒီကလေးဟာ အင်မတန် အံ့သြစရာကောင်းတဲ့ စကားကို ပြောနေတယ်၊ သူ့အဖေဆီ သွားမေးပြီး တကယ်မှန်လို့ရှိရင် ငါလဲပဲ အဲဒီတရားကို ဖြည့်ကျင့်ရပေလိမ့်မယ်"ဟု ကြံလိုက်သည်။ သေဆုံးသွားသည့်သားကို လုပ်သင့်လုပ်ထိုက်သည့် ကိစ္စတို့ကိုပြုလုပ်ပြီး ၇-ရက် ၈-ရက်လောက် ကြာလာသည့်အခါ ဓမ္မပါလလေးကို အခေါ်ခိုင်း၍ မှာထားလိုက်သည်မှာ-

"တပည့်ရေ ! ဆရာ ခရီးသွားစရာကိစ္စရှိနေတယ်၊ ခပ်မြန်မြန်ပဲ ပြန်လာပါ့မယ်၊ ဆရာ ပြန်လာတဲ့အထိ ဒီတပည့် ကျောင်းသားလေးတွေကို မင်း အတတ်ပညာပို့ချ သင်ကြားပေးစမ်းပါ" ဟု ပြောဆိုလိုက်သည်။

ဒီလို ပြောဆိုမှာထားခဲ့ပြီး သိုးတစ်ကောင်၏ အရိုးကို ရအောင်ရှာ၍ ဆေးကြောပွတ်တိုက်ပြီး လွယ်အိတ်တစ်လုံးထဲမှာ သေချာစွာထည့်၍ တပည့်လေးတစ်ယောက်ကိုခေါ်ပြီး တက္ကသိုလ်မြို့မှထွက်လာခဲ့သည်။ သွားရင်းလာရင်းနဲ့ ဓမ္မပါလရွာသို့ ရောက်သွားသည်။ မေးမြန်းစုံစမ်းပြီး မဟာဓမ္မပါလ၏ အိမ်တံခါးနားမှာသွားရပ်နေသည်။

မဟာဓမ္မပါလ၏ အလုပ်သမားများသည် မြင်တယ်ဆိုရင်ပဲ အချို့က ဆရာ့လက်က ထီးကို ယူသည်။ အချို့က နောက်ပါ အလုပ်အကျွေး

ကလေးဆီက လွှယ်အိတ်ကို ယူသည်။ ဒိသာပါမောက္ခဆရာက ပြောကြားလိုက်သည်မှာ-

"ကလေးတို့! 'ဓမ္မပါလရဲ့ဆရာ တံခါးနားမှာ ရပ်နေတယ်' လို့ ကလေးရဲ့အဖေကို ပြောလိုက်စမ်းပါ"။

ဒိသာပါမောက္ခဆရာ စေခိုင်းလိုက်သည့်အတိုင်း အလုပ်သမားများသည် မဟာဓမ္မပါလကြီးကို သွားပြောကြသည်၊ မဟာဓမ္မပါလကြီးက သုတ်သီးသုတ်ပျာနဲ့ တံခါးနားကို ရောက်လာသည်။ "ဒီကိုကြွပါ ဆရာရယ်" ဆိုပြီး အိမ်အပေါ်ထပ်သို့ ခေါ်ဆောင်သွားသည်။ ခုတင် တစ်လုံးပေါ်မှာ ထိုင်ခိုင်းပြီး ခြေဆေးကြောမှု စတဲ့ ကိစ္စအကုန်လုံးကို လုပ်ကိုင်ပေးသည်။ ဒိသာပါမောက္ခ ဆရာကြီးက မဟာဓမ္မပါလ ပုဏ္ဏားကြီးကို ပြောကြားလိုက်သည်။

"မိတ်ဆွေ! ခင်ဗျားရဲ့သားဖြစ်တဲ့ ဓမ္မပါလကလေးဟာ ပညာရှိသူ ဖြစ်ပါတယ်။ ဗေဒင် (၃) ပုံကိုလည်း တတ်ကျွမ်းပါတယ်။ အဋ္ဌာရသ ၁၈-ရပ် အတတ်တွေကိုလဲ ဆုံးခန်းတိုင်ရောက် တတ်မြောက်ပါတယ်။ အမှန်ကတော့ နှမြောစရာပါပဲ၊ ရောဂါတစ်ခု ဖိစီးနှိပ်စက်တာနဲ့ အသက်ကုန်ဆုံးခြင်းသို့ ရောက်ရပါတယ်။ သင်္ခါရတရားဟာ မြဲတယ်လို့ မရှိပါဘူး။ သိပ်စိုးရိမ်ပူပန်ပြီး မနေပါနဲ့" ဟု ပြောလိုက်သည်။

ဓမ္မပါကလေး သေသွားပြီဟု ပြောလိုက်သည့် ဆရာ၏စကားကို ကြားရသည့်အခါ မဟာဓမ္မပါလက လက်ခုပ်လက်ဝါးတီးပြီး တအားရယ်နေပါတော့သည်။ ဒီတော့ ဆရာက ရယ်ရခြင်း၏ အကြောင်းကို မဟာဓမ္မပါလ ပုဏ္ဏားကြီးအား မေးလိုက်သည်။

"မိတ်ဆွေ! 'သားကလေး သေတယ်' ဆိုတာကို ကြားရတာနဲ့ ခင်ဗျားက ဘာ့ကြောင့် ရယ်ရပါသလဲ?"။

"ကျွန်တော့သားကတော့ မသေနိုင်ပါဘူး ဆရာရယ်! အခြား တစ်ဦးဦးရဲ့သား သေတာ ဖြစ်လိမ့်မယ်"။

"မိတ်ဆွေ! သေတာ ခင်ဗျာသားမှ ခင်ဗျားသားအစစ်ပဲ၊ သူရဲ့ အရိုးတွေကိုတောင် ယူလာသေးတယ်၊ မယုံမရှိပါနဲ့"။

ဤသို့ပြောပြ၍၊ "အဲဒါတွေဟာ ခင်ဗျားသားရဲ့ အရိုးတွေပါပဲ" ဟု အရိုးတွေကို ထုတ်ပြသည်။ "ဆရာရယ်! ဒါတွေဟာ သိုးရဲ့အရိုး ဖြစ်ချင်ဖြစ်မယ်၊ ခွေးရဲ့အရိုး ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော့်သားကတော့ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး၊ အမှန်တိုင်း ပြောရမယ်ဆိုရင် ကျွန်တော်တို့ရဲ့အမျိုးမှာ ဆွေ ၇-ဆက် မျိုး ၇-ဆက်ကစပြီး 'နုပျိုငယ်ရွယ်တဲ့ အချိန်မှာ သေသွားတဲ့လူရယ်လို့ ဘယ်သူမှ မရှိဘူး၊ ဆရာဟာ အလကား မုသားပြောနေတာပဲ၊ ကျွန်တော်တို့ ဆရာ့စကား မယုံပါဘူး"

ယင်းအချိန်မှာ အိမ်မှာရှိနေသည့် လူအကုန်လုံးပဲ လက်ခုပ်လက်ဝါး တီးပြီး တအား ရယ်နေကြပါတော့သည်။ ဒိသာပါမောက္ခက ဒီလို အံ့သြစရာကို တွေ့ရသည့်အခါ အင်မတန် ဝမ်းသာသွားသည်။ နုပျို ငယ်ရွယ်သူများ မသေရခြင်း၏ အကြောင်းကိုလည်း မေးမြန်း စုံစမ်းလိုက်သည်။

"မိတ်ဆွေ! မိတ်ဆွေတို့တတွေဟာ ဘယ်လို အကျင့်မျိုးတွေကို ဆောက်တည်ထားကြပါသလဲ၊ ဘယ်လိုမြတ်တဲ့ အကျင့်မျိုးကို ကျင့်သုံးကြပါသလဲ၊ မိတ်ဆွေတို့ရဲ့အမျိုးမှာ ဒီလို အသက်ရှည်ရခြင်းဆိုတဲ့ အကျိုးဟာ ကောင်းစွာ ပြုကျင့်ကြတဲ့ ဘယ်လိုအကျင့်ရဲ့ အကျိုးပါလဲ၊ ဒီအသက်ရှည်ကြောင်းအကျင့်ကို အကျွန်ုပ်အား ပြောကြစမ်းပါ၊ ဘာကြောင့် ခင်ဗျားတို့ရဲ့ နုပျိုငယ်ရွယ်တဲ့သူတွေ မသေကြတာလဲ?"။

ဤစကားကိုကြားရတဲ့အခါ မဟာဓမ္မပါလပုဏ္ဏားကြီးက သူတို့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေရခြင်းအကြောင်းကို အင်မတန် အစွမ်းထက်မြက်တဲ့ တရားတွေကို ပြောပြသည်။

"ဆရာရေ! ကျွန်တော်တို့တစ်တွေဟာ ကုသလ ကမ္မပထ တရား ၁၀-ပါး ကိုလည်း ကျင့်ကြပါတယ်၊ မုသားလည်း မပြောကြပါ၊ မကောင်းမှုကိုလည်း ရှောင်ကြဉ်ကြပါတယ်၊ သူတော်ကောင်းတွေ ကဲ့ရဲ့စရာဖြစ်တဲ့ မကောင်းတဲ့ အလုပ်မှန်သမျှကို ရှောင်ကြဉ်ကြပါတယ်။ ဒါ့ကြောင့်

ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်တဲ့သူတွေ မသေကြတာပါ။ ကျွန်တော်တို့ဟာ သူတော်ကောင်း မဟုတ်သူတွေရဲ့ တရားကိုလည်း နာကြားကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုလည်း နာကြားပါတယ်။ ဒါပေမဲ့ သူတော်ကောင်း မဟုတ်သူတွေရဲ့ တရားကိုတော့ မနှစ်သက်ကြပါ၊ စွန့်ပယ်ကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုတော့ မစွန့်ပယ်ကြပါဘူး၊ လိုက်နာ ကျင့်သုံးကြပါတယ်။ ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်တဲ့သူတွေ မသေကြတာပါ။

ကျွန်တော်တို့ဟာ အလှူဒါနကို မပေးလှူခင်မှာလည်း ဝမ်းမြောက်ကြပါတယ်၊ လှူနေတုန်းမှာလည်း ဝမ်းမြောက်ကြပါတယ်၊ လှူပြီးတဲ့နောက်မှာလည်း ပူပန်မှု မရှိပါ၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ အမျိုးမှာ ငယ်ရွယ်သူတွေ မသေကြတာပါ။ ကျွန်တော်တို့ဟာ ပစ္စေက ဗုဒ္ဓါတွေ၊ တရားစောင့်တဲ့ ရဟန်းပုဏ္ဏားတွေ၊ လမ်းသွား လမ်းလာတွေ (ခရီးသွားတွေ)၊ သူတောင်းစားတွေ၊ ဆင်းရဲသားတွေကိုလည်း ထမင်း အဖျော်တွေနဲ့ တင်းတိမ် ရောင့်ရဲစေကြပါတယ်၊ နှစ်သိမ့် ကျေနပ်စေကြပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့အမျိုးမှာ ငယ်ရွယ်နုပျိုတဲ့ အရွယ်မှာ မသေကြတာပါ။

ကျွန်တော်တို့ဟာ ကိုယ့်မယားမှတစ်ပါး အခြား မိန်းမတွေကို သွားလာ လွန်ကျူးမှု မပြုကြပါ၊ (ကျွန်တော်တို့ရဲ့) မယားတွေကလဲပဲ ကျွန်တော်တို့မှတစ်ပါး အခြားယောကျ်ားတွေနဲ့ ဖောက်ပြား ယွင်းမှားမှု မပြုကြပါ၊ ကိုယ့်လင်ကိုယ့်မယားတွေနဲ့သာ ပေါင်းသင်းစပ်ယှက်မှုကို ပြုကြပါတယ်၊ အခြားယောကျ်ားမိန်းမတွေနဲ့ ပေါင်းသင်းစပ်ယှက်မှုကို မပြုကြပါ၊ ဒါကြောင့်လဲ ကျွန်တော်တို့အမျိုးမှာ ငယ်ရွယ်နုပျိုတဲ့ အရွယ်မှာ မသေကြတာပါ။ ကျွန်တော်တို့အကုန်လုံးပဲ သူ့အသက်ကို သတ်ခြင်းမှလည်း ရှောင်ကြဉ်ကြပါတယ်၊ သူ့ဥစ္စာကို ခိုးယူခြင်းမှလည်း ရှောင်ကြဉ်ကြပါတယ်၊ အရက်သောက်မှု (ယစ်မျိုး မှန်သမျှကို သောက်ရှုစားသုံးမှု) ကိုလည်း မပြုကြပါ၊ ဒါကြောင့် ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေမသေကြပါ။

ကျွန်တော်တို့ရဲ့ "အမျိုးမှာ ဆွေမျိုးဉာတိအကုန်လုံးဟာ တမလွန် အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရားတွေကို ကျင့်ကြပါတယ်။ ဒါကြောင့် လည်း ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုသူတွေ မသေကြတာပါ။ ကျွန်တော် တို့ရဲ့ အမျိုးမှာ ကျွန်တော်တို့ကို မှီခို အသက်မွေးနေကြသူတွေ၊ အလုပ် သမားတွေ အကုန်လုံးဟာ တမလွန်အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရား တွေကို ကျင့်ကြပါတယ်၊ ဒါကြောင့်လည်း ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျို ငယ်ရွယ်သူတွေ မသေကြတာပါ"ဟု ပြောပြလိုက်သည်။

မဟာဓမ္မပါလပုဏ္ဏားကြီးသည် မိမိတို့၏အမျိုးမှာ နုပျို ငယ်ရွယ် သူတွေ မသေရခြင်း၏ အကြောင်းကို အားရပါးရ ပြောပြသည်၊ ပြီးတော့ တရားကျင့်သူတို့၏ ဂုဏ်ကိုလည်း ဆက်လက်ပြောဆိုပါသည်။

"ဆရာ! 'တရား' ဆိုတာဟာ တရားစောင့်တဲ့လူကို တကယ်ပဲ ပြန်စောင့်တတ်ပါတယ်၊ ကောင်းမွန်မှန်ကန်စွာ ကျင့်ထားတဲ့ တရားဟာ 'လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ' ဆိုတဲ့ ချမ်းသာ ၃-ပါးကို မရ ရအောင် ဆောင်ရွက်ပေးနိုင်ပါတယ်၊ တရားကျင့်တဲ့လူဟာ အပါယ် ၄-ပါး ကိုလည်း မလားရောက်ရပါ။ ဒါဟာ ကောင်းကောင်းကျင့်ထားတဲ့ တရားရဲ့ အကျိုးပါပဲ။

သေချာကျနပြုလုပ်ထားတဲ့ထီးဟာ မိုးရွာတဲ့အခါ ဆောင်းတဲ့ လူကို မိုးမစိုအောင် ကာကွယ်စောင့်ရှောက်သလို တရားဟာလည်းပဲ တရားကျင့်တဲ့ လူကိုတကယ်ပဲ စောင့်ရှောက်တတ်ပါတယ်၊ ကျွန်တော့် သားကလေး ဓမ္မပါလဟာ မိမိ စောင့်ရှောက်ထားတဲ့ တရားရဲ့ ပြန်လည် စောင့်ရှောက် မှုကို ခံနေရသူဖြစ်ပါတယ်။ ဆရာကြီးယူလာတဲ့ အရိုးတွေ ဟာ အခြားသူရဲ့ အရိုးတွေ ဖြစ်ပါလိမ့်မယ်၊ ဒါတွေကို လွှင့်ပစ်လိုက်စမ်းပါ၊ ကျွန်တော့် သားကလေးကတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပဲ ရှိနေလိမ့်မယ်" ဟု ပြောဆိုလိုက်သည်။

ဒိသာပါမောက္ခဆရာကြီးသည် မဟာဓမ္မပါလ ပုဏ္ဏားကြီး၏ စကားကို ကြားရတဲ့အခါ "ငါ ဒီကိုရောက်လာတာ သိပ်ကောင်းတာပဲ၊

သိပ်အကျိုးရှိတာပဲ၊ အကျိုးမဲ့ မဖြစ်ဘူး” ဤသို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး ၎င်းသည်ဓမ္မပါလရွာ ရောက်လာခြင်း၏အကြောင်းကို ပြောပြသည်။

“မိတ်ဆွေ! ကျွန်တော် ခင်ဗျားတို့ကိုစုံစမ်းချင်တာနဲ့ ဒီအရိုးတွေကို ယူပြီး တမင်သက်သက် လာခဲ့တာပါ၊ ခင်ဗျားပြောတာတွေ အကုန်လုံး မှန်ပါတယ်၊ ခင်ဗျားရဲ့သားကလေး ဓမ္မပါလကတော့ ဘာရောဂါမှ မဖြစ်ဘူး၊ ခင်ဗျားတို့စောင့်နေတဲ့ တရားကို ကျွန်တော့်ကိုလည်း ပေးစမ်းပါ”ဟု တောင်းယူလိုက်သည်။ မဟာဓမ္မပါလပုဏ္ဏားကြီး၏ ပြောသမျှစကားကို စာရွက်ပေါ်မှာ ရေးမှတ်ထားသည်။ မဟာဓမ္မပါလ၏ အိမ်မှာ ၂-ရက် ၃-ရက်လောက် နေပြီး တက္ကသိုလ်မြို့သို့ပြန်သည်။

တက္ကသိုလ်ရောက်သည့်အခါ ဓမ္မပါလကလေးကို အတတ် အကုန်လုံးကို သင်ယူစေပြီး များပြားလှတဲ့ခြွေရံသင်ပင်းတို့နှင့်အတူ သူ့အဖေဆီကို ပြန်ပို့ပေးလိုက်သည်။

ငါးပါးသီလကို စောင့်ထိန်းလျှင် မျက်မှောက် ပစ္စုပ္ပန်ဘဝ၌ ကျန်းကျန်းမာမာ အသက်ရှည်စွာနေရပြီး တမလွန်ဘဝမှာ နတ်ပြည်ရောက်ရသည့် ဝတ္ထုသာဓကတစ်ခုဖြစ်ပါသည်။

ကျမ်းကိုး။
ငါးရာငါးဆယ်ဇာတ်တော်၊ ဓမ္မပါလဇာတ်။

## အသက်ရှည်စေတတ်သော အကြောင်းတရား (၅) ပါး

၁။ သပ္ပာယ ကာရီ - မိမိနှင့် သင့်လျော်ရာကိုသာ ပြုလေ့ရှိ၏။

၂။ သပ္ပာယ မတ္တံ ဇာနာတိ - ထိုလျော်ရာကို ပြုခြင်း၌ အတိုင်းအရှည်သိခြင်း။

၃။ ပရိဏာတ ဘောဇီ - ကြေကျက်လွယ်သော အစာကိုသာ စားလေ့ရှိခြင်း။

၄။ သီလဝါ - ငါးပါးသီလနှင့် ပြည့်စုံခြင်း။
တစ်နည်း ကာလစာရီ - မိမိနှင့်လျော်သော စားမှု၊ သွားမှု၊ အိပ်မှု စသည်တို့ကို အချိန် အား လျော်စွာ ပြုလေ့ရှိခြင်း။
၅။ ကလျာဏ မိတ္တတာ - မိတ်ဆွေခင်ပွန်းကောင်းရှိခြင်း။
တစ်နည်း ဗြဟ္မစာရီ - မြတ်သော ကိုယ်ကျင့်တရားရှိခြင်း။

ကျမ်းကိုး။
အင်္ဂုတ္တရပါဠိတော်၊ ဂိလာနသုတ်။

## အသက်ရှည်ကြောင်းကုသိုလ်မျိုး (၆) ပါး

၁။ ပရိသာဝန ဒါန - ရေစစ်အလှူ။
၂။ အာဝါသဒါန - ဇရပ်၊ တန်ဆောင်း၊ ဂူ၊ ကျောင်း မဏ္ဍပ်အလှူ။
၃။ ဂိလာဝတ္ထု ဒါန - သူနာတို့အား ဆေးအလှူ။
၄။ ဇိဏ္ဏကာဝါသပဋိသင်္ခရဏဒါန - ပျက်စီး ယိုယွင်းနေသော စေတီ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ တံတားတို့ကို ပြင်ဆင် ဆောက် လုပ်မှုအလှူ။
၅။ ဇီဝိတဒါန - သတ္တဝါတို့ကို ဘေးမဲ့ပေးလွှတ် ခြင်းအလှူ။
၆။ ပဉ္စသီလသမာဒါန - ငါးပါးသီလကို ခါးဝတ်ပုဆိုး ထဘီကဲ့သို့ မြဲစွာစောင့်ထိန်းမှု။

ကျမ်းကိုး။
မဟာဝင်ပါဠိတော်။

## အသက်တိုခြင်း အမှုမျိုး (၆) ပါး

၁။ မလတ်ဆတ်ငြား၊ အသားများနှင့်။

၂။ ရှယ်အားလွန်ထ၊ ကြီးမိန်းမနှင့်၊ ဆန္ဒတူစုံ၊ မြူးမေထုန်တည့်။

၃။ အဟုန်ပြင်းပြ၊ သစ်ဆင်းလလွင်၊ ကာယလောညှိနေပူမိလျက်။

၄။ မှတ်သိကုန်ကြ၊ သုံးရက်မျှလျှင်၊ စေ့မှမြတ်အင်၊ နွားနို့ချဉ်ကို၊ ရက်လျှင်မလည်၊ စားသုံးသည်တည့်။

၅။ ဥဒည်ထိပ်မှာ အရုဏ်လာမှ ရောင်ဝါဝေရှက်၊ စောန်နက်တွင်၊ ရမ္မက်လွန်မှုမေထုန်ပြုနှင့်။

၆။ လင်းလူသည်သာ၊ နံနက်ခါတွင်၊ အိပ်ရာမထ၊ အိမ်လွန်းကြဟု ခြောက်ဝအပြား၊ ဤသည်ကား၊ ဆိုးဝါးချက်အို၊ အသက်ကိုလျှင်၊ ပျက်ယိုစေတတ်၊ လျင်စွာသတ်၏ လေးမြတ်ချစ်ခင်၊ အသက်မင်က၊ ရှောင်ကြဉ်ကြရာ၊ နီတိမှာသည်၊ ဤစာဆိုထားတည်း။

## သုစရိုက်တရား ၁၀–ပါး၏ နာမည်ကွဲများ

ကုသလကမ္မပထတရား ၁၀-ပါး ဟူ၍လည်းကောင်း၊ ငရဲ၊ ပြိတ္တာ၊ တိရစ္ဆာန်၊ အသူရကာယ် ဟူသော အပါယ်လေးပါးမှ လွတ်စေတတ်၍ လူနတ်နိဗ္ဗာန် သုံးတန် ချမ်းသာကို ပို့ပေးစေတတ်သော တရား ၁၀-ပါး ဟူ၍ လည်းကောင်း၊ ပုညကြိယာဝတ္ထု ၁၀-ပါး ဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ဆိုကြပါသည်။

## ကုသလကမ္မပထတရား ၁၀–ပါး

၁။ သူ့အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ပါဏာတိပါတာဝေရမဏီ။

၂။ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော အဒိန္နာဒါန ဝေရမဏီ။

၃။ သူ့သားမယားကို သွားလာလွန်ကျူးခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ကာမေသုမိစ္ဆာစာရဝေရမဏီ။

**ဤသုံးပါးကား ကိုယ်ဖြင့် ပြုကျင့်သောကြောင့် ကာယသုစရိုက် သုံးပါး ဖြစ်သည်။**

၄။ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော မုသာဝါဒါဝေရမဏီ။

၅။ သူများရဲ့စည်လုံး ညီညွတ်မှုကို ပြိုကွဲအောင် ကုန်းတိုက်စကား ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းဟူသော ပိသုဏာဝါစာ ဝေရမဏီ။

၆။ အကြမ်းအတမ်း ဝေါက်ငန်း ဆဲရေးခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ဖရုသဝါစသာဝေရမဏီ။

၇။ အနှစ်သာရကင်းမဲ့သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော သမ္ဖပ္ပလာပဝါစာဝေရမဏီ။

**ဤသုံးပါးကား နှုတ်ဖြင့်ပြုကျင့်သောကြောင့် ဝစီသုစရိုက်သုံးပါး ဖြစ်သည်။**

၈။ သူ့၏ဥစ္စာကို ငါ့ဥစ္စာဖြစ်ရင် ကောင်းမှာပဲဟု စိတ်က အကြံစည် အောက်မေ့ခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော အဘိဇ္ဈာဝေရမဏီ။

၉။ "သူတစ်ပါးကို ရန်ငြိုးစိတ်ထားပြီး ပြန်နှိပ်စက်မယ်"ဟု စိတ်၏ ကြံစည်မှု ရှောင်ကြဉ်ခြင်း ဟူသော ဗျာပါဒဝေရမဏီ။

၁၀။ ဘုရား တရား သံဃာကို ယုံကြည်စွာ ကိုးကွယ်ဆည်းကပ်ခြင်း ဟူသော သမ္မာဒိဋ္ဌိ။

**ဤသုံးပါးက စိတ်ဖြင့်ကြံစည်သောကြောင့် မနောသုစရိုက် ဖြစ်သည်။**

# ပုညကြိယာဝတ္ထု (၁၀)ပါး

၁။ ဒါန - သဒ္ဓါကြည်ဖြူပေးလှူခြင်း။

၂။ သီလ - ကာယကံဝစီကံနှစ်တန်သော ဒုစရိုက်တရားကို ရှောင်ကြဉ်ရခြင်း။

၃။ ဘာဝနာ - သမထ, ဝိပဿနာနှစ်ဖြာသော တရားကို လေ့လာပွားများရခြင်း။

၄။ အပစာယန - ရတနာသုံးပါး ဆရာ မိဘ စသော သူများကို ရိုသေရခြင်း။

၅။ ဝေယျာဝစ္စ - ကုသိုလ်ဖြစ်ဖွယ် ဝတ်ကြီးဝတ်ငယ်တို့ကို သယ်ပိုးဆောင်ရွက်ခြင်း။

၆။ ပတ္တိဒါန - မိမိပြုရ အဖို့ဘာဂကို အမျှပေးဝေရခြင်း။

၇။ ပတ္တာနုမောဒန- သူတစ်ပါးပြု မြတ်ကောင်းမှုကို သာဓု နှမော်ကောင်းချီးခေါ်ရခြင်း။

၈။ ဓမ္မသဝန - ဘုရားစကားမြတ်တရားကို နာကြားဖတ်ရခြင်း။

၉။ ဓမ္မဒေသနာ - ဘုရားစကား မြတ်တရားကို ဟောကြားရခြင်း။

၁၀။ ဒိဋ္ဌုဇုကမ္မ - နိဗ္ဗာန်ရောက်ကြောင်း ကောင်းသော အယူကို ဖြောင့်မှန်စွာ ယူရခြင်း။

## သုစရိုက်တရားအပြား (၄၀) ပါး

သုစရိုက်တရား ၁၀-ပါးကို တည်ထားပါ

| | |
|---|---|
| ၎င်းသုစရိုက်တရား ၁၀-ပါးကို မိမိကိုယ်တိုင် ပြုလုပ်ခြင်းက | ၁၀-ပါး၊ |
| သူတစ်ပါးကိုပြုလုပ်ခိုင်းခြင်းက | ၁၀-ပါး၊ |
| သူတစ်ပါးပြုလုပ်သည်ကို မိမိစိတ်ဖြင့် ဝမ်းမြောက်ခြင်းက | ၁၀-ပါး၊ |
| သူတစ်ပါးပြုလုပ်ရာ၌ မိမိပါးစပ်ဖြင့် သာခုခေါ်ခြင်းက | ၁၀-ပါး၊ |
| | ပေါင်း ၄၀ ပါး |

## သုစရိုက်တရားအပြား (၁၀၀) ပါး

ပုညကြိယာဝတ္ထု (၁၀) ပါးကိုတည်ထားပါ

| | |
|---|---|
| ၎င်း၁၀-ပါးကို မိမိကိုယ်ဖြင့် ပြုလုပ်ခြင်းက | ၁၀-ပါး |
| မိမိနှုတ်ပါးစပ်ဖြင့်ပြောဆိုခြင်းက | ၁၀-ပါး |
| မိမိစိတ် ဖြင့် ကြံစည်ခြင်းက | ၁၀-ပါး |

ဒါန ပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ သစ္စာပါရမီ၊ မေတ္တာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ ဥပေက္ခာပါရမီဟူသော ပါရမီ ၁၀-ပါး တည်ထားပါ။

| | |
|---|---|
| ဒါန ဟီနပါရမီ စသည်က | ၁၀-ပါး |
| ဒါန မဇ္ဈိမပါရမီ စသည်က | ၁၀-ပါး |
| ဒါန ပဏီတပါရမီက စသည်က | ၁၀-ပါး |
| သုစရိုက် တရားအပြားတို့က | ၄၀-ပါး |
| အားလုံးပေါင်းလိုက်ရင်သုစရိုက်တရား | ၁၀၀ ပါး ဖြစ်သည်။ |

**(ဤတရားကား နိဗ္ဗာန်ရောက်ကြောင်း တရားပေါင်း (၁၀၀) ပါးဟု ခေါ်သည်)**

## ဒုစရိုက်တရား ၁၀–ပါး

၁။ သူ့အသက်ကိုသတ်ခြင်း။
၂။ သူ့ဥစ္စာကိုခိုးယူခြင်း။
၃။ သူ့သားမယားကို သွားလာလွန်ကျူးခြင်း။
(ဤသုံးပါးကား မကောင်းမှုကို ကိုယ်ဖြင့်ပြုလုပ်သောကြောင့် ကာယဒုစရိုက်သုံးပါး ဖြစ်သည်)
၄။ မမှန်သောစကားကို အဟုတ်အမှန် ပြုလုပ်ပြောဆိုခြင်း။
၅။ သူနှစ်ယောက်တို့၏ အချစ်ကို ပျက်အောင် ကုန်းတိုက်ခြင်း။
၆။ အကြမ်းအတမ်း ငေါက်ငမ်းဆဲရေးခြင်း။
၇။ အနှစ်သာရကင်းသော စကားကိုပြောဆိုခြင်း။
(ဤလေးပါးကား မကောင်းမှုကိုနှုတ်ဖြင့် ပြုလုပ်သောကြောင့် ဝစီဒုစရိုက် ဖြစ်သည်)
၈။ သူ၏ဥစ္စာကို ငါ့ဥစ္စာဖြစ်သော် ကောင်းလေစွဟု စိတ်က အောက်မေ့ခြင်း။
၉။ သူတစ်ပါးကို ငြိုးထားရန်မက် နှိပ်စက်ရအောင်စိတ်က ကြံဆောင်ခြင်း။
၁၀။ ရတနာသုံးပါးကို ပယ်လှန်စိတ်ထားအယူမှားခြင်း။
(ဤသုံးပါးကား မကောင်းမှုကို စိတ်ဖြင့်ကြံစည်သောကြောင့် မနောဒုစရိုက် ဖြစ်သည်။)

## ဒုစရိုက်တရား အပြား (၃၀) ပါး

ဒုစရိုက်တရား ၁၀-ပါး တည်ထားပါ။

| | |
|---|---|
| ၎င်း၁၀-ပါးကိုမပြုလုပ်မီရှေ့အဖို့၌ ဖြစ်သည့်စေတနာက | ၁၀-ပါး |
| ပြုလုပ်ဆဲအခါ၌ ဖြစ်သည့်စေတနာက | ၁၀-ပါး |
| ပြုလုပ်ပြီးအခါ၌ အာရုံပြု၍ ဖြစ်သည့်စေတနာက | ၁၀-ပါး |
| ပေါင်း | ၃၀-ပါး |

## ဒုစရိုက်တရား အပြား (၄၀) ပါး

ဒုစရိုက်တရား ၁၀-ပါးတို့ကို တည်ထားပါ။

| | |
|---|---|
| ၎င်းတရားကိုမိမိကိုယ်တိုင်ပြုလုပ်ခြင်းက | ၁၀-ပါး |
| သူတစ်ပါးပြုလုပ်ခိုင်းခြင်းက | ၁၀-ပါး |
| သူတစ်ပါးပြုလုပ်မှုကို ချီးမွမ်းထောပနာခြင်းက | ၁၀-ပါး |
| မိမိနှင့်အတူတကွ ပြုလုပ်ခြင်းက | ၁၀-ပါး |
| ပေါင်း | ၄၀-ပါး |

ကျမ်းကိုး၊

သုသေတနသရုပ်ပြအဘိဓာန်။

# ဗုဒ္ဓတရား မေ့မထားနှင့်

လုပ်တိုင်းမဖြစ်၊ စိတ်မညစ်နှင့်
ကိုယ်လုပ်တိုင်းသာ၊ ဖြစ်နေပါက၊ ဘယ်မှာ 'အနတ္တ' ရှိမည်နည်း။

ပြောတိုင်းမရ၊ ဒေါမထနှင့်
ကိုယ်ပြောတိုင်းသာ၊ ရနေပါက၊ ဘယ်မှာ 'အနတ္တ' ရှိမည်နည်း။

ကြံတိုင်းမမြောက်၊ စိတ်မဖောက်နှင့်
ကိုယ်ကြံတိုင်းသာ၊ ပြီးမြောက်ပါက၊ ဘယ်မှာ 'အနတ္တ' ရှိမည်နည်း။

ဆင်းရဲကြုံမှု၊ မညည်းညူနှင့်
ချမ်းသာချည်းသာ၊ ကြုံနေပါက၊ ဘယ်မှာ 'ဒုက္ခ' ရှိမည်နည်း။

ပျက်စီးတိုင်းလျှင်၊ မပူပင်နှင့်
မပျက်စီးကာ၊ ခိုင်မြဲပါက၊ ဘယ်မှာ 'အနိစ္စ' ရှိမည်နည်း။

အာရုံဟူသမျှ၊ မတောင့်တနှင့်
အာရုံတိုင်းသာ၊ တောင့်တပါက၊ ဘယ်မှာ 'လောဘ' ဆုံးမည်နည်း။

အရာရာမျိုး၊ စိတ်မဆိုးနှင့်
အရာရာမှာ၊ စိတ်ဆိုးပါက၊ ဘယ်မှာ 'ဒေါသ' ဆုံးမည်နည်း။

သိညာဏ်မလိုက်၊ သင်မမိုက်နှင့်
သိညာဏ်မပါ၊ မိုက်နေပါက၊ ဘယ်မှာ 'မောဟ' ဆုံးမည်နည်း။

ဗုဒ္ဓတရား၊ မေ့မထားနှင့်
ဆုံးမတိုင်းသာ၊ ကျင့်ကြံပါက၊ ဘယ်မှာ 'နိဗ္ဗာန်' ဝေးမည်နည်း။

# အခန်း (၄)

## တစ်ရသော စာရေးတံဆွမ်းဝတ် အမြဲလှူဒါန်းသည့်သူ

စာရေးတံဆွမ်းဝတ်ဆိုတာ အခုခေတ်လိုပြောရမယ်ဆိုရင်တော့ စာရေးတံမဲ မဟာဒုက်ဆွမ်းကျွေးပွဲတွေကျင်းပပြီး တစ်ပါး တတ်နိုင်သူက တစ်ပါး၊ ငါးပါးတတ်နိုင်သူက ငါးပါး၊ မဲချပင့်ပြီး ဆွမ်းဆက်ကပ် လှူဒါန်းကြသည့် အလှူကို စားရေးတံဆွမ်းဟု ခေါ်သည်။ သလာကဘတ်ဟု ခေါ်သည့် စာရေးတံမဲ ဆွမ်းဝတ်ဆက်ကပ်သည့် သူကလည်း တစ်ခါတလေ စိတ်ကူးပေါက်မှ ထကပ်တာမျိုး မဖြစ်စေရဘူး။ "နိဗဒ္ဓပုညံ" ဆိုသည့် သာဓကကို ထောက်ဆရင် နှစ်စဉ် နှစ်စဉ် သို့မဟုတ် အချိန်ကာလအားလျော်စွာ အနည်းဆုံး တစ်နှစ် တစ်ကြိမ် လှူဒါန်း ဆက်ကပ်သည့် စာရေးတံဆွမ်း ဖြစ်ရမည်၊ အဲ့ဒီလိုလုပ်မှ "ဂတိနိဗဒ္ဓ" ဖြစ်ပြီး လူ့ပြည် နတ်ပြည် မုချဧကံ ရောက်နိုင်မည်။ သောတာပန္နသဒိသာနေဝ သောတာပန်ပုဂ္ဂိုလ်နှင့် တူမည်။ သောတာပန်ပုဂ္ဂိုလ်သည် အပါယ်မလားသကဲ့သို့ ဤစာရေးတံမဲ လှူဒါန်းသူလည်း အပါယ်မလားဘူး၊ လူ့ပြည် နတ်ပြည်သို့သာ လားရောက်ရမည်ဟု သဥပါဒိသေသသုတ်မှာ ဟောတော်မူထားခဲ့သည်။

## စာရေးတံမဲ၏ကုသိုလ်ကြောင့် ဘုရားနှစ်ဆူရဲ့ ကြားကာလ ပတ်လုံး နတ်သားဖြစ်ရသည့် မဟာဒုက်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူတဲ့အချိန် ပဏ္ဍိတ သာမဏေကို အကြောင်းပြု၍ ဤမဟာဒုက်အကြောင်းကို ဟောကြားတော်မူခဲ့သည်။

ဟိုရှေးအခါတုန်းက ကဿပ မြတ်စွာဘုရားသည် နောက်လိုက်တပည့် ရဟန္တာပေါင်း နှစ်သောင်းတို့နှင့်အတူ ဗာရာဏသီပြည်ကြီးသို့ ကြွချီတော်မူလာခဲ့သည်။ ဗာရာဏသီ မြို့သူ မြို့သားတို့သည် မိမိတို့ စွမ်းနိုင်သလောက် ရှစ်ယောက် ကိုးယောက် ဆယ်ယောက် ကုန်သော သူတို့သည် တစ်ပေါင်းတည်း တစ်ဖွဲ့တည်း ပေါင်းစုပြီး အာဂန္တုကရဟန်း သံဃာတော်များကို ဆွမ်းခဲဖွယ်ဘောဇဉ် ပေးလှူကြသည်။ နောက်တစ်နေ့ ရောက်တော့ မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ အနုမောဒနာတရားကို ဟောကြားတော်မူလိုက်သည်မှာ-

"အို ဒါယကာဒါယိကာမ အပေါင်းတို့! ဒီလူ့ဘုံလောက၌ အချို့သော ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းရင် ကောင်းမြတ်တယ်၊ သူတစ်ပါးတွေရဲ့ပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်းခိုင်းရင် ဘာအကျိုး ရှိတာမို့လို့လဲ ဟု နှလုံးသွင်းကြလျက် မိမိရဲ့ ပစ္စည်း ဥစ္စာကိုသာ ပေးလှူပါတယ်။ သူတစ်ပါးတွေကို မပေးကမ်း မလှူဒါန်းခိုင်းဘူး။ သူတစ်ပါးကို ကုသိုလ်ကောင်းမှု ပြုလုပ်ဖြစ်စေဖို့ မတိုက်တွန်းဘူး။ အဲဒီ မတိုက်တွန်းတဲ့ ပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာ ဘဝဘုံဌာနတိုင်းမှာ စည်းစိမ်ဥစ္စာ ချမ်းသာတဲ့ သူတော့ ဖြစ်ရပါတယ်။ ဒါပေမဲ့ ဆွေမျိုးဉာတိ မိတ်ဆွေသင်္ဂဟက မရရှိကြဘူး။

အချို့သောပုဂ္ဂိုလ်တွေဟာ သူတစ်ပါးတွေကိုသာ လှူဒါန်းခိုင်းတယ်။ မိမိရဲ့ပစ္စည်းဥစ္စာကို မပေးမကမ်း မလှူဒါန်းဘူး၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာ ဘဝဘုံဌာနတိုင်းမှာ ဆွေမျိုးမိတ်ဆွေ သင်္ဂဟကတော့ ပေါများပါတယ်။ ဒါပေမဲ့ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝမှု မရှိကြဘူး။

အချို့သော ပုဂ္ဂိုလ်တွေဟာ မိမိကလည်း မပေးကမ်း မလှူဒါန်းဘူး။ သူတစ်ပါးတွေကိုလည်း မပေးကမ်း မလှူဒါန်းခိုင်းဘူး။ အဲဒီပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာ ဘဝဘုံဌာနတိုင်းမှာ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူလည်း မဖြစ်တဲ့အပြင်၊ ဆွေမျိုး မိတ်ဆွေသင်္ဂဟလည်း မရှိဘူး။

အချို့သော ပုဂ္ဂိုလ်တွေဟာ မိမိကလည်း ပေးကမ်းလှူဒါန်းတယ်။ သူတစ်ပါးတွေကိုလည်း ပေးကမ်းလှူဒါန်းခိုင်းတယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ ဖြစ်လေရာဘဝ ဘုံဌာနတိုင်းမှာ ပစ္စည်းဥစ္စာလည်း ချမ်းသာကြွယ်ဝတယ်။ ဆွေမျိုးမိတ်ဆွေသင်္ဂဟလည်း ပေါများတယ်" ဟု ဟောကြားတော်မူခဲ့သည်။

## စာရေးတံဆွမ်း လောင်းလှူပူဇော်ပွဲကြီး

အနီးအနားၷ တရားနာ၍ ထိုင်နေသော ပညာရှိ ယောက်ျားတစ်ယောက်က တရားတော်ကို နာကြားရ၍ ကြံစည်ခြင်းဖြစ်သည်မှာ-

"ငါသည် ဖြစ်လေရာဘဝတိုင်းမှာ ပစ္စည်းဥစ္စာ ချမ်းသာ ကြွယ်ဝပေါများတဲ့သူ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟလည်း ပေါများတဲ့သူ ဖြစ်ရန်အတွက် ယခု ငါကိုယ်တိုင်လည်း ပေးကမ်း လှူဒါန်းမယ်၊ သူတစ်ပါးကိုလည်း ပေးကမ်း လှူဒါန်းခိုင်းမယ်"ဟု ဒီလိုကြံစည်လိုက်သည်။

ၛင်းပညာရှိယောက်ျားသည် ကဿပမြတ်စွာဘုရားကို ချဉ်းကပ်ဝပ်လျှိုး ရှိခိုးပြီးသော် လျှောက်ထားလိုက်သည်မှာ-

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! မနက်ဖြန်ကြရင် ဘုရားတပည့်တော်ရဲ့ ဆွမ်းကိုခံယူတော်မူပါလော့ဘုရား"ဟု လျှောက်ကြား ပင့်ဖိတ်လိုက်သည်။

မြတ်စွာဘုရားက "ဒါယကာ! သင်က ရဟန်းတွေကို ဘယ်နှစ်ပါး ဆွမ်းလောင်းလှူချင်တာလဲ?"။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! အရှင်ဘုရားရဲ့ တပည့်ရဟန်း သံဃာတော်တွေက စုစုပေါင်း ဘယ်နှစ်ပါး ရှိတာလဲ ဘုရား?"။

"ဒါယကာ! ငါ့ရဲ့တပည့် ရဟန်း စုစုပေါင်း အပါးနှစ်သောင်း ရှိပါတယ်" ။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! မနက်ဖြန်ကြရင် မြတ်စွာဘုရားရဲ့ တပည့်ရဟန်း သံဃာတော်များ နှစ်သောင်းတွေနဲ့အတူ ဆွမ်းအလှူခံ ကြွတော်မူကြပါလော့ဘုရား"ဟု ပင့်ဖိတ်လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားကလည်း ဆိတ်ဆိတ်နေသဖြင့် လက်ခံတော်မူသည်။

ပညာရှိယောကျ်ားသည် မြို့တွင်းသို့ဝင်သွား၍ တိုက်တွန်း နှိုးဆော်လိုက်သည်မှာ-

"အို မိခင် ဖခင်, ညီကို မောင်နှမများတို့ ကျွန်တော်က မနက်ဖြန်ကြရင် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်ပေါင်း နှစ်သောင်းတို့ကို ဆွမ်းကပ်ဖို့အတွက် ပင့်ဖိတ်ထားပါတယ်၊ သင်တို့ကလည်း စွမ်းနိုင်သလောက် ရဟန်း သံဃာတော်များအား ဆွမ်းခဲဖွယ် ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြပါလော့"ဟု တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည် ပြောကြားလိုက်သည်။

ဗာရာဏသီ မြို့သူမြို့သားတို့သည် မိမိတို့ စွမ်းနိုင်သလောက် ငါတို့က သံဃာတော် (၁၀) ပါးတို့အား ဆွမ်းခဲဖွယ်ဘောဇဉ် လှူဒါန်းမယ်၊ ငါတို့ကတော့ သံဃာတော် အပါး (၁၀၀) တို့အား ဆွမ်းဆက်ကပ်မယ်ဟု အသီးသီး ဝန်ခံပြောဆိုကြသည်ရှိသော် အလုံးစုံသော ဆယ်ပါး ပင့်ဖိတ်သော သူတို့၏စကားကို အစပြု၍ အစဉ်အတိုင်း ကမ္ပည်းစာရွက်ပေါ်၌ ရေးသားမှတ်ထားသည်။

ဗာရာဏသီမြို့၌ 'မဟာဒုက်' ဟု ခေါ်သည့် ယောကျ်ားလေး တစ်ယောက်ရှိသည်။ ၎င်းသည် သူများနှင့်မတူ။ အလွန် ဆင်းရဲသော ကြောင့် မြို့သူမြို့သားများက သူ့ကို 'မဟာဒုက်' ဟူ၍ ခေါ်ဆိုကြလေ သည်။

ကမ္ပည်းစာရင်းကို ကိုင်ဆောင်ထားသော ပညာရှိယောကျ်ားသည် မဟာဒုက်ကို တွေ့မြင်၍ ပြောဆိုလိုက်သည်မှာ-

"ဟိုင်း မဟာဒုက်! မနက်ဖြန်ကြရင် ငါက ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို ဆွမ်းဆက်ကပ်ဖို့အတွက် ပင့်ဖိတ်ထားတယ်။ မနက်ဖြန်ကြရင် မြို့သူမြို့သားများက အလှူဒါန ပေးကမ်းလှူဒါန်းကြ တော့မယ်။ မင်းက သံဃာတော်ကို ဘယ်နှစ်ပါး ပင့်ဖိတ်မှာလဲ?"။

မဟာဒုက်က "အစ်ကိုရယ်! ကျွန်တော်က ရဟန်းသံဃာတော် ဘယ်လိုလို့ ပင့်ဖိတ်နိုင်မှာလဲ၊ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝကြတဲ့ သူတို့ ကသာ ရဟန်းသံဃာတော် အလိုရှိကြလိမ့်မယ်။ ကျွန်တော့်ဆီမှာကား မနက်ဖြန်ကြရင် ဝမ်းတစ်ထွာစာမျှလေးတောင်မှ သူများလို ဗိုက်ဝအောင် မစားရဘဲနဲ့၊ ဆန်ပြုတ် ယာဂုကိုသာ သုံးဆောင်စားသောက်ရတဲ့ ဘဝပါ။ ယခုလောလောဆယ်လည်း ယာဂုကျိုချက်ရန်အတွက် ကျွန်တော့်အိမ်မှာ ဆန် တစ်ခြမ်း တစ်လုံးလေးတောင်မှ မရှိသေးပါ။ သူများတို့ရဲ့အိမ်မှာ အခစားအလုပ်လေးနဲ့ အလုပ်ပြုလုပ်ပြီး ဝမ်းစာကို ရှာကျွေး အသက် မွေးရတဲ့သူပါ ကျွန်တော်က ရဟန်းသံဃာတော်ကို ဘယ်လိုလို့ ပင့်ဖိတ် နိုင်မှာလဲ" ဟု ပြန်လည်ပြောဆိုလိုက်သည်။

ပညာရှိယောကျ်ားက"အချင်းမဟာဒုက်! ဒီဗာရာဏသီမြို့ကြီး၌ နေကြတဲ့ လူအပေါင်းတို့ဟာ ပစ္စည်းဥစ္စာဘဏ္ဍာများကို သုံးဆောင်ကြပြီး လူ့စည်းစိမ်ချမ်းသာသုခကို ခံစား စံစားကြတယ်။ သင်က တစ်နေ့လုံးလုံး သူများအိမ်မှာ အခစားအလုပ်ကိုပြုလုပ်ပြီး အသက်မွေးရပါသော်လည်း ငါဟာ ရှေးဘဝတုန်းက ဒါန စသော ကုသိုလ်ကောင်းမှုကို မပြုလုပ်ခဲ့

ဖူးလို့ ယခုဘ၀ ၀မ်းစာ၀အောင် မစားရတဲ့သူဖြစ်ရတယ်လို့သင်က အောက်မေ့ဆင်ခြင်ပြီး မိမိကိုယ်ကို သိပါရဲ့လား?"။

"အစ်ကိုရယ်! ကျွန်တော်သိပါတယ်"။

"မဟာဒုက်! မင်းက သိပါလျက်နဲ့ ယခုအခါ ဘာကြောင့် ခွန်အား ဗလနဲ့လည်းပြည့်စုံ ယောကျ်ားတစ်ယောက်လည်းဖြစ်တဲ့ မင်းဟာ သူများ အိမ်မှာ အခစားအမှုကို ပြုလုပ်ပြီးတော့ စွမ်းနိုင်သလောက် အလှူဒါနကို ပြုသင့်တယ် မဟုတ်ဘူးလား" ဟု ဆင်ရဲသား မဟာဒုက်အား တိုက်တွန်း နိုးဆော် ပြောဆိုလိုက်သည်။

ဆင်းရဲသား မဟာဒုက်သည် ပညာရှိယောကျ်ား၏ စကားကို နားထောင်လျက်ပင် ထိတ်လန့်သွားသည်။

"အစ်ကိုရယ်! ကျွန်တော်အတွက် ရဟန်းတော်တစ်ပါး ကမ္ပည်း စာရင်းထဲမှာ ရေးသားမှတ်ထားလိုက်ပါလော့၊ ကျွန်တော် အခစား အမှု ကိစ္စ ပြုလုပ်ပြီး ရဟန်းတော်တစ်ပါးကို ဆွမ်းဆက်ကပ်လှူဒါန်းမယ်"ဟု ပင့်ဖိတ်လိုက်သည်။

စာရင်းကို ကိုင်ဆောင်ထားသည့် ပညာရှိ ယောကျ်ားကလည်း "ရဟန်းတော် တစ်ပါးလေးလောက်နဲ့ စာရင်းပေါ်၌ ရေးမှတ်ထားရင် ဘာအကျိုးရှိမှာလဲ"ဟု စာရင်းပေါ်၌ မရေးမှတ်ထားဘဲ ဒီတိုင်းပဲ ထွက်ခွာ သွားသည်။

ဆင်းရဲသားမဟာဒုက်ကလည်း အိမ်သို့ ပြန်လာပြီးသော် သူ၏ မယားကို ပြောကြားလိုက်သည်မှာ-

"ဟိုင်း ချစ်မိန်းမ! မနက်ဖြန်ကြရင် ဗာရာဏသီမြို့သူမြို့သား တွေက ရဟန်းသံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြလိမ့်မယ်။ ငါကလည်း မနက်ဖြန်နံနက်ကြရင် ရဟန်းတော်တစ်ပါးအား ဆွမ်း ဆက်ကပ် လှူဒါန်းမယ်လို့ လိုက်တိုက်တွန်းနိုးဆော်တဲ့ ယောကျ်ားဆီမှာ ၀န်ခံကတိ ပြု၍ ပင့်ဖိတ်ထားတယ်"။

မယားဖြစ်သူကကလည်း အစ်ကိုယောက်ျား ငါတို့က ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါးတယ်။ ရှင်က ဘာဖြစ်လို့ ဝန်ခံခဲ့တာလဲဟု ညည်းညူစကား မပြောကြားပဲ "ယောက်ျား! ယောက်ျားဟာ ကောင်းတဲ့အမှုကို ပြုလုပ်ပြီး လာခဲ့တယ်။ ကျွန်မတို့လင်မယား ရဟန်းတော်တစ်ပါးအား ဆွမ်းဆက်ကပ် လှူဒါန်းကြရအောင်" ဟု ပြောဆိုပြီး မဟာဒုက် လင်မယားနှစ်ယောက် အိမ်မှထွက်၍ အခစားအမှု သွားလုပ်ကြလေသည်။

သူဌေးကြီးတစ်ယောက်က မဟာဒုက်ကို တွေ့မြင်၍ "ဟိုင်း. . မဟာဒုက်! နင် အလုပ်လုပ်မှာလား?"။

"ဟုတ်ကဲ့ပါ သူဌေးကြီး! လုပ်မယ်"ဟု ပြန်ဖြေလိုက်သည်။

"မဟာဒုက်! နင်က ငါ့ကို ဘာလုပ်ပေးမှာလဲ?"။

"အရှင်သူဌေးကြီး! အရှင်သူဌေးကြီးလုပ်ခိုင်းတဲ့ဟာ ကျွန်တော် လုပ်ပေးမယ်"။

သူဌေးကြီးကလည်း"မဟာဒုက်! ဒါဆိုရင်ပြီးရော၊ မနက်ဖြန်ကြ ရင် ငါတို့က သံဃာတော်အရှင်သူမြတ် အပါး (၁၀၀) ဆွမ်းဆက်ကပ် လှူဒါန်းဖို့ ရှိတယ်၊ နင်က ငါ့ကို ထင်းလာခွဲပေးပါ" ဟု စေခိုင်းလိုက်သည်။ မဟာဒုက်သည် သူဌေးကြီး၏ ထင်းများကို ကြိုးစားပမ်းစား ခွဲပေးနေ စဉ် သူဌေးကြီးက "ဟိုင်း. . မဟာဒုက်! နင်က ဒီကနေ့ ထူးထူး ခြားခြား ဘာကြောင့် အလုပ်တွေ တအားကို ကြိုးစားအားထုတ် ပြုလုပ်နေ တာလဲ?"။

"သူဌေးကြီး! မနက်ဖြန်ကြရင် ကျွန်တော်ကလည်း ရဟန်းတော် တစ်ပါး ဆွမ်းဆက်ကပ်မယ်လို့ ပင့်ဖိတ်ထားပါတယ်"ဟု ဖြေဆိုလိုက် သည်။ သူဌေးကြီးသည် မဟာဒုက်၏ စကားကို ကြားရလျှင် ရွှင်လန်း သောစိတ်ဖြစ်၍ ကြံစည်လိုက်သည်မှာ-

"ဩော် မဟာဒုက်ရဲ့ လုပ်ဆောင်ချက်ကား အံ့သြစရာပါပဲ၊ ငါဟာ ဆင်းရဲသားတစ်ယောက်ဖြစ်တာမို့လို့ ရဟန်းတော်များအား ဆွမ်း မဆက်ကပ်တော့ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးမထားပဲ၊ ငါဟာ ဆင်းရဲသား တစ်ယောက် ဖြစ်ပင် ဖြစ်ပါသော်လည်းပဲ သူများဆီမှာ အလုပ်လုပ်ပြီး

ရဟန်းတော်တစ်ပါးကို ဆွမ်းဆက်ကပ်မယ်လို့ ပြောဆို ဝန်ခံထားအုံးမယ်” ဟု ကြံစည်သည်။

သူဌေးကြီးက မဟာဒုက်အား ထင်းတို့ကို ပေါက်ခွဲပေးရာ၌ အဖိုးအခ ဒီလောက်မျှကျသင့်တယ်လို့ သလေးဆန် လေးစလယ်တို့ကို ပေးခိုင်းပြီးမှ ဒီဟာက သင့်ကို ချစ်ခင်၍ ပေးခြင်းဖြစ်တယ်’ဟု သလေးဆန် လေးစလယ် တို့ကို အပိုလက်ဆောင် ထပ်ပေးလိုက်ပါဟု မိမိ၏ အိမ်ကလူအား စေခိုင်းလိုက်သည်။

## မဟာဒုက်၏မယား သူဆင်းရဲမ

သူဌေးကတော်ကလည်း မဟာဒုက်၏မယား သူဆင်းရဲမကို တွေ့မြင်၍ ပြောဆိုလိုက်သည်မှာ-

“ဟေ့ ကလေးမ! ညည်း အလုပ်လုပ်မှာလား?။

“ဟုတ်ကဲ့ပါအစ်မကြီး! လုပ်မယ်”။

“ကလေးမ! ညည်းက ဘာအလုပ်လုပ်မှာလဲ?။

“အစ်မကြီး! အစ်မတို့လုပ်စေချင်တဲ့ဟာ ပြောပါ။ ကျွန်မ လုပ်ပေးပါ့မယ်”။

သူဌေးမကြီးကလည်း ကျဉ်ပွေ့, ဗန်းဆန်ကော စပါး အစရှိသည့် ပစ္စည်းရိက္ခာများကို ထုတ်ပေးခိုင်းလိုက်သည်။ သူဆင်းရဲမကလည်း ကျည်ပွေ့၊ ဗန်းဆန်ကော၊ စပါး စသည့်ပစ္စည်းများကိုယူ၍ သီချင်းလေးဆိုကာ ပျော်ပျော်ရွှင်ရွှင် စပါးထောင်းထု ပြာလွင့်နေသည့် အချိန်မှာ သူဌေးမကြီးက သူဆင်းရဲမကို မေးလိုက်သည်မှာ-

“ဟေ့ကလေးမ! သင်က ဒီကနေ့ ဘာဖြစ်လို့ တက်တက်ကြွကြွ ရွှင်လန်းပျော်ရွှင်ပြီး အလုပ်လုပ်နေတာလဲ?”။

“အစ်မရယ်! ကျွန်မတို့ကလဲ ဒီအလုပ်လုပ်ပြီးတော့ မနက်ဖြန်ကြရင် ရဟန်းတော်တစ်ပါးကို ဆွမ်းဆက်ကပ်မယ်လို့ ပင့်ဖိတ်ထားပါတယ်”ဟု ပြောဆိုလိုက်သည်။ ဆင်းရဲမ၏စကားကို ကြားရသော သူဌေးမ

ကြီးသည်လည်း "ဩော် အံ့ဩဖွယ်ရှိလေစွတကား၊ ပြုလုပ်ရခဲ့တဲ့ အမှုကို ပြုလေစွတကားဟု ဆင်းရဲမအား ရိုသေလေးစားသွားသည်။ ယင်းသို့ ရိုသေလေးစားသောကြောင့် သူဌေးမကြီးကလည်း အလုပ်လုပ်လို့ ပြီးသွားသည့် ဆင်းရဲမအား ထောပတ်အိုးငယ်လေးတစ်အိုး၊ နို့ဓမ်းငယ်လေး တစ်အိုး၊ အကောင်းစားဆန်က တစ်စလယ်၊ ငရုတ်၊ ချင်း၊ စားစရာ သောက်စရာများကို ထုတ်ပေးလိုက်ပါဟု မိမိ၏အိမ်ကလူကို စေခိုင်းလိုက် သည်။

မဟာဒုက်လင်မယားနှစ်ယောက် ပေါင်းသော် စုစုပေါင်း ဆန် ကိုးစလယ် ရရှိသွားသည်။ မဟာဒုက်သည် အိမ်ကိုပြန်လာ၍ မယားကို ပြောဆိုလိုက်သည်မှာ-"ဟေး ချစ်မိန်းမ! ငါကတော့ အခစား အလုပ် သွားလုပ်တာ ဆန်ရှစ်စလယ် ရလာခဲ့တယ်၊ ငါ့ဆန်ဟာ ဆွမ်းကပ်ရန် အတွက် ထားလိုက်ပါ။ ချစ်မိန်းမ ရလာတဲ့အဖိုးအခကား လိုအပ်တဲ့ ပစ္စည်း သွားဝယ်ယူလာခဲ့လော့"ဟု ပြောဆိုလိုက်သည်။

မဟာဒုက်လင်မယားနှစ်ယောက်တို့သည် "မနက်ဖြန် ဆွမ်းကပ်ဖို့ အတွက် ပေးလှူဖွယ်ဝတ္ထုပစ္စည်း အခု ယခုတော့ရလာခဲ့ပြီ"ဟု အားရ ဝမ်းသာ၍ နောက်နေ့နံနက်ရောက်လာတော့ မနက်အစောကြီး အိပ်ရာထ ကြလေသည်။ မယားက "ချစ်ကိုကို! ဆွမ်းဟင်းအတွက် စိမ်းစိုနုဖတ် ဟင်းသီးဟင်းရွက် သွားရှာခဲ့လော့" ဟု စေခိုင်းလိုက်သည်။

မဟာဒုက်ကလည်း မယား စေခိုင်းသည့်အတိုင်း စျေးတန်းသို့ သွားရှာဖွေကြည့်သော် ဟင်းသီးဟင်းရွက်များ မရသောကြောင့် မြစ်ကမ်း နားသို့သွားပြီး "ဒီနေ့တော့ ရဟန်းတော် အရှင်သူမြတ်အား ဆွမ်း ဘောဇဉ် ဆက်ကပ်လှူဒါန်းရတော့မယ်"ဟု ပျော်ပျော်ရွှင်ရွှင် သီချင်းဆို လျှက် ဟင်းသီးဟင်းရွက်များကို ခူးယူနေသည်။

ယင်းအချိန်ဝယ် ပိုက်ကွန်ကိုပစ်ချ၍ ကမ်းနား၌ ငါးဖမ်းနေသည့် တံငါသည်က "ဒီသီချင်းရဲ့အသံကား မဟာဒုက်ရဲ့အသံပဲ ဖြစ်လောက် တယ်" ဟု နှလုံးသွင်း၍ မဟာဒုက်ကိုလှမ်းခေါ်ပြီး ပြောဆိုလိုက်သည်မှာ-

"ဟော့ မဟာဒုက်! မင်းက ဒီကနေ့ဘာဖြစ်လို့ တအားကို ပျော်ရွှင်နေတာလဲပြောပြပါအုံး ဘာကြောင့်လို့လဲ?"။

"အစ်ကိုရေ! ကျွန်တော်က ရဟန်းတော်တစ်ပါးကို ဆွမ်းဆက်ကပ်ရမှာမို့လို့ပါ"။

တံငါသည်ကလည်း "ဪ အံ့ဩပေစွ၊ ရဟန်းတော် အရှင်သူမြတ်များက မင်းရဲ့ ဟင်းရွက်ကို ဘယ်လိုလို့ နှစ်သက်ကောင်းမွန်စွာ ဘုန်းပေး သုံးဆောင်ချင်မှာလဲ"ဟု ပြောဆိုလိုက်သည်။

"အစ်ကိုရေ! ဒါဆိုရင် ကျွန်တော် ဘယ်လိုလုပ်ရမလဲ၊ ကျွန်တော် ဟင်းသီးဟင်းရွက်ကလေးသာ တတ်နိုင်တယ်၊ ဟင်းသီးဟင်းရွက်ပဲ ဆက်ကပ်လှူဒါန်းတော့မယ်"ဟု ပြောဆိုလိုက်သည်။

တံငါသည်ကလည်း "မဟာဒုက်! သင် ဘာမှ မစိုးရိမ်ပါနဲ့၊ လာပါ၊ ဒီငါးများကို လာရွေးချယ်ပေးပါ၊ တစ်မတ်တန်တဲ့ငါးက သီးသန့် တစ်ပုံပုံထား ပေးပါ၊ နှစ်မတ်တန်တဲ့ငါးက သီးသန့်တစ်ပုံ ပုံထားပေးပါ၊ တစ်ကျပ်တန်တဲ့ငါးက သီးသန့်တစ်ပုံ ပုံထားပေးပါ" ဟု စေခိုင်းလိုက်သည်။ မဟာဒုက်ကလည်း တံငါသည် စေခိုင်းတဲ့အတိုင်းကို ပြုလုပ်ပေးသည်။ ရွေးချယ်စုပုံပြီးသွားသည့် ငါးများကို ဗာရာဏသီ မြို့သူ မြို့သားများက ရဟန်းသံဃာတော်များ၏ ဆွမ်းဟင်းအတွက် လာရောက် ဝယ်ယူသွားကြသည်။ မကြာခင်မှာ ငါးသည် ကုန်သွားသည်။ ထို့နောက် မဟာဒုက်သည် တံငါသည်ကို ပြောဆိုလိုက်သည်မှာ-

"အစ်ကို! ကျွန်တော် ပြန်တော့မယ် ရဟန်းသံဃာတော်များ ကြွလာတော့မယ်၊ ကြွလာဖို့အချိန် တဖြည်းဖြည်း နီးကပ်လာပြီ"ဟု ပြောဆိုလိုက်သည်။

"မဟာဒုက်! သင့်အတွက် ငါးယူပြီးပြီလား?"။

"အစ်ကို! ငါးတစ်ကောင်မှ မကျန်တော့ဘူး အကုန်လုံး ကုန်သွားပြီ"။

"မဟာဒုက်! ဒါဆိုရင် စောစောတုန်းက ငါ့အတွက် သဲပုံထဲမှာ မြုပ်သိမ်းထားတဲ့ ငါးကြင်းလေးကောင်တော့ ရှိတယ်။ မင်းက ရဟန်း

သံဃာတော်အား ဆွမ်းဟင်းအဖြစ် ကပ်ချင်တယ်ဆိုရင် အဲဒီ ငါးကြင်းလေးကောင်ကို ဖော်ယူသွားလိုက်ပါ” ဟု တံငါသည်က မဟာဒုက်အား ငါးကြင်းလေးကောင် ပေးလိုက်သည်။

## မဟာဒုက် လင်မယားနှစ်ယောက်ကို မြတ်စွာဘုရား မြင်တော်မူခြင်း

ယင်းနေ့ဝယ် မြတ်စွာဘုရားသည် နံနက်အခါ မြတ်စွာဘုရားတို့၏ အလေ့အလာ ဓမ္မတာ ဖြစ်တော်မူသော မဟာဖလသမာပတ်မှ ထတော်မူ၍ ဣန္ဒြိယပရောပရိယတ္တိဉာဏ်၊ အာသာနုသယဉာဏ်ဟု ဆိုအပ်သော မြတ်စွာဘုရား၏ မျက်လုံးတော်ဖြင့် တစ်သောင်းသော လောကကို ကြည့်ရှုတော်မူလိုက်သော် ဆင်းရဲသား မဟာဒုက်သည် မြတ်စွာဘုရား၏ ဉာဏ်တော် ကွန်ရက် စက်ကွင်းအတွင်းသို့ ဝင်လာသည်ကို မြင်တော်မူသည်။ “ဆင်းရဲသား မဟာဒုက်ဟာ ရဟန်းတော် တစ်ပါးကို ဆွမ်းဆက်ကပ် လှူဒါန်းဖို့အတွက် လင်မယား နှစ်ယောက် ယမန်နေ့က အခစား အလုပ် ပြုလုပ်ပြီးတဲ့ဟာကို မြင်တော်မူပါတယ်။ မဟာဒုက်က ဘယ်ရဟန်းကို ဆွမ်းဆက်ကပ်လှူဒါန်းခွင့်ရမှာလဲ”လို့ ကြံစည်တော်မူပြန်တော့ မြို့သူမြို့သားတွေက ကမ္ပည်းစာရင်းထဲမှာ ရေးမှတ်သားထားတဲ့ ရဟန်းတော် စာရင်းများကို အသီးသီး ကိုယ်စီ ကိုယ်စီ ပင့်ယူသွားကြပြီး မိမိတို့ရဲ့ အိမ်ပေါ်မှာ ရဟန်းတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းကြလိမ့်မယ်။ မဟာဒုက်က ငါဘုရားကို ချန်ထားပြီး ရဟန်းတော် တစ်ပါးကိုမှ မရရှိဘဲ ဖြစ်လိမ့်မယ်”ဟု စူးစမ်းဆင်ခြင် မြင်တော်မူသည်။

မြတ်စွာဘုရားတို့၏ အလေ့အကျင့် ထုံးတမ်းစဉ်လာ ဓမ္မတာတော်သည်ကား လောက၌ အမိအဖနှစ်ပါးတို့က မွေးဖွားလာသည့် သားသမီးတို့တွင် ဆင်းရဲငြိုငြင် ပင်ပန်းလျက် အထီးကျန်သည့် သားသမီးကိုသာ

သာလွန် ကြင်နာကရုဏာကြီးသဖြင့် အထူးပင် စောင့်ရှောက်, မစတော်မူ ကြသကဲ့သို့၊ ဆင်းရဲငြိုငြင်ပင်ပန်းလျက် အထီးကျန်သည့် သတ္တဝါများ၏ အပေါ်၌ သနားကြင်နာ ငဲ့ညှာတော်မူတတ်သည်။ ထို့ကြောင့် မြတ်စွာ ဘုရားသည် နံနက်စောစောကပင်လျှင် ကိုယ်လက် သုတ်သင်ခြင်းကို ပြုတော် မူ၍ မဟာဒုက်အား ချီးမြှောက်ထောက်ပံ့မည်ဟု အောက်မေ့ဆင်ခြင် တော်မူလျက် ဂန္ဓကုဋီကျောင်းတိုက်ထဲသို့ ကြွရောက် သီတင်းသုံး နေထိုင် တော်မူသည်။

## သိကြားမင်းက မဟာဒုက်အား ကူညီလုပ်ကိုင်ပေးခြင်း

မဟာဒုက်ကလည်း ငါးကြင်းလေးကောင်ကို ဆွဲယူကိုင်ဆောင်၍ အိမ်ထဲသို့ဝင်လာသော် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာကျောက်ဖျာက ပူလောင်လာတော့သည်။ သိကြားမင်းက "ဟဲ့. . ငါရဲ့ ကျောက်ဖျာက ဘာကြောင့် ပူလောင်လာတာလဲဟု လူ့ပြည်ကို လှမ်းကြည့်ရှုလိုက်တော့ ယမန်နေ့က မဟာဒုက်ဟာ ရဟန်းတော်တစ်ပါးအား ဆွမ်းဆက်ကပ် လှူဒါန်းဖို့အတွက် ဇနီးမောင်နှံနှစ်ယောက် အခစားအလုပ်ကို ကြိုးစား အားထုတ် သွားရောက်လုပ်ကိုင်တယ်။ အဲဒီမဟာဒုက်အား ရဟန်း တစ်ပါး မှမရရှိပဲ မြတ်စွာဘုရား ကိုယ်တော်တိုင်က မဟာဒုက်အား ချီးမြှောက် ထောက်ပံ့လိမ့်မယ်၊ ယခုလောလောဆယ်တော့ မြတ်စွာဘုရား ဂန္ဓကုဋီ ကျောင်းတိုက်ထဲမှာပဲ ရှိနေသေးတယ်။

မဟာဒုက်က သူ့စွမ်းနိုင်သလောက် စီမံ၍ ယာဂုဆွမ်း၊ ငါးကြင်း ဟင်းလျာ၊ အသီးအရွက်ဟင်းလျာကို မြတ်စွာဘုရားအား ဆက်ကပ် လှူဒါန်း လိမ့်မယ်။ ယခုအခါ ငါကိုယ်တော်တိုင် မဟာဒုက်ရဲ့အိမ်သို့သွားပြီး ထမင်း ချက်အလုပ်ကို ပြုလုပ်ပေးမှ သင့်တော်မယ်ဟု ဤသို့ ကြံစည်လိုက်သည်။

သိကြားမင်းသည် မထင်မရှားသည့် သာမာန်ယောကျ်ားလေး၏ အသွင်ဖြင့် ဖန်ဆင်း၍ မဟာဒုက်ရဲ့အိမ်သို့သွား၍ ပြောကြားလိုက်သည်မှာ-

"အစ်ကို! အလုပ်လုပ်ဖို့အတွက် လူငှားရမ်းအုံးမှာလား?"။

မဟာဒုက်က အဲဒီလုလင်ယောင်ဆောင်လာသော သိကြားမင်းကို "မိတ်ဆွေ! သင်က ဘယ်လိုအလုပ်မျိုးတွေကို လုပ်တတ်တာလဲ?"။

သိကြားမင်းက "အစ်ကို! ကျွန်တော်က ဘယ်လိုအလုပ်မျိုးကိုမဆို အကုန်လုံး လုပ်တတ်ပါတယ်။ ကျွန်တော် မလုပ်တတ်တဲ့ အလုပ်ဆိုတာ မရှိဘူး၊ ကျွန်တော် မသိမမြင်တဲ့ဟာဆိုတာ မရှိဘူး၊ ယာဂု ထမင်းဟင်းများကိုလည်း ထူးကဲ ကောင်းမွန်တဲ့ အရသာနဲ့ပြည့်စုံအောင် ချက်တတ်တယ်။ ထမင်းကောင်း ဟင်းကောင်းတွေထဲက အကောင်းဆုံးဟင်း အကောင်းဆုံးထမင်း ဖြစ်အောင် ကျွန်တော် ကျွမ်းကျင်စွာ ချက်တတ်ပြုတ်တတ်ပါတယ်"ဟု ဖြေကြားလိုက်သည်။

မဟာဒုက်က "မိတ်ဆွေ! ကျွန်တော်က သင်ချက်တဲ့ ထူးကဲတဲ့ အရသာ ထမင်းဟင်းတွေကိုတော့ လိုချင်ပါတယ်။ ဒါပေမဲ့ သင့်အတွက် ထမင်းချက်ခ ဟင်းချက်ခ ပေးဖို့အတွက် ကျွန်တော့်ဆီမှာ ပေးစရာ ပစ္စည်းဘာမှမရှိဘူး"။

သိကြားမင်းက"အစ်ကို! အစ်ကိုက ထူးကဲအရသာဆောင်တဲ့ ထမင်းကောင်း ဟင်းကောင်းတွေကို ဘာလုပ်မှာလဲ?။"

မဟာဒုက်က"မိတ်ဆွေ! သင်ချက်ပေးတဲ့ ထူးကဲအရသာ ထမင်းဟင်းများကို ရဟန်းတော်တစ်ပါးအား ဆက်ကပ် လှူဒါန်းချင်ပါတယ်"။

သိကြားမင်းက "အစ်ကို! အစ်ကိုက ရဟန်းတော်တစ်ပါးအား တကယ်လို့ ဆွမ်းကပ်ချင်တယ်ဆိုရင် ကျွန်တော့်အား အဖိုးအခ မပေးပါနဲ့တော့ ကျွန်တော် အဖိုးအခ မလိုချင်ပါဘူး၊ သင့်ကို ကူညီပေးတဲ့ အနေနဲ့ ထမင်းဟင်း ချက်ပေးမယ်လေ။ ကျွန်တော်လည်း ကုသိုလ် ကောင်းမှု ပြုသင့် ပြုထိုက်တဲ့ လူတစ်ယောက်ပဲ မဟုတ်လား"။

"မိတ်ဆွေ! ဒီလိုဆိုရင် လာလေ အိမ်ထဲဝင်ခဲ့လေ"။

သိကြားမင်းကလည်း ဆင်းရဲသား မဟာဒုက်အိမ်ထဲသို့ ဝင်သွားပြီး ဆန်၊ ဆီ စသည်တို့ကို တောင်းယူပြီးလျှင် ဆင်းရဲသား မဟာဒုက်အား ပြောကြားလိုက်သည်မှာ-

"အစ်ကိုမဟာဒုက်! သွားလို့ရပြီ၊ အစ်ကိုအတွက် ရသင့်ရထိုက်တဲ့ ရဟန်းတော်ကို သွားပင့်ဆောင်လာခဲ့ပါလော့၊ ကျွန်တော် ထမင်းဟင်း ချက်ပေးထားမယ်"ဟု ပြောဆိုလိုက်သည်။

စာရေးတံအလှူ စီမံကြည့်ရှု ပြုစုဆောင်ရွက် စာရင်းဇယား ကိုင်ဆောင်ထားသည့် ပညာရှိ ယောက်ျားသည် ကမ္ပည်းစာမှာ ရေးသား မှတ်ထားသည့် စာရင်းနာမည်ဖြင့်သာလျှင် ဗာရာဏသီမြို့သူမြို့သားများ အသီးသီး သူတို့၏ အိမ်တို့သို့ ရဟန်းတော်များကို ဆယ်ပါး ပင့်လျှောက် ထားသည့် အိမ်ကလည်း ဆယ်ပါး။ အပါးနှစ်ဆယ် ပင့်လျှောက်ထားသည့် အိမ်ကလည်း အပါးနှစ်ဆယ်။ အပါးတစ်ရာ ပင့်လျှောက်ထားသည့်အိမ် ကလည်း အပါးတစ်ရာ။ အပါးသုံးရာ ပင့်လျှောက်ထားသည့် အိမ်က လည်း အပါးသုံးရာ။ အပါးငါးရာ ပင့်လျှောက်ထားသည့် အိမ်ကလည်း အပါးငါးရာ။ အသီးသီး ပင့်လျှောက် စေလွှတ်လိုက်ကြသည်။

မဟာဒုက်လည်း စာရင်းကိုင်ယောက်ျား၏ဆီသို့ သွား၍ ပြော လိုက်သည်မှာ-

"အစ်ကို! ကျွန်တော်အတွက် ရသင့်ရထိုက်တဲ့ ရဟန်းတော် တစ်ပါး ကို ပေးသနားတော်မူပါလော့"ဟု တောင်းဆိုလိုက်သည်။

စာရင်းကိုင်ယောက်ျားကလည်း "မဟာဒုက်! သင်ပင့်ဖိတ် ပန်ကြား တုန်းက ငါ မရေးလိုက်ရဘူး၊ သင့်အတွက် ရဟန်းတော်တစ်ပါးကို ငါ မေ့လျော့ခဲ့ပြီ"ဟု ပြောဆိုလိုက်သည်။ ဆင်းရဲသား မဟာဒုက်သည် ထိုစကားကိုကြားလျှင် လှံစားသွားဖြင့် မိမိ၏ နှလုံးသားကို ထိုးဆွပစ် သကဲ့သို့ ပြောမပြတတ်အောင် ခံစား၍ စာရင်းကိုင်ယောက်ျားကို ပြောဆို လိုက်သည်မှာ-

"အစ်ကို! အစ်ကိုက ဘာကြောင့် ကျွန်တော်ရဲ့ သဒ္ဓါတရားကို ဖျက်ဆီးပစ်တာလဲ၊ မနေ့တုန်းက အစ်ကိုက ကျွန်တော့်ကို လာတိုက် တွန်း နိုးဆော်ချိန်မှာ ကျွန်တော် မတတ်စွမ်းနိုင်ဘူးလို့ ငြင်းပယ်လျက်နဲ့ အစ်ကို က ကျွန်တော့်ကို ထပ်ခါ ထပ်ခါ နိုးဆော် တိုက်တွန်းခဲ့တယ် မဟုတ်လား။ အစ်ကိုရဲ့ တိုက်တွန်းနှိုးဆော်လို့ ကျွန်တော် ရဟန်းတော်တစ်ပါး

ပင့်ဖိတ်လက်ခံတယ်။ ပင့်ဖိတ်ထားတဲ့ ရဟန်းတော်တစ်ပါးကို ယခုပေးပါလော့။ ဆွမ်းကပ်နိုင်ရေးအတွက် ကျွန်တော်တို့ လင်မယား နှစ်ယောက် မနေ့က တစ်နေ့လုံးလုံး ကိုယ်သက်ခန္ဓာ မငဲ့ညှာဘဲ ပင်ပန်းကြီးစွာခံပြီး သူများတို့ရဲ့အိမ်မှာ အလုပ်သွားလုပ်ရတယ်။ ပြီးတော့ ဒီနေ့နံနက်စောစောကပဲ အိပ်ရာထပြီး ဆွမ်းဟင်းအတွက် မြစ်ဆိပ်ကမ်းပါးမှာ လှည့်ပတ်ရှာဖွေလျက် သွားရှာယူလာခဲ့ရတယ်။

ကျွန်တော့်ကို သနားကြင်နာ ငဲ့ညှာတော်မူသောအားဖြင့် ရဟန်းတော်တစ်ပါး ပေးသနားတော်မူပါဟု" အထပ်ထပ်အခါခါ တောင်းဆိုလျက် လက်အုပ်ချီပြီး သည်းထန်စွာ အော်ဟစ်ငိုကြွေး မြည်တမ်းနေတော့သည်။ ဆင်းရဲသားမဟာဒုက်သည် "ငါကြိုးစား အားထုတ် ရှာဖွေထားတဲ့ ဆွမ်း၊ ဆွမ်းဟင်းများဟာ အလကားဖြစ်သွားပြီ"ဟု ကြံစည်တွေးတောပြီး ငိုကြွေးမြည်တမ်းနေတော့သည်။

## 'မဟာဒုက်က မြတ်စွာဘုရား သပိတ်တော်ကိုရခြင်း'

များစွာသောလူတို့သည် မဟာဒုက်ဆီသို့ ချဉ်းကပ် ရောက်လာကြ၍ ပြောလိုက်သည်မှာ- "ဟိုင်း မဟာဒုတ်! သင်က ဘာကြောင့် ငိုကြွေးနေတာလဲ? "ဟု မေးကြည့်ကြသော် မဟာဒုက်က ထိုအကြောင်းကို လူအများအား ပြန်ပြောပြလိုက်သည်။

များစွာသောလူတို့သည် စာရင်းကိုင်ဆောင်ထားသည့် ယောကျ်ားကို ပြောလိုက်ကြသည်မှာ-

"မိတ်ဆွေ! သင်က ဒီဆင်းရဲသား မဟာဒုက်လေးကို သူတစ်ပါးရဲ့အိမ်မှာ အခစားအလုပ်ပြုလုပ်ပြီး ရဟန်းတော်တစ်ပါးအား ဆွမ်းဆက်ကပ်လိုက်ပါ"လို့ သင်က မဟာဒုက်ကို စေခိုင်းလိုက်တယ်ဆိုတာ ဟုတ်မှန်ရဲ့လား? ဟု မေးကြည့်ကြသည်။

စာရင်းကိုင်ယောကျ်ားက "အရှင်တို့! ဟုတ်မှန်ပါတယ် မနေ့က ကျွန်တော် မဟာဒုက်ကို စေခိုင်းလိုက်ပါတယ်"။

"မိတ်ဆွေ! သင်က တာဝန်ကြီးတဲ့ အမှုကို ပြုမိလေစွတကား။ ဒီလောက် အရေအတွက် များပြားတဲ့ ရဟန်း သံဃာတော် စာရင်းဇယားများကို ကိုင်ဆောင်ထားပါလျက် မဟာဒုက်အတွက် ရဟန်းတစ်ပါးလေးတောင် မရှိတော့ဘူးလား" ဟု ပြောဆိုကြသည်။

စာရင်းကို ယောကျ်ားကလည်း မြို့သူမြို့သားများတို့၏ ပြောဆိုကြသည့်စကားဖြင့် နှလုံးမသာယာ စိတ်မကောင်းရှာ၍ မဟာဒုက်အား တောင်းပန်စကား ပြောကြားလိုက်သည်မှာ-

"မိတ်ဆွေမဟာဒုက်! ကျွန်တော့်ကို ဘာမှအပြစ်မမြင်ပါနဲ့၊ ကျွန်တော့်ကို မဖျက်ဆီးပါနဲ့၊ ကျွန်တော် တောင်းပန်ပါတယ်။ သင်ရဲ့ အလှူဒါန ကုသိုလ်ကောင်းမှုကြောင့် ကျွန်တော် ပျက်စီးရတော့မယ်။ သင်ရဲ့ကုသိုလ်ကြောင့် ကျွန်တော်မျက်မှောက်ဘဝ တမလွန်ဘဝတို့မှာ အပြစ်ဖြစ်တော့မယ်၊ မြို့သူမြို့သားများက ကမ္ပည်းစာထဲမှာ ရေးသားမှတ်ထားတဲ့ အတိုင်း အတာနဲ့ မိမိအား ရသင့်ရထိုက်တဲ့ ရဟန်းတော်များကို လာပင့်ဆောင် သွားကြပြီ။ တစ်ပါးမှ မကျန်တော့ဘူး သူတို့ရဲ့အိမ်ပေါ်မှာ သီတင်းသုံး ထိုင်နေပြီးတဲ့ ရဟန်းတော်ကိုလည်း တစ်ဖန်ပြန်တောင်းယူပြီး သင့်ကို ပေးမယ်ဆိုရင်လည်း မကောင်းဘူး။ ယခုအခါမှာ မြတ်စွာဘုရား ကိုယ်တော်မြတ် ဟာ ဂန္ဓကုဋိကျောင်းတိုက်ထဲမှာ သီတင်းသုံး နေထိုင်တော်မူတဲ့ အချိန် ဖြစ်ပါတယ်။

ရှင်ဘုရင်မင်းမြတ်, အိမ်ရှေ့မင်းသား, အမတ်, စစ်သူကြီး အစရှိသော မင်းမှုထမ်း၊ လူကြီးတို့ကလည်း မြတ်စွာဘုရား ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူရင် မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ယူမယ်လို့ စောင့်ဆိုင်းနေကြတယ်။ မြတ်စွာဘုရားဆိုတာ ဆင်းရဲငြိုငြင်ပင်ပန်းဒုက္ခရောက်နေတဲ့ သူကို အစဉ်သနားတော်မူတတ်တယ်၊ မဟာဒုက် သင်ဟာ ကျောင်းတော်သို့ သွားပြီး 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရားတပည့်တော်ကား အလွန်အကဲ ဆင်းရဲနွမ်းပါးတဲ့ ဆင်းရဲသားတစ်ယောက်ဖြစ်ပါတယ်ဘုရား၊ ဘုရားတပည့်တော်အား အစဉ် သနားတော်မူသောအားဖြင့် ချီးမြှောက်ခြင်းကို ပြုပေးတော်မူပါဘုရားလို့ လျှောက်ထားတောင်းပန်ပြီး သင်က

တကယ်လို့ ဘုန်းကံရှိရင်တော့ မချွတ်ဧကန် အမှန်စင်စစ် မြတ်စွာဘုရားရဲ့ သပိတ်တော်ကို သင်ရမှာ သေချာတယ်" ဟု ညွှန်ကြား ပြောဆိုစေလွှတ်လိုက်သည်။

မဟာဒုက်ကလည်း စာရင်းကိုင်ယောက်ျား ညွှန်ကြားသည့်အတိုင်း ကျောင်းတော်သို့ သွားလေသည်။ ယင်းအချိန်ဝယ် ရှင်ဘုရင်မင်းမြတ်၊ အိမ်ရှေ့မင်းသား၊ အမတ်၊ စစ်သူကြီး အစရှိသော မင်း, မင်းမှုထမ်း လူကြီးများသည် အခြားသောနေ့များ၌ပင် ကျောင်းတော်သို့လာ၍ ရဟန်းသံဃာတော်များ၏ ထမင်းဟင်းကျန် စားကြွင်းများကို လာတောင်းစားသည်ကို မြင်ဖူးကြသောကြောင့် ဒီနေ့လည်း ထမင်းကျန်ဟင်းကျန် လာတောင်းစားသည်ဟု မှတ်ထင်ကြ၍ ပြောကြားလိုက်ကြသည်မှာ-

"ဟိုင်း မဟာဒုက်! ဒီအချိန်အခါမှာ ဆွမ်းစားတဲ့ အချိန်အခါ မဟုတ်သေးဘူး၊ အခု ဘာကြောင့် ရောက်လာတာလဲ? ဟု မင်းမှုထမ်းများက မဟာဒုက်အား ပြောဆိုကြသည်။

မဟာဒုက်က " ဂုဏ်သရေရှိလူကြီးအပေါင်းတို့! ဆွမ်းစားချိန် မဟုတ်သေးဘူးဆိုတာ ကျွန်တော် သိပါတယ်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကို ရှိခိုးဖို့လာတာပါ၊ ထမင်းကျန်ဟင်းကျန် လာတောင်းစားတာ မဟုတ်ဘူးဗျာ့" ဟု ပြောဆိုပြီးလျှင် ဂန္ဓကုဋီကျောင်းတိုက် လှေကားခုံ၌ ဦးခေါင်းကို ချထားပြီးသော် ထိခြင်းငါးပါးဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးတော့ လျှောက်ထားတောင်းပန်လိုက်သည်မှာ-

"ဘန္တေ ဣမသ္မိံနဂရေ မယာ နုဂ္ဂတတရောနတ္ထိ၊ အဝဿယော မေ ဟောထ ကရောထ မေသင်္ဂဟံ၊

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဘုရား! ဒီဗာရာဏသီမြို့တော်ကြီး၌ နေထိုင်ကြတဲ့ လူအပေါင်းတွေထဲက ဘုရားတပည့်တော်ထက် ယုတ်နိမ့်ပြီး ဆင်းရဲ ငြိုငြင်ပင်ပန်းတဲ့လူကား တစ်ယောက်မှ မရှိတော့ဘူးဘုရား၊ အရှင်ဘုရားတို့က တပည့်တော်ရဲ့ အားထား ကိုးကွယ် မှီခိုရာဖြစ်တော်မူပါတယ်ဘုရား။ ဘုရားတပည့်တော်အား အစဉ်သနားသော

အားဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းကို ပြုတော်မူကြပါလော့ဘုရား” ဟု လျှောက်ကြားလိုက်သည်။

မြတ်စွာဘုရားသည် ဂန္ဓကုဋီတိုက်တံခါးကိုဖွင့်၍ သပိတ်တော်ကို မဟာဒုက်၏ လက်ပေါ်၌ တင်ထားပေးလိုက်သည်။ မဟာဒုက်လည်း မြတ်စွာဘုရား သပိတ်တော်ကို ရပြီးလျှင် စကြာမင်းကဲ့သို့ ဖြစ်သွားသည်။

## “မဟာဒုက်ဆီမှ မြတ်စွာဘုရားရဲ့သပိတ်တော်ကိုဝယ်ခြင်း”

ရှင်ဘုရင်မင်းမြတ် အိမ်ရှေ့မင်းသား၊ အမတ်၊ စစ်သူကြီး အစ ရှိကုန်သော မင်း, မင်းမှုထမ်းတို့သည် အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား မျက်နှာကို ကြည့်ရှုငေးကြည့်ကြလေသည်။ မြတ်စွာဘုရား ကိုယ်တော်တိုင်က မဟာဒုက်အား ပေးသနားတော်မူအပ်ထားသည့် သပိတ်တော်ဖြစ်၍ တစ်စုံတစ်ယောက်သောသူမျှသည် အစိုးရ အာဏာရှိကြသော်လည်း အာဏာဖြင့် အတင်းအဓမ္မ ယူခြင်းငှာ စွမ်းနိုင်သည့်သူဆိုတာ မရှိပါ။

မင်းကြီးက “ဟိုင်းမဟာဒုက်! ငါတို့ကို မြတ်စွာဘုရားရဲ့ သပိတ်တော်ကို ပေးပါလား၊ မင်းကို အသပြာရွှေငွေများကို ပြန်ပေးပါ့မယ်၊ မင်းဟာ အလွန်ဆင်းရဲတယ်၊ အဲဒါကြောင့် ပစ္စည်းဥစ္စာ ရွှေငွေတွေကိုသာ ယူပါလော့။ မြတ်စွာဘုရားရဲ့ သပိတ်တော် မင်းအတွက် ဘာအကျိုးရှိမှာမို့ လို့လဲ?”။

မဟာဒုက်ကလည်း “အရှင်မင်းကြီး! ဒီသပိတ်တော်ဟာ ကျွန်တော် ဘယ်သူကိုမှ မပေးနိုင်တော့ဘူး၊ ကျွန်တော် ပစ္စည်းဥစ္စာ ရွှေငွေ ဘဏ္ဍာလည်းမလိုချင်ဘူး။ မြတ်စွာဘုရားကိုယ်တော်မြတ်ကိုသာ ဆွမ်းဆက်ကပ်လှူဒါန်း ချင်တယ်”ဟု ပြန်ပြောသည်။ ကြွင်းကျန်ကုန်သော မင်းသားစသော လူကြီးတို့ကလည်း သပိတ်တော်ကိုတောင်း၍ မရသည့်အတွက်ကြောင့် စိတ်ပျက်သွား၍ ပြန်သွားကြသည်။

ရှင်ဘုရင်ကြီးသည် ကြံစည်တော်မူသည်မှာ “မဟာဒုက်ဟာ ပစ္စည်း ဥစ္စာ ရွှေငွေ၊ ဘဏ္ဍာများနဲ့ ဖြားယောင်း ဝယ်ယူပါသော်လည်း မြတ်စွာဘုရားရဲ့ သပိတ်တော်ကို မပေးဘူး။ မြတ်စွာဘုရားကိုယ်တော်တိုင် သနားတော်မူသောအားဖြင့် ချီးမြှင့်ပေးထားတဲ့ သပိတ်တော် ဖြစ်နေလို့ အတင်းအဓမ္မ ယူရင်လည်း မကောင်း၊ သူ့ရဲ့လှူဒါန်းဖွယ်ရာ ပစ္စည်းဝတ္ထုအစုကား ဘယ်လောက်များရှိပြီး ဘယ်လောက်များ လှူနိုင်မှာလဲ။ မဟာဒုက် လှူဖွယ်ဝတ္ထုပစ္စည်းအစုကို ဆက်ကပ်လှူဒါန်း ပေးပြီးတဲ့နောက်မှာ မြတ်စွာဘုရားကို ပြန်ပင့်ယူ၍ ငါ့ရဲ့နန်းတော်သို့ ပင့်ဆောင်ပြီးလျှင် ငါနေ့စဉ် သုံးဆောင်စားသောက်နေကြတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်အဟာရတွေကို ဆက်ကပ်လှူဒါန်းမယ်”ဟု ကြံစည်၍ မြတ်စွာဘုရားနှင့် အတူတကွ မဟာဒုက်၏အိမ်သို့ လိုက်သွားလေသည်။ လုလင်အသွင် ဖန်ဆင်းထားသည့် သိကြားမင်းကလည်း ယာဂုဆွမ်း၊ ဆွမ်းဟင်းခဲဖွယ်ဘောဇဉ်များကို ပြည့်စုံအောင်စီရင်၍ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူရန်အတွက် နေရာခင်းပေးထားသည်။ မဟာဒုက်သည် မြတ်စွာဘုရားကို အိမ်သို့ ပင့်ဆောင်လာ၍ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဘုရား! အိမ်ထဲသို့ ကြွဝင်တော်မူပါလော့ဘုရား”ဟု လျှောက်ထားလိုက်သည်။

မဟာဒုက်၏အိမ်ကား နိမ့်သည့်အိမ်ကလေးဖြစ်သည်။ မြတ်စွာဘုရားတို့ မည်သည်ကား ခန္ဓာကိုယ်ညွတ်ကိုင်းပြီး ဦးခေါင်းငုံ့၍ ကြွတော်မူသည်ဆိုတာ ထုံးစံမရှိ။ ထို့ကြောင့် မြတ်စွာဘုရားသည် မဟာဒုက်၏ အိမ်ထဲသို့ ကြွဝင်တော်မူသည့်အချိန်ဝယ် မဟာပထဝီ မြေကြီးက အောက်သို့ နိမ့်၍ ကျပေးရသည်။ အိမ်က အထက်သို့မြင့်၍ တက်ပေးရသည်။ အဝိညာဏက ဖြစ်ကြသည့် မြေ၊ အိမ်တို့သည် ဤသို့ ဖြစ်ရခြင်းသည်ကား မြတ်စွာဘုရား ကိုယ်တော်မြတ်တို့အား ပါရမီကို ဖြည့်ဆည်းမှု ပြုကျင့်တော်မူစဉ်အခါက ကောင်းစွာ ပေးကမ်း လှူဒါန်းအပ်သော ဒါန၏ အကျိုးဆက် အာနိသင်တော်ကြောင့် ဖြစ်သည်။ တစ်ဖန် မြတ်စွာဘုရား ကြွတော်မူပြီး သည့်အခါ၌ မြေ၊ အိမ်တို့သည် ပကတိ ပင်ကိုမူလ သဘာဝ အတိုင်းသာလျှင် ပြန်ဖြစ်သွားသည်။ ထို့ကြောင့် မြတ်စွာဘုရား ကိုယ်တော်

မြတ်သည် တံတံမတ်မတ် ရပ်တော်မူလျက်သာလျှင် မဟာဒုက်၏ အိမ်ထဲသို့ ကြွဝင်တော်မူ၍ သိကြားမင်း ခင်းထားသည့်နေရာ၌ ထိုင်နေတော်မူလေသည်။

ထို့နောက် ရှင်ဘုရင်မင်းကြီးက "ဟိုင်းမဟာဒုက်! ငါတို့က မင်းဆီ မြတ်စွာဘုရားရဲ့သပိတ်တော် တောင်းယူကြပါသော်လည်း မင်းက ငါတို့ကို သပိတ်တော် မပေးဘူး၊ ငါတို့က မင်းအိမ်အထိသို့ လိုက်လာတာဟာ မင်းက ဘယ်လို ထမင်းဟင်းအာဟာရမျိုးနဲ့ မြတ်စွာဘုရားကို ဆက်ကပ် လှူဒါန်းမှာလဲ၊ သိချင်မြင်ချင်လို့ မင်းအိမ်အထိသို့ လိုက်လာတာပဲ ဖြစ်ပါတယ်"ဟု ပြောပြလိုက်သည်။

ယင်းအချိန်ဝယ် သိကြားမင်းက ရှင်ဘုရင်မင်းကြီးအား ယာဂုဆွမ်း၊ ဆွမ်းဟင်းခဲဖွယ်များကို ဖွင့်ပြလိုက်သည်။ ၎င်းယာဂုဆွမ်း၊ ဆွမ်းဟင်းခဲဖွယ် တို့၏ ရနံ့ကောင်းသည် ဗာရာဏသီမြို့ တစ်မြို့လုံးကို ဖုံးအုပ် ပျံ့နှံ့သွားတော့သည်။ မင်းကြီးသည် ယာဂုဆွမ်း၊ ဆွမ်းဟင်းခဲဖွယ်များကို ကြည့်ရှုပြီးသည့်နောက် မြတ်စွာဘုရားကို လျှောက်ထားလိုက်သည်မှာ-

"မြတ်စွာဘုရား! မဟာဒုက်ရဲ့ ယာဂုဆွမ်း၊ ဆွမ်းဟင်းခဲဖွယ်တွေဟာ ဘာဖြစ်လို့ ကောင်းမွန် မွှေးကြိုင်တာလဲဘုရား၊ သူဟာ တကယ်လို့ မကောင်းညံ့ဖျင်းတဲ့ ဆွမ်း ဆွမ်းဟင်းခဲဖွယ်တွေနဲ့ မြတ်စွာဘုရားကို ဆက်ကပ်လှူဒါန်းရင် တပည့်တော်က တစ်ဖန် မြတ်စွာဘုရားကို နန်းတော်သို့ ပြန်ပင့်ဆောင်ပြီး တပည့်တော်အား စီရင်ထားတဲ့ ဆွမ်း ဆွမ်းဟင်းခဲဖွယ်တွေကို ဆက်ကပ်လှူဒါန်းမယ်လို့ နှလုံးသွင်းပြီး လိုက်လာခဲ့တာပဲ ဖြစ်ပါတယ် ဘုရား၊ ဘုရားတပည့်တော်ဟာ ဒီလိုထူးကဲတဲ့ ယာဂုဆွမ်း ဆွမ်းဟင်းခဲဖွယ် ဘောဇဉ်တွေကို ရှေးအခါကာလက တစ်ခါမှ မတွေ့မြင်ခဲ့ဖူးဘုရား၊ ဘုရားတပည့်တော် ဒီနေရာမှာ ဆက်စောင့်နေရင် မဟာဒုက်က ပင်ပန်း နွမ်းနယ်အနေခက်နေရလိမ့်မယ် ဘုရား။ ဘုရား တပည့်တော် ပြန်ခွင့်ပြုတော်မူပါ ဘုရား"ဟု လျှောက်ထားပြီး မြတ်စွာဘုရားကို ရှိခိုးဦးချပြီးတော့ နန်းတော် သို့ ပြန်သွားသည်။

# "ဆင်းရဲသားမဟာဒုတ်၏ အိမ်၌ ရတနာ (၇) ပါး မိုးရွာခြင်း"

ရှင်ဘုရင်ပြန်သွားပြီးသည့်နောက် သိကြားမင်းကလည်း မြတ်စွာဘုရားကို ယာဂုဆွမ်း ဆွမ်းဟင်း ခဲဖွယ်ဘောဇဉ်များဖြင့် ရိုသေစွာ ဆက်ကပ်လှူဒါန်းလိုက်သည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဆွမ်းခဲဖွယ်များကို ဘုဉ်းပေး သုံးဆောင်တော်မူသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်က ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ဘုဉ်းပေး သုံးဆောင်ပြီးသည့်နောက်မှာ မဟာဒုက် လင်မယားနှင့် သိကြားမင်းအား အနုမောဒနာ တရားတော်ကို ဟောကြားပေးတော်မူပေးတော်မူပြီး ကျောင်းတော်ကြီးသို့ ပြန်ကြွတော်မူသည်။ သိကြားမင်းက မဟာဒုက်အား မြတ်စွာဘုရားကို ကျောင်းတော်ကြီးသို့ လိုက်ပို့ပါ ဟူသော အမူအရာကိုပြ၍ မဟာဒုက်လည်း မြတ်စွာဘုရား၏ သပိတ်တော်ကိုယူပြီး မြတ်စွာဘုရား ကိုယ်တော်မြတ်၏ နောက်တော်ကနေ တကောက်ကောက် အစဉ်လိုက်၍ ကျောင်းတော်ကြီးသို့ လိုက်ပို့ပေးသည်။

သိကြားမင်းသည် မဟာဒုက်၏ အိမ်တံခါးဝ၌ရပ်လျက် ကောင်းကင်ပေါ်သို့ မော့်ကြည့်၍ ကောင်းကင်ပေါ်မှ ရတနာခုနစ်ပါး မိုးကြီးများရွာချစေ၍ မဟာဒုက်၏အိမ်ထဲ၌ ရှိရှိသမျှအိုးခွက်များကို ရတနာ ခုနစ်ပါးဖြင့် ပြည့်စေပြီးလျှင် မိမိ၏နေရာ နတ်ပြည်သို့ ပြန်တက်သွားသည်။ မဟာဒုက်၏ အိမ်တစ်အိမ်လုံး ရတနာခုနစ်ပါး ပြည့်လျှံသွားသဖြင့် မဟာဒုက်၏ အိမ်အတွင်းမှာ လူနေထိုင်ဖို့ နေရာလေးတောင် မရှိ မကြွင်း မကျန်တော့ဘဲ ရတနာခုနစ်ပါး ပြည့်သွားသည်။ မဟာဒုက်၏ မယားက သားငယ်များ၏ လက်ကို ဆွဲကိုင်၍ အိမ်၏ အပြင်ဘက်၌ ထွက်နေရသည်။

မဟာဒုက်သည်မြတ်စွာဘုရားကို ကျောင်းတော်သို့ အစဉ် လိုက်ပို့ပြီး၍ အိမ်သို့ပြန်လာသည့်အခါ အိမ်၏ အပြင်ဘက်သို့ ထွက်နေကြသည့်

သားငယ်လေးနှင့်မယားကိုမြင်၍ "ချစ်နှမ! နင်တို့ မိသားစုကဘာကြောင့် အိမ်ထဲမှာ မနေကြဘဲနဲ့ အိမ်အပြင်မှာ ထွက်နေကြတာလဲ?"။

မယားဖြစ်သူက"ချစ်ကိုကို ! ငါတို့အိမ်ထဲမှာ ရတနာခုနစ်ပါးများ ပြည့်လျှံနေလို့ပါ နေလို့မရဘူး အစ်ကိုရယ်" ဟု ပြောကြားလိုက်သည်။

မဟာဒုက်က "ဩော် ဒီနေ့ပဲ ငါလှူဒါန်းတဲ့ ဒါနကုသိုလ် ကောင်းမှုဟာ အကျိုးတရား ချက်ချင်းလက်ငင်းပေးလေပြီ"ဟု အံ့ဩ၍ နန်းတော်သွားပြီး မင်းကြီးချည်းကပ်လေသည်။ မဟာဒုက်ရောက်လာ သည့်အချိန်မှာ မင်းကြီးကမေးလိုက်သည်မှာ-

"ဟိုင်းမဟာဒုက်! ဘာကိစ္စကြောင့် ငါ့ဆီရောက်လာတာလဲ?"။

မဟာဒုက်က" အရှင်မင်းမြတ်! ကျွန်တော်မျိုးရဲ့အိမ်မှာ ရတနာ ခုနစ်ပါးများ ပြည့်နေပါတယ်။ အဲဒီ သန္တာ၊ ရွှေ၊ ငွေ၊ ပုလဲ၊ ကျောက်မျက်ရွဲ၊ စိန်၊ ပတ္တမြားတွေကို အရှင်မင်းမြတ် သွားသိမ်းဆည်းထားတော်မူပါ"ဟု သံတော်ဦးတင်လိုက်သည်။

ရှင်ဘုရင်မင်းကြီးက "ဩော် အံ့ဖွယ်ရှိလေစွတကား၊ မြတ်စွာဘုရား အား လှူဒါန်းတဲ့ ဒါနအလှူဟာ ယနေ့ပဲ ချက်ချင်းလက်ငင်း အကျိုးပေး တယ်ဟု နှလုံးသွင်းပြီးတော့ "မဟာဒုက်! မင်းရဲ့ ရတနာ ခုနစ်ပါးများက ဘာနဲ့ သယ်ဆောင်ယူမှ ရမှာလဲ?"။

မဟာဒုက်က "အရှင်မင်းမြတ်! ကျွန်တော်မျိုးရဲ့ ရတနာခုနစ်ပါး များကို လှည်းပေါင်းတစ်ထောင်တို့နဲ့ သယ်ဆောင်ယူမှရမယ်"ဟု သံတော် ဦးတင်လိုက်သည်။

ရှင်ဘုရင်မင်းကြီးက လှည်းပေါင်းတစ်ထောင်တို့ကို စေလွှတ်၍ ရတနာခုနစ်ပါးများကို သယ်ဆောင်ယူပြီးလျှင် မင်းရင်ပြင်၌ စုပုံထားစေ သဖြင့် ရတနာခုနှစ်ပါး၏ အပုံကြီးသည် ထန်းပင်တစ်ပင်စာလောက် အပုံ ကြီး မြင့်တက်သွားသည်။ ရှင်ဘုရင်မင်းမြတ်သည် ဗာရာဏသီ မြို့သူမြို့သား များကို စည်းဝေးစေ၍ မိန့်ကြားလိုက်သည်မှာ-

"ဂုဏ်သရေရှိ လူကြီးအပေါင်းတို့! ဒီဗာရာဏသီ မြို့ကြီးရဲ့ အတွင်း၌ နေထိုင်ကြတဲ့ မြို့သူမြို့သားတွေထဲက ဒီမျှလောက် များပြားတဲ့ ရတနာခုနစ်ပါး ကြွယ်ဝချမ်းသာတဲ့ သူဌေးကြီးရှိပါသလား"?။

မင်းမှုထမ်း, သူဌေး လူကြီးများကလည်း "အရှင်မင်းကြီး! တစ်ယောက်မှမရှိပါ၊ မဟာဒုက်တစ်ယောက်တည်းသာရှိတယ်"ဟု သံတော်ဦးတင်ကြသည်။

ရှင်ဘုရင်က "ဂုဏ်သရေရှိ လူကြီးအပေါင်းတို့! ဒီမျှလောက် ရတနာခုနစ်ပါး ပေါများ ကြွယ်ဝချမ်းသာတဲ့သူကို သူ့အတွက် ဘာလုပ်ပေးရင် ကောင်းမှာလဲ?"။

"အရှင်မင်းကြီး! သူ့အတွက် သူဌေးရာထူးကြီးကို ချီးမြှောက်ထိုက်တယ်"ဟု သံတော်ဦးတင်ကြသည်။ ထို့ကြောင့် ရှင်ဘုရင်, မင်းမှုထမ်း သူဌေးများက မဟာဒုက်အား ခမ်းခမ်းနားနား ပူဇာသက္ကာရ ပွဲကြီးကို ပြုလုပ်ပေး၍ သူဌေးကြီးရာထူးကို ခန့်အပ်ပေးလိုက်သည်။

ထို့နောက် သူဌေးရာထူးကြီးကို ရရှိပိုင်ဆိုင်ပြီးသည့် မဟာဒုက်အား ရှေးအခါ အရင်တုန်းက သူဌေးကြီးတစ်ဦး နေခဲ့ဖူးသော အိမ်ယာမြေ ခြံကွက်ကို ညွှန်ကြား၍ "သူဌေးကြီး မဟာဒုက်! သူဌေးကြီးအတွက် ဒီနေရာမှာ အိမ်ဆောက်၍ နေလိုက်ပါတော့"ဟု ညွှန်ကြားပြောဆို လိုက်သည်။

မဟာဒုက်သူဌေးကြီးသည် သူ၏ မြေယာခြံကွက်ကို အိမ်ဆောက် လုပ်ဖို့အတွက် မြေတူးဆွလိုက်သည်ရှိသော် ရွှေအိုးကြီးများက မြေကြီး ထဲကနေ ပေါ်ပေါက်လာပြန်သည်။ မဟာဒုက်သူဌေးကြီးသည် ထိုအကြောင်း ကို ရှင်ဘုရင်မင်းကြီးအား သံတော်ဦးတင် လျှောက်ကြားပြန်သည်။

ရှင်ဘုရင်မင်းကြီးက "မဟာဒုက်သူဌေးကြီး! အဲဒီရွှေများဟာ မင်းရဲ့ ကောင်းမှုဘုန်းကံကြောင့် ထပ်မံပေါ်ပေါက်လာတဲ့ ရွှေအိုးကြီးများ ဖြစ်ပါ တယ်။ အဲဒီရွှေအိုးကြီးများကို သူဌေးကြီးကသာ သိမ်းဆည်းပြီး ယူလိုက်ပါ လော့"ဟု မိန့်ကြားလိုက်သည်။ မဟာဒုက်သူဌေးကြီးသည် အိမ်ဆောက်လုပ်

ပြီးစီးသည့်အခါ၌ ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရား အမှူးရှိသော ရဟန်း သံဃာတော်အပေါင်းအား ဆွမ်း၊ ဆွမ်းဟင်း အစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းအစု အလှူဒါနကြီးကို ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ဆက်ကပ် လှူဒါန်းလိုက်သည်။ ထို့နောက်၌လည်း အသက်ရှင်သမျှ ကာလပတ်လုံး အလှူဒါန ကောင်းမှုကုသိုလ်များကို ကြိုးစားအားထုတ် ပြုလုပ်ပြီးလျှင် မဟာဒုက်သူဌေးကြီး သေလွန်သောအခါ၌ နတ်ပြည်မှာ နတ်သားသွားဖြစ် ရလေသည်။

ကဿပမြတ်စွာဘုရားနှင့် ဂေါတမမြတ်စွာဘုရားတို့၏ အကြား ကာလပတ်လုံး နတ်စည်းစိမ်ချမ်းသာသုခကို အစဉ်ခံစားရ၍ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသည့်အခါ၌ နတ်ပြည်မှ နတ်စုတေ သေလွန်လာ ခဲ့၍ သာဝတ္ထိပြည်တွင် အရှင်သာရိပုတ္တရာ၏ ပစ္စည်းလေးပါး ဒါယကာ၊ ဒါယကာမလည်း ဖြစ် ဘာသာရေးလည်း ကိုင်းရှိုင်း အလှူဒါန ကောင်းမှု ကုသိုလ်လည်း တတ်စွမ်းသမျှ ကြိုးစားအားထုတ် ပြုလုပ်နေသည့် သူဌေး သမီး၏ ဝမ်းဗိုက်မှာ ပဋိသန္ဓေ ဆွဲကပ်ယူလိုက်သည်။ သူဌေးကြီး၏ သမီး သည် ကိုယ်ဝန် လွယ်ထားနေသည့်အချိန် တစ်နေ့သောအခါမှာတော့ ယာဂုဆွမ်းနှင့် ငါးကြင်းဟင်းလျာ အာဟာရများဖြင့်သာလျှင် အရှင် သာရိပုတ္တရာမထေရ် အမှူးရှိသော ရဟန်း သံဃာတော် အပါးငါးရာ တို့ကို ဆက်ကပ်လှူဒါန်းကြသည်။ ဤအလှူသည် သူဌေးသမီး၏ ဝမ်းဗိုက် ထဲမှာ ရှိနေသည့် သားလေးအား ရှေးဘဝ မဟာဒုက်ဖြစ်စဉ်အခါ၌ စာရေးတံမဲ အလှူဒါန ယာဂုဆွမ်း၊ ငါးကြင်းဟင်းလျာများ၏ အကျိုးဆက် အာနိသင် အရှိန်ကြောင့် ဖြစ်ပေါ်လာသည့် အလှူဒါနပဲဖြစ်သည်။ သူဌေး သမီး ကိုယ်ဝန် လစေ့သွားသည့်အခါ ဘေးမသီ ရန်မခဘဲ ကောင်းကောင်း မွန်မွန် မွေးဖွားလာတဲ့ သားလေးတစ်ယောက်ဖြစ်သည်။ သားလေးအမည် မှည့် ကင်ပွန်းတပ်သည့်နေ့၌ မိခင်ဖြစ်သူက ရှင်သာရိပုတ္တရာအား လျှောက် သည်မှာ-

"အရှင်မြတ်ဘုရား ! အရှင်ဘုရားတို့ရဲ့ သာသနာ့အလုပ် အကျွေး ကျွန်ငယ်လေးအား အမည်နာမ ပေးသနားချီးမြှင့်တော်မူပါ ဘုရား"။

အရှင်သာရိပုတ္တရာက "ဒီကလေးငယ်ဟာ ဘာထူးခြားမှုခဲ့ရှိတာလဲ ဘာအမည်ရှိတာလဲ?။

မိခင်ဖြစ်သူက "အရှင်မြတ်ဘုရား! ဒီကလေးဟာ ပဋိသန္ဓေနေတဲ့ အခါမှစ၍ ဘုရားတပည့်တော်မတို့ရဲ့အိမ်၌ နေထိုင်ကြသည့် လူကြီး လူငယ် တွေထဲက ဆွံ့အ ထိုင်းမှိုင်းနေကြတဲ့လူတွေဟာ သွက်သွက်လက်လက် ပညာရှိ ဖြစ်သွားကြပါပြီဘုရား။ အဲဒါကြောင့် ဘုရားတပည့်တော်မရဲ့ သားလေးအား ပဏ္ဍိတ ဆိုတဲ့ အမည်နဲ့ပဲ ဖြစ်လိမ့်မယ်ဘုရား"ဟု လျှောက် ကြားသည်။ အရှင်သာရိပုတ္တရာသည် ကလေးငယ်ကို "ပဏ္ဍိတ" ဆိုသည့် နာမည်ကို ပေးတော်မူသည်။

ကလေးသူငယ်သည် ခုနစ်နှစ်အရွယ်ရောက်လာတော့ သာသနာ့ ဘောင်သို့ဝင်ပြီး ရှင်ရဟန်းပြု၍ အရိယာဖြစ်သွားသည်ဆိုသည့်အကြောင်း စာရေးတံမဲ ပေးလှူရခြင်း၏ အကျိုးအာနိသင် သက်သေ သာဓကပဲ ဖြစ်ပါသည် ဆိုသည့်အကြောင်း စာဖတ်ပရိသတ်တို့ အားလုံးလည်း စာရေးတံမဲအလှူကို လှူဒါန်းကြ၍ စာရေးတံမဲ၏အကျိုး အာနိသင် ရရှိ ခံစားကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

ဤဝတ္ထုသည် စာရေးတံမဲဟုခေါ် မဟာဒုတ်ဆွမ်း၏ ကုသိုလ် ကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်လေးပါးကျရောက် ခြင်းမှ ကင်းလွတ်ပြီးနတ်ပြည်သို့ ရောက်ရသည့် ဝတ္ထုသာဓက တစ်ခုဖြစ် သည့်အပြင် စာရေး တံမဲကုသိုလ်ကြောင့် ပစ္စုပ္ပန်ဘဝမှာ ချမ်းသာကြွယ်ဝရပြီး နောက်ဆုံးဘဝမှာ နိဗ္ဗာန်ရွှေပြည်သို့ စံဝင်ရသည့် ဝတ္ထုသာဓက တစ်ခုလည်း ဖြစ်ပါသည်။

ကျမ်းကိုး
ဓမ္မပဒဝတ္ထုအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊
ပဏ္ဍိတသာမဏေဝတ္ထု။

# မုချပန်းတိုင်ရောက်မည်

ယောကျ်ားလို့လ၊ သေမှချကောင်း၊
စကားဟောင်းကား၊ ကျိုးကြောင်းသင့်မြတ်၊
လျှော်ကန်လှ၏
ကမ္ဘာ့ဇာနည်၊ အလီလီတို့
ဤသည့်လို့လ၊ အသုံးချသဖြင့်
ကမ္ဘာ့ထိပ်တန်း၊ တက်နိုင်စွမ်းခဲ့၊
သွေးခန်းသားခြောက်၊ အသက်ပျောက်လည်း
နောက်မဆုတ်တမ်း၊ ငါကြိုးပမ်းမည်၊
အောင်ပန်းမုချဆင်ရန်တည်း။

(ဦးဩဒါတသိရီဘိဝံသ)

## အခန်း (၅)

# တစ်ဆယ့်ငါးရက် ဆွမ်းလောင်းလှူသည့်သူ

လဆန်းပက္ခ တစ်ဆယ့်ငါး ရက်နေ့မှာ တစ်ကြိမ်(တစ်ပက္ခ)။ လဆုတ်ပက္ခ တစ်ဆယ့်ငါးရက်နေ့မှာ တစ်ကြိမ် (တစ်ပက္ခ)။ ဤ တစ်ဆယ့်ငါးရက်မှာ ဆွမ်းတစ်ကြိမ် ဆက်ကပ်လောင်းလှူခြင်းကို ပက္ခဆွမ်းဝတ်ဟု ခေါ်ပါသည်။ တစ်လမှာ နှစ်ကြိမ်။ ဤကောင်းမှုကလည်း သေးသေးလေးပဲ၊ ဘာမှ မပြောလောက်ပါဘူးလို့ မထင်ကြပါနှင့်။ ဤတစ်ဆယ့်ငါးရက်ဆွမ်းကို အမြဲတမ်း ဝတ်ထားပြီးတော့ ပုံမှန် လှူဒါန်းသွားမယ်ဆိုရင် "ဂတိနိဗဒ္ဓ" သုဂတိမြဲသည့် ကောင်းမှုတစ်ခုပဲ ဖြစ်သည်။ သောတပန္နသဒိသာနေဝ၊ သောတာပန်ပုဂ္ဂိုလ်နှင့် အလားတူသွားသည်။ အပါယ်မကျတော့ဘူးဟု သဥပါဒိ သေသသုတ်မှာ ဟောတော်မူထားခဲ့သည်။

# တစ်ဆယ့်ငါးရက်ဆွမ်း အလှူဒါနကြောင့် တုသိတာနတ်ပြည်မှာ နတ်သားဖြစ်ရသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

သာဝတ္ထိပြည်၌ပင် အမျိုးကောင်းသားများ စုပေါင်း ဖွဲ့စည်းထားသည့် "မဟာဓမ္မိကဥပါသကာ အသင်းကြီး" ဆိုသည့် အသင်းအဖွဲ့ အစည်းတစ်ခုရှိသည်။ ထိုမဟာဓမ္မိကဥပါသကာ အသင်းကြီးသည် အမျိုးကောင်းသား ဥပါသကာပေါင်းငါးရာ ဖွဲ့စည်းထားသည့် အသင်းကြီး တစ်ခုဖြစ်သည်။ ထိုအသင်းကြီးကို စုပေါင်းဖွဲ့စည်းထားသည့် အမျိုးကောင်း သား ဥပါသကာငါးရာတို့တွင် သူတို့မှာ လက်အောက်ခံ တပည့်ငယ်များ ငါးရာစီ ရှိကြပြန်သည်။ ထိုမဟာဓမ္မိကဥပါသကာ အသင်းကြီးတစ်ခုလုံးကို ဦးစီးဦးဆောင်သူ ဥက္ကဋ္ဌကြီးက "ဓမ္မိက ဥပါသကာ" ဆိုသည့် ဥပါသကာ ဖြစ်သည်။

ထိုဓမ္မိကဥပါသကာ၏ မိသားစုသည်ကား သားခုနစ်ယောက် သမီး ခုနှစ်ယောက်၊ မယားရော ပေါင်းလိုက်ရင် မိသားစုပေါင်း ဆယ့်ခြောက် ယောက် အတူတကွ နေထိုင်ကြသည်။ ဓမ္မိကဥပါသကာတို့ ဇနီးမောင်နှံ နှစ်ယောက်သည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို စာရေး တံမဲ ယာဂုဆွမ်းကို လည်ကောင်း ၊ စာရေးတံမဲ ဆွမ်းကို လည်းကောင်း၊ ပင့်ဖိတ်ဆွမ်းကို လည်းကောင်း၊ ဥပုသ်နေ့မှာ လှူဒါန်းသည့် ဥပုသ်ဆွမ်းကို လည်းကောင်း၊ ဧည့်သည်အာဂန္တု ရဟန်းတော်များအတွက် ဆွမ်းကိုလည်း ကောင်း၊ သံဃာတော်များအတွက် ဆွမ်းကို လည်းကောင်း၊ ဝါဆိုသင်္ကန်းကို လည်းကောင်း၊ ဤအလှူရှစ်မျိုးကို အစဉ်မပျက် ဆက်ကပ် လှူဒါန်းကြ လေသည်။ သားသမီးဆယ့်လေးယောက်တို့တွင်လည်း အဖေ အမေ လှူဒါန်း တာကို ကြည့်ရှုပြီးတော့ နောက်ကနေ တစ်ယောက်သော တစ်ယောက် သောသူအား တစ်ခုစီ တစ်ခုစီသော အလှူရှစ်မျိုးတို့ဖြင့် ဆက်ကပ် လှူဒါန်း ကြပြန်သည်။

တစ်ဆယ့်လေးယောက်သော သားသမီးတို့သည် အဖေ အမေ ပြုကျင့်ကြသည့် အလှူဒါန အမှုအရာများကို မိမိတို့က ကောင်းစွာ အတုပြုကျင့်လိုက်စားကြသဖြင့် အနုဇာတ သားကောင်း သမီးကောင်းချည်းသာ ဖြစ်ကြသည်။

ဓမ္မိကဥပါသကာ မိသားစု တစ်ဆယ့်ခြောက်ယောက်တို့သည် တစ်ဆယ့်ခြောက်ပါးသော အလှူဒါနတို့ကို မိသားစုလိုက် ကြိုးစားအားထုတ် ပြုလုပ်ကြလေသည်။ သီလလည်း စောင့်ထိန်းကြသည်။

တစ်နေ့သောအခါဝယ် ၎င်းဓမ္မိကဥပါသကာကြီးသည် အရွယ်ကြီးရင့် ရောက်လာ၍ အနာရောဂါ စွဲကပ်လာကာ နေမကောင်းဖြစ်သည်။

ကျန်မာရေးမကောင်း ခုတင်ပေါ်မှာ လဲလျောင်းနေသည့် ဓမ္မိကဥပါသကာသည် တရားတော်ကို နာယူလိုသောကြောင့် မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ လူလွှတ်ပြီး အိမ်မှာ တရားချီးမြှင့်ဟောပေးရန်အတွက် ရဟန်းတော် (၈) ပါးပဲရရ၊ (၁၆) ပါးပဲ ရရ စေလွှတ်ပေးသနားတော်မူပါရန် မြတ်စွာဘုရားထံ လူလွှတ်ပြီး ပင့်လျှောက်စေသည်။ မြတ်စွာဘုရားကလည်း ရဟန်းတော်များကို မဟာဓမ္မိက ဥပါသကာဆီ စေလွှတ်ပေးတော်မူလိုက်သည်။

မဟာဓမ္မိက ဥပါသကာကြီးသည် မိမိအိမ်၌ ကြွရောက်လာသော ရဟန်းတော်များကို လျှောက်ထားလိုက်သည်မှာ- "အရှင်သူမြတ်တို့ဘုရား! ဘုရားတပည့်တော်က အရှင်သူမြတ်များကို နောက်ထပ်တစ်ခါ ဖူးမြင်ရဖို့ မလွယ်တော့ပါဘုရား၊ နောက်ထပ်ဖူးမြင်ရဖို့ တော်တော်လေးကို ခက်ခဲသွားပါပြီဘုရား၊ ဘုရားတပည့်တော် ယခုအခါ အလွန်အားနည်းနေပါပြီဘုရား၊ အရှင်သူမြတ်တို့က တပည့်တော်အား သုတ္တန်ဒေသနာတရားတော်ကို ချီးမြှင့် ရွတ်ဖတ်သရဇ္ဈာယ်ပေးတော်မူကြပါဘုရား" ဟု လျှောက်ထားတောင်းပန်လိုက်သည်။

ရဟန်းတော်များက "ဥပါသကာကြီး! ဥပါသကာကြီးက ဘာသုတ္တန်ကို နာကြားချင်တာလဲ?"။

မဟာဓမ္မိက ဥပါသကာကလည်း "အရှင်သူမြတ်တို့ဘုရား! အလုံးစုံသော မြတ်စွာဘုရားတို့ မစွန့်လွှတ်အပ်တဲ့ သတိပဋ္ဌာန် သုတ္တန်တရားကို နာကြားချင်ပါတယ်ဘုရား"။

ရဟန်းသံဃာတော်များသည် မဟာဓမ္မိက ဥပါသကာကြီး၏ဘေးတွင် ထိုင်တော်မူ၍ ရွတ်ဖတ်သရဇ္ဈာယ်လိုက်ကြသည်မှာ-

"ဧကာယနော အယံဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" စသော သုတ္တန်တရားတော်ကို သံပြိုင်ညီညာ ရွတ်ဖတ်သရဇ္ဈာယ် ပေးသနားတော်မူကြသည်။

ယင်းအချိန်ဝယ် စတုမဟာရာဇ်နတ်ပြည် တာဝတိံသာနတ်ပြည် ယာမာနတ်ပြည်၊ တုသိတာနတ်ပြည်၊ နိမ္မာနရတိနတ်ပြည်၊ ပရနိမ္မိတဝသဝတ္တီနတ်ပြည်အားဖြင့် နတ်ပြည်ခြောက်ထပ်တို့မှ နတ်သားအသီးသီးတို့သည် ရွှေငွေရတနာ ချူပန်းချူနွယ် ရတနာအသွယ်သွယ်တို့ဖြင့် လည်းကောင်း၊ တူရိယာများဖြင့်လည်းကောင်း ပြည့်စုံစွာ တန်ဆာဆင်ထားကြသည့် နတ်ရထားခြောက်စင်းတို့ကိုယူ၍ လျင်မြန်စွာ ဆင်းသက်လာကြပြီး မဟာဓမ္မိကဥပါသကာဆီ ချဉ်းကပ်ကြသည်။

ထိုနတ်ရထားခြောက်စင်းတို့တွင်ပါလာသည့် နတ်သား အသီးသီးတို့က "ဓမ္မိကဥပါသကာကို ငါတို့ရဲ့ စတုမဟာရာဇ်နတ်ပြည်သို့ ခေါ်ဆောင်သွားမယ်၊ တာဝတိံသာနတ်ပြည်၌နေကြသည့် နတ်သားများသည် ဓမ္မိကဥပါသကာကို ငါတို့ရဲ့ တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင် သွားမယ်၊ ယာမာနတ်ပြည်၌ နေထိုင်ကြသည့် နတ်သားများလည်း မဟာဓမ္မိကဥပါသကာကို ငါတို့ရဲ့ ယာမာနတ်ပြည်သို့ခေါ်သွားမယ်။ တုသိတာ နတ်ပြည်၌ နေထိုင်ကြသည့် နတ်သားများကလည်း မဟာဓမ္မိကဥပါသကာကို ငါတို့ရဲ့ တုသိတာနတ်ပြည်သို့ ခေါ်သွားမယ်။ နိမ္မာနရတိနတ်ပြည်၌ နေထိုင်ကြသည့် နတ်သားများကလည်း မဟာဓမ္မိကဥပါသကာကို ငါတို့ရဲ့ နိမ္မာနရတိနတ်ပြည်သို့ ခေါ်သွားမယ်။ ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ နေထိုင်ကြသည့်

နတ်သားများကလည်း မဟာဓမ္မိကဥပါသကာကို ငါတို့ရဲ့ ပရနိမ္မိတ ဝသဝတ္တီနတ်ပြည်သို့ ခေါ်သွားမယ်" ဟု ပြောဆိုကြပြီးလျှင်

"အိုမိတ်ဆွေ ဓမ္မိက ဥပါသကာကြီး! မြေအိုးမြေခွက် ခွဲဖျက် စွန့်ပစ်ပြီး ရွှေအိုးရွှေခွက်ကို ပွေ့ဖက်ယူသလိုမျိုးပါပဲ၊ ကျွန်တော်တို့ရဲ့ နတ်ပြည်သို့ လိုက်ခဲ့ပြီး ကျွန်တော်တို့နဲ့အတူပျော်ပါးကစားရန် ဒီရထားပေါ်ကို တက်စီး ပါလော့"ဟု နတ်ပြည်ခြောက်ထပ် နတ်သားအသီးသီးတို့က တစ်ဦးပြီး တစ်ဦး ဓမ္မိကဥပါသကာကြီးကို ပင့်ဖိတ်ကြ၍ မိမိတို့၏ နတ်ပြည် ကောင်းကြောင်းကို ချီးမွမ်းထောပနာ ပြောပြကြသည်။

ထိုသို့ နတ်သားတို့က အပြိုင်အဆိုင် တောင်းပန်ပင့်ဖိတ် စကား ပြောကြားသည်ကို တရားနာရာ၌ နှောက်ယှက်ဖြစ်သဖြင့် ဓမ္မိက ဥပါသကာ ကြီးက "ဆိုင်းငံ့ကြပါဦးလော့ ဆိုင်းငံ့ကြပါဦးလော့" တားမြစ်လိုက်သည်။

ရဟန်း သံဃာတော်များကလည်း "ငါတို့ကို တားမြစ်တယ်" ဟု မှတ်ထင်ကြ၍ သတိပဋ္ဌာန် သုတ္တန်ဒေသနာတော်ကို မရွတ်ဖတ် သရဇ္ဈာယ် ကြတော့ပဲ ရပ်တန့်ထားလိုက်ကြသည်။

ဓမ္မိကဥပါသကာကြီး၏ သားသမီးများက "ငါတို့ရဲ့ ကျေးဇူးရှင် ဖခင်ကြီးကား ရှေးအခါ တရားတော်နာရင် မရောင့်ရဲနိုင်တဲ့ သဘောရှိခဲ့ ပါတယ်။ ယခုအခါမှာတော့ မြတ်စွာဘုရားရဲ့ တပည့်သား သာဝက ရဟန်း သံဃာတော်များကိုပင့်ဖိတ်ပြီး မိမိကပဲ ရွတ်ဖတ်သရဇ္ဈာယ်ခိုင်းပြီး ယခု တစ်ဖန် မိမိကပဲ တားမြစ်ပြန်တယ်။ သေခြင်းတရားကို မကြောက်မလန့်တဲ့ သတ္တဝါဆိုတာ တစ်ယောက်မှ မရှိပါတကား" ဟု ပြောဆိုကြ၍ ငိုကြွေး မြည်တမ်းနေကြတော့သည်။

ထိုအချိန်တွင် ရဟန်းတော်များက "ငါတို့က တရားတော်ကို ဆက်လက် ရွတ်ဆို သရဇ္ဈာယ်ရန် အချိန်အခါ မဟုတ်တော့ဘူး" ဟု အောက်မေ့ မှတ်ထင်ကာ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွသွားလေ သည်။ ဓမ္မိကဥပါသကာကြီးသည် သတိရလာသည့်အချိန်ဝယ် သားသမီး များက ငိုကြွေးနေသည်ကို တွေ့မြင်ရသောအခါ ပြောလိုက်သည်မှာ-

"သားတို့ သမီးတို့! ဘာကြောင့် ငိုနေကြတာလဲ?"။

သားသမီးများက "အဖေကြီးဟာ ဘုရားသားတော် ရဟန်းတော်များကို ပင့်ဖိတ်တောင်းပန်၍ သုတ္တန်တရားတော်ကို နာကြားချင်တယ်လို့ ပြောတော့လည်း အဖေကြီးပဲ တရားတော်ကို နာကြားနေချိန်မှာ တစ်ဖန် ရပ်ဆိုင်းကြပါလို့ တားမြစ်စကား ပြောကြားတော့လဲ အဖေကြီးပဲ။ အဲဒါကြောင့် သားတို့ သမီးတို့ဟာ သေခြင်းတရားမှ မကြောက်တဲ့သူက မရှိပါလားလို့ အောက်မေ့ မှတ်ထင်ပြီး ငိုကြွေးနေကြတယ်" ဟု ပြောပြလိုက်သည်။

"သားတို့ သမီးတို့! ရဟန်းတော်များက ဘယ်ရောက်သွားကြပြီလဲ?"။

သားသမီးများက"အဖေကြီး! တားမြစ်လိုက်တဲ့အတွက်ကြောင့် ရဟန်းတော်အရှင်သူမြတ်များ ကျောင်းတော်သို့ ပြန်ကြွသွားကြပြီ"။

ဓမ္မိက ဥပါသကာကြီးက "အို. . ချစ်သား ချစ်သမီးတို့! ငါက ရဟန်းတော်တို့နဲ့ စကားပြောနေတာ မဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်တို့မှ နတ်ရထားခြောက်စင်း ဆိုက်ရောက်လာကြပြီး 'ဓမ္မိက ဥပါသကာကြီး ငါတို့နတ်ပြည်လိုက်ခဲ့ပါ' လို့ အသံကျယ်ကျယ်ကြီးနဲ့ ငါ့ကို အဖန်ဖန်တလဲလဲ ခေါ်ဆိုနေကြတယ်၊ အဲဒါကြောင့် ငါက နတ်တွေနဲ့ စကားပြောနေတာပါ"။

"ချစ်ဖေဖေ! သားတို့ သမီးတို့ တစ်ယောက်မှ မမြင်ကြရပါလား၊ နတ်ရထားက ဘယ်မှာလဲ?။"

"ချစ်သား ချစ်သမီးတို့. . ! သီကုံးထားတဲ့ ပန်းကုံးများ ရှိကြပါသလား?"။

"ရှိတယ်ဖေဖေ "။

"သားတို့ သမီးတို့! နတ်ပြည်ခြောက်ထပ်တွေထဲက ဘယ် နတ်ပြည်က ပျော်စရာ အကောင်းဆုံး နတ်ပြည်လို့ ကြားဖူးကြသလဲ?"။

"ချစ်ဖေဖေ! ဘုရားအလောင်းတို့ရဲ့ မယ်တော်တို့ စံမြန်းနေထိုင်ကြရာ တုသိတာနတ်ပြည်က နတ်ပြည်ငါးထပ်တို့ထက် ပျော်စရာ အကောင်းဆုံး နတ်ပြည်ဖြစ်တယ်လို့ ကြားဖူးပါတယ်"။

"သားတို့ သမီးတို့! ဒါဆိုရင် တုသိတာနတ်ပြည်မှ ဆင်းသက်လာတဲ့ လောလောဆယ် ရောက်ရှိနေတဲ့ နတ်ရထားဦးမှာ ပန်းကုံးချိတ်ပါစေသတည်းလို့ အဓိဋ္ဌာန်ပြုပြီး ပန်းကုံးကို ပစ်လွှတ်ကြပါလော့" ဟု သားသမီးများအား စေခိုင်းလိုက်သည်။

သားသမီးတို့သည် ဓမ္မိကဉပါသကာဖခင်ကြီး ပြောဆိုသည့်အတိုင်း အဓိဋ္ဌာန်ပြုပြီး ပန်းကုံးကို ပစ်မြှောက်လိုက်သည်။ ပန်းကုံးသည် တုသိတာနတ်ပြည် နတ်ရထားဦး၌ ချိတ်စွပ်ပြီး ကောင်းကင်၌ တွဲလဲတွဲလဲ ဆွဲလျက်နေတော့သည်။ ဓမ္မိကဉပါသကာက "ချစ်သား ချစ်သမီးတို့! ဒီတွဲလဲတွဲလဲ ဆွဲချိတ်နေတဲ့ ပန်းကုံး မြင်ကြရဲ့လား?"။

"မြင်တယ်ဖေဖေ"။

အိမ်အခန်းအတွင်း၌ စုဝေးနေကြသော သားသမီးများတို့သည် ပန်းကုံးကိုသာမြင်ရ၍ နတ်ရထားကိုကား မမြင်ရချေ။

ဓမ္မိက ဉပါသကာက "ချစ်သား ချစ်သမီးတို့! သင်တို့ ယခု တွေ့မြင်နေကြတဲ့ ပန်းကုံးကား တုသိတာနတ်ပြည်မှလာတဲ့ နတ်ရထားဦး၌ တွဲလဲတွဲလဲ ဆွဲချိတ်ထားတဲ့ နတ်ပန်းကုံးပဲ ဖြစ်ပါတယ်။ ချစ်သား ချစ်သမီးတို့ ငါ တုသိတာနတ်ပြည် လိုက်သွားတော့မယ်၊ သင်တို့ စိုးရိမ် ပူဆွေးခြင်း ဆင်းရဲခြင်း မဖြစ်ကြပါနဲ့၊ ငါ့လိုဖြစ်ချင်ရင် ငါ့လိုကုသိုလ်ကောင်းမှု ကြိုးစားပြုကြပါလော့"ဟု ဩဝါဒစကား မှာကြားလိုက်သည်။

ထိုသို့ ဩဝါဒစကား မှာကြားပေးပြီးသည့်နောက် ဓမ္မိက ဉပါသကာကြီးသည် သေလွန်သွားသည်။ ၎င်းသည်သေလွန်သွားသည်နှင့် တစ်ပြိုင်နက် တုသိတာနတ်ပြည်မှလာသည့် နတ်ရထားပေါ်၌ တက်စီး၍ တုသိတာနတ်ပြည်သို့ နတ်တန်ခိုးဖြင့် တက်သွားသည်။

တုသိတာနတ်ပြည်သို့ ရောက်သွားသောအခါ နတ်သမီး အပေါင်းတစ်ထောင်ခြံရံပြီးလျှင် ရတနာခုနစ်ပါးတို့ဖြင့် စီခြယ်ထားသည့် နှစ်ဆယ့်ငါး

ယူဇနာ ကျယ်ဝန်းသည့် ရတနာဗိမာန်တော်ကြီးသည် ပေါ်ပေါက်လာသည်။ သူသည် အဲဒီ ရတနာဗိမာန်တော်ကြီးထဲမှာ နတ်သမီးတစ်ထောင်တို့နှင့်အတူ နတ်စည်းစိမ် ချမ်းသာသုခ ခံစား ပျော်ပါးနေတော့သည်။

သုတ္တန်တရားလာဟောကြား၍ ပြန်ကြွသွားတော်မူကြသည့် ရဟန်းတော်များသည် ဇေတဝန်ကျောင်းတော်သို့ပြန်ရောက်ပြီး မြတ်စွာဘုရားဆီသို့ ဝင်ရောက်ကန်တော့ကြသောအခါ မြတ်စွာဘုရားက "ချစ်သားတို့! ဓမ္မိကဥပါသကာကြီးကို တရားဟောခဲ့ပြီးပြီလား?"။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ဘုရားတပည့်တော်တို့ တရားဟောကြားခဲ့ပြီးပါပြီ ဘုရား၊ ဒါပေမဲ့ တရားမဆုံးခင်မှာ ဆိုင်းငံ့ ကြပါဦးလော့၊ ဆိုင်ငံ့ကြပါဦးလော့လို့ တားမြစ်ပစ်ပါတယ်ဘုရား။ အဲဒီ အချိန်မှာ ဓမ္မိကဥပါသကာကြီးရဲ့ သားသမီးများကလည်း ပြင်းစွာ ငိုကြွေးကြပါတယ်ဘုရား။ တပည့်တော်တို့ကလည်း ဆက်လက် ဟောကြားရန် မသင့်တော့ဘူးလို့ ယူဆကာ ကျောင်းပြန်ကြွလာခဲ့တာပဲ ဖြစ်ပါတယ်ဘုရား"။

"ချစ်သားရဟန်းတို့! ဓမ္မိကဥပါသကာကြီးဟာ သင်တို့ကို တားမြစ်စကား ပြောကြားနေတာ မဟုတ်ဘူး၊ နတ်ပြည်ခြောက်ထပ်တို့မှ ဆင်းသက်လာတဲ့ နတ်သားတွေက နတ်ရထား ခြောက်စင်းတို့ကို တန်ဆာဆင်ပြီး ဓမ္မိကဥပါသကာဆီ ချဉ်းကပ်တယ်၊ ဓမ္မိကဥပါသကာကို သူတို့ရဲ့ နတ်ပြည်သို့ လိုက်ခဲ့ပါလို့ ဓမ္မိကဥပါသကာကို ဖိတ်ခေါ်ကြတယ်၊ ဓမ္မိကဥပါသကာကြီးက တရားတော်နာကြားနေတာကို အနှောင့်အယှက်ဖြစ်ပြီး နတ်သားတို့ ခဏစောင့်ပေးပါရန် ဆိုင်းငံ့ကြပါလော့လို့ နတ်တွေနဲ့ စကားပြောဆိုနေတာပါ"ဟု မိန့်တော်မူလိုက်သည်။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! ဓမ္မိကဥပါသကာကြီးဟာ ယခု ဘယ်ဘုံမှာ နတ်သားသွားဖြစ်နေတာလဲဘုရား?"။

"ချစ်သားရဟန်းတို့! ဓမ္မိကဥပါသကာဟာ တုသိတာနတ်ပြည်မှာ နတ်သားသွားဖြစ်နေပြီ၊ ချစ်သားရဟန်းတို့ -

ကုသိုလ် ကောင်းမှု၌ မမေ့လျော့ကြတဲ့ သူတွေဟာ ဒီပစ္စုပ္ပန် မျက်မှောက်ဘဝမှာလည်း မွေ့လျော်ပျော်ရွှင်စွာနေရတယ်။ အနာဂတ် တမလွန် ဘဝမှာလည်း မွေ့လျော် ပျော်ရွှင်နေရတယ်၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့မှာ မွေ့လျော် ပျော်ရွှင်ရတယ်။ ကောင်းမှုကုသိုလ် ပြုတဲ့သူဟာ၊ မိမိရဲ့ ကုသိုလ်ကောင်းမှုကံရဲ့ စင်ကြယ်ခြင်းကိုမြင်ရပြီး အလွန်မွေ့လျော် ပျော်ရွှင်ရတယ်။

ဤဝတ္ထုသည် တစ်ဆယ့်ငါးရက် ဆွမ်းကုသိုလ်ကြောင့် နတ်ပြည် ရောက်ရသည့်ဝတ္ထုသာဓကေ တစ်ခုဖြစ်သည့်အပြင် သရဏဂုံသုံးပါး ကုသိုလ်၊ ငါးပါး သီလကုသိုလ်၊ စာရေးတံမဲဆွမ်းကုသိုလ်၊ ဝါဆိုသင်္ကန်း ကုသိုလ် အစ ရှိသော ကုသိုလ်ကောင်းမှုကြောင့် ကြိုးစားအားထုတ်ပြုလုပ်၍ နတ်ပြည် ရောက်ရသည့် ဝတ္ထုသာဓကေတစ်ခုလည်းဖြစ်သည်။ ထို့ကြောင့် သူသေလွန်ပြီး သည့်နောက်မှာ နတ်ပြည်တကာ နတ်ပြည်တွေထဲက မွေ့လျော် ပျော်ဖွယ်ရာ အကောင်းဆုံး တုသိတာနတ်ပြည်ဝယ် နတ်သားဖြစ်ရပြီး နတ်စည်းစိမ်ကို ခံစားရခြင်း ဖြစ်သည်။

ကျမ်းကိုး
ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်။
မဟာဓမ္မိကဥပါသကာဝတ္ထု။

## တစ်လောကလုံးကို အလှဆင်သူ

ကြာပန်းက ရေကန်ကိုသာ အလှဆင်တယ်၊
မိုးတိမ်တွေကလည်း ကောင်းကင်ပြာကိုသာ အလှဆင်တယ်၊
လာခြင်းကောင်းသော မိတ်ဆွေကတော့ တစ်လောကလုံးကို
အလှဆင်တယ်။

**သံဃရက္ခိတမဟာထေရ်**

# အခန်း (၆)

## ဝါဆိုသင်္ကန်းဝတ်အမြဲတမ်း လှူဒါန်းသည့်သူ

ဝါဆိုသင်္ကန်းကိုကပ်လှူဒါန်းသည့် ဝတ်တစ်ခုရှိသည့် ပုဂ္ဂိုလ်များသည် "ဂတိနိဗဒ္ဓ" ကောင်းရာသုဂတိ ဟု ဆိုသည့် လူ့ပြည်၊ နတ်ပြည် လားရောက်ရမည့်သူ ဖြစ်သည်။ သောတပန္နသဒိသာနေဝ သောတာပန် ပုဂ္ဂိုလ်နှင့် အလားတူသည်။ ဘယ်လိုတူတာလဲဆိုတော့ သောတာပန်ပုဂ္ဂိုလ်များသည် အပါယ်တံခါးပိတ်ပြီး သုဂတိဘဝသို့ မုချရောက်ရသကဲ့သို့၊ ဤဝါဆိုသင်္ကန်းဝတ် လှူဒါန်းသည့် ပုဂ္ဂိုလ်များသည်လည်း သုဂတိ မြဲတာခြင်း တူသွားသည်။ အပါယ်လေးပါး မကျတော့ဘူးဟု သဥပါဒိသေသ သုတ်မှာ ဟောတော်မူထားခဲ့သည်။

## ဝါဆိုသင်္ကန်း

ဝါတွင်းသုံးလပတ်လုံး နေခြင်းရှိသော ရဟန်းအား ဝါဆိုနေသော ရဟန်းအား ပေးလှူအပ်သော သင်္ကန်းသည် ဝါဆိုသင်္ကန်း မည်၏။ ဝါဆိုသင်္ကန်းဆိုတာ ဝါတွင်းသုံးလပတ်လုံး ဝါဆိုပြီးသွားသည့်ရဟန်း ဝါမကျိုးမပေါက်ပဲဝါရသွား၍ လှူဒါန်းသည့်သင်္ကန်းသည် ဝါဆိုသင်္ကန်းဖြစ်ပါသည်။ ဝါဆိုသင်္ကန်းကို ဝါတွင်းမှသာ လှူဒါန်းရတော့မလားလို့ မေးစရာရှိလာသည်။ ဝါဆိုသင်္ကန်းကို တစ်နှစ်ပတ်လုံး လှူဒါန်းနိုင်ပါသည်။

**"ဝါတွင်းမှာလှူရင်"** ဝါဆိုဆဲ သံဃာတော်အား လှူဒါန်းပါတယ်ဘုရား။

**"ဝါပမှာလှူရင်"** ဝါဆိုပြီးသွားတဲ့ သံဃာတော်အား လှူဒါန်းပါတယ်ဘုရား။

"ဝါဆိုကြမည့် သံဃာတော်အား လှူဒါန်းပါတယ်ဘုရား။ အချိန်ကာလအားလျော်စွာ လှူဒါန်းလို့ရသည်။

## ဝါဆိုသင်္ကန်း၏ ကုသိုလ်ကြောင့် နတ်သမီးပြန်ဖြစ်ရသူ

မြတ်စွာဘုရားသည်သာဝတ္ထိပြည်၌ သီတင်းသုံး နေထိုင်တော်မူနေသည့်အချိန် ဖြစ်သည်။ ဖြစ်ရပ်ဝတ္ထုသာဓကကား တာဝတိံသာနတ်ပြည်၌ ဖြစ်ခဲ့သည်။

တစ်နေ့သောအခါဝယ် သိကြားမင်း စံမြန်းနေထိုင်ရာ တာဝတိံသာနတ်ပြည်၌ မာလာဘာရီဆိုသည့် နတ်သားတစ်ယောက်သည် နတ်သမီး

ပေါင်းတစ်ထောင်ခြံရံလျက် နတ်တို့၏ ပန်းဥယျာဉ်တော်ထဲ၌ မြူးထူး ပျော်ပါး ခုန်က ကစားနေကြသည့်အချိန် ဖြစ်သည်။

ယင်းနတ်သမီး တစ်ထောင်တို့တွင် နတ်သမီး ငါးရာတို့က ပန်းပင်ပေါ်သို့ တက်ကြ၍ မိမိနှစ်သက်ရာ ကြိုက်ရာ ပန်းများကို ခွေဆွတ်ခူး၍ အောက်သို့ ပြန်ပစ်ချပေးကြသည်။ ကြွင်းကျန်ကြသည့် နတ်သမီးငါးရာတို့က အောက်သို့ကျလာသည့်ပန်းများကို ကောက်ယူ၍ မာလာဘာရီ နတ်သားကို တန်ဆာဆင်မြန်းပေးကြသည်။

ယင်းပန်းပင်ပေါ်သို့ တက်၍ ပန်းခွေ ခူးနေကြသည့် နတ်သမီး ငါးရာတို့တွင် နတ်သမီးတစ်ဦးက နတ်စုတိ ချုပ်၍ သေလွန်သွားသည်။ ၎င်းနတ်သမီးသည် သာဝတ္ထိပြည်၌ အိမ်တစ်အိမ်ဝယ် ပဋိသန္ဓေနေပြီး ဆယ်လလွန်မြောက် ကာလရောက်လာသော် မိခင်ဝမ်းမှဖွားမြင်လာသည့် အမျိုးသမီးလေးတစ်ယောက်ဖြစ်သည်။ သူမသည် ဇာတိဿရဉာဏ် ပါလာသည့် အတွက်ကြောင့် ရှေးနတ်သမီးဘဝတုန်းက ဇာတိဿရဉာဏ်ဖြင့် ပြန်လှန်ထင်ထင် သိမြင်ရ၍ မာလာဘာရီနတ်သား၏မယားအဖြစ်ကိုသာ ပြန်ဖြစ်ချင်သည်။ အရွယ်လေးရောက်တော့ ဘုရား, တရား, သံဃာ ရတနာတော်မြတ် သုံးပါးတို့အား ကိုးကွယ်ဆည်းကပ်ပြီး၊ သင်္ကန်းပရိက္ခာ စသည်တို့ဖြင့် ဆက်ကပ်လှူဒါန်ခြင်းကို ပြုလုပ်၍ ဆုတောင်းလိုက်သည်မှာ-

"ဒီကောင်းမှု ကုသိုလ်ကြောင့် ဘုရားတပည့်တော်မ နောက်နောင်ဘဝဝယ် မာလာဘာရီဆီမှာ ဇနီးမယား ပြန်ဖြစ်ရစေဘုရား" ဟု ဤသို့ ဆုတောင်းလိုက်သည်။

၎င်းအမျိုးသမီးငယ်လေးသည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာသည့်အခါ အမျိုးသားတစ်ယောက်နှင့် လက်ထပ်၍ ၎င်းအမျိုးသား အိမ်သို့ လိုက်နေသည်။ သူမသည် လင်ယောကျ်ားအိမ်မှာ နေသည့် အချိန်ကာလ၌လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။ မဲချ၍ လှူဒါန်းခြင်းတည်းဟူသော စာရေးတံဆွမ်းကိုလည်း ဆက်ကပ်လှူဒါန်းသည်။ ရက်မဆုံသည့်လမှာ (၁၄) ရက်

ဆွမ်း။ ရက်ဆုံသည့်လမှာ (၁၅) ရက် ဆွမ်းကိုလည်း ဆက်ကပ် လှူဒါန်းသည်။

ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းသည့် အချိန်တိုင်းဝယ် ဆုတောင်းပတ္ထနာ ပြုလိုက်သည်မှာ-"တပည့်တော်မသည် ယခုလိုလှူဒါန်းရတဲ့ ဝါဆိုသင်္ကန်း အလှူဒါနကြောင့် လွန်လေပြီးသော အတိတ်ဘဝတုန်းက ကျင်လည်ပျော်မြူး ပေါင်းဖော်ခဲ့ ဖူးတဲ့ ကျွန်မရဲ့သခင် လင်တော်မာလာဘာရီနတ်သား စံမြန်း နေတော်မူရာ တာဝတိံသာနတ်ပြန်မှာ ဒီဘဝမှ သေလွန်သွားခဲ့သည်ရှိသော် နောက်နောင် ဘဝ၌ ပြန်လှည်တော်စပ်ယှဉ်တွဲ၍ဖြစ်ပါရခြင်း အကျိုးငှာ အထောက်အပံ့ ဖြစ်ပါစေသတည်း"ဟု ဤသို့ ဆုတောင်းလိုက်သည်။

ထို့နောက် သူမသည် ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း, စာရေးတံဆွမ်း ဆက်ကပ်လှူဒါန်းခြင်း, တစ်ဆယ့်ငါးရက်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း စသော အလှူဒါနတို့သည် လှူတိုင်းဝယ် ရှေးနည်းအတိုင်းပါပဲ ဆုတောင်း ပတ္ထနာပြုသည်မှာ-

"ဘုရားတပည့်တော်မသည် ယခုလို လှူဒါန်းရတဲ့ စာရေးတံ ဆွမ်းကုသိုလ်, တစ်ဆယ့်ငါးရက်ဆွမ်းကုသိုလ်, ဝါဆိုသင်္ကန်း ကုသိုလ်ကောင်းမှုတို့သည် လွန်လေပြီးသော အတိတ်ဘဝက ကျင်လည် ပေါင်းဖော်ခဲ့ဖူးတဲ့ ကျွန်မရဲ့သခင် လင်တော်ဖြစ်တဲ့ မာလာဘာရီနတ်သား စံမြန်းနေတော်မူရာ တာဝတိံသာနတ်ပြည်၌ ဒီဘဝမှ သေလွန်သွားခဲ့သည်ရှိသော် နောက် နောင်ဘဝဝယ် ပြန်လည် တော်စပ် ယှဉ်တွဲ၍ ဖြစ်ပါရခြင်း အကျိုးငှာ အထောက်အပံ့ ဖြစ်ပါစေသတည်း" ဟု ဆုတောင်းပတ္ထနာ ပြုလိုက်သည်။

ယင်းအချိန်ဝယ် ရဟန်းတော်များများက "ဒီဒါယိကာမဟာ စာရေးတံဆွမ်း, တစ်ဆယ့်ငါးရက်ဆွမ်း, ဝါဆိုသင်္ကန်း စသော ဒါနကုသိုလ်ကောင်းမှုတွေကို ကြိုးစားအားထုတ် ပြုလုပ်တိုင်း ပြုလုပ်တိုင်း၊ အရှင်လင်ယောကျာ်းကိုသာ အစဉ်မပြတ် တောင်းတယ်"ဟု ပြောဆိုကြသည်။

အဲဒီနေ့မှစ၍ ရဟန်းတော်များက သူ့ကို 'ပတိပူဇိကာ' ဟု ခေါ်ဆိုကြလေသည်။

ရင်းပတိပူဇိကာ အမျိုးသမီးသည် နေ့စဉ် နေ့တိုင်း ဓမ္မာရုံသို့သွားပြီး သံဃာတော်များတို့အတွက် သောက်ရေ၊ သုံးဆောင်ရေ ခတ်ထည့်ပေးထားခြင်း, သံဃာတော်တို့ ထိုင်၍ ဆွမ်းသုံးဆောင်ဖို့ရာ နေရာများကို ခင်းထားခြင်း ပြုလုပ်ပြီးမှ အိမ်ပြန်သည်။

အခြားသော မိတ်ဆွေသူငယ်ချင်းများက စာရေးတံဆွမ်းအလှူ ဝါဆိုသင်္ကန်းအလှူ စသည်တို့ကို လှူဒါန်းချင်တယ်ဆိုရင် ပတိပူဇိကာကို "ဟိုင်း. . . ပတိပူဇိကာ! ဒီပစ္စည်းဝတ္ထုတို့ကို သံဃာတော်များအား လှူဒါန်းပေးပါလော့" ဟု အကူအညီ တောင်းလာသည်ရှိသော် ကောင်းကောင်းမွန်မွန် ဝင်ရောက် ကူညီပေးတတ်သည့်သူ တစ်ယောက်ဖြစ်သည်။

လင်၏အိမ်သို့ရောက်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များအား တစ်ဆယ့်ငါးရက်ဆွမ်း၊ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှုကိုသာ ကြိုးစားအားထုတ် ပြုလုပ်လေ့ရှိသည့် ပတိပူဇိကာ အမျိုးသမီးသည် သားငယ်လေးတစ်ယောက် မွေးဖွားလာလေသည်။ သားဦးလေး လမ်းလျှောက်တတ်သည့် အရွယ်ရောက်သော် ထို့နောက် တစ်ဖန် သားငယ်လေးတစ်ယောက် မွေးဖွားပြန်သည်။ အဲဒီလို အစဉ်အတိုင်း တစ်ယောက်ပြီး တစ်ယောက် မွေးဖွားပြန်၍ ပတိပူဇိကာသည် သားလေး (၄) ယောက်၏ မိခင်ဖြစ်လာသည်။

ပတိပူဇိကာသည် တစ်နေ့သော နေ့တစ်နေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ဝါဆိုသင်္ကန်း စသော ဒါတဗ္ဗဝတ္ထုပစ္စည်း အစုစုတို့ကို ဆက်ကပ်လှူဒါန်း ပေးလှူ ပူဇော်ခြင်းကိုပြု၍ တရားတော်ကို နာပြီး သီလတို့ကို ခံယူဆောက်တည်ကာ ရင်းနေ့၏အဆုံး ညနေချမ်းအခါ၌ တစ်စုံတစ်ခုသော ရောဂါဖြင့် သေလွန်သွားသည်။

ရင်း ပတိပူဇိကာသည် လူ့ဘဝမှ သေလွန်သွားသည်နှင့် တစ်ပြိုင်နက် ဘဝဟောင်းက မိမိ၏ အရှင်သခင် လင်တော်မောင်ဖြစ်သည့် မာလာဘာရီ နတ်သားအထံ၌သာ တစ်ဖန် နတ်သမီးလေး ပြန်ဖြစ်ရသည်။

အတိတ်ဘဝ နတ်သမီးဖြစ်စဉ်က မိမိနှင့် အတူတကွ ပန်းဆွတ်ခူးကြသော အပေါင်းအဖော် မိတ်ဆွေသူငယ်ချင်း ဖြစ်ကြသည့် နတ်သမီးတို့တွင် ပန်းပင်ပေါ်သို့တက်၍ ပန်းဆွတ်ခူးသည့် နတ်သမီးကလည်း ပန်းဆွတ်ခူးကြ၍ ပန်းပင်အောက်က ပန်းကောက်သည့် နတ်သမီးကလည်း ပန်းကောက်ယူကြ၍ မာလာဘာရီနတ်သားကို တန်ဆာဆင်မြန်းပေးလျက်ပင် ရှိနေကြသေးသည်။ နတ်ပန်းဥယျာဉ်တော်ထဲကနေ မထွက်သွားသေးပါ ရှိနေတုန်းပဲဖြစ်သည်။ မာလာဘာရီ နတ်သားသည် လူ့ပြည်မှတစ်ဖန် စုတေပြန်လာခဲ့သော (ပတိပူဇိကာ) နတ်သမီးကို မြင်၍ မေးမြန်းလိုက်သည်မှာ-

"နတ်သမီး! သင်ဟာ စောစောတုန်းကဘယ်သွားတာလဲ၊ ဘယ်အရပ် ဘယ်နေရာဒေသသို့ သွားလှည့်လည်လာခဲ့တာလဲ?"။

ပတိပူဇိကာ နတ်သမီးက "သခင် မောင်တော် မာလာဘာရီ! ကျွန်တော်မျိုးမ စောစောတုန်းက သေလွန်သွားတယ်" ဟု ပြောဆိုလိုက်သည်။ နတ်သမီး၏ စကားကို ကြားရသည့် မာလာဘာရီနတ်သားသည် တုန်လှုပ်သွားသည်။

"နတ်သမီး! သင် ဘာစကားကို ပြောကြားလိုက်တာလဲ?"။

"သခင် မာလာဘာရီ! ကျွန်မ စောစောက သေလွန်သွားတယ်" ဟု ပြန်ပြောပြသည်။

"နတ်သမီး! သင် သေလွန်သွားခဲ့တယ်ဆိုပါက ဘယ်အရပ် ဒေသ ဘယ်ဌာနတိုင်းပြည်မှာ လူသွားဖြစ်ရတာလဲ?"။

"သခင်တော် မာလာဘာရီ ! ကျွန်မ သာဝတ္ထိပြည်မှာ လူသွားဖြစ်ရတယ်"။

"နတ်သမီး! သင် အဲဒီဘဝမှာ ဘယ်လောက်ကြာမြင့်အောင် နေခဲ့တာလဲ?"။

"သခင်တော် မာလာဘာရီ! ကျွန်မ သာဝတ္ထိပြည် အိမ်တစ်အိမ်မှာ ပဋိသန္ဓေနေပြီး ဆယ်လလွန်မြောက် မိခင်ဝမ်းမှ ဖွားမြင်ခြင်းသို့ရောက်၍ တစ်ဆယ့်ခြောက်နှစ်သို့ ရောက်လာတဲ့အခါဝယ် ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ပြီး လင်ယောကျ်ားအိမ်သို့ သွားရောက်နေထိုင်ပါတယ် အဲဒီလင်ယောကျ်ားကို အစွဲပြုပြီး သားယောကျ်ား (၄) ယောက်တို့ မွေးဖွားပါတယ် ကျွန်မဟာ ဘုရားအမျိုးရှိသော သံဃာတော်များအား စာရေးတံဆွမ်း တစ်ဆယ့် ငါးရက်ဆွမ်း၊ ဝါဆိုသင်္ကန်း အစရှိသော ဒါနအထူးအထွေကို ကြိုးစား အားထုတ် ပြုလုပ်ပြီး သခင်တော်မာလာဘာရီထံ၌ ပြန်ဖြစ်ရန် ဖြစ်ကြောင်း ဆုတောင်းပတ္ထနာ ပြုလိုက်ပါတယ် သာဝတ္ထိသူ လူ့ဘဝမှ အသက်ချုပ် သေလွန်ပြီး အရှင်သခင်မာလာဘာရီရဲ့ အထံမှာ ပြန်လာ ဖြစ်ရပါတယ်"ဟု ပြောပြ သည်။

"နတ်သမီး! လူ့ပြည်မှာနေကြတဲ့ လူသားအားလုံး သက်တမ်းပျမ်းမျှ အားဖြင့် ဘယ်လောက် အသက်ရှည်ကြတာလဲ?"။

"သခင်တော် မာလာဘာရီ! လူ့ပြည်မှာ နေထိုင်ကြတဲ့ လူသားအားလုံး သက်တမ်း ပျမ်းမျှအားဖြင့် အနှစ်တစ်ရာ အသက်ရှည်ကြတယ်"။

"နတ်သမီး! လူ့ပြည်မှာ နေထိုင်ကြတဲ့ လူသားအားလုံး သက်တမ်း ပျမ်းမျှအားဖြင့် အသက် အနှစ်တစ်ရာ ရှည်ကြတာလား?"။

"ဟုတ်ပါတယ် သခင်တော်ရယ်"။

"နတ်သမီး! လူ့ပြည်မှာ နေထိုင်ကြတဲ့ လူသားအားလုံး ဘာလုပ်နေကြတာလဲ၊ ဒါန စသော ကုသိုလ်ကောင်းမှု သုစရိုက်တရားများကို မေ့လျော့ ပေါ့ဆပြီး ဒုစရိုက်တရားများကို ပြုလုပ်ရင်း အချိန်ဖြုန်း နေကြတာလား။ ဒါမှမဟုတ် ဒါန စသော ကုသိုလ်ကောင်းမှု သုစရိုက် တရားများကိုသာ ကြိုးစားအားထုတ် ပြုလုပ်ကြပြီး အချိန်ကို ကုန်ဆုံးစေတာလား?"။

"သခင်တော် မာလာဘာရီ! အရှင် ဘာစကားတွေကို မိန့်ကြားနေ တာလဲ၊ သခင်တော်မာလာဘာရီ လူ့ပြည်မှာ နေထိုင်ကြတဲ့ လူသား အားလုံးတို့ဟာ များသောအားဖြင့် မိမိကိုယ်ကို အသက် နှစ်အသခေျ

မရေမတွက်နိုင်တဲ့သူ အသက်ရှည်စွာ နေသွားရမှာသလိုမျိုး ဖြစ်မရုံက၊ အိုခြင်း၊ နာခြင်း၊ သေခြင်း သင်္ခါရ သဘောတရားကို မေ့ပစ်ထားကြတယ် မအို မနာ မသေ နေသွားရမှာသလိုမျိုး မှတ်ထင် အောက်မေ့ကြပြီး အမြဲမပြတ် တစ်စပ်တည်း မေ့လျော့ပေါ့ဆနေကြသူများ ဖြစ်ကြတယ်” ဟု ပြောပြသည်။ ၎င်းနတ်သမီးစကားကို ကြားရပြီးသည့်နောက် မာလာဘာရီ နတ်သားအား တော်တော်လေး ထိတ်လန့် သံဝေဂဉာဏ် ဖြစ်သွားသည်။ “ကြော် လူသက် အနှစ်တစ်ရာမျှလောက်သာ အသက်ရှည်ကြတဲ့ လူတို့ဟာ မေ့လျော့ ပေါ့ဆနေကြပြီး အိပ်ပျော်သလိုမျိုးသာ နေကြတယ် ဆိုပါက ဘယ်လိုလို့ ဆင်းရဲဒုက္ခ လွတ်မြောက်နိုင်မှာလဲ” ဟု ဤသို့ ထိတ်လန့် သံဝေဂဉာဏ်ဖြစ်သည်။

မာလာဘာရီနတ်သားက ဘာဖြစ်လို့ သံဝေဂဉာဏ်ဖြစ်တာလဲ ဆိုတော့ လူပြည်မှာ နေထိုင်ကြသည့် လူအပေါင်းတို့၏ လူ့အသက် နှစ်အရေအတွက် အနှစ်တစ်ရာသည် အနည်းငယ်မျှသာတည်း။ လူ့အသက် အနှစ်တစ်ရာသည် တာဝတိံသာနတ်တို့အား တစ်နေ့တစ်ညဉ့်သာ (နှစ်ဆယ့်လေးနာရီ) မျှသာ ဖြစ်သည်။ ၎င်းနေ့ည အရေအတွက်ဖြင့် နေ့ည သုံးဆယ်သည် တာဝတိံသာနတ်သားတို့အား တစ်လ၊ ၎င်းလဖြင့် တစ်ဆယ့်နှစ်လသည် တာဝတိံနတ်သားတို့အား တစ်နှစ်၊ အနှစ် တစ်ထောင် အသက်အပိုင်းအခြား ပမာဏရှိသည်။ လူတို့၏ နှစ်အရေအတွက်ဖြင့် နှစ်ပေါင်းကို ကိုးသန်းခြောက်သန်း အရေအတွက် ရှိပါသည်။ ထို့ကြောင့် မာလာဘာရီနတ်သား ပတိပူဇိကာ၏ လူ့ပြည်၌ လာ၍ ဖြစ်ခြင်းသည် တစ်နေ့ တစ်ရက်ကိုမျှ မလွန် တစ်ခဏမျှသာ ပမာဏကဲ့သို့ပင် ဖြစ်သည်။

ထို့ကြောင့် အနည်းငယ်မျှသော အသက်ရှည်နေကြသော လူတို့အား မမေ့လျော့ မပေါ့မဆဘဲ ဒါန စသော ကောင်းမှုကုသိုလ် သုစရိုက် တရားများကို ကြိုးစားအားထုတ် ပြုလုပ်ကြပါဟု ဓမ္မပဒဝတ္ထု အဋ္ဌကထာ ရေးသော အဋ္ဌကထာ ဆရာတော်ကိုယ်တိုင် မိန့်မှာတော်မူထားခဲ့သည်။

ထို့နောက် နောက်တစ်နေ့ရောက်လာတော့ ရဟန်းတော်များ သည် ဆွမ်းကိစ္စဖြင့် ရွာထဲကြွသွား၍ ဆွမ်းစားဇရပ်ဖြစ်သည့် ဓမ္မာရုံသို့

ကြွသွားကြသည်။ ဓမ္မာရုံရောက်တော့ ဓမ္မာရုံထဲမှာ သန့်ရှင်းမှုလည်း မရှိ ထိုင်ဖို့အတွက် နေရာကလည်း မခင်းထား၊ သောက်ဖို့အတွက် ရေက လည်း မခတ်ထည့်ထားသည့်အတွက် ရဟန်းတော်များက မေးမြန်းလိုက် သည်မှာ-

"အို. . . ဒကာတို့! ပတိပူဇိကာဥပါသိကာမကြီး ဘယ်သွားတာလဲ မတွေ့ပါလား?"။

ဒကာကလည်း "အရှင်မြတ်တို့ဘုရား. . .! အရှင်မြတ်များတို့ ဘယ်လိုလို့ ပတိပူဇိကာ ဥပါသိကာမကို တွေ့နိုင်မှာလဲ၊ ယမန်နေ့က အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးပြီးကြ၍ ပြန်ကြွသွားကြသော် ညချမ်း အချိန်အခါ၌ ပတိပူဇိကာဥပါသိကာ မသေလွန်သွားပြီဘုရား" ဟု လျှောက် ထားကြသည်။

ပတိပူဇိကာဥပါသကာမ သေသွားပြီဟု သိသွားကြသည့် ပုထုဇဉ် ရဟန်းတော်များသည် "အဲဒီ ပတိပူဇိကာ ဥပါသိကာမဟာ ငါတို့ အတွက်ရော သာသနာအတွက်ပါ ကျေးဇူး ဥပကာရ အကျိုးများလှတယ်" ဟု ဆင်ခြင်အောက်မေ့မိကြ၍ မျက်ရည်တစ်စက်စက် ယိုထွက် စီးကျ လာသည်ကို မတားဆီးနိုင်လောက်အောင် ဖြစ်ကြ၍ ငိုကြွေးကြသည်။

ကိလေသာ အာသဝေါတရား ကုန်ခမ်းပြီးသော ရဟန္တာ ရဟန်း တော်များက ဓမ္မသံဝေဂတရား ရှု့မှတ် ပွားများတော်မူကြသည်။ ၎င်း ရဟန်းတော်များသည် ဆွမ်းဘုဉ်းပေးကြပြီး၍ ကျောင်းသို့ ပြန်ကြွသွား ကြသည်။ ၎င်းရဟန်းတော်များသည် မြတ်စွာဘုရားဆီ ချဉ်းကပ်ကြ၍ လျှောက်ထားလိုက်ကြသည်မှာ

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားဘုရား! ပတိပူဇိကာ ဥပါသိကာမဟာ အထူးထူး အပြားပြား များစွာသော ဝါဆိုသင်္ကန်း အစရှိသည့် ဒါနကုသိုလ် ကောင်းမှုများကို ကြိုးစားအားထုတ် ပြုလုပ်တဲ့ ဥပါသိကာမတစ်ယောက် ဖြစ်ပါတယ်ဘုရား၊ အဲဒီ ဥပါသိကာမ ဆုတောင်း

ရင် ဘုရားတပည့်တော်မသည် ယခုလိုလျှဒါန်းရတဲ့ ဒါန ကုသိုလ်ကောင်းမှု အထူးဟာ လွန်းလေပြီး အတိတ်ဘဝက ကျင်လည် ပေါင်းဆုံခဲ့ဖူးတဲ့ ကျွန်မရဲ့ အရှင်သခင် လင်ယောကျ်ားကိုသာ ပြန်လည် ပေါင်းဆုံရပါစေ သား ဘုရား”လို့ သူ့ရဲ့ခင်ပွန်း လင်ယောကျ်ားကိုသာ အစဉ်မပျက် တောင့်တတယ်ဘုရား။ အဲဒီ ပတိပူဇိကာ ဥပါသိကာမ မနေ့က သေလွန်သွားပြီ ဘုရား။ အဲဒီ ပတိပူဇိကာ ဥပါသိကာမက ယခုအခါ ဘယ်အရပ် ဘယ်ဒေသမှာ သွားဖြစ်နေတာလဲဘုရား?”။

မြတ်စွာဘုရားက “ချစ်သားရဟန်းတို့! အဲဒီ ပတိပူဇိကာ ဥပါသိ ကာမဟာ သူ့ရဲ့ခင်ပွန်း လင်ယောကျ်ား ထံမှောက်သို့သာ ထင်ရှားမသွေ ပြန်ဖြစ်လေရပြီ”ဟု မိန့်တော်မူသည်။

“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! အဲဒီ ပတိပူဇိကာ ဥပါသိကာမဟာ သူရဲ့ ခင်ပွန်း လင်ယောကျ်ားအိမ်မှာလည်း မရှိပါ ဘုရား။ သူရဲ့ လင်ယောကျ်ားရဲ့ဆီမှာလည်း မရှိပါဘုရား”။

“ချစ်သားရဟန်းတို့! အဲဒီ ပတိပူဇိကာ ဥပါသိကာမဟာ ယခု မျက်မှောက် လူသားဘဝ၌ ပေါ်လွင်ထင်ရှားရှိနေတဲ့ခင်ပွန်း လင်ယောကျ်ား ကို တောင့်တနေတာ မဟုတ်။ ရှေးဘဝက တာဝတိံသာ နတ်ပြည်မှာ ပတိပူဇိကာ ဥပါသိကာမအား မာလာဘာရီ ဆိုတဲ့ နတ်သား ခင်ပွန်းလင် ယောကျ်ားရှိခဲ့တယ်။ အဲဒီ နတ်သားဟာ နတ်သမီး တစ်ထောင်နဲ့အတူ နတ်ပန်းဥယျာဉ်ထဲမှ ပျော်ရွှင်စွာ ပျော်ပါးနေကြတယ်။ နတ်သမီးများက ပန်းများကိုယူငင်ပြီး အဲဒီမာလာဘာရီ နတ်သားအား တန်ဆာဆင်ပေးကြ ပါတယ်။ ပတိပူဇိကာ ဥပါသိကာမက အဲဒီ နေရာဒေသ ဌာနကနေ စုတိ စိတ်ကျပြီး သာဝတ္ထိပြည်မှာ လူလာဖြစ်ရတာပဲဖြစ်ပါတယ်။ ပတိပူဇိကာ ဥပါသိကာမဟာ အဲဒီ လင်ယောကျ်ား မာလာဘာရီနတ်သားရဲ့ မယား အဖြစ်ကိုပဲ ပြန်ဖြစ်ချင်တယ်၊ အဲဒါကြောင့် သူမ ဆန္ဒရှိတဲ့အတိုင်း ‘ခင်ပွန်း လင်ယောကျ်ား ပြန်ပေါင်းရပါစေသားလို့ ဆုတောင်းတာပဲ ဖြစ်ပါတယ်” ဟု ရဟန်းတော်များအား မိန့်ကြားတော်မူသည်။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! တစ်ကယ်ပဲလား ဘုရား"ဟု ထပ်ဆင့်မေးတော်မူသည်။

"ချစ်သားရဟန်းတို့! တကယ်ဟုတ်မှန်တယ်"ဟု ဝန်ခံတော်မူသည်။

"မြတ်စွာဘုရားဘုရား! သတ္တဝါတို့ရဲ့ အသက်ကား အလွန် တိုတောင်းလေစွတကား။ သူဟာ မနေ့တုန်းက နံနက်စောစောကပဲ တပည့်တော်တို့ကို ပြုစုလုပ်ကျွေးပြီး ညနေချမ်းအခါ ရောဂါတစ်ခုနဲ့ သေလွန်သွားတယ်ဘုရား" ဟု လျှောက်ကြားလိုက်သည်။

မြတ်စွာဘုရားက

"ဟုတ်တယ် ချစ်သားရဟန်းတို့! သတ္တဝါတို့ရဲ့ အသက်ကား အလွန်ပင် တိုတောင်းလှတယ်၊ အဲဒါကြောင့် သတ္တဝါတို့ဟာ ဝတ္ထုအာရုံကာမဂုဏ် ကိလေသာတို့ကို သုံးဆောင်ခံစားခြင်း အားမရ မတင်းတိမ်သေးဘဲသာလျှင် ကိုးဆယ့်ရှစ်ဖြာ စစ်သည်ဗိုလ်ပါ ရှိသည့် သေမင်းမိုက်က မိမိရဲ့ အလိုသို့ လိုက်ပါစေလျက် မိမိတို့ ငိုကြွေးမြည်တမ်း အော်ဟစ်နေစဉ် အလျင်လာဖမ်းယူပြီး သွားတော့သည်သတည်း။

ပန်းဥယျာဉ်သို့ဝင်၍ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးယူသူကဲ့သို့၊ ငါးပါးသော အာရုံ ကာမဂုဏ်ချမ်းသာတည်း ဟူသော ပန်းတို့ကို ရွေးချယ်လျက် လည်းကောင်း၊ ကာမဂုဏ်ချမ်းသာတို့ကို အလွန်စွဲလမ်းကာ မေ့လျော့နေသော လူအပေါင်းကို (ကြီးစွာသော ရေအလျဉ်သည် ရွာသူရွာသားတို့ အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့) သေမင်းသည် သိမ်းယူသွားလေ၏။

ဤဝတ္ထုသည် ဝါဆိုသင်္ကန်းကုသိုလ်ကြောင့် နတ်ပြည်ရောက်ရသည့် ဝတ္ထုသာဓကတစ်ခုဖြစ်သည့်အပြင် စာရေးတံဆွမ်း၊ တစ်ဆယ့်ငါးရက်ဆွမ်း ဆက်ကပ်လှူဒါန်းရခြင်း၏ အကျိုးအာနိသင်ကြောင့် တာဝတိံသာနတ်ပြည်မှာ နတ်သမီးပြန်ဖြစ်ရခြင်း၏ ဝတ္ထုသာဓကတစ်ခုလည်း ဖြစ်သည်။

ကျမ်းကိုး။ သုတ္တန်ပိဋကတ်၊ ခုဒ္ဒကနိကာယ်

ဓမ္မပဒအဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ပတိပူဇိကာဥပါသိကာမဝတ္ထု။

# ကျရှုံးသူရဲ့အကြောင်းရင်း

ရည်မှန်းချက်မရှိသောသူသည်
အောင်မြင်မှုပန်းတိုင် မရောက်နိုင်။
ရည်မှန်းချက်ရှိသော်လည်း
ကြိုးစားအားထုတ်မှုမရှိသောသူသည်
အောင်မြင်မှုပန်းတိုင် မရောက်နိုင်။
ကြိုးစားအားထုတ်သော်လည်း
နည်းစနစ်မမှန်လျှင်
အောင်မြင်မှုပန်းတိုင် မရောက်နိုင်။

**စာရေးသူ**

# အခန်း (၇)

## ရေတွင်းရေကန်လှူဒါန်းသည့်သူ

ရေတွင်းရေကန် အလှူဆိုတာက ရေတွင်းရေကန်တစ်ခု တူးလှူလိုက်ပြီ ဆိုရင် "နိဗဒ္ဓပုည" ဆိုသည့် အမြဲတမ်း ကောင်းမှု ဖြစ်သည်။ ဤရေတွင်း ရေကန်မှာ ရဟန်း သံဃာတော်တို့ကလည်း သောက်ကြ၊ သုံးဆောင်ကြ၊ ချိုးကြမည်။ လူပုဂ္ဂိုလ်တို့ကလည်း သောက်ကြ၊ သုံးကြ၊ ချိုးကြမည်။ ယုတ်စွ အဆုံး တိရစ္ဆာန်တို့ကလည်း သောက်ကြ၊ ချိုးကြမယ်၊ အရပ်လေးမျက်နှာ မှာ ရှိနေကြသည့် ရဟန်းရှင်လူ၊ မည်သူမဆို ဤရေတွင်းရေကန်ကို အမှီပြု၍ သောက်သုံးကြသည့်အတွက် အလှူရှင်များမှာ အမြဲတမ်းလိုလို ကုသိုလ်ရနေတော့သည်။ ထို့ကြောင့် အလှူရှင်များ နေ့/ညမပျက် ကုသိုလ် တရား တိုးပွားနေရလို့ ဝနရောဟန သုတ်မှာတော့ သဂ္ဂဂါမိ နတ်ရွာ လားကြောင်း ကုသိုလ် ဟူ၍ ဆိုထားသည်။ နိဗဒ္ဓပုည ဖြစ်လို့ ဂတိနိဗဒ္ဓ ဂတိမြဲပြီး သောတာပန္နသ ဒိသာနေဝ။ သောတာပန်ပုဂ္ဂိုလ်များကဲ့သို့ အပါယ်မလားပဲ သုဂတိမြဲသူ ဖြစ်သည်ဟု သဉပါဒိသေသသုတ်မှာ ဟောတော်မူ ထားခဲ့သည်။

## ရေတွင်းရေကန်အလှူ၏ အကျိုး

ရေကန်ဒါန ပေးလှူက၊ ဓမ္မတည်သူသာ။
ရေကန်ဒါန ပေးလှူက၊ သီလတည်သူသာ။
ရေကန်ဒါန ပေးလှူက၊ ရောက်ရနတ်ပြည်သာ။
ရေကန်ဒါန ပေးလှူက၊ မကျပယ်လေးရှာ။
ရေကန်ဒါန ပေးလှူမှာ၊ သောတာပန်နှင့်တူသည်သာ။
သောတာပန္န တူလေက၊ မုချဖြစ်မှာ ရဟန္တာ။
ရဟန္တာဖြစ်က ဝဋ်ဒုက္ခ၊ မုချလွတ်မည်သာ။
ရေကန်ဒါန ပေးလှူက၊ ရောက်ရရေလှူမှာ။

## ရေအလှူအကျိုးဆယ်ပါး

သက်ရှည်၊ဆင်းလှ၊ ချမ်းသာရ၊ ဗလ,ဉာဏ်ပညာ။
စင်ကြယ်သန့်ရှင်း ကျော်စောခြင်း၊ များသင်းခြွေရံကာ။
လျှင်မြန်မယွင်း ပေါများခြင်း၊ ဆာခြင်းမွတ်သိပ်ကာ။
ဤတည့်တရား ကျိုးဆယ်ပါး မှတ်သားရေအလှူ။

ဗဟုဿုတပကာသနီကျမ်း

# ရေတွင်းရေကန် အလှူဒါနကြောင့် သိကြားမင်း၏ မိဖုရား ဖြစ်ရသည့် သုနန္ဒာမလေး

မြတ်စွာဘုရားသည် ဝေသာလီပြည်ကူဋာဂါရဇရပ်၌ သီတင်းသုံး နေထိုင်တော်မူစဉ် သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူခဲ့ သည်။

ရှေးအခါတုန်းက မဂဓတိုင်း၌ မစလဟု ခေါ်သည့် ရွာတစ်ရွာရှိ သည်။ ၎င်းရွာတွင် "မဃ" လုလင်တို့ မိသားစု နေထိုင်ကြသည်။ ၎င်း အမျိုးကောင်းသား မဃလုလင်သည် အမျိုးကောင်းသား လုလင် သုံးဆယ့်သုံးယောက် တို့ကို ဦးစီးဦးဆောင်ပြီး နတ်ပြည်လားကြောင်း တရားတော်များကို ကြိုးစားအားထုတ်သောသူ တစ်ယောက်ဖြစ်သည်။ ၎င်းအမျိုးကောင်းသား သုံးဆယ့်သုံးယောက်တို့သည် စိတ်တူကိုယ်တူ ညီညီညွတ်ညွတ် မဃလုလင်၏နောက်ကို လိုက်ပါပြီး ကုသိုလ်ကောင်းမှု တရားကို ကြိုးစားအားထုတ် ပြုလုပ်ကြသည်။ မဃလုလင်အဖွဲ့သား များသည် အများသူငါ ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် လမ်းများကို သေချာစွာ ပြုပြင်ပေးကြသည်။

တစ်နေ့မှာတော့ မစလရွာသူကြီးက ကြံစည်သည်မှာ- "ဒီလူတို့ ဟာ သူများ မပြုလုပ်နိုင်၊ ပြုလုပ်ရန် ခက်ခဲတဲ့ ကုသိုလ်တရားတွေကို ကြိုးစားအားထုတ် ပြုလုပ်နေကြတယ်။ ငါက သူတို့ကို တောအရပ်မှာ အရက်, သား, ငါး, အမဲ စသည်တို့လည်း ရှာဖွေသောက်စားခိုင်းရင် ငါကလည်း အရက်, သား, ငါး, အမဲ စားရသောက်ရမယ် "ဟု ကြံစည် လိုက်သည်။ ထို့ နောက်၌ မစလရွာသူကြီးသည် မဃလုလင် အဖွဲ့သား များကို ခေါ်စေ၍ ပြောကြားလိုက်သည်မှာ-

"ဟိုင်း မောင်မဃ! မင်းတို့ ဘာလုပ်နေကြတာလဲ?။"

"သူကြီး! ကျွန်တော်တို့က နတ်ပြည်လားကြောင်း တရားကောင်းကို ပြုလုပ်နေကြပါတယ်ဗျာ။

"မောင်မဃ! ကလေးအဖေဆိုတာ အဲလိုမျိုးလုပ်ရင် မသင့်လျော်ဘူးလေ၊ တောအရပ်မှ အသား၊ ငါး၊ အမဲ များကို ဆောင်တဲ့သူ အရက်ကို ကြိုချက်ပြီး သောက်တဲ့သူ၊ အသား ငါး များနဲ့အရက်အဖျော်ရည်ယမကာ သောက်စားတဲ့ဟာ သင့်လျော်ကောင်းမြတ်တယ်"ဟု ပြောဆိုလိုက်သည်။

မဃလုလင်တို့အဖွဲ့က သူကြီး၏ စကားကို လက်မခံဘဲ ငြင်းဆန်ပယ်ချပြစ်လိုက်ကြသည်။ သူကြီးသည် ဇွဲမလျှော့ပဲ ထပ်ခါထပ်ခါ တိုက်တွန်းပြန်သည်။ မဃလုလင်အဖွဲ့ကလည်း တိုက်တွန်းတိုင်းကို လက်မခံဘဲ ပြန်ငြင်းဆန်ပယ်ချပစ်လိုက်ကြသည်။

ထို့နောက် တစ်နေ့မှာတော့ မစလရွာသူကြီးက "ငါပြောတဲ့အတိုင်း အနည်းငယ်လေးတောင်မှ မလုပ်ပေးကြဘူး" ဟု အမျက်ထွက်စိတ်ဆိုး၍ ရှင်ဘုရင်မင်းမြတ်ကို မဟုတ်မတရားသောနည်းဖြင့်-

"အရှင် မင်းကြီးကျွန်တော်မျိုးက သူခိုးအဖွဲ့တစ်ဖွဲ့ တွေ့ခဲ့ပါတယ်" ဆိုသည့်အကြောင်း တိုင်ကြားလိုက်သည်။ ရှင်ဘုရင်မင်းမြတ်က အဲဒီသူခိုးများအား အကုန်လုံးဖမ်းယူလာခဲ့ပါဟု စေခိုင်းလိုက်သည်။ မင်းမှုထမ်းများကလည်း ရှင်ဘုရင်မင်းမြတ် စေခိုင်းသည့်အတိုင်း မဃလုလင် အဖွဲ့သား သုံးဆယ့်သုံးယောက်တို့ကို လွယ်လွယ်ကူကူ ဖမ်းခေါ် ယူလာ၍ မေးမြန်းမှုကို မပြုတော့ဘဲနဲ့ ချက်ချင်းဆိုသလို "ဒီ ခိုးသူအဖွဲ့အား ဆင်နဲ့နင်းသတ်ပစ်လိုက်ပါတော့"ဟု အမိန့်ချလိုက်သည်။

ယင်းအချိန်ဝယ် မဃလုလင်က သူ့အဖွဲ့သားများကို ပြောလိုက်သည်မှာ- "မိတ်ဆွေတို့! သင်တို့အားလုံး မိမိရော သူတစ်ပါးပါ မေတ္တာစိတ်ထားကြပါ"ဟု ပြောဆိုလိုက်သည်။ တပည့်အဖွဲ့သားများကလည်း မဃလုလင်၏ ညွှန်ကြားချက်စကားကို လိုက်နာကြသည်။

မင်းမှုထမ်းတို့သည် ဆင်ကိုနင်းခိုင်းတော့ ဆင်က သူတို့အနားကိုတောင် မကပ်ဝံ့ပါ။ မင်းမှုထမ်းတို့သည် အောက်မေ့မှတ်ထင်ကြသည်မှာ- "ဒီဆင်ဟာ လူတအားများနေတာကို တွေ့မြင်လို့ ဆင်က ကြောက်

လန့်ပြီး မနင်းဝံ့တာပဲဖြစ်လောက်တယ်”ဟု မှတ်ထင်ကြ၍ ဖျာနဲ့ ဖုံးအုပ်ပြီး နင်းခိုင်းပြန်သည်။ ဒါလည်း မနင်းဝံ့ပါ။

ရှင်ဘုရင်က မသက်ာလို့ ခေါ်ပြီး စစ်ဆေးကြည့်သည်။ ရှင်ဘုရင်မင်းမြတ်သည် အဖြစ်မှန်ကို အကုန်လုံး သိသွားသည်။ ရှင်ဘုရင်သည် လူတို့အဖွဲ့နေထိုင်သည့် မစလရွာကိုလည်း သူတို့အဖွဲ့အား အပိုင်စား အုပ်ချုပ်ဖို့အတွက် ပေးအပ်လိုက်သည်။ ဆင်ကိုလည်း သူတို့အဖွဲ့အား ပေးလိုက်သည်။

မဟုတ်မတရားနည်းနဲ့ တိုင်းကြားသည့် မစလရွာသူကြီးကလည်း ကျွန်အလုပ်သမားအဖြစ်နဲ့ အသုံးချဖို့အတွက် သူတို့အဖွဲ့အား ပေးလိုက်သည်။ မဃလုလင်အဖွဲ့က “နောင်ဘဝအတွက်လုပ်တဲ့ တို့တစ်တွေရဲ့ ကုသိုလ်ကောင်းမှုဟာ ဒီမျက်မှောက် ပစ္စက္ခဘဝမှာပဲ အကျိုးပေးနေပါတယ်” ဟု ပြောဆိုကြပြီး တစ်ဖွဲ့သားလုံး စိတ်ဓာတ်တက်ကြွလာကြသည့်အတွက် တိုင်ပင်ကြသည်မှာ -

“ကျွန်တော်တို့ အကုန်လုံး လမ်းဆုံလမ်းလေးခွမှာ လူများ အပန်းဖြေ နားနေဖို့အတွက် ဇရပ်တစ်ဆောင် ဆောက်လုပ်ကြရအောင် အိမ်က မိန်းမတွေကိုတော့ တို့ ဆောက်လုပ်လှူဒါန်းမဲ့ ဇရပ်ထဲမှာ ကုသိုလ်ဝင်ခွင့် မပေးပဲ ထားမှတော်မယ်၊ ငါတို့ ဖမ်းခံရတုန်းက ဒီမိန်းမတွေထဲက ဘယ်မိန်းမမှ စိုးရိမ်ပူဆွေးမှုမရှိခဲ့ကြဘူး။ ဒါကြောင့် သူတို့ကို ကုသိုလ်ဝင်ခွင့်ပေးဖို့ မတော်ဘူး”ဟု ဤသို့ တိုင်ပင်ကြသည်။

မဃလုလင်သည် မယားလေးယောက် ယူထားသည့်သူ ဖြစ်သည်။ ၎င်းလေးယောက်တို့၏ နာမည်ကား သုနန္ဒာ၊ သုစိတ္တာ၊ သုဓမ္မာ၊ သုဇာတာ တို့ ဖြစ်ကြသည်။

မဃလုလင်၏ ဇနီးမယား လေးယောက်တို့တွင် သုဓမ္မာ ဆိုသည့် မိန်းကလေးက လက်သမားနှင့် တော်တော်လေး ရင်းနှီးသည့်အတွက် သူမ၏ သူငယ်ချင်းကောင်းဟု ပြောရင်လည်း မမှားပါဘူး။

မယလုလင်တို့ အဖွဲ့သားသည် သစ်များ ရှာဖွေစုစည်းပြီး လက်သမားများ ငှားရမ်း၍ လက်သမားနှင့်အတူ ဇရပ်ဆောက်လုပ်ကြလေသည်။ ယင်းအချိန်ဝယ် သုဓမ္မာသည် သူငယ်ချင်းလက်သမားကို ချဉ်းကပ်၍ ပြောဆိုလိုက်သည်မှာ-

"အစ်ကို! ကျွန်မလည်း အစ်ကိုတို့ ဆောက်လုပ်နေတဲ့ ဇရပ်ကြီးမှာ ကုသိုလ်အဖြစ် ပါဝင်လှူဒါန်းချင်တယ်။ ကျွန်မကို ကူညီပါ"ဟု ပြောဆိုပြီး တံစိုးလက်ဆောင်လာဘ်ထိုးပေးလိုက်သည်။

လက်သမားကလည်း "ကောင်းပြီ" ဟု ဝန်ခံ၍ သစ်သားပျဉ်ချပ်ရှာယူ၍ ရေးထားလိုက်သည်မှာ "ဒါဟာ သုဓမ္မာဇရပ်ပဲ"ဟု ဤသို့ ရေးသားပြီး အဝတ်ဖြင့်ဖုံးအုပ်ပြီး သိမ်းဆည်းထားစေသည်။

ထို့နောက် ဇရပ်ဆောက်လုပ်ပြီးစီးသွားသည့်အခါမှာ သုဓမ္မာ၏ သူငယ်ချင်း လက်သမားက"အစ်ကိုမယတို့! ငါတို့ရဲ့ဇရပ် နာမည်ရေးဖို့ ပေးဖို့အတွက် မေ့သွားပြီ"။

မယလုလင်အဖွဲ့က "မိတ်ဆွေလက်သမား! အစ်ကိုပြောတာ ဘယ်လိုလဲ?"။

လက်သမားက"အစ်ကိုတို့! နာမည်ပေးဖို့ ရေးဖို့အတွက်ပါ"။

"မိတ်ဆွေလက်သမား ! ကျွန်တော်တို့ သစ်ရှာယူခဲ့မယ်လေ"။

"အစ်ကိုတို့! အချိန်လည်း မရှိတော့ဘူး၊ သစ်သားစိုနဲ့ လုပ်ရင်လည်း မကောင်းဘူး၊ သစ်သားခြောက်နဲ့ လုပ်ပြီးသား ဆိုင်းဘုတ် ရရင်တော့ ကောင်းတယ်"။

"မိတ်ဆွေလက်သမား! ယခုအချိန်မှာ လုပ်ပြီးသား သစ်သား ဆိုင်းဘုတ်ရဖို့အတွက် ဘယ်လိုလုပ်ရမလဲ?"။

"အစ်ကိုမယတို့! သူများရဲ့အိမ်မှာ လုပ်ပြီးသားသစ်သား ဆိုင်းဘုတ် ရောင်းဖို့အတွက် တကယ်လို့ရှိရင် အဲဒီဟာကိုပဲ ရှာဝယ်ယူလာခဲ့ပါလော့" ဟု ပြောဆိုလိုက်သည်။

ထို့နောက် လက်သမားများနှင့် မဃလုလင် အဖွဲ့သားများသည် မစလရွာထဲမှာ လိုက်ရှာကြည့်ကြလေသည်။

မဃလုလင်၏အိမ်မှာ သုဓမ္မာသိမ်းထားသည့် အမည်နာမရေးပြီးသည့် သစ်သားချပ်ကိုတွေ့မြင်သွားကြ၍ ထိုသစ်သားချပ်ကို တစ်ထောင်ဖြင့် ဝယ်ယူမည်ဟု ပြောဆိုကြ၍ သုဓမ္မာက "ကျွန်မ မရောင်းပါဘူး၊ ရှင်တို့ ဆောက်လုပ်လှူဒါန်းတဲ့ ဇရပ်အလှူဒါနထဲမှာ တကယ်လို့ ကျွန်မကို ဒါန ကုသိုလ်ကောင်းမှု ပါဝင်ခွင့်ပြုရမယ်ဆိုရင် ကျွန်မလှူပါတယ်" ဟု ပြောဆိုလိုက်သည်။

မဃတို့အဖွဲ့သားက "ငါတို့ရဲ့ ဇရပ်အလှူဒါနထဲမှာ မိန်းမများအား ကုသိုလ်အဖို့ဘာဂကို ပါဝင်ခွင့်ပေးလို့မရဘူး" ဟု ပြောဆိုလိုက်သည်။

ယင်းအချိန်ဝယ်လက်သမားက မဃလုလင်အဖွဲ့သားကို "မိတ်ဆွေတို့! သင်တို့ဟာ ဘာစကားတွေကို ပြောဆိုနေကြတာလည်း မိန်းမဆိုတာ ဗြဟ္မာဘုံမှတစ်ပါး ဘယ်ဘုံဌာနများမှ မိန်းမနဲ့ကင်းတဲ့ ဘုံဌာနဆိုတာ မရှိပါဘူး။ သူမရဲ့ပစ္စည်း ယူလိုက်ကြပါ။ အဲဒီလိုလုပ်မှ ငါတို့ရဲ့ ဇရပ်ဆောက်လုပ်လှူဒါန်းမှုကိစ္စဟာ အမြန်ပြီးစီးမှာ"ဟု ပြောဆိုလိုက်သည်။

မဃလုလင် အဖွဲ့သားများက "ကောင်းပါပြီ"ပြောဆို၍ သုဓမ္မာ၏ သစ်သားဆိုင်းဘုတ်ကိုယူပြီး ဇရပ်သို့ သွားချိတ်ဆွဲထားလိုက်သည်။

မဃလုလင်က ဇရပ်အနီးမှာ ပင်လယ်ကသစ်ပင်ကို စိုက်သည်။ ၎င်းသစ်ပင်၏အရင်းမှာ ကျောက်ဖြာတစ်ချပ်ကိုလည်း ခင်းထားသည်။ ဇရပ်သို့ ဝင်ရောက်လာတိုင်း ဝင်ရောက်လာတိုင်းသော လူအပေါင်းတို့သည် အပေါ်ကိုမော့ကြည့်လိုက်တော့ "ဒါဟာ သုဓမ္မာဇရပ် "ဟု ရေးသားထားသည့် စာသားကိုဖတ်ရှုကြ၍ "သြော် ဒါဟာ သုဓမ္မာဇရပ်"ဟု ဆိုကြသည်။ မဃလုလင်အဖွဲ့သားများက အမည်နာမ မထင်ရှားကြပါ။

မဃလုလင်သည်

မိခင်ဖခင်တို့အား ရိုသေကောင်းမွန်စွာ လုပ်ကျွေးခြင်း အသက်ဖြစ်စေ၊ ဂုဏ်ဖြစ်စေ၊ မိမိထက်ကြီးပြီဆိုလျှင် ထိုလူတို့၏အပေါ်၌ ရိုသေစွာ ဆက်ဆံ၍ ပြောဆိုကာ ဝတ်အမှုကို ပြုစုလုပ်ကျွေး ဆောင်ရွက်ပေးသူ

တစ်ယောက်ဖြစ်သည်။ သူတစ်ပါးကို မဟုတ်မမှန်သည့် စကားကို မပြောဘဲ ဟုတ်မှန်သည့်စကားကိုသာ ပြောဆိုသည်။ ကြမ်းတမ်း ယုတ်မာသော စကားကို မပြောဆိုဘဲ ချိုသာသောစကားကိုသာ ပြောဆိုသည်။ ချောပစ်ကုန်းချောစကားကိုလည်း မပြောဘူး။ နှမြောတွန့်တိုမှု မရှိဘူး။ အမျက်ဒေါသနည်းပါးသောသူတစ်ယောက် ဖြစ်သည်။

သုနန္ဒာ ဆိုသည့် မယားက စဉ်းစား ဆင်ခြင်လိုက်သည်မှာ- "ဒီ ယောကျ်ားတွေဟာ ဇရပ်ကို ဆောက်လုပ်ပြီးစီးသွားတဲ့အတွက် သာဓု သာဓု" လို့ အမျှဝေ တောင်မှ ငါတို့မိန်းမဆီ မရောက်နိုင်တဲ့ ကုသိုလ်အဖို့ဘာဂကို ပြုလုပ်ကြတယ်။ သုဓမ္မာက လိမ္မာပါးနပ်တဲ့ အတွက်ကြောင့် ရသင့်ရထိုက်တဲ့ ကုသိုလ်ရသွားပြီ၊ သူ့မှာကုသိုလ်ရောက်ပြီး သူ့မှာ ကုသိုလ်ဖြစ်လေပြီ၊ ငါကလည်း အလှူဒါန တစ်ခုခု လုပ်မှ ဖြစ် တော့မယ်။ ဒီအတိုင်းရပ်ကြည့်နေလို့ မဖြစ်တော့ဘူး ကုသိုလ်မရပဲဖြစ်တော့မယ်။ အလှူဒါနတစ်ခုခုလုပ်မှ ငါ့ဘဝအတွက်သင့်လျော် လျောက်ပတ်တဲ့သူ ဖြစ်မယ်။ ဘာအလှူဒါန ပြုလုပ်ရင် ကောင်းမှာလဲနော်. . ဟု ကြံစည် စဉ်းစားကြည့်လေသည်။

သူမ ကြံစည်၍ ပေါ်လာသည်မှာ- "ဇရပ်သို့ သွားကြလာကြ ဝင်ကြထွက်ကြတဲ့လူဟာ သောက်ရေ၊ သုံးရေ၊ ချိုးရေများကို ကိုယ်စီကိုယ်င သောက်ရေသုံးရေ အလိုရှိကြတယ်၊ လူအများကို သောက်သုံးရေ လုံလုံလောက်လောက် ရရင်တော့ ကောင်းမှာပဲ။ ငါက လူတွေကို သောက်သုံးရေများ လုံလုံလောက်လောက် ကြိုက်သလို သုံးနိုင်ရန် ရေကန်လှူမယ် ရေကန်တူးခိုင်းမယ်"ဟု ကြံစည်လိုက်သည်။

ထို့နောက် သုနန္ဒာအမျိုးသမီးလည်း ရေကန်တူးဖော်တတ်တဲ့ လူဆီ ချဉ်းကပ်ပြီး ဇရပ်၏အနီး အလှမ်းမဝေးသောနေရာမှာ ရေကန်တူးဖော်ခိုင်းလိုက်သည်။

သုစိတ္တာမယားကတော့ သုဓမ္မာနှင့် သုနန္ဒာ လှူဒါန်းတာကို အားကျပြီး ဇရပ်၏အနီးမှာ ပန်းဥယျာဉ်ကဲသို့ပင် သစ်သီးသစ်ပင်များကို စိုက်ပျိုးသည်။

သုဇာတာကတော့ ကြုံစည်လိုက်သည်မှာ "ငါဟာ မဃလုလင်ရဲ့ မယားကြီးတစ်ယောက် ဖြစ်ပါတယ်။ မဃလုလင်ရဲ့ခြေရင်း အလုပ်အကျွေးလည်းဖြစ်တယ်။ ငါ့ယောကျ်ား ကြိုးစားအားထုတ်တဲ့ ကုသိုလ်မှန်သမျှကို ငါရပြီးသားပါ။ ငါက ကုသိုလ်ကောင်းမှု လုပ်ရင်လည်း လင်တော်မောင်မဃ ရပြီးသားပါ"ဟု ကြုံစည်လိုက်သည်။

သုဇာတာသည် သူမ၏ ခန္ဓာကိုယ်ကို ဖြီးလိမ်းပြင်ဆင် အလှပြင်ခြင်းနဲ့သာ အချိန်ကုန်နေပါတော့သည်။ မဃလုလင်၊ မဃလုလင်ရဲ့ အဖွဲ့သားများက သေသွားသည့်အခါ မဃလုလင်က တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းသွားဖြစ်ရလေသည်။ မဃလုလင်၏ ကုသိုလ် လုပ်ဖော်လုပ်ဖက် အဖွဲ့သားများကလည်း သိကြားမင်း၏ အနီးမှာပဲ နတ်သားသွားဖြစ်ရလေသည်။

သိကြားမင်း၏ ဝေဇယန္တာ ပြာသာဒ်သည် ယူဇနာခုနစ်ရာ မြင့်သည်။ ယူဇနာ သုံးရာမြင့်သည့် အလံတို့နှင့် တန်ဆာဆင်ထားသည်။ ဤဟာသည် ဇရပ်ဆောက်လုပ်ခဲ့သည့် ကုသိုလ်၏ အကျိုးရလဒ်ပဲ ဖြစ်သည်။ ဇရပ်၏အနီးနားမှာ ပင်လယ်ကသစ်ပင်စိုက်လှူခဲ့သည့် ကုသိုလ်ကြောင့် ထက်ဝန်းကျင်ပတ်လည် ယူဇနာသုံးရာ အဝန်းအဝိုင်း ရှိသည့် ပင်လယ်ကသစ်ပင် ဖြစ်ပေါ်လာသည်။ ပင်စည်လုံးပတ်က တစ်ဆယ့်ငါး ယူဇနာရှိသည်။ ကျောက်ဖျာခင်းလှူသည့် ကုသိုလ်ကြောင့် ပင်လယ် ကသစ်ပင်ရင်းမှာ ယူဇနာခြောက်ဆယ်ရှိသည့် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ထိုင်မည့်နေရာတွင် ဖြစ်ပေါ်လာသည်။

မဃလုလင်၏ ဇနီးမယား သုဓမ္မာက သူသေလွန်သွားသည့်အခါ ဇရပ်မှာ သစ်သားပျဉ်ချပ်လှူခဲ့သည့် ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်မှာ သိကြားမင်း၏ နတ်မိဖုရား ဖြစ်ရသည်။ သူမ၏ ကုသိုလ်ကောင်းမှုကြောင့် ယူဇနာကိုးရာရှိသည့် သုဓမ္မာ ဆိုသည့် နတ်သဘင်ပေါ်ပေါက် ဖြစ်ပေါ်လာသည်။ သုနန္ဒာဆိုသည့် ဇနီး မယားကလည်း သူသေလွန်သွားသည့်အခါ ရေကန်လှူသည့် ကုသိုလ် ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်မှာ သိကြားမင်း၏ နတ်မိဖုရား သွားဖြစ်ရလေသည်။

ရေကန်တူးလျှုခဲ့သည့် ကောင်းမှု ကုသိုလ်ကြောင့် နန္ဒာဆိုသည့် ရေကန် ပေါ်ပေါက် ဖြစ်ပေါ်လာသည်။ နန္ဒာဆိုသည့် ရေကန်၏ အကျယ်ကား ယူဇနာငါးရာ ရှိသည်။

သုစိတ္တာ ဆိုသည့် ဇနီးမယားက သူ သေလွန်သွားသည့်အခါ ပန်းဥယျာဉ်စိုက်ခဲ့သည့် ကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်မှာပဲ သိကြားမင်း၏နတ်မိဖုရားဖြစ်ရသည်။ ပန်းဥယျာဉ်၏ ကုသိုလ်ကံကြောင့် ယူဇနာ ငါးရာရှိသည့် စိတ္တလတာ ဆိုသည့် ပန်းဥယျာဉ် ပေါ်ပေါက်လာသည်။

သုဇာတာဆိုသည့် မယားကတော့ သူသေလွန်သွားသည့်အခါ တောင်ချောက်ကြားတစ်ခုမှာ ဗျိုင်းမကလေး သွားဖြစ်ရလေသည်။ သိကြားမင်းကြီးက ကြီးကျယ်ခန်းနားသည့် နတ်မင်းစည်းစိမ်းကို ခံစားနေရင်း မိမိ၏ နတ်မိဖုရားတို့ကို ကြည့်ရှု ဆင်ခြင်လိုက်သည့်အခါ- သုဓမ္မာ, သုနန္ဒာ, သုစိတ္တာ ဆိုသည့် မိန်းမသုံးယောက်ကို မိမိ၏ စံနေရာ တာဝတိံသာ နတ်ပြည်၌ လာဖြစ်နေတာကို တွေ့ရသည်။ သို့သော် သုဇာတာကို မတွေ့ရပါ။ သုဇာတာက ဘယ်မှာဖြစ်နေပါလိမ့်လို့ ကြည့်ရှု ဆင်ခြင်လိုက်သည့်အခါ တောင်ချောက်ကြားထဲမှာ ဗျိုင်းမလေး သွားဖြစ်ရသည်ကို တွေ့ရသည်။

သိကြားမင်းက သုဇာတာကိုကြည့်၍ "ဩော် အလွန်မိုက်လေစွတကား၊ ဒီအမိုက်မဟာ ဘာကုသိုလ်ကောင်းမှုမှ မလုပ်ခဲ့ဖူးလို့ အဟိတ်တိရစ္ဆာန်မျိုးမှာ ဖြစ်ရလေပြီ၊ အဲဒီဗျိုင်းမကို သီလကုသိုလ် အထူးကို စည်းပူးစောင့်ရှောက်စေပြီး ငါ့နေရာ ဒီတာဝတိံသာ နတ်ပြည်သို့ လှည့်ပတ်ဖြားယောင်းခေါ်ဆောင်မှ သင့်လျော်လျောက်ပတ်မယ်"ဟု ကြံစည်၍ မထင်ရှားသောအသွင်ဖြင့် ဖန်ဆင်းပြီး ဗျိုင်းမဆီသို့ ချဉ်းကပ်သည်။ သိကြားမင်းသည် ဗျိုင်းမကို စကားအနည်းငယ် ပြောကြားပြီး တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားသည်။ ဗျိုင်းမကိုသုနန္ဒာ မိဖုရား၏ ရေကန်ကမ်းနားမှာ ခဏလွှတ်ထားပြီး မိဖုရားဆီသို့ ချဉ်းကပ်၍ မိဖုရားများကို မေးမြန်းကြည့်လိုက်သည်။

"ချစ်သမီးတို့! သင်တို့ရဲ့ သူငယ်ချင်း သုဇာတာကို ကြည့်ကြအုံး မလား?"။

မိဖုရားတို့က "အရှင်မင်းမြတ်! သုဇာတာ ဘယ်မှာလဲ?"။ သိကြားမင်းက "ချစ်သမီးတို့! သုနန္ဒာရေကန် ကမ်းနားမှာရှိတယ်" ဟု ပြောကြားလိုက်သည်။

သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့ သုံးယောက်က"ဗျိုင်းမလေးဆီသို့ ချဉ်းကပ်ကြ၍ "အရှင်မ! နင်ဟာ တော်တော်အံ့သြဖို့ကောင်းတယ်၊ ခန္ဓာ ကိုယ်ကို ဖြီးလိမ်းပန်ဆင် အလှပြင်ခြင်းရဲ့ အကျိုးအာနိသင်ဟာ ဩော် အရမ်းအံ့သြဖို့ကောင်းတယ် ။ အလှပင် တန်ဆာဆင်လေ့ရှိတဲ့ သုဇာ တာဗျိုင်းမရဲ့ နှုတ်သီးကို ကြည့်ရှုကြပါလော့၊ သုဇာတာဗျိုင်းမလေးရဲ့ ခန္ဓာကိုယ်က တော်တော်လေးလှတယ်နော်"ဟု ကဲ့ရဲ့ရှုတ်ချစကားကို ပြောကြားပြီး ထွက်သွားကြလေသည်။

တစ်ဖန်သိကြားမင်းသည် ယင်းဗျိုင်းမဆီချဉ်းကပ်၍ "ဗျိုင်းကလေး! နင်ရဲ့သူငယ်ချင်းများ တွေ့ရပြီလား?"။

"အရှင်နတ်မင်း ! တွေ့ရပြီ သူတို့က ငါ့ကို ကဲ့ရဲ့စကား ပြောသွား ကြတယ်။ ကျွန်မနေရာ တောင်ချောက်ကြားမှာပဲ ပြန်ပို့ပေးပါ"ဟု ပြောဆိုလိုက်သည်။

သိကြားမင်းသည် ဗျိုင်းမကို တောင်ချောက်ကြားသို့ ပို့ဆောင် ပေး၍ "ဗျိုင်းကလေး! နင်ရဲ့သူငယ်ချင်း သုဓမ္မာ၊ သုနန္ဒာ၊ သုစိတ္တာတို့ရဲ့ နတ်စည်းစိမ် တွေ့ခဲ့ပြီ မဟုတ်လား?"။

"ဟုတ်ကဲ့ရှင် တွေ့ခဲ့ပါတယ်"။

"ဗျိုင်းကလေး! နင်လဲ သူတို့လို ဖြစ်ချင်တယ်ဆိုရင် ဖြစ်ခြင်း အကြောင်း ကောင်းမှုကုသိုလ် ပြုကျင့်ရမယ်။ ဒီကောင်းမှုကုသိုလ် ပြုကျင့်မှ ရောက်နိုင်မယ်"ဟု ပြောကြားလိုက်သည်။

"အရှင်နတ်မင်း! ကျွန်မက ဘာကောင်းမှုကုသိုလ် ပြုကျင့်ရ မလဲ?"။

"ဗျိုင်းကလေး! ငါပြောမဲ့ အဆုံးအမ မင်းစောင့်ရှောက်နိုင်ပါ့မလား?"။

အပဟိတ်တိရစ္ဆာန်ဗျိုင်းဘဝမှ အမြန်ကျွတ်ချင်သည့် သုဇာတာက "အရှင်နတ်မင်း ! ကျွန်မ စောင့်ရှောက်နိုင်ပါတယ်" ဟု ပြောဆိုလိုက်သည်။

သိကြားမင်းက"ဗျိုင်းကလေး! နင်ဟာ ငါးပါးသီလကို လုံခြုံစွာ စောင့်ရှောက် ထိန်းသိမ်းပါ"ဟု ပြောဆိုပြီး မိမိစံမြန်းရာ တာဝတိံသာ နတ်ပြည်သို့ ပြန်တက်သွားသည်။

ဗျိုင်းမကလေးသည် မိမိအလိုအလျောက်သေသွားသည့် ငါးများကိုသာ လိုက်ရှာစားသည်။ နှစ်ရက် သုံးရက်လောက် ကြာသွားတော့ သိကြားမင်းက ဗျိုင်းမ၏သီလကို စုံစမ်းလို၍ တစ်ဖန် ဗျိုင်းမအနီးမှာ ချဉ်းကပ်ပြီး သဲပြင်ပေါ်၌ သေနေသည့်ငါးကဲ့သို့ ဖန်ဆင်း၍ အိပ်နေသည်။ ဗျိုင်းမကလေးကိုမြင်၍ 'ဒီငါးဟာ သေသွားပြီ'ဟု မှတ်ထင်၍ ကောက်ယူသော် ငါးက နာကျင်သလိုခံစား၍ အမြီးလေး လှုပ်ပြလေသည်။ ဗျိုင်းမကလေးက "ဒီငါးက သက်ရှိနေသေးတဲ့ငါးပဲ" ဟု ရေထဲ၌ ပြန်လွှတ်ပေးလိုက်သည်။ သိကြားမင်းသည် သုံးကြိမ်သုံးခါတိုင်တိုင် စုံစမ်းကြည့်သည်။ ဗျိုင်းမလေးကလည်း ရှေးနည်းတူစွာ ကောင်းမွန်စွာ စောင့်ထိန်းသည်။ သုံးကြိမ်မြောက်လာသည့်အချိန်မှာ သိကြားမင်းသည် မိမိကိုယ်ကို သိကြားမင်းဖြစ်ကြောင်း ဗျိုင်းမလေးအား ကိုယ်ထင်ပြသိစေ၍ ပြောလိုက်သည်မှာ-

"ဗျိုင်းကလေး! နင်က သီလကို ကောင်းစွာ စောင့်ရှောက်လား၊ မရှောက်ဘူးလား၊ ငါက နင်ရဲ့ သီလကို လာစုံစမ်းကြည့်တာပါ၊ နင်က ဒီလိုစောင့်ရှောက်ရင်တော့ မကြာခင်မှာပဲ ငါ့ဆီ နတ်သမီး လာဖြစ်ရတော့မယ်။ မမေ့မလျော့ပဲ ငါးပါးသီလကို ကောင်းစွာ စောင့်ရှောက် ထိန်းသိမ်းပါလော့"ဟု ပြောဆိုဆုံးမ၍ တာဝတိံသာနတ်ပြည်သို့ပြန်တက်သွားသည်။

ဗျိုင်းမလေးသည် သေပြီးသည့်ငါးတို့ကို စားရသည့် အခါလည်း ရှိ၏၊ မစားရသည့် အခါလည်း ရှိ၏၊ အခါတစ်ပါး၌ နှစ်ရက်သုံးရက် ကျော်သည့်အထိ ငါးသေကို လိုက်ရှာသော်လည်း ငါးသေ မတွေ့ရသောကြောင့် ယင်းနေ့မှာပဲ သေသွားသည်။

ငှင်းဗျိုင်းမသည် သေသွားတော့ ဗာရာဏသီမြို့မှာ အိုးထိန်သည် သမီး လာဖြစ်ရသည်။ ယင်းအိုးထိန်သည်သမီး ဘဝမှာလည်း ငါးပါးသီလကို ကောင်းမွန်စွာ စောင့်ရှောက်ထိန်းသိမ်းထားသည့် သူတစ်ယောက်ဖြစ်သည်။ သို့သော် ဒါနကုသိုလ်က မပါလာသောကြောင့် ဆင်းဆင်းရဲရဲ နေရလေသည်။ သူချမ်းသာစွာ စားသုံးနိုင်ရန်အတွက် သိကြားမင်းသည်ပင်လျှင် ထောက်ပံ့ကူညီပေးရသည်။ ထိုအိုးထိန်းသည်ဘဝက သေလွန်သွားသော် အသုရာနတ်ပြည်မှာ အသုရာနတ်မင်းကြီး၏ သမီး ဖြစ်ရလေသည်။ အသုရာနတ်ပြည်ဆိုတာ တာဝတိံသာနတ်ပြည်ထဲမှာ ပါဝင်သည်။

အသုရာနတ်မင်းကြီး၏ သမီးသုဇာတာသည် ဗျိုင်းဘဝ အိုးထိန်းသည်ဘဝတုန်းက ငါးပါးသီလကို ကောင်းမွန်လုံခြုံစွာ ထိန်းသိမ်း စောင့်ရှောက်ခဲ့ဖူးသောကြောင့် သူမ၏ ခန္ဓာကိုယ် အသားအရေအရောင်သည် ရွှေအဆင်းနှင့်တူသည့် အသားအရေကို ပိုင်ဆိုင်ထားသည့် နတ်သမီး တစ်ယောက် ဖြစ်သည်။

အသုရာနတ်မင်းသည် သူ့သမီးသုဇာတာကို ဘယ်သူ့ကိုမှ မပေးစားပဲ "ငါးရဲ့ သမီးချောလေးဟာ သူကြိုက်တဲ့လင်နဲ့ သူရွေးချယ်လိမ့်မယ်" ဟု အသုရာနတ်ပြည်၌နေထိုင်ကြသည့် အသုရာမျိုးမတ် အသုရာစစ်သည် အပေါင်းကို စည်းဝေးစေ၍ အသုရာနတ်မင်းက "ချစ်သမီး နင်ကြိုက်တဲ့ လင်နတ်သား နင်စိတ်ကြိုက် ရွေးချယ်ယူပါလော့"ဟု သမီးငယ်၏လက်ထဲမှာ ပန်းကုံးပေးလိုက်သည်။

ထိုအချိန်၌ သိကြားမင်းသည် သုဇာတာ၏ ဖြစ်ရာအရပ်ကို ကြည့်ရှုဆင်ခြင်လိုက်သော် သုဇာတာနတ်ဖြစ်ရာအရပ်နှင့် သုဇာတာ လင်ရွေးချယ်မည့် အကြောင်းကို သိသွား၍ ယခုအခါ ငါက သုဇာတာကို သွားခေါ်လာဖို့

အတွက် အခွင့်ကောင်းပဲဟု ကြံပြီး အသုရာနတ် အဘိုးအိုကြီးအသွင် ဖန်ဆင်းကာ နတ်ပရိတ်သတ်၏ အစွန်ဖျား၌ သွားရပ်နေသည်။

သုဇာတာကလည်း ဟိုဟိုဒီဒီ ကြည့်ရှုလိုက်တော့ ရှေ့ဘဝတုန်းက အတူတကွ မေတ္တာအဟုန် ဆုံခဲ့ဖူးသည့် အဘိုးအိုးကြီးကို တွေ့မြင်တော့ ချစ်ကြိုက်မိ၍ "သူဟာ ငါရဲ့ ချစ်လင်တော်ပဲ" ဟု ပြော၍ အသုရာနတ် အဘိုးအိုကြီးအသွင် ဖန်ဆင်းထားသည့် သိကြားမင်း၏ ဦးခေါင်းပေါ်၌ ပန်းကုံးပစ်ချပေးလိုက်သည်။

အသုရာနတ်သားအပေါင်းတို့က "ငါတို့ရဲ့မင်းကြီး ဒီမျှလောက် ကြာမြင့်တဲ့ ကာလပတ်လုံး သမီးတော်နဲ့ထိုက်တန်တဲ့ ခင်ပွန်းလင် မရခဲ့ဘူး၊ ယခုအချိန်မှာတော့ ရခဲ့လေပြီ၊ ငါတို့မင်းကြီးရဲ့သမီးတော်အား သူ့ရဲ့ဖခင်ထက် အသက်ကြီးတဲ့ အသုရာအဘိုးကြီးက သူနဲ့ လိုက်ဖက်တယ်" ဟု ပြက်ရယ်ကြပြီး သုဇာတာမရသည့်အတွက်ကြောင့် ရှက်နိုးကြ၍ ထွက်သွားကြသည်။

သိကြားမင်းကလည်း သုဇာတာနတ်သမီး၏ လက်ကိုဆွဲကိုင်လျက် "ငါဟာ တာဝတိံသာနတ်ပြည်ကို အစိုးရတဲ့သိကြားမင်းပဲ"ဟု အော်ဟစ်၍ အထက်သို့ တက်သွားလေသည်။ အသုရာနတ်တို့က "သိကြားအိုက ငါတို့ကို လှည့်ပတ်သွားပြီ" ဟု နှလုံးမသာမယာကြလျှက် သိကြားမင်းကို လိုက်ဖမ်းကြသည်။

ထိုအချိန်ဝယ် သိကြားမင်းသည် လက်ပံတောထဲသို့ ရောက်သွားသော် သိကြားမင်း၏ မြင်းလှည်းရထားသံကိုကြားရသည့် ဂဠုန်ငှက်ငယ် ကလေးများက ကြောက်လန့်သွားကြ၍ ကျိုးကျိုးကျဉ်ကျဉ် ငိုမြည်အော်ဟစ် ကြလေသည်။

သိကြားမင်းက မာတလိနတ်သားကို- "မောင်မာတလိ! ယခု ကျိုးကျဉ်ကျိုးကျဉ်လို့ ကြားနေတဲ့အသံက ဘာအသံလဲ?"ဟု မေးတော်မူသည်။ မာတလိနတ်သားကလည်း "အရှင်သိကြားမင်း! ယခုကြားနေရတဲ့ အသံဟာ ဂဠုန်သတ္တဝါငယ်လေးရဲ့အသံပါ"ဟု သံတော်ဦးတင်လိုက်သည်။

"မာတလိ! ဘာဖြစ်လို့ အော်တာလဲ?"။

"အရှင်သိကြားမင်း! အရှင်ရဲ့အသံကိုကြားရလို့ သေမှာကို ကြောက်ကြတဲ့အတွက်ကြောင့် အော်နေကြတယ်"။

"မာတလိ! ငါ့ကိုအမှီပြု၍ ဂဠုန်ငယ်အပေါင်းတို့ မပျက်စီးစေချင်ဘူး၊ ရထားကို ရပ်လိုက်လော့"ဟု မိန့်တော်မူသည်။

မာတလိနတ်သားကလည်း သိန္ဓောမြင်းတစ်ထောင်အား နှင်တံအမှတ်သညာကို ပေး၍ နောက်ပြန်လှည့်လိုက်သည်။ သိကြားမင်းကို ဖမ်းဖို့ရန် နောက်ကနေ အစဉ်တစ်စိုက် လိုက်လာနေသည့် အသုရာနတ်အပေါင်းက သိကြားမင်း နောက်ပြန်လှည့်လာသည်ကို တွေ့မြင်၍ အောက်မေ့မှတ်ထင်ကြသည်မှာ-

"ဒီသိကြားအိုဟာ အသုရာနတ်ပြည်မှစပြီး အမြန်ထွက်ပြေးတယ်၊ ယခု သူ့မြင်းလှည်းရထားကို နောက်ပြန်လှည့်လာတာဟာ မချွတ်ဧကန်သူ အားကိုးရာရသွားပြီထင်တယ်"ဟု မှတ်ထင်ကြ၍ ကြောက်ရွံ့ကြသောကြောင့် မိမိတို့၏ အသုရာနတ်ပြည်ကို ပြန်လာ၍ တစ်ဖန် ဦးခေါင်းကို အပေါ်မော့၍ မကြည့်ဝံ့ကြတော့ပေ။

သိကြားမင်းကလည်း အသုရာနတ်မင်းကြီး၏ သမီး သုဇာတာကို တာဝတိံသာနတ်ပြည်သို့ ဆောင်ယူခဲ့၍ နှစ်ကုဋေငါးသန်း ကုန်သော နတ်သမီးတို့၏ အကြီးမှူးအရာ၌ ပေးထားသည်။

ယင်းအချိန်မှစ၍ သခွတ်ပင်ပွင့်လာရင် ငါတို့၏ နေရာအရပ်၌ ပင်လယ်ကသစ်ပင်၏ ပွင့်တဲ့အခါတည်းဟု အသုရာနတ်အပေါင်းတို့သည် သိကြားမင်းကို စစ်ထိုးခြင်းငှာ တာဝတိံသာနတ်ပြည်သို့ ရှေးရှုတက်ကြသည်။ သိကြားမင်းက များစွာသော အစောင့်အရှောက်ကို စောင့်ခိုင်းထားရုံမက တာဝတိံသာနတ်ပြည်တံခါးဝ၌ ဝရဇိန်လက်နက် ကိုင်ဆောင်ထားသည့် သိကြားမင်းရုပ်တုကိုလည်း ချထားသည်။

အသုရာ နတ်အပေါင်းတို့သည် များပြားသည့် သိကြားမင်း၏ အစောင့်အရှောက်ကို အောင်၍ ဖြတ်ကျော်လာသော်လည်း တာဝတိံသာ

နတ်ပြည်တံခါးဝသို့ ရောက်လာကြ၍ သိကြားမင်း၏ရုပ်တုကို တွေ့မြင်သည်နှင့်တစ်ပြိုင်နက် သိကြားမင်း ထွက်လာပြီဟု မှတ်ထင်၍ ထွက်ပြေးကြသည်။

ထိုကြောင့် မြတ်စွာဘုရားက

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ခြင်းကြောင့် သိကြားမင်းသည် နတ်တို့တကာ နတ်တို့ထက် မြတ်သော အကြီးအမှူးအဖြစ်သို့ ရောက်ရလေ၏။ ကုသိုလ်ကောင်းမှု၌ မမေ့မမေ့လျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ ပေါ့ဆခြင်းကို ပညာရှိတို့ အခါခပ်သိမ်း ကဲ့ရဲ့ရှုတ်ချကုန်၏။

ဤဝတ္ထုသာဓကသည် ရေတွင်းရေကန် အစရှိသည်တို့၏ အလှူဒါနကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်လေးပါး ကျရောက်ခြင်းမှ ကင်းလွတ်ပြီး နတ်ပြည်သို့ရောက်ရသည့် သက်သေသာဓကတည်း။

*ကျမ်းကိုး*

*ဓမ္မပဒဝတ္ထု အဋ္ဌကထာ-အပ္ပမာဒဝဂ်၊*

*မဃဝတ္ထု။ ဒီ၊ မဟာဝဂ္ဂ၊ ၄-၁၂၀။*

## ဗြဟ္မစိုရ်တရားနှင့် အညီဆက်ဆံရေး

၁။ တန်းတူတွေ့ရင် မေတ္တာဝင် မဝင်နိုင်ကပြိုင်တတ်တယ်
ပြိုင်မည့်အစား မေတ္တာပွား စိတ်ထားပြုပြင်ပြောင်းပါ့မယ်။

၂။ နိမ့်သူတွေ့ရင် ကရုဏာဝင် မဝင်နိုင်က နိုင်တတ်တယ်
နိုင်မည့်အစား ကရုဏာပွား စိတ်ထားပြုပြင်ပြောင်းပါ့မယ်။

၃။ မြင့်သူတွေ့ရင် မုဒိတာဝင် မဝင်ကဣဿာယိုင်တတ်တယ်
ယိုင်မည့်အစား မုဒိတာပွား စိတ်ထားပြုပြင်ပြောင်းပါ့မယ်။

၄။ မိုက်သူတွေ့ရင် ဥပေက္ခာဝင် မဝင်နိုင်က မဲ့တတ်တယ်
မဲ့မည့်အစား ဥပေက္ခာပွား စိတ်ထားပြုပြင်ပြောင်းပါ့မယ်။
စိတ်ကိုလည်းပြင် ရုပ်လည်းပြင် ပြင်ဆင်တိုင်းရ
ပြုတိုင်းလှ သုခနိဗ္ဗာန်တိုင်လိမ့်မယ်။

**ပဏ္ဍာန်းဆရာတော် ဦးဝိသုဒ္ဓ**

# အခန်း (၈)

## ကျောင်းလှူဒါန်းသည့်သူ

ကျောင်းအလှူဒါန ဟူသည် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည့်သူသည် ၎င်းကျောင်းပေါ်မှာ သီတင်းသုံးနေထိုင်ကြသည့် သံဃာတော်အရှင်မြတ်များသည် ပရိယတ်ဟုခေါ်သည့် ပိဋကတ် ဓမ္မစာပေများကို သင်အံလေ့ကျက်နေရကြလိမ့်မည်၊ ပဋိပတ်ဟုခေါ်သည့် ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံကျိုးကုတ် အားထုတ်နေကြလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရားက "ဒီကျောင်းအလှူဒါနမှာ

အအေးဒဏ်ကို ပယ်ဖျောက်ခြင်း။

သားရဲကို ပယ်ဖျောက်ခြင်း။

ခြင်တို့ကို ပယ်ဖျောက်ခြင်း။

မိုးပေါက်တို့ကို ပယ်ဖျောက်ခြင်း။

ပြင်းတဲ့အပူကို ပယ်ဖျောက်ခြင်း။

ချမ်းသာသုခရခြင်း။

အပူဒဏ်ကို ပယ်ဖျောက်ခြင်း။

မြွေ၊ကင်း၊သန်းတို့ကို ပယ်ဖျောက်ခြင်း။

လေအေးဒဏ်တို့ကို ပယ်ဖျောက်ခြင်း။

လေပြင်းကို ပယ်ဖျောက်ခြင်း။

ကိန်းအောင်းရခြင်း။

စျာန်ဝင်စားရန်ဖြစ်ခြင်း။

ဝိပဿနာရှုမှတ်ပွားများရန်ဖြစ်ခြင်း။

စားသောက်ဖွယ်ရာနှင့် အိပ်ရာနေရာတို့ကိုရရှိခြင်း။

တရားနာရခြင်း။

အာသဝေါငြိမ်းအေးခြင်း" ဟုအကျိုးတရား တစ်ဆယ့်နှစ်ပါးတို့ကို မြတ်စွာဘုရား ဟောထားခဲ့သည်။

သစ်မိုးရွက်ကျောင်းကိုပဲလှူလှူ၊ တစ်ကုဋေတန်ဖိုးရှိသော ဥစ္စာကို စွန့်လွှတ်ပြီး ကျောင်းကြီးကိုပဲလှူလှူ၊ ဆောက်လုပ် လှူဒါန်းလို့ ရသည်။ ကျောင်းလှူဒါန်းသည့် ပုဂ္ဂိုလ်ကလည်း သောတာပန္နသဒိသာနေဝ သောတာပန်ပုဂ္ဂိုလ်နှင့် အလားတူသွားသည်။ သောတာပန်ပုဂ္ဂိုလ် အပါယ်မကျတော့သကဲ့သို့ ဤကျောင်းဆောင်လှူဒါန်းသည့် ပုဂ္ဂိုလ်လည်း အပါယ်မကျတော့ဘူးဟု သဥပါဒိသေသ သုတ်မှာ ဟောတော်မူထားခဲ့ သည်။

## သစ်ရွက်မိုးကျောင်းအလှူဒါနကြောင့် တာဝတိံသာနတ်ပြည်၌ နတ်သားဖြစ်ရသူ

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်ကာလက ဖြစ်ခဲ့သောဖြစ်ရပ်ဖြစ်သည်။

ဝါကျွတ်သွားသည့်အခါသမယဝယ် အရှင်သူမြတ်သုံးပါးတို့သည် မြတ်စွာဘုရားကို "ဖူးမြော်ကြည်ညိုမယ်"ဟု ရာဇဂြိုလ်ပြည်ကို ရည်မှန်း ကာ ကြွလှမ်းတော်မူကြပါသည်။ ညနေချမ်းဆည်းဆာအချိန်ခါ ရောက်

လာတော့ ရွာလေးတစ်ရွာမှာ ဘာသာခြားမိစ္ဆာဒိဋ္ဌိပုဏ္ဏားကြီး၏ ကြံခင်း အနီးသို့ ရောက်လာကြသော ကြံခင်းစောင့်ကို မေးလိုက်သည်မှာ-

"ဒါယကာ! ငါတို့ ရာဇဂြိုလ်ပြည်သို့ ရောက်နိုင်ပါ့မှာလား?"။

"အရှင်ဘုရားတို့! ဒီနေ့ မရောက်နိုင်တော့ပါဘုရား၊ ရာဇဂြိုလ် ရောက်ဖို့ ယူဇနာခွဲတောင် လိုပါသေးတယ်ဘုရား။ အရှင်ဘုရားတို့ ဒီနေ့ည ဒီမှာပဲ သီတင်းသုံးတော်မူပါကြပါ။ မနက်ဖြန်မှပဲ အေးအေးဆေးဆေး ကြွတော်မူကြပါလေ့ဘုရား"။

"ဒါယကာ! ဒီအရပ်မှာ သီတင်းသုံးရန် သင့်လျော်တဲ့နေရာ ရှိလို့ လား?"။

"အရှင်ဘုရားတို့! သင့်လျော်တဲ့နေရာအဆင်သင့်တော့မရှိပါဘုရား၊ ဒါပေမဲ့ တပည့်တော်က အရှင်ဘုရားတို့ သီတင်းသုံးရန် နေရာ စီမံပေးပါ့မယ် ဘုရား"ဟု လျှောက်ထားလိုက်သည်။

ရဟန်းတော်များကလည်း ယနေ့ညတော့ ဒီမှာပဲ အိပ်တော့မယ်ဟု သုံးပါးလုံးလက်ခံသဘောတူလိုက်ကြသည်။ ကြံခင်းစောင့်ယောက်ျားသည် ခုတ်ဖြတ်ပြီးသား ကြံပင်များနှင့် တုတ်ချောင်းများကိုဖွဲ့ချည်း၍ ကြံရွက် များဖြင့်မိုးပြီးလျှင် အောက်မှကောက်ရိုးများဖြန့်ခင်း၍ ရဟန်းတော် တစ်ပါးအား လှူဒါန်းလိုက်သည်။ ဒုတိယရဟန်းတော်အား ကြံချောင်း သုံးချောင်းတို့ကို ဖွဲ့စည်းချည်းနှောင်၍ (သုံးပွင့်ဆိုင်တြိဂံကဲ့သို့) သစ်ရွက် မြက်ပင်များဖြင့်မိုးပြီး အောက်မှမြက်ပင်များခင်း၍ လှူဒါန်းလိုက်သည်။ ကျန်ရဟန်းတော်တစ်ပါးအား မိမိနေသည့် တဲလေးကို တုတ်ချောင်း နှစ်ချောင်း သုံးချောင်းဖြင့် သစ်ခက်များကိုစိုက်ထူ၍ သက်န်းကျောင်း ပြုလုပ် လှူဒါန်း လိုက်သည်။ ရဟန်းတော်အရှင်သူမြတ်များသည် ထိုကြံခင်းစောင့် ယောက်ျား လှူဒါန်းသည့် ကျောင်းထဲမှာပဲ ကျိန်းစက်နေတော်မူကြသည်။ မနက် မိုးလင်းတော့ ဆွမ်းဆက်ကပ် လှူဒါန်းလိုက်သည်။ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စပြီးတော့ ရဟန်းတော်များက အနုမောဒနာတရားကို ချီးမြှင့်ပေးပြီး၍ ဆက်လက်ထွက်ခွာ ကြွသွားကြသည်။ ကြံခင်းစောင့် ယောက်ျားသည်

ရဟန်းတော်သုံးပါးတို့ကို တစ်ပါး တစ်ပါးလျှင် ကြံတစ်ချောင်းစီ လှူဒါန်းလိုက်သည်။

ကြံခင်းပိုင်ရှင် ဘာသာခြား မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးသည် ရဟန်းတော်များနှင့် တွေ့ဆုံ၍ "သင်တို့! ကိုင်ထားတဲ့ ကြံချောင်း ဘယ်က ယူလာတာလဲ?ဟု မေးမြန်းလိုက်သည်။

"ကြံခင်းစောင့်ယောက်ျား လှူဒါန်းလိုက်တယ်"ဟု မိန့်တော်မူသည်။ ယင်းစကားကိုကြားရသည့် မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီးသည် တော်တော်လေး စိတ်တိုသွားသည်။ ထို့ကြောင့် ကြံခင်းသို့ အလျင်အမြန်သွားပြီး ကြံခင်းစောင့် ယောက်ျားကို "ငါ့ရဲ့ကြံ ပေးကမ်းတာ ငါ မကြိုက်ဘူးဆိုတာ မင်း မသိဘူးလား" ဟု ပြောဆို၍ ကြံခင်းစောင့် ယောက်ျားကို တင်းပုတ်ဖြင့် ရိုက်ခဲ့ရာ တစ်ချက်တည်းပင် ကြံခင်းစောင့်ယောက်ျား သေဆုံးသွားသည်။

ကြံခင်းစောင့်ယောက်ျားသည် မိမိပြုခဲ့သည့် ကျောင်းအလှူဒါနကုသိုလ်ကို အောက်မေ့ဆင်ခြင်လျက် သေဆုံးသွားသောကြောင့် တာဝတိံသာနတ်ပြည် သုဓမ္မာနတ်ပွဲသဘင်၌ နတ်သား သွားဖြစ်ရလေသည်။ မိမိပြုခဲ့သည့် ကျောင်းအလှူဒါနကြောင့် နတ်ဆင်ဖြူတော် အလိုအလျောက် ပေါ်ပေါက်လာပါသည်။

ကြံခင်းစောင့်ယောက်ျား၏ မိဘဆွေမျိုးများ, ရွာသူရွာသားများသည် ကြံခင်းစောင့်ယောက်ျား၏ ရုပ်အလောင်းကို မီးသဂြိုလ်ရန် ပြင်ဆင်နေကြသည်။

ထိုခဏတော်အတွင်းမှာပဲ နတ်သားသည် နတ်ဆင်ဖြူတော်ကို စီး၍ အခြံအရံ နတ်ပရိတ်သတ်များနှင့်အတူ တာဝတိံသာ နတ်ပြည်မှ သက်ဆင်းလာကြပြီး စည်းဝေးရောက်လာသူ ပရိသတ်ကို မြင်စေလျက် ကောင်းကင်၌ ရပ်တည်နေကြလေသည်။ ပရိသတ်တို့ထဲမှ ယောက်ျားတစ်ယောက်သည် ယင်းကြံခင်းစောင့်နတ်သားကို ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံကို မေးမြန်းလိုက်သည်မှာ-

"ဆင်ပျံတော်စီးပြီး ကောင်းကင်ပေါ်မှာ ရပ်နေလျှက် တူရိယာသံများ တခြိမ့်ခြိမ့်နားထောင်၍ အခြွေအရံ ပရိတ်သတ်တွေနဲ့အတူ ရပ်နေတဲ့သူက ဘယ်သူလဲ။ မောင်နတ်သားက မထင်မရှားသာမည နတ်သားလား၊ ဂန္ဓဗ္ဗနတ်သားလား၊ သိကြာမင်းလား၊ မောင်နတ်သားက ဘယ်က နတ်သား လဲ?"။

နတ်သားကလည်း "အမောင်လူသား! ငါဟာ မထင်မရှား သာမည နတ်သားလည်း မဟုတ်ပါ၊ ဂန္ဓဗ္ဗနတ်လည်း မဟုတ်ပါ၊ သိကြား မင်းလည်း မဟုတ်ပါ၊ ငါဟာ သုဓမ္မာနတ်သားအဖွဲ့တွေထဲက နတ်သား တစ်ယောက်ပဲ ဖြစ်ပါတယ်"။

တစ်ဖန် ယောကျ်ားက "သုဓမ္မာနတ်သားကြီး! သင်ရှေး လူ့ဘဝ တုန်းက ဘာကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ဖူးလို့ သုဓမ္မာနတ်မျိုးမှာ နတ်သား သွားဖြစ်ရတာလဲ?"။

"အမောင်လူသား! ငါဟာ ရှေးလူ့ဘဝတုန်းက ရဟန်းတော်များအား သစ်ရွက်မိုးကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ဖူးလို့ သုဓမ္မာနတ်မျိုးမှာ နတ်သား သွားဖြစ်ရတာပဲ ဖြစ်ပါတယ်"။

ထို့နောက် နတ်သားသည် လူအပေါင်းကို "လူသားအပေါင်းတို့! သင်တို့ ရတနာသုံးပါးကိုလဲ ဆည်းကပ်ကြပါ၊ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ရင် နတ်ပြည်ရောက်ရပါတယ်။ ဒါန စသည့် ကောင်းမှုကုသိုလ် ကိုလည်း ကြိုးစားအားထုတ်ပြုလုပ်ကြပါ။ အဲဒါမှ သင်တို့နတ်ပြည် ရောက် နိုင်မှာ" ဟု ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြောပြ၍ တာဝတိံသာ နတ်ပြည်သို့ ပြန်တက်ကြလေသည်။

စုဝေးရောက်လာကြသည့် လူအပေါင်းတို့သည် နတ်သား၏ စကား ကို ကြားရပြီးသည့်နောက်မှာ ဘုရား အမှူးရှိသော ရဟန်း သံဃာတော် များအား အလွန်ကြည်ညိုသွားကြ၍ လှူဖွယ်ဝတ္ထုပစ္စည်း အစုစုတို့ကို စီမံကြ၍ လှည်းနှင့်တင်ကာ မြတ်စွာဘုရားရှိရာ ဝေဠုဝန် ကျောင်းတော် သို့ အင်တိုက်အားတိုက် သွားလှူဒါန်းကြလေသည်။ လှူဒါန်းပြီးသည့်

နောက်မှာ မြတ်စွာဘုရားအား ယင်းကြံခင်းစောင့် နတ်သားအကြောင်းကို လျှောက်ထားကြလေသည်။

မြတ်စွာဘုရားက ယင်း လူပရိတ်သတ်ကို သရဏဂုံသုံးပါးနှင့် ကိုယ်ကျင့်သီလကို တည်စေတော်မူလေသည်။ လူအပေါင်းကလည်း မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် မိမိတို့ရွာသို့ ပြန်ကြ၍ ကြံခင်းစောင့် ယောက်ျားသေဆုံးသွားသောအရပ်၌ ဘုရားအမှူးရှိသော သံဃာတော် များအား ကျောင်းဆောက်လုပ်လှူဒါန်းကာ ကိုးကွယ်ကြလေသည်။

ဤဝတ္ထုသည် ကျောင်းဆောက်လုပ်လှူဒါန်းသူ၏ နတ်ပြည်ရောက်ရခြင်း၏ သက်သေသာဓကပဲ ဖြစ်သည်။ ကျောင်းဒါနကုသိုလ် ပြုလုပ်ရာ၌ မိမိတို့ စွမ်းနိုင်သည့်အလျောက် တန်ဖိုးနည်း၍ သစ်ရွက်ကျောင်းဖြစ်စေ၊ တန်ဖိုးများ၍ တိုက်ကျောင်းဖြစ်စေ၊ လှူဒါန်းရင် သောတာပန်ပုဂ္ဂိုလ် အပါယ်မကျသကဲ့သို့ တူသွားသည့် သက်သေဝတ္ထုသာဓက တစ်ခုပဲဖြစ်သည်။

ကျမ်းကိုး
ဝိမာနဝတ္ထုအဋ္ဌကထာ၊ပုရိသဝိမာနဝဂ်၊
တတိယနာဂ ဝိမာနဝတ္ထု။

## ကျောင်းအလှူဒါနကြောင့် နတ်သမီးဖြစ်ရသူ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူသည့်အချိန် ဖြစ်သည်။

သာဝတ္ထိပြည်၌ အမျိုးသမီးတစ်ဦးသည် ကျောင်းအလှူဒါန၏ အကျိုးအာနိသင် အထူးကြီးမားကြောင်းကို တရားဟောပုဂ္ဂိုလ်ထံမှ ကြားနာရ၍ ကျောင်းဆောက်လှူလိုသော ဆန္ဒဖြစ်ပေါ်လာကာ မြတ်စွာဘုရားဆီ ချဉ်းကပ်၍လျှောက်ထားလိုက်သည်မှာ-

"မြတ်စွာဘုရား! ဘုရားတပည့်တော်မ ကျောင်းတစ်ဆောင် ဆောက်လုပ် လှူဒါန်းချင်ပါတယ်ဘုရား၊ ကျောင်းဆောက်လုပ်မဲ့နေရာကို ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားက ရဟန်းတော်များကို ကျောင်းဆောက်လုပ်သင့်သည့်နေရာ ညွှန်ကြားဖို့ စေခိုင်းတော်မူသည်။

## ကျောင်းဆောက်လုပ်ခြင်း

ရဟန်းတော်များသည် ယင်းအမျိုးသမီးကို ကျောင်းဆောက်လုပ်ရန် နေရာသို့ ညွှန်ပြကြသည်။ ၎င်းအမျိုးသမီးသည် ယင်းနေရာ၌ မွေ့လျော်ဖွယ်ကောင်း၍ နေချင်စရာကောင်းသည့် ကျောင်းကို ဆောက်လုပ်၍ ထိုကျောင်း၏ ဘေးပတ်ဝန်းကျင်မှာလည်း သရက်ပင်များ ဝိုင်းရံလျက် အရိပ်ရေနှင့်လည်း ပြည့်စုံသည်။ ပုလဲအဆင်းရှိသော သဲဖြူများကိုလည်း ဖြန့်ခင်းထား၍ ဖြူဖွေးသန့်စင်တဲ့ မြေပြင် ဖြစ်သွားလေသည်။ ယင်းအမျိုးသမီးသည် မိမိလှူဒါန်းသည့်ကျောင်းကို ရောင်စုံအဝတ်များဖြင့်လည်းကောင်း။ ပန်းဆိုင်း နံ့သာဆိုင်း စသည်ဖြင့် လည်းကောင်း၊ နတ်တို့ ဘုံနန်းဗိမာန်ကဲ့သို့ တန်ဆာဆင်၍ ဆီမီးကိုထွန်းညှိကာ သရက်ပင်အလုံးများကိုလည်း အဝတ်များဖြင့် ရစ်ပတ်ပြီး သံဃာတော်အား အပ်နှင်း လှူဒါန်းလိုက်သည်။

၎င်း ကျောင်းအစ်မသည် နောင်အခါ၌ ကွယ်လွန်သွားသော် တာဝတိံသာနတ်ပြည်မှာ နတ်သမီး သွားဖြစ်ရသည်။ ၎င်းနတ်သမီးသည် ကျောင်းအလှူဒါနကြောင့် ဘုံနန်းဗိမာန်ကြီးတစ်ခု အလိုအလျောက် ပေါ်ပေါက်လာသည်။ ဗိမာန်၏ ဘေးပတ်လည်၌ နတ်သရက်ပင်များ ခြံရံထားသည်။ ဘုံနန်းဗိမာန်မှလည်း ဆီမီးတန်ဆောင်ရောင်ကလည်း အမြဲမပြတ်တစ်လျှပ်လျှပ် ထွန်းလင်းတောက်ပနေပါသည်။ ၎င်းနတ်သမီးသည် သူမ၏ ဘုံနန်းဗိမာန်ထဲမှာ အခြွေအရံနတ်သမီးများဖြင့် ခြံရံလျက် နတ်စည်းစိမ်ကို ခံစားနေရလေသည်။ နတ်သမီးများက ကျောင်းအစ်မ နတ်သမီးကို သီချင်းသီဆို ဖျော်ဖြေပေးနေရသည်။

တစ်နေ့သောအခါဝယ် အရှင်မဟာမောဂ္ဂလာန် ကိုယ်တော်မြတ်ကြီး တာဝတိံသာနတ်ပြည်သို့ ဒေသစာရီ ကြွချီတော်မူသည်။ အရှင်မဟာမောဂ္ဂလာန်သည် ဂုင်းကျောင်းအစ်မ နတ်သမီးကို တွေ့မြင်၍ မေးမြန်းလိုက်သည်မှာ-

"အို. . . နတ်သမီး! သင်နတ်သမီး ယခုများခံစားနေတဲ့ နတ်စည်းစိမ်များကို ဘာကုသိုလ်ကြောင့် လာခံစားစံစားနေရတာလဲ၊ သင်နတ်သမီး ရှေးလူ့ဘဝ လူဖြစ်စဉ်အခါတုန်းက ဘာကုသိုလ် ကောင်းမှုတွေကို ပြုခဲ့ဖူးတာလဲ?" ဟု မေးတော်မူပါသည်။

"အရှင်သူမြတ်ကြီး ဘုရား! ဘုရားတပည့်တော်မ ရှေးလူ့ဘဝ လူဖြစ်စဉ်အခါတုန်းက သံဃာတော်များအတွက် ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခဲ့ဖူးပါတယ်ဘုရား၊ တပည့်တော်မ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းရဲ့ ပတ်ဝန်းကျင်မှာလဲ သရက်ပင်များစိုက်၍ လှူဒါန်းခဲ့ဖူးပါတယ် ဘုရား၊ ကျောင်းရေစက်ချပွဲမှာလဲ သံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ဖူးပါတယ် ဘုရား၊ အဲဒါကြောင့် ယခု တပည့်တော်မအား နတ်စည်းစိမ်များကို ခံစား စံစားနေရခြင်း ဖြစ်ပါတယ်ဘုရား၊ ကျောင်းအလှူ ဒါနကြောင့် ဘုရားတပည့်တော်မရဲ့ ဘုံနန်းဗိမာန်ကြီးထဲမှာ နတ်သမီး အပေါင်းက အထူးထူး ကောင်းမွန်တဲ့ တူရိယာသံများနဲ့ တီးမှုတ်ကြလျက် သီချင်းလေး သီဆိုနေကြပါတယ် ဘုရား၊ တပည့်တော်မရဲ့ ဘုံနန်းဗိမာန်ကြီးမှာ ဆီမီး တန်ဆောင် ရွှေရောင်ကလည်း အမြဲမပျက် လင်းထိန်နေပါတယ် ဘုရား၊ ဗိမာန်ရဲ့ ပတ်ဝန်းကျင်မှာလဲ ပဒေသာနတ်သစ်ပင်များ ဝိုင်းရံပေါ်ပေါက်လာပါတယ်ဘုရား၊ အဲဒီကျောင်းအလှူဒါနကြောင့် တပည့်တော်မ ချောမောလှပတာပဲ ဖြစ်ပါတယ်ဘုရား၊ အဲဒီကျောင်း အလှူဒါနကြောင့် တပည့်တော်မ ကိုယ်ရောင်ကိုယ်ဝါကလည်း အရပ်ဆယ်မျက်နှာတို့ကို လင်းထိန်နေစေတာပဲ ဖြစ်ပါတယ်ဘုရား"ဟု အရှင်မဟာမောဂ္ဂလာန်အား လျှောက်ကြားလေသည်။

ထို့နောက် အရှင်မောဂ္ဂလာန်သည် ကျောင်းအစ်မ နတ်သမီးအား အကျယ်အားဖြင့် တရားတော်မြတ်ကို ဟောကြားပေးတော်မူသည်။

အရှင်မောဂ္ဂလာန် မထေရ်မြတ်သည် တရားတော် ဟောကြားပေးခဲ့ပြီး သည့်နောက် တာဝတိံသာနတ်ဘုံမှ လူ့ဘုံဌာနသို့ ပြန်ကြွခဲ့ပြီးလျှင် အဲဒီ အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားတော်မူသည်။ မြတ်စွာ ဘုရားက အဲဒီအကြောင်းကို ရောက်လာသော ပရိတ်သတ်အပေါင်းအား ဟောကြားပေးတော်မူသည်။

ဤဝတ္ထုလည်း ကျောင်းအလှူဒါနကြောင့် သောတာပန်ပုဂ္ဂိုလ် ကဲ့သို့ အပါယ်လေးပါးမကျဘဲ နတ်ပြည်ရောက်ရသည့် ဝတ္ထုသာဓက တစ်ခုတည်း။

ကျမ်းကိုး
ဝိမာနဝတ္ထုအဋ္ဌကထာ၊
ပဥ္စမဝဂ်၊အမ္ဗဝိမာနဝတ္ထု။

## ကျောင်းအလှူဒါနကြောင့် နတ်ပြည်ရောက်လာသည့် အပရာဇိတသူဌေး (ဇောတိကသူဌေးလောင်း)

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဤတရားကို ဟောကြားတော်မူသည်။

ရှေးအခါတုန်းက ဗာရာဏသီပြည်၌ ညီအစ်ကို ဖြစ်ကြသည့် သူဌေးနှစ်ယောက်တို့သည် ကြံခင်းကြီးတစ်ခင်း စိုက်ထားကြသည်။ ထို့နောက် တစ်နေ့သောအခါ၌ ညီဖြစ်သူ သူဌေးက ကြံခင်းသို့သွား၍ “တစ်ချောင်းက အစ်ကိုပေးမယ်၊ တစ်ချောင်းက ငါယူမယ်ဟု ရည်ညွှန်း၍ ကြံနှစ်ချောင်း ခုတ်ဖြတ်ပြီး ယူလာသည့်အချိန်မှာ လမ်းခုလတ်ရောက်တော့ ပစ္စေကဗုဒ္ဓါနှင့် တွေ့ဆုံလေသည်။ သူယူလာသည့် ကြံနှစ်ချောင်းလုံးကို

ပစ္စေကဗုဒ္ဓါအား လှူဒါန်းလိုက်သည်။ ၎င်းသည် "ဒီဒါနကုသိုလ်ကြောင့် လူ့စည်းစိမ်ချမ်းသာ နတ်စည်းစိမ်ချမ်းသာကို ခံစားရပါစေဘုရား" ဟု ဆုတောင်းလိုက်သည်။ အိမ်ပြန်ရောက်တော့ အစ်ကိုအား ထိုအကြောင်းကို ပြောပြလေသည်။ အစ်ကိုဖြစ်သူကလည်း ဝမ်းသာကြည်နူးသွားပြီး၊ "ငါဟာ ငါ့ညီ လှူပေးခဲ့တဲ့ ကြံရဲ့အလှူဒါနကြောင့် တရားတော်မြတ်ကို ရရှိသိမြင်တဲ့သူ ဖြစ်ရပါစေသား" ဟု ဆုတောင်းပတ္တနာပြုလိုက်သည်။

ညီအစ်ကိုနှစ်ဦးတို့သည် သေလွန်သွားကြသော် နတ်ပြည်မှာ နတ်သားသွားဖြစ်ရပါသည်။ ဝိပဿီ မြတ်စွာဘုရားသည် လောက၌ ပွင့်ထွန်းပေါ်ပေါက်လာတော်မူသည်။ ထိုညီအစ်ကိုနှစ်ယောက်တို့ကလည်း နတ်ပြည်မှ နတ်စုတေ ကွယ်လွန်ကြ၍ ဗန္ဓုမဝတီပြည်ဝယ် အိမ်တစ်အိမ်၌ လူလာဖြစ်ကြပါသည်။ အစ်ကိုဖြစ်သူက အစ်ကိုပြန်ဖြစ်ရ၍ ညီဖြစ်သူကလည်း ညီပဲ ပြန်ဖြစ်ရသည်။ ညီအစ်ကိုနှစ်ယောက်တို့တွင် အစ်ကိုကြီးအား "သေန" ဟု မှည့်ခေါ်ကြလေသည်။ ညီငယ်ဖြစ်သူအား "အပရာဇိတ"ဟု မှည့်ခေါ်ကြလေသည်။

မောင်သေနနှင့် မောင်အပရာဇိတတို့သည် ကြီးပြင်းသည့်အရွယ်သို့ ရောက်သောအခါ၌ စီးပွားရေးလုပ်ငန်းကြီးတစ်ခု ညီအစ်ကိုနှစ်ယောက် အတူတကွ ပေါင်းစုလုပ်ကိုင်ကြသော် သူဌေးကြီးအဖြစ်သို့ ရောက်သွားကြလေသည်။

တစ်နေ့သ၌ ဓမ္မဃောသက ယောက်ျားက "အို. . . လူ အပေါင်းတို့ ရတနာတော်မြတ်သုံးပါး ဒီလောကကြီးထဲ၌ ပေါ်ပေါက်ဖြစ်ထွန်းလာပြီ၊ အဲဒီ ရတနာတော်မြတ်သုံးပါးတို့အား ရိုသေမြတ်နိုး ရှိခိုးကော်ရော် ပူဇော်လှူဒါန်းခြင်း အလှူဒါနကို ပြုလုပ်ကြပါ။ ကုသိုလ် ကောင်းမှုများကို ကြိုးစားအားထုတ်ပြုလုပ်ကြပါ။ ယနေ့ကား ဥပုသ်နေ့ ဖြစ်ပါသည်။ ဥပုသ်စောင့်သုံးခြင်းအမှုကို ပြုကြပါ။ တရားတော်ကို သွားနာကြားကြပါ" ဟု ဗန္ဓုမဝတီပြည်သူပြည်သားများအား ကုသိုလ်ကောင်းမှုတရား တိုးပွားအောင် လှည့်လည်နှိုးဆော်ပေးလေသည်။

ညနေချမ်း ဆည်းဆာအချိန်သို့ ရောက်လာသည့်အခါ တရားနာဖို့ရန် ကျောင်းသို့သွားကြသောလူအပေါင်းတို့ တွေ့မြင်၍

သေနသူဌေးကြီးက လူအပေါင်းတို့ကို " သင်တို့ ဘယ်သွားကြမလို့လဲ?"။

"သေနသူဌေးကြီး! ကျွန်တော်တို့ မြတ်စွာဘုရားရဲ့ တရားတော်ကို သွားနာကြားကြမလို့"။

"ကျွန်တော်လည်း လိုက်မယ်"ဟု ပြောဆိုပြီး တရားနာပရိတ်သတ်အပေါင်းနှင့် လိုက်သွားလေသည်။

တရားနာကြားပြီးသွားတော့ သေနသူဌေးကြီးက"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! တပည့်တော်ကို ရဟန်းပြုခွင့်ပေးတော်မူပါ" ဟု တောင်းပန်လျှောက်ထားလိုက်သည်။

"ဒကာကြီး! ဒကာကြီးရဲ့ဆွေမျိုး ခွင့်ပြုပေးမှ ရဟန်းပြုပေးလို့ရတယ်"ဟု မိန့်ကြားတော်မူလိုက်သည်။

ထို့နောက် သေနသူဌေးကြီးကလည်း အိမ်သို့ပြန်သွားပြီး ညီဖြစ်သူ အပရာဇိတကို မိမိ ရဟန်းပြုချင်သည့်အကြောင်း ခွင့်တောင်းလိုက်သည်။ ညီဖြစ်သူက"အစ်ကိုရယ်! အစ်ကိုဘာစကားတွေပြောလိုက်တာလဲ အိမ်မှာ အဖေ အမေ သေဆုံးပြီးသည့်နောက်မှာ အစ်ကိုကြီးကိုပဲ အဖေ တစ်ယောက်လို ရိုသေမြတ်နိုး အားကိုးဆည်းကပ်ခွင့်ရတယ်။ ကျွန်တော်တို့ အိမ်ထဲမှာ ရွှေ ငွေ ပစ္စည်းဥစ္စာ အများကြီးရှိတယ်။ အစ်ကို အိမ်မှာနေပြီး ကုသိုလ်ကောင်းမှု ပြုလုပ်လို့ရပါတယ်။ အစ်ကို ရဟန်းမပြုပါနဲ့နော်" ဟု တောင်းပန်လိုက်သည်။

သေနသူဌေးကြီးက"ချစ်ညီလေး! ငါက မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားလာခဲ့တယ်၊ အဲဒီ ငါနာကြားလာခဲ့တဲ့ တရားတော်ကို လူ့ဘောင် လူ့ဘဝ နေချင်တဲ့စိတ် မရှိတော့ဘူး၊ ငါ ရဟန်းပြုတော့မယ်၊ ငါ့ကို မတောင်းပန်ပါနဲ့တော့၊ အစ်ကိုသွားတော့မယ်နော်" ဟု ပြောဆိုပြီး မြတ်စွာဘုရားဆီ၌ ရဟန်းပြုသွားလေသည်။ မကြာခင်မှာပဲ ရဟန္တာဖြစ်သွားလေသည်။

## ကျောင်းဆောက်လုပ်လှူဒါန်းခြင်း

ညီဖြစ်သည့်သူ အပရာဇိတသူဌေးကလည်း အစ်ကိုဖြစ်သူ ရဟန်းပြုသွားပြီးသည့်နောက်မှာ ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်အား ဆွမ်း စသော အလှူဒါနကို ဆက်ကပ်လှူဒါန်း၍ အစ်ကိုဦးပဥ္စင်းဆီ ချဉ်းကပ်ပြီး လျှောက်ကြားလိုက်သည်မှာ "အရှင်ဘုရား! အရှင်ဘုရားတို့ကား ဘဝငြိမ်းအေးသွားပြီ၊ တပည့်တော်ကား၊ ငါးပါးအာရုံကာမဂုဏ်တွေကို စွန့်လွှတ်ပြီး အရှင်ဘုရားတို့လို ရဟန်း မပြုနိုင်ပါ။ ဘုရားတပည့်တော်ကို အကျိုးကြီးမားတဲ့ ကောင်းမှု ကုသိုလ်ထူး တစ်ခုခု ပြုလုပ်ရန်အတွက် ပြောကြားပေးတော်မူကြပါ ဘုရား၊ ဘုရားတပည့်တော် ဘာလှူဒါန်းရပါမလဲ ဘုရား?"။

အရှင်သေနက "အို. . ပညာရှိဒကာတော်! သာဓု သာဓု၊ သင်ကသိပ်တော်တယ်၊ သင်လှူချင်တယ်ဆိုရင်လည်း မြတ်စွာဘုရားအား သီတင်းသုံးတော်မူရန်အတွက် ဂန္ဓကုဋီကျောင်းဆောင်ကို ဆောက်လှူဒါန်းပါလော့"ဟု မိန့်တော်မူလိုက်သည်။

အပရာဇိတသူဌေးကြီးသည် သစ်အကောင်းစား (ကျွန်းသစ်) များကိုမှာယူပြီး တိုင် စသည်တို့အတွက် ချောမောလှပအောင် ရွေးခိုင်းလိုက်သည်။ ရွေးလို့ပြီးသည့် တိုင်များကို ရွှေ၊ ငွေ၊ ပတ္တမြား သီခြား တစ်တိုင်စီတစ်တိုင်စီ စီချယ်ပြီး ကျောင်းဆောက်လုပ်လိုက်သည်။ ကျောင်းအမိုးများကို ရတနာခုနစ်ပါးတို့ဖြင့် စီချယ်ထားသည့် အုတ် အမိုးများကို မိုးအုပ်လိုက်သည်။

အပရာဇိတနှင့် နာမည်ချင်းတူသည့် သူဌေး တစ်ယောက်က အပရာဇိတ သူဌေးဆီကို ချဉ်းကပ်၍ တောင်းဆိုလိုက်သည်မှာ-"အစ်ကို! ကျွန်တော်လည်း ကုသိုလ်ကောင်းမှု လုပ်ချင်တယ်။ ကျွန်တော့်ကို အစ်ကိုရဲ့ ကျောင်းအလှူဒါနထဲက ပါဝင်လှူဒါန်းချင်ပါတယ်။ ကျွန်တော့်

ကို ပါဝင်လှူဒါန်းဖို့ ခွင့်ပြုပါလား၊ လက်ခံပေးပါလား။ အတူတကွ ကျောင်းဆောက်လုပ် လှူဒါန်းကြရအောင်” ဟု တောင်းပန် ခွင့်တောင်းလိုက်သည်။

အပရာဇိတသူဌေးကြီးက “အမောင်မိတ်ဆွေ! အားတော့နာတယ် မရဘူး၊ ကျွန်တော်က သူတစ်ပါးတွေနဲ့ လုံးဝမသက်ဆိုင် မဆက်ဆံတဲ့ ကျောင်းအလှူ လှူမယ်။ ကျွန်တော် တစ်ဦးတည်းပဲ လှူဒါန်းမယ်” ဟု ငြင်းဆန်ပယ်ပစ်လိုက်သည်။ ထပ်ခါ ထပ်ခါ တောင်းဆိုပါသော်လည်း ကျောင်းဒါန ကောင်းမှုကုသိုလ် ထည့်ဝင်ခွင့်မပြုသောကြောင့် အပရာဇိတသူဌေးကြီး လှူဒါန်းသည့် ဂန္ဓကုဋိ ကျောင်းတိုက်ရှေ့မှာ အားကျမခံဘဲ ရတနာခုနစ်ပါးတို့ဖြင့် စီချယ်ထားသည့် ဆင်ဝင်ဇရပ် ကျောင်းဆောင်ကြီးတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းလိုက်သည်။ ၎င်း လူငယ်သူဌေးကား တို့ဂေါတမမြတ်စွာဘုရားလက်ထက်တော် အခါ၌ မေဏ္ဍကသူဌေးကြီး ဖြစ်လာသည်။

သူဌေးသည် ဂန္ဓကုဋိကျောင်းဆောင်၏ ပြတင်းပေါက်ကား ခပ်ကြီးကြီး ပြတင်းပေါက် သုံးပေါက် အကြံနဲ့ ဆောက်လုပ်ထားသည်။ ဘာအကြံလဲဆိုတော့ ယင်းပြတင်းပေါက် သုံးပေါက်တို့၏ ရှေးရှုအရပ်ရှေ့တည့်တည့်မှာ အင်္ဂတေဖြင့် ရေကန်ကြီး သုံးကန်ကိုလည်း ဆောက်လုပ် လှူဒါန်းလိုက်သည်။ ရေကန်ကြီးသုံးကန်ထဲမှာ နံ့သာညွန့် လေးမျိုးကိုလည်း ထည့်ပေးထားပါသည်။ ဘာဖြစ်လို့ ပန်းဝတ်မှုန်များလည်း စိုက်ပျိုးလှူဒါန်းတာလဲဆိုတော့ မြတ်စွာဘုရား ဂန္ဓကုဋိကျောင်းတိုက်အတွင်း သီတင်းသုံးတော်မူသည့်အချိန်၌ လေ၏အရှိန်ဖြင့် ပန်းဝန်မှုန်များ ပန်းဝတ်မှုန်၏ အနံ့အသက်များက မြတ်စွာဘုရားအား တိုက်ခိုက်ပေးရန်အတွက်ကို စိုက်ပျိုး လှူဒါန်းလိုက်ခြင်းဖြစ်သည်။ ဂန္ဓကုဋိ၏ မျက်နှာချက် အုတ်အမိုးက ပတ္တမြားဖြင့် စီချယ်ထားသည်။ ဂန္ဓကုဋိ၏ ပရိဝုဏ်ကို ရတနာ ခုနစ်ပါးများဖြင့် ဒူးဆစ်ပမာဏခန့် ဖြန့်ခင်းထားပါသည်။ ဂန္ဓကုဋိ ကျောင်းဆောင် ဆောက်လုပ် ပြီးစီးသွားသော် မိမိနောင်တော်

အရှင်သေနဆီသို့ ချဉ်းကပ်၍ "အရှင်ဘုရား ဂန္ဓကုဋိကျောင်းဆောင်တော်ကြီး ပြီးသွားပါပြီ ဘုရား၊ အဲဒီ ဂန္ဓကုဋိကျောင်းဆောင်ထဲမှာ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူခြင်းကို တပည့်တော် မြင်ချင်တွေ့ချင်လှပါပြီ ဘုရား။ မြတ်စွာဘုရား သီတင်းသုံးရင် တပည့်တော်အားကြီးမားသည့် ကုသိုလ်တရား ရရှိပါလိမ့်မယ်ဘုရား" ဟု လျှောက်ထားလိုက်သည်။

အရှင်သေနက မြတ်စွာဘုရားဆီကို ချဉ်းကပ်၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! အပရာဇိတ ဒါယကာက အရှင်ဘုရား သီတင်းသုံးတော်မူရန်အတွက် ဂန္ဓကုဋိ ကျောင်းဆောင်တော် ဆောက်လုပ်လို့ ပြီးသွားပါပြီ ဘုရား၊ ယခုအခါမှာ သူက အရှင်ဘုရား အဲဒီ ဂန္ဓကုဋိကျောင်းတော်ထဲမှာ သီတင်းသုံးနေတော်မူတာကို အရမ်းကို မြင်ချင် တွေ့ချင်လှပါပြီတဲ့ဘုရား" ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားသည် ထိုင်သည့်နေရာမှ ထတော်မူ၍ ဂန္ဓကုဋိကျောင်းဆောင်တော်ထဲသို့ ကြွတော်မူပြီးတော့ ဂန္ဓကုဋိကို ဝိုင်းရံ ကြဲဖြန့်ခင်းထားသည့် ရတနာအပုံကို ကြည့်ရှုတော်မူလျက် တံခါးဝ၌ ရပ်တော်မူပါသည်။ ယင်းအချိန်မှာ အပရာဇိတသူဌေးက "ဘုန်းကြီးတော်မူသော မြတ်စွာဘုရား! ကြွတော်မူပါဘုရား" ဟု လျှောက်လိုက်သည်။ မြတ်စွာဘုရားသည် မကြွတော်မူဘဲ ရပ်တော်မူပါသည်။ သုံးကြိမ်မြောက် လျှောက်ထားသည့်အခါ၌ အရှင်သေနက "အပရာဇိတ ဒါယကာ၊ ဒီနားလာခဲ့အုံး" ဟု ခေါ်ပြီးလျှင် "ဒီမှာ သေချာနားထောင် ဘုရားတပည့်တော်တာဝန်သာ ထားပါဘုရား၊ ဒီရတနာပစ္စည်းကို တပည့်တော်စောင့်ရှောက်ပါ့မယ်။ အရှင်ဘုရားတို့ ချမ်းသာစွာ သီတင်းသုံး နေတော်မူပါဘုရားလို့ မြတ်စွာဘုရားကို ဒီလိုမျိုး လျှောက်ထားလိုက်ပါ" ဟု သင်ကြားပေးလိုက်သည်။

အပရာဇိတသူဌေးကလည်း သဘောပေါက်သွား၍ မြတ်စွာဘုရားကို ထိခြင်းကြီးငါးပါးနှင့် ရှိခိုးပြီး "မြတ်စွာဘုရား" ဥပမာကား ခရီး

သွားသူ လူအပေါင်းဟာ သစ်ပင်ရင်းသို့ ဝင်ရောက်နားခိုကြပြီး ဘာမှ တွယ်တာ ငဲ့ကွက်ခြင်း မရှိကြဘဲ ထသွား ထွက်သွားသလိုမျိုးပဲ ဘုရား။ ဥပမာ နောက်တစ်ခုကား မြစ်ကို ဖြတ်ကူးသွားလာကြတဲ့ ခရီးသည်များ ဟာ တစ်ဖက်ကမ်းသို့ ရောက်သွားပြီဆိုရင် ဖောင်လေးကို ဘာမှ တွယ်တာ ငဲ့ကွက်ခြင်းမရှိကြပဲ စွန့်ပစ်ကြသလိုမျိုးပါပဲဘုရား။ ဒီနည်း အတိုင်းပါပဲ ဘုရား။ ဘာမှ တွယ်တာငဲ့ကွက်ခြင်း မရှိကြပဲ အရှင်ဘုရားတို့ ကြွဝင် သီတင်းသုံးတော်မူကြပါဘုရား" ဟု လျှောက်ထားလိုက်သည်။

မြတ်စွာဘုရားက ဘာဖြစ်လို့ ဂန္ဓကုဋီထဲ မကြွဝင်ဘဲ ရပ်တော်မူ တာလဲဆိုတော့ မြတ်စွာဘုရားအား အကြံဖြစ်တော်မူသည်မှာ-

" ငါဘုရားဆီသို့ နံနက်အခါ၌လည်းကောင်း၊ ညနေချမ်းအခါ၌ လည်းကောင်း တရားနာပရိတ်သတ်များက ရောက်လာကြသည်။ အဲဒီ ပရိတ်သတ်များက ကြဲဖြန့်ခင်းထားတဲ့ ရတနာခုနစ်ပါးတို့ကို ကောက်ယူ သွားခဲ့ကြသော်လည်း 'မယူသွားကြပါနဲ့' လို့ ငါဘုရား တားမြစ်ဟန့်ထား ရင် မတက်ကောင်းချေ၊ ဒီလောက်များပြားတဲ့ ရတနာတွေကို ငါဘုရားရဲ့ အလုပ်အကျွေး ဆွမ်းဒါယကာ ဆွမ်းဒါယိကာမတို့ ကောက်ယူသွားကြ သော်လည်း မတားမြစ်မပိတ်ပင်၊ ယူချင်ရင်လည်း ယူသွားကြစေ၊ တကယ် လို့ ငါဘုရားက မတားမြစ် မပိတ်ပင်ရင် အပရာဇိတသူဌေးက ငါဘုရား အပေါ်၌ ရန်ငြိုးဖွဲ့၍ အပါယ်ဘုံ လားရောက်ရလိမ့်မယ်"ဟု ဤသို့ အကြံ ဖြစ်တော်မူသည်။ ထို့ကြောင့် မြတ်စွာဘုရားက မကြွဝင်ဘဲ ရပ်နေတော်မူ သည်။

အပရာဇိတ သူဌေးက "မြတ်စွာဘုရား ဘုရား! ဒီရတနာ ပစ္စည်း များ ဘုရားတပည့်တော်ရဲ့ တာဝန်သာ ထားပါဘုရား။ အရှင်ဘုရားတို့ ကြွဝင်တော်မူပါဘုရား" ဟု လျှောက်ထားကျမှ မြတ်စွာဘုရား ဂန္ဓကုဋိ ကျောင်းထဲ ကြွဝင်တော်မူပါသည်။ ၎င်းသူဌေးကြီးသည် ဂန္ဓကုဋိ ကျောင်း တိုက် အစောင့်ချထားလိုက်သည်။ အစောင့်သမားများကို မှာထားလိုက် သည်မှာ-

"ညီလေးတို့! ဒီအရပ် ဒီဌာနရောက်လာတဲ့ တရားနာပရိသတ်များ အားလုံး ရင်ခွင်ခါးပိုက်နဲ့ ကောက်ယူသွားသူ၊ ခြင်းတောင်း၊ အိတ်တွေနဲ့ သယ်ဆောင်သွားသူ တားမြစ်ဟန့်တားကြပါ မယူစေနဲ့၊ လက်နဲ့ ဆုံ့ သလောက် ကောက်ယူသွားတဲ့သူ မပိတ်ပင် မတားမြစ်ကြပါနဲ့ ခွင့်ပြုလိုက် ကြပါ"ဟု မှာထားလိုက်သည်။ ထို့နောက် အပရာဇိတ သူဌေးသည် မိမိ၏ အလုပ်သမားများကို ဗန္ဓုမဝတီမြို့တွင်း၌ လှည့်လည် ပြောခိုင်းလိုက် သည်မှာ-

"လူအပေါင်းတို့! အပရာဇိတ သူဌေးကြီးက ဂန္ဓကုဋီရဲ့ ပရိဝုဏ် ဝန်းကျင် ပတ်လည်မှာ ရတနာခုနစ်ပါးတို့ကို ဖြန့်ကြဲထားတယ်။ မြတ်စွာ ဘုရားရဲ့ အထံတော်၌ တရားတော်ကို သွားနာကြားကြတဲ့ တရားနာ ပရိသတ်တွေထဲက မရှိဆင်းရဲသူများ မိမိတို့ လက်နှစ်ဖက် ဆုံ့သလောက် ကောက်ယူလို့ ရပါတယ်။ စည်းစိမ်ဉစ္စာ ပေါများတဲ့ သူဌေးများကလည်း လက်တစ်ဖက်နဲ့ ဆုံ့နိုင်သလောက် ကောက်ယူလို့ ရပါတယ်ဟု မြို့တွင်း၌ လှည့်လှည်နှိုးဆော်ခိုင်းလိုက်သည်။

၎င်း အလုပ်သမားများကလည်း သူဌေး စေခိုင်းသည့်အတိုင်း လှည့်လည် နှိုးဆော်ပေးလိုက်သည်။ အပရာဇိတသူဌေးက ဘာဖြစ်လို့ မြို့တွင်းသို့ လှည့်လည်ပြောခိုင်းတာလဲဆိုတော့-

"သဒ္ဓါတရားအားကြီးတဲ့လူတွေက တရားတော်ကို နာကြားလို ကြ၍ ရှေးဦးစွာ ရောက်လာကြလိမ့်မယ်၊ သဒ္ဓါတရား နည်းပါတဲ့လူတွေက ရတနာပစ္စည်းကို လိုချင်တဲ့ လောဘကြောင့် ရောက်လာကြလျက် တရား တော်ကို နာကြားကြ၍ ဆင်းရဲဒုက္ခမှ လွတ်မြောက်စေကြလိမ့်မယ်" ဟု အကြံဖြစ်ပါသည်။

တရားနာပရိသတ်အပေါင်းတို့သည် တရားနာကြားပြီးသည့် အချိန် ၌ ရတနာခုနှစ်ပါးတို့ကို စည်းကမ်းရှိရှိ မိမိလက်တို့ ဆုံ့နိုင်လောက်သာ ကောက်ယူသွားကြသည်။ နကိုမူလကြဲဖျန့်ထားသည့် ရတနာခုနစ်ပါး များက ကုန်သွားတော့ ထပ်မံ သယ်ဆောင်လာပြီး ကြဲချထားခဲ့သည်။

မြတ်စွာဘုရား၏ ခြေတော်အနီး၌ သခွားသီးလုံးလောက် ကြီးမားသည့် တန်ဖိုးမဖြတ်နိုင်သည့် ပတ္တမြားလုံးကို ချထားလိုက်သည်။

ဘာဖြစ်လို့ ချထားတာလဲဆိုတော့ အပရာဇိတသူဌေးကြီးက အကြံ ဖြစ်လိုက်သည်မှာ "မြတ်စွာဘုရားရဲ့ကိုယ်မှ ထွက်လာကြတဲ့ ရွှေရောင်နဲ့ တူတဲ့ အရောင်နဲ့ ပတ္တမြားရဲ့အရောင်ကို တွေ့မြင်ကြတဲ့ လူအပေါင်းတို့ ဟာ မြတ်စွာဘုရားကို ဖူးလို့အားမရဘဲ၊ ဖူးပြီးတစ်ဖန် ပြန်ဖူးမြင်ချင်ကြ လိမ့်မယ်"ဟု ဤသို့ အကြံဖြစ်သည်။ ထို့ကြောင့် ပတ္တမြားလုံးကြီးကို မြတ်စွာဘုရား၏ ခြေတော်ရင်းမှာ ချထားလိုက်သည်။

မြို့သူမြို့သား လူအများတို့သည်လည်း သူဌေးကြီးထင်ထားသည့် အတိုင်းပါပဲ မြတ်စွာဘုရားကို ဖူးမြင်လို့ အားမရကြပါ။ ဖူးပြီးတစ်ဖန် ပြန်ဖူးမြင်ချင်ကြသည်။ မြတ်စွာဘုရားကို ဖူးမျှော်၍ ငေးကြည့်နေကြ သည်။

ထို့နောက် တစ်နေ့သောအခါ၌ ဘာသာခြား မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားကြီး တစ်ယောက်က "ငါဟာ မြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ချထားတဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အဲဒီပတ္တမြားကိုယူမယ်'ဟု ကြံစည်ပြီးလျှင် ကျောင်း တော်သို့သွား၍ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရန် ဖူးမြော်၍ ထိုင်နေကြသည့် ပရိတ်သတ်များကြား၌ တိုးဝင်ချသွားသည်။

အပရာဇိတသူဌေးသည် ထိုဘာသာခြား မိစ္ဆာဒိဋ္ဌိပုဏ္ဏား ဝင်သွား သည်ကိုတွေ့မြင်၍ "ဩော် ဒီပုဏ္ဏားကြီးက ပတ္တမြားကိုယူဖို့ရန် မြတ်စွာ ဘုရားအနီးဆီ ချည်းကပ်နေတာပဲ ဖြစ်လောက်တယ်၊ ပတ္တမြား ယူမသွား ရင်တော့ ကောင်းမှာဘဲ"ဟု ကြံစည်လိုက်သည်။

အပရာဇိတသူဌေး ထင်ထားသည့်အတိုင်းပါပဲ။ ဘာသာခြား မိစ္ဆာ ဒိဋ္ဌိသည် မြတ်စွာဘုရားကို ရှိခိုးသလို ဟန်ဆောင်ပြီး ခြေတော်ရင်း၌ ပတ္တမြားလုံးကြီးကို ကောက်ယူ၍ ပုဆိုးထဲသို့ ထုတ်ပြီးလျှင် ကျောင်းတော် မှ အမြန်ထွက်သွားလေသည်။ အပရာဇိတသူဌေးသည် ယင်းပုဏ္ဏားကို မကြည်ညိုနိုင်ပါ။ ဝမ်းမသာနိုင်ပါ။

မြတ်စွာဘုရား တရားဟောကြားပြီးသွားသည့် နောက်၌ အပရာဇိတ သူဌေးသည် မြတ်စွာဘုရားဆီသို့ ချဉ်းကပ်၍ "မြတ်စွာဘုရား ဘုရား! တပည့်တော် သုံးကြိမ် သုံးခါ တိုင်တိုင် ဂန္ဓကုဋိ ကျောင်းဆောင်တော်ကြီးကို ဝိုင်းရံ၍ ဒူးခေါင်းအထိ မြှုပ်ထိအောင် ရတနာခုနစ်ပါးများကို ကြဲဖြန့်ခင်းလှူပေးထားတယ် ဘုရား။ တပည့်တော်အား အဲဒီရတနာတွေကို ကောက်ယူသွားကြတဲ့ အဲဒီလူတို့ရဲ့အပေါ်မှာ စိတ်ဆိုးဒေါသ ထွက်ခြင်း မဖြစ်မိပါဘူး ဘုရား။ တပည့်တော်က သူတို့ကို တအားကို ကြည်ညိုတယ် ဘုရား။ ဝမ်းလည်း ဝမ်းသာတယ်ဘုရား။ ဒီကနေ့ကား 'ဩော် ဒီပုဏ္ဏားက ပတ္တမြားလုံးကြီးကို မယူသွားရင်တော့ ကောင်းမှာပဲ' ဟု ကြံစည်နေတုန်းမှာပဲ အဲဒီပုဏ္ဏားကြီးက ပတ္တမြားလုံးကြီးကို ကောက်ယူသွားတယ်ဘုရား။ တပည့်တော်က အဲဒီပုဏ္ဏားကို မကြည်ညိုနိုင်ဘူးဘုရား"ဟု လျှောက်ထားလိုက်သည်။

"အို. . ဥပါသကာ မိမိရဲ့ပစ္စည်းဥစ္စာကို မိမိကမပေးပဲ သူတစ်ပါးကို မယူနိုင်အောင် မစွမ်းဆောင်နိုင်ဘူးလား?"ဟု မေးတော်မူသည်။ အပရာဇိတသူဌေးသည် မြတ်စွာဘုရား ပေးသနားတော်မူအပ်သော နည်း၌ တည်၍ မြတ်စွာဘုရားကို လက်အုပ်ချီမိုး ရှိခိုးပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ယနေ့မှစ၍ ဘုရားတပည့်တော်ရဲ့ ပစ္စည်းဥစ္စာ ချည်မျှင်လေးမှကိုလည်း တပည့်တော်က ခွင့်မပြုပဲ ရာဇဏာန်းမကသော မင်းတို့လည်းကောင်း ရာဇဏာန်းမကသော ခိုးသူတို့လည်းကောင်း မယူနိုင်ပါစေနဲ့ဘုရား၊ မီးလည်း မလောင်ပါစေနဲ့ဘုရား။ ရေလည်း မမျောပါ စေနဲ့ဘုရား" ဟု ဆုတောင်းလိုက်သည်။

မြတ်စွာဘုရားကလည်း "ဒါယကာ! သင် ဆုတောင်းပန်ဆင်သည့်အတိုင်း ဖြစ်ပါစေသတည်း"ဟု ဆုပေးလိုက်သည်။ ထို့နောက် အပရာဇိတ သူဌေးသည် ရဟန်းသံဃာတော် ခြောက်သန်းရှစ်သိန်းတို့ကို ကျောင်းတိုက်အတွင်းမှာပဲ ကိုးလလုံးလုံး ဆွမ်းစသော အာဟာရဒါနကို ဆက်ကပ် လှူဒါန်းလိုက်သည်။ ဆွမ်းအလှူ၏အဆုံး ဆွမ်းကပ်သိမ်းပွဲ၌ ခြောက်သန်း ရှစ်သိန်းသော ရဟန်းတော်တို့အား တစ်ပါး တစ်ပါးလျှင် သင်္ကန်း သုံးထည်စီ (ဒွိစုံသင်္ကန်းနှင့် ဒုကုဋ်သင်္ကန်း) လှူဒါန်းလိုက်သည်။

ဝါအငယ်ဆုံး သံဃာတော်၏ သက်န်းတန်ဖိုးသည် တစ်သိန်း ပေးရသည်။ အကောင်းစားသင်္ကန်းများကိုသာ ဆက်ကပ်လှူဒါန်းသည်။

အပရာဇိတ သူဌေးသည် သူ သေဆုံးသွားသော် နတ်ပြည်မှာ နတ်သားသွားဖြစ်ရပါသည်။

တို့ဂေါတမ မြတ်စွာဘုရား မပွင့်မီ အချိန်ကာလ၏ အကြား၌ လူ့ပြည် နတ်ပြည်တို့၌ လူဖြစ်လိုက် နတ်ဖြစ်လိုက် သုခစည်းစိမ်ကို လှည့်လည်ခံစားရပါသည်။

တို့ဂေါတမဗုဒ္ဓ ပွင့်တော်မူသောအခါ ရာဇဂြိုလ်ပြည်ဝယ် သူဌေး တစ်ဦးအိမ်၌ လူလာဖြစ်ရသည်။ ၎င်းသည် မွေးဖွားသောနေ့၊ အမည် မှည့်သောနေ့၌ ရာဇဂြိုလ် တစ်မြို့လုံး အလင်းရောင် တပြောင်ပြောင် တလျှပ်လျှပ် ထွန်းလင်းတောက်ပသွားသည်။

၎င်းသူငယ်လေးအား အမည်နာမ မှည့်သောနေ့၌ ရာဇဂြိုလ် တစ်မြို့လုံး တစ်ပြိုင်တည်း အလင်းရောင်တပြောင်ပြောင် တလျှပ်လျှပ် ထွန်းလင်းတောက်ပသောကြောင့် မောင်ဇောတိက ဟူ၍ အမည်မှည့်ပေး ကြလေသည်။

## ဇောတိကသူဌေး၏ ပစ္စည်းဥစ္စာပိုင်ဆိုင်မှု

ထို့နောက် မောင်ဇောတိကသည် လူငယ်လေး အရွယ်ရောက် လာသည့်အခါ၌ နေအိမ် ဆောက်လုပ်ဖို့အတွက် အိမ်ယာမြေကွက် သုတ်သင် ရှင်းလင်းသော် သိကြားမင်း၏ ပလ္လင်ကျောက်ဖျာ ပူလောင်လာ သည်။

သိကြားမင်းသည် "ငါ့ရဲ့ပလ္လင် ဘာကြောင့် ပူတာလဲလို့ လူ့ပြည် ကို လှမ်းကြည့်လိုက်တော့ မောင်ဇောတိကအတွက် မြေကွက် သုတ်သင် ရှင်းလင်းနေကြတယ်"ဟု သိ၍ "အဲဒီလူတို့ ဆောက်လုပ်ပေးမည့်အိမ် ပေါ်မှာ မောင်ဇောတိက နေမှာမဟုတ်ဘူး။ မောင်ဇောတိက နေဖို့အတွက် အိမ် ငါကိုယ်တော်မြတ် ကူညီပေးမယ်"ဟု ကြံစည်လျက် လက်သမား

အသွင်ဖြင့် ဖန်ဆင်း၍ အိမ်ပြုပြင်ဆောက်လုပ်နေသည့် အရပ်သို့ ချဉ်းကပ်၍ လက်သမားများကို

"မိတ်ဆွေ! သင်တို့ ဘာလုပ်နေကြတာလဲ?"။

"အစ်ကို! ကျွန်တော်တို့ ဇောတိကနေဖို့အတွက် သုတ်သင်ရှင်းလင်းနေကြတယ်"။

"မိတ်ဆွေ! သင်တို့ ဖယ်ပေးကြပါ၊ သင်တို့ ဆောက်လုပ်တဲ့အိမ် မောင်ဇောတိက နေမှာ မဟုတ်ဘူး"ဟု ပြောဆိုလိုက်သည်။

သိကြားမင်းသည်မြေကွက်ကိုတန်ခိုးဖြင့် ရှင်းလင်းသုတ်သင်၍ "ဒီနေရာမှာမြေကြီးကိုဖေါက်ခွဲပြီး ရတနာခုနစ်ပါးတွေနဲ့ တန်ဆာဆင်ထားတဲ့ ဘုံခုနစ်ဆင့် (ခုနစ်ထပ်) ရှိတဲ့ ဘုံပြဿာဒ်ကြီးကို ထပေါက်လာပါစေသတည်း။ နောက်ထပ် ဒီပြဿာဒ်ကြီးကို ကာရံဖို့အတွက် တံတိုင်း ခုနစ်ထပ်တို့ကလည်း ထပေါက်ပါစေသတည်း။ နောက်ထပ် အဲဒီတံတိုင်းတို့ရဲ့ အဆုံးအစွန်၌ ပဒေသာပင်များ ထပေါက်ပါစေသတည်း။ ပြာသာဒ်၏ ထောင့် အရပ်လေးခုတို့၌ ရွှေအိုးကြီးလေးလုံး ထပေါက်ပါစေသတည်း" ဟု ဖန်ဆင်းပေးလိုက်သည်။

ရွှေအိုးကြီး လေးလုံးတို့တွင်
တစ်လုံးက တစ်ယူဇနာကြီးသည်။
တစ်လုံးက သုံးဂါဝုတ်ကြီးသည်။
တစ်လုံးက ယူဇနာဝတ်ကြီးသည်။
တစ်လုံးက တစ်ဂါဝုတ်ကြီးသည်။

လေးအိုးလုံးရွှေပြည့်ကြသည်။ ပြဿာဒ်၏ ထောင့်အရပ်လေးခုတို့မှာပဲ ရွှေကြံချောင်းတို့သည် ပေါက်ကြသည်။ ထိုကြံတို့၏အရွက်များသည် ပတ္တမြားဖြစ်ကြသည်။ ပင်စည်များသည်ရွှေပင်စည်ဖြစ်ကြသည်။ တံတိုင်းခုနစ်ထပ်တို့၏ တံတိုင်းမုခ်တို့၌ ဘီလူးခုနစ်ယောက်တို့က အသီးသီး စောင့်ပေးထားကြသည်။

**အမှတ် (၁)။** တံခါးမုခ်၌ "ယမကောဠိ"ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးတစ်ထောင်နှင့်အတူ စောင့်ပေးထားကြသည်။

**အမှတ် (၂)**။ တံခါးမုဒ်၌ "ဥပ္ပလ" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးနှစ်ထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။
**အမှတ် (၃)**။ တံခါးမုဒ်၌ " ဝဇီရ" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးသုံးထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။
**အမှတ် (၄)**။ တံခါးမုဒ်၌ "ဝဇီရဗာဟု" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးလေးထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။
**အမှတ် (၅)**။ တံခါးမုဒ်၌ "ကသကန္ဒ" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးငါးထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။
**အမှတ် (၆)**။ တံခါးမုဒ်၌ "ကဋတ္ထ" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးခြောက်ထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။
**အမှတ် (၇)**။ တံခါးမုဒ်၌ "ဒိသာပါမုခ" ဟု ခေါ်သည့် ဘီလူးက မိမိ၏ အခြွေအရံ ဘီလူးခုနစ်ထောင်တို့နှင့် အတူတကွ စောင့်ပေးထားကြသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဤမောင်ဇောတိက၏ အကြောင်းကို သတင်းကြားရတော့ သူဌေးတို့၏ အသုံးအဆောင် ထီးကို ပေးပို့စေသည်။ ယင်းအချိန်တွင် မောင်ဇောတိကသည် ဇောတိကသူဌေး ဖြစ်သွားတော့သည်။

ဇောတိကသူဌေးနှင့် အတူတကွ ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ဖူးသည့် အိမ်ရှင်မိန်းမသည်ကား မြောက်ကျွန်း၌ လူဖြစ်နေသည်။ ယင်းအချိန်တွင် နတ်တို့သည် ၎င်းမြောက်ကျွန်းသူကို မြောက်ကျွန်းမှ ဆောင်ယူလာခဲ့၍ အသရေရှိသော တိုက်ခန်း၌ နေစေသည်။ ၎င်းမြောက်ကျွန်းသူသည် လိုက်လာခဲ့သည့်အခါ၌ ဆန်တစ်စလယ်နှင့် "ဇောတိပါသာဏ" ဟု ခေါ်သည့် ပတ္တမြားသုံးလုံးတို့ကိုလည်း ယူလာခဲ့သည်။

ဇောတိကသူဌေး ဇနီးမောင်နှံ နှစ်ယောက်သည်

အသက်ရှည်သမျှကာပတ်လုံး ယင်းဆန်တစလယ်ကိုပဲ ချက်စားကြသည်။ လူတို့သည် တစ်စလယ်ဆန်ကို လှည့်စီးပေါင်း တစ်ရာပြည့်အောင် အကယ်၍ ဆန်လာတောင်းကြငြားအံ့၊ ယင်းတစ်စလယ်ဆန်ကိုပဲ

ထုတ်ပေးသည်။ ထမင်းချက်စားသည့်အခါ၌ ယင်းတစ်စလယ်ဆန်ကို အိုးထဲ၌ထည့်၍ ဇနီးဖြစ်သူ မြောက်ကျွန်းသူ ယူလာသည့် ပတ္တမြားပေါ်၌ တင်ထားသည်။ ထိုခဏအတောအတွင်းမှာပဲ ပတ္တမြားအလျှံ တောက်ပြောင် လာ၍ ထို့နောက် ထမင်းကျက်ပြီးသွားသည့်အခါ၌ ပတ္တမြားအလျှံများ လည်း အလိုအလျောက် ငြိမ်းအေးသွားသည်။ ထိုသို့ အမှတ်အသားဖြင့် သာလျှင် ထမင်းကျက်သွားသည်ကို သိကြသည်။ ဟင်း စသည် ချက်စား ရာ၌လည်း ဤနည်းအတိုင်းသာ ချက်စားကြသည်။ ပတ္တမြား၏ အလင်း ရောင်ဖြင့် နေထိုင်ကြသည်။ မီး, ဆီမီး အလင်းရောင်ကို မသိကြပါ။ ဇောတိကသူဌေး၏ ဂုဏ်သတင်းသည် ဇမ္ဗူဒိပ်ကျွန်း တစ်ကျွန်းလုံး ပျံ့နှံ့ သွားသည်။ လူအပေါင်းတို့သည် လှည်း စသည်တို့ကိုစီး၍ ဇောတိက သူဌေး လာကြည့်ကြသည်။

ဇောတိကသူဌေးသည် လာတိုင်း လာတိုင်းသော လူအပေါင်းတို့ အား မြောက်ကျွန်းသူ ယူဆောင်လာသည့် ဆန်ကိုချက်၍ ကျွေးမွေးသည်။ ပဒေသာပင်တို့မှ အဝတ်များကို ယူသွားကြပါ။ တစ်ဂါဝုတ်ကြီးသည့် ရွှေအိုး ကြီးကို ဖွင့်လှစ်စေ၍ မျှလောက်ရုံ တော်ရုံတန်ရုံ ရွှေကို ယူသွားကြပါဟု ပေးကမ်းလှူဒါန်းလိုက်သည်။ ဇမ္ဗူဒိပကျွန်းသူကျွန်းသားတို့သည် ဇောတိက သူဌေး ရွှေကို ယူသွားကြသော် ရွှေအိုးထဲ၌ လက်တစ်လုံးစာလောက်မျှ လည်း မလျော့ဘူး။

ဤဇောတိကသူဌေး၏ သတင်းကို ဗိမ္ဗိသာရမင်းကြီး ကြားသိရ တော့ သူကိုယ်တိုင် ဇောတိကသူဌေး၏ ပြဿာဒ်ကို ကြည့်ချင်စိတ် ဖြစ်ပေါ် လာသည်။ သို့သော် လူအပေါင်း ကြည့်ရှုနေကြသောကြောင့် လာရောက် ကြည့်ရှုသော် ကြည့်ရှုခွင့် မရလိုက်။

ထို့နောက် နံနက်စောစောအချိန်၌ လာကြည့်သည့်လူ နည်းနေသည့် အချိန်ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီးက ဇောတိကသူဌေးကြီး၏ အဖေကို ခေါ်စေ၍ ဇောတိကသူဌေးကြီးအဖေ ရောက်လာသော် “သူဌေး! သင့်သား ဇောတိကသူဌေးရဲ့ ပြာသာဒ်ကို ငါကိုယ်တော်မြတ် ကြည့်ရှုချင်ပါတယ်”။

"အရှင်မင်းမြတ်! မှန်လှပါ" ဟု သံတော်ဦးတင်လိုက်၍ နန်းတွင်းမှ ဇောတိကအိမ်သို့ သွားပြီးလျှင် သားဖြစ်သူ ဇောတိကအား "ချစ်သား! ရှင်ဘုရင်မင်းမြတ်က ငါ့သားရဲ့ပြာသာဒ်ကို ကြည့်ချင်တယ်လို့ မိန့်ကြားလိုက်တယ် သားရေ"

"အို ချစ်ဖေဖေ! ရပါတယ် ကြွလာကြည့်တော်မူပါစေ"ဟု ပြောကြားလိုက်သည်။

ထို့နောက် ဗိမ္ဗိသာရ ဘုရင်မင်းမြတ်သည် အခြွေအရံ ပရိသတ်များနှင့်အတူ နန်းတော်မှ ဇောတိကသူဌေး ပြာသာဒ်အိမ်သို့ ထွက်ခွာသွားကြသည်။ အမှတ် (၁) တံခါးမုဒ်၌ သန့်ရှင်းရေးအလုပ်သမားမလေးသည် မင်းကြီးအား လက်ကိုလှမ်းပေးသည်။ မင်းကြီးက ဇောတိကသူဌေးဇနီးဟု အောက်မေ့မှတ်ထင်သဖြင့် ထိုသန့်ရှင်းရေးသမား၏လက်ကို ပြန်မကမ်းပေးပါ။ သန့်ရှင်းရေး အလုပ်သမား မိန်းကလေးများ အရမ်းကို ချောမောလှပါလိမ့်မည်။ ကြွင်းကျန်သော တံခါးမုဒ်များမှာလည်း ဤနည်းအတိုင်းသာဖြစ်ကြသည်။

ထို့နောက် ဇောတိကသူဌေးက ဗိမ္ဗိသာရမင်းမြတ်ကို လာရှိခိုးပြီးလျှင် ပြာသာဒ်အိမ်ထဲသို့ ခေါ်ဆောင်သွားလေသည်။ မင်းကြီးအား နို့ဃနာ, ထမင်း ဟင်း, ဘောဇဉ်များ ဧည့်ခံကျွေးမွေးပြုစုသည်။ ထို့နောက် မင်းကြီး၏ အခြွေအရံ စစ်သည်များအား ဧည့်ခံကျွေးမွေး ပြုစုပါသည်။ ထို့နောက် မင်းကြီးအား သခွားသီးလောက်ကြီးမားသည့် တန်ဖိုးမဖြတ်နိုင်သည့် ပတ္တမြားလုံးကြီး တစ်လုံးကို ပေးဆက်သလိုက်သည်။

ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသူဌေး၏ အိမ်ကို လှည့်လည်ကြည့်ရှုတော်မူ၍ "ဩော်ဇောတိကသူဌေးရဲ့ စည်းစိမ်ဥစ္စာကား ကြီးကျယ်ခမ်းနားလေစွာတကား"ဟု ချီးမွမ်းတော်မူ၍ ပြန်ကြွသွားသည်။

ဤဝတ္ထုသာဓကသည်လည်း ကျောင်းဆောက်လုပ် လှူဒါန်းသည့်သူသည် သောတာပန်ကဲ့သို့ အပါယ်မကျသည့် အထောက်အထား သာဓကတစ်ခုပဲ ဖြစ်သည်။ ဓမ္မမိတ်ဆွေတို့ကလည်း စွမ်းနိုင်သလောက် ကျောင်းအလှူဒါနလှူဒါန်း၍ ကျောင်းအလှူ၏ အကျိုးအာနိသင်ကို ရရှိခံစားကြပါစေ။

လူအများပြောနေကြသည့် ဇောတိကသူဌေးကြီးဆိုတာ ဒီသူဌေးပဲ ဖြစ်ပါသည်။ ဇောတိကသူဌေး မဖြစ်ခင်က သူဘာကုသိုလ်ကောင်းမှု ပြုလုပ်လို့ သူဌေးကြီး ဖြစ်ရတာလဲဆိုတော့ စာဖတ်ပရိတ်သတ်များ ဤဝတ္ထုကို ထောက်ဆ၍ ကျောင်းလှူဒါန်းလို့ သူဌေးဖြစ်ရခြင်း ဖြစ်ပါသည်။

ကျမ်းကိုး
သုတ္တန်ပိဋကတ်။ ခုဒ္ဒကနိကာယ်
ဓမ္မပဒဝတ္ထု အဋ္ဌကထာ။ ဗြာဟ္မဏဝဂ်
ဇောတိကသူဌေးဝတ္ထု (ဇဋိလသူဌေးခန်း)။

## ကျောင်းအလှူဒါနကြောင့် နတ်ဗိမာန် ကြိုတင်ပေါ်ပေါက်လာသည့် နန္ဒိယ

မြတ်စွာဘုရားသည် ဗာရာဏသီပြည် ဣတိပတန မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူသည့် အချိန်ဖြစ်သည်။

ဗာရာဏသီပြည်မှာ "နန္ဒိယ"ဟု ခေါ်သည့် လူပျိုအမျိုးသားလေး တစ်ယောက်ရှိသည်။ ၎င်းနန္ဒိယ အမျိုးသားလေးသည် သဒ္ဓါတရားရှိသည့် အိမ်တစ်အိမ်၏ အမျိုးသားလေးတစ်ယောက် ဖြစ်၏။ ရတနာ (၃) ပါးကို ကိုးကွယ်သည့် ဥပသကာ ဖြစ်သည်။ သဒ္ဓါတရားလည်း ရှိသည်။ ပေးလှူတတ်သည့် အလှူရှင်လည်းဖြစ်သည်။ သံဃာတော်ကိုလည်း ပြုစုလုပ်ကျွေးတတ်သည်၊ သူတို့၏အိမ် မျက်နှာခြင်းဆိုင် အိမ်ရှေ့ အိမ်တစ်အိမ်မှာ "ရေဝတီ" ဆိုသည့် မိန်းမပျိုလေးတစ်ဦးလည်း ရှိသည်။ ရေဝတီကား ရတနာ (၃) ပါး ကိုလည်း မကြည်ညို။ သဒ္ဓါတရားလည်း မရှိ၊ ပေးလှူမှုလည်းမရှိ။

နန္ဒိယ၏ အမေ အဖေတို့က နန္ဒိယကို ရေဝတီနှင့် ထိမ်းမြားလက်ထပ်ပေးလိုကြသည်။ နန္ဒိယက ရေဝတီကို သဘောမကျ မကြိုက်ဘူး။ နန္ဒိယအမေက ရေဝတီကိုခေါ်ပြီး ပြောလိုက်သည်မှာ-

"တူမရေ! ညည်းက ငါတို့အိမ်လာပြီးတော့ ရဟန်းတော် ထိုင်တဲ့နေရာကို သုတ်ပေးပါ၊ နေရာတွေကိုလည်း ခင်းပေးပါ၊ သပိတ်ခြေတွေကိုလည်း တည်ထားပေးပါ၊ ရဟန်းတော်တွေကြွလာတဲ့အချိန်မှာ ရှိခိုးပြီး သပိတ်ကို လှမ်းယူပါ၊ ခင်းထားတဲ့နေရာကို ပင့်တင်ပြီး သောက်ရေကို စစ်ပေး ကပ်ပေးပါ၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါမှာလဲ သပိတ်တွေကို ဆေးကြောပေးပါ၊ ဒီလိုလုပ်လို့ရှိ ရင်ငါ့သားက ညည်းကို သဘောကျပါလိမ့်မယ်"ဟု ဤသို့ ပြောဆိုသွန်သင်ထားသည်။ ရေဝတီကလည်း နန္ဒိယအမေပြောဆိုထားသည့်အတိုင်း အိမ်မှုကိစ္စတွေကို လုပ်ကိုင် ဆောင်ရွက်ပေးသည်။

ထို့နောက် တစ်နေ့သောအခါ၌ နန္ဒိယ၏အမေက သူ၏သားကို "သားလေးရေ! ရေဝတီလေးဟာ သားထင်သလောက် မဆိုးပါဘူး၊ ပြောလို့ဆိုလို့ လွယ်ပြီး လိမ္မာသားပဲ"ဟု ပြောပြသည်။

နန္ဒိယက "အမေ! ဒီလိုဆိုရင်တော့ ကောင်းပါတယ်၊ သားယူမယ်လေ" ဟု လက်ခံလိုက်သည်။

ထို့နောက် မင်္ဂလာဆောင်မည့် နေ့ရက်ကို သတ်မှတ်ပြီး သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်ကြသည်။ သို့သော် နန္ဒိယက သူ့ဇနီး ရေဝတီကို အိမ်မှုကိစ္စဆောင်ရွက်တာ သိပ်မယုံကြည်ဘူး။

နန္ဒိယက သူ၏ဇနီး ရေဝတီကို " ညီမလေးရယ်! ရဟန်းသံဃာနှင့် ကျုပ်ရဲ့ အမေ အဖေတွေကို ပြုစုလုပ်ကျွေးမယ်ဆိုရင်တော့ ဒီအိမ်မှာ ငါနဲ့ အတူတူ နေရလိမ့်မယ်၊ ညီမလေးက သတိတရားနဲ့ စေတနာထားပြီးတော့ ပြုစုလုပ်ကျွေးပေးပါ"ဟု ပြောထားပါသည်။

ရေဝတီက "ကောင်းပါပြီ မောင်ရယ်! မောင်ပြောတဲ့အတိုင်း ကျွန်မလုပ်ပေးပါ့မယ်"ဟု ဝန်ခံပြောဆိုလိုက်သည်။ အတော်လေးကြာအောင်

တော့ သဒ္ဓါတရားရှိသယောင် ဟန်ဆောင်ပြီး လင့်စကားကို နားထောင်ပါသေးသည်။

ထို့နောက် အတူနေ၍ကြာလာသော် ရေဝတီသည် ကလေးနှစ်ယောက် အမေ ဖြစ်လာသည်။ နန္ဒိယ၏ အမေ အဖေတို့ကလည်း ကွယ်လွန်သွားကြလေသည်။ နန္ဒိယ၏ အမေ အဖေ မရှိသည့်နောက်မှာ ရေဝတီက တစ်အိမ်လုံးကို အုပ်ချုပ်ရသည်။ တစ်အိမ်လုံး သူ့စကား၊ သူ့လက်၊ သူ့ခြေချည်း ဆိုသလို ဖြစ်နေပါတော့သည်။ နန္ဒိယကလည်း အလှူရှင် ဒကာကြီး ဖြစ်လာလေသည်။ ရဟန်းသံဃာတော်အတွက်လည်း ဆွမ်းလှူခြင်း စသော ဒါနဝတ်ကို အမြဲလှူဒါန်းသည်။ ပစ္စည်းမဲ့ လူတန်းစား ခရီးသွားသော သူတို့အတွက်လည်း အိမ်တံခါးဝမှာ ထမင်း ဝေငှကျွေးမွေး အာဟာရဒါန ထမင်းဝတ်ကို လှူထားသည်။

ဣသိပတနကျောင်းတိုက်မှာ အခန်း (၄) ခုနဲ့ တန်ဆာဆင်ထားသည့် မုခ်ထက်လေးမျက်နှာရှိသော ကျောင်းကိုလည်း ဆောက်လုပ်လှူဒါန်းလိုက်သည်။ ညောင်စောင်း အင်းပျဉ်တို့၏ အခင်းလည်း ခင်းလှူထားသည်။ ဘုရားရှင်အမှူးရှိသောသံဃာအား ကြီးကျယ်ခန်းနားသည့် အလှူဒါနကိုလည်း ပေးလှူပါသည်။ မြတ်စွာဘုရား၏လက်မှာ အလှူရေစက်ကို ကျစေပြီး အပ်နှင်းလှူဒါန်းလိုက်သည်။

အလှူရေစက်ချပြီး ပေးလှူလိုက်သည်နှင့် တစ်ပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ အံ့ဩစရာကောင်းသည့်ရတနာ (၇) ပါးဖြင့် ပြုလုပ်ထားသည့် ဗိမာန်တစ်ခု ပေါ်ပေါက်လာသည်။ ယင်းဗိမာန်၏ အလျား အနံသည် (၁၂) ယူဇနာ ရှိသည်။ အမြင့်က ယူဇနာ (၁၀၀) မြင့်သည်။ နတ်သမီးတစ်ထောင်သည် ယင်းဗိမာန်ထဲ၌ ပျော်မြူးနေကြသည်။

ယင်းအချိန်ဝယ် အရှင်မဟာမောဂ္ဂလာန်မထေရ်က နတ်ပြည်သို့ ကြွသွားတော်မူသော် ထိုဗိမာန်ကြီးကိုတွေ့မြင်သည်။ နတ်သား နတ်သမီးတို့သည် "အရှင်မဟာမောဂ္ဂလာန် မထေရ်ကို ဖူးမြော် ရှိခိုးရအောင်" ဟု နှလုံးသွင်းကြ၍ အရှင်မဟာမောဂ္ဂလာန် အနားကို ရောက်လာကြ

သည်။ အရှင်မဟာမောဂ္ဂလာန်က နတ်သားများကို မေးကြည့်လိုက်သည်မှာ-

"အမောင်နတ်သားတို့! ဒါဟာ ဘယ်သူ့ဗိမာန်ကြီးလဲ?"။

"အရှင်သူမြတ်ကြီးဘုရား! ဒီဗိမာန်ရဲ့ ပိုင်ရှင်ကတော့ လူ့ပြည်မှာပဲ ရှိနေပါသေးတယ်ဘုရား ၊ ဗာရာဏသီမြို့မှာ နန္ဒိယဆိုတဲ့ သူကြွယ်ပါပဲ။ သူဟာ သံဃာတော်တွေအတွက် ဣသိပတန ကျောင်းတိုက်မှာ မုခ်ထွက် လေးမျက်နှာရှိတဲ့ ကျောင်းကို ဆောက်လုပ်လှူဒါန်းပါတယ်၊ ဒါဟာ သူ့အတွက် ဖြစ်ပေါ်လာတဲ့ ဗိမာန်ပါပဲ ဘုရား"ဟု ဤသို့ လျှောက်ထားကြသည်။

ယင်းဗိမာန်မှာ ဖြစ်နေကြသည့် နတ်သမီးတို့ကလည်း အရှင်မဟာမောဂ္ဂလာန်ကို တွေ့မြင်ရကြသော် သုတ်သီးသုတ်ပျာနဲ့ ဗိမာန်ပေါ်က ဆင်းလာကြ၍ အရှင်မဟာမောဂ္ဂလာန်ထေရ်ကို ရှိခိုးပြီး လျှောက်ထားကြသည်မှာ-

"အရှင်ဘုရား! တပည့်တော်မတို့ တစ်တွေဟာ ဗာရာဏသီမြို့က 'နန္ဒိယ' ဆိုတဲ့ ဥပါသကာရဲ့ အလုပ်ကျွေးဖြစ်ရဖို့ ဒီမှာ ဖြစ်နေကြရပါတယ်ဘုရား၊ ဒီက ပြန်ကြွသွားလို့ရှိရင် နန္ဒိယသူကြွယ်ကို တစ်ဆိတ်လောက်ပြောပေးပါ ဘုရား၊ သင့်ကို ပြုစုစောင့်ရှောက်ဖို့အတွက် သင့်ရဲ့ဗိမာန်မှာ ဖြစ်နေကြတဲ့ နတ်သမီးတွေက သင့်ကို စောင့်နေရတာ ကြာနေတဲ့အတွက် ပျင်းရိနေကြပြီ၊ နတ်ပြည်စည်းစိမ် ဆိုတာဟာ မြေခွက်ကို ခွဲပြီး ရွှေခွက်ကိုယူသလို အင်မတန်နှစ်လိုဖွယ်ကောင်းတယ်"လို့ ဒီလိုပြောပြပြီး ဒီတာဝတိံသာနတ်ပြည်မှာ သူ့ရဲ့ဗိမာန်ရှင်သို့ ခပ်မြန်မြန် လာဖြစ်အောင် တိုက်တွန်းပေးတော်မူပါဘုရား" ဟုလျှောက်ထားသည်။

အရှင်မောဂ္ဂလာန်မထေရ်သည် နတ်ပြည်မှ လူ့ပြည်သို့ ပြန်ကြွလာ၍ မြတ်စွာဘုရားဆီ ချဉ်းကပ်ပြီး မြတ်စွာဘုရားရှင်ရောက်တော့ ရှိသေစွာ ရှိခိုးကာ ပရိတ်သတ်လေးပါး၏အလယ်မှာ မြတ်စွာဘုရားကို လျှောက်ထားလိုက်သည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! ကုသိုလ်ကောင်းမှု ပြုလုပ်ထားတဲ့ လူတွေက လူ့ပြည်မှာ ရှိနေတုန်းမှာပဲ နတ်စည်းစိမ် ချမ်းသာတွေ ကြိုပြီး ဖြစ်နိုင်ပါ့မှာလား ဘုရား?"။

"ချစ်သားမောဂ္ဂလာန်! နန္ဒိယအတွက် နတ်ပြည်မှာ ဖြစ်နေတဲ့ စည်းစိမ်ချမ်းသာတွေကို ချစ်သားကိုယ်တိုင် တွေ့လာခဲ့တယ် မဟုတ်လား၊ ဘာကြောင့် ငါဘုရားကို လာမေးနေရသေးလဲ?"။

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား! မြတ်စွာဘုရား အမိန့်ရှိတိုင်း မြင်ခဲ့တာ မှန်ပါတယ်ဘုရား" ဟု ဝန်ခံလိုက်သည်။

မြတ်စွာဘုရားက-

"ချစ်သားတို့! ကြာရှည်လေမြင့်ကွဲကွာနေပြီး ရပ်ဝေးက ချမ်းချမ်းသာသာ ပြန်ရောက်လာတဲ့သူကို ဆွေမျိုး၊ မိတ်ဆွေ ချစ်ကျွမ်းဝင်သူတွေက ပြန်ရောက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံသိမ်းပိုက်တတ်ကြပါတယ်၊ ဒီနည်းအတိုင်းပဲ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး ဒီလောကမှ တမလွန်လောကသို့ ရောက်သွားတဲ့ သူကိုလည်း ကိုယ်ပြုလုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေက (စည်းစိမ်ချမ်းသာဆိုတဲ့ လက်တွေ့နဲ့) လက်ခံသိမ်းပိုက်တတ်ကြပါတယ်။ ရပ်ဝေးက ပြန်ရောက်လာတဲ့သူကို ဆွေမျိုးတွေက ဝမ်းဝမ်းသာသာ ကြိုဆိုလက်ခံ သိမ်းပိုက်တာနဲ့ မထူးခြားလှပါဘူး၊ အတူတူပါပဲ"ဟု ဟောတော်မူသည်။

အဝေးတစ်နေရာမှာ ကြာမြင့်စွာ ခွဲခွာ၍နေသော ထိုခွဲခွာရာ အရပ်မှ ပြန်ရောက်လာသော မိသားစုလည်းကောင်း ဆွေမျိုးဉာတိနှင့် ချစ်သော မိတ်ဆွေအပေါင်းလည်းကောင်း ရွာထိပ်အဝင်ဝတံခါး၌ တည်နေလျက် တွေ့မြင်သောတစ်စုံတစ်ယောက် သူသည်အလျင်အမြန် အိမ်သို့ လာရောက်၍ ခင်ဗျားတို့မိသားစုဆွေမျိုးလာနေသည်ဟု ပြောကြားရာ၏။ ထိုသို့ ပြောကြားသောအခါ ထိုသူ၏ မိသားစု ဆွေမျိုးတို့သည် အားရပါးရ ဝမ်းမြောက်ဝမ်းသာကုန်၍ အလျင်အမြန်အိမ်မှ ထွက်ပြီး "နေကောင်းတယ်နော်" ဟု စသည်အားဖြင့် ဝမ်းမြောက်ဝမ်းသာ စကားကို

ပြောကြားလျှက် ထိုအဝေးတစ်နေရာ ပြန်ရောက်လာသောသူကို ကောင်းစွာ ကြိုဆိုဧည့်ခံကုန်သကဲ့သို့။

မိမိတို့၏ နေအိမ်နှင့် အလှမ်းဝေးသော ပြည်နယ်တိုင်းများသို့၊ နိုင်ငံခြားသို့ စီးပွားရေးကိစ္စကြောင့် ခရီးထွက်ရသော သူလည်း ရှိ၏၊ ပညာရေးကိစ္စကြောင့် ခွဲခွာရသောသူလည်း ရှိ၏။ အခြားသော ကိစ္စ အမျိုးမျိုးကြောင့် ခွဲခွာရသောသူလည်း ရှိ၏။ ထိုခွဲခွာရာအရပ်မှ မိမိ ပြန်လာပြီဆိုသည့်အကြောင်း လေယာဉ်ဆိပ်, ရထားဘူတာ, ကားဂိတ် မှာ, ရောက်နေပြီ" စသည်အားဖြင့် ဖုန်းလှမ်းဆက်လိုက်လျှင် အိမ်မရောက် ခင်မှာဘဲ လေယာဉ်ဆိပ်၊ ရထားဘူတာ၊ ကားဂိတ်မှာ တစ်ခါတည်း လာ ကြို၍ အိမ်သို့ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ ကြိုဆို ဧည့်ခံလိုက် သကဲ့သို့။

ဤအတူသာလျှင် ဤလူ့ဘဝ၌ ပြုအပ်သော ကောင်းမှုကုသိုလ် ရှိသောသူသည် ဤလူ့ဘဝမှ ကွယ်လွန်သွား၍ တမလွန်ဘဝမှရောက် သွားသောအခါ ယောကျ်ား၊ မိန်းမများသည် ကုသိုလ်ကံဖြင့် နတ်တို့သည် စည်းစိမ်ချမ်းသာ လက်ဆောင်ဘဏ္ဍာကိုယူ၍ ငါသည် ရှေ့က သွားရ မယ်။ ငါသည် ရှေ့ကသွားမယ်ဟု ပြောဆိုလျက် သူ့ထက်ကား ငါဦးစွာ ရောက်လို ခရီးဦး ကြိုဆိုကုန်သည်ဖြစ်၍ နတ်တို့သည် အလွန်အကြူး အထူးနှစ်သက်ကုန်၏"ဟု မိန့်တော်မူ၏။

ဤတရားစကားကို ကြားရသည့် နန္ဒိယသည် အတိုင်းထက်အလွန် အလှူဒါနတို့ကို ပေးလှူနေတော့သည်။ ထို့နောက် နန္ဒိယလုလင်သည် အရောင်းအဝယ်ကိစ္စ ခရီးထွက်ခါနီးမှာ ရေဝတီကို ပြောဆို မှာထား သည်မှာ-

"ညီမလေးရေ! ငါက ဝတ်တည်ထားတဲ့ သံဃာတော်အား ပေးလှူ မှုရယ်၊ ခိုကိုးရာမဲ့ ပုဂ္ဂိုလ်တွေအတွက် ပေးလှူနေတဲ့ ထမင်း ဝတ်ရယ် ဒါတွေကိုတော့ ရှင်မက ဘယ်နည်းနဲ့မှ မမေ့ပါနဲ့၊ ဖြတ်မပစ်ပါနဲ့၊ အမြဲတမ်း ပေးလှူပါ"ဟု မှာထားသည်။

ရေဝတီကလည်း "ကောင်းပါပြီ မောင်ရေ၊ စိတ်ချပြီး သွားမယ့် ဟာသာ သွားစမ်းပါ"ဟု ဝန်ခံထားသည်။

နန္ဒိယလုလင်သည် သူခရီးထွက်နေသည့်အချိန် ရောက်သည့်အရပ်မှာလည်း ရဟန်းတော်တို့လည်းကောင်း၊ ခိုကိုးရာမဲ့သူတို့ လည်းကောင်း၊ ပစ္စည်းအင်အားအလျောက် ပေးလှူသည်။ သူ့ကို ချီးမြှောက်လိုသည့်အတွက် ရဟန္တာပုဂ္ဂိုလ်တို့သည် ရပ်ဝေးကတောင်မှလာပြီး သူ၏အလှူကို လက်ခံကြသည်။

ရေဝတီသည် နန္ဒိယ ထွက်သွားပြီးသည့်နောက် ရက်အနည်းငယ်လောက်သာ အလှူဒါန ပေးလှူသည်၊ ခိုကိုးရာမဲ့သူတွေအတွက် အလှူကို လုံးဝ ဖြတ်ပစ်လိုက်သည်၊ ရဟန်းတော်တွေကိုလည်း ဆန်ကွဲထမင်း ပအုံးရည် (အချဉ်ခံထားတဲ့ ဆန်ဆေးရေ) ဟင်းကိုပဲ လှူပါတော့သည်။

ရဟန်းတော်တို့ ဆွမ်းဘုဉ်းပေးသည့်နေရာမှာ ကိုယ့်စားကြွင်းထမင်းလုံးတွေ၊ သားငါးအပိုင်းတွေ၊ ရောနေတဲ့ စားဖတ်ဝါးဖတ်များကို ဖြန့်ထားပြီးမှ လူများသွားခေါ်လာသည်။ ရေဝတီသည် သူမ၏ အိမ်သို့ ရောက်လာသောလူကို "ဒီမှာကြည့်ကြစမ်းပါအုံး၊ ရဟန်းတွေ လုပ်သွားတာကို သဒ္ဓါတရားနဲ့လှူတဲ့ ပစ္စည်းတွေကို ဒီလိုစွန့်ပစ်နေကြတာပဲ" ဤသို့ ပြောဆို၍ ပြသလေသည်။

နန္ဒိယသည် အရောင်းအဝယ်ကိစ္စနဲ့ ပြန်လာတော့ မှီခိုအားကိုးရာမဲ့သူတွေကို ထမင်းကျွေးမွေး ပေးကမ်းခြင်း စသည့်ကိစ္စကို ဖြတ်ပစ်ခြင်း သတင်းဆိုးကို အရင်ကြားရသည်။ နန္ဒိယသည် ရေဝတီကို အိမ်မှနှင်ထုတ်လိုက်ပြီးမှ အိမ်ထဲ အရင်ဝင်သည်။ နောက်တစ်နေ့မှာ ဘုရားအမှူးရှိသော သံဃာတော်များကို ကြီးကျယ်ခမ်းနားစွာ ဆွမ်း စသော အလှူ ဒါန ဆက်ကပ်လှူဒါန်းလိုက်သည်။ ရဟန်းတော်တို့အတွက် အလှူဝတ်နှင့် ခိုကိုးရာမဲ့သူတို့အတွက် ထမင်းဝတ်ကိုလည်း ကောင်းမွန်စွာ ပြန်လှူဒါန်းလိုက်သည်။

နန္ဒိယ၏ မိတ်ဆွေသူငယ်ချင်းတို့သည် နန္ဒိယဆီသို့ ရေဝတီကို ခေါ်ယူပို့ဆောင်လာကြသည်၊ နန္ဒိယက မိတ်ဆွေသူငယ်ချင်းတို့၏ စေတနာ

ကို ငွဲညှာပြီး ပြန်လက်ခံထားလိုက်ရသည်။ သို့သော် ရေဝတီကို အိမ်ထောင်ဦးစီးခွင့် မပေးတော့ပါ။ စားလောက်ရုံ ဝတ်လောက်ရုံသာ ပေးကမ်းထားသည်။

နန္ဒိယသည် သူသေလွန်သွားသော် တာဝတိံသာနတ်ပြည်မှာ ရှိနေသည့် မိမိ၏ ဘုံဗိမာန်မှာပဲ နတ်သားသွားဖြစ်ရသည်။

ရေဝတီသည် နန္ဒိယ သေလွန်သွားသည့်နောက်မှာ မိမိလင်၏ ပစ္စည်းဥစ္စာကို ပိုင်ဆိုင်သွားတော့၏။ ရဟန်းသံဃာတော်ကို အလှူပေးခြင်းကိစ္စ၊ အားကိုးမှီခိုရာမဲ့နေသည့်သူကို ထမင်းကျွေးမွေးပေး ကမ်းခြင်းကိစ္စ၊ အကုန်လုံး ဖြတ်ပစ်လိုက်သည်။ ရေဝတီသည် ရဟန်းသံဃာတော် များကို ဆဲရေးကြိမ်းမောင်းလိုက်သည်မှာ- "ဒီသူတွေကို အကြောင်းပြုပြီး ငါ့ရဲ့လာဘ်, ဥစ္စာ ယုတ်လျော့ခဲ့ရတာပဲ" ဟု ဤသို့ စိတ်သဘောထားပြီး ပြောလိုက်သည်။ ယင်းအချိန်ဝယ် ဝေဿဝဏ် နတ်မင်းသည် ဘီလူးနှစ်ယောက်ကို ခေါ်၍ အမိန့်ပေးလိုက်သည်မှာ-

"ဟေ့ သွားကြစမ်း၊ ဒီနေ့ကနေစ ၇-ရက်မြောက် နေ့မှာ ရေဝတီကို အရှင်လတ်လတ် ငရဲမှာ ပစ်ချမယ်လို့ ဗာရာဏသီမြို့မှာ လှည့်လှည်ကြွေးကြော်လိုက်စမ်း" ဟု စေခိုင်းလိုက်သည်။ ဘီလူးနှစ်ယောက်ကလည်း တစ်မြို့လုံးကို လှည့်လှည် ကြွေးကြော်ကြသည်။ ထိုအသံကို ကြားရသော မြို့နေလူထုက သံဝေဂရနေကြသည်။ ကြောက်ရွံ့ထိတ်လန့်နေကြသည်။ ရေဝတီကတော့ အိမ်အပေါ်ထပ်ကို တက်ပြီး တံခါးကို အလုံပိတ်ကာ ပုန်းအောင်းနေသည်။

၇-ရက်မြောက်နေ့ ရောက်လာတော့ ရေဝတီ၏ မကောင်းမှုအကုသိုလ်ကံက လှုံ့ဆော်ပေးသည့်အတွက် ဝေဿဝဏ်နတ်မင်းကြီးက အင်မတန်ကြောက်စရာ၊ လန့်စရာကောင်းသည့် ဘီလူး နှစ်ယောက်ကို နောက်ထပ်စေခိုင်းလိုက်ရပြန်သည်။ ယင်းဘီလူး နှစ်ယောက်တို့၏ ဆံပင်မုတ်ဆိတ် ကျင်စွယ်တို့သည် ကြောင်သည့်အဆင်း (အညို အဝါရောတဲ့အဆင်း) ရှိပြီး အရောင်တဖျပ်ဖျပ် တောက်ပနေသည်၊ နှာခေါင်းက

တော့ ပိန်ရှုံ့ပြီး (အတွင်းကို) ဝင်နေသည်။ အင်မတန် အကြည့်ရဆိုးသည်။ အစွယ်တို့သည် ကွေးညွတ်နေသည်။ မျက်လုံးတို့သည် (ကားနောက်မီးလို) နီရဲနေသည်။ ကိုယ်ရေအဆင်းကတော့ မိုးတိမ်ညိုလို ညိုမည်းညစ်ပုပ်နေသည်။

ယင်းဘီလူးနှစ်ကောင်သည် ရေဝတီအနားကို ရောက်လာကြ၍ ပြောလိုက်သည်မှာ-

"ဟေ့ ရေဝတီ! နင်ဟာ အင်မတန် ယုတ်မာတယ်၊ နန္ဒိယ ပြုလုပ်ထားတဲ့ အလှူဒါန အကုန်လုံးကို ဖြတ်ပစ်တယ်၊ ဒါကြောင့် နင့်အတွက် အပါယ်တံခါး ပွင့်နေပြီ၊ ထစမ်း အခုမှ ဘာငိုနေရသေးသလဲ၊ ငရဲသူ ငရဲသား ငရဲဘုံဆိုတာဟာ အင်မတန် ဒုက္ခရောက်ကြရတယ်၊ ကူပါ ကယ်ပါ တစာစာနဲ့ ညီးတွားနေကြရတယ်၊ အဲဒီငရဲသို့ နင့်ကို ငါတို့က မရောက်ရောက်အောင် ပို့ဆောင်ပေးရတော့မယ်"ဟု ဤသို့ပြောပြီး တစ်ဖက်တစ်ယောက် လက်မောင်းကို ဆွဲကိုင်ယူသွားကြသည်။

ရေဝတီကလည်း ယက်ကန် ယက်ကန် တငိုငို တယိုယိုနဲ့ ပါသွားရသည်။ "မြို့နေလူထု အကုန်လုံး တွေ့ကြပါစေ၊ မြင်ကြပါစေ" ဆိုသည့် ရည်ရွယ်ချက်နှင့် တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ တစ်မြို့လုံးကို လှည့်ပတ်ပြနေကြသည်။ ပြီးမှ မိုးပေါ်ကို ပျံတက်ပြီး တာဝတိံသာ နတ်ပြည်သို့ ယူသွားကြသည်။ နန္ဒိယဗိမာန်၏ အနီးမှာ ချထားလိုက်ကြသည်။

ရေဝတီသည် အတိုင်းထက်အလွန် နေဝန်းလို အရောင် တလက်လက်ထွက်နေသည့် နန္ဒိယ၏ ဗိမာန်ကို တွေ့ရသည့်အခါ သူ့ကို ခေါ်ယူလာသည့် ဘီလူးတို့ကို မေးလိုက်သည်မှာ-

"အရှင်တို့! ဒီဗိမာန်ဟာ နေအဆင်းနဲ့တူတဲ့ အဆင်းလည်း ရှိပါတယ်၊ နှစ်သက်စရာလည်း ကောင်းပါတယ်၊ အရောင်တွေကလည်း တလက်လက်နဲ့ ထွက်နေပါတယ်၊ တင့်တယ်လှပပါတယ်၊ ရွှေကွန်ရက်တွေနဲ့လည်း ဖုံးလွှမ်းထားပါတယ်၊ နတ်သမီးကလေးတွေကလည်း အင်မတန် ပေါများတယ်၊ နေရောင်လို ထွန်းတောက်နေပါတယ်၊ ဒါဟာ ဘယ်သူ့ဗိမာန်ပါလဲရှင်။

နတ်သမီးတွေကလည်း အချောအလှတွေချည်းပဲ၊ သူတို့ရဲ့ ကိုယ်လုံးလည်း စန္ဒကူး နံ့သာနှစ်တွေနဲ့ လိမ်းကျံထားကြပါတယ်၊ သူတို့ တစ်တွေဟာ ဗိမာန်ရဲ့ အတွင်းအပြင် နှစ်ဖက်လုံးကိုပဲ တင့်တယ်စေကြပါတယ်၊ ဒီဗိမာန်ဟာ နေရောင်နဲ့ တူညီမျှတဲ့ အဆင်းရှိတယ်လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကို ရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ ဘယ်သူပါလဲရှင်?" ဟု မေးမြန်းလိုက်သည်။ ဘီလူးတို့ကလည်း သူ့အမေးကို ပြန်ဖြေကြသည်မှာ-

"ရေဝတီ! ဗာရာဏသီမြို့မှာ 'နန္ဒိယ' ဆိုတဲ့ ဥပါသကာ တစ်ယောက်ရှိခဲ့ဖူးတယ်၊ သူဟာ နှမြောဝန်တိုမှုလည်း မရှိဘူး၊ အလှူရှင်လည်း ဖြစ်တယ်၊ အလှူခံတွေရဲ့ အရိပ်အကဲကိုလည်း အင်မတန် နားလည်တယ်၊ နတ်သမီးတွေ အင်မတန်ပေါများတဲ့ နေရောင်လို ထွန်းလင်းတောက်ပနေတဲ့ ဒီဗိမာန်ဟာ အဲဒီနန္ဒိယ ဥပါသကာရဲ့ ဗိမာန်ပါပဲ။

ချောမောလှပတဲ့ နတ်သမီးကလေးတွေဟာ သူတို့ရဲ့ကိုယ်လုံးကို စန္ဒကူး နံ့သာနှစ်တွေနဲ့ လိမ်းကျံထားကြတယ်၊ သူတို့ဟာ ဗိမာန်ရဲ့ အတွင်းအပြင် နှစ်ဖက်လုံးကိုပဲ တင့်တယ်စေကြတယ်၊ ဒီဗိမာန်ဟာ နေရောင်နဲ့ တူညီမျှတဲ့ အဆင်းရှိတယ်လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကို ရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ အဲဒီနန္ဒိယဥပါသကာပါပဲ"။

ရေဝတီက "အရှင်တို့! ကျွန်မဟာ အဲဒီနန္ဒိယရဲ့ ဇနီးပါပဲရှင်၊ တစ်အိမ်လုံးကို စိုးရပိုင်ဆိုင်တဲ့ အိမ်ရှင်မဖြစ်ပါတယ်၊ အခု ကျွန်မလင့် ဗိမာန်မှာပဲ ပျော်စံပါတော့မယ်၊ ငရဲကို တွေ့မြင်ဖို့ မမျှော်လင့် မတောင့်တပါဘူး"ဟု ဤသို့ ပြောသည်။

ဘီလူးတို့က "ရေဝတီ! နင်က ငရဲကို တောင့်တချင်လည်း တောင့်တ၊ မတောင့်တချင်လည်းနေ၊ အခုမှ လင့်ဗိမာန်မှာ ပျော်စံမယ်လေး၊ ဘာလေးနဲ့ မျှော်လင့်တကြီး လုပ်နေတာ၊ နင့်အတွက် ဘာအသုံးကျတော့မှာလဲ"ဟု ဤသို့ ပြောပြီး ငရဲရဲ့အနီးကို အတင်းဆွဲခေါ်သွားကြ၍ ထပ်မံပြောလိုက်သည်မှာ-

"ဟေ့- ရေဝတီ၊ လူ့ပြည်မှာနေတုန်းက နင်ဟာ အင်မတန် အကျင့်ယုတ်တဲ့ ကောင်မပဲ၊ အခု ယုတ်ပါအုံးတော့လား၊ ဒါဟာ နင့်အတွက် ငရဲပါပဲ၊ လူ့ပြည်မှာနေတုန်းက ဝန်တိုတယ်၊ အမျက်ဒေါသကြီးတယ်၊ အကျင့်ကလဲ အင်မတန် ယုတ်မာတယ်၊ ဒီလို ကောင်မမျိုးက နတ်ပြည်ကို ရောက်နေတဲ့ နတ်တွေနဲ့ အတူနေခွင့်ရပါအုံးမလား?" ဟု ဤသို့ ပြောပြီး ဘီလူးနှစ်ကောင်သည် ယင်းနေရာမှာပင် ကွယ်ပျောက်သွားကြသည်။

ထို့နောက် ကွယ်ပျောက်သွားသည့် ဘီလူး နှစ်ကောင်တို့နှင့် တူသည့် ငရဲထိန်းနှစ်ယောက်က သံသဝကဟု ခေါ်သည့် ဘင်ပုပ်ငရဲမှာ ပစ်ချဖို့အတွက် ရေဝတီကို လာရောက်ဆွဲယူသွားကြသည်။

ရေဝတီက "အမယ်လေး မောင်ကြီးတို့ရေ! ခဏဆိုင်းကြပါအုံး၊ ဒီငရဲမှာ မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ကျင်ကြီးကျင်ငယ်ကိုပဲ တွေ့မြင်ရပါတယ်၊ ဘာ့ကြောင့် ဒီငရဲဟာ အနံ့ဆိုးဝါးလှတဲ့ ကျင်ကြီးတွေနဲ့ ပြည့်နှက်နေရပါသလဲ၊ ဘာ့ကြောင့် ဒီငရဲဟာ မကောင်းဆိုးဝါးတဲ့ အနံ့တွေ နံစော်ရပါသလဲ?ဟု မေးလိုက်သည်။

ဘီလူးနှစ်ယောက်တို့က "ဟေ့ရေဝတီ! ဒါဟာ သံသဝကဆိုတဲ့ ငရဲပါပဲ၊ အသူတစ်ရာလောက်နက်တယ်၊ နင်ဟာ ဒီငရဲမှာ အနှစ်ထောင်ပေါင်းများစွာ ခံရလိမ့်မယ်"။

ဤစကားကို ကြားရသည့်အခါ ရေဝတီသည် သံသဝကငရဲမှာ ကျရောက်ရခြင်း၏ အကြောင်းဖြစ်သောကံကို မေးလိုက်သည်။

"ဘယ့်နှယ်ပါလဲ၊ မောင်တို့ရေ! ကျွန်မဟာ ကိုယ်၊ နှုတ်၊ စိတ်နဲ့ ဘယ်လို မကောင်းမှုကို ပြုလုပ်မိခဲ့ဖူးလို့လဲ၊ ဘာ့ကြောင့် ကျွန်မဟာ အသူတစ်ရာနက်တဲ့ သံသဝကငရဲကို ရောက်နေရပါသလဲ?"။

"ရေဝတီ! နင်ဟာ ရဟန်းတော်တွေ, သူတော်ကောင်းတွေ, အခြားဘုန်းတောင်းယာစကာတွေကို မမှန်မကန်တဲ့စကားနဲ့ လှည့်ပတ်လာခဲ့တယ်၊ အဲဒီမကောင်းမှု အကုသိုလ်ကံကို နင်လုပ်လာခဲ့တယ်၊ အဲဒီအကုသိုလ်ကံကြောင့် နင်ဟာ အသူတစ်ရာနက်တဲ့ သံသဝက ငရဲကို ရောက်လာရ

ပါတယ်၊ နင်ဟာ ဒီသံသဝဌကငရဲမှာ နှစ်ထောင်ပေါင်းများစွာ ခံရပါလိမ့်မယ်၊ နင်ဟာ ဒီသံသဝဌက ငရဲမှာ ခံရုံတင်မဟုတ်သေးပါဘူး၊ အမှန်ကတော့ ဒီငရဲမှာ နှစ်ထောင်ပေါင်းများစွာ ခံပြီးတဲ့နောက် ဒီငရဲက တက်လာ (လွတ်လာ)လို့ရှိရင် လက်ဖြတ်ခံရခြင်း, ခြေဖြတ်ခံရခြင်းစတဲ့ ဆင်းရဲကိုလည်း ခံရအုံးမယ်၊ ဒီလို ငရဲ တစ်ခုပြီး တစ်ခု ဆက်ခံရအုံးမယ်။ ကိုယ်အင်္ဂါ အစိတ်အပိုင်း အဖြတ်ခံရအုံးမယ်၊ ပြီးတော့ ကျီးအုပ်ကြီးက ဝိုင်းအုံလာပြီး ကတုန်ကယင်ဖြစ်နေတဲ့ နင့်ကို ထိုးဆိတ် စားသောက်ကြအုံးမယ်” ဟု ပြောပြလိုက်သည်။

ငရဲသူမ ရေဝတီရဲ့ ၃-ဂါဝုတ်လောက်ရှိတဲ့ ကိုယ်မှာ ရာပေါင်းများစွာ, ထောင်ပေါင်းများစွာရှိတဲ့ ကျီးများက ဟိုကဒီက ပျံလာပြီး ထန်းပင်လောက်ရှိသည့် အင်မတန် အဖျားထက်တဲ့ သံနှုတ်သီးများနဲ့ ထိုးကာဆိတ်ကာ စားသောက်ကြလိမ့်မယ်၊ ယူတိုင်း ယူတိုင်းသော နေရာမှာ အသားဟာ လျော့ရာမထင်ပါဘူး၊ ကံစွမ်းကြောင့် ပြည့်မြဲပြည့်နေတာချည်းပါပဲတဲ့။

ရေဝတီသည် လူ့ပြည်ကို ပြန်ပို့ပေးဖို့ အသနားခံပြီး အမျိုးမျိုးတောင်းရမ်းပြောဆိုသည်။

“အမယ်လေး မောင်ကြီးတို့ရေ! ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးကြပါလားရှင်၊ ကောင်းမှုကုသိုလ်ပြုတဲ့သူတွေဟာ ချမ်းသာသုခ ရကြပါတယ်၊ ပြုပြီးတဲ့နောက်မှာ မပူပန်ကြရပါ၊ အဲဒီကုသိုလ်မျိုးကို ကျွန်မက အများကြီးလုပ်ပါ့မယ်၊ အလှူလည်း ပေးပါ့မယ်၊ ညီညီမျှမျှလည်း ကျင့်ပါ့မယ်၊ သီတင်းသီလလည်း စောင့်သုံးပါ့မယ်၊ ဣန္ဒြေတွေကိုလည်း လုံခြုံအောင် စောင့်ထိန်းပါ့မယ်။”

သူ့စကားကိုကြားရပြီးသည့်အခါ ငရဲထိန်းနှစ်ယောက်တို့က-

“ရေဝတီ! နင်ဟာ ရှေးတုန်းကတော့ မေ့မေ့လျော့လျော့နေခဲ့ပြီး အခုမှ ငိုကြွေးမြည်တမ်းနေတယ်၊ နင်ကိုယ်တိုင်လုပ်လာတဲ့ ကံရဲ့ အကျိုးကို နင်ပဲ ခံစားရတော့မယ်”ဟု ပြောဆိုကြသည်။

“မောင်ကြီးတို့ရေ! ရဟန်းသူတော်ကောင်းတို့အား အလှူပေးရမယ်၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးကို လှူရမယ်၊

ဝန်တိုနှမြောတဲ့သူ, အမျက်ဒေါသကြီးတဲ့သူ, အကျင့်ယုတ်တဲ့သူတွေဟာ နတ်ပြည်ကိုရောက်နေတဲ့ နတ်တွေနဲ့အတူ နေခွင့်မရနိုင်ဘူး၊ ဒီလို စကား မျိုးကို ကျွန်မက ကျွေးမွေး (တင်မြှောက်ပသ) ထားတဲ့ ဘယ်နတ်က နတ်ပြည်က လူ့ပြည်ကိုလာပြီး ကျွန်မကို လာပြောပြပါသလဲရှင်"။

တကယ်ပဲ ကျွန်မက ဒီငရဲကလွတ်မြောက်ပြီး လူ့ဘဝကို ရလို့ ရှိရင် အလှူခံတို့ရဲ့ အရိပ်အကဲကိုလည်း သိအောင် ကြိုးစားပါတော့မယ်၊ သီလနဲ့ပြည့်စုံအောင်လည်း ကြိုးစားပါတော့မယ်၊ ကုသိုလ် အများအပြား ကိုလဲ လုပ်ပါတော့မယ်၊ ညီညီမျှမျှလည်း ကျင့်ပါတော့မယ်၊ ဥပုသ် သီတင်းလည်း စောင့်ပါတော့မယ်၊ ကြွေတွေကိုလည်း ဆုံးမပါတော့မယ်။

အင်မတန် ကြည်လင်တဲ့စိတ်နဲ့ သစ်သီးခြံပန်းခြံတွေကိုလည်း စိုက်ပါတော့မယ်၊ အသွားအလာခက်တဲ့နေရာမှာ တံတားတွေလည်း ဆောက်လုပ် ပါတော့မယ်၊ ရေချမ်းစင်ကိုလည်း တည်ထားပါတော့မယ်၊ ရေတွင်း ရေကန်လည်း တူးပါတော့မယ်။

ကျွန်မဟာ လဆန်းပက္ခ လဆုတ်ပက္ခရဲ့ '၁၄-ရက် ဥပုသ်နေ့, ၁၅-ရက် ဥပုသ်နေ့, ၈-ရက် ဥပုသ်နေ့' ဒီဥပုသ်နေ့တွေရဲ့ အကြိုနေ့, အပိုနေ့တွေမှာ အင်္ဂါ ၈-ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို စောင့်ပါတော့မယ်၊ အမြဲတမ်း (၅-ပါး) သီလ စောင့်စည်းပါတော့မယ်၊ လှူဒါန်းပေးကမ်းတဲ့ နေရာမှာလဲ မမေ့မလျော့တော့ပါဘူး၊ ကျွန်မဟာ ငရဲကို ကိုယ်တိုင်မြင်နေ ရပါပြီ" ဟု ဤသို့ ပါးစပ်ကလည်း မြည်တမ်းနေသည်။

၎င်းသည် တစ်ကိုယ်လုံးကလည်း တုန်တုန်လှုပ်လှုပ် (ကတုန်ကယင်) ဖြစ်နေသည်။ ယင်းအချိန်ဝယ် ငရဲထိန်းတို့သည် သူ့ကို ဖမ်းယူပြီး ခြေ ထောက် နှစ်ချောင်းကို အပေါ်ထောင်၍ ဦးခေါင်းကို စောက်ထိုးထားပြီး ကြောက်စရာ လန့်စရာကောင်းတဲ့ ဘင်ပုပ်(သံသဝက)ငရဲမှာ ဟိုနေရာက ပစ်ချလိုက် ပေါ်လာတဲ့အခါ ဖမ်းယူပြီး ဒီနေရာက ပစ်ချလိုက်နဲ့ ပစ်ချနေကြ တော့သည်။

ရေဝတီက "ငါဟာ ရှေးလူ့ဘဝက ဝန်တိုနှမြောမှုရှိခဲ့တယ်၊ ရဟန်း သူတော်ကောင်းတွေကို ဆဲရေးကြိမ်းမောင်းခဲ့တယ်၊ လင်ကိုလည်း မမှန်ကန်

တဲ့စကားနဲ့ လိမ်ညာခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီလိုကြောက်စရာ၊ လန့်စရာကောင်းတဲ့ ငရဲမှာ ဆင်းရဲဒုက္ခခံရပါတော့တယ်” ဟု ဤသို့ ညည်းတွား မြည်တမ်းလို့သာ နေရတော့သည်။

ဤဝတ္ထုသည် လင်ကသိပ်ကောင်း၊ မယားက သိပ်ညံ့ ကျောချင်းကပ် ပြေးသလို ဘဝပြောင်းတဲ့အခါ တစ်ဦးနှင့်တစ်ဦး အဝေးကြီး ဝေးနေရသည်။ ရေဝတီ၏ အဖြစ်အပျက်သည် တကယ်သံဝေဂရစရာကောင်းသည်။ ဘုရားသာသနာတော်နှင့် တွေ့ဆုံခဲ့ရသည့် နန္ဒိယလုလင်သည် လူ့ဘဝ၏ အနှစ်သာရကို ရအောင် ယူသွားသည်။ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်များကို စေတနာသုံးတန် ပြဋ္ဌာန်းပြီး ပေးလှူသည်။ ထိုမှတစ်ဖန် အားကိုးမှီခိုရာမဲ့ ဆင်းရဲဒုက္ခရောက်နေကြပြီး လူအပေါင်းကို လူသားချင်း ကိုယ်ချင်းစာနာ ဂရုဏာစိတ်များ ရှေ့ထား၍ ပေးလှူ၏။ ရေဝတီသည် ဘုရားသာသနာတော်နှင့် တွေ့ဆုံလိုက်ရသော်လည်း အခွင့်အရေး မယူနိုင်ခဲ့ပါဘူး။ လူ့ဘဝအနှစ်သာရကို ရအောင် မယူသွားနိုင်ပါ။ ကျောင်းလှူဒါန်းသည့်သူသည် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပယ်မကျသည့် အထောက်အထား ဝတ္ထုတစ်ခုဖြစ်သည့်အပြင် လှူဒါန်းပြီးသည့်နောက်မှာ နတ်ပြည်မှာ နတ်ဗိမာန်ကြီးပြီးပေါ် ပေါက်လာသည့် ဝတ္ထုသာဓကလည်းဖြစ်သည်။

ကျမ်းကိုး

သုတ္တန်ပိဋကတ်၊ ခုဒ္ဒကနိကာယ်။

ဓမ္မပဒဝတ္ထု၊ အဋ္ဌကထာ၊ ဗြာဟ္မဏဝဂ်။

ဇောတိကသူဌေးဝတ္ထု (ဇဋိလသူဌေးခန်း)။

# အိမ်ကို တစ်ညသာ တည်းခိုရာကျောင်းအဖြစ် လှူဒါန်းခဲ့ခြင်းကြောင့် လနတ်သားကဲ့သို့ နတ်သားဖြစ်ရသူ

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည့် အချိန်ဖြစ်သည်။

ရဟန်းတစ်ပါးသည် ရွာလေးတစ်ရွာ၏ကျောင်း၌ ဝါဆို၍ ဝါကျွတ်သွားသောအခါ ပဝါရဏာပြုပြီးလျှင် မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ရန် ရာဇဂြိုလ်ပြည်သို့ ကြွသွားသည်။ ခရီးလမ်းကြားမှာ နေဝင်သွား၍ ရွာတစ်ရွာသို့ဝင်ကာ တည်းခိုရန် နေရာကိုရှာဖွေသည်။ ၎င်းရွာထဲ၌ အမျိုးကောင်းသား ဥပါသကာတစ်ယောက်ကို တွေ့မြင်၍ ဥပါသကာအား မေးလိုက်သည်မှာ- "ဟေး ဒါယကာ! ဒီရွာထဲမှာ ရဟန်းတော်ကို့အတွက် တည်းခိုရန် သင့်လျော်လျောက်ပတ်တဲ့နေရာတစ်ခုလောက် ရနိုင်သလား?" ဟု မေးကြည့်လိုက်သည်။ ၎င်းအမျိုးသားက "အရှင်ဘုရား! ရနိုင်ပါတယ် ဘုရား "ဟု လျှောက်ထားလိုက်သည်။ အမျိုးကောင်းသား ဥပါသကာသည် စေတနာသဒ္ဓါတရား အားကောင်းသည့် သူတစ်ယောက်ဖြစ်၍ အိမ်သို့ ပြန်သွားကာ သူ၏မိန်းမကို "ချစ်မိန်းမ! ငါတို့အိမ်မှာ ခရီးသွားရဟန်းတော် တစ်ပါးအား ယာယီတည်းခိုရန် အိပ်ခန်းတစ်ခန်း လှူဒါန်းရအောင်" ဟု ဇနီးနှင့် တိုင်ပင်ကြည့်သည်။ ဇနီးဖြစ်သူကလည်း ကြည်ဖြူစွာ လက်ခံပေးသည်။ ဥပါသကာသည် ရဟန်းတော်ကို မိမိအိမ်သို့ ပင့်ဆောင်ပြီး ရဟန်းတော် တည်းခို သီတင်းသုံးရန်နေရာအတွက် မိမိအိမ်ကို တစ်ပိုင်းပိုင်းခြား ကန့်သတ်ပေးသည်။ ထိုပိုင်းခြား ကန့်သတ်နေရာ တစ်ပိုင်းကို သုတ်သင် ရှင်းလင်းကာ ဆီမီးညှိထွန်းပေး၍ ခုတင်အိပ်ရာတို့ကိုခင်း၍ ပေးလှူလေ၏။ နံနက်မိုးသောက် အလင်းရောက်သောအခါ ရဟန်းတော်အား ဆွမ်း ဆက်ကပ်လုပ်ကျွေးပြီးကာ ထန်းလျက်ခဲကိုလည်း လှူဒါန်းလိုက်ပါသည်။ ရဟန်းတော်ကြွသွားသောအခါ လိုက်ပို့ပေးသည်။ ၎င်းဥပါသကာ ဇနီးမောင်နှံ

သည် သက်တမ်းကုန်ဆုံး၍ သေလွန်သွားကြသော် တာဝတိံသာနတ်ပြည် ဝယ် (၁၁) ယူဇနာရှိသော ရွှေဗိမာန်ကြီး၌ နတ်သား နတ်သမီး ဖြစ်ကြရ လေသည်။

ယင်းအချိန်ဝယ် အရှင်မဟာမောဂ္ဂလာန်က တာဝတိံသာ နတ်ပြည်သို့ ဒေသစာရီကြွချီတော်မူသည်။ ၎င်းနတ်သားကိုတွေ့မြင်၍ မေးမြန်းတော် မူလိုက်သည်မှာ-

"အိုနတ်သား! လဗိမာန်ကြီးဟာ ကောင်းကင်ထက်မှာ အရောင် အဝါများနဲ့ ထွန်းလင်းတောက်ပလျှက် လှည့်လည်သွားလာတယ်။ သင် နတ်သားရဲ့ ဗိမာန်ဟာလည်းပဲ ရွှေငွေမြသား ပတ္တမြားနဲ့ ဆန်ပြား စုံလင် တန်ဆာဆင်ပြီး ကောင်းကင်ပေါ်မှာ ရတနာရောင်ဝင်းဝင်းပြောင် ထွန်းလင်း တင့်တယ်လှပလျှက် ရပ်တည်နေတယ်။ သင်ရဲ့ဗိမာန်ဟာ လနတ်သားဗိမာန် နဲ့အလားတူတယ်။ သင်ဟာ ဘုန်းတန်ခိုးအာနုဘော် ကြီးမားတဲ့ နတ်သား တစ်ယောက်လည်းဖြစ်တယ်။ ရှေးလူ့ဘဝ လူဖြစ်စဉ်အခါတုန်းက ဘာကုသိုလ် ကောင်းမှုကို ပြုခဲ့ဖူးတာလဲ၊ ဘာကုသိုလ်ကောင်းမှု အထူးကို ပြုခဲ့ဖူးလို့ ဒီလိုအံ့ဩဖွယ်ရာနတ်သား လာဖြစ်ရတာလဲ၊ ဘာကြောင့် သင်နတ်သားရဲ့ ကိုယ်ရောင်ကိုယ်ဝါက အရပ်မျက်နှာအားလုံး လင်းထိန် နေတဲ့နတ်သား လာဖြစ်ရတာလဲ?" ဟု မေးမြန်းတော်မူလေသည်။

နတ်သားသည် မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကို လျှောက်ထား လိုက်သည်မှာ- "အရှင်သူမြတ်ကြီးဘုရား! ဘုရားတပည့်တော်တို့ ဇနီး မောင်နှံနှစ်ယောက် ရှေးဘဝ လူဖြစ်စဉ်တုန်းက အိမ်တစ်ပိုင်းကို ယာယီ တည်းခိုရာအဖြစ် လှူဒါန်းခဲ့ဖူးကြပါတယ်ဘုရား။ ဆွမ်း, ခဲဖွယ်, ဘောဇဉ် စသော ဒါနကုသိုလ်လည်း လှူဒါန်းခဲ့ဖူးကြပါတယ် ဘုရား။ အဲဒါကြောင့် ဘုရားတပည့်တော်နတ်သား ကိုယ်ရောင်ကိုယ်ဝါ လင်းထိန်နေတာပဲ ဖြစ်ပါတယ်ဘုရား။ အဲဒီကုသိုလ်ကောင်းမှုထူးကြောင့် ဘုရားတပည့်တော် နတ်စည်းစိမ် လာခံစား စံစားရတာပဲ ဖြစ်ပါတယ်ဘုရား၊ နှစ်သက် ဖွယ်ရာ စည်းစိမ်အဖြာဖြာ အလိုလျှောက် ပေါ်ပေါက်ဖြစ်လာ ကြတာ ပဲဖြစ်ပါတယ် ဘုရား"ဟု လျှောက်ထားလေသည်။

ထို့နောက် အရှင်မဟာမောဂ္ဂလာန်သည် တရားဟောကြားပေး ပြီးလျှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်ဆင်းသက်လာ၍ မြတ်စွာ ဘုရားအား အိမ်ကို တစ်ညသာ လှူဒါန်းသည့် နတ်သား၏ အကြောင်းကို လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားက ထိုအကြောင်းကို ရောက်လာ သော တရားနာပရိတ်သတ်အား ပြန်လည် ဟောကြားတော်မူပါသည်။

ဤဝတ္ထုသာဓကသည် အိမ်ကို ခေတ္တခဏ ကျောင်းအဖြစ် လှူဒါန်း ၍ နတ်ပြည်ရောက်ရသည့်သူဖြစ်သည်။

ကျမ်းကိုး

ဝိမာနဝတ္ထုအဌကထာ၊ ပရိသဝိမာနဝဂ်၊

ပဌမဥပဿယဒါယက ဝိမာနဝတ္ထု။

## အိမ်ကို တစ်ညသာ တည်းခိုရာကျောင်းအဖြစ် လှူဒါန်းခဲ့ခြင်းကြောင့် နေနတ်သားကဲ့သို့ နတ်သားဖြစ်ရသူ

မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည့်အချိန်ဖြစ်ပါသည်။

ရဟန်းတော်များသည် ရွာလေးတစ်ရွာ၏ ကျောင်း၌ ဝါဆို၍ ဝါကျွတ်သွားသောအခါ ပဝါရဏာပြုပြီးလျှင် မြတ်စွာဘုရားကို ဖူးမြော် ကန်တော့ရန် ရာဇဂြိုလ်ပြည်သို့ကြွသွားသည် ခရီးလမ်းကြားမှာ နေဝင် သွား၍ ရွာတစ်ရွာသို့ဝင်ကာ တည်းခိုရန် နေရာကို ရှာဖွေသည်။ ရွာထဲ၌ အမျိုးကောင်းသား ဥပါသကာတစ်ယောက်ကို တွေ့မြင်၍ "ဒါယကာ! ဒီရွာထဲမှာ ရဟန်းတော်တို့အတွက် တည်းခိုရန် သင့်လျော် လျောက်ပတ်တဲ့ နေရာတစ်ခုလောက် ရနိုင်သလား? ဟု မေးလိုက်၏။

ထိုအမျိုးသားက "အရှင်ဘုရားတို့! ရနိုင်ပါတယ်ဘုရား" ဟု လျှောက်ထားလိုက်သည်။ ၎င်းအမျိုးကောင်းသားဥပါသကာသည် စေတနာ သဒ္ဓါတရား အားကောင်းသူ တစ်ယောက်ဖြစ်၍ အိမ်သို့ ပြန်သွားကာ "ငါတို့အိမ်မှာ ခရီးသွား ရဟန်းတော်များအားယာယီ တည်းခိုရန် အိပ်ခန်း တစ်ခန်း လှူဒါန်းရအောင်"ဟု ဇနီးနှင့် တိုင်ပင်ကြည့်သည်။ ဇနီးဖြစ်သူ ကလည်း ကြည်ဖြူစွာ လက်ခံပေးပါသည်။

ဥပါသကာသည် ရဟန်းတော်များကို မိမိအိမ်သို့ ပင့်ဆောင်ပြီး ရဟန်းတော်များ တည်းခို သီတင်းသုံး ရန်နေရာအတွက် မိမိအိမ်ကို တစ်ပိုင်း ပိုင်းခြား ကန့်သတ်ပေးသည်။ ထိုနေရာတစ်ပိုင်းကို သုတ်သင်ရှင်းလင်းကာ ဆီမီးညှိထွန်းပေး၍ ခုတင်အိပ်ရာတို့ကိုခင်း၍ ပေးလှူလေ၏။ နံနက် မိုးသောက် အလင်းရောက်သောအခါ ရဟန်းတော်များအား ဆွမ်း ဆက်ကပ် လုပ်ကျွေးပြီးကာ ထန်းလျက်ခဲကိုလည်း လှူဒါန်းလိုက်ပါသည်။ ရဟန်းတော်များ ပြန်ကြွသွားသောအခါ လိုက်ပို့ပေးသည်။ ထိုဥပါသကာ ဇနီးမောင်နှံသည် သက်တမ်းကုန်ဆုံး၍ သေလွန်သွားကြသော် တာဝတိံသာ နတ်ပြည်သို့ တစ်ဆယ့်နှစ် ယူဇနာ ရှိသည့် ရွှေဗိမာန်ကြီး၌ နတ်သား၊ နတ်သမီး သွားဖြစ်ကြရပါသည်။

ထိုအချိန်မှာ အရှင်မဟာမောဂ္ဂလာန်ကတာဝတိံသာနတ်ပြည်သို့ ဒေသစာရီကြွချီတော်မူသည်။ ထိုနတ်သားကို တွေ့မြင်၍ မေးမြန်းတော် မူလိုက်သည်။

"အိုနတ်သား! နေဗိမာန်ကြီးဟာ ကောင်းကင်ပေါ်မှာအရောင် အဝါများနဲ့ ထွန်းလင်းတောက်ပလျှက် လှည့်လည်သွားတယ်။ သင်နတ်သားရဲ့ ဗိမာန်ဟာလည်းပဲ ရွှေငွေ မြသား ပတ္တမြားနဲ့ဆန်ပြားစုံလင် တန်ဆာ ဆင်ပြီး ကောင်းကင်ပေါ်မှာ ရတနာရောင်ဝင်းဝင်းပြောင် ရွှန်းတောက် ထွန်းလင်း တင့်တယ်လှပလျှက် ရပ်တည်နေဘိတယ်။ သင်ရဲ့ဗိမာန်ဟာ နေနတ်သား ဗိမာန်နဲ့တူတယ်။ သင်ဟာ ဘုန်းတန်ခိုး အာနုဘော်ကြီးမားတဲ့ နတ်သား တစ်ယောက်လည်း ဖြစ်တယ်။ ရှေးလူဘဝတွင် လူဖြစ်စဉ်

အခါတုန်းက ဘာကုသိုလ်ကောင်းမှုကို ပြုခဲ့ဖူးတာလဲ။ ဘာကြောင့် ဒီလို အံ့ဩဖွယ်ရာ တန်ခိုးကြီးမားတဲ့နတ်သား လာဖြစ်ရတာလဲ။ ဘာကုသိုလ်ကောင်းမှုထူးတွေကြောင့် သင်နတ်သားရဲ့ ကိုယ်ရောင်ကိုယ်ဝါ အရောင်အဆင်းများကလည်း အရပ်မျက်နှာအားလုံး လင်းထိန်အောင် ထွန်းလင်းတောက်ပတဲ့နတ်သား လာဖြစ်ရတာလဲ? ဟု မေးမြန်းတော်မူလေသည်။

နတ်သားသည် မိမိပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံကို လျှောက်ထားလိုက်သည်မှာ- "အရှင်သူမြတ်ကြီးဘုရား! ဘုရားတပည့်တော်တို့ ဇနီးမောင်နှံနှစ်ယောက် ရှေးလူဘဝ ဖြစ်စဉ်တုန်းက ရဟန်းတော်များကို ယာယီတည်းခိုရာအဖြစ် အိမ်တစ်ပိုင်းကို လှူဒါန်းခဲ့ဖူးကြပါတယ် ဘုရား။ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ် စသော ဒါနကုသိုလ်လည်း လှူဒါန်းခဲ့ဖူးကြပါတယ် ဘုရား။ အဲဒါကြောင့် တပည့်တော်နတ်သား ကိုယ်ရောင်ကိုယ်ဝါ အရောင်အဆင်းများ ထွန်းလင်းတောက်ပပြီး နတ်စည်းစိမ် လာခံစား စံစားရတာပဲ ဖြစ်ပါတယ်ဘုရား။ နှစ်သက်ဖွယ်ရာ စည်းစိမ်ချမ်းသာအဖြာဖြာ အလိုအလျောက် ပေါ်ပေါက်ဖြစ်ပေါ်လာကြတာပဲ ဖြစ်ပါတယ်ဘုရား" ဟု လျှောက်ထားလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် တရားဟောကြားပေးပြီးလျှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်ဆင်းသက်လာ၍ မြတ်စွာဘုရားအား ယင်းနတ်သား၏အကြောင်းကို လျှောက်ထားလိုက်သည်။ မြတ်စွာဘုရားက ယင်းအကြောင်းကို ရောက်လာသော တရားနာပရိသတ်များအား ဟောကြားတော်မူပါသည်။

ဤဝတ္ထုသည် မိမိအိမ်ကို တစ်ညတာကျောင်းအဖြစ် လှူဒါန်းလိုက်ရခြင်းကြောင့် သောတာပန်ပုဂ္ဂိုလ်ကဲ့သို့ အပါယ်လေးပါး ကျရောက်ခြင်းမှ ကင်းလွတ်ပြီး နတ်ပြည်သို့ရောက်ရသည့် ဝတ္ထုသာဓကပဲ ဖြစ်ပါသည်။

ကျမ်းကိုး
ဝိမာနဝတ္ထုအဋ္ဌကထာ၊ပရိသဝိမာနဝဂ်၊
ဒုတိယဥပဿယဒါယကဝိမာနဝတ္ထု။

**မှတ်ချက်/**

မိမိတို့က ဤသောတာပန်ပုဂ္ဂိုလ်နှင့်တူသည့် နိဗ္ဗုဒ္ဓပုည ခုနစ်မျိုးလုံးတို့ကို ပြုလုပ်ပြီးသည့်နောက်မှာလည်းကောင်း၊ သို့မဟုတ် နှစ်မျိုး သုံးမျိုးတို့ကို ပြုလုပ်ပြီးသည့်နောက်မှာ လည်းကောင်း ငါကတော့ သောတာပန်နှင့်တူသည့် ကုသိုလ် ပြုလုပ်ပြီးပြီ။ ထို့ကြောင့် ငါသည် သောတာပန်ပုဂ္ဂိုလ်နှင့် တူသွားပြီ၊ အပါယ်မကျတော့ဘူး မကောင်းမှု ဒုစရိုက်တရားကို ပြုလုပ်ရလို့ ရပြီဟု မအောက်မေ့ မမှတ်ထင်ကြပါနဲ့။ မကောင်းမှု ဒုစရိုက် အကုသိုလ်တရား ရှောင်ရှား၍ ဤကုသိုလ်ကောင်းမှု ခုနစ်မျိုးလုံး ပြုလုပ်၍သော်လည်းကောင်း နှစ်မျိုး သုံးမျိုး စသည် ပြုလုပ်၍သော် လည်းကောင်း ပြုသောသူမှာ အပါယ်လေးပါး ကျရောက်ခြင်းကင်းလွတ်မြောက်၍ လူ့ပြည် နတ်ပြည်သို့ ရောက်ရှိပြီး လူ့စည်းစိမ်ချမ်းသာ နတ်စည်းစိမ်ချမ်းသာ ခံစားစံစား ရပါစေသားဟု ဆန္ဒပြုလိုက်ရပါသည်။

## ဘာကြောင့် မြတ်စွာဘုရားက
## သံဃာတော်များကို လှူဒါန်းခိုင်းတာလဲ

မြတ်စွာဘုရားသည် ဒါရုကမ္မိက ဒါယကာကို ဟောကြားတော်မူသည်မှာ "ဒါရုကမ္မိကဒါယကာ! လူတို့အနေနဲ့-

၁။ ရဟန္တာ, အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကို သိရန်ခက်ခဲခြင်း။

၂။ တောကျောင်းနေ ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

၃။ မြို့၊ ရွာ၊ နိဂုံးနေ ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

၄။ ပိဏ္ဍပါတ် ဓူတင်ဆောင်တဲ့ ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

၅။ ဒါယကာ၊ ဒါယိကာမတို့ ပင့်ဖိတ်ပြီး ပစ္စည်းလေးပါး အလှူခံတဲ့ ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

၆။ ပွဲသုကူဆောင် ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

၇။ ဒါယကာတို့ လှူဒါန်းတဲ့ သင်္ကန်းကို သုံးဆောင်တဲ့ ရဟန်းတော် ကောင်း/မကောင်း သိရန် ခက်ခဲခြင်း။

ဒါကြောင့် သံဃာတော်ကို လှူဒါန်းတဲ့ သင်ဟာ စိတ်ကြည်လင်ရွှင်လန်းလာမယ်၊ စိတ်ကြည်လင်ရွှင်လန်းတဲ့သင်ဟာ ဒီခန္ဓာကိုယ် ပျက်စီးပြီးတဲ့နောက် သုဂတိဘုံသို့ ရောက်ရလိမ့်မယ်" ဟု မြတ်စွာဘုရား ဟောကြားတော်မူသည်။

ဒါရုကမ္မိကဒါယကာက "ဘုန်းတော်ကြီးသော ရှင်တော်မြတ်ဘုရား! ဘုရားတပည့်တော်ဟာ ဒီနေ့မှစပြီး သံဃာတော်တွေကို လှူဒါန်းပါ့မယ် ဘုရား"ဟု လျှောက်ထားသည်။

ကျမ်းကိုး

အံ၊ ၂။ ၃၄၃-၄။

## အကျိုးတရားအများဆုံးအလှူခံပုဂ္ဂိုလ်

မြတ်စွာဘုရားသည် သာဝတ္ထိပြည် သီတင်းသုံးနေတော်မူသည့် အချိန် ဖြစ်သည်။

တစ်နေ့သောအခါ၌ အနာထပိဏ်သည် ဇေတဝန်ကျောင်းတော်သို့ ရောက်လာပြီး မြတ်စွာဘုရားအား ရှိခိုး၍ ထိုင်နေသည်။

မြတ်စွာဘုရားက "ဒကာကြီး! သင့်အိမ်မှာ အလှူဒါနကို ပေးလှူရပါရဲ့လား?" ဟု မေးတော်မူသည်။

သူဌေးက "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား! တပည့်တော်ရဲ့ အိမ်မှာ အလှူဒါနကို ပေးလှူရပါတယ်ဘုရား။ ဒါပေမဲ့ ဆန်ကြမ်းထမင်းမျှသာ ဖြစ်တယ်ဘုရား"ဟု လျှောက်ထားလိုက်သည်။

ထိုအခါ မြတ်စွာဘုရားသည် အလှူဒါန ပြုလုပ်ရာ၌ လှူဖွယ်ပစ္စည်းထက် ပေးလှူသူ၏ အပြုအမူနှင့် အလှူခံပုဂ္ဂိုလ်တို့က ပို၍ အရေးကြီးကြောင်းကို အောက်ပါအတိုင်း ဟောကြားတော်မူသည်။

"ဒကာကြီး ! ကြမ်းတမ်းပြီး တန်ဖိုးနည်းတဲ့ ပစ္စည်းကို ပေးလှူသည်ဖြစ်စေ၊ မွန်မြတ်ပြီးတန်ဖိုးကြီးတဲ့ပစ္စည်းကို ပေးလှူသည်ဖြစ်စေ၊ အဲဒီပုဂ္ဂိုလ်ဟာ မိမိရဲ့ အလှူပစ္စည်းဝတ္ထုကို မရိုသေ ပေးလှူတယ်၊ အလေးအမြတ် မပြုဘဲ ပေးလှူတယ်။ ကိုယ်တိုင်မလှူဘဲ သူတစ်ပါးကို ခိုင်းတယ်၊ ပြတ်တောင်း ပြတ်တောင်းပေးလှူတယ်။ ကံရဲ့အကျိုးကို မယုံကြည်ဘဲ ပေးလှူတယ်။ အဲဒီသူဟာ အဲဒီဒါန အကျိုးပေးရာ ဘဝတိုင်းမှာ အကောင်းစားထမင်း အကောင်းစားအဝတ်အထည်၊ အကောင်းစား ကောင်းမြတ်တဲ့ ကာမဂုဏ် ငါးပါးတို့၌ သုံးဆောင်ခံစားရန် မတိမ်းညွတ်၊ အဲဒီသူရဲ့ သားမယား၊ ကျေးကျွန် အလုပ်သမားတို့ကလည်း သူရဲ့စကားကို မလေးစားကြပါ။ ဘာကြောင့်လဲဆိုတော့ မရိုမသေ ပြုလုပ်ထားတဲ့ ကံရဲ့ အကျိုးတရားကား ဒီလို ဖြစ်လေ့ဖြစ်ထ ကြပေသတည်း။

'ဒကာကြီး! ကြမ်းတမ်းပြီး တန်ဖိုးနည်းတဲ့ပစ္စည်းကို ပေးလှူသည်ဖြစ်စေ၊ မွန်မြတပြီး တန်ဖိုးကြီးတဲ့ ပစ္စည်းကို ပေးလှူသည်ဖြစ်စေ၊ အဲဒီပုဂ္ဂိုလ်ဟာ မိမိရဲ့အလှူပစ္စည်းဝတ္ထုကို ရိုသေစွာ ပေးလှူရတယ်။ အလေးအမြတ် တန်ဖိုးထားပြီး ပေးလှူတယ်။ မိမိကိုယ်တိုင် ပေးလှူတယ်၊ မပြတ်မလပ် ပုံမှန် ပေးလှူတယ်။ ကံ, ကံရဲ့ အကျိုးတရားကို ယုံကြည်ပြီး ပေးလှူတယ်။

အဲဒီသူဟာ အဲဒီဒါနရဲ့ အကျိုးပေးဘဝတိုင်း၌ အကောင်းစား ထမင်း၊ အကောင်းစား အဝတ်အထည် အကောင်းစား ကောင်းမြတ်တဲ့ ကာမဂုဏ်ငါးပါးတို့၌ သုံးဆောင်ခံစားရန် တိမ်းညွတ်တယ်။ အဲဒီသူရဲ့ သားမယား ကျေးကျွန် အလုပ်သမားတို့ကလည်း သူ့ရဲ့စကားကို ရိုသေ လေးစား လိုက်နာကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရိုသေစွာ ပြုလုပ်ထား တဲ့ ကံတို့ရဲ့ အကျိုးတရားကား ဒီလို ဖြစ်လေ့ဖြစ်ထကြပေသတည်းဟု ဟောကြားတော်မူပါတယ်။

'ဒကာကြီး! ငါဘုရားဟာ ရှေးအခါတုန်းက ဖြစ်ခဲ့ဖူးသည်မှာ-

ဗာရာဏသီပြည် ပုရောဟိတ်မျိုးနွယ်၌ "ဝေလာမ"ဆိုတဲ့ သတို့သား ဖြစ်ခဲ့ဖူးပါတယ်။ ငါဘုရားအလောင်း ဝေလာမသတို့သားဟာ ဗာရဏသီ မင်းညီမင်းသားတွေနဲ့ အတူတကွ တက္ကသိုလ်ပြည် ဒိသာပါမောက္ခ ဆရာ ကြီးဆီမှာ တစ်ဆယ့်ခြောက်နှစ်တိုင်တိုင် သင်ယူရမည့် ပညာ ဘာသာရပ် များကို သုံးနှစ်တည်းနဲ့ သင်ယူတတ်မြောက်ခဲ့တယ်။ ဒိသာပါမောက္ခ ဆရာ ကြီးက ငါဘုရားအလောင်း ဝေလာမ သတို့သားကို အခြားသော မင်းညီ မင်းသားများအား ပညာသင်ပေးရန် တာဝန်လွှဲအပ်ပေးတယ်။ ငါဘုရား လောင်းက ရှစ်သောင်းလေးထောင်သော ကျောင်းသား မင်းညီမင်းသား များကို ဆရာကြီးရဲ့ကိုယ်စား ပညာသင်ပေးခဲ့ရပါတယ်။

မင်းညီမင်းသားများတွေက ပညာသင်ပြီးတော့ ဗာရာဏသီ ပြန် ရောက်လာတဲ့အခါ ဗာရာဏသီမင်းသားက မင်းအဖြစ်ရာထူးကို ရရှိပြီး ငါဘုရားလောင်းဝေလာမ သတို့သားကို ပုရောဟိတ်ရာထူး ပေးအပ်လိုက် ပါတယ်။ မင်းပေါင်း ရှစ်သောင်းလေးထောင်တွေက ငါဘုရား ပုရောဟိတ် ပုဏ္ဏားကြီးကို နှစ်စဉ်နှစ်တိုင်း လာရောက် ချည်းကပ်ပြီး အလိုရှိရာကို ပြောကြားပါရန် ငါဘုရားအလောင်း ဝေလာမပုဏ္ဏားကို ဖိတ်ကြား ထားကြပါတယ်။

(ယခုခေတ် မြန်မာနိုင်ငံ၌ ပြည်နယ်နှင့်တိုင်းအသီးသီးထဲမှာ မြို့ကြီး မြို့လေး ပေါ်များသကဲ့သို့။ ထိုအခါတုန်းကလည်း နိုင်ငံကြီး နိုင်ငံလေး ပေါ်များ

သည့်ခေတ်ပဲ ဖြစ်သည်။ ထို့ကြောင့် ရှင်ဘုရင်တို့သည်လည်း ပေါ်များသည့် ခေတ်ပဲ ဖြစ်သည်။)

ငါဘုရားလောင်းဝေလာမ ပုဏ္ဏားကြီးဟာ အလှူမဏ္ဍပ်ကြီးတွေကို ဆောက်လုပ်ပြီး မိမိရဲ့အလှူကို လာရောက်အလှူခံကြရန် တစ်တိုင်းပြည်လုံးကို ကြေငြာလိုက်ပါတယ်။

ငါဘုရားလောင်း ဝေလာမပုဏ္ဏားဟာ ငွေသားအပြည့်ထည့်ထားတဲ့ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်ကိုလည်းပေးလှူခဲ့ဖူးပါတယ်။ ရွှေအပြည့်ထည့်ထားတဲ့ ငွေခွက်ပေါင်း ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူခဲ့ဖူးပါတယ်။ ရတနာခုနစ်ပါး အပြည့်ထည့်ထားတဲ့ ကြေးခွက်ပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း ပေးလှူခဲ့ဖူးပါတယ်။

ဆင် ရှစ်သောင်းလေးထောင်ကိုလည်း ပေးလှူခဲ့ဖူးပါတယ်။ အဲဒီ ဆင်အကုန်လုံးကို ရွှေအဆင်တန်ဆာတွေနဲ့လည်း ဆင်ယင်ပေးပါတယ်။ ရွှေအလံများကိုလည်း စိုက်ထူပေးပါတယ်။ ရွှေကွန်ရက်နဲ့လည်း ဖုံးလွှမ်းပေးပါတယ်။

ရထားပေါင်း ရှစ်သောင်းလေးထောင်ကိုလည်း လှူပါတယ်။ အဲဒီ ရထားအကုန်လုံးကိုလည်းပဲ ခြသေ့်ရေ၊ ကျားရေ၊ ကျားသစ်ရေ၊ အနီနုရောင် သက္ကလတ်စတွေနဲ့ ကာရံပေးပါတယ်။ ရွှေတန်ဆာတွေနဲ့လည်း ဆင်ယင်ပေးပါတယ်။ ရွှေအလံများကိုလည်း စိုက်ထူပေးပါတယ်။ ရွှေကွန်ရက်နဲ့လည်း ဖုံးလွှမ်းပေးပါတယ်။

နို့စားနွားမ ရှစ်သောင်းလေးထောင်ကိုလည်း ပေးလှူပါတယ်။ အဲဒီနွားမတွေရဲ့ ဦးချိုတွေကို ရွှေအိမ်နဲ့ စွပ်ထားပါတယ်။ လည်ပင်းမှာ မြတ်လေးပန်းကုံးတွေနဲ့ ဆွဲထားပါတယ်။ ခြေလေးဘက်လုံးမှာ ခြေချင်းတွေ ဝတ်ပေးထားပါတယ်။ ကျောပေါ်မှာ ဘွဲ့ဖြူပုဆိုးကို လွှမ်းခြုံထားပါတယ်။ ရွှေခလောက်များကိုလည်း ဆွဲပေးထားပါတယ်။ ငွေနို့ညှပ်ခွက်တွေကိုလည်း တစ်ပါတည်း ထည့်လှူလိုက်ပါတယ်။

မိန်းမပျိုကလေး ရှစ်သောင်းလေးထောင်ကိုလည်း ပေးလှူခဲ့ဖူးပါတယ်၊ အဲဒီ မိန်းကလေးတွေရဲ့ နားနှစ်ဖက်မှာ ပတ္တမြား နားတောင်းတွေကိုလည်း အသီးသီး ဝတ်ဆင်ပေးထားပါတယ်။

သားရဲရုပ် အခြေတပ် ခုတင် ရှစ်သောင်း လေးထောင်ကလည်း ပေးလှူခဲ့ဖူးပါတယ်။ အဲဒီ ခုတင်တွေမှာ မွေးရှည် ကော်ဇောကြီးတွေကို ခင်းပေးထားပါတယ်။ သားမွေးမြူ အခင်းကိုလည်း ခင်းပေးပါတယ်။ ပန်းပြောက်ဖော် သားမွေးအခင်းကိုလည်း ခင်းပေးပါတယ်။ ဝံပိုင်ရေကောင်းစား အိပ်ရာခင်းများကိုလည်း ခင်းပေးပါတယ်။ အပေါ်က မျက်နှာကြက်နီကိုလည်း ကြက်ထားပါတယ်၊ ခေါင်းအုံးအနီ ခြေအုံးအနီတို့ကိုလည်း ထည့်ပေးပါတယ်။

နူးညံ့တဲ့ ခေါမတိုင်းပြည် အဝတ် (အဝတ်အထည် တွေထဲက အကောင်းဆုံးအဝတ်)၊ နူးညံ့တဲ့ ပိုးထည်အဝတ်၊ နူးညံ့တဲ့ ဝါချည် အဝတ်ကုဋေပေါင်း ရှစ်သောင်းလေးထောင်စီကိုလည်းပဲ ပေးလှူခဲ့ဖူးပါတယ်။

စားဖွယ်အမျိုးမျိုး သောက်ဖွယ်အဖုံဖုံ လျက်ဖွယ်အစုံစုံတွေကိုလည်း ၇-နှစ် ၇-လ ကြာအောင် မပြတ်မလပ် ပေးလှူခဲ့ဖူးပါတယ်။ ဘယ်လောက်များတယ်ဆိုတာကိုတော့ ပြောလို့မရတော့ဘူး။ "မြစ်ရေစီးတာနဲ့မခြား အလားတူပါပဲ" လို့သာ ပြောစရာရှိပါတယ်။

အဲဒီအလှူမှာ အလှူခံပုဂ္ဂိုလ် အစစ်အမှန် တစ်ဦးတစ်ယောက်မျှ မပါခဲ့ပါဘူး။ အလှူရှင်ဘက်က စင်ကြယ်ပေမဲ့ အလှူခံဘက်က မစင်ကြယ်တဲ့ အလှူမျိုးဖြစ်ပါတယ်။

အဲဒီလောက် ကြီးကျယ်ခန်းနားတဲ့ ငါဘုရားလောင်း ဝေလာမ ပုဏ္ဏားရဲ့ ဒါနကုသိုလ်ထက် သောတာပန်ပုဂ္ဂိုလ်တစ်ဦးကို ကျွေးမွေး လှူဒါန်းရသူရဲ့ ဒါနကုသိုလ်က အကျိုးပိုကြီးပါတယ်။ သောတာပန် တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။ အနာဂါမ်တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ရဟန္တာတစ်ပါးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။

ရဟန္တာတစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ပစ္စေကဗုဒ္ဓါတစ်ဆူကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုး ပိုမိုကြီးမားပါတယ်။ ပစ္စေကဗုဒ္ဓါ တစ်ရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အပူဇော်ခံ အမှန်သိမြင်ဘုရားရှင်ကို ကျွေးမွေး လှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးပိုမိုကြီးမားပါတယ်။ ဘုရားရှင်ကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ဘုရားအမှူးရှိတဲ့သံဃာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။ ဘုရားအမှူးရှိတဲ့ သံဃာကိုကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်ကို ရည်ညွှန်းပြီး ကျောင်းဆောက် လှူဒါန်းရတဲ့ ဒါကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။ အဲဒီ စတုဒ္ဒိသာသံဃိကကျောင်းဆောက် လှူဒါန်းတဲ့ဒါနကုသိုလ်ထက် "ဘုရား၊ တရား၊ သံဃာ" ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ် ကိုးကွယ်သူ (သရဏဂုံတည်သူ)ရဲ့ ကုသိုလ်ကောင်းမှုက အကျိုးသာလွန်ကြီးမားပါတယ်။

ကျမ်းကိုး၊ ဝေလာမသုတ်။

## အလှူခံပုဂ္ဂိုလ် ၁၄ ယောက်တို့ အဆင့်ဆင့်အကျိုးကြီးပုံ

၁။ တိရစ္ဆာန်များကို အလှူဒါနပေးလှူရင် နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး ဘဝပေါင်းတစ်ရာတိုင်တိုင် အလှူ၏ အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

၂။ သီလမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်များကိုပေးလှူရင် နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး ဘဝပေါင်းတစ်ထောင်တိုင်တိုင် အလှူ၏ အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

၃။ သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ပေးလှူရင် နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး ဘဝပေါင်းတစ်သိန်းတိုင်တိုင် အလှူ၏ အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

၄။ ဈာန်အဘိဉာဉ်ရသောရသေ့တို့လိုများ ပေးလှူရင် နိဗ္ဗာန်မရသေးသမျှ ကာလပတ်လုံး ဘဝပေါင်းကုဋေတစ်သိန်းတိုင်တိုင် အလှူ၏ အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

၅။ သောတာပန်ပုဂ္ဂိုလ်ဖြစ်ရန်အတွက် ကျင့်ကြံကြိုးကုတ် အားထုတ်နေသော ပုဂ္ဂိုလ်များပေးလျှုရင် နိဗ္ဗာန်မရသေးသမျှကာလပတ်လုံး မရေမတွက်နိုင်သော အကျိုးအာနိသင်ကို ခံစားခွင့်ရှိ၏။

၅-မှ-၈။ မဂ္ဂဋ္ဌာန်ခေါ် ဖိုလ်သို့ မျက်မှောက်ပြုရန် မဂ်၌ကျင့်ဆဲသော ပုဂ္ဂိုလ် ၄ - ယောက် ပေးလျှုရင် ထိုပုဂ္ဂိုလ်များထက် အဆပေါင်း မြောက်များစွာ များသောအကျိုးတရား ရရှိ၏။

၉-မှ-၁၂။ ဖလဋ္ဌာန်ခေါ် ဖိုလ်လေးပါး၌ တည်နေသော ပုဂ္ဂိုလ်လေးယောက် ပေးလျှုရင် ထိုပုဂ္ဂိုလ်များထက် အဆပေါင်းများစွာ များသော အကျိုးတရားရရှိ၏။

၁၃။ ပစ္စေကဗုဒ္ဓါခေါ် ဘုရားမပွင့်သောကာလ၌ ပွင့်သောဘုရားငယ်၊ ပေးလျှုရင် ထိုပုဂ္ဂိုလ်များထက် အဆပေါင်းများစွာ များသော အကျိုးတရား ရရှိ၏။

၁၄။ မြတ်စွာဘုရားသခင် ပေးလျှုရင် ထိုပုဂ္ဂိုလ်များထက် အဆပေါင်း မြောက်များစွာ များသော အကျိုးကျေးဇူးရရှိ၏။

ကျမ်းကိုး၊ ဒက္ခိဏာဝိဘင်္ဂသုတ်။

## မိမိအလှူ အကျိုးများလိုလျှင်

(၁) သရဏဂုံသီလ၊ ဆောက်တည်ကြပြီး၊ ဓမ္မလဒ္ဓ၊ လှူဘွယ်များကို၊ ကမ္မဖလ၊ ယုံကြည်ကြလျက်၊ ကောင်းစွာပြင်ဆင်၊ လှအောင် ပြင်၍၊ ကြည်လင်သဒ္ဓါ၊ လှူဒါန်းပါသော်၊ များစွာမြတ်လှ၊ ကောင်းကျိုးရဟု၊ ဗုဒ္ဓမြတ်စွာ ဟောမိန့်မှာသည်၊ များစွာဖွံ့ဖြိုး၊ ဒါနအကျိုးတည်း။

(၂) တောတွင်းအရပ်၊ ဆွတ်ခူးအပ်သည့်၊ နှမ်းကြပ်ပင်မှ၊ တစ်ပွင့်မျှလည်း၊ မြတ်စွာဘုရား၊ ဂုဏ်ကိုးပါးကို၊ ပိုင်းခြားကျနု၊ ဆင်ခြင်ကြပြီး၊ ကျနသေချာ၊ လှူဒါန်းပါသော်၊ မြတ်စွာဘုရား၊ ဉာဏ်တော် အားလည်း၊ ပိုင်းခြားခြင်းငှာ၊ မစွမ်းရာသည်၊ များစွာမြတ်လှ၊ ကောင်းကျိုးရဟု၊ အဋ္ဌကထာ၊ ဖွင့်ပြမှာသည်။ များစွာဖွံ့ဖြိုး၊ ဒါန အကျိုးတည်း။

(၃) မေတ္တာအေးမြ၊ ပွားများကြပြီး၊ (ပို့သကြပြီး)၊ ဒါနသီလာ၊ ပြုလုပ်ပါသော်၊ များစွာမြတ်လှ၊ ကောင်းကျိုး ရ၏၊ ဗုဒ္ဓရှင်ချစ်၊ ဘုရားဖြစ်အောင်၊ စင်စစ်မသွေ၊ ရောက်စေခြင်းငှာ၊ စွမ်းနိုင် ရာဟု သေချာအဋ္ဌကထာ၊ တစ်နည်းမှာသည်၊ များစွာဖွံ့ဖြိုး၊ ဒါန သီလ အကျိုးတည်း။

(၄) ကျင့်ယုတ်မာလှ၊ ဒုဿီလပင်၊ မုချမှန်စွာ၊ ဖြစ်တုံပါလည်း၊ သံဃာတော်အား၊ ရည်မှတ်သား၍ ပိုင်းခြားပုဂ္ဂလ၊ လှူဒါန်းကြသော် (မူ)၊ သံဃဂတ၊ မြတ်ဒါနစစ်၊ ဧကန်ဖြစ်၍၊ စင်စစ်ဖွံ့ဖြိုး၊ အကျိုးများဖြစ်၊ အာနိသင်မှာ၊ အသင်္ချေယျ၊ အပ္ပမေယျ၊ ကောင်းကျိုးရဟု၊ ဗုဒ္ဓမြတ်က၊ ဟောမိန့်ပြသည်။ သံဃဂတ၊ ဒါနဖွံ့ဖြိုး၊ အကျိုးတည်း၊ သံဃဂတ၊ မြတ်ဒါန၏၊ များလှဖွံ့ဖြိုး၊ အကျိုးတည်း။

ကျမ်းကိုး။

မ။ ၃ ။ ၂၉၉။ မ။ ၄ ၊ ၄ ။ ၂၅၅။ ဗဟုဿုတပကာသနီ။

## ဆုတောင်းသည့်အတိုင်း လိုရာဆန္ဒ ပြည့်ဝလိုသူများ

သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတရား ငါးပါးနှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့ ဆုတောင်းသည့်အတိုင်း ရနိုင်သည်။ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတရား ငါးပါးနှင့်ပြည့်စုံသောပုဂ္ဂိုလ်သည် ကောင်းမှုပြုပြီး ဆုတောင်းလျှင် လောကီချမ်းသာဆုများသာမက လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ချမ်းသာဆုများကိုပင် ရနိုင်သည်။ ထို့ကြောင့် ၎င်းတရားငါးပါးနှင့် ပြည့်စုံစေ၍ကောင်းမှုပြုပြီး အလိုရှိသောဆုကို တောင်းသင့်သည်ဟု ဆန္ဒပြုလိုက်ရပါသည်။

ကျမ်းကိုး။

မ. ၄. ၄ ၁၀၄။

မ. ၃. ၁၄၀. ၆။ ဥပရိပဏ္ဏာသ။

## မင်း သူ ငါ ညီညာမှ

၁။ “မင်း” မပါ ဘယ်ဟာမှ မပြီး၊
“မင်း” ချည်းတော့လည်း ဘယ်ဟာ မပြီး။

၂။ “သူ” မပါ ဘယ်ဟာမှ မပြီး၊
“သူ့” ချည်းတော့လည်း ဘယ်ဟာ မပြီး။

၃။ “ငါ” မပါ ဘယ်ဟာမှ မပြီး၊
“ငါ့” ချည်းတော့လည် း ဘယ်ဟာ မပြီး။

၄။ “မင်း-သူ-ငါ” ညီညာစုံမှ၊
လျင်မြန်စွာ ပန်းတိုင်ရောက်မည်။

မြင်းမူ၊ ဦးစန္ဒပါလ

## ‘ဓမ္မဒါနအလှူရှင်’

၁။ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏာသံဝရ (သဒ္ဓမ္မဇောတိကဓဇ) (၃ သိန်း)

၂။ တေးသံရှင် အဆိုတော် ယိုင်းဆိုင်လူ မိသားစု (၅ သိန်း)

**ထွက်ပြီ**

## နတ်ပြည် ငရဲပြည် နေထိုင်သူများ၏ ရင်ဖွင့်သံ

**မကြာမီမျှော်**

၁။ နတ်ပြည်မှာ အောင်ပွဲခံချင်သူများအတွက်

၂။ ငရဲပြည်မှာ ကျဆုံးသူများရဲ့ ရင်ဖွင့်သံ

## အထူးကျေးဇူးတင်ပါသည်

စာရေးသူကို စေတနာစိတ်ရှေ့ရှု၍ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဓါတ်တော်ဆရာတော် ဒေါက်တာအရှင်ပညာနန္ဒ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်ဆရာတော်)။ ဘဒ္ဒန္တမဟောသဓာလင်္ကာရာဘိဝံသ၊ ဓမ္မစာပေ(၁၀)ဘွဲ့ရ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊(M.A,A.M&M.phil,သီရိလင်္ကာ)။ အရှင်စန္ဒိမာဘိပါလ။အမှူးရှိသောဆရာသမားများအားလည်းကောင်း၊ အရှင်ဝဏ္ဏိသရ(ခတ်ချို)၊ အရှင်ပညာဒီပ(မုံရွာ)၊ အရှင်နန္ဒဝံသ(မိုင်းရှူး) အရှင်နန္ဒသာမိ (မိုင်းကောင်လုံ၊တန့်ယန်း)အစရှိသော သူငယ်ချင်းများအားလည်းကောင်း မစိုးရိမ်တိုက်သစ်ရှိ သူငယ်ချင်းများအားလည်းကောင်း၊ မိဘနှစ်ပါးနှင့်ဆွေမျိုးများအားလည်းကောင်း၊ ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမများအားလည်းကောင်း၊ အလှူရှင်များအားလည်းကောင်း၊ စာပေလောက၊ ပါရမီစာအုပ်တိုက်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

***စဝ်ဉာဏ်တိခမ်း***
***ဓေတ္တ-နီးဘုရားကျောင်းတိုက်***
***မရမ်းကုန်း၊ ရန်ကုန်။***
***၂၄-၅-၂၀၁၃ ( ကဆုန်လပြည့်ဗုဒ္ဓနေ့ )***

# ကျမ်းကိုး


၁။ ဓမ္မပဒပါဠိတော်

၂။ ဓမ္မပဒဝတ္ထုအဋ္ဌကထာ

၃။ ဓမ္မပဒဝတ္ထုအဋ္ဌကထာ (မြန်မာပြန်)

၄။ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ

၅။ အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ (မြန်မာပြန်)

၆။ မဇ္ဈိပဏ္ဏာသပါဠိတော်

၇။ မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ

၈။ မဟာဝါပါဠိတော်

၉။ မဟာဝါအဋ္ဌကထာ

၁၀။ အပါဒါနပါဠိတော်

၁၁။ အပါဒါနအဋ္ဌကထာ

၁၂။ ခုဒ္ဒကပါဠိအဋ္ဌကထာ

၁၃။ ဝိမာနဝတ္ထုအဋ္ဌကထာ

၁၄။ ပါရာဇိကဏ်အဋ္ဌကထာ

၁၅။ သီလက္ခန်အဋ္ဌကထာ

၁၆။ အဋ္ဌသာလိနီအဋ္ဌကထာ

၁၇။ ပါရာဇိကဏ်ဘာသာဋီကာ (အရှင်ဇနကာဘိဝံသ)

၁၈။ သီလက္ခန်ဘာသာဋီကာ (အရှင်ဇနကာဘိဝံသ)

၁၉။ အဋ္ဌသာလိနီဘာသာဋီကာ (အရှင်ဇနကာဘိဝံသ)

၂၀။ ပိဋကတ်ဝတ္ထုလမ်းညွှန် (အရှင်သာသနဝရ)

၂၀။ ပိဋကတ်ပါဠိတော်မြန်မာပြန်လမ်းညွှန်

၂၂။ ငါးရာငါးဆယ်ဇာတ်တော်

၂၃။ ဝိမာနဝတ္ထုတော်ကြီး (အရှင်ဓမ္မသာမိဘိဝံသ)

၂၄။ သံဝေဂဝတ္ထုဒီပနီကျမ်း (ပထမဒက္ခိဏာရာမဆရာတော်ကြီး)

၂၅။ သုတေသနသရုပ်ပြအဘိဓာန် (အရှင်ဩဘာသာဘိဝံသ)

၂၆။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း (အရှင်ကုမာရ)

၂၇။ ဗဟုဿုတပကာသနီကျမ်း (အရှင်မေဓိယာဘိဝံသ)

၂၈။ ဒါနသီလအခြေခံ (အရှင်ကုမာရာဘိဝံသ)

၂၉။ ဟောရေးပြောရေးအဖွင့် (မော်ကျွန်း အရှင်ပဏ္ဍိတ)

၃၀။ မြန်မာစာလုံးပေါင်းသတ်ပုံကျမ်း

၃၁။ ဋီကာကျော်မြန်မာပြန်

၃၂။ ဣတိဝုတ် အဋ္ဌကထာ

၃၃။ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်



## ဤစာအုပ်သည်

ကုသိုလ်ပေါင်းမြောက်မြားစွာတို့တွင် သောတာပန်ပုဂ္ဂိုလ်နှင့်တူသည့် နိဗဒ္ဓပုညကုသိုလ် (၇) မျိုး တို့ကို ထုတ်နုတ်ပြီး ရေးသားထားသည့် စာအုပ်ဖြစ်သည်။ သောတာပန်ပုဂ္ဂိုလ်သည် သေလွန်သွားပြီးသည့် နောက်မှာ အပါယ်မကျသောပုဂ္ဂိုလ်ကဲ့သို့ ထိုနည်းတူစွာ နိဗဒ္ဓပုည ကုသိုလ် (၇) မျိုး တို့တွင် တစ်မျိုးမျိုးရရှိပိုင်ဆိုင်ထားသည့် ပုထုဇဉ်လူသား ကလည်း သောတာပန်ပုဂ္ဂိုလ်နှင့် တူသွားသည်။ သေသွားပြီးသည့် နောက်မှာ အပါယ်မကျတော့ပါဟု ဆိုခြင်းဖြစ်သည်။ ထိုသို့ဆိုရာ၌ ဤစာအုပ်က နိဗဒ္ဓပုညကုသိုလ်(၇) မျိုး တို့တွင် တစ်မျိုး နှစ်မျိုး ပြုလုပ်၍ နတ်ပြည်ရောက်သွားကြသူများကို ပန်းကုံးငယ်လေးသဖွယ်ဖြစ်အောင် သီကုံး စီကုံးထားသည့် စာအုပ်ဖြစ်သည့်အပြင် နမောတဿ၏ သမိုင်း အစကိုလည်း စုံလင်စွာဖြင့် စုစည်းတင်ပြထားသည့် စာအုပ်လည်း ဖြစ်သည်။